မဟာဒ္ဓစာပေ

www.burmeseclassic.com

# ပြစ်မှု

မဂ္ဂဇင်း



- မြမြလှိုင် ၏ အရိပ်တစ္ဆေ
- လေးမောင် ၏ မုဆိုးတို့အလှူ
- အောင်ဆင့် ၏ အစိမ်းရင့်

- ဖိုးကျော့ ၏ ဝေယံက တိုက်ပွဲ (စာမျက်နှာ ၄၂)
- အနိုပ်ခန်းနှင့် ပြစ်မှုပြစ်ဒဏ် (စာမျက်နှာ ၆၁)
- သေဒဏ်အမျိုးမျိုး (စာမျက်နှာ ၁၂၂)
- မွေးစကလေး စွန့်ပစ်မှုပြစ်ဒဏ် (စာမျက်နှာ ၂၁၅)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

26 FEB 2014

# ပြဒါး

မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့

ဦးသန့်(လာဘ်မိုးစွေ)၊ နန္ဒာမိုးကြယ်၊ ကေလတ်၊ စိုးစိုး။

ဒေါ်ပြုံး(မြ-၀၂၉၆၀)၊ အမှတ်-၁၀၃(ပ)၊ တိုက်-၂/၄၊ (၄)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ စန္ဒာညွန့် ပုံနှိပ်တိုက်၊ အမှတ်-၁၇၁၊ မြေညီထပ်၊ လမ်း(၄၀)၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

(အုပ်ရေ - ၁၀၀၀ ၊ တန်ဖိုး - ၁၃၀၀ ကျပ်ဖြင့် ဖြန့်ချိသည်)

အယ်ဒီတာအဖွဲ့ နှင့် ကြော်ငြာဖြန့်ချိရေး

လာဘ်မိုးစွေစာပေ

အမှတ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၉၂၅

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၁ ခုနှစ်မှ စတင်၍ စာရေးဆရာ ပုလိပ်အရာရှိတစ်ဦး တည်ထောင်ခဲ့သည်။

# ပြည်သူ

မဂ္ဂဇင်း

## မာတိကာ

၂၀၁၄ ခုနှစ်၊ ဧပြီလ၊ အမှတ်(၂၂၃)

## ကဗျာ ပြည်သူ

မှူးအိမ်စိုး၊ အောင်သျှင်သူ(မဟာမြေ)၊ မင်းထက်သားညီ(တောင်ငူ)၊ နှင်းဆက်ကြည်စင်ငြိမ်း၊ ကိုရဲကိုကို(ဆကာကြီး)၊ စိုးတင့်ထူး(မအူပင်)၊ ရေကျော်စိုးအောင်၊ ဆကာကြီးမောင်မောင်လွမ်းဦး။

## ကာတွန်း ပြည်သူ

မြေဇာ၊ မိမန်းလေး(တောင်ငူ)၊ ပေါက်ကျိုင်း၊ ရန်ကြီးအောင်၊ လင်းထူးဇော်၊ ရာဇာသာစည်၊ စောဟန်၊ သူရိန်။

## ရယ်စရာ ပြည်သူ

ပြည်သူဆိုင်ရာ ရယ်စရာ
ကိုရွှေတောသား ―――― ၂၉

## ဆောင်းပါး ပြည်သူ

အချစ်အိပ်မက်လွင့်ပြယ်ခြင်း
ငြိမ်းအောင်(သစ်လှုပ်ငန်း) ―――― ၃၃

သစ္စာ . . .
ဥက္ကလာ-ဝင်းကျော် ―――― ၃၅

ခြားနားသွားသော နှလုံးသားများ
မြင့်နိုင်(အညာမြေ) ―――― ၃၇

နှင်းမှု
နိုင်သျှား(မိုးမိတ်) ―――― ၃၉

အိပ်မက်စေတမန်
အောင်ကြည်ညွန့်(တက္ကသိုလ်) ―――― ၁[illegible]

www.burmeseclassic.com

## ရသ ပြစ်မှု

ထင်ယောင်ထင်မှား
ဒါရိုက်တာမျိုးဇော်အောင် ——— ၁၂၈
မုဆိုးတို့ အလှူဒါန
လေးမောင် ——— ၁၆၀
တကယ်တော့ မုဆိုးမဟုတ် သားသတ်သမားသာဖြစ်ချေ၏
ကိုပိုက် ——— ၁၇၂
နာမည်
ခင်မောင်အေး(မန္တလေး) ——— ၁၈၀
ရက်လွန်းတော့ ဘာမှမမြင်
ဝင်းသောင်(ရမည်းသင်း) ——— ၁၉၄
တရားခံ၏ လှည့်ကွက်
အောင်ဘသိန်း ——— ၂၀၆
ဘဝဟောင်းက နမလေး
အာတေကြီး ——— ၂၂၆
ဆန်ရည်မှူး ကျွဲခိုးပေါ်
အောင်မောင်(ပီတောက်မြိုင်) ——— ၂၃၂
အစိမ်းရင့် ပေရယ်
အောင်ဆင့် ——— ၂၄၂
နှောင်သူ
မြတ်တင် ——— ၂၄၈
ဘကြီးမင်းကတော်၏ စိန်လည်တံ့ပျောက်ဆုံးမှု
အနိုသိင် ——— ၂၅၆
အလွတ်စုံထောက်မြဒင်နှင့် အပေါက်ကျဉ်း
ဒါရိုက်တာဇော်မော်လင်း ——— ၂၆၀

## ဗေဒင် ပြစ်မှု

ဘောစကြောင်း မင်္ဂလာနိမိတ်ကောင်း
တိက်တာ စောယုနွယ် ——— ၂၇၂

## နိုင်ငံရပ်ခြားသတင်းပြစ်မှု

အမျိုးသမီး သူလျှိုများ
အောင်ကြည်ညွန့်(တက္ကသိုလ်) ——— ၆၂
ဟောင်ကောင်ကူးတို့ရေယာဉ် ၈၇ ဦး ဓားပြတိုက်ခံရ
မောင်ကောင်းယဉ် ——— ၇၇
နာဇီတို့ မတရားသိမ်းယူခဲ့သော ပန်းချီကားအချို့
ဦးဦးသိန်း ——— ၈၇
အဆိပ်သင့်ဟိုတယ်ခန်း သားသေဆုံးသွားပြီးနောက်…
ဦးတိုး(တက္ကသိုလ်) ——— ၁၂၃
တောရိုင်းဝက်ထီးမုဆိုးများအား…
လေးဝတီကျော် ——— ၁၃၁
ကြောက်စရာ ရေခဲမုန့်တိုင်း
မြသိန်း ——— ၁၃၉
ကလေးရှိသည့်လက်တွန်းလှည်း ကိုင်ပေါက်သည့် ဒေါသအိုး သေဒဏ်ခံရ
ညွှမင်းလွင်(မော်ကျွန်း) ——— ၁၈၅
နိုင်ငံရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်၏အတ္ထုပ္ပတ္တိ
ညိုမင်းလွင်(မော်ကျွန်း) ——— ၂၀၅
ရုရှားမျိုးချစ်ပုဂ္ဂိုလ်ကြီး အကျဉ်းသားဖြစ်ရသည့်အကြောင်း
ဦးတိုး(တက္ကသိုလ) ——— ၂၃၉
ပါလက်စတိုင်းခေါင်းဆောင် အာရာမင်သည် ပိုလိုနီယံဖြင့်
ညိုမင်းလွင်(မော်ကျွန်း) ——— ၂၇၀

## စာပေသုခုမ သတင်းလွှာ

ပြစ်မှုစာအုပ်စင်
ကသစ်နီ ——— ၂၅
သုခုမသတင်းလွှာ
အမ်ကေ ——— ၂၈

www.burmeseclassic.com

www.burmeseclassic.com

## အခန်းဆက် ရသပြစ်မှု

သေမင်းကိုအာခံ ဝေယံကတိုက်ပွဲ(၇)
**ဖိုးကျော့** ——— ၆၂
ပလက်ဖောင်းမင်းသား(၄)
**ကျော်မြသန်း** ——— ၇၈
သွေးချောင်းကလျှံ(၈)
**မြဝင်း** ——— ၈၈
အတိတ်အကြောင်း ပြောင်းသည်မရှိ(၁၀)
**မင်းဟိန်းထိပ်** ——— ၉၈
ထောင်မှုုးများအလိုရှိသည်(၈၅)
**ဗဟိုစော** ——— ၁၁၄
အဖော်ကောင်းရင် ငရဲအထိလိုက်မယ်(၄)
**မောင်ရွှေနွ်** ——— ၁၂၄
မာယာအရိပ်အတိတ် ကျိန်စာသင့်ခဲ့ပြီ(၁)
**ကျော်မင်းနိုင်** ——— ၁၃၆

## နိုင်ငံရပ်ခြား ရသပြစ်မှု

သမ္မတကို လုပ်ကြံသူ(၂)
**အောင်သန်းချစ်** ——— ၅၅
အရိပ်တစ္ဆေ
**မြမြလှိုင်** ——— ၆၆
အတိတ်မှ ဖြစ်ရပ်မှန်မှုခင်းများ
**လှမိုး(ပညာရေး)** ——— ၇၃
ဒယ္လာရီပုံပြင်ထဲမှ အံ့ဖွယ်လူသား
**မောင်မောင်စန်းထွေး** ——— ၁၀၇
မင်းဘယ်ပြေးမလဲအချစ်ရယ်(၂)
**လှအောင်** ——— ၁၅၀
ကာလုံစား
**ထွန်းထွန်းလင်း** ——— ၂၀၀
မက်ကူလွန်ရေကန်ထဲမှ မိန်းမချောအလောင်း
**ဘနင်း(မြန်မာပြည်)** ——— ၂၁၆

## ဥပဒေ ပြစ်မှု

တရားမဝင် အနှိပ်ခန်းဖွင့်လုပ်ခြင်း ပြစ်မှုပြစ်ဒဏ်
**ကေတီအောင်သိန်း** ——— ၆၁
အမှုတွေပြေအေးစေမယ့် ဥပဒေအမေးအဖြေ
**ဦးစောလှိုင်** ——— ၁၁၁
ဆိတ်ကွယ်ရာမရှိ
**ခင်မောင်ထွန်း(လမ်းမတော်)** ——— ၁၁၉
သေဒဏ်အမျိုးမျိုး
**ကေတီအောင်သိန်း** ——— ၁၂၂
မှားမှန်ရောထွေး အမှန်ရွေးနိုင်ပါစေ
**စလင်းဦးအောင်သိန်း** ——— ၁၄၄
ရှုးတာအပြစ်လား
**ဦးဝင်းလှိုင်(တရားရုံးချုပ်ရှေ့နေ)** ——— ၁၄၇
မွေးကင်းစကလေးများအား စွန့်ပစ်မှုပြစ်ဒဏ်
**ကေတီအောင်သိန်း** ——— ၂၀၄
ရန်ကုန်တိုင်းဒေသကြီး ပြစ်မှုကြီးမှုခင်းကျဆင်းမှုအခြေအနေ
**ကေတီအောင်သိန်း** ——— ၂၂၆

မျက်နှာဖုံးဂရပ်ဖစ် - အောင်မျိုးသန့်
အတွင်းဖလင် - မျိုးဝင်းကျော်
ကွန်ပျူတာစာစီ - တင်မိုးခိုင်။
စာအုပ်ချုပ် - ရှကီး(၁၁၄) လမ်း၊
အတွင်းပန်းချီ - အောင်နိုင်လတ်၊ KN ၊
သန့်ဇော်သစ်၊ ပညတ်၊
ဖိုးအောင်၊ ချမ်းအေးဟန်၊
စံလွင်မောင်၊ ကျော်ဦး၊
ကျော်ဝင်းမောင်၊ ကေလင်း၊
လှသစ်အောင်(အင်းလျား)။

www.burmeseclassic.com

www.burmeseclassic.com

“ဗိုလ်ကြီးတို့ရယ်

ကျွန်တော်တို့အသက်ကိုတော့


ချမ်းသာပေးကြပါ၊

ကျွန်တော်တို့က ဘယ်ပါတီ...”

ဖိုးကျော့ ——— ၄၂

သေမင်းကိုအာခံ

ဝေယံကတိုက်ပွဲ





“လီယွန်...လီယွန်

မင်းဘုံကွက်

ဘေးအန္တရာယ်ဆိုးက ဝါးမျိုလာနေပြီ

ဟား...ဟား...”

မြမြလှိုင် ——— ၆၆

အရိပ်တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်လေးကို
သွားမလုပ်နဲ့နော်
သူ့ဆရာထက် လျင်တယ်၊
လက်သံပြောင်တယ်"

ကျော်မြသန်း-----------၇၈
ပလက်ဖောင်းမင်းသား



"ခင်များတို့ကို ရုံးတင်ရင်
ဒါဟာ သေဒဏ်ပဲ၊
ဒီတော့ ကျုပ်တို့က ခင်များတို့
အသက်ကယ်လိုက်ပြီ"

မြဝဇီ-----------၈၈
သွေးချောင်းကလျှို


www.burmeseclassic.com

www.burmeseclassic.com

“ငါ့မှာ ဘာဒီငွေ မရရင်
သေရေးရှင်ရေး ဖြစ်နေလို့
လုပ်ရတော့မယ်
ဘန်းကူ”



မောင်ရွှေစိန်----------၁၃၄
အဖော်ကောင်းရင်
ငရဲအထိလိုက်မယ်



“တော်သေးတာပေါ့၊
ဘေးခြမ်းနဲ့ပွတ်မိလို့၊
ဦးချိုမှာ တန်းလန်းဖြစ်မသွားတာ
တော်သေးရဲ့”

လေးမောင်-----------၁၆၀
မုဆိုးတို့ အလှူဒါန

www.burmeseclassic.com

www.burmeseclassic.com



ထိုသူသည်

သစ်သားခေါင်းတလားထဲရောက်သွားမှ

နောက်မှ နူးတောက်ထိုင်ချနေသော

ပရိသတ် ထရပ်သည်...

ကျော်မင်းနိုင်----------၁၈၆

မာယာအရိပ်အတိတ်

ကျိန်စာသင့်ခဲ့ပြီ

"မဖီနိုင်တဲ့ပန်းကို

မော်မကြည့်နဲ့ ငါ့လူ၊

မင်းလို ဆယ်တန်းသုံးနှစ်ကျတဲ့

ကောင်နဲ့ ငါ့အစ်မက မတန်ဘူး"

ဝင်းသောင်----------၁၉၄

ချက်လွှန်းတော့

ဘာမှမမြင်




www.burmeseclassic.com

* လျှပ်စစ်ရောင်မီး ထိန်လျှံပြီးသလို
လင်းမပိုလည်း၊ လယ်ထဲကိုင်းထဲ
ရပ်ရွာထဲမှာ၊ လုံ့လိမ္မန်မှု
အလင်းစသည်၊ ဘဝအချိုတွက်
အနှုတ်ပင်၊ ကျေးဇူးရှင်တည့်…။

* ပင်မြင့်နန်းမ၊ ဂုဏ်လျှံတင့်ဆန်း
မြတ်ပန်းသဖင်၊ တော်ဝင်သလို
လှမပိုလည်း၊ လယ်တဲခေါင်းရင်း
ကျောင်းဆောင်တွင်းမှာ၊ ကိုးကွယ်ရာနတ်
ဗုဒ္ဓမြတ်ကို၊ ဆက်ကပ်လှူခါန်း
ရှက်လှပန်းကား၊ တောသားတောင်သူ
အပူငြိမ်းစေ၊ စိတ်ဖြေရာတည့်…။

* ကျွန်တွေးမိ၏
ရှိသည့်အလင်း ကိုယ့်အခင်းကား
အားငယ်စရာ မဟုတ်ပါတည့်
ရှိသည့်ခွန်အား စိတ်ဓာတ်[illegible]
အများသူငါ ကောင်းက[illegible]
သက်ရှင်ရကျိ[illegible]



တန်ဖိုး

မှူးအိမ်စိုး



www.burmeseclassic.com

www.burmeseclassic.com

* ဘယ်သူမှားမှား
  မှားတာမြင်လျှင် ပဲ့ပြင်ဆုံးမ
  သွန်သင်ပြပါ
  သားသမီးမကောင်း မိဘခေါင်း…။

* ဘယ်သူဆိုးဆိုး
  ဆိုးတာမြင်လျှင် ပဲ့ပြင်ဆုံးမ
  သွန်သင်ပြပါ
  တပည့်မကောင်း ဆရာခေါင်း…။

* အဆိုးအမှား မတိုးပွားစီ
  ဖယ်ရှားမြင်ကြ သတိရပါ
  မိဘဆရာ မပြင်ပါမူ
  မဟာအဆိုး ပိုရှိတိုးသော်
  ကိုယ်ကျိုးနည်းတတ်ပါတကား…။



အောင်သျှင်သူ
(မဟာမြေ)

# မိဘဆရာ တာဝန်သာ

၁၀ ပြုမှု

www.burmeseclassic.com

www.burmeseclassic.com

* ရာသီတစ်ပတ်
လည်ပတ်လေတော့
နွေပန်းရို့ကား
အပူများနဲ့
ခမ်းနားထည်ဝါ လင်းလက်ဖြာရင်း
ရာသီလောင်းစေသူ၊ ဂိမှာန်နွေထဲ
ရွှေသွားဖြန့်ရ
နက်နဲ့လှတဲ့ ဘဝခရီးမှာ…။

* နွေရာသီမှ
ရွက်ဝါတို့ကြွေ၊ ရွက်သစ်တွေလောင်း
မဟောင်းတဲ့သင်္ကြန်
ဝိတောက်ပန်းပန်ရင်း
မာန်သွေးကြွရွ
မျိုးမြူလှတွေ၊ မရှုပ်တွေမှာ
ယိမ်းနွဲ့နေကြ၊ ကပြနေကြ
ထန်ရှုညကို
လှစေတဲ့ ကာလများပါပဲ…။

* နွေရာသီမှ
အပူတို့ပြင်း၊ နွေရှုခင်းထဲ
ရှင်သန်လေပြည်
တိုက်ခတ်လေတော့
နွေအလွမ်းတွေသစ်
နွေအချစ်တွေလန်း
ပက်ဖျန်းတဲ့ အတာရေ
ခေတ်ရာတွေ သက်သာစေတဲ့ ဆေးတစ်ခွက်ဖြစ်ရဲ့…။

* ရာသီတစ်ပတ်
လည်ပတ်သလို
အသက်အိုမင်း
ကြီးရင့်ခြင်းတွေ၊ ရောက်ရှိလေတော့
မသေခင်မှာ
ကုသိုလ်ပါဖို့
မိနေတွေပြု သီလစုထား
ဘဝနေပွားမှ
နှစ်သစ်အပြုံးဟာ
ရှုမဆုံးတဲ့ စိမ့်စမ်းရေဖြစ်မှာ
သေချာတဲ့အရာ။ ။



# နွေရှုခင်းထဲက နွေကဗျာ

မင်းထက်သာညီ(တောင်ငူ)




www.burmeseclassic.com

www.burmeseclassic.com

နှင်းဆက်ကြည်စင်ငြိမ်း

# လမ်းရဲ့ လမ်း




* သံယောဇဉ် မဖြတ်နိုင်သရွေ့
သံယောဇဉ် မပြတ်နိုင်ဘူးဆိုလို့
သံယောဇဉ် ဖြတ်ကာမှ
သံယောဇဉ် ပတ်လာ…။

* သံယောဇဉ် ဖြတ်ချင်တယ်ဆိုတာကိုက
သံယောဇဉ် မပြတ်ဖြစ်နေတာမှန်း မသိတော့
သံယောဇဉ် သံသရာထဲမှာ လည်…။

* သံယောဇဉ် ဖြတ်လေ
သံယောဇဉ် ပတ်လေ
သံယောဇဉ် ဖြတ်လေ
သံယောဇဉ် ပတ်လေနဲ့ပေါ့…။

* သံယောဇဉ် ဖြတ်တာမဟုတ်ပေမဲ့
သံယောဇဉ် ပြတ်လာမယ့်အခါကို ရောက်လေမှ
သံယောဇဉ် ထပ်တွေငြိမ်းပါလို့
သံယောဇဉ် အမုန်တကာယ်ငြိမ်းမှာမို့
ဒုက္ခ ဇာတ်သိမ်း…။



www.burmeseclassic.com

www.burmeseclassic.com

# [illegible]
# လရောင်တော်နေတဲ့လူ




…ပုတ်သွတ်
…ပုတ်သုတ်
ခလုတ်ကန့်သင်းတွေ များလာတဲ့ကာလမှာ
ညဟာ အရင်ထက်ပိုမှောင်လာသလိုပဲ…။

* လူတွေ
ကားတွေ
အသံတွေ ရှုပ်ယှက်ခတ်
မီးပွိုင့်မှာရပ်နေတဲ့ ကားထဲမှာ
လရောင်ပျောက်နေတဲ့ ရန်ကုန်ညချမ်းကိုကြည့်ရင်း
လွမ်းမောမိတာက ဇာတိရွာကလေး…။

* ခုလောက်ဆို
ညအမှောင်ရေးရေး
လရောင်ဖွေးဖွေးအောက်မှာ
ငါ့ရဲ့ တံငါရွာကလေး
တေးချင်းဟာစ်အော် ပျော်နေရော့မယ်…။

* ငါ့မှာတော့
မီးရောင်စုံ
လူ့ရောင်စုံ
စိတ်ရောင်စုံတွေကြား
လေအေးစက်တပ်ထားတဲ့ ကားထဲမှာ
ပူအိုက်မွန်းကျပ်
လရောင်တော်နေခဲ့တာ ကြာပြီ…။



www.burmeseclassic.com

www.burmeseclassic.com

# ခရွှေမတူးပို့ သကြြန်ဝါဝါ

စိုးတင့်ဝှူး(မအူပင်)



* ပိတောက်တွေ ငုတွေဟာ
အဝါရောင်ဝတ်စုံတွေနဲ့
ကခုန်သီဆိုရင်း နွေကိုကြိုဆိုကြတယ်…။

* သင်္ကြန်ရနံ့ပါတဲ့ လေပြည်ဟာ
လေညှင်း လေညှင်းနဲ့
ဝင်ပေါက်လာတယ်…။

* ပရိသတ်ကတော့
အကိုင်းအခက် အရွက်ဝါဝါ အပွင့်ဝါဝါနဲ့
ဖုတ်တလူးလူး ဇာတ်ရှုးတွေလား…။

* ဆိုင်းထိုးဆိုင်ရဲ့ နွေရာသီ
မစ်တာခင်ညိုရဲ့ နွေရောက်ပြီ
မာမာအေးရဲ့ ပိတောက်လမ်း
မြို့မငြိမ်းရဲ့ တူးပို့တူးပို့
တစ်မြို့လုံး သောသောသောည်
ရင်ခုံနေတဲ့စိတ် ချေးသိပ်နိုင်ပါ့မလား…။

* ခွန်အားလျှော့ရဲရဲနဲ့
ဆိုင်းချက်အလိုက် ကွေးနေအောင်ကတဲ့ နွေမ…။

* အမေလည်း တူးပို့တူးပို့
အဖေလည်း တူးပို့တူးပို့
သားသမီးတွေလည်း တူးပို့တူးပို့
ကျွန်တော်လည်း တူးပို့တူးပို့
ပြောရရင်…
ဖားတစ်ပိုင်း ငါးတစ်ပိုင်းနဲ့ သင်္ကြန်သမိုင်းဟာ
တူးပို့သံတွေနဲ့ သောသောည်ခဲ့တယ်…။

* အိပ်မက်လား အစစ်လား
အတုလား
ပိတောက်တွေ ငုတွေ လှတွေ
အံချော်တွယ်ကပ်နေတဲ့ သင်္ကြန်မှာ…။

* နွေမရေ…
ဂက်တစ်ကွေး ခြေအကြွမှာ
မင်းရဲ့ဘဝကို သင်္ကြန်တွေ နေ့တိုင်းလုချင်သလားကွယ်…။



www.burmeseclassic.com

www.burmeseclassic.com



* ဥဩငှက်မျိုး လွမ်းတေးဆိုနိုက်
ဒိုသောရှက်ဝါ မျက်ရည်ဖြာခဲ့
အတောပါမြိုင်၊ စီးကျလွှင်နိုက်
သကြံနှံဆိုတာ ကျခဲ့ပြီ…။

# နှမ်းဆူးပဲ့ခွေ

ရေကျော်စိုးအောင်



www.burmeseclassic.com

www.burmeseclassic.com

# မတူညီတဲ့ ညီမျှခြင်းများ

ဆကာ[illegible]အောင်လွမ်းဦး



* ဘဝတစ်ခု
အစပြု၍ လူ့လောကအတွင်း
ရင်းနှီးပေးခဲ့တာ အမေ···။

* အမေပေးတဲ့ အရင်းနဲ့
ထမင်းစားတတ်ရုံက တချို့···။

* အမေပေးတဲ့ အရင်းနဲ့
တင်းတောင်းလျှံပြည့်
တရွှေရွှေတိုးပွား သူဌေးကြီးများ
ဖြစ်သွားသူကဖြစ်···။

* တချို့မှာတော့
အရင်းပါပြုတ်လို့ ထမင်းတစ်လုတ်မျှ
မဝသူက မဝ···။

* ကဲ···အစကို ပြန်ကောက်
ထောက်ကြည့်လိုက်ကြ အမေ့မေတ္တာက မခွဲခြား
ညီမျှခြင်းတွေနဲ့ တွဲထား···။

* ဒါပေမယ့်···
အမေ့သားတို့ ဘာကြောင့်မို့များ
ကွဲပြားသွားကြပါလိမ့်···။




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





ကာတွန်း ဝိုင်းကြီးအောင်..



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

## ကာတွန်းကြည်ဝင်း၏ မြန်မာ့မြေမှ မြန်မာ့ထန်း

ဆရာကာတွန်းကြည်ဝင်းသည် ထန်းပင်ထန်းတောများရှိရာ အညာဒေသ၌ ဖွားမြင်ကျင်လည်ခဲ့သူဖြစ်သည်။ သည့်အတွက် ဤ"မြန်မာ့မြေမှ မြန်မာ့ထန်း"စာအုပ်ကို ရေးသားပြုစုခဲ့ခြင်းမှာ များစွာ သဘာဝကျပေသည်။ ဤ စာအုပ်နှင့်ပတ်သက်၍ ဆရာကြီးဆင်ဖြူကျွန်းအောင်သိန်းက "ယခုစာအုပ်ကို ဖတ်ရသောအခါ မုန့်လုပ်နည်းစာအုပ်တစ်အုပ်၊ ဟင်းချက်နည်းစာအုပ်တစ်အုပ် ဖတ်ရဘိသို့ ရှိသည်။ အကွန့်အတွန့်မပါပေ။ ယာခင်းတစ်ခုနှင့် တစ်ခုကြားတွင် အဘယ်ကြောင့် ထန်းစိုက်ရသနည်းဟူသည်ကိုမျှ မဖော်ပြသောတကယ့် သုတစာပေဖြစ်သည်"ဟု ဆိုထားသည်။ ဆရာဦးအေးချို(မဟာဝိဇ္ဇာ)ကလည်း "သူ့ရေးပုံမှာ စာများကို ပုံများနှင့် ယှဉ်တွဲဖော်ပြ ရှင်းလင်းရေးထားသောကြောင့် တစ်မျိုးထူးခြားပြီး ဆန်းသစ်နေသည်"ဟု ကောက်ချက်ချထားသည်။

အညာဒေသဇာတိကို ခင်တွယ်၍ ဇာတိသရုပ်မှန်ကို ပီပြင်စွာဖော်ကျူးနိုင်ခဲ့သည့် ဆရာကာတွန်းကြည်ဝင်း၏ ဤ မြန်မာ့မြေမှ မြန်မာ့ထန်း စာအုပ်အားသန့်ဇော်သစ်မှ မျက်နှာဖုံးအလှဆင်၍ ခိုင်ဇင်စိုးစာပေမှ ခန့်ချုပ်ထုတ်ဝေလိုက်ပြီး တန်ဖိုးမှာ ၂၀၀ဝိ/-ကျပ် ဖြစ်ပါသည်။

## မကောင်းထောင်ပို့ အပါအဝင် အကျဉ်းထောင် သုတရသ ဝတ္ထုတိုများ

ထောင်စာရေးဆရာဖြစ်သော ထောင်မှူးကြီးသိန်းဝင်းနှင့် သူရိန်ထွန်းတို့ စီစဉ်သော စာအုပ်ဖြစ်သည်။ ဤစာအုပ်တွင် ဆရာကြီးမြောင်းမြမောင်ကို၏ "မကောင်းထောင်ပို့"၊ အငြိမ်းစားထောင်အရာရှိတစ်ဦး၏ "ကံကြီးထိုက်ကြသူများ"၊ ထောင်မှူးကြီးသိန်းဝင်း၏ "ကျွန်တော်ကြုံတွေ့ခဲ့ရသော အရေးအခင်းကာလမှတ်တမ်း"၊ ဗဟိုစော၏ "ဥပဒေမာယာ"၊ ဇေယျမင်းသျှင်၏ "ရင်ဝှက်လိပ်ပြာ"၊ စိုးဝေ၏ "အမှောင်ထဲကလူ"၊ စိုတြအောင်၏ "ထောင်မင်းသား အံ့ပွားကျောက်ဖားနှင့် မရဏကြိုးစင်"၊ ထားဉသံ၏ "အတ္တနှင့် သမုဒယ" အစရှိသည့် ထောင်ဝတ္ထုတိုပေါင်း ရှစ်ပုဒ်တိတိ ပါဝင်ပေသည်။

ဝတ္ထုတစ်ပုဒ်ချင်းစီမှာပင် သတိသံဝေဂရစရာ၊ ဆင်ခြင်တွေးတောစရာများ ပါဝင်သကဲ့သို့ ဥပဒေဆိုင်ရာ ဗဟုသုတများကိုလည်း တွေ့မြင်ဖတ်ရှုရပါသည်။ ဤစာအုပ်အား ပန်းချီမြတ်မင်းဟန်၏ အဆင်အပြင်ဖြင့် သူရိန်စာပေမှဖြန့်ချိကာ တန်ဖိုးမှာ ၁၈၀ဝိ/-ကျပ် ဖြစ်ပေသည်။

## ရွှေဘုန်းကံ၏ ကိုယ်တွေ့ နာနာဘာဝ

မြင်အပ်၊ မမြင်အပ် နှစ်ရပ်သတ္တဝါများ၌ နာနာဘာဝသည် တစ်ပါးအပါအဝင်ဖြစ်သည်။ ဤတွင် လူငယ် စာရေးဆရာရွှေဘုန်းကံ၏ ၎င်း၏ ကိုယ်တွေ့နာနာဘာဝတို့အား ဝတ္ထုဖန်တီးမှုအတတ်ပညာဖြင့် မှုန်းခြယ်ပေးထားရာ ဖတ်ရှုသူတို့ အကြိုက်တွေ့လိမ့်မှာဆေးချာသည်။

ကိုယ်တွေ့နာနာဘာဝ စာအုပ်တွင် ဝတ္ထုတိုပေါင်း ၁၂ ပုဒ်တိတိ ပါဝင်သည်။ ဝက်ကုန်းမြေအုန်း၊ တစ်ယူသန်ဘကံ၊ အင်းဘကင်း၊ ကြောင်လုခေါင်၊ မြွေအုန်းဖေ၊ ထန်းသုံးပင်က မိန်းကလေး၊ လောင်းကြေး သိုက်စောင့်ငါး၊ ညောင်ပင်နီက အဘွားကြီး၊ နတ်ကိုးတောင်၊ ကျောက်ခုတင်နဲ့ အမြွာညီအစ်မ၊ ဗားသိဒ္ဓိရှင်နှင့် တောင်တန်းဒေဝီတို့ ဖြစ်ကြသည်။ ဤစာအုပ်ကို ဒီဇိုင်း ယမုံစိုးက ပြင်ဆင်မွမ်းမံထားပြီး အရှေ့ဘက်ကောင်းကင်စာပေမှ တန်ဖိုး ၁၀၀ဝိ/-ကျပ်ဖြင့် ဖြန့်ချိလိုက်ရာ ထိတ်လန့်တုန်လှုပ်ဖွယ်၊ ဆင်ခြင်သံဝေဂရယူဖွယ် ကောင်းလှစွာသော ဤစာအုပ်ကို မဖြစ်မနေဖတ်ရှုသင့်သည်ဟုယူဆပါသည်။

## ရင်စူးမြား ရသစုံစာစုများ

အောင်အေးချမ်းနှင့် လင်းလက်နိုင်တို့ စီစဉ်သည့် စာအုပ်တစ်အုပ်ဖြစ်သည်။ ဤစာအုပ်နှင့်ပတ်သက်၍ ဂမ္ဘီရစာရေးဆရာ မောင်ညိုမှိုင်း(သန်လျင်)က "မျက်ရည်စို့လျက်နှင့် တစ်ရှက်ချင်း ဖြည်းဖြည်းသာ



www.burmeseclassic.com

www.burmeseclassic.com

လှန်ဖတ်ပါလို့ ကြိုတင်မေတ္တာရပ်ခံပါရစေ"ဟု ညွှန်းဆို ထားသည်။

ဤစာအုပ်တွင် စာရေးဆရာများဖြစ်ကြသည့် မောင်ညိုမှိုင်း(သန်လျင်)၊ သန့်လျင်ချမ်းမြေ့အောင်၊ ဟက်စို၊ ဒေး... လင်းလက်နိုင်၊ ညီလင်းနိုင်၊ သူရသဝဏ်၊ ကွန်... မင်းသွျှင်၊ မောင်မိုးလျှံ၊ လျှံခွဲ ကို(စီးပွားရေးတက္က...) ကြည်...၊ နိုင်းနိုင်းစနေ၊ မြသွေးနီ၊ ဝေ(စီးပွားရေးတက္ကသိုလ်)၊ နိုင်ခလေး(ရွှေတောင်)၊ အိန်ဂျယ်လှိုင်၊ ကြာပြန်...၊ သွမ်း...၊ မြရွှန်းလဲ့ယဉ်၊ ခေးပေါသာ တို့၏ ရ...စာစုများပါဝင် သည်။ ဝတ္ထုတိုတစ်ပုဒ်ချင်းစီမှာပင် စာဖတ်သူတို့၏ နှလုံး သားအား စူးစိုက်ထိုးဖောက်သည့် ရသ... ပေးရာ တရိုက်မက်မက် ရသခံစားလိုသူများ မဖြစ်...နေ ဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဟု ညွှန်းဆိုချင်ပါသည်။

ဤစာအုပ်အား ပန်းချီမြတ်မင်းဟန်က အလှ အပ ခြယ်မှုန်းပေးထားပြီး စိတ်ကူးသစ်စာပေက တန်ဖိုး ၁၈၀၀/-ကျပ်ဖြင့် ဖြန့်ချလိုက်ပြီဖြစ်သည်။

## သုဝဏ္ဏကျော်စိန်၏ သော်တာဆွေအကြောင်း ရ.က.သ အပ်ကြောင်း

ဆရာသုဝဏ္ဏကျော်စိန်ဟုဆိုလျှင် သော်တာဆွေ အကြောင်းမပါဘဲ စာမရေးတတ်ဟု ထင်မြင်ယူဆကြ သည်။ အမှန်တကယ်လည်း ဆရာသုဝဏ္ဏကျော်စိန်၏ စာများကိုကြည့်လျှင် သော်တာဆွေသည် မပါမဖြစ်။ သို့ရာတွင် ထိုအယူအဆအား ဤစာအုပ်က ချေဖျက်ပါ လိမ့်မည်။ ဤစာအုပ်တွင် ပါဝင်သော စာမူများသည် များသောအားဖြင့် မဂ္ဂဇင်းအချို့တွင် ဖော်ပြခဲ့ပြီးဖြစ် သည်။ တစ်နည်းအားဖြင့် သုဝဏ္ဏကျော်စိန်၏ အပ် ကြောင်းများပင် ဖြစ်သည်။ သူငယ်စဉ်က ရ•က•သ တွင် ပါဝင်လှုပ်ရှားခဲ့သည့်အတွက် ဤစာအုပ်အား "ရ•က•သ"အပ်ကြောင်းဟု ပေးခဲ့ခြင်းဖြစ်သည်။

ဤစာအုပ်တွင် အပ်ကြောင်းနွယ်သည့် ဝတ္ထု ပေါင်း ၁၆ ပုဒ်တိတိ ပါဝင်သည်။ ငါးကလေးတွေ ချမ်းတဲ့နွေ၊ နာဂတောင်တန်းမောင်ကြည်ဇင်၏ နောက် ဆုံးလက်ဆောင်၊ ရန်သူတစ်ယောက် လျှောသွားပြီ (သို့ မဟုတ်) ပတ္တမြားခါးအလင်း၊ ဝမ်းနည်းရပါသလား၊ ဝမ်းသာရပါသလား၊ မိုးပြိုတဲ့ ယုန်ကလေး၊ အရှုံးသမား များခြင်း၊ ကမ်းစပ်မှာ မြင်မြင်သမျှ ပယောဂ၊ ပြောင့်ချက် (သို့မဟုတ်) အမာရွတ်၊ အရက်ပိုင်းတစ်ပိုင်း၊ ဖောင်းတစ် လုံးညီ ကျောင်းတစ်လုံးညီ၊ ပြုံးလိုက်ရတာ မှဲ့ပြုံး၊ စာတင် လောက်သည့် အရောင်းအဝယ်၊ အဲဒါ အနုပညာ၊ အပြောင်းအလဲ (သို့မဟုတ်) ကူဘိုတာရေရုပ်စက်နှစ်လုံး နှင့် ရေချိုးပွဲခန်းတုပ်ကြီးနှစ်ကောင်၊ လေဖြတ်နည်းကလေး ယူကြမလား•••စသည်တို့ဖြစ်ကြပြီး ပန်းချီမြတ်မင်းဟန် ၏ သရုပ်ဖော်လက်ရာဖြင့် စိတ်ကူးသစ်စာပေမှ တန်ဖိုး ၁၈၀၀/-ကျပ်သတ်မှတ်ကာ ဖြန့်ချိလိုက်သည်။

## ဝသုန်ဟိန်းထက်၏ ထွက်သွားသူများပြန်ရောက်လေ

ဤစာအုပ်သည် ဆရာဝသုန်ဟိန်းထက်၏ ဗေဒင်ပညာရပ်ဆိုင်ရာ စာအုပ်တစ်အုပ်ဖြစ်သည်။ လောကီအမှုကိစ္စများ၌ ကျင်လည်နေကြသူတိုင်းအတွက် အထောက်အကူပေးနိုင်သည့် စာအုပ်ကောင်းလေးတစ် အုပ်ဟု ဆိုလျှင် မမှားနိုင်ပေ။

ဤစာအုပ်တွင် မပြောမဖြစ်နိဒါန်း၊ အသုံးချစရာ အင်္ဂဝိဇ္ဇာ၊ ဂြိုဟ်ခွင်အရပ်နှင့် မူလအရပ် ကွဲပြားပုံ၊ ပဉ္စပွတ် အခါ ရောက်လာ၊ အင်္ဂဝိဇ္ဇာ အချိန်အခါအပိုင်းအခြား၊ အရပ်ဒေသအလိုက် အရောက်ခေါ်နည်း၊ စိတ်ဓာတ် အသုံး ပြု၍ခေါ်နည်း၊ မျက်နှာမူ၍ အရောက်ခေါ်နည်း၊ မီးဓာတ်ဖြင့် ညှို့ခေါ်ခြင်း၊ ရောက်လာစေချင် ဝါယော ဓာတ်ဆင်ပါ၊ ချစ်သူလိပ်ပြာမှန် ညှို့ကာခေါ်၊ အသုံးချစရာ အင်းစမပညာ၊ ဗောဓိညောင်ရွက်အင်း၊ မုန့်ကပ်နေလှန်း အင်း၊ လေ...ဆင်နေ အင်းတော်၊ ဝိယမ်းထွန်းအင်း၊ ဝိယစကြာအ...ကလာ၊ ယော်ဆရာကြီး၏ လက်ဆွဲ အင်းတော်၊ ရဝ...ဒီပ အစိန္တိယာအင်း၊ နိဂုံး စသည် တို့ပါဝင်သည့် လောကီရေးရာ အထောက်အကူပြု ဤ စာအုပ်အား စိန်မိုးယံစာပေမှ တန်ဖိုး ၁၀၀၀/-ကျပ်ဖြင့် ဖြန့်ချိလိုက်ပြီဖြစ်သည်။

ကာသစ်နီ

www.burmeseclassic.com

## ဓမ္မဝိလာသ ရုပ်သံဇာတ်လမ်းတွဲ လာတော့မည်

ရွှေသံလွင်မီဒီယာရဲ့ ရုပ်သံလိုင်းများမှာ ထုတ်လွှင့်ပြသရန် စိမ်းဝါနီ ရုပ်ရှင်၊ ဗီဒီယိုထုတ်လုပ်ရေးက တာဝန်ယူပြီး (၁၉၇၀-၇၁)ခုနှစ် အမျိုးသားစာပေဆုရ ဆရာကြီး လင်းယုန်သစ်လွင်၏ ဂျပန်ခေတ်နောက်ခံ "ဓမ္မဝိလာသ" ဝတ္ထုကို တက္ကသိုလ်ယဉ်ယဉ်လှဲ့နဲ့ နေခြည်အောင်တို့ ဇာတ်ညွှန်းခွဲပြီး ထပ်ဆင့်အကယ်ဒမီ သရုပ်ဆောင် မြင့်မြင့်ခိုင် ရိုက်ကူးမယ့် ဇာတ်လမ်းတွဲရိုက်ကူးကန်တော့ပွဲပေး အခမ်းအနားကို ၂၇·၁၂·၂၀၁၃ နေ့ နံနက်ပိုင်းက YMCA International House (ပထမထပ်)မှာ ကျင်းပခဲ့ပါတယ်။

မျိုးဆက်သစ် သရုပ်ဆောင်ဩဘာကက ဓမ္မဝိသေသအဖြစ် အဓိကသရုပ်ဆောင်မှာဖြစ်ပြီး ထွန်းထွန်းဝင်း၊ ဇော်ဦး၊ ခင်မောင်ချင်း၊ မြင့်မြင့်ခိုင်၊ ခင်သန်းနွယ်၊ မိုးယံဇွန်၊ ခိုင်နှင်းဝေ၊ ဒေါ်မြင့်မြင့်ခိုင်ရဲ့ Supreme Broadway Institute မှ သင်တန်းသားများ ပါဝင်ကြမှာ ဖြစ်ပါတယ်။

ဇာတ်လမ်း(၃၀)ကို ၁၅·၁· ၂၀၁၃ နေ့က စတင်ပြီး ရေလုပ်သားများရှိရာ ဒေသမှာ စတင်ရိုက်ကူးကြမယ်လို့ သိရပါတယ်။

---

## ၂၀၁၂ ခုနှစ်အတွက် အကောင်းဆုံး ရုပ်ရှင်ထူးချွန်ဆု ရရှိသူများအား ဂုဏ်ပြု

၂၀၁၂ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်ထူးချွန်ဆုရရှိခဲ့သူတွေအပေါ် ဂုဏ်ပြုတဲ့အခမ်းအနားကို (၂·၁·၂၀၁၄)ရက်၊ ကြာသပတေးနေ့ ညနေ ၇း၀၀ နာရီက ရန်ကုန်မြို့ အရှေ့မြင်းပြိုင်ကွင်းလမ်းမှာရှိတဲ့ Sky Star Hotel မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားမှာ မင်္ဂလာကုမ္ပဏီလီမိတက်၊ ရွှေအောင်ကုမ္ပဏီလီမိတက်၊ ဆင်ကိုးကောင်ဖိနပ် စသည်တို့မှ အလှူငွေတွေ လှူဒါန်းခဲ့ကြပြီး အကောင်းဆုံးဒါရိုက်တာဆုရ ကိုဇော်(အရုဏ်ဦး)ကို ရန်ကုန်တိုင်းဒေသ ဝန်ကြီးချုပ်မှ ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ပါတယ်။ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု ရရှိသူ ပြေတီဦးအား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးပိုက်ထွေးမှ ဂုဏ်ပြုပေးအပ်ခြင်း၊ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရရှိသူ ဖွေးဖွေး၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရရှိသူ ချောရတနာ၊ အကောင်းဆုံးဓာတ်ပုံဆုရရှိသူ အောင်ကိုလတ်၊ အကောင်းဆုံးတည်းဖြတ်ဆု ရရှိသူ အကယ်ဒမီများရှင် ဦးဇော်မင်း(ဟံသာမြေ)၊ အကောင်းဆုံးတေးဂီတဆုရရှိသူ ဝင်းကို(ဂီတမှူး)၊ အကောင်းဆုံး အသံထူးချွန်ဆုရရှိသူ အကယ်ဒမီတိုနီ(လင်း)၊ အကောင်းဆုံးကလေးသရုပ်ဆောင်ဆု ရရှိသူ ယွန်းယွန်းတို့အား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယကများ၊ တာဝန်ရှိသူလူကြီးမင်းများက ဂုဏ်ပြုပေးအပ်ခဲ့ကြပါတယ်။ ဆက်လက်ပြီး ထူးချွန်ဆုရရှိသူများကိုယ်စား အကယ်ဒမီပြေတီဦးမှ ကျေးဇူးတင်စကားပြောကြားပြီး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက မှတ်တမ်းစကား ပြောကြားခဲ့ကြကာ တက်ရောက်လာသူများအား အကျွေးအမွေးနဲ့ ဧည့်ခံခဲ့ကြောင်း သတင်းရရှိပါတယ်။

---

## အကယ်ဒမီဆုရှင် ပြေတီဦးနှင့် ဖွေးဖွေး အလှူငွေများပေးအပ်

၂၀၁၂ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုပေးပွဲကြီးမှာ ဒါရိုက်တာပိုင်းရိုက်တဲ့ "လက်ပံ"ဇာတ်ကားကြီးနဲ့ အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုတွေကို ရရှိခဲ့ကြတဲ့ သရုပ်ဆောင်ပြေတီဦးနဲ့ သရုပ်ဆောင်ဖွေးဖွေးတို့ရဲ့ လူမှုအသင်းအဖွဲ့အစည်း (၁၁)ခုသို့ အလှူငွေ ကျပ် ၁၀ သိန်းစီ လှူဒါန်းပေးအပ်တဲ့ အခမ်းအနားကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ကြာသပတေးနေ့ မွန်းလွဲ ၂း၀၀ နာရီအချိန်က ရန်ကုန်မြို့

www.burmeseclassic.com

PARKROYAL Hotel မှာ ကျင်းပပြုလုပ်ခဲ့ပြီး အခမ်းအနားသို့ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အနုပညာရှင်များ၊ အလှူငွေလက်ခံမယ့် လူမှုအသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စာနယ်ဇင်းသတင်းမီဒီယာများ တက်ရောက်ခဲ့ကြပါတယ်။

အဲဒီနောက်မှာ လှူဒါန်းခဲ့ကြတဲ့ အကယ်ဒမီဆုရှင်နှစ်ဦးရဲ့ မွန်မြတ်တဲ့အလှူအတွက် ဦးကျော်သူမှလည်းကောင်း၊ ဦးလူမင်းမှလည်းကောင်း၊ ဒေါက်တာသရေထေရီမှလည်းကောင်း၊ ဒေါ်ခင်ဝင်းနွဲ့မှလည်းကောင်း၊ စာရေးဆရာမ မစုထားမှလည်းကောင်း အသီးသီး မုဒိတာစကားများ ပြောကြားပေးခဲ့ကြပြီး အကယ်ဒမီဖွေးဖွေးမှ ကျေးဇူးတင်စကား ပြောကြားခဲ့ကာ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြပြီးနောက် ထူးချွန်ဆုရသူနှစ်ဦးရဲ့ အလှူပွဲအခမ်းအနားအစီအစဉ် အောင်မြင်စွာ ပြီးဆုံးခဲ့ပါတယ်။

---

## ဖန်ဆင်းရှင်တေးစီးရီး နေတိုးနှင့် ရိန်မိုးတို့ လက်မှတ်ရေးထိုး

သရုပ်ဆောင်အကယ်ဒမီနေတိုးရဲ့ သူငယ်ချင်းဖြစ်သူ အဆိုတော် ရိန်မိုးတို့နှစ်ယောက်တွဲ သီဆိုထားကြတဲ့ ဖန်ဆင်းရှင်တေးစီးရီး ထွက်ရှိခြင်းအတွက် အမှတ်တရ လက်မှတ်ရေးထိုး သီဆိုဖျော်ဖြေပွဲအခမ်းအနားတစ်ရပ်ကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်၊ သောကြာနေ့ မွန်းလွဲ ၂း၀၀ နာရီအချိန်မှ ညနေ ၅း၀၀ နာရီအချိန်ထိ ရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ Junction Square Pormotion Area မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ တေးစီးရီး အမှတ်တရ လက်မှတ်ရေးထိုးပွဲမှာ နေတိုး၊ ရိန်မိုးတို့နဲ့အတူ ကျော်ကျော်ဗို၊ သားညီတို့ကလည်း ပရိသတ်ကို အမှတ်တရ လက်မှတ်ရေးထိုးပေးခဲ့ကာ နေတိုးနဲ့ ရိန်မိုးကလည်း တေးသီချင်းတွေ သီဆိုဖျော်ဖြေခဲ့တာကို တွေ့ရှိရပါတယ်။

နေတိုးနဲ့ ရိန်မိုးတို့ရဲ့ ဖန်ဆင်းရှင် တေးစီးရီးကို Giorenzo Collection က ပံ့ပိုးကူညီထားခြင်းလည်း ဖြစ်ပါတယ်။ ဖန်ဆင်းရှင်တေးစီးရီး MTV ကိုလည်း နေတိုးက အနုပညာအလုပ်များ မအားတဲ့ကြားက ၂၀၁၄ ခုနှစ်အတွင်း ထွက်ရှိနိုင်အောင် စီစဉ်ရိုက်ကူးသွားမယ်လို့ သိရပါတယ်။

---

## နှစ်သစ်ကိုတဲ့ ကြိုကြသည်

၂၀၁၄ ခုနှစ် နှစ်သစ်ကို ကြိုဆိုတဲ့အနေနဲ့ Bo Bo Entertainment မှ ဦးစီးပြီး Happy New Year Beach Party အမည်နဲ့ ၃၁-၁၂-၂၀၁၃ ရက်၊ အင်္ဂါနေ့ ည ၆ နာရီက စတင်ပြီး ရန်ကုန်မြို့ ကန်တော်ကြီး(မျှော်စင်ကျွန်း)မှာ မြန်မာနိုင်ငံရှိ နာမည်ကြီးဟစ်ဟော့အဆိုတော်များက အားပါးတရ သီဆိုဖျော်ဖြေ တင်ဆက်ခဲ့ကြပါတယ်။

New Year Beach Party ဆိုတဲ့အတိုင်း ပင်လယ်ကမ်းခြေပုံစံ ဖန်တီးပေးထားပါတယ်။ နာမည်ကြီးအဆိုတော်များဖြစ်ကြတဲ့ စိုင်းစိုင်းခမ်းလှိုင်၊ Snare ၊ ယုန်လေး၊ Nine One ၊ ဂျောက်ဂျက်၊ ကျော်ထွဋ်ဆွေ၊ လွှမ်းပိုင်၊ Bunny Phoye ၊ သားသား၊ ရဲရင့်အောင်၊ ဗျူဟာ၊ ဝေလ၊ Boby Soxer ၊ ရသ၊ ကိကိ၊ G-Family နှင့် Super Model တို့မှသီချင်းပေါင်းများစွာကို အားပါးတရ ဖျော်ဖြေခဲ့ကြပါတယ်။

နှစ်သစ်ကိုကြိုဆိုသည့် အထိမ်းအမှတ်အဖြစ် ပြုလုပ်တဲ့ Happy New Year Beach Party ဟာ ၂၀၁၃ ခုနှစ်ကို ပျော်ရွှင်မှုများဖြင့် ကုန်လွန်စေခဲ့ပြီး ၂၀၁၄ ခုနှစ်ကို ကြိုဆိုလိုက်ရတဲ့ ပျော်ပွဲရွှင်ပွဲတစ်ခု ဖြစ်ခဲ့ပါတယ်။ ပွဲအစပိုင်းတွင် အဆိုတော်တချို့ ပွဲကူးနေဟန်ကြောင့် အရောက်နောက်ကျချိန် ရှိနေတဲ့ အဆိုတော်များက သီချင်းတွေကို တောက်လျှောက်ဖျော်ဖြေနေကြတာကိုလည်း မြင်တွေ့ခဲ့ကြရပါတယ်။

**အာမ်ဇော**(စုစည်းတင်ပြသည်)



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးမှုဆိုင်ရာ ရယ်စရာ

ကြောင်တော်သား



## ဒါလည်း ဟုတ်တာပဲ

ရွှေနေကြီး ဦးနက်ပြောင်၏ ရုံးခန်းသို့ ပါဝါလက်မှတ်ထိုးရန် လူငယ်တစ်ဦး ဝင်သွား၏။ ရွှေနေကြီးသည် စကားပြောဖော်ကင်းမဲ့နေ၍ လူငယ်အား လက်ဖက်ရည်အတင်းမှာတိုက်ကာ လေကြောရှည်နေတော့သည်။

"တကယ်တော့ စာအုပ်စာပေဟာ အင်မတန်မှတန်ဖိုးရှိတယ်ဆိုတာ သိပ်မှန်တဲ့စကားရပ်ပဲ။ စာဖတ်သူနဲ့ မဖတ်သူဆိုတာ သိပ်ကွာတယ်။ စာဖတ်တဲ့သူဟာ အမြဲကို တစ်ပန်းသာတာ အမှန်ပဲ။ ငါအမှုတွေ မပြတ်တမ်းရနေတာဟာ စာပေကျေးဇူးကြောင့်ပါပဲ"

"ဦးကတော့ လုပ်ပြီ။ ကျွန်တော်မသိတာကျနေတာ ညနေဆို ယမင်းဘီယာဆိုင်ကို ရောက်ပြီ။ နေ့ဘက်ဆို ရောက်သွားခင် လက်ဖက်ရည်ဆိုင်မှာချည်းပဲ။ ဘာစာအုပ်မှ ဖတ်တာ မတွေ့ရဘူး"

"ဟာကွာ ... ငါမဖတ်ပေမဲ့ ငါ့မိန်းမ မပန်းလှိုင်က စာသိပ်ဖတ်တယ်ကွ။ အထူးသဖြင့် ... မှုခင်းစာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းတွေဆိုရင် လက်မလွတ်ဘူး။ ဘယ်မြို့၊ ဘယ်နယ်မှာ ဘာအမှုဖြစ်တယ်၊ ရဲစခန်းက ဘယ်လိုမျိုး အရေးယူထားတယ် စသဖြင့် သူပြန်ပြန်ပြောပြလို့ ငါ့အတွက် အလုပ်ဖြစ်နေရတာကလား။ ဒါ .. စာပေကျေးဇူး မဟုတ်ဘူးလို့ ပြောရမလားကွ ... ဟေ"

"ဪ ..."

❐

## လိုရင်းကိုပဲ မေးလိုက်မယ်။

စီးပွားရေးဆိုင်ရာ သင်တန်းကျောင်းတစ်ကျောင်းက သန်းကြွယ်သူဌေးကြီးအား ဖိတ်ခေါ်အကူအညီတောင်းကာ သင်တန်းသူ၊ သင်တန်းသားတို့အား ဟောပြောစေခဲ့၏။ သန်းကြွယ်သူဌေးကြီးလည်း အဆိုပါကျောင်းသို့ သွားရောက်ကာ သင်တန်းသူ၊ သင်တန်းသားတို့အား မိမိ ယခု

ကဲ့သို့ သန်းကြွယ်သူဌေးကြီး ဖြစ်လာရပုံကို ရှင်းလင်းဟော ပြောခဲ့လေ၏။

ဟောပြောမှုအပြီး၌ အခမ်းအနားမှူးက သင်တန်းသူ သင်တန်းသားတို့အား မေးလိုစရာများရှိပါက သူဌေးကြီးကို အားမနာတမ်း မေးမြန်းနိုင်ကြောင်း ပြောဆိုလေ၏။ သင်တန်းသားတို့မှာ တိတ်ဆိတ်ငြိမ်သက်နေကြ၏။ ဤတွင် သန်းကြွယ်သူဌေးကြီးလည်း –

"မေးပါ ... မေးပါ။ ဘာသိချင် သိချင် မေးကြပါ။ အားမနာပါနဲ့"

ဟူ၍ စကားဟလေ၏။ ဤတွင် နောက်ဆုံးတန်းမှ သင်တန်းသူတစ်ဦးသည် မတ်တတ်ရပ်ကာ အောက်ပါအတိုင်း မေးလိုက်လေ၏။

"အင်မတန် ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးရှင့်။ ကျွန်မသိလိုတာက အခု သူဌေးကြီးမှာ အိမ်ထောင်ရှိမရှိ ဆိုတာပါပဲ"

သူဌေးကြီးလည်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။ သင်တန်းသူ၊ သင်တန်းသားအပေါင်းမှာ ပြုံးစေ့ ပြုံးစေ့နှင့်။

□



## ဘာသိလို့လဲ

ငယ်ပေါင်းကြီးဖော် သူငယ်ချင်းနှစ်ယောက် အ... ကြာ ကွဲကွာနေကြရာမှ မမျှော်လင့်ဘဲ ပြန်လည်ဆုံ... မိကြလေရာ ထုံးစံအတိုင်း ဘီယာဆိုင်သို့ ရောက်သွား... လေသတတ်။

"ဘယ်လိုလဲ ဝင်းမောင်။ မင်းတို့လင်မယား... ယောက်ရဲ့ အခြေအနေ အိုကေမှာ စိုပြည်တယ် မဟုတ်လာ...

"ပြောမပြောချင်တော့ပါဘူး ညွန့်တင်ရာ။ အဲသ... ငါ့မိန်းမကိစ္စနဲ့ ပတ်သက်ပြီးတော့ကို ငါ့မှာ အကြီးအကျ... စိတ်ဆင်းရဲနေရတာ"

"ဟာ ... ပြောစမ်းပါဦး။ ဘယ်လိုများ ဖြစ်ရ... တဲ့လဲ"

"ဘာဖြစ်ရမလဲကွာ။ ငါ့မိန်းမ မြင့်မြင့်ရီက ငါ့... စိတ်ဆိုးစိတ်ကောက်ပြီး တစ်နှစ်တိတိ စကားမပြော... နေတဲ့ကိစ္စကွ"

"အောင်မယ်လေး ... လေး၊ ဒါများ စိတ်ဆ... စရာတဲ့လားကွာ။ အကြီးအကျယ်ကို ဝမ်းမြောက်ဝမ်းသ... ဖြစ်ရမယ့်ကိစ္စကွ"

"မင်း ဘာသိလို့လဲ။ အဲသည်လို စကားမပြော... နေတဲ့ကာလ ဒီနေ့ညမှာ အဆုံးသတ်တော့မှာမို့ မနက်... အတွက် ရင်လေးပြီး စိတ်ဆင်းရဲနေရတာကွ"

"သေဟ ..."

□

## အရေးပေါ်အန္တရာယ်

မြို့နယ်ရဲစခန်းတစ်ခုရှိ တာဝန်မှူးထံသို့ ဖုန်း... လာ၏။

"ဟလို ... အမိန့်ရှိပါခင်ဗျာ"

တာဝန်မှူးက ဝတ္တရားနှင့်အညီ စကားဆိုလို... သည်။ ထိုအခါ တစ်ဖက်မှ စကားသံ ထွက်ပေါ်လာ... အသံမှာ ပုံမှန်မဟုတ်။ ထိတ်ထိတ်ပျာပျာ ရှိလှသည်...

"ဒီလိုပါ ... ကျွန်တော့်ကို ကြောင်တစ်ကောင်... အန္တရာယ်ပြုဖို့ ချောင်းနေပါတယ်။ အိမ်ရှင်တွေလည်း... ကြဘူးခင်ဗျ။ အဲဒါ ကျွန်တော့်ရဲ့ အသက်ဘေးအန္တရာ... အတွက် အကာအကွယ်ပေးဖို့ အကြောင်းကြားတာပါ...

www.burmeseclassic.com

သည့်စကားကြားရတော့ ဟာဝန်မှူးလည်း ခေါင်းညင်သာစွာ ခါယမ်းလိုက်ပြီး –

"ဝမ်းနည်းပါတယ်ဗျာ။ သည်လိုမျိုး အသေးအဖွဲလောက်ကို ကိုယ့်ဘာသာကိုယ်ပဲ ဖြေရှင်းလိုက်ရင်ပါတယ်။ အနားမှာ ရိုက်နှက်စရာ တစ်ခုခုရှာပေါ့ဗျာ"

"မဖြစ်လို့ အကြောင်းကြားနေရတာပါ"

"နေစမ်းပါဦး။ ဒီက အကြံပေးတဲ့အတိုင်း မဆောင်ရွက်နိုင်ရအောင် ခင်ဗျားက ဘာမို့လို့လဲ"

ဤတွင် တစ်ဖက်မှ ဖြေကြားလိုက်သည်ကား ...

"ကျွန်တော်လား ... စကားအင်မတန်တတ်တဲ့ သာလိကာလေးပါ"

"ဟိုက် ..."

❒

## ကျမ်းစူးမှာတော့ မခံနိုင်ပါ

တရားရုံးတစ်ခု၌ ဖြစ်၏။

တရားသူကြီးသည် သက်သေအား ကျမ်းထုပ်ကိုစာကာ တိုင်ပေးလေ၏။ သက်သေလည်း ကျမ်းထုပ်ကို လက်နှစ်ဖက်ဖြင့် ကိုင်လျက် တရားသူကြီးတိုင်ပေးသည့်ကို လိုက်ဆို၏။

"ယခု တရားရုံးရှေ့ ကျရောက်လာသည့် အမှုကိစ္စနှင့်စပ်သက်၍ ဟုတ်ရာမှန်ရာကို အစစ်ခံပါမည်"

"ယခု တရားရုံးရှေ့ ကျရောက်လာသည့် အမှုကိစ္စနှင့်စပ်သက်၍ ဟုတ်ရာမှန်ရာကို အစစ်ခံပါမည်"

"ကျမ်းသစ္စာ ဆိုပါသည်"

"ကျမ်းသစ္စာ ဆိုပါသည်"

"မမှန်မကန် ထွက်ဆိုပါက ကျမ်းစူး၍ ဘေးဒဏ်သင့်ပါစေ"

"မမှန်မကန် ထွက်ဆိုပါက ကျမ်းစူး၍ ဘေးဒဏ်သင့်ပါစေ"

"မှန်ကန်စွာ ထွက်ဆိုပါက ကောင်းကျိုးချမ်းသာ ခံစားရပါစေသား"

"မှန်ကန်စွာ ထွက်ဆိုပါက ကောင်းကျိုးချမ်းသာ ခံစားရပါစေသား"

သို့ဖြင့် ကျမ်းကျိန်ခြင်းအမှုကိစ္စ ပြီးသွား၏။ ထိုအခါ တရားသူကြီးလည်း သက်သေအား မေးမြန်းပါလေ၏။

"ကျမ်းကျိန်ပြီးပြီဆိုတော့ အမှုကို စပြီးစစ်တော့မယ်။ ကျမ်းထဲမှာပါတဲ့အတိုင်း အမှန်ကိုပဲဖြေရမယ်။ ကိုင်း ... ဒီအမှုနဲ့ပတ်သက်လို့ မောင်မင်း ဘာတွေသိထားသလဲ"

"ဟုတ်ကဲ့ .. ရှေ့နေကြီးသင်ပေးထားတာတွေ အကုန်လုံး သိပါတယ်"

"ဟိုက် ..."

❒

## မခက်လွယ်တဲ့ အဆက်အသွယ်

နယ်မှ စာပေသမားများ စုဝေးတွေ့ဆုံကြသည်။

"ဟော ... ဟိုမှာလာနေတာ ကဗျာဆရာ ဇီဝစိုး မဟုတ်လား"

"ဟုတ်တာပေါ့။ ဒီကောင် ရန်ကုန်က နာမည်ကြီး မဂ္ဂဇင်းတစ်စောင်နဲ့ အပီအပြင်အဆက်အသွယ်ရနေပြီဆိုပဲ"

"ဟာ ... တယ်ဟုတ်ပါလား။ ကဗျာရေးသက် အနည်းငယ်လေးနဲ့ ဘယ်လိုများ အဆက်အသွယ်ကောင်း ရသွားလဲမသိဘူး။ မင်းပြောတဲ့မဂ္ဂဇင်းက တော်ရုံတန်ရုံ ကလောင်တွေ ဝင်တိုးဖို့ရာ လွယ်တာမဟုတ်ဘူး"

"သေချာတာပေါ့။ ဒါကြောင့်လည်း သည်ကောင် ဘယ်လိုအဆက်အသွယ်ရသွားတယ်ဆိုတာ မေးကြည့်မလို့ စောင့်နေတာပေါ့"

"ဟုတ်တယ် .. မေးကိုမေးရမယ်"

ထိုစဉ့်မှာပင် ကဗျာဆရာဇီဝစိုး ရောက်လာသည်။ သို့ဖြင့် စောင့်စားနေသူတို့လည်း မိမိတို့ သိလိုရာကို အမောတကော မေးကြသည်။

"ဟေ့ကောင် ဇီဝစိုး ... မင်း ရန်ကုန်က (--) မဂ္ဂဇင်းနဲ့ အဆက်အသွယ်ကောင်း ရနေပြီဆို"

"အေးလေ"

"တယ်ဟုတ်ပါလား။ ဘယ်လိုနည်းနဲ့ အဆက်အသွယ်ရသွားတာတဲ့လဲ"

"အင်း ... မဂ္ဂဇင်းတစ်နှစ်စာဖိုး ကြိုသွင်းလိုက်တာနဲ့ပဲ အဆက်အသွယ်ရသွားတာပေါ့ကွာ"

"ဟိုက် ..."

❒



www.burmeseclassic.com

www.burmeseclassic.com

## ဘယ်သူ့ကံက ပိုလို့ဆိုး .

မိသားစု စားသောက်ပြီးသား ပန်းကန်များကို ပြောင်စင်အောင် တိုက်ချွတ်ဆေးကြောလျက်ရှိသော ဖခင်ထံသို့ သားဖြစ်သူရောက်လာကာ စကားစပ်စုလေတော့၏။

"ဖေဖေ့ကို သား မေးစရာရှိလို့"

"မေးလေ သား။ ဘာများသိချင်လို့လဲ"

"ဒီလိုပါ ဖေဖေ။ မိန်းမတစ်ယောက်ရတဲ့လူနဲ့ မိန်းမနှစ်ယောက်ရတဲ့သူ ဘယ်သူက ပိုပြီးကံကောင်းလဲ ဖေဖေ"

"ငါ့သား ... မင်းမေးတာ မှားနေပြီ။ တကယ်တမ်းမေးရမှာက မိန်းမတစ်ယောက်တည်းရတဲ့သူနဲ့ မိန်းမနှစ်ယောက်တောင် ရတဲ့သူ ဘယ်သူက ပိုပြီးကံဆိုးသလဲလို့ မေးရမှာ"

"ဟင် ... ဟုတ်လား။ ဒါဆိုလည်း ဖေဖေပဲ ဖြေပေးပါဦး။ ဘယ်သူက ပိုပြီးကံဆိုးသလဲဆိုတာကို"

"မိန်းမနှစ်ယောက်ရတဲ့သူက ပိုပြီးကံဆိုးတာပေါ့ သားရဲ့"

"ဘာဖြစ်လို့လဲ ဖေဖေရဲ့"

"ဘာဖြစ်လို့ဆို ခုပဲ ဖေဖေ့ကိုကြည့်။ မင်းအမေဖြစ်တဲ့ မိန်းတစ်ယောက်တည်းရတဲ့ဖေဖေဟာ ပန်းကန်တွေဆေးနေရတယ်။ အဲ ... မိန်းမနှစ်ယောက်များ ရသာကြည့်။ ဖေဖေ ဆေးရတာထက် နှစ်ဆလောက်ဆေးနေရမှာကွယ့်"

"ဟော ... ဗျာ"

❒

## ထင်ရှားသာ ထင်လိုက်ပါ

သူငယ်ချင်းနှစ်ယောက် လမ်းတွင်ဆုံမိကြ၏။

ဤတွင် တစ်ဦးက စကားစပြော၏။

"မင်းတို့လင်မယားနှစ်ယောက် အဆင်မပြေဘူးဖြစ်နေတယ်လို့ ကြားတုန်းက တကယ့်ကို စိတ်မချမ်းသာဘူးကွာ။ ဟော ... အခု ပြန်အဆင်ပြေသွားကြတယ်ဆိုတော့ သိပ်ကိုဝမ်းသာတယ် သူငယ်ချင်း"

"ဟကောင်ရ ... ဘယ်မှာအဆင်ပြေလို့လဲ။ မဟုတ်ကဟုတ်ကတွေ ပြောမနေနဲ့ကွာ"

"ဘာ .. မဟုတ်က ဟုတ်ကရမှာလဲ။ မနေ့တုန်း[...] အိမ်ပေါ်မှာ တဒုန်းဒုန်းနဲ့ နှစ်ယောက်အတူ ထင်းတွေခွဲ[...] ကြတယ် မဟုတ်လား"

"သေပါတော့ကွာ။ အဲဒါ နှစ်ယောက်ပိုင်ဆိုင်[...] အိမ်ထောင်ပရိဘောဂတွေကို တစ်ယောက်တစ်ဝက်[...] ပိုင်းနေတာကွ"

❒

## စေတနာရှင်းတမ်း

ရဲတပ်သားတစ်ဦးသည် ရပ်ရွာအေးချမ်းသာယ[...] ရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးတို့တွက် ရပ်ကွက်အတွ[...] ၌ ညကြီးသန်းခေါင် စက်ဘီးတစ်စီးဖြင့် ပတ္တရောင်လှ[...] လည်နေလေ၏။ ထိုခဏ ခြံဝင်းတစ်ဝင်း၏ အစပ်တစ်[...] ရာ၌ ဝပ်နေသော လူတစ်ဦးကို မသင်္ကာဖွယ်ရာ တွေ့[...] ရသဖြင့် ဓာတ်မီးထိုးကာ စစ်ကြောမေးမြန်းလိုက်၏။

"ဟေ့လူ ... အချိန်မတော်ကြီးမှာ ဘာလုပ်နေ[...] လဲ။ သူတစ်ပါးခြံထဲ ခိုးဝင်မလို့ မဟုတ်လား"

"မဟုတ်ရပါဘူး ဆရာရယ်"

"ဘာမဟုတ်ရမှာလဲ။ ခြံဝင်းအောက်ခြေက[...] တိုးဝင်ဖို့ ခင်ဗျားလုပ်နေတာ တွေ့တယ်"

"ဟာ ... မဟုတ်ရပါဘူးဗျာ။ ခြံထဲကို မြွေဟော[...] ကြီးတစ်ကောင် ဝင်သွားတာတွေ့လို့ သတိပေးရအော[...] စေတနာနဲ့ တိုးဝင်ကြည့်တာပါ။ ခြံဝင်းတံခါးကလည်း [...] ခတ်ထားတယ်မဟုတ်လား။ တကယ့်စေတနာအရင်းခံ[...] ဆရာရယ်"

"တော်တော့ ... ခင်ဗျားစေတနာ ဘာလဲဆို[...] ကျုပ်သိတယ်။ ကိုင်း ... လိုက်ခဲ့"

ဟု ဆိုကာ ရဲစခန်းသို့ ခေါ်ဆောင်သွားလေ[...] သတည်း။

*မြို့မေတ္တာခံယူ[...]*

■ ကိုရွှေတော[...]



www.burmeseclassic.com

www.burmeseclassic.com




# အချစ်အိပ်မက် လွင့်ပြယ်ခြင်း

ငြိမ်းအောင်(သစ်လုပ်ငန်း)

ပလက်ဖောင်းပေါ်တွင် စုပြုံရောင်းချနေသော အထည်ဟောင်းများကိုကြည့်ရင်း ပပခိုင် အံ့ဩသွားမိသည်။ အသင့်ချုပ်ပြီးသား မိန်းမဝတ်များမှာ အထည်ဟောင်းဟုသာ ဆိုသည်၊ အတန်ငယ် နွမ်းသည်မှအပ ကြည့်ပျော်ရှုပျော်မို့ လိုချင်နှစ်ခြိုက်ဖွယ်ရာ ကောင်းလှသည်။ ပပခိုင် တွေးတောမနေတော့။ ပတ်ဝန်းကျင်ကို အကဲခတ်ရင်း အထည်ဟောင်းများ စိတ်ကြိုက်ထိုင်ရွေးနေမိသည်။ ပပခိုင်နည်းတူ ဖြူဖြူသန့်သန့် အမျိုးသားတစ်ဦးလည်း ဇာပန်းထိုးအကျီများကို တစ်ထည်ပြီးတစ်ထည် ကောက်ရွေးနေသည်။ ချစ်သူဖို့လား၊ ညီမဖို့လား၊ ကောင်းနိုးရာရာ အကျီများကို ဖွေရှာရွေးထုတ်နေသည့် ကိုလူချောကိုကြည့်ရင်း ပပခိုင် ပြုံးလိုက်မိသည်။

"ရော့ ... ရော့ ...။ ဒီပန်းနုရောင်လေးက ညီမလေးအသားအရေ ဖြူဖြူဝင်းဝင်းနဲ့ဆို အရမ်းလိုက်ဖက်တယ်။ အင်း ...ဟောဒီ နုံ့သာနုရောင် ပိုးသားလေးက ညီမလေးကိုယ်လုံးလေးနဲ့ဆို အရမ်းကြည့်လို့ကောင်းမယ် ..."

ဘာရယ်ကြောင့်မသိ။ ရော့ ... အင့်ဟုဆိုကာ သူပစ်ပေးလိုက်သော အကျီမှန်သမျှ ပပခိုင် ယုယမြတ်နိုးစွာ ပွေ့ပိုက်ထားလိုက်မိသည်။ ဆယ်ထည်ထက် မနည်းသော သူရွေးပေးလိုက်သည့် အကျီများကို ငွေရှင်းပြီး သူ့အားနှုတ်ဆက်ကာ ပပခိုင် အိမ်ပြန်လာခဲ့သည်။ အိမ်ပြန်ရောက်သည့်တိုင် ရည်မွန်သန့်ပြန့်သည့် ကိုလူချော၏ ရုပ်ပုံလွှာမှာ မျက်စိထဲက ထွက်ကိုမထွေ[illegible]တော့။ တစ်နည်းဆိုရသော် [illegible]အခါကာလအတွင်း ပပခိုင် သူ့[?]ကို တိတ်တခိုးလေး ချစ်ခင်စွဲလမ်းသွားမိသည်။

www.burmeseclassic.com

ပပနိုင်အိမ်သို့ အချစ်ဆုံးသူငယ်ချင်း သွယ်သွယ်မိုး အလည်အပတ်ရောက်ရှိလာသည်။ ရှိုးကေ့(စ်)ဗီရိုကြီးထဲတွင် လှလှစွာ ခေါက်ထည့်ထားသော အဝတ်အထည်များကို ကြည့်ရင်း သွယ်သွယ်မိုး အံ့သြသွားသည်။

"ဟဲ့ ... [illegible] ညည်းအဝတ်အစားတွေက အရောင်အသွေးစုံပြီး လှလိုက်တာဟယ်။ ဘယ်စတိုးဆိုင်က ဝယ်လာတာလဲဟင်"

"ဘယ်စတိုးဆိုင်ကမှ ဝယ်မလာဘူး။ လမ်းဘေး ဘောထုပ်သည်ထဲက ကိုလူချောရွေးပေးလို့ ဝယ်လိုက်တာပါဟယ်"

"ဟဲ့ ... ဘယ်လို .. ဘယ်လို"

အံ့သြထိတ်လန့်သွားသည့် သွယ်သွယ်မိုးကိုကြည့်ရင်း ပပနိုင် ခွက်ထိုးခွက်လန်ဖြစ်အောင် အော်ရယ်လိုက်မိသည်။

"ဟား ... ဟား ... ဟား ... သွယ်သွယ်ရယ် နင့်ကြည့်ရတာ အလန့်တကြားနဲ့။ အရမ်းရယ်ရတာပဲဟာ။ ဇာတ်လမ်းက ဒီလိုဟဲ့။ ပြီးခဲ့တဲ့အပတ်က ငါမြို့ထဲသွားတော့ လမ်းဘေးက ဘောထုပ်တွေ ဝင်ရွေးလိုက်မိတာ။ ငါ့လိုပဲ ဖြူဖြူချောချော အစ်ကိုကြီးတစ်ယောက်လည်း အမျိုးသမီးအကျီတွေ ဝင်ရွေးတယ်တော့"

"ဟဲ့ ... ယောကျ်ားကြီးက အမျိုးသမီးအကျီ ဝင်ရွေးရတယ်လို့"

"သူ့ညီမဖို့လား၊ ချစ်သူဖို့လား ဝင်ရွေးတယ် နေမှာပေါ့အေ့။ ခုခေတ် ယောက်ျားလေးတွေ လျှော့မတွက်နဲ့နော်။ ဘောထုပ်ထဲကဟာတွေ စတိုးဆိုင်ကြီးက ဝယ်လာသလိုလို ဘာလိုလိုနဲ့ ပုံမှားရိုက်တယ် နေမှာပေါ့။ ဟား ... ဟား ... ဟား ... အဲဒီအစ်ကိုကြီးက အရမ်းချောတာပဲတော့။ ငါနဲ့ လိုက်ဖက်မယ်ထင်တဲ့ အကျီမှန်သမျှ ရှေ့အင့်နဲ့ ရွေးပေးလိုက်တာ သူ့ခမျာ ဈေးချွေးကိုပြန်သွားရော ဟား ... ဟား ..."

"ကောင်မနော် အရမ်းအကဲပိုပြီ"

"မပိုပါဘူးဟယ်။ အမှတ်တမဲ့က နေ အမှတ်တရဖြစ်သွားမိပြီ ကိုလူချောရေ၊ အရမ်းချစ်မိသွားပြီတော့"

xxx xxx xxx

ယနေ့ညနေပိုင်းတွင် ဝမ်းကွဲအစ်မ ဘွဲ့ယူမည်ဆို၍ အလှပြင်ဆိုင်သို့ ပပနိုင်ရော သွယ်သွယ်မိုးပါ အဖော်အဖြစ် လိုက်ပါလာခဲ့ကြသည်။ အလှပြင်ဆိုင်ထဲ ဝင်လိုက်သည်နှင့် ပပနိုင် ကမ္ဘာအပြင်ဘက် လွင့်စဉ်ထိုးကျသွားသူတစ်ယောက်လို တုန်လှုပ်ချောက်ချားသွားမိသည်။ အကြောင်းမူ ဆံပင်မိတ်ကပ် အလှပြုပြင်ပေးသူမှာ မြို့ထဲတွင် သူမအား ဘောထုပ်အကျီ ရွေးပေးလိုက်သည့် ကိုလူချောပါလား။ ကိုလူချောမျက်နှာတစ်ပြင်လုံးမှာလည်း မိတ်ကပ်၊ နှုတ်ခမ်းနီများ ရဲတွတ်နေအောင် လိမ်းကျံထားသည်။ ပိုဆိုးသည်မှာ ပန်းနုရောင် ဂါဝန်အကျီ ဝတ်ထားလိုက်ပုံမှာ စက်ဆုပ်ရွံရှာဖွယ်ရာ ကောင်းလှသည်။ သူကတော့ ပပနိုင်ကို လုံးဝ မှတ်မိပုံမရ။

"ဟို ... ညီမလေးနှစ်ယောက်ပါ အလှပြင်မှာလားဟင်။ မမ လှအောင် ပြင်ပေးမှာပေါ့ကွယ်"

ပပနိုင် ခေါင်းကိုသာ တွင်တွင်ခါယမ်းလိုက်မိသည်။

စက်ဆုပ်ရွံရှာခြင်း၊ နှမြောတသယူကျုံးမရဖြစ်ခြင်းနှင့်အတူ ပပနိုင် အံကြိတ်လိုက်မိသည်။ တိတ်တခိုးချစ်မိခဲ့သည့် ကိုလူချော၏ လက်ရှိဘဝနှင့် ယခုဘဝမှာ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်၍နေသည်။ ခုချိန်မှာတော့ ပပနိုင်၏ စိတ်ကူးယဉ်အိပ်မက်များ ရုတ်တရက် လွင့်ပြယ်သွားပါလေပြီ။


ငြိမ်းအောင်(သစ်လှုိင်နန်း)

ကိုလူချောမျက်နှာတစ်ပြင်လုံးမှာလည်း မိတ်ကပ်၊ နှုတ်ခမ်းနီများ ရဲတွတ်နေအောင် လိမ်းကျံထားသည်။ ပိုဆိုးသည်မှာ ပန်းနုရောင် ဂါဝန်အကျီ ဝတ်ထားလိုက်ပုံမှာ စက်ဆုပ်ရွံရှာဖွယ်ရာ ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



# သစ္စာ . . .

ဥက္ကလာဝင်းကျော်

- *မှန်တစ်ချပ်ဟာ သစ္စာတရားတဲ့ လူများက ပြောလေ့ရှိကြတယ်။*
- *မင်းပြုံးရင် မှန်ပြင်ရိပ်က ပြန်ပြုံးပြမယ်။*
- *မင်းမဲ့ရင် မှန်ပြင်ရိပ်က ပြန်မဲ့ပြမယ်။*

နှစ်တွေကတော့ ကြာခဲ့ပါပြီ။ ဟိုးအရင် ရှေးရှေးတုန်းကလို့ပဲ ဆိုကြပါစို့။ တစ်ခါတုန်းက ရွာကြီးတစ်ရွာမှာ အလွန်ရိုးသားလှတဲ့ တောသူတောင်သားတွေ နေထိုင်ကြတယ်။ သူတို့ရဲ့ ရွာဦးရွာဖျားထိပ်မှာ လူ့လက်နှစ်ဖက်ခန့် အလွန်ကြီးတဲ့ ညောင်ပင်ကြီးတစ်ပင် ရှိနေပါတယ်။ အဲသည် ညောင်ပင်ကြီးအောက်မှာ တစ်ရွာလုံးမှာမှ တစ်ချပ်တည်းသာရှိတဲ့ မှန်ပြင်ကြီးကို ချိတ်ဆွဲထားရှိပါတယ်။

တစ်နေ့မှာတော့ ပန်းပဲလုပ်ငန်းကို လုပ်ကိုင်တဲ့ ကျေးရွာလူကြီးလို့ခေါ်တဲ့ သူတို့ရွာရဲ့အကြီးအကဲဟာ မှန်ပြင်ကြီးရှေ့ကို ရောက်လာပြီး အသေအချာ ကြည့်ရှုနေမိသတဲ့။ အတန်ကြာအောင် စိုက်ကြည့်နေရင်းကပဲ အလွန်စိတ်ဆိုးတဲ့ အမူအရာနဲ့ မှန်ပြင်ကြီးကို ကြိမ်းဝါးပါလေရော . . . ။

"မင်းက ငါတို့ ရွာသူရွာသားတွေကို ဖောဖောဝါးဝါးဖြစ်အောင် လုပ်နေတာပဲကွ။ ငါက ညာဘက်လက်ဆို မင်းက ဘယ်ဘက်လက်၊ ငါက ဘယ်



www.burmeseclassic.com

www.burmeseclassic.com

ဘက်လက်ဆို မင်းက ညာဘက်လက်။ ဘယ်မှာလဲ ... မင်းရဲ့အမှန်တရား။ အမှန်တရားကို မှန်သယောင်နဲ့ မင်းလုပ်နေတာ အများကြီးတွေပဲကွ။ ဒီထက်ပိုပြီး ဆိုးတာက ငါတို့လေးစားတဲ့ ငါတို့ရဲ့ ယဉ်ကျေးမှုအမွေအနှစ် စာပေအက္ခရာကိုလည်း မင်းက အမြဲတမ်း ပြောင်းပြန်လှန်ပစ်နေတယ်။ ဖတ်လို့မရအောင်ကို မင်းပြဿနာရှာတယ်။ ဒီအရပ်မှာ မင်းမရှိသင့်တော့ဘူး။ ဒီတော့ ..."

"ခွမ်း ... ချလွမ်း ..."

အသံနက်ကြီး မြည်ဟည်းပြီး တစ်စစီကွဲကြေသွားတဲ့ မှန်ပြင်ကြီးရဲ့ အသံကြောင့် ရွာသူရွာသားအချို့ဟာ ရွာထိပ်ကို အပြေးအလွှား ထွက်ကြည့်လိုက်မိတယ်။ သူတို့ရဲ့ မြင်ကွင်းမှာတော့ အစိတ်စိတ်အမွှာမွှာ ကွဲကြေနေတဲ့ မှန်ပြင်ရှေ့မှာ ရပ်နေသူဟာ သူတို့ရဲ့ ရွာလူကြီးဖြစ်နေတာကို တွေ့လိုက်ကြရတယ်။ သူ့လက်ထဲမှာလည်း ကြီးမားတဲ့ သံတူကြီး တစ်ချောင်းကို ကိုင်လို့ ...။

"ဟယ် ... ဒုက္ခပါပဲ။ ညနေ ရွာကနေ အပြင်ကိုထွက်တိုင်း ကြည့်နေကျ ဒီမှန်ပြင်ကြီးမရှိတော့ ဘယ်လိုလုပ်ပြီး ကိုယ့်ကိုယ်ကို သိတော့မှာလဲ"

တီးတိုးတီးတိုးနဲ့ ရွာသူရွာသားအချို့ဟာ ညည်းတွားကြပါလေရော။ ရိုက်ခွဲတဲ့သူကလည်း ရွာရဲ့ ရွာလူကြီးတစ်ဦး ဖြစ်နေလေတော့ ဘယ်သူမှ အပြစ်မပြောရဲကြရှာဘူး။ သူတို့အားလုံးရဲ့ ရင်ထဲမှာတော့ နှမြောတသစိတ်နဲ့ ဝမ်းနည်းကြေကွဲစွာ ယိုနိုက်ခံစားနေကြရပါတယ်။

xxx xxx xxx

- *ဒါပေမယ့် ...*
  *မင်းရဲ့လက်ယာ မှန်ထဲမှာဘယ်*
  *မင်းရဲ့လက်ဝဲ မှန်ထဲမှာညာ။*
- *စာတစ်ကြောင်း*
  *ပြန်ပြောင်းပေါ်လာ*
  *မှန်ထဲမှာ ဖတ်မရ ...။*
- *မှန်ထဲက သစ္စာ*
  *ဘယ်မှာ စိတ်ချရလို့လဲ ...။*

**အဲဒီလိုနဲ့** နှစ်အတန်ကြာတော့ **မှန်ရိုက်ခွဲခဲ့တဲ့** ရွာလူကြီးလည်း သေဆုံးသွားလို့ နောက်ထပ်ရွာလူကြီး အသစ်တစ်ဦးကို ဒီမိုကရေစီကျကျစွာ အများဆန္ဒနဲ့အညီ ရွေးချယ်တင်မြှောက်လိုက်ကြတယ်။ ရွာလူကြီးအသစ်က ကျေးရွာသူရွာသားတွေရဲ့ ရင်ထဲကခံစားမှုကို သိရှိနားလည်စွာနဲ့ မကြာခင်မှာပဲ ခရီးအတော်ဝေးတဲ့ မြို့ကိုရောက်သွားပြီး မှန်ပြင်အသစ်တစ်ချပ်ဝယ်ကာ ရွာထိပ်က ညောင်ပင်ကြီးအောက်မှာ ပြန်လည်ချိတ်ဆွဲပေးလိုက်ပါတယ်။

ရွာသူရွာသားတွေ ခမျာမှာလည်း နှစ်ပေါင်းအတော်ကြာအောင် ငုပ်လျှိုးနေခဲ့ရပြီး ရွာလူကြီးကို မပြောရဲမဆိုရဲနဲ့ ကြောက်နေခဲ့ရတဲ့ သူတို့ရဲ့ ဆန္ဒကလေး ပြည့်ဝခဲ့ရပြီမို့ အလွန်ပဲ ပျော်ရွှင်နေကြတာပေါ့လေ။

သို့ပေမယ့် အချိန်သိပ်မကြာခင် တစ်နေ့မှာတော့ လယ်ကွင်းထဲကို စာမောင်း၊ ကျီးခြောက်ဖို့ ထွက်လာတဲ့ ကလေးသူငယ်လေးတစ်ယောက်ဟာ မှန်ပြင်ကြီးရှေ့ကို ရောက်လာပြီး ... အမှတ်မထင် မှန်ပြင်ကြီးကို ကြည့်လိုက်မိတယ်။

မှန်ပြင်ကြီးကို သူငယ်လေးက ပြုံးပြတယ်။ မှန်ပြင်ကြီးက သူငယ်လေးကို ပြန်ပြုံးပြတယ်။

သူငယ်လေးက ခပ်ဝေးဝေးကို နောက်ပြန်ဆုတ်ပြီး မှန်ပြင်ကြီးကို စိုက်ကြည့်တယ်။ တစ်ခါ အနီးကပ်ပြီး ကြည့်ပြန်တယ်။ နောက် ဘယ်လက်ကို မြှောက်ပြီးကြည့်တယ်။ တစ်ဖန် ညာလက်ကိုမြှောက်ပြီး ကြည့်ပြန်တယ်။ အဲသည်မှာ ဖျတ်ခနဲ ကလေးသူငယ်လေး မျက်မှောင်တစ်ချက် ကြုတ်သွားတယ်။

စူးစမ်းဆင်ခြင်တဲ့အသိနဲ့ တွေဝေစဉ်းစားမိလို့ သူဝတ်ထားတဲ့ အင်္ကျီရဲ့ ရင်ဘတ်က အက္ခရာစာလုံးကို မြင်တွေ့သွားတယ်ဆိုရင်ပဲ မှန်ပြင်ကြီးကို ကြည့်လိုက်။ သူ့ရင်ဘတ်ကို ပြန်လည်ငုံ့ကြည့်လိုက်နဲ့ ဖြစ်နေရာက မှန်ပြင်ကြီးဆီ လက်ညှိုးထိုးကာဖြင့် တစ်စုံတစ်ရာ ပြောဆိုဖို့ ပါးစပ်ပြင်ရင်း သူ့ခမျာ စကားစလိုက်မိပါတယ်။ မှန်ပြင်ကြီးခမျာ သူငယ်လေးရဲ့ အမှားပြ အပြစ်တင် ပြောဆိုသံကို နားထောင်နိုင်စွမ်း ကင်းမဲ့သွားပုံရပါတယ်။ တစ်စစီကွဲကြေသွားပါလေရော ...။

"ဟော့ ... ဟော့ ... မင်း"

"ချွမ်း ... ဂလွမ်း ... ချွမ်း"


**ဝန်ခံချက်** ။ ကဗျာဆရာကြီး မျိုးမြင့်ဆွေ ၏ "မှန်ထဲကသစ္စာ" အမည်ရှိသော ကဗျာကို ခံစားရေးဖွဲ့ပါသည်။

**ဥက္ကလာဝင်းကျော်**



www.burmeseclassic.com

www.burmeseclassic.com



# ခြားနားသွားသော နှလုံးသားများ

မြင့်ခိုင်(အညာမြေ)

"ဒီအဘွားကြီး သေချင်လို့လား"

ကျောင်းဖွင့်ရက်မို့လည်း ဆိုင်ကယ်များက သာမန်ရက်၊ သာမန်အချိန်များထက် အသွားအလာ ပိုများပါသည်။ ကျောင်းသားတစ်ယောက်က သူ့ရှေ့ရှိ အကြော်သည်အဘွားအိုအား အော်ဟစ်ပြီး သူ၏ဆိုင်ကယ်ကို ကွေ့ကာဝိုက်ကာဖြင့် ဂူးခနဲ မောင်းထွက်သွားသည်။ အဘွားအိုသည် ထိုလူငယ်လေး၏ အော်သံနှင့် ဆိုင်ကယ်သံတို့ကြောင့် နောက်သို့ ရုတ်တရက်လှည့်ကြည့်တွင် အကြော်လင်ပန်းပေါ်ကင်ထားသော ဝါးခမောက်က လွင့်စဉ်ကျသွားသည်။ အဘွား၏အနီးတွင် ဆိုင်ကယ်နှင့်ရောက်လာသူ အခြားကျောင်းသားတစ်ဦးက သူ၏ဆိုင်ကယ်ကို လမ်းဘေးတွင်ရပ်ပြီး အဘွား၏ခမောက်ကို ကောက်ပေးသည်။ ထိုကျောင်းသားကလေး၏ နှုတ်မှလည်း

"အဘွား ... လမ်းဘေးကို ကပ်ပြီးသွားနော်။ ဆိုင်ကယ်တွေက သူ့ထက်ငါ မောင်းနေကြတာ"တဲ့။

ဇူလိုင်လ၏ မိုးဖွဲဖွဲလေးကျနေသော နံနက်ခင်းတစ်ခု၏ မြင်ကွင်းပင်ဖြစ်သည်။ အတွေးတစ်ခုဖြင့် ကြည့်မည်ဆိုပါက ကျွန်တော်တို့ နိုင်ငံတော်၏ အနာဂတ်တာဝန်ကို ထမ်းဆောင်ကြရမည့် လူငယ်လေးနှစ်ဦး၏ နှလုံးသားများကို မြင်ရမည့် မြင်ကွင်းပင်ဖြစ်နေပါသည်။ အဘွားအိုအား ကူညီခဲ့သည့် လူငယ်လေး၏ နှလုံးသားတွင် အဘွားအိုအား သနားစိတ်၊ စာနာစိတ်ဖြင့် ကူညီခြင်း ဖြစ်ပေမည်။ အော်ဟစ်လိုက်သော ကျောင်းသား၏ နှလုံးသားတွင် မည်သည့်အကြောင်းတရားများရှိနေမည် မသိနိုင်ပါ။

ထိုမြင်ကွင်းကို မြင်ရကြားရပြီး ထိုသို့ နှလုံးသားနှစ်ခု၏ ခြားနားသွားရခြင်းအကြောင်းကို ရှာကြည့်မိသည်။ ဆရာကြီးဇေယျက "ရသသည် လူတို့အား ကြမ်းတမ်းရိုင်းပျသောဘာဝမှ ယဉ်ကျေးသိမ်မွေ့သောဘာဝသို့ ရောက်အောင် ပို့ဆောင်ပေးသော သတ္တိထူးရှိသည်"ဟု ဆိုပါသည်။ ဆရာကြီး ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)ကမူ ဟောပြောပွဲတစ်ခုတွင် "ရသစာပေ ခံစားမှုအားနည်းလျှင် နှလုံးသားကလေးများ ရိုင်းတတ်ကြောင်း" အမည်မသိ ရေးစာဆိုတစ်ဦး၏ "နေဝင်စ ချိုးမရယ်ကူ"ကဗျာနှင့် ဆက်စပ်ကာ ဟောပြောခဲ့ဖူးပါသည်။

"နေဝင်စ ချိုးမရယ်ကူ၊ တောသူမလေး အဝေး။ စာကိုသာစာကို ငတ်လို့၊ ကူရှာသလော ကူသလော။ နွားကျောင်းသားငယ်၊ ကျေညကွင်းရယ် တယ်၊ ဘယ် .. ဘယ်ကို .. ဘယ်ကို ရယ်မိ၊ ခြေကိုမိလို့၊ ဘယ် .. ဘယ်ကို ဘယ်ကိုရယ်နှက်၊ လည်ပင်းအထက် ခေါင်းကိုနှက်လို့။ ဘယ် .. ဘယ်ကို .. ဘယ်ကိုရယ်ခွဲ၊ ရင်ကိုခွဲလို့။ ရှားမီးခဲတွင် ရဲရဲငယ်ကင်၊ အကျွန်မမြင်ဝံ့ပါပြီ တကား။ ရွှေချိုးဖိုရယ်လေ မယ့်လင်သား။"

ထိုကဗျာလေးသည် ရုပ်သေးသီချင်းတစ်ပုဒ်ဖြစ်ပြီး သနားစရာကောင်းသော ချိုးမလေးတစ်ကောင်အကြောင်း ရေးဖွဲ့ထားသော ကဗျာတစ်ပုဒ်ဖြစ်ကြောင်း။ ထိုကဗျာကို ပြဋ္ဌာန်းပေးလိုက်လျှင် ကလေးသူငယ်တွေ တိရစ္ဆာန်များကိုချစ်တတ်၊ ကြင်နာသနားတတ်လာပြီး လူငယ်ကလေးများ၏ နှလုံးသားများ နူးညံ့သိမ်မွေ့လာမည်ဟု ဆရာကြီးများက မျှော်လင့်၍ ပြဋ္ဌာန်းခဲ့သည်ဟု ဆိုပါသည်။ ၎င်းကဗျာကို "နွားကျောင်းသားသည် ဘာကိုဖမ်းသနည်း၊ ချိုးကို ဖမ်းပါသည်။ ဘယ်နေရာကို မိသနည်း။ ခြေထောက်ကို မိပါသည်။ ဘယ်နေရာကို နှက်သနည်း။ ခေါင်းကိုနှက်ပါသည်။ ဘာကို ခွဲသနည်း။ ရင်ကိုခွဲပါသည်။ ဘာနဲ့ ကင်သနည်း။ ရှားမီးခဲနှင့် ကင်ပါ

www.burmeseclassic.com

သည်''ဟူ၍ ကျောင်းသူလေးတစ်ယောက် စာကျက်နေသည်ကို ကြားခဲ့ဖူးကြောင်း ပြောပါသည်။

ဆရာကြီးက ...

''သူ့ဆရာ၊ ဆရာမက သူ့ကိုပေးနေတာ သနားတတ်တဲ့ စိတ်ထားမျိုးရှိလာအောင် ပေးတာ မဟုတ်ဘူး။ အမေးအဖြေကျက်ခိုင်းတာ။ ဒီကလေးက အဲဒါကျက်ပြီး သွားဖြေတာ။ ချိုးမလေးကို သနားရကောင်းမှန်း မသိဘူး။ ဒီနေ့စာသင်ကြားရေးမှာ အဲဒါမျိုးတွေဖြစ်နေတယ်။ ရသစာပေကို သုတစာပေပုံစံမျိုး သင်ကြားနေကြတယ်။ သင်တဲ့ဆရာ၊ ဆရာမမှာလည်း တာဝန်ရှိတယ်။ ရသစာပေသင်ပြီး အခုနချိုးဖိုချိုးမလေးတွေကို သနားတဲ့စိတ်ပေါ်လာအောင် ဘယ်လိုခံစားရလဲဆိုတာ လမ်းကြောင်းမပေးဘဲနဲ့ အချက်အလက်သွားရှာလျှင် ရသအာနိသင်ပျက်ကုန်လိမ့်မယ်။ အဲဒါ အရေးကြီးတဲ့အချက်ပဲ''

ဟု ရသစာပေ၏ သဘောကို သုံးသပ်ပြသွားပါသည်။

ရသကဗျာကို သုတစာပေကို လေ့လာသကဲ့သို့ လေ့လာကျက်မှတ်လိုက်သောအခါ ကဗျာ၏ ရည်ရွယ်ချက်နှင့် လွဲချော်သွားရပါသည်။ ထိုသို့ ရသအာနိသင် ပျက်စီးသွားသောအခါ ရသ၏ အကျိုးကိုလည်း ခံစားခွင့် မရနိုင်တော့ပေ။ ထိုမျှမက စိုးရိမ်စိတ်ပင်ဖြစ်လာမိသည်။ ချိုးမလေး၏ သောကအပူမီးကိုမမြင်ဘဲ ရှားမီးခဲတွင် ရဲရဲကင်ထားသော ချိုးဖို၏ရင်ကို ကဗျာဖတ်သူက မြင်ယောင်လာကာ ''ချိုးကင်စားချင်လိုက်တာ''ဟု ဆိုလာလျှင် ဒုက္ခ။ ထိုကဗျာ၏ရည်မှန်းချက် ပေါက်မြောက်ဖို့ဆိုလျှင် ကဗျာဖတ်သူ၊ ကဗျာသင်သူသည် ချိုးမလေး၏ ရင်ထဲသို့ဝင်ပြီး ကြည့်ရပေမည်။ ချိုးမလေး၏နေရာက ခံစားကြည့်ရပေမည်။ သို့မှသာ ချိုးမလေး၏ အဖြစ်သနစ်၊ လွမ်းတပူဆွေးမှု၊ သောကစိတ်တို့ကို မြင်ကြရပေမည်။ ထိုသို့ မြင်လာပြီဆိုလျှင် ဆရာကြီးများ မျှော်လင့်ခဲ့သော ကျေးငှက်ကလေးများနှင့် လူ့မှုပတ်ဝန်းကျင်အပေါ် ချစ်စိတ်၊ သနားစိတ်၊ စာနာနားလည်စိတ်တို့သည် လူငယ်တို့၏ နှလုံးသားတွင် ဖြစ်ထွန်းပေါ်ပေါက်လာမည်မှာ မလွဲပေ။

''ချိုးကင် စားချင်စိတ်''နှင့် ''ချိုးငှက်ကို သနားစိတ်''၊ ထိုစိတ်နှစ်ခုသည် သဘာဝချင်း အလွန်ကွာခြားလှပါသည်။ ရသစာပေမှ ရသ၏အကျိုးအာနိသင်ကို မရယူနိုင်ခြင်းသည် အလွန်အန္တရာယ်ကြီးကြောင်းလည်း တွေ့နိုင်ပါသည်။ သိမှတ်မှုပေးသော သုတစာ၏သဘောသည် စာဖတ်သူ၏ ဦးနှောက်ကို ပိုပြီးအလုပ်လုပ်စေသည်။ မှတ်သားစရာအချက်အလက်တို့ဖြင့် ဘဝအသိကိုပေးပါသည်။ ခံစားမှုရသတစ်ခုခုပေးသောစာ၊ ကဗျာတို့မှာ စာဖတ်သူ၏နှလုံးသားကို ပိုပြီးအလုပ်လုပ်စေသည်။ ရသခံစားမှုမှတစ်ဆင့် ဘဝအသိကို ပေးပါသည်။ သုတစာပေနှင့် ရသစာပေတို့ကို ချဉ်းကပ်ရာ၌ သူ့နည်း၊ သူ့ဟန်၊ သူ့စံများရှိပါသည်။ ထိုသို့ နည်းမှန်လမ်းမှန်များဖြင့် ချဉ်းကပ်မှသာ ရသတန်ဖိုး၊ သုတတန်ဖိုးတို့ကို ပြည့်ဝစွာ ရယူသုံးစွဲနိုင်မည် ဖြစ်သည်။

ရသစာပေကို သုတစာပေကဲ့သို့ အချက်အလက်ရှာပြီး အဖြေထုတ်ပါက ရသ၏တန်ဖိုးနှင့် ကင်းကွာသွားတတ်ပါသည်။ ရသစာပေ၏ တန်ဖိုးမှာ ကဗျာဖတ်သူ၊ စာဖတ်သူသည် ထိုစာကို ဖတ်ပြီးသည်၏နောက်၌ သူ၏နှလုံးသားတွင် ရိုက်ခတ်လာသော စိတ်စေတနာသည်သာလျှင် ဖြစ်ပေသည်။ ထိုရသ၏ အကျိုးအာနိသင်ကြောင့် သူ၏ပတ်ဝန်းကျင်လောကကို သတိမူမိလာစေသည်။ သနားစရာကိစ္စနှင့် ကြုံလာရလျှင် သနားတတ်ပေမည်။ ချစ်စရာဆိုလျှင်လည်း ချစ်တတ်ခင်တတ်သော စိတ်တို့ ဖြစ်လာပေမည်။ စာနာစရာကို တွေ့လာပါကလည်း စာနာစိတ်တို့ ဖြစ်ပေါ်လာကြပေလိမ့်မည်။ စာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်မှ အသိတစ်ချက်၊ အတွေးတစ်ခုသည် ဘဝတစ်ခုလုံးကိုပင် ပြောင်းလဲသွားစေနိုင်ပါသည်။

အချုပ်ဆိုရသော် လူသားတို့၏ စိတ်နှလုံး ယဉ်ကျေးသိမ်မွေ့ရန်အတွက် ဆရာကြီးများ ညွှန်ပြသကဲ့သို့ ရသစာပေ၏ အရေးပါမှုကို အထူးဂရုပြုကြရပေမည်။ အဘွားအိုအား စိတ်ဆိုးမာန်ဆိုးဖြင့် ပြုမူခဲ့သည့် ကျောင်းသားမှာ သူ၏သင်ခန်းစာများထဲမှ ရသစာပေများကို ကောင်းစွာသင်ကြားရမှု အားနည်းခဲ့၍များလားဟု စဉ်းစားမိသည်။ အကယ်၍ ရသ၏ အနှစ်သာရကို ခံစားခွင့်မရခဲ့ခြင်းကြောင့်သာဟု ဆိုလာလျှင် ပညာပြည့်ဝ နှလုံးလှစေဖို့ သင်ကြားပြသပေးနေရသော ကျွန်ုပ်တို့၌လည်း တာဝန်ကိုယ်စီ ရှိကြကြောင်း သတိပြုရမည် ဖြစ်ပေသည်။

**မြင့်နိုင်(အညာမြေ)**



www.burmeseclassic.com

www.burmeseclassic.com



# နှင်းမှူ

နိုင်သျှား(မိုးမိတ်)

၂၀၀၆ ခုနှစ်က ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ နစက ဌာနချုပ်တွင် တာဝန်ကျစဉ်ကဖြစ်သည်။

ကျွန်တော်တို့ ဝန်ထမ်းများ အနေဖြင့် ကား၊ ဆိုင်ကယ်သုံး၍ ခရီး မပေါက်နိုင်သော နေရာသို့ သွားရာတွင် မြင်းများကို အသုံးပြုနိုင်ရန် အတွက် ဌာနချုပ်အနီး ဝါးပိတ်ကျေးရွာထိပ်တွင် ခြံခတ်လျက် မြင်းဇောင်းတစ်ခု ဆောက်လုပ်ထားရှိရာ ကျွန်တော့်ကို မြင်းခြံလုံခြုံရေး တာဝန်ခံအဖြစ် ပူးတွဲတာဝန် ပေးအပ်ခဲ့သည်။ ထိုမြင်းခြံမှာ အလွန်ကွာဝေးသည့် နေရာတွင် မဟုတ်။ ကျွန်တော်တို့ လုံခြုံရေးစခန်းနှင့် ပေငါးဆယ်ခန့် အကွာလောက်တွင်သာ ရှိသည်။

မြင်းခြံနှင့် ကပ်လျက်တွင် ကြွက်မွေးမြူရေးခြံကြီးတစ်ခုရှိပြီး တော့ဘက်တစ်လျှောက်တွင် လယ်တွင်းမြင်များနှင့် တောင်တန်းရှည်ကြီးများက ဝန်းရံလျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

မြင်းခြံတွင် မြင်းအထီးသုံးကောင်နှင့် မြင်းအမလေးကောင် စုစုပေါင်း ခုနစ်ကောင် ရှိ၏။ နေ့စဉ် မြင်းစာကျွေးခြင်း၊ မြင်းခြံ မြင်းဇောင်း သန့်ရှင်းဗေးပြုလုပ်ခြင်းနှင့် မြင်းကျောင်းခြင်း လုပ်ငန်းများအတွက် တပည့်ဖြစ်သူ မောင်နိုင်လင်းကို တာဝန်ပေးအပ်ထားပြီး ရံဖန်ရံခါတွင် မြင်းကျောင်းခြင်းကို ကျွန်တော်ကိုယ်တိုင် ဆောင်ရွက်သည့်အတွက်ကြောင့် မြင်းခုနစ်ကောင်စလုံးသည် ကျွန်တော်တို့နှစ်ယောက်စလုံးနှင့်ပါ ယဉ်ပါးနေ၏။

မြင်းများကို မြင်းဇောင်းမှ လွှတ်လိုက်သည့်အခါ အညိုပုပ်ရောင်ရှိသော မြင်းထီးကြီးက ဦးဆောင်၍ ရှေ့ဆုံးမှ လျှောက်လှမ်းထွက်ခွာသွားရာ ကျန်သော မြင်းများကလည်း သူ့နောက်မှ တန်းစီလိုက်ပါသွားကြလေ့ရှိ၏။ စားကျက်မြေတွင် မြင်းများပြေးဆော့နေသည်မှာ ကောင်းလှ၏။ ထိုအထဲတွင် အုန်းခွံရောင် လည်ဆံမွေးရှည်နှင့် အလွန်ကြည့်၍ကောင်းသည့် "နှင်းမှူ"ဟု ခေါ်သော မြင်းမတစ်ကောင်လည်း ရှိ၏။ ထိုမြင်းမနှင်းမှူသည် အခြားမြင်းများနှင့်မတူပို၍ယဉ်ပါး၏။ မှတ်ဉာဏ်ကောင်း၏။ မည်သည့်အချိန်တွင်ပင်ဖြစ်စေ ကျွန်တော်၏ လက်ခေါက်မှုတ်သံကြားလျှင် နှင်းမှူသည် အခြားမြင်းများကို ဟီးသံပြု၍ အချက်ပေးလိုက်ပြီး သူကိုယ်တိုင် ကျွန်တော့်အနားသို့ အရင်ရောက်အောင်လာ တတ်၏။ နှင်းမှူတွင် 'ဗီ'ကပ်နေသည့်အခါတွင်ယခင်ထက်ပို၍ သွက်လက်နေ ပြန်သေး၏။

မြင်းခြံနှင့် မြင်းဇောင်း လုံခြုံရေးသည် နေ့ဘက်ထက် ညဘက်တွင် ပို၍ ဂရုစိုက်ရသည်။ သတိဝီရိယ ပေါ့ဆ၍မရ။ ညဘက်ဆိုလျှင် အနောက်ဘက်ရှိ တောင်ကြောတစ်လျှောက်မှ တောခွေးများ အုပ်စုလိုက် ဆင်းလာတတ်၏။ တောခွေးများ၏ အော်သံမှာ တစ်လသားအရွယ် ကလေးများ၏ ငိုသံနှင့်တူ၏။ ထိုတောခွေးအုပ်များ ဆင်းလာလျှင် နစက ဌာနချုပ်ဝင်းအတွင်းရှိ ခွေးများနှင့် ရွာထဲရှိ ခွေးများပါ ကြောက်လန့်တကြား ဟောင်ကြ၏။ ဆွဲဆွဲငင်ငင် အူကြ၏။ ထိုအချိန်တွင် ထွက်ကြည့်လျှင် နီရဲနေသည့် မျက်လုံးများ အစုံလိုက် ရွေ့လျားနေသည်ကို တွေ့မြင်ကြရသည်။

တောခွေးများသည် ကြက်ခြံကို အဓိကထား၍ ချောင်းမြောင်းကြ၏။ တစ်ခါတစ်ရံတွင် ညစဉ် ဆင်းလာတတ်ပြီး တစ်ခါတစ်ရံတွင် တစ်လကျော် နှစ်လနီးပါးခန့်ပင် မလာဘဲ ပျောက်သွားတတ်ကြ၏။

တစ်နေ့တွင် မြင်းမကြီး နှင်းမှူသည် မြင်းထီးကလေး တစ်ကောင် မွေး၏။ နှင်းမှူ၏သား မြင်းထီးကလေးမှာ နှာရောင်ကျားကလေးနှင့်မို့ ချစ်စရာ အလွန်ကောင်းလှ၏။ နှင်းမှူသည် သားကလေး မွေးပြီးချိန်မှစ၍ သူနှင့် သူ့သားကလေးအနားသို့ ကျွန်တော်မှလွဲ၍ မည်သူ့ကိုမှ အကပ်မခံ။ သူ့သားကလေးကိုလည်း သူ့မျက်စိအောက်က အပျောက်မခံဘဲ တကောက်ကောက် နောက်က လိုက်နေ၏။

မြင်းကလေးမှာလည်း ရက်နှစ်ဆယ်သာသာ အရွယ်ရောက်ချိန်တွင် အလွန် အဆော့သန်၏။ စူးစမ်းသည့်သဘောဖြင့် ဟိုဟိုဒီဒီ လျှောက်ကြည့်၏။ ခုန်ပေါက်ပြေးလွှားနေတတ်၏။ ထို့ကြောင့် နှင်းမှူကလည်း စိတ်မချသည့် အမူအရာဖြင့် တဟီးဟီးအသံပြုလျက် နောက်က တကောက်ကောက် လိုက်သွားနေတော့၏။ လူတစ်ယောက်ပင်ဖြစ်စေ၊ ခွေးတစ်ကောင်ပင်ဖြစ်စေ၊ မြင်းပေါက်ကလေးအနားသို့ ကပ်လာလျှင် နှင်းမှူသည် သူ၏သား မြင်းပေါက်ကလေးရှေ့သို့ ထွက်ကာ တိုက်ခိုက်ရန်အတွက် အဆင်သင့်ပြင်ထားတတ်၏။

မိုးတစိမ့်စိမ့် ရွာနေသည်မှာ တစ်ပတ်လောက်ပင် ရှိတော့မည်ထင်၏။ မိုးကလည်း အေးအေးလေးမို့ ကျွန်တော်တို့တစ်ဖွဲ့သားလုံး အဆောင်ထဲတွင် ဝိုင်းဖွဲ့၍ အရက်သောက်နေကြစဉ် ညဆယ်နာရီ အချိန်ခန့်လောက် ခွေးဟောင်သံနှင့် ခွေးအူသံများ ကြားရ၏။ ကျွန်တော်တို့ တစ်ဖွဲ့သားလုံးကလည်း အရှိန်ရနေကြပြီမို့ မည်သူမျှ အပြင်ထွက်၍ မကြည့်ဘဲ စကားစမြည်ပြော၍သာ နေကြ၏။

ခဏအကြာတွင် မြင်းဇောင်းအတွင်းမှ မြင်းများ အလန့်တကြားဖြင့် အော်ဟစ်သံ ကြားရသဖြင့် အားလုံး နားစွင့်ထားကြ၏။ ယခင်ကလည်း

www.burmeseclassic.com

ပေါက်ခွေးများကော်သံကြားလျှင် ယခုလို အလန့်တကြား အော်ဟစ်တတ်ကြသဖြင့် ကျွန်တော်တို့လည်း အေးအေးဆေးဆေးသာ နေခဲ့ကြသည်။ မြင်းများ အော်ဟစ်သံမတိတ်ဘဲ ပိုမိုဆိုးဝါးလာသည့် အချိန်မှသာ တစ်ဖွဲ့လုံး ပြေးထွက်ကြည့်ကြသည်။ မြင်းများအားလုံး မြင်းဇောင်းထောင့်တွင် စုပြုံတိုးဝှေ့ရင်း ကြောက်လန့်တကြား အော်ဟစ်နေကြသည်ကို တွေ့ရသည်။ တစ်ဖန် မြင်းဇောင်း၏အလယ်တွင် တောခွေးအုပ်စုကို နှင်းမှုတစ်ကောင်တည်း ရင်ဆိုင်တိုက်ခိုက်လျက်ရှိသည်ကိုလည်း အံ့ဩသင့်ဖွယ် မြင်လိုက်ရသည်။ နှင်းမှုသည် သူ့သားကလေးအား ခွလျက်ရပ်နေပြီး ကပ်လာသည့် တောခွေးများကို ကိုက်သည်၊ ကန်ထုတ်သည်။ မြင်းကလေးမှာ တောခွေးများ ဝိုင်းကိုက်ခံထားရပုံရှိပြီး မထနိုင်ဘဲ ခွေလျက်တွေ့ရသည်။ ကျွန်တော်တို့ တစ်ဖွဲ့လုံးက မီးတုတ်များဖြင့် ပစ်ပေါက်၍ မောင်းထုတ်မှသာ တောခွေးများ ထွက်ပြေးကြတော့သည်။ အကောင်ရေ ၇၀ ခန့်ရှိလိမ့်မည်ဟု ထင်ရပါသည်။ နှင်းမှု၏ ကံချက်မိပြီး ဆန့်ငင်ဆန့်ငင်ဖြင့် လဲကျနေသည့် တောခွေးခြောက်ကောင်ခန့်ကိုလည်း တွေ့လိုက်ရသည်။

နှင်းမှုသည် သူမောပန်းနေသည်ကို ဂရုမစိုက်နိုင်ဘဲ သားလေး၏ ဒဏ်ရာများအား လျှာဖြင့်လျက်လျက်၊ နှုတ်သီးဖြင့် တွန်းတွန်းပြီး ထခိုင်းနေ၏။ မြင်းကလေးမှာ မထနိုင်တော့ဘဲ ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေတော့သည်။ ကျွန်တော်လည်း မြင်းလေး၏ ဒဏ်ရာများကို ဆေးထည့်ပေးလိုက်သည်။ ထိုညက နှင်းမှု အိပ်စက်ခြင်းမရှိဘဲ တအီးအီး ညည်းညူနေသည့် သားကလေးအား နမ်းရှုံ့လိုက်၊ လျှာဖြင့်လျက်လိုက် လုပ်နေသည်ကို မြင်ရသဖြင့် စိတ်မကောင်း ဖြစ်မိသည်။ နောက်တစ်နေ့ နံနက်တွင် မြင်းကလေးမှာ သေဆုံးသွားပါလေတော့သည်။ ကျွန်တော်လည်း နှင်းမှုအား ချော့မော့၍ ကြိုးချည်ထားပြီး မြင်းအသေကလေးကို ဆွဲထုတ်ကာ မြင်းခြံနှင့် မလှမ်းမကမ်းတွင် မြေမြှုပ်ပေးလိုက်သည်။

ထိုအချိန်မှစ၍ နှင်းမှု၏ အမူအရာများ ကြမ်းတမ်းလာ၏။ နှင်းမှုသည် နောက်တစ်နေ့တွင် ကျွန်တော့်ကိုပင် သူ့နားသို့ အကပ်မခံတော့သည့်အပြင် တစ်နေကုန် အစာမစားဘဲ တဟီးဟီးဖြင့် သားကလေးအား အော်ခေါ်နေတော့သည်။ ဒုတိယမြောက်နေ့ ညဘက်တွင် ပိုဆိုးလာသည်။ အော်ရုံမျှပင်မကဘဲ မြင်းခြံကို ကာရံထားသည့် သစ်သားပြားများအား လှည့်ပတ်ကန်ဖွင့်သည်။ နံနက်လင်းသည့်အချိန်တွင် ကျွန်တော်ကိုယ်တိုင် ခြံတံခါးကို ဖွင့်ပေးလိုက်ရတော့သည်။

အခြားမြင်းများ စားကျက်သို့ ထွက်သွားကြသော်လည်း နှင်းမှုမှာ လိုက်ပါမသွားဘဲ သူမ၏သားကလေး မြှုပ်ထားသည့်နေရာသို့ သွားသည်။ မြင်းကလေး၏ မြေပုံရှေ့တွင် မြေပုံကို တွေတွေကြီး စိုက်ကြည့်လျက် ငြိမ်သက်နေသည်မှာ ဆယ်မိနစ်ခန့် လောက်သာ ကြာမည်ထင် ရသည်။ ထို့နောက် ဗူးစူးဝါးဝါး တစ်ချက်အော်ဟစ်လိုက်ပြီး ဘိုင်းခနဲ လဲကျသွားပါလေတော့သည်။ ကျွန်တော်သွားကြည့်တော့ နှင်းမှုမှာ သေဆုံးနေပြီ ဖြစ်သည်။ နှင်းမှု၏မျက်လုံးထဲမှ မျက်ရည်များကျနေသည်ကိုလည်း အံ့ဩဖွယ်တွေ့မြင်ခဲ့ရသည်မို့ နှင်းမှုသည် တိရစ္ဆာန်ဖြစ်သော်လည်း မိခင်မေတ္တာ ကြီးမားလှသည့်အတွက် သားကလေးသေဆုံးသွားချိန်တွင် သောကမီးများ တောက်လောင်ပြီး ဖြေမဆည်နိုင် ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် သားလေးမြှုပ်ထားသည့် မြေပုံကလေးကို ကြည့်ရင်း နှလုံးစို့၍ သေဆုံးသွားပုံရသည်ဟု ကျွန်တော် မှတ်ချက်ပြုနိုင်ခဲ့ပါတော့သည်။

မေတ္တာတရားသည်ကား လူသားတို့တွင်သာမဟုတ်ဘဲ တိရစ္ဆာန်များတွင်လည်း ရှိတတ်ကြသည်ကို မြင်းမလေး နှင်းမှုက သာဓကပြသွားသဖြင့် ထိုဖြစ်အင်ကို ကျွန်တော့်ဘဝတွင် ဘယ်သောအခါမှ တွေ့နိုင်လိမ့်မည် မဟုတ်သကဲ့သို့ မကြာမကြာလည်း သတိရမြဲ၊ အမှတ်ရမြဲ ရှိနေပါတော့သည်။

နိုင်သျှား(မိုးမိတ်)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# သေမင်းကိုအာခံ ဝေယံကတိုက်ပွဲ

## ( ဖြစ် ရပ် မှန် အ ခန်း ဆ က် ဝ တ္ထု ရှ ည် )

**မိုးကျော့**

**(ယခင်လမှအဆက်)**

ယင်းသို့ ခရီးဆက်ရန် အကျွင်စလို အရေးတကြီး ပြောဆိုဆောင်ရွက်နေကြချိန်တွင် ကိုဘဖြူကြီး ပေါ်လာပြန်သည်။ ကိုဘဖြူက ဗိုလ်ကျော်အေးအနားလာရပ်ပြီး ...

''သွားရမှာပေါ့ဗျာ။ စောပါသေးတယ်။ ရွာထဲက ထမင်းဝင်စားကြဦးမှာပဲ။ ဟင်းတွေချက်ထားတာ အလကား ဖြစ်ကုန်ပါ့မယ်။ အုန်းထမင်းနဲ့ ကြက်သားချက်ထားပါတယ်။ စားသွားကြပါဦး။ ဟိုလှေပို့သမား တစ်ယောက်ကလည်း ထမင်းစားနေသေးလို့ပါ။ ခုနေ ပင်လယ်လှိုင်းလည်း နည်းနည်းထန်နေသေးတယ်။ လှိုင်းငြိမ်မှ ထွက်တာပေါ့။ လာကြပါ၊ စားစေချင်လို့ တကူးတက ချက်ခိုင်းထားတာပါ။ ခင်ဗျားတို့ မစားဘဲထွက်သွားကြတော့ ဟိုရွာကလူတွေ ဘယ်စိတ်ကောင်းပါ့မလဲဗျာ''

**ဟု ကိုဘဖြူက ပြောလာပြန်သည်။**

သူတို့မှာ စိတ်ကလည်းညစ်၊ ခေါင်းကလည်းကိုက်၊ အချိန်ကလည်း မရှိတော့သည့်အထဲ အစစအရာရာ အဆင်မပြေဘဲ စိုးရွံ့စရာ၊ ဒေါသထွက်စရာချည်း ဖြစ်လာရာ ဗိုလ်သိန်းကျော်က ကရင်စကားနှင့် ...

''ဗိုလ်ကျော်အေး ဒီလိုနေလို့ မဖြစ်တော့ဘူးဗျာ ...။ တစ်ကောင်လောက် သတ်ပြလိုက်မှ တို့ကို လိုက်ပို့မယ့်ပုံပေါ်နေပြီ။ ဘဖြူဆိုတဲ့အကောင်ကို ဆော်ထည့်လိုက်မယ်ကွာ''

ဟု ခြောက်လုံးပြူးကို ဆွဲထုတ်တော့သည်။

''ဟေ့လူ ဒုက္ခရောက်နေချိန်မှာ ဒေါသကို ချုပ်တည်းထားစမ်းပါ။ ငါတို့က ခု သူတို့လက်ထဲမှာ။ သူတို့ရွာထဲလဲ လက်နက်ကရှိမှာပဲ။ မင်းသတ်တော့ တစ်ယောက်ပဲ။ ငါတို့သုံးယောက်စလုံး သေပြီး ငွေတွေအားလုံး သူတို့ပစ္စည်း ဖြစ်သွားမှာပေါ့။ ပြီးတော့ ဒီလောက်ခရီးရောက်နေမှ ဆုံးရှုံးသွားရင် တို့အသက်စွန့် လုပ်လာကြတာ အလကားဖြစ်ရောပေါ့ကွ။ သည်းခံရမယ်။ သူတို့ကို ချော့မော့ပြီး တို့က လွတ်မြောက်အောင် ထွက်ပေါက်ရှာတတ်ရမယ်။ စိတ်လိုက်မာန်ပါလုပ်ရင် အသက်ရော၊ ပစ္စည်းတွေရော စွန့်စားခဲ့ကြတာတွေရော ဘာဖြစ်သွားမလဲ။ ငါကြည့်လုပ်ပါ့မယ်ကွာ။ စိတ်ကို ချုပ်တည်းထားစမ်းပါ''

ဗိုလ်သိန်းကျော်ကို ခဏခဏ ချော့မော့ဖျောင်းဖျ သတိပေးနေရ၏။

အမှန်မှာ ဗိုလ်သိန်းကျော်သာ မဟုတ်။ ဗိုလ်ကျော်အေးကလည်း ဘဖြူကို သတ်ပစ်ချင်လောက်အောင် ဒေါသထွက်နေ၏။ ဒေါသဖြစ်လာ

www.burmeseclassic.com

တိုင်း လက်တွေ့ပါ တဆတ်ဆတ် တုန်လာသည်။

သို့သော် ဒေါ်သက်ို အဘတ်နိုင်ဆုံး ချုပ်တည်းထား ကိုဘဖြူစကားကို အလိုက်သင့် လိုက်လျောပြောဆိုသလို လိုနှင့် မိမိလိုရာသက်ကိုသာ မြန်မြန်ကြီး ခရီးအမြန်ထွက်ရေးကို ကြိုးစားအား ထုတ်နေသည်။ ဤသေတ္တာများ အမြန်ဆုံး လှေပေါ်ချပေးရန် အတင်းပြော နေရရင်းကလည်း မထူးတော့သည့် အခြေအနေဖြစ်နေသဖြင့် သုံးယောက်စလုံး လက်ပစ်ဗုံးနှင့် ခြောက်လုံးပြူးကို အသင့်ကိုင်ထားကြရတော့သည်။

ရွာသားအချို့ကိုလည်း ချော့မော့ကာ သေတ္တာများကို ပြန်သယ်ခိုင်းနေရသည်။ ရွာသားအချို့မှာ ဗိုလ်သိန်းကျော်တို့ဘက် ပါနေကြသူများဖြစ်၍ ခိုင်းသလို ပြန်ထမ်းချပေးကြသည်။ လှေနှင့် လိုက်ပို့မည့်သူများကိုလည်း ရအောင်ရှာဖွေခေါ်ပေးကြသည်။

သို့သော် ရောယောင်ပေါ်ကြောင်နှင့် ကိုဘဖြူတို့လူသိုက် ထမ်းချသွားကြသော ငွေသေတ္တာများထဲကို စစ်ကြည့်လိုက်သောအခါ ငွေသေတ္တာသုံးလုံး ပျောက်နေပြန်သည်။ ၎င်းသေတ္တာသုံးလုံးတွင် တစ်လုံးလျှင် ၁၅၀၀ဝ/ ပါသော မတ်စေ့များ ထည့်ထား၏။ သေတ္တာများပေါ်တွင် စာရင်းကတ်ပြားများပါ၍ စောစောကပင် ဗိုလ်ကျော်အေး ရေးကူးမှတ်ထားပြီးသားဖြစ်သည်။ သေတ္တာသုံးလုံးဆိုလျှင် စုစုပေါင်း ၄၅၀၀ဝ ပျောက်နေသည်။

ငွေစက္ကူ သေတ္တာများကမူ လှေပေါ်တွင် စုံစုံလင်လင် ရောက်နေပြီးဖြစ်၍ မတ်စေ့တွင် ၄၅၀၀ဝ ကို ဂရုမစိုက်နိုင်တော့ဘဲ ထားခဲ့ရန်သာ ရှိတော့သည်။ သို့သော် ကိုဘဖြူတို့ ဆက်ဆံလုပ်ကိုင်ပုံကို မကျေနပ်လွန်းသောကြောင့် လှေထွက်ခါနီး၌ ကမ်းနားတွင် လာကြည့်နေကြသော ရွာသားငါးဆယ်ခန့်အား ဗိုလ်ကျော်အေးက

"မန်ကျီးစင်က ရွာသူရွာသား မိတ်ဆွေများခင်ဗျား ... ခင်ဗျားတို့ဟာ ကျွန်တော်တို့ ကျေးဇူးရှင်ကြီးများ ဖြစ်ကြပါတယ်။ အဲဒါကြောင့် မန်ကျီးစင် ရွာသူရွာသားများအတွက် မနက်က ဆုံးဖြတ်ထားခဲ့တဲ့ ငွေ ၃၀၀ဝ/အပြင် ခုတစ်ခါထပ်မံပြီး ငွေအကြွေစေ့ ၄၅၀၀ဝ–ပါတဲ့ သေတ္တာသုံးလုံးကိုလည်း မိတ်ဆွေများအတွက် ပေးထားခဲ့ပါသေးတယ်။ ဟိုမှာရပ်နေတဲ့ ကိုဘဖြူကို ဟုတ်မဟုတ် မေးကြည့်နိုင်ပါတယ်။ အဲဒီငွေ ၄၅၀၀ဝ ကို ကျုပ်တို့ကျေးဇူးရှင် မန်ကျီးစင်ရွာသားများအားလုံး အညီအမျှ ဝေယူကြပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်"

ဟု ကမန်းကတန်းပြောပြီး လှေကို အမြန်ထွက်ခိုင်းရပါတော့သည်။

အမှန်က ထိုငွေအားလုံးမှာ ဆုံးရှုံးသွားပြီဖြစ်သဖြင့် ကိုဘဖြူတစ်ယောက်တည်း အုပ်စိုးမည်ကို သိနေ၍ ကိုဘဖြူနှင့် ရွာသားများကို ရန်တိုက်ပေးထားခြင်း ဖြစ်သည်။

××× ××× ×××

လှေကြီးသည် ပင်လယ်ကမ်းစပ်မှခွာလျက် ဒေါသတကြီးဖြစ်နေသော လှိုင်းလုံးကြီးများပေါ်တွင် နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့်နှင့် ထွက်ခွါလာခဲ့ကြလေပြီ။ တကယ်တော့ သူတို့သုံးယောက်မှာ မနက်က ဝေဟင်လေပြင်ထဲ၌ တိုက်ခိုက်ခဲ့ရသော သေမင်းလက်က လွတ်မြောက်လာကြရပြီ ဖြစ်သော်လည်း ယခုရေပေါ်က လှိုင်းလုံးကြီးများပေါ်တွင် သေမင်းနှင့် တစ်ခါစစ်ခင်းနေကြရပြန်သည်ဟုသာ ဆိုရပေတော့မည်။ ပင်လယ်လှိုင်းလုံးကြီးများ၏ ကိုင်မြှောက်လိုက်၊ ကိုင်ပေါက်ချလိုက်ဒဏ်ကို လူးလိမ့်၍ ခံနေကြရသည်။ သူတို့မှာ မြစ်ဝကျွန်းပေါ်ရှိ ချောင်းမြောင်းလောက်ကိုသာ လှေနှင့်သွားဖူးသူများဖြစ်ကြရာ ယခု ပင်လယ်လှိုင်းလုံးကြီးများနှင့် တွေ့သောအခါ လှိုင်းမူးပြီး အိပ်ချင်စိတ်ပင် ပေါက်လာတော့သည်။ သို့သော် အခြေအနေက မကောင်းသဖြင့် သေနတ်ကို လက်ကမချရဲဘဲ အထူးပင် သတိထားနေကြရ၏။

ထိုသို့ ပင်လယ်လှိုင်းလုံးကြီးများနှင့် စစ်ခင်းခဲ့ကြရပြီး မန်ကျီးစင်ရွာက ထွက်လာကြသည်မှာ နှစ်နာရီခန့် ကြာသွားကြပြီဖြစ်သော်လည်း ခရီးက ဘာမှ မတွင်သေး။ ဖိုးထောင်ရွာဆိုသော ရွာတစ်ရွာကိုသာ အဝေးမှ ညို့ညို့လှမ်းမြင်နေရသည်။ လှေသမားများ၏ မျက်နှာရိပ်အကဲကို ကြည့်ရသည်မှာ သူတို့၏လှုပ်ရှားမှုအားလုံးမှာ မသက်မသာ စရာချည်းဟု ထင်လာရသည်။

ရွာမှာရှိစဉ်ကပင် သူတို့အား မသင်္ကာဖြစ်ကာ ကိုဘဖြူ ထည့်ပေးလိုက်သော လူတွေမှန်း ရိပ်မိလာသည်။ သို့သော် ဗိုလ်ကျော်အေးတို့မှာ ယခုမှတော့ မထူးတော့ပြီ။ နောက်တစ်နေ့ မိုးလင်းမှ ရောက်လျှင်လည်း ရောက်တော့၊ ဤလူများနှင့်ပင် စခန်းသွားနေကြရသည်။

လှေသမားများသည် ခပ်တက်



www.burmeseclassic.com

www.burmeseclassic.com

များကို ဟန်ပြလောက်သာ ခတ်နေကြ၏။ လမ်းကိုလည်း ဟိုကွေ့သည်ကွေ့နှင့် လုပ်နေကြသည်ကို သတိထားလာရသည်။ ဗိုလ်ကျော်အေးတို့မှာ မြစ်ဝကျွန်းပေါ်၌လည်း လှေနှင့် သွားလာနေကြမှ ရိပ်မိလာသည်။ အခြေအနေမှာ စိုးရိမ်စရာ ဖြစ်လာ၏။ သူတို့သုံးယောက်မှာ အမြဲသတိထားဖို့ လက်နက်များ အသင့်ရှိနေဖို့ ကရင်စကားနှင့် ခပ်တိုးတိုး တစ်ယောက်ကိုတစ်ယောက် အမြဲသတိပေးလာကြ၏။ လှိုင်းမူး၍ ရင်ထဲမှာ တလှပ်လှပ်ဖြစ်နေသည့်ကြားက လှေသမားတို့၏ မျက်ရိပ်မျက်ကဲကို အမြဲသတိထားနေရသည်။

လေယာဉ်ကွင်း ရှာမတွေ့သည်ကာစ၍ ယခုထိ အခြေအနေကမကောင်းသေး။ သေမလား၊ ရှင်မလား တွေးနေကြရတုန်း။ သို့သော် သူတို့သုံးယောက်မှာ သေမထူး၊ နေမထူးသူများ ဖြစ်ကြသဖြင့် လှေသမားများက သူတို့ကိုတော့ အာခံရဲကြမည် မဟုတ်ဟု ယုံကြည်ထားကြသည်။ သို့သော် သူတို့တွင် လှေပေါ်၌ ကြိုတင်ကြံစည်ထားသော လက်နက်တစ်စုံတစ်ရာ မပါဟုလည်း မပြောနိုင်။ လှေကလည်း ကြီးကြီး။ သူတို့က လူခြောက်ယောက်။ ဗိုလ်သိန်းကျော်တို့က သုံးယောက်တည်း။

တစ်ခုတော့ ရှိသည်။ ရွာက ထွက်ခွာလာနိုင်သည်ကိုတော့ ကျေးဇူးတင်ရမည်။ ရွာမှာဆိုလျှင် သူတို့လူတွေက အများကြီး။ တစ်ခုခုပြဿနာဖြစ်ခဲ့လျှင် သူတို့လုပ်တိုင်း ခံကြရမည်။ အသက်စွန့်၍ သူသေကိုယ်သေ တိုက်ခိုက်ကြလျှင်လည်း သူတို့လည်း သေမည်။ မိမိတို့လည်း သေမည်။ ပစ္စည်းတွေလည်း ဆုံးရှုံးမည်။ ယခုထိလည်း လှေပေါ်၌ သူတို့ကို စိတ်မချရသေး။ သူတို့က ဘယ်ကိုပို့၍ ဘယ်ကိုရောက်ရမည် မသိသေး။ အရာရာတိုင်းကို မိမိတို့စေခိုင်းသလို လုပ်ချင်မှ လုပ်ကြမည်။ ခိုင်းလိုက်လျှင်လည်း ဆင်ခြေဆင်လက်တွေနှင့် ပြန်ပြီးအကြောင်းပြတတ်ကြ၏။ မိမိတို့မှာ ဤလမ်း ဤခရီးကို သွားဖူးသူများ မဟုတ်ကြသဖြင့် အားလုံး သူတို့သဘောချည်းဖြစ်နေရတော့သည်။

နေလုံးနီနီရဲရဲက အနောက်ဘက် ပင်လယ်ရေပြင်ထဲကို ငုပ်လျှိုးစပြုနေပြီ။ ကမ်းစပ်ရှိ သစ်တောများကို အမှောင်ရိပ်က ယှက်သန်းစပြုလာမည်။ ၆ နာရီကျော်သွားပြီ ဖြစ်သော်လည်း လှေကြီးမှာ အိမ့်အိမ့်နှင့် [illegible]လာခဲ့ကြရာ ထန်းပင်ကလေး [illegible] ခေါက်နေသော ရွာပျက်ကလေးတစ်ခုကို ကမ်းပေါ်တွင် လှမ်းမြင်ရသည်။ တိုနေရာနား၌ တဲကလေး နှစ်လုံးသုံးလုံးကိုလည်း မြင်လာရ၏။ ထိုနေရာနားကိုရောက်သည်နှင့်

"ကဲ ... ကျုပ်တို့ ရှေ့သွားဖို့ အချိန်မရှိတော့ဘူး။ ဒီတော့ ရှေ့မှာ စခန်းမရှိ၊ ဘာမရှိနဲ့ ညမှောင်လာရင် တည်းခိုစရာက ပိုခက်လိမ့်မယ်။ ဒီတော့ ဒီရွာကလေးမှာ ခုညအိပ်ပြီး မနက်မှ ဆက်သွားကြစို့ဗျို့"

ဟု ပဲ့ကိုင်ဖြစ်သူက အားလုံးကို ပြောလာသည်။

ထိုအခါ ဗိုလ်ကျော်အေးက ...

"သိပ်မဝေးတော့ဘူး မဟုတ်လား ဆရာကြီး။ သိပ်မဝေးတော့ဘူး ဆိုရင်လည်း ဆက်သွားကြရအောင်ဗျာ။ နောက်ဘယ်နှနာရီလောက် သွားရမှာမို့လဲ"

"အကြာကြီး သွားကြရဦးမှာဗျ။ တစ်ညလုံးသွားကြတောင် မိုးလင်းပိုင်းမှ ရောက်မယ်။ ကျုပ်တို့လည်း ထမင်းဆာလှပြီ။ ခင်ဗျားတို့လည်း ဆာမှာပဲ။ ဒီရွာမှာဆို အားလုံး အဆင်ပြေတယ်။ ဘာမှမပူရဘူး"

သူက ထိုသို့ပြောပြီး လှေဦးကို လှည့်လိုက်ရာ တက်ခတ်သမားများမှာလည်း ဗိုလ်ကျော်အေးတို့ နောက်ထပ်ပြောလာမည့် စကားကိုပင် အရေးမစိုက်ကြတော့ဘဲ လှေကြီးကို ကမ်းစပ်သို့ ကပ်လာကြသည်။ ဗိုလ်ကျော်အေးတို့မှာ ဘာမှမတတ်နိုင်တော့။ သူတို့ ဘာလုပ်ကြမည်နည်း ဆိုသည်ကို စောင့်ကြည့်ကြရုံသာ။

ကမ်းနားမှာ လှေဆိုက်လိုက်သည်နှင့် ပဲ့ကိုင်ကြီးက ...

"ကဲ ... အားလုံး ကမ်းပေါ်တက်ကြပါဗျို့။ ဒီရွာကလေးမှာပဲ စားသောက်ပြီး တစ်ည အိပ်ကြတာပေါ့။ ကဲ့ ... ဗိုလ်ကြီးတို့လည်းတက်ကြပါ"

သူက ရွာကလေးဟု ဆိုသော်လည်း တဲနှစ်လုံးကိုသာ မြင်ရသည်။ ကမ်းနားမှာ ကူးတို့တဲကလေး တစ်လုံးရှိသဖြင့် ဗိုလ်ကျော်အေးက ...

"ဆရာကြီး၊ ကျုပ်တို့တော့ ရွာမှာ တက်မအိပ်တော့ဘူး။ ဟိုတဲလေးမှာပဲဖြစ်ဖြစ် အိပ်လို့ရပါတယ်။ ပစ္စည်းတွေကိုလည်း အစောင့်သဘောမျိုးဖြစ်တာပေါ့နော်"

ဟု ပြောလိုက်ရာ ပဲ့ကိုင်ကြီးမှာ ဘာမှမပြောတော့ဘဲ တဲနှစ်လုံးရှိရာဘက် ထွက်သွားသည်။ လှေသမားတစ်ယောက်ကမူ ...



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့ ထမင်းဆာလှပြီ။ မြန်မြန် ရှိတာနဲ့ပဲ ချက်ခိုင်းလိုက်ပါ''

ဟု ပွဲကိုင်ကြီးကို လှမ်းအော်ပြောသည်။

လှေသမားများမှာ ဗုရုံးစုရုံးနှင့် အပေါ်တက်လိုက်၊ အောက်ဆင်းလိုက် တီးတိုးတီးတိုးနှင့် တိုင်ပင်လိုက်၊ ကူခြွ မရဖြစ်ကာ ထူးဆန်းနေသော အမူအရာများကို တွေ့လာရ၏။ အချိန်ကလည်း တဖြည်းဖြည်းနှင့် ပို၍မှောင်လာသည်။ ညဉ့်က နက်သထက် နက်လာပြီ။ ပင်လယ်ကမ်းစပ်ကို လှိုင်းပုတ်နေသံကလွဲပြီး ဘာသံမှ မကြားရ။ လှေသမားများမှာလည်း အသီးသီး ပျောက်ကုန်ကြသည်။ လှေကြီးနှင့် ကမ်းစပ်တွင် မည်သူမျှ မရှိကြတော့။

ဗိုလ်သိန်းကျော်တို့မှာ အထူးသတိထားကာ လှေကြီးပေါ်မှာ မနေကြတော့ဘဲ ကူးတို့လှေငယ်ပေါ် တက်နေကြသည်။ ပေါ့ပေါ့ဆဆ မနေဘဲ အထူးသတိထားနေဖို့၊ မအိပ်ဖို့၊ လူချင်းမခွဲဖို့ တိုင်ပင်ထားကြရ၏။ လှေကြီးပေါ်ကို ပြန်မဆင်းကြဘဲ ကူးတို့လှေပေါ်ကသာ အခြေအနေကို အကဲခတ်နေကြရ၏။ အရေးကြုံလာလျှင် ပစ္စည်းသည် အသက်လောက် အဖိုးမတန်။ ငွေစက္ကူသေတ္တာတွေကို ထားပစ်ခဲ့ကြပြီး အသက်လွတ်အောင် ရှောင်ပြေးကြရန် အရေးကြီးကြောင်းကိုလည်း သုံးယောက်သား တိုင်ပင်ထားကြသည်။ ထိုအချိန်မှာ လှေသမားများက မကြာမကြာ ထမင်းလာစားကြရန် ခေါ်နေကြသဖြင့် ဗိုလ်သိန်းကျော်နှင့် ဗိုလ်ကျော်အေးတို့သည် စောအငြိမ်းကို အစောင့်ထားခဲ့ကာ ရွာ၏အခြေအနေကိုလည်း လေ့လာလို၍ ခါးကြားထဲတွင် ခြောက်လုံးပြူးထိုးပြီး လိုက်သွားကြသည်။ တဲတစ်လုံးတွင် လှေသမားအချို့နှင့် ရွာသားများဟု ထင်ရသော လူခုနစ်ယောက်ခန့်ကို တွေ့ရသည်။ သူတို့သည် အရက်ဝိုင်းဖွဲ့နေကြ၏။

သူတို့ထိုင်လိုက်ကြ၍ မကြာခင်မှာပင် ကောက်ညှင်းပေါင်း ပူပူနွေးနွေးနှင့် အုန်းသီးခြစ်များ၊ ငါးကြော်များ၊ အရက်များကို လာချပေးကြသည်။ ဗိုလ်သိန်းကျော်တို့မှာ ဆာဆာလောင်လောင် ရှိနေကြသည်နှင့် ဟန်ဆောင်ပန်ဆောင်ပင် မနေနိုင်ကြတော့ဘဲ ဘာပဲဖြစ်ဖြစ်ဟု အောက်မေ့ကာ ကောက်ညှင်းပေါင်း ပူပူနွေးနွေးနှင့် ငါးကြော်များကို တဝကြီးစားပစ်လိုက်ကြသည်။ စား၍လည်း အလွန်ကောင်း၏။ ဗိုလ်သိန်းကျော်ကမူ အရက်ပါ သောက်လိုက်သေးသည်။ ထိုသို့ စားသောက်နေရင်းက လူတွေကိုတော့ အကဲခတ်နေရသည်။ တဲပေါ်ကလူအချို့ အိမ်နောက်ဘက် ထွက်သွားလိုက်၊ အချို့ ပြန်ဝင်လာလိုက် လုပ်နေကြသည့်အပြင်၊ စောစောကလူများအပြင် နောက်ထပ် မျက်နှာစိမ်း နှစ်ယောက်သုံးယောက် ထပ်တိုးလာသည်ကိုလည်း သတိပြုမိကြသည်။

နောက်ဘက်ကို နားစွင့်မိသောအခါ တီးတိုးတီးတိုး စကားပြောနေကြသံများကို ကြားရသည်။ အခြေအနေက တစ်ခုခုတော့ ကြံစည်နေကြလေသလားဟု စိတ်မလုံကြတော့သဖြင့် စောအငြိမ်းအတွက် ကောက်ညှင်းပေါင်းနှင့် ငါးကြော်ကို ရေနယ်လုံးခဲ၍ တဲပေါ်က ခပ်သုတ်သုတ် ပြန်ဆင်းလာကြသည်။ တဲလေးကိုရောက်သောအခါ စောအငြိမ်းကို မတွေ့ရတော့။ နှစ်ယောက်သားမှာ ချက်ချင်း ရင်ထိတ်သွားကြ၏။ ကမန်းကတန်း လှေပေါ်ဆင်းကြည့်ကြရာ စောအငြိမ်း လှေပေါ်တက်အိပ်နေသည်ကို တွေ့ကြရတော့မှ ရင်ထဲက အလုံးကြီး ကျသွားသည်။

"ဟေ့ကောင်၊ ဟေ့ကောင် ဒီမှာ အိပ်နေလို့ မဖြစ်ဘူး။ အခြေအနေက မကောင်းဘူးကွ။ တဲပေါ် ပြန်တက်အိပ်နေ''

ဟု ဗိုလ်ကျော်အေး အတင်းနှိုးပြောသည်ကို စောအငြိမ်းက ...

"ဟာ ... အပေါ်မှာ သိပ်ခြင်ကိုက်တယ်ဗျာ။ ရေထဲမှာက လေတိုက်တော့ ခြင်မကိုက်ဘူး။ ဒီမှာပဲ အိပ်မယ်''

"ဟေ့ကောင် သောက်ရေးထဲမှာ မင်းက ခြင်ကိုက်တာတွေ၊ အိပ်ချင်တာတွေ ပြောမနေနဲ့။ အခြေအနေက မကောင်းပါဘူးဆို။ မင်းမသာဖြစ်မှာစိုးလို့ ပြောနေတာ။ သောက်စကားရှည်မနေနဲ့။ ထစမ်း၊ လာ အပေါ်တက်ခဲ့။ မင်းအတွက် ဒီမှာ ကောက်ညှင်းပေါင်းနဲ့ ငါးကြော်လည်း ပါလာတယ်''

စိတ်တိုတတ်သော ဗိုလ်သိန်းကျော်က စောအငြိမ်းအား အတင်းလှေပေါ်က ဆွဲချခေါ်လာရသည်။ အကာလည်းကြီးမှာ တိတ်ဆိတ်၍ ညဉ့် နှစ်ချက်တီးကျော်ခန့် ရှိသွားလေပြီ။

××× ××× ×××

နံနက် ၃ နာရီခွဲလေပြီ။ လှေသမားတွေလည်း တစ်ယောက်မှ လှေကြီးပေါ် ပြန်လာကြသည်ကို မမြင်ရ

www.burmeseclassic.com

သေး။ ဗိုလ်သိန်းကျော်တို့မှာ လုံးဝ မအိပ်ဘဲ သတိထားနေနေကြရ၏။ အိပ်ချင်လွန်းမက အိပ်ချင်လာသဖြင့် တစ်ယောက်တစ်လှည့်စီ တိုင်ပင်ပြီး ခဏမှေးကြသည်။

ထိုသို့နေကြရင်းက ဗိုလ်ကျော်အေး သတိတစ်ခုရသည်။ သူတို့ကူးတို့တဲပေါ်မှာပဲ ပစ္စည်းစောင့်ရင်း အိပ်မည်ဟု လှေသမားတွေကို ပြောမိလိုက်သည်။ ယ ခုထိ လှေသမားတွေက တစ်ယောက်မှ လှေကြီးပေါ် ဆင်းမလာကြခြင်းမှာ အကြံအစည်တစ်ခုခုများ ကြံစည်နေကြလေသလားဟု ထင်စရာ ဖြစ်လာသည်။ အမှန်တကယ်သာ သူတို့သဘော ရိုးဖြောင့်ကြလျှင် အရုဏ်တက်သည်နှင့် လှေထွက်ပြီး ခရီးသွားနိုင်ရန် ယခုကပင် ပြင်ဆင်ထားကြသင့်၏။ ယခုကား လှေသမားဆို၍ မည်သူတစ်ဦးတစ်ယောက်မှ ပေါ်မလာ။

ဤသည်ကို စိတ်ထဲ မသင်္ကာဖြစ်လာကြသဖြင့် တဲပေါ်တွင် နေ၍မဖြစ်တော့ကြောင်း သိလာကြသည်။ ထို့ကြောင့် သဲသောင်ပြင်တွင် ဟိုနားသည်နား အိပ်ချင်ပြေလျှောက်ရင်း သူတို့၏အခြေအနေကို အကဲခတ်နေကြရသည်။ ထိုအချိန်တွင် စောအငြိမ်း ရေစပ်သို့ ဆင်းသွားသည်ကို တွေ့ရသဖြင့် ဗိုလ်သိန်းကျော်က အသံအုပ်အုပ်နှင့် ...

"ဟေ့ကောင် ဘယ်လဲ"

ဟု လှမ်းမေးလိုက်၏။

"မျက်နှာ သွားသစ်မလို့"

ဟု ပြောသဖြင့် ဗိုလ်သိန်းကျော်က နောက်ထပ်မမေးတော့။

စောအငြိမ်း ရေစပ်ဆင်းသွားသည်မှာ တစ်အောင့်လောက်ပင် ကြာနေသဖြင့် ဗိုလ်သိန်းကျော်က "ဒီကောင် ဘယ်သဝေထိုးနေပြန်လဲ မသိဘူး"ဟု ညည်းလိုက်ရာ ဗိုလ်ကျော်အေးက မနေသာဘဲ သွားကြည့်ရသည်။ ရှေ့၌လည်းကောင်း၊ နောက်၌လည်းကောင်း မည်သို့သောအန္တရာယ်ကိုတွေ့တွေ့ ပျော်ပျော်ကြီး သေလိုက်မည်ဆိုသော ဘသားချောစောအငြိမ်းကား လှေထဲပြန်ရောက်ပြီး လှေပေါ်၌ပင် အိပ်နေသည်ကို တွေ့ရသည်။

"ဟေ့ကောင်"

ဟူသော ဗိုလ်ကျော်အေးစကားမဆုံးမီပင် စောအငြိမ်းက ...

"ခဏခါးဆန့်ပါရစေဗျာ၊ မအိပ်ပါဘူး"

ဟု ဆိုသဖြင့် ဗိုလ်သိန်းကျော်လိုလှေပေါ်က ဆွဲမချတော့ဘဲ ဗိုလ်ကျော်အေး ပြန်လာ၏။

"ဘယ့်နှယ်လဲ"

ဟု ဗိုလ်သိန်းကျော်က လှမ်းမေးရာ ...

"မအိပ်ပါဘူး။ ခဏခါးဆန့်မယ် ပြောတယ်ကွာ။ နေပါစေ။ မအိပ်ရင်ပြီးရော"

ဟု ပြောလိုက်ရသည်။

ဗိုလ်ကျော်အေးနှင့် ဗိုလ်သိန်းကျော်တို့သည် အခြေအနေကို အကဲခတ်ကြည့်ရင်း သဲသောင်ပေါ်တွင် တိတ်တိတ်ဆိတ်ဆိတ် လမ်းလျှောက်နေကြရာ အရှေ့မိုးကောင်းကင်စွန်း၌ ဝါကျင့်ကျင့်အရောင်များကို မြင်လာရသည်။ အရုဏ်ကျင်းလေပြီ။ လက်ကနာရီကို ကြည့်လိုက်ရာ ၅ နာရီထိုးရန် ၁၃ မိနစ်သာ လိုတော့သည်။

ထိုအချိန်ထိ သူတို့ပတ်ဝန်းကျင်မှာ တစ်စုံတစ်ရာ ထူးခြားမှု ဖြစ်မလာသေးသဖြင့် ဗိုလ်သိန်းကျော်နှင့် ဗိုလ်ကျော်အေးတို့သည် တဲလေးပေါ် ပြန်တက်ထိုင်နေကြ၏။ မိုးလင်းခါနီးပြီဖြစ်သဖြင့် နောက်တစ်အောင့်လောက်ကြာမှ လှေသမားတွေ ရောက်မလာလျှင် တက်ရှာခေါ်ကြရမည်။ တက်ရှာ၍ မတွေ့ဘဲ သူတို့ပြေးလစ်ကုန်ကြပြီဆိုလျှင် အခြေအနေမှာ ပိုဆိုးသွားနိုင်သည်။ မတတ်သာလျှင် ပစ္စည်းတွေထားခဲ့ပြီး မိုးလင်းသည်နှင့် လာရာလမ်း မှန်းဆကာ စခန်းကိုသာ ပြန်ကြရလိမ့်မည်။ တစ်နေ့လုံး မေးစမ်းလျှောက်သွားလျှင်တော့ ကရင်ရွာ ဖိုးလောင်းကို ရောက်မည်။ ဤမှာဆက်နေ၍ ဘယ်လိုမှမဖြစ်ဟု ဗိုလ်သိန်းကျော်နှင့် ဗိုလ်ကျော်အေးတို့ တိုင်ပင်နေကြသော လင်းလုလုမှာပင် ဖြုန်းခနဲ သေနတ်သံများ ဟိန်း၍ ထွက်လာတော့သည်။

"ဒိုင်း"

"ဒက် ... ဒက် ... ဒက်ဒက်"

သေမင်းတမန် ကျည်ဆန်များသည် သူတို့နှစ်ယောက် ရောက်နေကြသော ကူးတို့တဲဆီ ပလူပျံ ရောက်လာကြတော့သည်။ သူတို့ ညဦးက အိပ်မည်ဟု ပြောမိလိုက်သော ကူးတို့တဲကို မဲပစ်နေကြသည်မှာ သေချာသည်။ ထိုအထဲတွင် လှေပေါ်ကိုလည်း စတင်း ဂန်းနှင့် အဆက်မပြတ် တွဲလိုက်ပစ်နေကြသည်။ ကျည်ဆန်များမှာ ပြောင်းဖူးပေါက်ပေါက် လှော်ဖောက်နေသလို တဲထရံပေါ် တဖောက်ဖောက် လာထိမှန်နေသံက ဆူညံနေသည်။ ထိုတင်မက ဗိုလ်သိန်းကျော်နှင့် ဗိုလ်ကျော်အေးတို့ ဆွဲချိတ်ထားကြသော ...



www.burmeseclassic.com

www.burmeseclassic.com

ပေါ်က အဝတ်ထုပ်အိတ်တွေကိုပါ တဖောက်ဖောက် လာထိမှန်နေသည်။

နှစ်ယောက်သားမှာ တဲပေါ်က ချက်ချင်းခုန်ချပြီး မြေကြီးပေါ်တွင် ခဏပြားပြားဝပ်ကာ နှစ်ချက်သုံးချက်ခန့် ပြန်ပစ်လိုက်ကြသည်။ ထိုအချိန်မှာပင် မိုးသီးမိုးပေါက် ပစ်လိုက်ကြသော သေနတ်သံများကြားထဲက ဆဲဆိုအော်ဟစ်လိုက်လာကြသော လူအသံများကို ကြားလာရသည်။

"ဗိုင်းဟ။ ဗိုင်းကြကွ။ မလွတ်စေနဲ့။ ဟေး ... ခွေးမသား ဓားပြကြီးတွေ မင်းတို့ လက်မမြှောက်ကြဘူးလား။ အကုန်မသာ ဖြစ်ချင်လို့လား။ မအေရိုး၊ နှမရိုးတွေ မသေချင်ရင် လက်မြှောက်ကြစမ်း"

သူတို့နှစ်ယောက် တစ်ချက်နှစ်ချက် လှမ်းပစ်လိုက်ကြသော အသံကို ကြားကြ၍ လက်မြှောက်ရန် အော်ပြောလာကြပြန်သည်။

သေနတ်သံနှင့် လူသံတွေမှာ ပို၍ပို၍ နီးလာသည်။ နှစ်ယောက်သားမှာ တဲပေါ်ရှိ မိမိပစ္စည်းကိုပင် ပြန်တက်မယူနိုင်ကြတော့ဘဲ ကိုယ်လွတ်ရုန်းကာ အတင်းဆုတ်ပြေးကြရတော့သည်။ နှစ်ယောက်သား၏ လွတ်ရာလွတ်ကြောင်းမှာ ပင်လယ်ကမ်းစပ်မဟုတ်။ ကမ်းပေါ်ရှိ သစ်တောသာဖြစ်သဖြင့် နှစ်ယောက်သား သစ်တောထဲဝင်ပြေးကြရတော့သည်။

ပင်လယ်ကမ်းစပ်တွင် ရန်သူပြေးနိုင်၊ ပုန်းနိုင်သောနေရာမှာ သဲသောင် မဟုတ်။ ကမ်းပေါ်ရှိ သစ်တောဆိုသည်ကို သူတို့ကလည်း သိသဖြင့် ပစ်ခတ်လိုက်လာကြသည်။ ဗိုလ်ကျော်အေးနှင့် ဗိုလ်သိန်းကျော်တို့မှာလည်း ရဲဘော်ရဲဘက် သေဖော်သေဖက် စောအငြိမ်းကိုပင် သတိမရနိုင်ခဲ့ကြဘဲ ခွေးပြေးဝက်ပြေး ပြေးကြရသည်။ အသက်လုပြေးကြရသဖြင့် သစ်ငုတ်သင်ဖြူးဆူးက မွှေ့ရာဆိုသလို တစ်ကိုယ်လုံးတွင် ဆူးခြစ်တာလောက်ကိုလည်း သတိမရနိုင်။ တစ်ပြေးတည်းပြေးကြရင်း တောင်မင်းမြောက်မင်း မကာယ်နိုင်ဖြစ်ကာ တစ်နေရာတွင် လူချင်းကွဲသွားကြသည်။ ထိုအချိန်အထိ နောက်က ဆဲဆိုလိုက်လာကြသံနှင့် သူတို့ထင်ရာ မြင်ရာကို တဖြောက်ဖြောက် တဒိုင်းဒိုင်း ပစ်ခတ်လိုက်လာနေကြသံကို ကြားနေရသည်။

မပြေးနိုင်၍လည်း မရ။ သည်အချိန်မှာ "နောက်ကျသောခြေထောက် သစ္စာဖောက်"ဟူသကဲ့သို့ အတင်းသာ ပြေးရတော့၏။ တစ်နေရာအရောက်တွင် သစ်ငုတ်နှင့် တိုက်မိကာ ဟပ်ထိုးလဲကျသွားသည်။ ဗိုလ်သိန်းကျော် ပြန်ထ၏။ ထ၍မရတော့။ ခြေထောက်တစ်ဖက်လုံး ကျင်သွားကာ တဆတ်ဆတ်တုန်နေသည်။ မောလိုက်သည်မှာလည်း ဟောဟဲဆိုက်နေပြီ။ ထိုအချိန်ထိ နောက်က လိုက်လာသော ရန်သူများ၏ အသံကိုလည်း ကြားနေရသည်။ သေနတ်သံကတော့ တိတ်သွားပြီ။

မထူးတော့ဘူးဟု စိတ်ကိုဆုံးဖြတ်လိုက်ကာ တစ်ယောက်ဖက်နီးပါးရှိသော သစ်ငုတ်ကြီးတစ်ငုတ်နားကို ခြေတစ်ဖက် တရွတ်တိုက်နှင့် ပြေးကပ်လိုက်သည်။ ငါ့အတွက် ဤနေ့သည် နောက်ဆုံးအသက်ရှင်ခြင်းပဲဟုလည်း တွေးလိုက်သည်။ သို့သော် အသားလွတ်ကြီးတော့ ငါအသေမခံဘူး။ ငါတစ်ကောင်သေရင် မင်းတို့ဆယ်ကောင် သေရမယ်ကွဟု စိတ်ထဲက ကြုံးဝါးလိုက်ကာ လက်ပစ်ဗုံးကို ပင်ဖြုတ်ပြီး ခြောက်လုံးပြူးကိုလည်း ဘစ်ဖက်က ကိုင်ထားသည်။

လူ့စိတ်ဆိုသည်မှာ အတော်ခက်သည်။ ဗိုလ်သိန်းကျော် လေယာဉ်ပျံ ဒါကိုတာကြီးပေါ်မှာလည်း ခရီးသည်များဆီ စေ့စေ့ကြည့်ပြီး ထိုသို့နေခဲ့ရသည်ကို သွားသတိရမိသည်။ သို့သော် ယခုမူ လေယာဉ်ခရီးသည်များ မဟုတ်။ လေယာဉ်ခရီးသည်များမှာ သူတို့ကိုကြောက်၍ မလှုပ်မယှက်ဝံ့ဘဲ နေခဲ့ကြသည်။ ယခုမူ ဆဲဆိုကာ မကြောက်မရွံ့ ရန်သူတွေက သူ့အနားထိ ရောက်လာကြပြီ။

"မင်းတို့ထက် ငါက ဆယ်ဆ သေရဲတယ်။ လာခဲ့ကြစမ်း။ တစ်သက်နဲ့ ဆယ်သက် လဲကြမယ်၊ လာခဲ့ကြ"

စိတ်ထဲက ဒေါသနှင့် ကြိမ်းဝါးကာ ရန်သူနီးလာသော အသံကို နားစွင့်ရင်း တောထဲက သားရဲကြီးတစ်ကောင်လို ဗိုလ်သိန်းကျော် စိုက်ကြည့်နေသည်။ အသံကတော့ လုံးဝမထွက်ဝံ့။

"မအေရိုးတွေ။ ပြေးပြီကွ။ လွတ်သွားတာ နာတာပဲဟေ့။ ဒီကောင်တွေ အကုန်သေသွားမှ ဇာတ်လမ်းကအေးမှာ။ နို့မို့ ဒီ ..."

"မလွတ်နိုင်ပါဘူးကွာ။ တို့ဒီလောက်ဝိုင်းပစ်တာ သေမှာပါပဲ။ ချုံတောက သိပ်ထူနေလို့ ရှာမတွေ့သေးတာပါ။ တစ်နေရာရာမှာတော့ သေနေမှာပဲ"

"ဟုတ်တယ်ကွ။ ငါပစ်လိုက်တဲ့ကောင်ကတော့ ထိတာသေချာတယ်။ ထိုးလဲကျသွားတာပဲ။ သေကိုသေ[illegible]။



www.burmeseclassic.com

www.burmeseclassic.com

သေသေချာချာ ရှာကြပေါ့။ ဒီကောင်တွေ အလောင်းပေါ်က နာရီတွေ၊ ဒေသနတ်တွေလည်း ရဦးမယ်ကွ။ ရှာကြ ••• ရှာကြ''

"မိုးလင်းမှပြန်ရှာကြရင် ကောင်းမယ်ထင်တယ်''

"ဟော့ကောင်တွေ •••တို့က ဒီမှာရှာနေကြတုန်း ဟိုကောင်တွေက ပင်လယ်ကမ်းစပ်မှာ ပြည့်တော်သာနေကြပြီနဲ့ တူတယ်ဟ။ ခုလောက်ဆို ငွေသေတ္တာတွေတောင် ဖွင့်ကုန်ကြပြီလား မသိ •••''

"ဟာ ••••ဟုတ်တယ်ကွ။ သောက်ကျိုးနည်းမှပဲ''

"အေး •••ဟုတ်တယ်ဟ။ လာဟေ့ •••လာကြ။ အဲဒီကို မြန်မြန်လိုက်ကြမှ။ ဒီကောင်တွေ ကလိမ်ကကျစ်တွေ။ အမြီးရအမြီးစား၊ ခေါင်းရခေါင်းစားတဲ့ အကောင်တွေ။ ငါတို့ကတော့ အသက်စွန့်ပြီး ဒီမှာ လိုက်ရှာနေလို့ မဖြစ်ဘူးဟ။ မြန်မြန်လာကြ။ မြန်မြန်''

ဗိုလ်သိန်းကျော်အနား ဆဲဆိုပြီး ရောက်လာကြသော လူငါးယောက်သည် ငွေသေတ္တာကို သတိရကြကာ လက်လွတ်သွားမှာစိုးသဖြင့် ချက်ချင်း နောက်ပြန်ပြေးလိုက်သွားကြသည်။

အံ့ကြိတ်ကာ အသက်ပင် ပြင်းပြင်းမရှူရဲဘဲ လက်ပစ်ဗုံး ပင်ကိုဖြုတ်ပြီး ဆယ်သက်တစ်သက်လဲရန် ရင်တထိတ်ထိတ်နှင့် စောင့်နေရသော ဗိုလ်သိန်းကျော်မှာ ယခုမှ သက်မချနိုင်တော့သည်။ သို့သော် မိုးလင်းသည်နှင့် လာရှာရန် ပြောသွားကြသဖြင့် ဤနေရာတွင် ဆက်ပုန်းနေ၍ မဖြစ်တော့သဖြင့် ကုန်းထလိုက်သည်။ စောစောက ဘယ်လိုဖြစ်သွားမှန်းမသိဘဲ လှမ်းမရဖြစ်သွားသော ခြေတစ်ဖက်မှာ ယခုတော့ ခလုတ်တိုက်မိရာက နည်းနည်းသာနာပြီး အကောင်းပကတိပင်။ အမှန်ကတော့ ရုတ်တရက် ပြေးလာပြီး တအားခလုတ်တိုက်မိသော ခြေထောက်မှာ ရုတ်တရက် ကျင်ထုံသွားခြင်းသာ။

ဗိုလ်သိန်းကျော်မှာ ဘုရားသခင်ကိုတ,ကာ ဟိုကြည့်သည်ကြည့်နှင့် ဖြည်းဖြည်းချင်း တစ်လှမ်းနှစ်လှမ်းလှမ်းလိုက်တော့မှ လက်မောင်းနှစ်ဖက်နှင့် နံစောင်းတွင် စူးနေသော နဘက်ဆူးနှင့် ကြိမ်ဆူးများက နာလာသဖြင့် ခဏရပ်ပြီး ဆူးတွေကို နုတ်ရသေးသည်။ မိုးကမူ စင်စင်မလင်းတတ်သေး။ မိုးမလင်းသေးသည်ကပင် သူ့အတွက်တော့ ကောင်းနေသလိုပင်။ လင်းလင်းထင်းထင်းဆိုလျှင် သူ့အတွက် အန္တရာယ်များကောင်းများမည်။

ဘယ်ကိုရောက်၍ ဘယ်လိုလျှောက်ရမှန်း အတပ်မသိသော်လည်း ငွေသေတ္တာများရှိရာ၊ ရန်သူများရှိရာကို မှန်း၍ ထိုနေရာတွေနှင့် ဝေးနိုင်သမျှ ဝေးရာကို မှန်းဆ၍ လျှောက်လာရသည်။ ကြောက်ကြောက်နှင့် သစ်တောကြီးထဲ မည်ရွေ့မည်မျှ ဝင်ပြေးလာမိသည်မသိ။ တစ်နာရီကျော်ကျော် လျှောက်လာမိတော့မှ ပင်လယ်လှိုင်းသံကို ကြားရသည်။ ပင်လယ်ကမ်းစပ်နားတွင် လူသွားလမ်းဟော့ ရှိတတ်သည်မို့ လှိုင်းသံကြားရာဘက် ဟိုကြည့်သည်ကြည့်နှင့် ဖြည်းဖြည်းချင်းလျှောက်လာ၏။ အမှန်က အပြင်မှာဆိုလျှင် ညီအစ်ကို မသိတသိ အလင်းကို ရနိုင်ပြီဖြစ်သော်လည်း သစ်တောထဲမှာကား မှောင်နေတုန်းပင်။

ဗိုလ်သိန်းကျော်က ထိုသို့ပင်လယ်လှိုင်းသံကြားရာဘက် လျှောက်လာနေချိန်မှာပင် မိုးက သဲသဲမဲမဲ ရွာချလိုက်ရာ တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားသည်။ ထိုအခါမှ မိမိကိုယ်ပေါ်က အင်္ကျီလုံချည်တွေကို ငုံ့ကြည့်မိရာ ကုတ်အင်္ကျီအသစ်ကြီးမှာ လက်နှစ်ဖက်စလုံး မရှိတော့ပေ။ ဘောင်းဘီကလည်း တစ်ခြမ်းကွဲနေ၏။ ပုဆိုးမှာလည်း ••ပတ်စိတ်အမြွာမြွာ ဖြစ်နေသလို တစ်ကိုယ်လုံးမှာ ဆူးစူးရာ၊ သစ်ကိုင်းခြစ်ရာတွေ ဗရပွနှင့် တစ်ကိုယ်လုံးက သွေးကွက်သွေးစက် အစွန်းအထင်းများကိုပါ မြင်နေရတော့သည်။

သူ့ကိုယ်ပေါ်က သွေးစက်သွေးကွက်တွေကို မြင်လိုက်ရ၍လား၊ ဘယ်လိုမှန်း မသိ။ ထိုအခါကျမှ သူ့အသိထဲ ဗိုလ်ကျော်အေးနှင့် စောအငြိမ်းတို့ကို သတိရလိုက်သည်။ သူတို့နှစ်ယောက်ကိုမူ သေသလား၊ ရှင်သလား မသိရသေး။ သေဖို့များမည်ဟု တွေးမိလိုက်သောအခါ တစ်ကိုယ်လုံး မလှုပ်ချင်၊ ဆက်မလျှောက်ချင်သလို ဖြစ်သွားမိသည်။ သို့သော် ပင်လယ်လှိုင်းသံကမူ သူ့ကို ဆက်လျှောက်လာရန် ဆွဲခေါ်နေသလိုပင်။ ထို့ကြောင့် အားတင်းကာ ပင်လယ်လှိုင်းသံ ကြားနေရာဘက်ကို တဖြည်းဖြည်းသာ လျှောက်လာနေရသည်။ ဘဖြူ၏ လူများ ရှိနေသော နေရာကို ပြန်ရောက်မှာစိုး၍ သတိနှင့် လျှောက်လာရသည်။

တောအုပ်လွန်၍ ပင်လယ်ကမ်းစပ်မရောက်မီ သဲခုံကန်းပေါ်က လူသွားလမ်းတစ်ခုကို တွေ့ရ၏။ ထို့ပြ

www.burmeseclassic.com

သွားလမ်းအတိုင်း လျှောက်လာရသော်လည်း ရဲရဲမလျှောက်ရဲ။ ဟိုကြည့်သည်ကြည့်နှင့် သတိနှင့်လျှောက်လာရ၏။ သဲခုံတန်းလေးရှိ ဘေးနှစ်ဖက်မှ စံပန်းချုံတစ်ခုကို ချုံအကွေ့တွင် ရှေ့ရှိ လမ်းပေါ်၌ ရိပ်ခနဲ အမည်းရိပ်တစ်ခုကို မြင်လိုက်ရ၍ ခြေလှမ်းတုံ့ကာ ခြောက်လုံးပြူးကိုလည်း ရှေ့သို့ ချိန်ထားမိ၏။ ဗိုလ်သိန်းကျော် သေနတ်ချိန်ထားရင်းက စံပန်းချုံနားကိုလည်း တိုးကပ်ပြီး လူရောင်ဖျောက်ထားလိုက်ရသည်။

တောထဲကထွက်လာပြီး သဲခုံလမ်းပေါ် ရှေ့ကသွားနေသူမှာလည်း ပင်လယ်ကမ်းစပ်ဘက်ကိုသာ သွားနေသည်ကို မြင်ရသဖြင့် နောက်က အသာလေး လိုက်ကြည့်ရသည်။ သေနတ်ကိုမူကား ထိုသူဘက်သို့ ချိန်လျက်။ နေရောင်ခြည် တောက်တောက်ပပကို မမြင်ရသေးသော်လည်း ရှေ့ကသွားနေသူကို အတော်အသင့် ခွဲခြားသိသာနိုင်သည်။ သွားပုံလာပုံကို အကဲခတ်ကြည့်ရာ ဗိုလ်ကျော်အေးနှင့် တူသလိုပင်။ အနားကိုလည်း သိပ်မကပ်ရဲသဖြင့် ဟုတ်မဟုတ် ခွဲခြားသိရန် မည်သို့လုပ်လျှင် ကောင်းမည်နည်းဟု စဉ်းစားလိုက်ရာ တပ်စကားဝှက်ကို သွားသတိရသည်။

သို့သော် ယခု ဟိုဘက်သည်ဘက် တိုက်ပွဲတိုက်နေကြသည် မဟုတ်။ ထို့ကြောင့် တက်ဆုတ်စကားဝှက်သင်္ကေတကမရှိ။ နောက်မှ သတိရသည်။ သူတို့၏ ဤလေယာဉ်ပြန်ပေးဆွဲမှု၏ ဗိုလ်ကျော်အေး၏ အမည်ဝှက်မှာ 'ကိုမောင်မောင်'ဟု လှမ်းခေါ်လိုက်သည်။

ထိုလူက ချက်ချင်း နောက်သို့ လှည့်ကြည့်၏။

"ကိုမောင်မောင်လားလို့"

"ဟင် ... ဗိုလ်သိန်းကျော် မင်းကွာ ..."

ဟု ငိုသံပါကြီးနှင့် ပြေးချလာတော့မှ ဗိုလ်ကျော်အေး အမှန်ဖြစ်ကြောင်း သိရတော့သည်။ နှစ်ယောက်သားဖက်ပြီး ဗိုလ်သိန်းကျော်က ဝမ်းသာအားရ တစ်ချက်ရှိုက်လိုက်စဉ် ..

"ဟေး ... တို့မသေဘူးကွ သိန်းကျော်။ ဘာပဲဖြစ်ဖြစ် ဖြစ်သမျှအကြောင်း အကောင်းချည်းပဲပေါ့ကွာ။ ချီး ... အသက်မသေဖို့ အရေးကြီးတယ်။ တို့ ဒီကနေပြီး ရောက်နိုင်သမျှ လျှောက်ရင် ရွာတစ်ရွာတော့ တွေ့မှာပဲကွ။ ရွာတွေ့ရင် အခြေအနေကြည့်ပြီး ခရီးဆက်မယ်။ တို့နက်ဖြန်သာ ကရင်ရွာတစ်ရွာကိုရောက်။ ဘာပစ္စည်းမှ မဆုံးစေရဘူး။ တောက် ဒီလောက်ယုတ်မာတဲ့ ခွေးတိရစ္ဆာန် ဘိန်းစားတွေ တွေ့ကြရောပေါ့ကွာ ကောင်းကောင်းကြီး တွေ့ကြရောပေါ့"

အံကြိတ်တက်ခေါက်၍ ပြောသော်လည်း ဗိုလ်ကျော်အေး၏ အသံမှာ မိုးမိလာ၍လား၊ ပင်ပန်းလာ၍လား၊ ဒေါသအကြီးအကျယ် ဖြစ်လာ၍လား မသိ။ သူ့အသံက တစ်မျိုးကြီး ဖြစ်နေသည်။ သူ့တစ်ကိုယ်လုံးမှာလည်း ဗိုလ်သိန်းကျော်ကဲ့သို့ပင် ပုဆိုးက သုံးလေးခြမ်းကွဲ အင်္ကျီကလည်း အစုတ်အပြဲ၊ တစ်ကိုယ်လုံးမှာလည်း သွေးသံရဲရဲနှင့် လူရုပ်မပေါ် ဖြစ်လာလေသည်။

ထိုနေရာက နှစ်ယောက်သား စောအငြိမ်းအတွက် ဘုရားသခင်ဆီ ဆုတောင်း၍ တဖြည်းဖြည်း လျှောက်လာကြသည်။ ရန်သူနှင့်လည်း ဝေးသထက်ဝေးလာပြီဟု ထင်ရ၏။ ပစ်သံခတ်သံ သေနတ်သံများကိုလည်း မကြားရတော့။ ထိုအချိန်မှာ မိုးကလည်း စင်စင်လင်းလာပြီ။ ဗိုလ်သိန်းကျော်တို့နှစ်ယောက်သည် ဖွဲ့စိတ်တင်းကာ လျှောက်မြဲလျှောက်လာကြသည်။ ပင်လယ်ကမ်းစပ်သောင်ကွေ့ကြီးတစ်ခုကို ရောက်သောအခါ တဲအိမ်လေး နှစ်လုံး–သုံးလုံးကို တွေ့ရသည်။ ကမ်းစပ်မှာ လှေတစ်စင်းလည်း ဆိုက်ထားသည်။

ခပ်လှမ်းလှမ်းက လူရိပ်ကွယ်၍ ဆယ်မိနစ်ခန့် နှစ်ယောက်သား အကဲခတ်ကြသည်။ ချက်ချင်းမဝင်ရဲကြသေးဘဲ ဟိုကြည့်သည်ကြည့်နှင့် တဖြည်းဖြည်းမှ ချဉ်းကပ်လာခဲ့ကြသည်။ မိန်းမလေးတစ်ယောက်ကို ဦးဆုံးတွေ့၏။ သူတို့၏ စုတ်ပြတ်လာသောပုံကိုကြည့်ကာ မိန်းမက ရုတ်တရက် လန့်သွားပုံရသည်။ မသင်္ကာဟန်လည်း ရှိပုံရ၏။ ဖိုးလောင်းရွာအကြောင်းမေးရာ အတော်ဝေးသေးကြောင်း၊ လှေနှင့်သာသွားနိုင်ကြောင်း ပြောပြသည်။ ဤရွာမှာ ရဲဘော်ဖြူ ဧရိယာဖြစ်၏။ ဘဖြူတို့လူသိုက် လိုက်လာမည်ဆိုက မီနိုင်သေးသဖြင့် ကမန်းကတန်းပင် အကူအညီတောင်းကြရသည်။

"ကျွန်တော်တို့ကို ဖိုးလောင်းရွာ လှေနဲ့ လိုက်ပို့ပေးကြပါဗျာ။ အခပေးပါ့မယ်။ ဘယ်လောက်ပေးရပေးရ ပေးပါ့မယ်"

ထိုသို့ပြောလိုက်ခါမှ အိမ်ရှင်များက မည်သို့ ထင်သွားကြသည် မသိ။



www.burmeseclassic.com

ပြုံးတူးပြုံတဲ့ ကြည့်ကြသည်။ စုတ်ပြတ်လာကြသောပုံကြောင့် ကြောက်လည်းကြောက်ကြပြီး လူဆိုးဓားပြတွေဟု ထင်ကလည်း ထင်နိုင်သည်။ ထို့ကြောင့်ထင်၏။ အိမ်ရှင်များက လှေနှင့် လိုက်ပို့ရန် လူမရှိကြောင်း၊ ယောကျ်ားတစ်ယောက်မှာလည်း နေမကောင်းဖြစ်နေ၍ လိုက်မပို့နိုင်ကြောင်း၊ ကုန်းကြောင်းကွေ့သွားလျှင် ရောက်နိုင်သော လမ်းရှိကြောင်းပြော၏။ ဗိုလ်သိန်းကျော်နှင့် ဗိုလ်ကျော်အေးတို့က အမျိုးမျိုးအကျိုးအကြောင်းပြော၍ အကြိမ်ကြိမ် တောင်းပန်အသနားခံကြသည်။ ဖိုးလောင်းရွာအရောက် လှေပို့ခ ဘယ်လောက်ပဲ ပေးရပေးရ ပေးပါမည့်အကြောင်း တောင်းပန်ပြောကြားသော်လည်း ဘယ်လိုမှ ပြောမရချေ။

တဲထဲမှာ မိန်းမသုံးယောက်၊ ကလေးငါးယောက်နှင့် ယောကျ်ားနှစ်ယောက်သာ ရှိသည်။ ကလေးတစ်ယောက်မှာ ၁၂ နှစ်သာသာအရွယ်ဖြစ်သဖြင့် အကူအညီရနိုင်သည်။ ယောကျ်ားနှစ်ယောက်မှာ တစ်ယောက်က အမှန်တကယ်လည်း နေကောင်းပုံမရပေ။ ဗိုလ်သိန်းကျော်တို့က အမျိုးမျိုး ချော့မော့ပြောဆို၍လည်း မရသည့်အဆုံး၌ မတတ်သာတော့သဖြင့် ချဉ်းကပ်နည်းတစ်ခု ပြောင်းရတော့သည်။

ဗိုလ်သိန်းကျော်တို့အဖို့ အချိန်ကုန်မခံနိုင်တော့။ ဘဝအတွက် အရေးအကြီးဆုံးအချိန်သို့ ရောက်နေကြပြီ။ မတော်၍ ဘဖြူ၏ တပည့်တပန်းများ လိုက်လာ၍ သူတို့ကို မိသွားလျှင် ဘဝဆုံးကြရတော့မည်။ သူ့အသက်ထက် ကိုယ့်အသက်က အရေးကြီးနေ၏။ ကမ္ဘာမီးလောင် သားကောင်ချနင်း အခြေဆိုက်နေလေပြီ။ သူတော်ကောင်းလုပ်နေ၍ မရတော့။ အခြေအနေနှင့် အချိန်အခါကို လိုက်၍သာ ကျင့်ကြံကြရတော့မည်။

ဗိုလ်သိန်းကျော်တို့မှာ စိတ်ကို ခိုင်ခိုင်ထားပြီး ယတိပြတ် ဆုံးဖြတ်ကြရတော့သည်။ မျက်နှာထားနှင့် အသွင်သဏ္ဌာန်ကိုလည်း ချက်ချင်း ပြောင်းပစ်လိုက်ကြရ၏။ စောစောက မင်းသားခေါင်းကိုချွတ်၍ ချက်ချင်း ဘီလူးခေါင်းဆောင်းကြရတော့သည်။ ဖြုန်းဆို ခါးကြားက လက်ပစ်ဗုံးနှင့် ခြောက်လုံးပြူးတို့ကို ဆွဲထုတ်လိုက်ကြကာ ...

"ဒီမှာ .. ခင်ဗျားတို့ကို ကောင်းကောင်းအတင်းပန်ပြောနေတာ မရဘူး။ အိမ်ပေါ်က ခုချက်ချင်း အားလုံး အောက်ကိုဆင်းကြစမ်း။ အိပ်နေတဲ့ ကလေးလည်းမလိုချင်ဘူး။ အောက်ကို ချလာခဲ့။ ဒီမှာ အကုန်စုကြစမ်း။ မြန်မြန်လုပ်။ ကျုပ်တို့ကို ခင်ဗျားတို့က ဘာကောင်တွေ မှတ်လို့လဲ။ လူလိုပြောနေတာ နားမလည်ကြဘူး။ အကုန်သေကုန်မယ်နော် ဘာမှတ်လဲ"

ဟု ဆဲဆိုကြိမ်းမောင်းကာ အတင်းလူစုခိုင်း၍ အောက်တွင် ထိုင်ခိုင်းလိုက်ကြရသည်။

ထိတ်လန့်ကြောက်ရွံ့ပြီး အကုန်စုနေကြသော အလယ်တွင် လက်ပစ်ဗုံးတစ်လုံးကို ထုတ်ပြပြီး ...

"ကဲ ... ဘာစကားများနေကြလဲ။ အားလုံး မသေချင်ရင် ဟိုလှေကို မြန်မြန်ရေထဲ ဆွဲချကြစမ်း။ တက်တွေလည်း အမြန်ဆုံးယူခဲ့ကြ။ ဟောဟိုယောကျ်ားနှစ်ယောက်နဲ့ ဟိုကောင်လေးပါ လိုက်ခဲ့ရမယ်။ ကဲ ... ထ မြန်မြန်လုပ်။ ဘာမှတ်လဲ။အကုန်သေကုန်မယ်။ ကဲ ... ဗိုလ်သိန်းကျော် ခင်ဗျား ဒီမှာ လက်ပစ်ဗုံးနဲ့ စောင့်နေ။ ကဲ ... ယောကျ်ားနှစ်ယောက်နဲ့ ဟိုကောင်လေး မြန်မြန်လာခဲ့။ မြန်မြန်လုပ်။ အချိန်မရှိဘူး။ ဘာငေးကြောင်ကြောင် လုပ်နေလာလဲ။ ပစ်ထည့်လိုက်ရမလား"

ဗိုလ်ကျော်အေးသည် ယောကျ်ားတစ်ယောက်၏ ခေါင်းတည့်တည့်ကို ခြောက်လုံးပြူးနှင့်ချိန်ပြီး လှေနှင့်တက်အသင့်ရှိနေရာသို့ သွားခိုင်းပြီး လှေကို ဆွဲချ၊ ရေပက်၊ လှေပေါ်ကို တက်ခိုင်းပြီး ဗိုလ်သိန်းကျော်ကိုခေါ်ကာ ချက်ချင်းပင် လှေထွက်ခိုင်းလိုက်ရသည်။

ကမ်းပေါ်တွင် ကျန်နေခဲ့ကြသော မိန်းမများနှင့် ကလေးများမှာ တရှုပ်ရှုပ်ငိုကျန်ခဲ့ကြသည်။ မတတ်နိုင်ပါ။ မိမိတို့ဘဝမှာ ဖိုးလောင်းရွာကို ရောက်ရန်သာ အရေးကြီးနေပါသည်။ ထိုရွာကိုရောက်မှ အသက်နှင့် ကိုယ်ခန္ဓာ အိုးစားမကွဲဘဲ ရှေ့ခရီးကို ဆက်နိုင်ကြမည်ဖြစ်သဖြင့် ယခုအချိန်တွင် မည်သူ့ကိုမျှ မသနားနိုင်တော့ပါ။

"ကဲ ... ခင်ဗျားတို့သုံးယောက် ကျုပ်တို့ကို ဖိုးလောင်းရွာ ရောက်အောင်ပို့ပေးရမယ်။ ခုညနေမှမရောက်ရင် ခင်ဗျားတို့ သေပြီသာမှတ်တော့။ တောင်ကွေ့မြောက်ကွေ့ လုပ်မယ်တော့ မကြံနဲ့နော်။ ဖိုးလောင်းရွာကို ဒီနေ့မှ မရောက်ရင်တော့ ခင်ဗျားတို့မိန်းမတွေ မုဆိုးမဖြစ်ပြီသာ မှတ်ကြတော့"

တစ်ခါခံထားရပြီ ဖြစ်သဖြင့် အတင်းခြိမ်းခြောက် ပြောရသည်။

www.burmeseclassic.com

"ပို့ ... ပို့ပါ့မယ် ဗိုလ်ကြီးတို့ရာ။ စိတ်ချပါ။ မဝေးပါဘူး။ တစ်နာရီ ကျော်ကျော်လောက်သာ လှော်ရမှာပါ။ ပို့ပေးပါ့မယ် စိတ်ချပါ။ ကျွန်တော်တို့က နိုင်ငံရေး ဘာညာ နားမလည်ပါ။ ဘယ်ပါတီ ဘယ်ဂိုဏ်းဆိုတာလည်း မသိကြပါ။ ဘာမှမသိ နောက်ပိတ်ခွေး လယ်သမားတွေပါ အသက်ကိုတော့ ချမ်းသာပေးကြပါ။ ဗိုလ်ကြီးတို့ခိုင်းတဲ့ အတိုင်း ပို့ပေးမှာပါ။ စိတ်ချပါ"

လှူကြီး နှစ်ယောက်မှာ လှေကို အားစိုက်လှော်ရင်း တုန်တုန်ယင်ယင် ငိုသံပါကြီးနှင့် တောင်းပန်ပြောဆိုလာကြသည်။

ဗိုလ်သိန်းကျော်တို့က နောက်ထပ် ဘာမှ သူတို့ကို ခြိမ်းခြောက် မပြောကြတော့ဘဲ ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်၍လိုက်ပါလာကြသောအခါ သူ့ခမျာများမှာလည်း နောက်ထပ် စကား မဟရဲကြတော့ဘဲ လှေကိုသာ အားစိုက် လှော်ခတ်နေကြရှာသည်။

တစ်ကွေ့ဝင် တစ်ကွေ့ထွက်နှင့် တစ်နာရီခန့် လှော်ခတ်လာကြရာ ခပ်လှမ်းလှမ်းတွင် ရွာတစ်ရွာကို မြင်ရသဖြင့် ဗိုလ်ကျော်အေးက ...

"ဟေ့ ... ဟေ့ ... ဟိုက ခု မြင်နေရတဲ့ရွာဟာ ဘာရွာလဲဗျ"

ဟု မေးလိုက်၏။

"အဲဒီရွာဟာ ဖိုးလောင်းရွာပါပဲ ဗိုလ်ကြီး။ ရောက်ပါတော့မယ်"

သူတို့စကားကြောင့် တစ်အားတက်သွားကြသော်လည်း ဝမ်းမသာနိုင်ရဲကြသေး။ စိတ်မချရသေး။ တစ်ခါခံလာခဲ့ကြရသဖြင့် လန့်လာကြ၏။ သူတို့ပြောသော ထိုရွာမှာ ဖိုးလောင်းရွာမဟုတ်ဘဲ ရဲဘော်ဖြူရွာတစ်ရွာသာဖြစ်ပြီး မိမိတို့ကို ဉာဏ်ဆင်သတ်ပါက သေလမ်းရှိနေသေးသည်။ ထို့ကြောင့် ဗိုလ်သိန်းကျော်တို့မှာ ငိုပြောပြော၊ ရယ်ပြောပြော မည်သူ့ကိုမျှ မယုံဝံ့ကြတော့။

"ကဲ ... ကဲ ... ဒါဆိုလည်း မြန်မြန်လှော်ကြ။ ဖိုးလောင်းရွာကို အရောက်မှ ခင်ဗျားတို့ရော ကျုပ်တို့ရော အသွားမယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ပါ ဗိုလ်ကြီး စိတ်ချပါ"

သူတို့ပြောသော ဖိုးလောင်းရွာ ကိုကား မှိန်ကာကပ်လာလေပြီ။ သို့သော် လုံးလုံးစိတ်မချဝံ့သေး။ လှေသမားနှစ်ယောက်က တဖြည်းဖြည်းနှင့် ရွာနှင့် ဆက်နေသော ကမ်းဘက်ကို ကပ်လှော်လာကြပြီ။ ကမ်းပေါ်တွင် မိန်းမကြီးတစ်ယောက် ငါးမျှားနေသည်ကို မြင်သဖြင့် ဗိုလ်သိန်းကျော်က အကြံတစ်ခုရကာ ...

"လှေဆရာကြီး ... အဲဟိုက ငါးမျှားနေတဲ့ မိန်းမကြီးအနားကို ကပ်လှော်စမ်းပါ"ဟု ကမန်းကတန်းခိုင်းလိုက်ရ၏။

ဗိုလ်သိန်းကျော် ခိုင်းလိုက်သည့် အတိုင်း လှေကြီးက ခဏအတွင်းမှာပင် မိန်းမကြီးအနားကိုရောက်သွားသည်။

"ဗျို့ ... အဒေါ်ကြီး။ ခင်ဗျားတို့ ရွာကလဲ။ ဟိုရွာက ဘာရွာခေါ်လဲ"

"ငါ့ကိုမေးတာလား။ ဖိုးလောင်းရွာကတော့။ ရှင်တို့မေးတဲ့ ရွာကလဲ။ ဘာလုပ်မလို့လဲ။ ဘာကိစ္စလဲ"

မိန်းမကြီးက အသံတော်တော် မာသည်။ သို့သော် ကရင်သံဝဲဝဲဖြင့်။ ဗိုလ်သိန်းကျော်တို့မှာ ချက်ချင်း ရင်ထဲ ဝမ်းသာလုံးဆို့သွားကြ၏။ ထို့ကြောင့် ဗိုလ်သိန်းကျော်က ကရင်လိုပင် ပြောတော့သည်။

"ဘာမှမဟုတ်ပါဘူးဗျ။ ငါးများ ရောင်းမလားလို့ မေးကြည့်တာပါ"

"တော်တို့ရောင်းဖို့သာသာ ကျုပ်မှာဖြင့် ဟင်းစားတောင် မရသေးဘူး။ မဦးမချတ်"

ကရင်စကားနှင့် မေးသည်ကို အဘွားကြီးကလည်း ကရင်လိုပင် ပြန်ပြောသည်။

"ဟား ... ဟား ..."

"ဟား ... ဟား ..."

ဗိုလ်သိန်းကျော်နှင့် ဗိုလ်ကျော်အေးတို့မှာ ဖိုးလောင်းရွာကိုလည်း မြင်နေကြရပြီမို့ အပျော်ရယ် ရယ်မိလိုက်ကြသည်။ သို့သော် လှေသမားများကမူ ကရင်လိုလည်း လုံးစေ့ပတ်စေ့ နားလည်ပုံ မရကြသဖြင့် မရယ်မပြုံးနိုင်ကြသေး။ ခမျာများမှာ ကြောက်ကြောက်နှင့် လှေကိုသာ အားစိုက်လှော်ခတ်နေကြရှာသည်။ လှေကို ဆက်လှော်ခိုင်းပြီး ရွာနှင့် နှစ်ဖာလုံလောက်ဝေးသော တောစပ်နေရာ အရောက်မှာ ...

"ကဲ ... လှေဆရာကြီးတို့ လှေကို ဒီနားခဏဆိုက်ထားပါဦး။ ရွာအရောက် မသွားသေးဘူး။ ဒီမှာခဏ နားကြမယ်"

ဟု ပြောလိုက်ရာ လှေသမားခမျာများမှာ ရွာမရောက်မီ တောထဲတွင် ဆိုက်ခိုင်းလိုက်သဖြင့် သူတို့အား သတ်ပစ်တော့မည် အထင်နှင့်

"ဗိုလ်ကြီးတို့ရယ် ကျွန်တော်တို့ အသက်ကိုတော့ ချမ်းသာပေးကြပါ။ ကျွန်တော်တို့က ဘယ်ပါတီ ..."

"ဟေ့လူတွေ ... အဲဒါ ဘယ်

www.burmeseclassic.com

လိုဖြစ်တာလဲ။ ခင်ဗျားတို့ကို ဘယ်သူက သတ်မယ်ဖြတ်မယ် ပြောလို့လဲ။ ဒုက္ခပါပဲ။ ခင်ဗျားတို့ကို ဟိုကလေးက အစ ကျုပ်တို့က ကျေးဇူးတောင် တင်နေရတဲ့အထဲ ဘယ်လိုဖြစ်လို့လဲ''

ချက်ချင်း တုန်တုန်ယင်ယင် ဒိုသံပါကြီးနှင့် လူကြီးက တောင်းပန်စကား ပြောကြားလိုက်ရာ ၁၂ နှစ်သားကလေးမှာ တကယ်အသက်ခံရတော့မည်ထင်၍ ဟီးချိုတော့သည်။

ထိုအခါ ဗိုလ်သိန်းကျော်မှာလည်း ကမန်းကတန်းနှင့် မာန်မဲသလိုပင် အော်ပြောလိုက်ရသည်။ ထိုအခါ ဗိုလ်ကျော်အေးကလည်း သူတို့ကို ဖြစ်ကြောင်းကုန်စင် ပြောပြရတော့၏။ သူတို့မှာ လူဆိုးဓားပြတွေ မဟုတ်ကြောင်း၊ မနေ့က မကျီးစင်ရွာမှာ ဆင်းသော လေယာဉ်ပျံနှင့် ပါလာကြသူများဖြစ်ကြောင်း၊ မိမိတို့မှာ မည်သို့မည်ပုံ ဒုက္ခရောက်လာကြရကြောင်း၊ ကော်သူလေးဗိုလ်ဖြစ်ကြောင်း၊ မန်ကျီးစင်ရွာသားအချို့ ရက်စက်ကြပုံအကြောင်း၊ ဒဏ်ရာဒဏ်ချက်များကိုပြပြီး ဖြစ်ကြောင်းကုန်စင်ကို ရှင်းလင်းပြောပြလိုက်ကြရသည်။

ထိုအခါမှပင် လှေသမားတို့၏ မျက်နှာမှာ အကြောက်ပြေပြီး ပကတိအခြေအနေကို မြင်ရတော့သည်။

''စောစောက ခင်ဗျားတို့ကို ကြိမ်းမောင်းဆဲဆိုပြီး သတ်မယ်ဖြတ်မယ် လုပ်မိတာ မလွှဲမရှောင်သာလို့ ဒီခရီးကို ရောက်ရေးအတွက် သက်သက်ဟန်လုပ်ပြီး ခြိမ်းခြောက်မိတာကိုတော့ ခွင့်လွှတ်ကြပါ။ ကျွန်တော်တို့က ကိုယ့်ရန်သူမဟုတ်ရင် တစ်ဖက်သားကို မတရားဆဲဆိုဖို့တောင် စိတ်ကူးတဲ့လူတွေ မဟုတ်ပါဘူး။ ဒီလိုလုပ်တော့မှ ခင်ဗျားတို့ လိုက်ပို့ကြတော့မယ်ဆိုပြီး လုပ်ကြရတာပါ။ နောက်က မန်ကျီးစင်ရွာသားတွေ လိုက်လာမှာ စိုးရတဲ့အတွက် အမြန်လိုက်ပို့ကြရအောင်ဆိုပြီး ဟန်ဆောင်လုပ်ရတာပါ။ ကျွန်တော်တို့က ခင်ဗျားတို့ရော၊ ခင်ဗျားတို့သားမယားတွေကိုပါ ဆဲဆိုကြိမ်းမောင်းခဲ့ရတဲ့အတွက် အတူးဝမ်းနည်းပါတယ်။ ခွင့်လွှတ်ဖို့လည်း တောင်းပန်ပါတယ်။ စိတ်မဆိုးကြပါနဲ့ဗျာ''

ဗိုလ်ကျော်အေးက ယဉ်ကျေးသိမ်မွေ့သော အသုံးအနှုန်းနှင့် ဖြစ်ပျက်ခဲ့သမျှတို့ကို ပြောပြပြီး ဗိုလ်သိန်းအ[illegible] ကွင်းအကျိုး တစ်ပိုင်းပြတ်အကွင်း အိတ်ထဲက ကျွန်နေသော ငွေအချို့ကို လှေသမားတို့ကို ထုတ်အပ်လိုက်သည်။

လှေသမားများမှာ ဖြစ်ပျက်သမျှအကြောင်းစုံကို သိကြရသောအခါ

''အမယ်လေးဗျာ . . . စောစောကသာ ဒီလိုမှန်းသိရင် ဘယ်ဒီလို ဖြစ်ရမလဲဗျာ။ သိပ်လိုက်ပို့တာပေါ့ ဗိုလ်ကြီးတို့ရာ''

ဟု ပြောကြသည်။

သူတို့မှာ ဗိုလ်သိန်းကျော်တို့ကို စိတ်မဆိုးသည့်အပြင် ဝမ်းနည်းပက်လက်ဖြစ်ကာ သနားသွားကြပုံလည်းရ၏။

''ကဲဗျာ . . . မေးပါရစေဦး။ စောစောက ခင်ဗျားတို့ကို ပို့ခိုင်းတော့ ဘာလို့ မပို့ချင်ကြတာလဲ''

''ဟာ . . . ဗိုလ်ကြီးတို့က ကျုပ်တို့ အရပ်အခြေအနေကို သိပ်မသိကြဘဲကိုး။ ဒီလို အပို့ခိုင်းလို့ လှေတွေဆုံးရတာ မနည်းတော့ဘူး။ တချို့ တပြေတွေက ရဲဘော်ဖြူဟန်ဆောင်၊ တော်လှန်ရေးသမားတွေပါဆိုပြီး လူဆင့်လှေဆင့် ခေါ်ကြတယ်။ အဲဒီလိုက်သွားကြရတော့ လူလည်းသတ်ပစ်၊ လှေလည်း အစပျောက်ရောဗျာ။ အချို့ ရဲဘော်ဖြူစစ်သားတွေလည်း မထူးပါဘူး။ ဟိုနားလေးပါ၊ ဟိုရွာလေးပါ ခဏလိုက်ပို့ပါဆိုပြီး ခေါ်သွားကြတာ ဟိုရွာကဟိုရွာ၊ ဟိုရွာကဟိုရွာ ခေါ်သွားလိုက်ကြတာ သုံးလေးရက်နဲ့ ကိုယ့်ရွာကို ပြန်ရောက်ချင်မှ ရောက်တတ်ကြတာကလား။ ဒီလို အမျိုးမျိုး နှိပ်စက်ခံရပေါင်းများနေတော့ ခင်ဗျားတို့ . . . အဲ . . ဗိုလ်ကြီးတို့က ဖြန်းခနဲ လိုက်ပို့ပါပြောတိုင်း ဘယ်လိုက်ပို့ရဲကြတော့မှာလဲ . . . အဲဒါကြောင့်ပါ''

ထို့နောက် မကျီးစင်ရွာသားများအကြောင်းမေးကြည့်ရာ မကျီးစင်ရွာမှာ လူမိုက်တွေရှိကြောင်း၊ ဘာမဟုတ်သည့် လှော်တက်တစ်ချောင်းနှင့်လည်း လူသတ်ခဲ့ကြကြောင်း။ အင်္ဂလိပ်လက်ထက်၊ ဂျပန်လက်ထက်ကပင် သံတွဲအချုပ်မှာ မကျီးစင်ရွာသားများအတွက် ထားသည်ဟုပင် ပြောဆိုတတ်ကြကြောင်း ပြောသဖြင့် ရယ်ကြရသေးသည်။

သည့်လိုနှင့် လှေသမားတွေကို နှုတ်ဆက်၊ လှေသမားတွေကလည်း ပြန်နှုတ်ဆက်ကာ သူတို့လှေနှင့်သူတို့ ပြန်သွားကြသည်။

*(ဆက်လက်ဖော်ပြပါမည်)*

ဖိုးကျော့



www.burmeseclassic.com

www.burmeseclassic.com

# သမ္မတကို လုပ်ကြံမှု

ယခင်လမှ အဆက်



■ အောင်သန်းချစ် ■

## ၃ တတိယမြောက်နေ့ ၃

အဲလ်လက်စ်လည်း နာရီပေါင်းများစွာ အားရပါးရ အိပ်စက်ခဲ့တယ်။ နောက်နေ့ မနက်မှာတော့ မာတာက နံနက်စာပြင်ထားတယ်။ အဲလ်လက်စ် စားနေခိုက် မာတာက -

“ဒီနိုင်ငံမှာ ဘာတွေဖြစ်နေပြီလဲ ဆိုတာ ငါမသိတော့ဘူး။ သမ္မတဟောင်းကို ငါသဘောမကျခဲ့ဘူး။ သူက အိုမင်းပြီး ခေတ်နောက်ဆွဲတဲ့အပြင် မိုက်မဲတယ်။ ဆိုင်တွေပေါ်မှာ စားစရာသောက်စရာတွေ ပျောက်ခဲ့ရတယ်။ အစားကောင်းကောင်းကို ဝယ်လို့မရတဲ့ထိပဲ။ နေ့တိုင်း ငါအလုပ်လုပ်နေရပေမဲ့ ဘာမှ ငါ့မှာ ရပိုင်ခွင့်မရှိခဲ့ဘူး”

အဲလ်လက်စ်က ကြားဖြတ်ပြီး -

“အခု သမ္မတအသစ်ကိုကော အဘွား ဘယ်လိုမြင်သလဲ”

“အိုး…သူက ပိုဆိုးတာပေါ့။ သူက လူငယ်ဆိုတော့ ခေတ်နောက်ပြန်မဆွဲဘူး။ ဒါပေမဲ့ သူက ပိုပြီးအန္တရာယ်ပေးလိမ့်မယ်။ သူက ရဲနဲ့ စစ်တပ်ကို သူ့အိတ်ထဲ ထည့်ထားတယ်။ ပြည်သူ့အထောင်အသောင်းကိုလည်း ထောင်ထဲ ထည့်ထားတယ်။ ဒါဟာ တိုင်းပြည်အတွက် ကောင်းတဲ့လက္ခဏာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ တို့က အစားအစာတွေ များများလိုချင်ပေမဲ့ သမ္မတသစ်က အကျဉ်းသားပဲ များများ တိုးပေးနေတယ်"

တံခါးမကြီးအနီးက လူသံကြားရတာကြောင့် မာတာက -

"မြန်မြန် အပေါ်ထပ်က ခုတင်အောက်မှာ ပုန်းနေ"

အဲလ်လက်စ်လည်း ခပ်သွက်သွက်လေး အပေါ်ထပ်တက်ပြီး ပုန်းနေခဲ့တယ်။ သုံးမိနစ်လောက်ကြာတော့ မာတာက အပေါ်ထပ်တက်လာတယ်။ သိပ်ကို ဒေါပွနေပုံရတယ်။

"လမ်းအောက်ပိုင်းက ငါ့မိတ်ဆွေ ဂျော့ချ်က လာပြီး ပြတင်းပေါက်ကနေပြီး မင်းကို ရွာသူရွာသားတချို့ မြင်ခဲ့ရတယ်လို့ လာပြောပြတာပဲ။ စာတိုက်စာရေးမကတော့ တို့ရွာရဲ့ ရဲသတင်းပေးလုပ်နေတယ်လေ။ ဒီကောင်မကို တို့တစ်ရွာလုံးက မုန်းတယ်။ ရဲတွေကတော့ ရွာတိုင်းမှာ သတင်းပေးတွေ မွေးထားတာပဲလေ"

အဲလ်လက်စ်က ဝမ်းပန်းတနည်းနဲ့

"ခုချက်ချင်းပဲ ကျွန်တော်သွားပါတော့မယ်။ မကြာခင် ပုလိပ်တွေ ရောက်လာကြလိမ့်မယ်"

မာတာက ဒေါသသံနဲ့ -

"ဟေ့…ငါက ရဲကိုကြောက်တဲ့ လူစား မဟုတ်ဘူး။ မေးချင်တာမေးစမ်းပါစေ၊ သူဘယ်သူလဲ၊ အဲလ်လက်စ်ဒိုင်နွန်ဆိုတဲ့ ရုပ်မြင်သံကြားမှာ ကြေညာထားတဲ့လူလား စတာတွေ မေးမှာပေါ့"

အဲလ်လက်စ်က ပြုံးရင်း -

"အဘွားကတော့ လူထူးလူဆန်းပဲဗျာ။ ကျေးဇူးတင်ပါတယ်၊ ဂွတ်ဘိုင်"

မာတာက အဲလ်လက်စ်ကိုကြည့်ရင်း မျက်နှာမှာ ရုတ်တရက် ဝမ်းနည်းရိပ် လွှမ်းသွားတယ်။

"ကံကောင်းပါစေ လူငယ်လေးရယ်"

အဲလ်လက်စ်ကတော့ အလျှင်မြန်ဆုံး အိမ်ကခွာခဲ့မယ်။ အိမ်နောက်ဖေး ဥယျာဉ်ထဲကနေပြီး လယ်ကွင်းထဲ ထွက်ခဲ့တယ်။ သူလို လူသတ်တရားခံအဖြစ် တိုင်းသိပြည်သိ ကြေညာခံထားရတဲ့ လူငယ်တစ်ဦးကို သိသိကြီးနဲ့ ငတ်ပြတ်မောဟိုက်လာတဲ့ လူငယ်တစ်ဦးအဖြစ် တစ်ညတာ တည်းခိုခွင့်ပြုပြီး အစားအသောက်တွေကျွေး အဝတ်တွေပေးခဲ့တာကြောင့် အဲလ်လက်စ် ပြုံးခဲ့မိတယ်။

× × ×

တတိယနေ့ နံနက် ၈ နာရီမှာ ဖိလစ်စားပွဲပေါ်က တယ်လီဖုန်းခေါ်သံ မြည်လာတယ်။ ဖိလစ်က တယ်လီဖုန်း နားထောင်ပြီးတာနဲ့ အဒမ်ကို "ငါတို့ သတင်းရပြီဟေ့။ မြောက်ဘက်က ရွာတစ်ရွာမှာ ဒီကောင်ရောက်နေတယ်။ အဘွားအိုကြီးတစ်ယောက်အိမ်မှာကွ။ မြန်မြန်လာဟေ့…တို့သွားဖမ်းကြစို့"

ရဲကားကြီးက အမြန်ဆုံးနှုန်းနဲ့ ရွာလေးဆီ မောင်းနေခိုက်မှာ အဒမ်အိပ်ငိုက်နေပေမဲ့ ဖိလစ်ကတော့ -

"မနေ့ညက ရဲမှူးချုပ်နဲ့ ငါတွေ့သေးတယ်။ သူက သိပ်ဒေါပွနေတယ်။ သူ့ရုံးမှာ ငါရှိနေဆဲမှာပဲ သမ္မတဆီက တယ်လီဖုန်း ခေါ်နေတယ်။ သူတို့က ဒိုင်နွန်ကို အသေရရ၊ အရှင်ရရ အမြန်ဆုံး ရချင်နေကြတယ်။ ဘာ့ကြောင့်များ ဒိုင်နွန်ကို သူတို့က သေစေချင်နေကြသလဲ မသိဘူး"

အဒမ်က -

"ဘယ်သိပါ့မလဲဗျာ။ ပထမဆုံး အလုပ်က သူ့ကို တွေ့အောင်ရှာရမယ်"

မာတာ့ရွာမှာတော့ ရဲတစ်ယောက်က မာတာ့အိမ်ရှေ့မှာ ရပ်နေတယ်။

"တစ်အိမ်လုံးမွှေပြီးပြီ။ လူတစ်ယောက်မှ မရှိဘူး။ ဒီအဘွားကြီး တစ်ယောက်တည်း ထိုင်နေတယ်။ ဘာမှလည်း မေးလို့မရဘူး"

အိမ်ထဲကို ဖိလစ်၊ အဒမ်နဲ့ ရဲတို့ ဝင်ခဲ့ကြတယ်။ မာတာက -

"နောက်ထပ်ရဲတွေ ရောက်လာပြန်ပြီ၊ စိတ်လှုပ်ရှားဖို့ ကောင်းလိုက်တာ"

အဒမ်က ဒေါသသံနဲ့ -

"ရဲအုပ်ပြောတာကို နားထောင်စမ်း။ ခင်ဗျားကို မေးစရာတွေရှိတယ်"

ဖိလစ်က မာတာကို ပြုံးကြည့်ရင်း -

"အခုလောလောဆယ် မေးချင်တာကတော့ မနေ့က အဘွားအိမ်မှာ တွေ့ရတဲ့ လူငယ်ကိစ္စပါ။ သူက ဘယ်သူလဲ၊ သူဘယ်ထွက်သွားပြီလဲ"

မာတာက ရွှင်ရွှင်ပျပျနဲ့ -

"ဪ…ဒါလား၊ ကျွန်မညီမရဲ့ အငယ်ဆုံး သားလေးပါ။ သူက လူကောင်းလေးပါ"

ရဲက ဖိလစ်နားကပ်ပြီး တိုးတိုးလေးပြောတယ်။ ဖိလစ်က မာတာကို စိတ်မကောင်းစွာကြည့်ပြီး -

"ခင်ဗျားညီမနဲ့ တစ်အိမ်ထောင်စုလုံး ဩစတေးလီးယားမှာ နေကြတာ မဟုတ်လား။ မာတာရဲ့ အိမ်ထဲမှာ တွေ့ရတဲ့လူငယ်က ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com

“အလို…ဘုရားရေ၊ ငါက သိပ် အိုနေပါပြီကွယ်။ ပြီးခဲ့တဲ့လကပဲ ၇၂ နှစ် ပြည့်ခဲ့ပြီ။ အားလုံးကို ငါမေ့နေတော့ တယ်။ မင်းပြောမှပဲ ဩစတြေးလျကို ငါ ကြားဖူးတယ်”

ဖိလစ်က မေးခွန်းတွေ တစ်ခုပြီး တစ်ခု မေးခဲ့ပေမဲ့ မာတာက လုံးဝ မပြောပါ။ အိမ်ထဲမှာတွေ့ခဲ့ရတဲ့ လူငယ် ဟာ သူ့ညီမသားဖြစ်လိုက်၊ တခြားရွာက ဆရာဝန်ဖြစ်လိုက်နဲ့ပါ။ ဒါပေမဲ့ သမ္မတ ကို လုပ်ကြံခဲ့တဲ့ အဲလ်လက်စ်ဒိုင်နွန် ဆိုတာကိုတော့ အဘွားကြီးက မပြောပြ ခဲ့ပါ။ ဒါကြောင့် အဒမ်ဒေါသထွက်လာ ပြီး ဖိလစ်ထံ ခွင့်တောင်းတော့တယ်။ ဖိလစ်က ခွင့်မပြုပါ။ သူက တံခါးမကြီး ဆီလျှောက်ခဲ့တယ်။ ခုတော့ မာတာက မေးချင်စိတ်ပေါ်လာပြီး -

“မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာ ကြောင့်များ ရဲအမှုထမ်းလုပ်နေရတာလဲ။ ရဲတွေက အပြစ်မဲ့တဲ့လူတွေကို ထောင်ထဲခွဲထည့်နေတာ မင်းမသိဘူးလား”



ဖိလစ်က ပင်ပန်းတကြီးနဲ့ -

“အဲလ်လက်စ်ဒိုင်နွန်ဟာ လူ သတ်တရားခံဆိုတာ ခင်ဗျားမသိဘူး လား”

မာတာကလည်း -

“ဟာ…သတင်းစာတွေထဲမှာ ဖတ် ရသားပဲ။ ဒါပေမဲ့ သတင်းစာတွေနဲ့ ရုပ် မြင်သံကြားတွေကလည်း အမှန်တွေ တင်ပြနေကြတာမှ မဟုတ်တာ။ အဲလ် လက်စ်ဒိုင်နွန်က လူသတ်သမားမဟုတ် ဘူး။ သူက လူကောင်းတစ်ယောက်ကွ”

ဖိလစ်က ချက်ချင်းပဲ -

“လူကောင်းတစ်ယောက်လို့ ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ”

“ရုပ်မြင်သံကြား ဖန်သားပြင်မှာ သူ့မျက်နှာကို ငါတွေ့ခဲ့ရတယ်။ ငါက မျက်နှာတွေကြည့်ပြီး ဟောနိုင်တယ်။ သူ့မျက်နှာက လူကောင်းတစ်ယောက် ဖြစ်တာကို ပြောပြနေတယ်”

ဖိလစ်က မေးခွန်းထုတ်တော့ တယ်။

“ဒါဆို သမ္မတဟောင်းကို ဘယ် သူသတ်သလဲ”

မာတာကလည်း -

“ငါဘယ်သိပါ့မလဲ။ မင်းတို့က ရဲ တွေပဲ။ တရားခံရှာရမှာ မင်းတို့တာဝန် ပဲ။ ဒါပေမဲ့ တစ်ခုတော့ ငါပြောလိုက် မယ်။ မင်းကို့ သမ္မတသစ်ကို ထောက် လှမ်းကြည့်ကြ။ သူ့မျက်နှာက လူသတ် သမားမျက်နှာကွ”

အဒမ်က ဒေါသတကြီးနဲ့ -

“သိပ်အန္တရာယ်ကြီးတဲ့ စကားဗျ” မာတာက ရယ်နေခဲ့တယ်။ ဖိလစ်



www.burmeseclassic.com

www.burmeseclassic.com

သည်း လေအေးလေးနဲ့ -

"အဒမ်ရေ··သွားစို့ကွာ"

လမ်းပေါ်ရောက်တော့ အဒမ်က -

"အလကား အဘွားကြီး"

ဖီလစ်ကလည်း -

"အေးကွ၊ အဘွားကြီး သွားပုပ်လေလွင့်ပြောတာ ဖြစ်ကောင်းဖြစ်မယ်။ ဒါမှမဟုတ် သူပြောတာမှန်ချင်လည်း မှန်နေမယ်"

× × ×

## စတုတ္ထမြောက်နေ့

အဲဂါလက်စ်က ရွာကိုကျောခိုင်းပြီး လယ်ကွင်းတွေကို ခပ်မြန်မြန်ဖြတ်ခဲ့တယ်။ ဘယ်သူမှ သူ့ကို မမြင်ကြပါ။ သူကတော့ လမ်းလျှောက်လိုက်၊ ပြေးလိုက်နဲ့ ရွာကနေ ဝေးသထက်ဝေးအောင် ကြိုးစားခဲ့တယ်။ မိုးကလည်း နေ့ကော၊ ညဘက်မှာပါ သဲသဲမဲမဲ ရွာချနေတယ်။ ဒါပေမဲ့ ညဘက်မှာ သူဆက်လျှောက်ခဲ့တယ်။ စတုတ္ထမြောက်နေ့မှာတော့ သူအင်မတန် မောပန်းနေခဲ့တယ်။ တတ်နိုင်သမျှ အစွမ်းကုန် တောင်ဘက်ဆီ ဦးတည်လျှောက်လှမ်းနေတယ်။ တောင်ဘက်မှာ သူ့အိမ်ရှိနေတယ်လေ။

"ငါ ဘယ်ကိုသွားရမလဲ။ ဒီနိုင်ငံကနေပြီး ငါထွက်ပြေးခဲ့ရင် လွတ်မြောက်နိုင်တာပဲ။ ဒါပေမဲ့ ဒီနိုင်ငံကို ကျောမခိုင်းခင်၊ ဒါမှမဟုတ် ရဲတွေ ငါ့ကို မဖမ်းမိမီ ငါ့ဇနီး အိုလီဗီယာကို တွေ့ချင်သေးတယ်"

ခုလောလောဆယ်တော့ သူဆာလောင်နေတယ်။ အစားအစာရဖို့က



သိပ်အရေးကြီးနေတယ်။ မာတာပေးလိုက်တဲ့ ငွေအချို့ သူ့အိတ်ထဲမှာ ပါလာတယ်။ အဘွားကြီးစကားတွေကို သူ ပြန်လည်ကြားယောင်မိသေးတယ်။

"ဒီငွေတွေ မင်းယူသွားပါ။ ငါ့အတွက် ငွေမလိုဘူး။ ငါလို အဘွားအိုကြီးတစ်ဦးအဖို့ ငွေမလိုတော့ပါဘူး"

ထူးခြားတဲ့ အဘွားကြီးကို တွေးရင်း အဲလ်လက်စ်ပြုံးလိုက်မိသေးတယ်။

မြစ်ကမ်းနဖူးက မြို့လေးတစ်မြို့ထဲဝင်ပြီး စားကုန်သောက်ကုန်ဆိုင်တစ်ဆိုင်ရဲ့ တံခါးကို ဖွင့်ခဲ့တယ်။ ဆိုင်ထဲမှာ လူတွေ အမြောက်အမြားရှိတာကြောင့် နောက်ဘက်မှာ သူရပ်စောင့်နေခဲ့တယ်။ ဈေးဝယ်နေတဲ့လူတွေ သူ့ကိုကြည့်ကြတယ်။ အဲဒီထဲက တစ်ယောက်ကတော့ ဆိုင်အပြင်ဘက် ပြေးထွက်သွားတယ်။ ဒါကြောင့် အဲလ်လက်စ်လည်း



www.burmeseclassic.com

www.burmeseclassic.com

ဒီဆိုင်ထဲက အမြန်ဆုံးထွက်ပြေးချင်ခဲ့တယ်။ ဒါပေမဲ့ သိပ်ဆာလောင်နေတာကြောင့် ဈေးဝယ်ဖို့ စောင့်နေမိတယ်။ တစ်ခါ အမျိုးသမီးကြီးတစ်ဦးနဲ့ သူ့သားငယ်လေး ဆိုင်ထဲဝင်လာကြပြီး သားငယ်လေးကို အမျိုးသမီးကြီးက အနားကပ်ကာ တီးတိုးလေးပြောပြနေတယ်။ သားငယ်လေးက အဲလ်လက်စ်ဆီ လျှောက်လာပြီး -

"လမ်းထဲမှာ ရဲနှစ်ယောက်တွေ့ခဲ့တယ်။ ဒီဆိုင်ကို လာနေကြတယ်"

တံခါးပေါက်ကို အဲလ်လက်စ်လှမ်းကြည့်လိုက်မိပေမဲ့ လောလောဆယ် လွတ်လမ်းမရှိတော့ပါ။ အဲဒီအချိန်မှာ ဆိုင်ပိုင်ရှင်က -

"ဟေ့လူ…နောက်ဘက်ကို မြန်မြန်ဝင်နေစမ်း"

အဲလ်လက်စ်လည်း ဆိုင်နောက်ဘက်ထဲ ပြေးဝင်ခဲ့တယ်။ ဆိုင်ပိုင်ရှင် ပြေးလိုက်လာပြီး -

"ငါဘယ်တော့မှ ရဲတွေကို အကူအညီမပေးဘူး။ ဒီကောင်တွေအားလုံး လူဆိုးလူညစ်တွေချည်းပဲကွ"

ပြီးတော့ နောက်ဖေးတံခါးဖွင့်ပြီး အပြင်ဘက်ကို အကဲခတ်ရင်း -

"အိုကေပဲဟေ့။ ဒီမြစ်ကြောင်းအတိုင်း လျှောက်သွားရင် မြို့ပြင်ဘက် မင်းရောက်သွားလိမ့်မယ်။ အိမ်တွေနောက်ဘက်က ဘေးမသီရန်မခသွားပေတော့။ အိမ်နောက်ဖေးက ဘယ်သူမှ ခရီးမသွားဘူးကွ။ မင်းကံကောင်းပါစေကွာ"

အဲလ်လက်စ်ကလည်း ကျေးဇူးတင်ပါတယ်လို့ ပြန်ပြောပြီး ထွက်ပြေးခဲ့တော့တယ်။

အဲဒီမြို့လေးနဲ့ သုံးကီလိုမီတာလောက် ဝေးတော့မှ အဲလ်လက်စ်က လမ်းပေါ်တက်ခဲ့တယ်။ လမ်းကို ခပ်သွက်သွက်ဖြတ်နေခိုက်မှာ လော်လီကားကြီးတစ်စီးက ရောက်လာတယ်။ လော်လီကားကြီးကို ဖြည်းဖြည်းမောင်းရင်း ကားမောင်းသမားက သူ့ကို လှမ်းခေါ်ပြီး

"မင်း ဘယ်ကိုသွားမလို့လဲ"

အဲလ်လက်စ်က သူ့ဇာတိမြို့နာမည်ပြောပြတော့ ကားမောင်းသမားက -


"အဲဒီမြို့နားကိုရောက်မယ်။ ကားပေါ်တက်ဟေ့"

ကားရှေ့ခန်းမှာ အဲလ်လက်စ်ဝင်ထိုင်လိုက်ပါခဲ့တယ်။ မကြာမီ ကားမောင်းသမားက သူ့မျက်နှာကို အသေအချာကြည့်ရင်း -

"မင်းကို ငါမြင်ဖူးသလိုပဲကွ"

အဲလ်လက်စ်က တစ်ခွန်းမှ နှုတ်တုံ့မပြန်ခဲ့ပါ။ သိပ်ကိုပင်ပန်းနွမ်းနယ်နေပါတယ်။ ကားမောင်းသမားကတော့ သူ့ကို အတန်ကြာ စူးစိုက်ကြည့်ခဲ့ပြီး ပြုံးပြရင်း -

"မင်းကို ငါမသိပါဘူးကွာ။ ကားနောက်ဘက်ထဲ ဝင်နေပါ။ မင်းကို ဘယ်သူမှ မမြင်နိုင်တော့ဘူးလေ။ မင်းသိပ်ဆာနေသလား"





www.burmeseclassic.com

www.burmeseclassic.com

အဲလ်လက်စ်ကလည်း -

"ဟုတ်ကဲ့၊ ကျွန်တော်သိပ်ဆာလောင်နေပါတယ်"

"ငါ့မှာ အသားညှပ်ပေါင်မုန့်တွေ ပါလာပါတယ်။ ကဲပါ…ရဲကားတစ်စီးကိုမှ မတွေ့ခင် နောက်ဘက်မှာ ခပ်မြန်မြန် ဝင်နေပါ"

တောင်ဘက်ဆီ လော်လီကားကို ခပ်ဖြည်းဖြည်းချင်းမောင်းသွားတယ်။ အဲလ်လက်စ်ကတော့ အသားညှပ်ပေါင်မုန့်တွေ စားပြီးတာနဲ့ အိပ်ပျော်သွားခဲ့တယ်။

× × ×

ကားထဲမှာထိုင်ရင်း ဖိလစ်က အဒမ်ကို -

"တို့က သူ့ထက် အမြဲတမ်း သုံးနာရီ၊ ဒါမှမဟုတ် ဒီထက်ပိုကြာပြီးမှ သူနေရာကို ရောက်နေကြတယ်။ တို့က ဒီကောင်ထက် အမြဲတမ်းနောက်ကျနေခဲ့တယ်"

အဒမ်က -

"ဒီဆိုင်ပိုင်ရှင်ကများ သတင်းပေးနိုင်မလားဘဲ"

ဒါပေမဲ့ သူတို့သွားစုံစမ်းတော့ ဆိုင်ပိုင်ရှင်က -

"ဘယ်က အဲလ်လက်စ်လဲ"

ဖိလစ်က အော်ငေါက်ပြီး -

"နိုင်နွန်၊ သူသိပ်ပင်ပန်းမောဟိုက်နေတယ်။ လွန်ခဲ့တဲ့ ငါးရက်ကတည်းက ထောင်ကနေ ထွက်ပြေးသွားခဲ့တယ်။ သူ့ကို မင်းဆိုင်ထဲမှာ တစ်ဦးဦးကများ မြင်ခဲ့မိလေသလား"

ဆိုင်ပိုင်ရှင်က ဒေါသတကြီးနဲ့ -

"ကျွန်တော့်ဆိုင်မှာ ဘယ်ထောင်ကျ အကျဉ်းသားမှလည်း မရှိဘူး။ ပြီးတော့ ဆိုင်ထဲမှာ ရဲတွေကိုလည်း ကျွန်တော် မမြင်ချင်ဘူး"

ဖိလစ်ကတော့ စိတ်ရှည်ရှည်နဲ့ -

"ဒီဆိုင်ကို နိုင်နွန်များ ရောက်လာခဲ့သလား"

ဒီတော့မှ ဆိုင်ပိုင်ရှင်ကလည်း လေအေးအေးနဲ့ -

"နိုင်နွန်၊ သူဘာလုပ်ခဲ့သလဲ။ တစ်မိနစ်လောက်ပဲ စောင့်နော်။ ဟုတ်ပါပြီ။ သမ္မတဟောင်းအကြောင်း စာအုပ်ရေးခဲ့တယ် မဟုတ်လား"

အဒမ်ကဝင်ပြီး -

"သူက သမ္မတကို သတ်ခဲ့တဲ့ တရားခံလဲ"

**ဆိုင်ပိုင်ရှင်ကလည်း -**

**"ဟုတ်ပါတယ်။ ခုတော့ ကျွန်တော် ကောင်းကောင်းမှတ်မိပါပြီ။** ဒီစာအုပ်က စာအုပ်ကောင်းတစ်အုပ်ဗျ။ ဒါပေမဲ့ ဒီမနက်ခင်းမှာ သမ္မတကို သတ်ခဲ့တဲ့တရားခံတော့ ကျွန်တော့်ဆိုင်ထဲကို ဝင်မလာခဲ့ဘူး"

ဖိလစ်က ဆိုင်ပိုင်ရှင်မျက်နှာကို အသေအချာ စူးစိုက်ရင်း -

"ကျွန်တော်မေးနေတာ အဲလ်လက်စ်နိုင်နွန်ဗျ"

ဆိုင်ပိုင်ရှင်ကလည်း ဖိလစ်ကို ပြန်ကြည့်ပြီး ပြုံးပြရင်း လေအေးလေးနဲ့ -

"ဟုတ်ပါတယ်"

ပြီးတော့ ဖိလစ်ကော အဒမ်ပါ အဲဒီမြို့လေးက လူတော်တော်များများကို မေးမြန်းခဲ့ပေမဲ့ ဘာသတင်းအစအနကိုမှ မရခဲ့ကြပါ။

"ဟုတ်တယ်။ ကျွန်တော်တို့ကို ဒီနိုင်ငံမှာ ဘယ်ပြည်သူပြည်သားကမှ မကူညီချင်ကြဘူး။ ပြည်သူတွေက ကျွန်တော်တို့ကို မနှစ်မြို့ကြဘူးလေ"

"ဘာကြောင့် ငါတို့ရဲတွေ အဲဒီလို အမုန်းခံနေရတာလဲ အဒမ်"

အဒမ်က -

"ကျွန်တော်တို့လုပ်ငန်းက သိပ်ကောင်းပါတယ်။ ဝင်ငွေတွေအများကြီး နည်းမျိုးစုံနဲ့ ရနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရုံးကိုပြန်လာကြပြီး ဖိလစ်ငြိမ်ချက် သားကောင်းနေတော့တယ်။ မကြာမီ အဒမ်ကို လှမ်းကြည့်ပြီး -

"ဒိုင်နွန်ရေးတဲ့ စာအုပ်ကို ဒီနိုင်ငံမှာ တို့ရှာလို့မရနိုင်ဘူးကွ။ မင်းများသိသလား"

အဒမ်က -

"မသိပါဘူးဗျာ"

စားပွဲပေါ်က တယ်လီဖုန်းကို ငေးကြည့်ရင်း ဖိလစ်က -

"ဒိုင်နွယ် ဘယ်ရောက်နေသလဲ။ သူ့ကို ပြည်သူတွေက ကူညီနေတယ်။ ဘာကြောင့်လဲ။ သူက လူသတ်သမား တစ်ဦးပဲ။ ဒါပေမဲ့ တို့ကိုတော့ ဘယ်သူကမှ မကူညီကြဘူး"

အဒမ်ကလည်း -

"ဟုတ်တယ်။ ကျွန်တော်တို့ကို ဒီနိုင်ငံမှာ ဘယ်ပြည်သူပြည်သားကမှ မကူညီချင်ကြဘူး။ ပြည်သူတွေက ကျွန်တော်တို့ကို မနှစ်မြို့ကြဘူးလေ"

"ဘာကြောင့် ငါတို့ရဲ့တွေ အဲဒီလို အမုန်းခံနေရတာလဲ အဒမ်"

အဒမ်က -

"ကျွန်တော်တို့ လုပ်ငန်းက သိပ်ကောင်းပါတယ်။ ဝင်ငွေတွေ အများကြီး နည်းမျိုးစုံနဲ့ရနေတာပဲ"

တစ်မိနစ်ကျော်ကျော်လောက် ကြာတော့ ဖိလစ်က -

"ဒိုင်နွန်က သမ္မတဟောင်းကို သတ်ခဲ့တယ်ဆိုတဲ့အပေါ် မင်းဘယ်လို သဘောရလဲ အဒမ်"

"ဟုတ်တယ်လေ။ တရားခံမဟုတ်ဘဲနဲ့ သူ့ကို ဘာကြောင့် ထောင်ထဲ ထည့်ကြမှာလဲ"

ဖိလစ်က -

"ငါမေးတာကို မင်းဖြေစမ်းပါ။ ဒါ ငါ့အမေးရဲ့ အဖြေမဟုတ်ဘူး"

အဒမ်ကလည်း -

"ကျွန်တော်ကတော့ ကျွန်တော့် အလုပ်ကို ကျွန်တော်လုပ်တယ်။ ဘာ အမေးအမြန်းမှ မထူဘူး"

ဖိလစ်က အဒမ်ကို ငေးကြည့်ရင်း စကားတစ်လုံးမှ မဟတော့ပါ။

ဆက်လက်ဖော်ပြပါမည် ...

အောင်သန်းချစ်



www.burmeseclassic.com

www.burmeseclassic.com

# တရားမဝင် အနှိပ်ခန်းဖွင့်လှစ်ခြင်း ပြစ်မှုပြစ်ဒဏ်

ကောတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

ယခုမျက်မှောက်ခေတ်တွင် ရန်ကုန်မြို့ကဲ့သို့ မြို့ကြီးပြကြီးများ၌ ဇိမ်ခန်းနှင့် ဇိမ်ခန်းကဲ့သို့ အနှိပ်ခန်းများဖွင့်လှစ်ပြီး မတရားစီးပွားရှာကြံ ရှာဖွေလျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရက စီမံချက်ချမှတ်ကာ မြို့တော်သန့်ရှင်းသာယာရေးအတွက် မကောင်းမှု ဒုစရိုက်များကို တိုက်ဖျက်ရှင်းလင်းလျက်ရှိသည်ကို တွေ့ရသည်။

ယင်းအဆိုပါ အနှိပ်ခန်းများသည် ဇိမ်ခန်းနီးပါးမခြားဒုစရိုက်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိနေခြင်းကြောင့်ပင်လူငယ်၊ လူရွယ်များ မပျက်စီးသင့်ဘဲ ပျက်စီးကုန်တော့သည်။ နိုင်ငံတော်အတွက် သားကောင်းရတနာများ ဆုံးရှုံးမှုတစ်ရပ်ပင်တည်း။

ကြေးမုံသတင်းစာ ၂၀.၉.၂၀၁၃ ရက်နေ့ထုတ် သတင်းတစ်ရပ်ဖော်ပြချက်တွင် ပြီးခဲ့သော ဩဂုတ်လ ၂၈ ရက်၊ ည ၁၁ နာရီခွဲခန့်တွင် မော်လမြိုင်မြို့ ရဲတပ်ဖွဲ့၏ ဖမ်းဆီးဖော်ထုတ်ချက်အရ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်ရှိ မ----၏ နေအိမ်တွင် အမျိုးသမီးငယ်များ တရားမဝင် အနှိပ်ခန်းပြုလုပ်နေကြောင်း တွေ့ရှိဖမ်းဆီးခဲ့ရာ အမျိုးသမီးငယ် (၅)ဦးနှင့်တကွ အနှိပ်ခန်းသုံးပစ္စည်းကိရိယာများကို ဖမ်းဆီးသိမ်းတည်းရမိပြီး၊ အနှိပ်ခန်းပြုလုပ်သူ မ---- အပါအဝင် အမျိုးသမီး(၆)ဦးအား ရဲတပ်ဖွဲ့မှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၁၈၈ အရ အရေးယူခဲ့၏။ ၎င်းအမှုနှင့်ပတ်သက်သော သက်သေခံပစ္စည်းများနှင့်အတူ တရားခံမလေး (၆)ဦးတို့အား မော်မြိုင်မြို့နယ်တရားရုံးသို့ တရားစွဲဆို တင်ပို့ခဲ့ရာ မော်လမြိုင်မြို့နယ်တရားရုံးတော်မှ ၎င်းအမှုကို ကြားနာစစ်ဆေး၍ တရားခံမလေး(၆)ဦးတို့အပေါ် ထောင်ဒဏ် (၁၅)ရက်နှင့် (၇)ရက် အသီးသီးချမှတ်ခဲ့၏။

၎င်းတရားခံများသည် ဆင်းရဲလွန်းလှ၍ စားဝတ်နေရေး မပြေလည်သောကြောင့် အနှိပ်လုပ်ငန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ထုချေခဲ့၏။ ပထမအကြိမ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယင်းသို့ အပြစ်ဒဏ်ပေးခြင်းသည် အဆိုပါ မော်လမြိုင်မြို့နယ် တရားရုံးတော်မှ အတော်သက်ညှာငဲ့ကွက်စွာ အပြစ်ဒဏ်ပေးသည်ဟု ဆိုနိုင်ပေသည်။ ယင်းတရားခံများသည် ပထမအကြိမ် ပြစ်မှုကျူးလွန်ဟန် တူပါသည်။

အဘယ်ကြောင့်ဆိုသော် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၁၈၈ မူရင်း(မူလ) ပြဋ္ဌာန်းချက်တွင် အလုပ်လက်မဲ့ ထောင်ဒဏ်အများဆုံး တစ်လအထိနှင့် ငွေဒဏ် ကျပ်(၂၀၀)အထိ ချမှတ်နိုင်သောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် အဆိုပါ မြို့နယ်တရားရုံးတော်မှာ ၎င်း၏ တရားစီရင်ပိုင်ခွင့် နယ်ပယ်အတွင်း၌ လုပ်ဆောင်ခဲ့သည်ဖြစ်၍ စာရေးသူအနေဖြင့် (တရားလွှတ်တော်ရှေ့နေအနေဖြင့်) ဝင်ရောက်စွက်ဖက်ပိုင်ခွင့်၊ ဝင်ရောက်စွက်ဖက်ရန် အကြောင်းလုံးဝမရှိပါချေ။

## ပြစ်မှုပုဒ်မ-၁၈၈
## မူရင်းပြဋ္ဌာန်းချက်(အနှစ်ချုပ်)

နိုင်ငံတော်အစိုးရ (ပြည်သူ့ဝန်ထမ်း)က ထုတ်ပြန်ထားသော အမိန့်တစ်စုံတစ်ရာကို ဖီဆန်ပြုလုပ် ကျူးလွန်ခြင်းဖြစ်သည်။ ယင်းအမိန့် ထုတ်ပြန်ချက်တွင် မြို့တော်အင်္ဂါရပ်နှင့် ကိုက်ညီရန် ဟန့်တားထားချက်ကို ပြုမူကျူးလွန်ခြင်းဖြစ်သည်။ အကယ်၍ လူ့အသက်ကိုသော်လည်းကောင်း၊ ကျန်းမာရေးကိုသော်လည်းကောင်း၊ ရပ်ရွာမြို့နယ် လုံခြုံရေးကိုသော်လည်းကောင်း ထိခိုက်စေလျှင်၊ ဆူဆူညံညံ ရုန်းရင်းဆန်ခတ်မှု၊ သတ်ပုတ်နှောင့်ယှက်မှုပြုမူကျူးလွန်လျှင် ပြစ်မှုထင်ရှား စီရင်ခံရပါကမူ ထောင်ဒဏ်(၁၆)လအထိနှင့် ငွေဒဏ်တို့ကိုပါ ချမှတ်နိုင်ပေသည်။ ဥပမာ၊ ဘာသာရေးပုတ်ခတ်ခြင်း၊ နှိုးဆော်ခြင်း၊ တရားမဝင် စီတန်းလှည့်လည်ခြင်း . . . စသည်တို့ ပါဝင်ပါသည်။

ကောတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

***Ref:-*** ရာဇသတ်ကြီးကိုဥပဒေ(ပြစ်မှုဆိုင်ရာဥပဒေ)
(၁၉၆၈ ခုနှစ်)



www.burmeseclassic.com

www.burmeseclassic.com

# အမျိုးသမီးသူလျှိုများ

အောင်ကြည်ညွန့်(တက္ကသိုလ်)

ထောင်ပေါင်းများစွာသော **အမျိုး**သမီးများသည် အမေရိကန်ပြည်ထောင်စု စတင်တည်ထောင်ခဲ့သည့်အချိန်မှ ယနေ့အထိ နိုင်ငံအတွက် ထောက်လှမ်းရေးလုပ်ငန်း တာဝန်များကို ထမ်းဆောင်ခဲ့ကြသည်။ အမျိုးသမီးများ၏ သမိုင်းဆိုင်ရာပြတိုက်များက အဆိုပါ အမျိုးသမီးများ၏ အကြောင်းကို မှတ်တမ်းတင်ထားရှိခဲ့သည်။ အမျိုးသမီးသူလျှိုများဆိုင်ရာ ပြခန်းကို "Clandestine Women: The Untold Stories of Women in Espionage" ဟု ခေါ်သည်။

အမျိုးသမီးသူလျှို ပြတိုက်ကြီးသည် ဝါရှင်တန်ဒီစီအနီးရှိ ဗားဂျီးနီးယားနယ် အာလင်တန်မြို့တွင် တည်ရှိသည်။ သူလျှိုဆိုင်ရာ ပြတိုက်ကြီးသို့ ပြည်သူပေါင်းများစွာ လာရောက်ကြည့်ရှု လေ့လာကြသည်။ ပြတိုက်ကို ဒီဇင်ဘာလအထိ စဉ်ဆက်မပြတ် ဖွင့်လှစ်ပြသသည်။ ဒီဇင်ဘာလတွင် ကျဆုံးလေပြီးသော အမျိုးသမီး စစ်မှုထမ်းဟောင်းများအတွက် အောက်မေ့ဖွယ် အခမ်းအနားကို နှစ်စဉ်ကျင်းပသည်။

ယခုနှစ် ပြပွဲသည် စစ်မဟာဗျူဟာဌာနကြီး၏ ၁၆ နှစ်မြောက်အတွက် ဂုဏ်ပြုပြသခြင်း ဖြစ်သည်။ ဤလုပ်ငန်းသည် အမေရိကန်ပြည်ထောင်စု၏ ဗဟိုအဆင့် ထောက်လှမ်းရေး အဖွဲ့အစည်းများကို ပထမဦးဆုံးအကြိမ်အဖြစ် စုစည်းတင်ပြခြင်း ဖြစ်သည်။

ထောက်လှမ်းရေးရုံးကို ဒုတိယ**ကမ္ဘာစစ်**ကြီးအတွင်းကပင် ဖွင့်လှစ်၍ **တာဝန်ထမ်းဆောင်**ခဲ့ကြသည်။ စတင်တည်**ထောင်သည့်နေ့**မှာ ၁၉၄၂ ခုနှစ်၊ ဇွန်လ **၁၃ ရက်နေ့** ဖြစ်သည်။ ဒုတိယကမ္ဘာစစ်**ကြီးပြီးသည့် ၁၉၄၅** ခုနှစ်အထိ စဉ်ဆက်မပြတ် တာဝန်ထမ်းခဲ့ကြသည်။ ထောက်လှမ်းရေးအဖွဲ့ကို စတင်တည်ထောင်စဉ်ကပင် လူပေါင်း ၁၃၀၀၀ ဖြင့် စတင်ခဲ့သည်။ ဝန်ထမ်းများအနက် ၄၀၀၀ ကျော်မှာ အမျိုးသမီးများ ဖြစ်သည်။ သူတို့သည် သူလျှိုလုပ်ငန်းတာဝန်ကို ထမ်းဆောင်ရသည်။ အထူးသဖြင့် ဆက်သွယ်ရေးလုပ်ငန်းကိစ္စများ၊ ကောလဟာလသတင်းများ ထုတ်လွှင့်ပေးရသည်။ ရန်သူတို့၏ ဆက်သွယ်ရေးဆိုင်ရာ လျှို့ဝှက်ကုတ်များကို ဖော်ထုတ်ကြရသည်။

ယနေ့ အမေရိကန်ပြည်ထောင်စု၏ နာမည်ကျော် CIA Central Intelligence Agency သည် ဒုတိယ ကမ္ဘာစစ်အတွင်းက စတင်တည်ထောင်ခဲ့သော စစ်မဟာဗျူဟာရုံးမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ CIA စီအိုင်အေအဖွဲ့ကြီးအဖြစ် ၁၉၄၇ ခုနှစ်မှ စတင်ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။

Linda Mc Carthy သည် CIA ပြခန်းကို စုစည်းဖော်ဆောင် ပြသရသည်။ သူမသည် အမျိုးသမီးသူလျှိုပြခန်းကိုလည်း ဦးဆောင်စီစဉ် ပြသရသည်။ ပြတိုက်သို့ လာရောက်လေ့လာသူများသည် ထောက်လှမ်းရေးကမ္ဘာ၏ လျှို့ဝှက်ချက်များကို လေ့လာသိရှိခွင့် ရရှိကြသည်။

မှန်ခန်းကြီးများထဲတွင် အမျိုးသမီးသူလျှိုတို့၏ လုပ်ငန်းစဉ်များ ဆောင်ရွက်ချက်များနှင့် သူတို့အသုံးပြုခဲ့ကြသော လက်နက်ကိရိယာတို့ကိုပါ ပြသထားသည်။

ပြတိုက်သို့ လာရောက်လေ့လာသူများမှာ ပြကွက်တစ်ကွက်ရှေ့တွင်ပင် အချိန်တော်တော်ကြာကြာ မတ်တတ်ရပ်လျက် ကြည့်ရှုလေ့လာကြသည်။ အမျိုးသမီးသူလျှိုများ၏ သမိုင်းကြောင်း လုပ်ဆောင်ချက်များကို လေ့လာဖတ်ရှုကြပြီး သူလျှိုလုပ်ငန်းတွင် အသုံးပြုသည့် လက်နက်ဆန်း၊ ပစ္စည်းကိရိယာဆန်းများကိုလည်း လေ့လာနိုင်သည်။ ဥပမာ Sauer handgun ဆိုသော သေနတ်ဖြစ်သည်။ ဤသေနတ်မှာ ပထမကမ္ဘာစစ် ၁၉၁၄–၁၉၁၈ ခုနှစ်အတွင်းကပင် အသုံးပြုခဲ့သည်။ သေနတ်မှာ သေးငယ်သဖြင့် အမျိုးသမီးတို့၏ အဝတ်အစားအောက်တွင် အလွယ်တကူ ဝှက်၍ ယူသွားနိုင်သည်။ သေးငယ်သော်လည်း အလွန်အသုံးဝင်သော သေနတ်ဖြစ်သည်။ ပြင်းအား မြင့်သည်။

သူလျှိုပြခန်းတွင် အသံဖမ်းစက်အသေးစားများနှင့် အဝေးကြည့်မှန်ပြောင်းများကိုလည်း ပြသထားသည်။ အဝေးကြည့်မှန်ပြောင်းမှာ သတ္တုအညိုဖြင့် ပြုလုပ်ထားပြီး တုတ်ချောင်းသဏ္ဌာန်ဖြစ်သည်။ အဆိုပါတုတ်မှာ အသံဖမ်း၊ အသံလွှင့်စက် ကိရိယာလေး ဖြစ်သည်။

ဗားဂျီးနီးယားဟော Virginia Hall သည် ဒုတိယကမ္ဘာစစ်အတွင်းက သတ္တိ



www.burmeseclassic.com

www.burmeseclassic.com

အရှိဆုံး၊ အပြောင်မြောက်ဆုံးနှင့် အအောင်မြင်ဆုံး သူလျှိုမိန်းမတစ်ယောက် ဖြစ်သည်။ သူမသည် ၁၉၀၆ ခုနှစ်တွင် မွေးပြီး မေရီလင်းပြည်နယ်ရှိ 'ဘယ်တီမိုး'မြို့ရှိ ချမ်းသာသောမိဘများက ဆင်းသက်သည်။

သူမသည် 'ကင်းဘရစ်'ရှိ 'ရဒ်ကလစ်(ဖ်)'ကောလိပ်တွင် နိုင်ငံခြားဘာသာစကားကို သင်ယူလေ့လာခဲ့သည်။ ထို့နောက် နယူးယောက်စီတီရှိ ဘားနဒ်ကောလိပ်သို့ ပြောင်းရွှေ့ပညာသင်ယူခဲ့သည်။

၁၉၃၁ ခုနှစ်တွင် 'ဗာဂျီးနီးယားဟော'သည် ပိုလန်နိုင်ငံ၊ ဝါဆောမြို့ရှိ အမေရိကန်သံရုံးတွင် အလုပ်ရရှိခဲ့သည်။ ထို့မှတစ်ဖန် အက်တိုးနီးယား၊ ဩစတြီးယားနှင့် တူရကီနိုင်ငံသံရုံးများတွင် တာဝန်ထမ်းဆောင်သည်။

'ဟော'သည် မမျှော်လင့်ဘဲ ကြေကွဲစရာ မတော်တဆမှုတစ်ခုနှင့် ကြုံတွေ့ခဲ့ရသည်။ တစ်နေ့သ၌ 'ဟော'သည် အဖော်များနှင့် အမဲပစ်ထွက်စဉ် သူ၏ သေနတ်မှ မတော်တဆ ကျည်ဆန်ထွက်သွားပြီး ခြေထောက်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။ နောက်ဆုံးတွင် ခြေထောက်ဖြတ်လိုက်ရသည်အထိ ဖြစ်သွားသည်။ ခြေတုတပ်ဆင်ရသဖြင့် အလုပ်က ထွက်လိုက်ရသည်။ အလုပ်ထွက်ရသော်လည်း အလွတ်သဘောကူညီမှုကို ဆက်လက်ဆောင်ရွက်ပေးသည်။

ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားချိန်တွင် 'ဟော'သည် ပြင်သစ်နိုင်ငံတွင် ရောက်ရှိနေသည်။ သူမသည် ပြင်သစ်စစ်တပ်ထဲသို့ ဝင်ရောက်အမှုထမ်းသည်။ သူ၏တာဝန်မှာ ဆေးရုံကားမောင်းရသည်။ နောက်ဆုံးတွင် ဂျာမန်တို့၏ ဖမ်းဆီးချုပ်နှောင် သတ်ဖြတ်ခြင်းခံရမှုမှ လွတ်မြောက်သွားသည်။ ဗြိတိန်သို့ ရောက်ရှိသွားသောအခါ ဗြိတိန်လျှို့ဝှက်ထောက်လှမ်းရေးတွင် တာဝန်ထမ်းဆောင်ရန် ကမ်းလှမ်းခံခဲ့ရသည်။ ဂျာမန်တော်လှန်ရေးဖြစ်သဖြင့် သူမ လက်ခံခဲ့သည်။ 'ဟော'တို့အဖွဲ့သည် ဂျာမန်တို့ သိမ်းပိုက်ထားသော နယ်မြေများတွင် မြေအောက်ထောက်လှမ်းရေးကို ဆောင်ရွက်ကြသည်။

'ဟော'သည် လက်နက်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်း၊ ဆက်သွယ်ရေးသင်တန်း၊ လုံခြုံရေးသင်တန်း အသီးသီး တက်ရောက်ပြီးနောက် ဂျာမန်တို့ သိမ်းပိုက်ခံထားရသော ပြင်သစ်ပြည်တွင်းသို့ ပြန်လည်ပို့ဆောင်ခြင်းခံရသည်။ သူမသည် ပြင်သစ်နိုင်ငံ၊ လိုင်ယွန်မြို့တွင် ဆက်သွယ်ရေးဌာနတစ်ခုကို တည်ထောင်လိုက်သည်။ ထိုနေရာမှပင် လေယာဉ်မောင်းသမားများ၊ အကျဉ်းသားများကို ဂျာမန်တို့လက်မှ ကယ်တင်နိုင်ခဲ့သည်။ အအောင်မြင်ဆုံး အစီအစဉ်ကို ချနိုင်ခဲ့သည်။ 'ဟော'သည် အသက်ပေါင်းများစွာကို ကယ်တင်ခဲ့သည်။

သူမသည် ပြင်သစ်မှ ဆောင်းရာသီတွင်းမှာပင် လွတ်မြောက်ခဲ့ပြီး စပိန်နိုင်ငံတွင် ခေတ္တခိုလှုံနေထိုင်ရင်းဖြင့်ပင် ပြင်သစ်ပြည်ကို ပြန်လည်ထောက်လှမ်းခဲ့သည်။ ဤအကြိမ်တွင်မူ 'မစ္စဟော'သည် အမေရိကန်ပြည်ထောင်စု၏ မဟာဗျူဟာဌာန၏ အမှုထမ်းဖြစ်၍နေချေပြီ။

'ဗာဂျီးနီးယားဟော'သည် လယ်သမားတစ်ဦးအသွင် ဝတ်ဆင်သည်။ ဂျာမန်စစ်တပ်၏ လှုပ်ရှားမှုကို ထောက်လှမ်းသတင်းပို့သည်။ ဆိတ်ကျောင်းသမားပြုလုပ်ရင်း တော်လှန်ရေးရဲဘော်များနှင့် ဆက်သွယ်စည်းရုံးသည်။ သူမ၏ ခြေတုကြီးကို အဝတ်ထူထူထဲထဲဖြင့် အမြဲဖုံးကွယ်ထားလေ့ရှိသည်။ သူမ၏ခြေတုကိုကြည့်ရုံဖြင့်ပင် ဂျာမန်တို့က 'မစ္စဟော' မှန်း အလွယ်တကူသိနိုင်သည်။ တချို့က ဂျာမန်သိမ်းပိုက်ထားသော နယ်မြေတွင် အလွန်ကြောက်စရာအကောင်းဆုံးသော ရန်သူထောက်လှမ်းရေးသ ဟု ပြောဆိုမှုပင် ခံရသည်။

တော်လှန်ရေးသမားများကို သူမ စည်းရုံးနိုင်ခဲ့သဖြင့် ကြီးမားသော အောင်မြင်မှုများ ရရှိခဲ့သည်။ ဂျာ[illegible] သက်နက်ချပြီး ပြင်သစ်မှ ဆုတ်[illegible]သာအခါ ဂျာမန်တပ်သားများစွာ အသ[illegible]ခံသည်။

'မစ္စဟော'တို့သည် ရ[illegible]င်းများစွာသော အကျဉ်းသား စစ်သ[illegible]တို့ကို ခေါ်ဆောင်သွားသည်။ လမ်းခရီးတွင် တွေ့ရှိရသော တံတား(၄)စင်းကို ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ထို့ပြင် သူတို့သည် ဆက်သွယ်ရေးလိုင်းများကိုပါ ဖျက်ဆီးပစ်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု[illegible] 'ဗာဂျင်းနီးယားဟော'ကို အမြင့်ဆုံးဆု[illegible] ချီးမြှင့်သည်။ ထိုအချိန်သည် [illegible]ကမ္ဘာစစ်ကြီး ပြီးဆုံးနေပေပြီ။ ဤအမြင့်ဆုံး ဆုတံဆိပ်ရရှိသူသည် အရပ်သူအမျိုးသမီးထဲမှ စစ်ဘက်ဆိုင်ရာဆုရသူ [illegible] တစ်ဦးတည်းသာ ရှိသည်။

အမျိုးသမီးများသည် သူလျှို(ဝင်[illegible]) လုပ်ခြင်း ဓလေ့သည် အမေရိကန်သမိုင်းတွင် စောစီးစွာကပင် ရှိနေခဲ့ပြီးဖြစ်သည်။ အမေရိကန်လွတ်လပ်ရေးတိုက်ပွဲကာလ ဗြိတိန်နှင့် စစ်ဖြစ်စဉ်ကပင် သူလျှိုများရှိနေပြီဖြစ်သည်။ ဥပမာ ဆိုကြပါစို့။ ဗိုလ်ချုပ်ကြီး ဂျော့ဝါရှင်တန်သည် အမျိုးသမီးတစ်ဦးထံမှ သတင်းအချက်အလက်ကို ရယူသုံးစွဲခဲ့သည်။ သူလျှိုစကားဖြင့် "Three Hundred and Fifty Five"ဟု ခေါ်သည်။ အဓိပ္ပာယ်မှာ 'Woman'ဟူ၍ ဖြစ်သည်။ အမေရိကန်တော်လှန်ရေး ကာလတစ်လျှောက်လုံးအသုံးပြုခဲ့သော လျှို့ဝှက်စကားလုံး ဖြစ်လေသည်။ သမိုင်းပညာရှင်တို့က 'မစ္စဟော'သည် ဗြိတိန်တော်ဝင်မျိုးနွယ်မှ ဆင်းသက်လာသည်ဟု ယုံကြည်ကြသည်။ သူမသည် ထောက်လှမ်းရေးသတင်းများ၊ လူမှုရေးသတင်းများကို



www.burmeseclassic.com

www.burmeseclassic.com

စုဆောင်းပြီး ဗိုလ်ချုပ်ကြီး ဂျော့ဝါရှင်တန်ထံသို့ ဆက်သွယ်ပေးပို့ပေးခဲ့သည်။ ဝမ်းနည်းစရာကောင်းသည်မှာ ဗြိတိသျှတို့က 'မစ္စဟော'ကို ၁၇၈၀ ခုနှစ်တွင် ဖမ်းဆီးလိုက်သည်။ သူမသည် အကျဉ်းသားဘဝဖြင့် သေဆုံးခဲ့ရသည်။ မသေဆုံးမီအချိန်ကလေးတွင် သားတစ်ယောက်ကို မွေးဖွားပေးခဲ့သည်။

နောက်ရာစုနှစ်အကူးတွင် Harrien Tubman ဆိုသူ အမျိုးသမီးသူလျှိုတစ်ယောက် ပေါ်ထွန်းခဲ့သည်။ သူမသည် မူလက ကျွန်တစ်ယောက်ဖြစ်ခဲ့သည်။ သို့သော် အမေရိကန်ပြည်တွင်း စစ်ပွဲအတွင်းတွင် သူလျှိုတို့လုပ်ဆောင်ရမည့် လုပ်ငန်းအားလုံးကို သူမတာဝန်ယူ ဆောင်ရွက်ခဲ့သည်။ 'မစ္စတပ်မင်'သည် အာဖရိကန်–အမေရိကန် ကပြားဖြစ်သည်။ ၁၈၄၉ ခုနှစ်တွင် မေရီလင်းပြည်နယ်ရှိ ကျွန်ပိုင်ရှင်ထံမှ ထွက်ပြေးလွတ်မြောက်ခဲ့သည်။

ထို့နောက်တွင် သူကဲ့သို့ ကျွန်ပိုင်ရှင်များထံမှ ထွက်ပြေးလွတ်မြောက်လိုသော ကျွန်ပေါင်း ၁၀၀ ကျော်တို့အား လွတ်မြောက်အောင် ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ သူတို့အုပ်စုသည် အမေရိကန်ပြည်ထောင်စု ပြည်နယ်များဆီသို့ ချီတက်ခဲ့သည်။ အဆိုပါနေရာများသည် ကျွန်များမသွားရသည့် ကန့်သတ်နယ်မြေများဖြစ်သည်။ သို့သော် 'မစ္စတပ်မင်'သည် အဆိုပါချီတက်ပွဲ နှစ်ဆယ်ကျော်ကို ခေါင်းဆောင်ခဲ့သည်။ တစ်ချိန်တွင်မူ သူမအား အသေသော်လည်းကောင်း၊ အရှင်လတ်လတ်သော်လည်းကောင်း ဖမ်းဆီးပေးနိုင်သူက ဆုတော်ငွေ ဒေါ်လာ ၄၀၀၀၀ ပေးမည်ဟု ဆုငွေထုတ်ဖူးသည်။

အမေရိကန်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့ ဖြစ်ပွားသော ပြည်တွင်းစစ်သည် ၁၈၆၁ ခုနှစ်တွင် စတင်ခဲ့သည်။ စစ်ပွဲစလျှင်စခြင်းမှ 'မစ္စတပ်မင်'သည် ကြောက်မက်ဖွယ်ရာ ရန်သူတပ်တွင်းသို့ ဝင်ရောက်ကာ မြောက်ပိုင်းသားတို့အတွက် စပိုင်သူလျှိုလုပ်ပေးခဲ့သည်။ ပြည်ထောင်စုစစ်တပ်အတွက် တောင်ပိုင်းတပ်တို့၏ လှုပ်ရှားမှုကို စုံစမ်းထောက်လှမ်း သတင်းပေးခဲ့သည်။

ပြည်သူအများက သူမကို တစ်ခါတစ်ရံတွင် "General Tubman"ဟူ၍ပင် ခေါ်ကြပါသည်။

Josephine Baker သည် အာဖရိကန်–အမေရိကန်ကပြား အဆိုတော်နှင့် အကာဝိဇ္ဇာ ဖြစ်သည်။ ၁၉၀၆ ခုနှစ်တွင် မွေးဖွားသည်။ သူမ၏ဇာတိမှာ မစ်ဆူရီပြည်နယ်၊ စိန့်လူးဝစ္စမြို့ဖြစ်သည်။ သူမ၏ အလှနှင့် အနုပညာမြောက်မှုကြောင့် ပြည်သူအများက ချီးမွမ်းဂုဏ်ပြုကြသည်။ သို့သော် သူမသည် ဤသို့ချီးမွမ်းမှုမှာ ထာဝရတည်မြဲမှုမရှိနိုင်ဟု ယုံကြည်ထားသည်။ ထို့ကြောင့် ၁၉၂၅ ခုနှစ်တွင် ပြင်သစ်သို့ ထွက်ခွာခဲ့သည်။ ပြင်သစ်တွင် သူမ၏စီစဉ်တင်ဆက်မှုသည် အပြည်ပြည်ဆိုင်ရာအထိ ကျော်ကြားသွားသည်။

မစ္စဘေကာ ပြင်သစ်တော်လှန်ရေးလှုပ်ရှားမှုကို ဒုတိယကမ္ဘာစစ်ကြီး စတင်သောအခါတွင် စတင်လုပ်ကိုင်ခဲ့သည်။ သူမသည် အမိန့်များ၊ မြေပုံများကို ဂျာမန်များသိမ်းပိုက်ထားသော နယ်မြေအတွင်းရှိ တော်လှန်ရေးသမားများထံသို့ ပို့ဆောင်ပေးသည်။ အမိန့်စာများကို သူမ၏ ဂီတမှတ်စုစာရွက်များပေါ်တွင် မမြင်နိုင်သောမင်ဖြင့် ရေးသား၍ ယူဆောင်လေ့ရှိသည်။ မမြင်နိုင်သော မင်သုံးသဖြင့် အမိန့်စာများကို အထူးတလည် သိဝှက်စရာမလိုတော့ချေ။ နိုင်ငံခြားရေးရာ အရာရှိများသည် အလွန်ကျော်ကြား၍ နာမည်ကြီးလှသော မင်းသမီးကို တွေ့ရသဖြင့် နှစ်ထောင်းအားရဝမ်းသာမှု ဖြစ်ပေါ်နေမှုကြောင့် သူမကိုစစ်ဆေးရန် ပျက်ကွက်မှုများ ဖြစ်ရသည်။

Julia Child သည် အမေရိကန်ပြည်ထောင်စု၏ နာမည်အလွန်ကျော်ကြားသော အချက်အပြုတ်ဆိုင်ရာ ကျွမ်းကျင်သူဖြစ်သည်။

သူမသည် ဒုတိယကမ္ဘာစစ်အတွင်းက ထောက်လှမ်းရေး မဟာဗျူဟာနှင့် ဆက်သွယ်ခဲ့သည်။ မစ္စချိုင်းသည် အမေရိကန် ရေတပ်မတော်၏ အခက်အခဲပြဿနာကို ကူညီဖြေရှင်းပေးနိုင်ခဲ့သည်။

အကြောင်းမှာ ငါးမန်းများသည် အမေရိကန်တို့ထောင်ထားသော ရေအောက်ဗုံးများအနီးတွင် ကူလူးသွားလာနေကြသည်။ ထို့ကြောင့် ပစ်မှတ်ရှိရာ ဂျာမန်ယူဘုတ်ဆီသို့ မရောက်မီ ပေါက်ကွဲသဖြင့် ဗုံးများဆုံးရှုံးရသည်။ 'ဂျူလီယာချိုင်း'သည် ရေမြုပ်ဗုံးများ အနီးအပါးသို့ ငါးမန်းများ မလာရဲအောင် 'အရာဝတ္ထု'တစ်ခုကို တီထွင်ဖန်တီးလိုက်သည်။

Sheila Martin အမေရိကန် အမျိုးသမီး စစ်မှုထမ်းအဖွဲ့၏ ခေါင်းဆောင်အဖြစ် ဆောင်ရွက်သည်။ မစ္စမာတင်သည် အမျိုးသမီးရေတပ်တပ်ဖွဲ့သို့ ဒုတိယကမ္ဘာစစ်အတွင်းက ဝင်ရောက်ခဲ့သည်။ ထိုအချိန်က သူမမှာ အသက် ၂၀ မျှသာရှိသေးသည်။ သူမသည် ဂျပန်တို့၏ ရာသီဥတုဆိုင်ရာသတင်းများကို အင်္ဂလိပ်ဘာသာဖြင့် ပြန်လည်ဖော်ထုတ်ပေးခြင်းဖြင့် ကူညီပေးသည်။

ဧည့်သည်တစ်ဦးက 'မစ္စမာတင်'အား ခင်ဗျားတို့ မိန်းမသားဖြစ်လျက်နဲ့ ထောက်လှမ်းရေးအလုပ်ကို လုပ်ဖို့ ဘယ်လိုစိတ်ကူးများ ရလို့ပါလဲဟုမေးရာ 'မစ္စမာတင်'က မိန်းမသားတွေဆိုတာ အကူအညီပေးချင်တဲ့သူတွေ မဟုတ်လားလို့ အဖြေပေးခဲ့ပါသည်။

အောင်ကြည်ညွန့်(တက္ကသိုလ်)

*Ref;*

American Mosaic မှ Women Spies ကို ဘာသာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com


# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်လျှင် ဒီဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာ့နည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့်ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့လာရောက်လေ့လာနိုင်ပါသည်။ (နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအတွက် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်။ ။ လိပ်ခေါင်းရောဂါသည် စားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။**

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန် (လိပ်ခေါင်းအထူးကုပိဋ္ဌာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**

အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၄၃၀၅၂၁၀၂
၁၃-၁၄လမ်းကြား၊ ၈၀-၈၁ လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅



ထောက်ခံချက် - စ၁/ ၀၉၃၄၈/ထလ

® Vital

ဗိုက်တယ် သောက်ရေသန့်

Purified drinking water

20 Litre

Product of Myanma

[illegible] (၁၉)၊ အခန်း (၇) [illegible] (၆) ရပ်ကွက်၊ [illegible] ရန်ကုန်တိုင်း။ ဖုန်း-၀၉ ၀၀၃ [illegible]

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အရိပ်တစ္ဆေ

■ မြမြလှိုင်

လီယွန် . . . ။

အထက်တန်းကျကျ မှည့်ခေါ်ထားသည့် နာမည် 'ဇိုဟို'။

မဟာအမျိုးအနွယ်တို့၏ လူယုံ၊ သို့မဟုတ် ဘဏ္ဍာစိုးတစ်ဦး ဖြစ်သည်။ တာဝန်တစ်ခုအတွက် သူခရီးထွက်ရဦးမည်။ အကြွေးစာရင်းမှတ်ထားသည့်စာရွက်၊ စာချုပ်များကို အိတ်အနီထဲတွင် သေသေချာချာထည့်ကာ ခါးတွင် တင်းတင်းကျပ်ကျပ် ပတ်ချည်လိုက်သည်။ အဆင်သင့် ပြင်ထားသည့် မြည်းတစ်ကောင်နှင့်ဆွဲသော စွပ်ဖားပေါ်တက်ထိုင်ကာ မြင်း၏တင်ပါးကို ကြာပွတ်နှင့် ခတ်ဆတ်ဆတ်ရိုက်ကာ အချက်ပေးပြီး ပြေးစေခိုင်းသည်။

သီးစားပေးပြီး အကြွေးများ ချထားသည့် လယ်သမားတွေ ရှိရာသို့ သူသွားရမည်။ ငွေကြေးတောင်းသည့်အခါတွင် အဆင်မပြေစရာ လမ်းမရှိဟု သူမျှော်လင့်ထားသည်။ ဇိုဟိုမိသားစုအတွက် "လီယွန်"က လုပ်ဆောင်ပေးရမည် ဖြစ်သည်။

ယခုတော့ မမျှော်လင့်ဘဲ အဆင်မပြေမှုကို ကြုံရသည်။ ငွေကြေးလှည့်လည် တောင်းခဲ့သော်လည်း အလုံးစုံ အဆင်ပြေမှုကို မရခဲ့ပေ။ အထူးသဖြင့် အဘိုးကြီး 'ဘာအို'က တော်တော်လေး စိတ်ဒုက္ခပေးလိုက်သည်။ 'ဘာအို'၏ လုပ်ရပ်တွေအားလုံးက သူ့စိတ်ကို ဒေါသဝင်စေသလို၊ လမ်းခရီးအတွက် နှောင့်နှေးမှုကိုလည်း ဖြစ်စေသည်။

နှစ်ပေါင်းများစွာ ယူထားတဲ့ အကြွေး၊ စာရင်းစာအုပ်ထဲမှာ အရင်းမပြောနှင့် အတိုးပါ ထပ်နေပြီ။ ဆွေမျိုးစဉ်ဆက် ဆယ်ကမ္ဘာဆပ်တာတောင် ကျေနိုင်မည့်ပုံမပေါ်။ ခပ်စောစောပိုင်းက လီယွန်၏ အစီအစဉ်မှာ 'ဘာအို'တို့ရွာတွင် ကြာကြာလေးနေမည်။ သည်လမ်း သည်ခရီးတွေက သူရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်သည်။

အစားအစာ ပေါများသည်၊ နေလို့ထိုင်လို့ ကောင်းသည်။ လမ်းပန်းခရီးကလည်း ဘာမှ မစိုးရိမ်ရ။ သည်လို သူထင်ထားခဲ့သမျှ အားလုံးကပြောင်းပြန်ဖြစ်ကုန်သည်။ အကြွေးကလည်း တောင်းလို့မရ၊ ရာသီဉတုကလည်း ဆိုးလာသည်။ 'ဘာအို'တို့ရွာတွင် လီယွန်ဆက်ပြီး နေချင်စိတ်မရှိတော့ပေ။ သူပြန်ထွက်လာခဲ့သည့် အချိန်တွင် မှောင်စပျိုးပြီ။ နှင်းမှုန်တို့ တဖွဲဖွဲနှင့် သိပ်သိပ်သည်းသည်း ကျလာသည်။

"ကျွန်တော် နောက်နှစ်ဆို အတိုးကော အရင်းပါ ကျေအောင်ဆပ်ဖို့ ကြိုးစားပါမယ် ဘဏ္ဍာစိုးကြီးရယ်။ သူဌေးကို နားလည်အောင် ပြေပြေလည်လည် ပြောပေးပါဗျာ"

"မင်း ငါ့ကို ဒေါသဖြစ်အောင် တော်တော်လုပ်တာပဲ ဘာအိုရယ်။ တစ်ခေါက်တစ်ခေါက် လာရသွားရတာက လွယ်တာမဟုတ်ဘူး။ အကြွေးတွေလည်း များလွန်းလို့ မင်းရဲ့သွေးထဲမှာတောင် အကြွေးကရေနေပြီ။ တစ်သက်လုံး လူမွေးလူတောင် ပြောင်မယ့်ကောင် မဟုတ်ဘူး"

စိတ်ရှိသလောက် မိုက်မိုက်ရိုင်းရိုင်းကို လီယွန်ပြောပစ်လိုက်သည်။ ကြွေးစာရင်းစာချုပ်များကို အိတ်တွင် မြဲမြံစွာထည့်ပြီး ခါးမှာ ပတ်ချည်ကာ လှည်းပေါ် တက်ထိုင်



www.burmeseclassic.com

www.burmeseclassic.com

သည်။ မြည်းကို ကြာပွတ်နှင့် ဆတ်ဆတ်ရိုက်ပြီး ဒေါသနှင့်အတူ မောင်းထွက်လာခဲ့သည်။

"မင်းတွေးတော့ တော့အောင်မဆပ်ဘဲ ငိုတော့မလိုလို၊ ရယ်တော့မလိုလို လုပ်ပြနေသေးတယ်။ သွားတောင်းတိုင်း အမြဲတမ်း အချိန်ဆွဲတယ်။ ငါ့ကိုများ စာနာစိတ် မရှိဘူးတဲ့။ ဓားပြတိုက်ပေးရမလား၊ မိန်းမနဲ့သမီးကို ရောင်းပြီး ဆပ်ပေးရမလားတဲ့။ မဖြစ်နိုင်တာတွေ လျှောက်ပြောပြီး ဟိုရက်ရွှေ့ သည်ရက်ရွှေ့နဲ့"

လာရင်းက ဘာအိုး၏အကြောင်းကို စဉ်းစားလာသည်။ ပါးစပ်တွင်းရှိ ဆေးတံမှ ပြာကိုခါပြီး ဆေးမှုန့်ထည့်ကာ မီးညှိပြီး ဖွာလိုက်သည်။ နှင်းတောထဲတွင်ဖြတ်လာ၍ အနည်းငယ် နွေးသွားသည်။

"ဘဏ္ဍာစိုးကြီး ဒီည မပြန်ဘဲနေဖို့ ကောင်းတယ်။ နှင်းတွေကလည်း သိပ်ကျတာဘဲ"

"မနေဘူး၊ မနေဘူး။ မင်းနဲ့တစ်စက္ကန့်တောင် မျက်နှာချင်းမဆိုင်ချင်တော့ဘူး။ သည်လမ်းတွေ ငါနှစ်ပေါင်းသုံးဆယ်လောက် သွားလာခဲ့တာ။ မျက်စိမှိတ်ပြီးသွားရင်တောင် လမ်းမှားစရာ မရှိဘူး"

ဘာအိုအား အရွဲ့တိုက်ပြီး လီယွန် ထွက်လာခဲ့ခြင်းပင်။ နှင်းများ ပိုပြီး ကျလာသည်။ တစ်ခါတလေ ဖြတ်ပြေးသွားသော တောခွေးများပင် နှင်းတွေဖုံးနေပြီး ဆက်သွားဖို့ ဆန္ဒမရှိကြဘဲ လှည့်ပြန်ပြေးကြသည်။ ရာသီဥတုကတော့ အမှန်တကယ်ပင် ဆိုးဝါးလာသည်။

"မင်းလူတွေ ငါ့ကို အသက်ကြီးလာတော့ သိပ်မလေးစားချင်ကြတော့ဘူး။ ဟိုတုန်းကများဆို ဒီလိုဘယ်ဆက်ဆံရဲကြပါ့မလဲ။ အကြွေးတောင်းလို့ မရရင် ငါ့လက်ထဲက တုတ်နဲ့ နာနာရိုက်တဲ့ဒဏ်ကို မခံနိုင်ကြလို့ ပေးကြရတာပဲ မဟုတ်လား။ သူဌေးဆို ငါ့ကို သိပ်သဘောကျတာ။ ကြွေးမပေးချင်တဲ့ကောင်တွေကို ကြိုးနဲ့တုပ်၊ ကြာပွတ်နဲ့ရိုက်နှက်ဖမ်းဆီးခေါ်လာခဲ့ပြီဆိုရင် ဒင်းတို့မိသားစုတွေ မနေနိုင်ကြတော့ဘူး။ မရှိရှိတာ ကြံဖန်ရှာပြီး လာရွေးကြရတာပဲ မဟုတ်လား။ အသေအလဲရိုက်ရင် ဖိမ့်ဖိမ့်တုန်အောင် ကြောက်တဲ့ကောင်တွေက ခုတော့ ဟင်း . . "

အသက်အရွယ် ကြီးရင့်လာရသည့်အဖြစ်ကို စိတ်မာတ်ကျမိသည်။ ဟိုတုန်းက လီယွန်ကို အလုပ်ရှင်က လွန်စွာ အားထားခဲ့သည်။

"လီယွန်ကတော့ဟေ့ . . . တို့အတွက် မြေကြီးထဲက ရွှေရအောင်ကို စွမ်းဆောင်ပေးနေတာပဲ . . "

သည်လိုအပြောနှင့် ချီးမွမ်းစကားတွေကို သူ သာယာခဲ့သည်။ ပြောသလိုလည်း ဖြစ်လေသည်။ နှစ်စဉ် သီးစားချထားသည့် အကြွေးကို အပြည့်အဝရအောင် သူတောင်းပေးနိုင်ခဲ့သည်ပင်။ ယခုတော့ အတိတ်ကို ပြန်လည်တမ်းတစိတ်က ရင်ကို နွမ်းမေ့လာသည်။ ဖြစ်နိုင်လျှင် ငယ်ဘဝကို ပြန်သွားချင်သည်။ မရတော့ပေ။ အသက်အရွယ်ရလာသည်နှင့်အမျှ ဖျတ်လတ်သွက်လက်မှုကလည်း မရှိတော့၊ သူ့ကိုအားထားသည့် အလုပ်ရှင်တွေကလည်း အပြစ်ဆိုလာပြီ။ သူနှင့် သက်ဆိုင်သည့် ရွာတွေက ရရှိမည့်ငွေ ကြွေးတွေလည်း ကျဆင်းလာသည်။

လီယွန်နေရာအစား တခြားငယ်ရွယ်သူ တစ်ဦးဦးကို လူစားတိုးဖို့ စဉ်းစားနေကြသည်ကို လီယွန်သိသည်။ သိတတ်စအရွယ်ကတည်းက မြေရှင်ယာရှင်တွေဘက်မှ မားမားမတ်မတ်ရပ်တည်ပြီး ဆင်းရဲသားစာရင်ငှား လယ်သမားတွေ၏ ထမင်းခွက်ထဲမှ အလုအယက် သူနှိုက်ပေးခဲ့သည်။ အကယ်၍သာ ယခုအချိန်အခါမှ 'ဗိုဟို'မိသားစုအတွက် ဝင်ငွေကို ကောင်းကောင်းရှာပေးနိုင်သေးလျှင် သူ့အလုပ်အတွက် စိုးရိမ်စရာမလိုပေ။ ဖြစ်နိုင်အောင် ကြိုးစားရမည်။ တွေးရင်း 'ဘာအို'ကို သူဒေါသထွက်မိသည်။ အရင်တုန်းကလို ကြိုးနဲ့ချည်၊ တုတ်နဲ့နာနာရိုက် ညှဉ်းဆဲပြီး မတောင်းဘဲ နေ့ရွှေ့ ညရွှေ့ အချိန်ဆွဲတာကို သူလက်ခံမိ၍သာ ယခုလိုဖြစ်ရသည်။

ဗိုဟိုမိသားစု မြေရှင်ကြီးတွေကတော့ သူ့ကို သက်ညှာထောက်ထားလိမ့်မည်ဟု သူထင်သည်။ ရင်ထဲမှာလည်း ဆုတောင်းမိသည်။ နှစ်ပေါင်းသုံးဆယ်ကျော် အလုပ်အကျွေးသူပြုခဲ့သည်။ နှင်းဖုံးပြီး အေးခဲ့သ



www.burmeseclassic.com

www.burmeseclassic.com

သည့် ဆောင်းရာသီအချိန်ကိုပင် သူ မရှောင်ဘဲ ခိုင်းသည့်နေရာ မှန်သမျှကို သူသွားခဲ့သည်။ အရိုးခိုက်ခိုက် တုန်နေပါစေ၊ ရောက်အောင်သွားပြီး၊ ရအောင်သူတောင်းသည်။ သူ့ကိုယ်ကျိုးကို ဘာမှမကြည့်ဘဲ လုပ်ပေးသည်။ လယ်သားတွေ ဘယ်လိုပဲ ဒုက္ခရောက်ရောက် သူမမှု။

သူ့အလုပ်ရှင်အပေါ် သစ္စာရှိသည်။ ရာသီဥတု၏ အအေးဒဏ်က ပိုပြီးဆိုးလာသည်။ နှင်းခဲတွေ ကျလာသည်။ ဖွေးဖွေးထနေသည်။ ရှေ့ကိုလှမ်းကြည့်လျှင် ဆယ်ပေထက် ပိုပြီး မမြင်နိုင်။ ကောင်းကင်ကို မော့ကြည့်သည်၊ ဘာမျှမမြင်ရ။ တဖွဲဖွဲကျနေသည့် နှင်းမှုန်တွေက ဖုံးလွှမ်းနေသည်။ လီယွန်သည် အင်္ကျီမှ ခါးစည်းကြိုးကို ပိုပြီးတင်းကျပ်အောင် ဆွဲချလိုက်သည်။ လမ်းပေါ်တွင် နှင်းထုက နှစ်ပေလောက်ရှိသည်။ လီယွန်၏လှည်းမှာ မြင်းတစ်ကောင်အားနှင့် မနည်းရုန်းရသည်။ သူ့အိမ်ရှိရာ ရွာဘက်သို့ပြန်မည့် အမှတ်အသားပြုလုပ်ထားသော သစ်ပင်ကို ရှာကြည့်သည်။ မတွေ့ရ။

လေက မညှာမတာ တိုက်လာသည်။ နှင်းမှုန်တို့မဟုတ်ဘဲ နှင်းခဲတွေက တဖြုတ်ဖြုတ် ကြွေလာ၍ မျက်စိလည်ကာ လမ်းမှားစရာ ဖြစ်လာသည်။

မြင်းတစ်ကိုယ်လုံးတွင်လည်း နှင်းခဲတွေ ပိတော့မည်။ ရှေ့ကိုမျှော်ကြည့်သည်၊ မတွေ့။ ဘာလမ်းစမှ ရှာမတွေ့။ သောက်လက်စ ဆေးတံပင် မီးမရှိတော့။ မီးထပ်ညှိသည်။ မီးမစွဲ။ နှင်းခဲနှင်းထုနှင့် အေးစိမ့်နေသည်။ နောက်ထပ် ကြိုးစားပြီး မီးညှိသည်။ ခက်ခက်ခဲခဲမှ ရလာသည့် မီးတောက်လေးကို အားခဲပြီး ဆေးတံ မီးညှိလိုက်ရသည်။ အငွေ့ကို အားပါးတရ ရှိုက်ဖွာလိုက်၍ တစ်ကိုယ်လုံး နွေးသွားသလိုပင်။

'ဘာအို'ကြောင့် ဖြစ်ရခြင်းပင်။ ချမ်း၍လား၊ ဒေါသဖြစ်၍လားတော့ မသိ၊ လီယွန်၏ ခန္ဓာကိုယ်တစ်ခုလုံး တုန်ခါနေသည်။ အသွေးအသား အကြောအခြင်ထဲကအစ တုန်နေသည်။ သူ့တစ်ကိုယ်လုံး **အတွယ်အကာမဲ့ပြီး၊ ပတ်ဝန်းကျင်တွင် မကောင်းဆိုးဝါးတို့၏ အန္တရာယ်ကို ရနေသလိုပင်။**

သူ့အသက်အန္တရာယ်ကို စိုးရိမ်လာမိသည်။ ကြောက်ရွံ့ထိတ်လန့်မှုကြောင့် နှလုံးသွေး ခုန်နေသည်။

"ဟား . . . ဟား . . . ဟား ဘယ်လိုလဲ ဘဏ္ဍာစိုးကြီးရဲ့၊ နောက်နှစ်တွေအတွက် အကြွေးတောင်းဖို့ ခင်ဗျားရှိပါဦးမလား"

ဘာအို၏ အားပါးတရ အော်ဟစ်ရယ်မောသံကို လီယွန်၏နားထဲတွင် ကြားလိုက်ရသည်။ ဘာအိုများ လိုက်လာပြီး သူ့ကို ရန်ပြုလေမလား။ ဘာအိုနှင့်တွေ့လည်း ကောင်းသည်။ မရရအောင် ကြွေးကိုထပ်တောင်းမည်။ ဒါမှ သူ့အလုပ်ရှင်တွေထံ အပြန်မျက်နှာပန်းလှမည်။

"ဟား . . . ဟား . . . ဟား"

ရယ်သံ ထပ်ကြားရပြန်သည်။ သူဟစ်အော်ခေါ်လိုက်သည်။ ရယ်သံပျောက်သွားသည်။ လီယွန်စိတ်ဆိုးလာသည်။ နှင်းခဲတို့က သူ့မျက်နှာကို ဖြတ်ရိုက်သွားသည်။ အသံမျိုးစုံက ပတ်ပတ်လည်တွင် မကြားတစ်ချက် ကြားတစ်ချက်။ လီယွန်၏ ရွာရှိရာသို့ ပြန်မည့်လမ်းစကိုလည်း ရှာမတွေ့ဖြစ်နေသည်။

"လီယွန် . . . လီယွန် . . မင်းအတွက် အန္တရာယ်ဆိုးက ဝါးမျိုဖို့လာနေပြီ . . . ဟား . . . ဟား"

"ဘာအို . . . ဘာအို . . . **မကောင်းဆိုးဝါးကောင် ထွက်လာခဲ့လေ"**

"မင်း . . . လမ်းပျောက်နေပြီ မဟုတ်လား"

"ဟော့ . . . ဒီနေရာဟာ နှစ်ပေါင်းများစွာ ငါသွားလာခဲ့တဲ့လမ်း။ ဘယ်လိုသွားသွား မှတ်မိတယ်။ မင်းရဲ့အကြွေးကို မရရအောင် ကြိုးနဲ့နာနာချည်ပြီး ရိုက်နှက်တောင်းပြမယ်"

သွားနေသည့် မြင်း၏အရှိန်ကို တုံ့ဆွဲလိုက်၍ လှည်းကရပ်သွားသည်။ လီယွန် လှည်းပေါ်မှ ဆင်းလိုက်သည်။ နှင်းထုက ဒူးခေါင်းအထိနစ်သည်။ ကိုယ်ပေါ်တွင်ရှိ နှင်းမှုန်နှင်းခဲတို့ကို လှုပ်ခါလိုက်သည်။ ဘေးပတ်ဝန်းကျင်တွင် မည်သူမျှ မရှိ။ အားလုံး ဆိတ်ငြိမ်ကာ တိတ်ဆိတ်ပြီး သူနှင့်မြင်းတစ်ကောင်

www.burmeseclassic.com

သာ သက်ရှိသတ္တဝါရှိသည်။

ဟိုကြည့်သည်ကြည့် လျှောက်ကြည့်၍ အိမ်အပြန်လမ်းစကို သူမှန်း၍မရ၊ စိတ်ဖောက်ပြားနေသလို ခံစားရသည်။ ဦးထုပ်ဆောင်းပြီး အုပ်ထားသည့် နားရွက်နှစ်ဖက်ကိုပင် လေက စိမ့်အေးနေအောင် တိုးထိလာသည်။ သူ့မျက်လုံးဒေါနှံ့က မကြည်လင်။ အားလုံး ယိမ်းထိုးလှုပ်ရှားနေကြသည်။

"ဟေး . . . ဟေး . . . ဟေး"

အော်ဟစ်ခေါ်သံလိုလို၊ ခြိမ်းခြောက်သံလိုလို သူကြားရသည်။ လီယွန်က အော်ပြီးအသံပြုလိုက်သည်။ ပဲ့တင်သံပင် မကြားရ။ နှင်းခဲတို့ လိမ့်ဆင်းပြိုကျလာသော အသံများပင် ဖြစ်သည်။ သူ့အနားတွင် ညဥ့်ငှက်တစ်ကောင်တလေတောင် ဖြစ်ပျံသွားခြင်း မရှိ။

နှင်းတောထဲတွင် ခက်ခက်ခဲခဲ ရွေ့တိုးလျှောက်ပြီး လှေ့လာလိုက်သည်။ မျှော်လင့်ချက် မဲ့ပြီ။ ခေါင်းမှာ ပူထူလာပြီး နှလုံးသွေး အခုန်မြန်လာသည်။ လှည်းပေါ်ပြန်ထိုင်လိုက်ပြီး ကြာပွတ်နှင့် မြင်းကိုရိုက်ပြီး အချက်ပေးကာ သွားခိုင်းလိုက်သည် အထိမ်းအမှတ်ထားသည့် သစ်ပင်ကို မတွေ့တွေ့အောင် ရှာရမည်။ သူဒီလို ခက်ခက်ခဲခဲ အလုပ်တာဝန်ကို ထမ်းဆောင်နေရသည်ကို မြေရှင်မိသားစုကို သိစေချင်သည်၊ သူ့အပေါ် ညှာတာစေချင်သည်။ နှစ်ပေါင်းများစွာ သစ္စာကြီးမားစွာဖြင့် သူလုပ်ကိုင်ပေးခဲ့သည်ပဲ။ ဒီလောက်တော့ သူ့ကို နားလည်ပြီး ခံစားခွင့်ပေးလိမ့်မည်ဟု သူထင်သည်။

"တဲ . . . တဲ မြန်မြန်လေး သွားစမ်း"

လေးတွဲတွဲ လှုပ်ရှားနေသော မြင်းကို နာနာကျင်ကျင်ရိုက်ပြီး အမြန်မောင်းနှင်လိုက်သည်။ သစ်ပင်ကြီးကို အမြန်ရှာရမည်၊ အိမ်ရောက်မှဖြစ်မည်။

မြေရှင်တို့
သူ့အပေါ်လည်း
အထင်မလွဲစေလို။
သူအကြွေးတောင်း၍
မရတိုင်း
ခေါင်းကွဲအောင်ရိုက်ခဲ့၊
အရိုးရာပေါင်းများစွာနှင့်
သွေးသံရဲရဲဖြစ်အောင်
ကြာပွတ်နှင့်
ရိုက်နှက်ခဲ့သမျှကို
လီယွန်ပြန်မြင်လာသည်။
အိတ်ကိုမီးရှို့ဖို့
သူကြိုးစားသည်။
မီးခြစ်မှ
မီးလည်းတောက်မလာ။
လက်လည်း လှုပ်မရ။
ဒုက္ခကြုံရပြီ။

'ဖိုဟို'မိသားစုထံ သူ့အတွက် အသနားခံ တင်ပြရမည်။ အသက်အရွယ်ကြီးမားလာ၍ သွားလာမှု နှောင့်နှေးခြင်းကြောင့် အလုပ်မတွင်ကျယ်ဟု မထင်စေချင်ပေ။

"ဟာ . . . ဟိုမှာ . . . ဟိုမှာ"

သွားနေရင်းက အံ့အားသင့်သွားသည်။ မှောင်ရိုပိုးတဝါး အချိန်မရှိနိုင်သည့် အခြေအနေတွင် မီးခိုးခေါင်းတိုင်နှင့် အဆောက်အဦတစ်ခုကို လီယွန်လှမ်းမြင်ရသည်။ ဝမ်းသာလိုက်သည့်ဖြစ်ခြင်း။ သည်ခေါင်းတိုင်နှင့်အိမ်ကို လွန်လျှင် လီယွန်မြင်လိုသည့် သစ်ပင်ကြီးကို တွေ့ရမည်၊ သည်မှတစ်ဖန် ရွာသို့ပြန်သည့်လမ်းစကို ရှာနိုင်မည်ဖြစ်သည်။ လီယွန်၏ လက်နှင့်ခြေတို့မှာ ထုံထိုင်းနေသည်။ လက်တွေခြေတွေကို လှုပ်ခါလိုက်သည်။ အားပါးတရ ခုန်ပေါက်လိုက်လျှင် ခန္ဓာကိုယ်တွင်းရှိ သွေးလည်ပတ်မှုတို့ ပိုကောင်းလိမ့်မည်။ ခြေချောင်းလေးတွေကို လှုပ်ကြည့်သည်။ မလှုပ်။ ထုံနေသည်။ လက်ဝါးနှစ်ဖက်ကို ပွတ်ကာ နွေးအောင် အငွေ့ပေးကြည့်သည်။ မရ၊ လီယွန်၏ ညာဘက်လက်မှာ မြောက်လို့ပင် မရအောင် ထုံပြီးအေးကာ တောင့်နေသည်။ ခန္ဓာကိုယ်တွင်းရှိ ကလီစာတွေပင် အေးခဲနေပြီလား။ ပတ်ဝန်းကျင်သည် လီယွန့်ကို ဘာတစ်ခုမျှ အကူအညီမပေးနိုင်။

အရေးကြုံလျှင် အနီးရှိသူကို အားပြုအားကိုးတတ်သည့် သဘော



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း လီယွန်တစ်ယောက် အနားရှိမြည်းကို သက်ရှိသတ္တဝါတစ်ဦး အနေနှင့် အမှတ်ထားကာ အားကိုးတကြီး ကြည့်လိုက်သည်။ မြည်းလေးမှာ လီယွန်၏ မညှာမတာ ရိုက်နှက်ဒုန်းပြေးခိုင်းခြင်းကို ခံရသဖြင့် နှင်းခဲပြင်ပေါ်တွင် လဲကျပြီး ညည်းတွားအော်မြည်နေသည်။

"ဒီမြည်းပျောင်း ထစမ်း၊ အမြန်သွားရအောင်"

နာကျင်သောဝေဒနာနှင့် မောင်းနှင်လာသော မြည်း၏လှည်းပေါ်တွင် လီယွန်စိတ်လှုပ်ရှားစွာ ပါလာသည်။ ညအမှောင်ကို အလင်းရောင်က တစ်စက်မှ တိုးဝင်မလာ၊ ကျလိုက်သည့် နှင်းခဲနှင်းစက်တို့မှာ ထိန်းမရ သိမ်းမရ။

မြောက်လေတိုက်သည်။ လီယွန်၏ ကျောရိုးတစ်ခုလုံး နာကျင်ကိုက်ခဲလာပြီး ခြေတစ်လှမ်းကိုပင် အနိုင်နိုင် လှမ်းနေရသည်။ ဘာအိုထံ စိတ်ရောက်သွားသည်။ ဒင်းကြောင့် သည်ဒုက္ခကို ခံစားရခြင်းပင်။ ဟိုဒီကြည့်လိုက်လျှင် နှင်းဖွေးဖွေး မြင်ရသည်။ ဘာတစ်ခုကိုမျှ သဲသဲကွဲကွဲ မတွေ့ရပေ။ အိမ်ကိုပြန်နိုင်မည့် လမ်းစကို အရိပ်အယောင်တောင်မမြင်။ မြည်းကို ပိုပြီးပြေးအောင် ရိုက်နှက်တွန်းလိုက်သည်။ လီယွန် အဆင်မပြေဖြစ်လာရသည့် ကိစ္စများတွင်လည်း သည်မြည်းလည်း တရားခံဖြစ်သည်။ တုံ့နှေးတုံ့နှေး သွားနေ၍ လိုရာခရီးကို ရောက်သင့်သည့်အချိန် မရောက်နိုင်ခြင်း ဖြစ်သည်။

နှင်းခဲနှင်းထုများ၊ နိမ့်မြင့်လမ်းများကို ဖြတ်မောင်းလာရင်းကပင် မျှော်လင့်ထားသည့် အိမ်ရှေ့သို့ ရောက်လာသည်။ ကြာပွတ်နှင့် အချက်ပေါင်းများစွာ မြည်းကိုရိုက်နှက်လာ၍ လက်တွေလည်း နာကျင်နေပြီ။ လှည်းပေါ်မှ ဆင်းလိုက်ပြီး အိမ်တံခါးခေါက်ဖို့ လီယွန်ကြိုးစားသည်။

"အလိုလေး . . ပြတင်းပေါက်တွေကော၊ အိမ်တံခါးပါ နှင်းတွေနဲ့ ဖုံးပြီး မြုပ်နေပါလား။ အထဲမှာ လူတွေ ရှိသေးရဲ့လား။ ဗျို့ . . . အိမ်ရှင်ကို . . အိမ်ရှင်တို့၊ ကျုပ် ခရီးသွားတစ်ယောက်ပါ။ လမ်းပျောက်သွားလို့ပါဗျို့။ ဟာ . . . ဒီလောက်အော်နေတာတောင် မထူကြပါလား။ နှင်းအေးအေးနဲ့ အထဲမှာ အိပ်ပျော်နေကြပြီလား"

ခေါ်မကြား အော်မကြား ဘာတစ်ခွန်းမျှ ပြန်ထူးသံ မကြားရ။ တံခါးပေါက်ရှိနေသည့်နေရာကို မှန်းဆပြီး နှင်းထုများကို ကော်ကာဖယ်ထုတ်ဖို့ စဉ်းစားလိုက်သည်။ ကော်စရာ၊ ထုစရာ လက်နက်ပစ္စည်း မပါလာ၍ မိမိလက်နှင့်သာ ဖယ်ရတော့မည်။

"ဟာ . . . ငါ့လက်တွေ ဒုက္ခပါပဲ"

မှန်ပါသည်။ လီယွန်၏ လက်နှစ်ဖက်စလုံး အအေးဒဏ်ကြောင့် သွေးခဲပြီး မာကျောနေပြီ။ သွေးပြန်လျှောက်အောင် လက်နှစ်ဖက်စလုံးကို အနားရှိ နှင်းခဲတွင် ရိုက်လိုက်သည်။ လက်ဖဝါးနှစ်ဖက်မှ အရေခွံတွေ ကွဲအက်ကုန်သည်။ ပတ်ပတ်လည်လှည့်ပြီး တံခါးပေါက် ရှိသမျှကို ရှာသည်။ မတွေ့။ နှင်းခဲများကလည်း အမြင့်မှ တဝုန်းဝုန်းနှင့် လိမ့်ဆင်းကျလာသည်။ အမှောင်လမ်းဝယ် လရောင်ခပ်မှိန်မှိန်ကို အားပြုနေရသည်။ စိုးရိမ်စိတ်၊ ထိတ်လန့်တုန်လှုပ်မှုက လီယွန်၏ ရင်တွင်းမှာ ဘောင်ဘင်ခတ်နေပြီ။

"တောက် . . . ခေါ်မရ အော်မရတဲ့အထဲ ဒီမြည်းစုတ်က အိပ်နေချည်ပြီ . . ကဲကွာ . . . ကဲကွာ"

လီယွန်စိတ်ဆိုးပြီး ခြေထောက်နှင့် ကန်ကျောက်လိုက်သည်။ မြည်းမှာ လုံးဝမလှုပ်တော့ပေ။ အေးစက်တောင့်တင်းပြီး အသက်ဝိညာဉ် ကင်းမဲ့လျက်။

"သွားပြီ . . . သွားပြီ ဘာအိုရေ၊ မင်းပေးတဲ့ဒုက္ခကို လှလှကြီး ငါခံစားနေရပြီ။ မင်းကို အခု ငါအမြန်လာသတ်မယ်၊ မင်း သတိထားနေ"

စိတ်ဓာတ်ကျပြီး နွမ်းနယ်အားပျော့နေပြီ။ မြည်းသေကြီးကို ဖြည်းဖြည်းတွန်းရွှေ့ပြီး ဖယ်ထားလိုက်ရသည်။ လှည်းပေါ်တွင် ဆောင့်ကြောင့်ထိုင်ကာ အေးစက်နေသည့် မိမိခန္ဓာကိုယ်အတွက် အနွေးဓာတ်ရဖို့ လီယွန်စဉ်းစားနေသည်။

"အင်း . . . ဒီအိမ်ကို တံခါး



www.burmeseclassic.com

www.burmeseclassic.com

ဖွင့်အောင် ပြန်ခေါ်ကြည့်မယ်။ အထဲမှာ လူတွေဘာတွေ ရှိနေမှာ။ မီးဖိုပြီး အနွေးဓာတ်ရအောင် မီးလှုံမယ်။ သူတို့နဲ့အတူ ညစာထမင်းပေါင်းလေး ဘာလေးများ စားရရင် သိပ်ကောင်းမှာ”

တွေးရင်း အမှန်တကယ်ပမာ လီယွန်၏မျက်စိထဲ မြင်လာသည်။

စိတ်ပျက်စွာဖြင့် ငွေချေးစာချုပ်များ ထည့်ထားသည့် အိတ်ကိုလည်း စိတ်ဝင်စားမှု မရှိတော့။ သူ့အလုပ်ရှင်တွေကတော့ အချိန်မှန် ပြန်မလာလျှင် သူ့အပေါ် အထင်လွဲကြတော့မည်။ ဟိုအတိတ်ကာလ ခရီးက လှပချောမွေ့ခဲ့သည့် သူ့ဘဝကို လီယွန်ပြန်မြင်မိသည်။ နှစ်ပေါင်းသုံးဆယ် သူ့တာဝန်ကို ထမ်းရွက်လာ၍ ယခုဘဏ္ဍာစိုးအထိ သူဖြစ်လာခဲ့ရသည်။ သူသာ အကြွေးတောင်း၍ အဆင်ပြေပြေ ရလာခဲ့လျှင် ယခုလိုညချမ်းတွင် လှပသော ထမင်းစားပွဲမှာ မြေရှင်ကြီးက အပြုံးနှင့်အတူ သူ့ကို ချီးမွမ်းမှာ မလွဲပေ။ ယခုတော့ အသုံးမကျသည့် ဘာအိုကြောင့် လုပ်ငန်းတာဝန် လစ်ဟင်းခဲ့ရသည်။ စာရင်းနှင့်တကွ ရှိထားသော်လည်း ဘာတစ်ခုမျှ အဆင်မပြေခဲ့။ တွေးရင်းက ရုတ်တရက် လက်တွင်ကိုင်ထားသော အိတ်မှာ ပြုတ်ကျသွားသည်။

“အလိုလေး . . . ကျုပ်လက်ကျက်လက်တွေ”

အိတ်ကို ပြန်ကောက်သည်။ လှုပ်ရှား၍ မရ။ တစ်ကိုယ်လုံး သွေးတွေ အေးခဲသွားသလိုပင်။ ခေါင်းတစ်ခုလုံး အုံ့ခဲကိုက်လာသည်။ သူ့နား၊ သူ့နှာခေါင်း မျက်စိထဲတွင် မကောင်းဆိုးဝါးတို့၏ အသွင်ပြင်၊ အနံ့အသက်၊ အရိပ်အရောင်တို့ ကို ခံစားလာရသည်။ သေသွားတဲ့ မြည်းကောင်သည်လည်း သူ့ကို ခွင့်လွှတ်မည် မဟုတ်ပေ။

“ဒီစာချုပ်တွေကို မီးရှို့ပစ်မယ်။ တော်ကြာ ငါသေသွားရင် ကောက်ရတဲ့သူက ဒါတွေနဲ့ အမြတ်ထုတ်ပြီး ဘာအိုတို့ကို ဒုက္ခပေးဦးမယ်”

မြေရှင်တို့ သူ့အပေါ် လည်း အထင်မလွဲစေလို။ သူအကြွေးတောင်း၍မရတိုင်း ခေါင်းကွဲအောင်ရိုက်ခဲ့၊ အရိုးရာပေါင်းများစွာနှင့် သွေးသံရဲရဲဖြစ်အောင် ကြာပွတ်နှင့် ရိုက်နှက်ခဲ့သမျှကို လီယွန် ပြန်မြင်လာသည်။ အိတ်ကိုမီးရှို့ဖို့ သူကြိုးစားသည်။ မီးခြစ်မှ မီးလည်းတောက်မလာ။ လက်လည်း လှုပ်မရ။ ဒုက္ခကြုံရပြီ။

“ဟား . . . ဟား . . . ဘယ့်နှယ်လဲ ဘဏ္ဍာစိုးကြီး။ ကျုပ်တို့ကို နှိပ်စက်ခဲ့သမျှ”

လီယွန်၏ မျက်လုံးထဲတွင် ခါးထောက်ရပ်နေသော ဘာအိုကို မြင်ရသည်။ သူ့ကို အော်ဟစ်ဆဲဆိုနေသလိုပင်။ ရသလောက် ခြေကိုရုန်းကာ ဘာအိုနှင့် ဝေးနိုင်သမျှ သူထွက်ပြေးရမည်။

“ဟေး . . ပြန်လာလေ လီယွန် ပြန်လာခဲ့ပါ”

ဘာအိုခေါ်လည်း နောက်ကို ပြန်လှည့်မကြည့်ဘဲ အားသွန်ကာ ပြေးသည်။ ဘာအိုလိုက်လာသည်ကို မမီရန် ကြိုးစားပြေးရသည်။ သေသွားတဲ့မြည်းကောင်အတွက်ကိုပင် ဝမ်းနည်းမှုကို မခံစားချင်တော့။ ပြေးလို့မှမရလျှင် ဘာအိုနှင့် ရင်ဆိုင်တွေ့လျှင်တော့ . . . ။ သူပြေးရင်းပြေးရင်း အမှောင်ထဲသို့ ပိုပိုရောက်သွားသည်။

* * * * * *

“ခင်ဗျားတို့ မြင်တဲ့အတိုင်းပဲလေ။ မနေ့ညနေပိုင်းက ကျုပ်ဆီမှာ အကြွေးတောင်းတာ မရလို့ ဆဲဆိုပြီး ပြန်သွားတာ။ အခုမနက်မှ ကျုပ်လည်း အိမ်တံခါးဖွင့်ရော သူ့ကို အသက်ဝိညာဉ်ကင်းမဲ့စွာ တွေ့ရတာပဲ။ ကျုပ်လည်း တစ်ညလုံး အိပ်မက်ထဲမှာ သူ့ကို တောင်းပန်လိုက်တာ။ သူက ကျုပ်ကို ဆဲဆိုလိုက်နဲ့လေ”

ကြိုးဖြင့် တင်းကျပ်စွာ ချည်ထားသော ကြွေးစာရင်းအိတ်ကို မြဲမြဲစွာဆုပ်ကိုင်ပြီး ဘာအို၏ အိမ်ရှေ့တံခါးဝတွင် လဲကျသေဆုံးနေသော လီယွန်ကို ရွာသားတွေက ဝေခွဲမရစွာဖြင့် ကြည့်နေကြသည်။

မြမြလှိုင်

**Stories From Thirties (2)** မှ **Duanmu Hongliang** ၏ **Lost** ကို ဆီလျော်စွာ ပြန်လည်ရေးသားခြင်း ဖြစ်သည်။


www.burmeseclassic.com

# အတိတ်မှ ပြစ်ရုပ်မှန်မှုခင်းများ

● လှမိုး(ပညာရေး)

ကမ္ဘာ့နိုင်ငံအသီးသီးမှ ပုလိပ်အဖွဲ့ (ရဲ)ကြီးများနှင့် စုံထောက်အဖွဲ့ကြီးများအနက် အင်္ဂလန်နိုင်ငံမှ စကော့တလန်ယာဒ်စုံထောက်အဖွဲ့သည် ပြည်သူလူထုကို စောင့်ရှောက်ကူညီရာတွင် အလွန်ချီးကျူးစရာကောင်းသည်ဟု မှုခင်းသုတေသီများနှင့် ကမ္ဘာ့နိုင်ငံအသီးသီးက စုံထောက်အဖွဲ့များအား စောင့်ကြည့်လေ့လာသူအများက တညီတညွတ်တည်း ဆိုကြသည်။ ကမ္ဘာပေါ်တွင် သက်တမ်းအရင့်ဆုံးနှင့် အတွေ့အကြုံအကြွယ်ဝဆုံး စုံထောက်အဖွဲ့ကြီးဖြစ်ရကား နိုင်ငံတကာမှ စုံထောက်အဖွဲ့ဝင်များက မော့ကြည့်ရသော စုံထောက်အဖွဲ့ကြီး ဖြစ်ပါသည်။

မှန်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၁၃၀ ကျော်ခန့်ကစ၍ စကော့တလန်ယာဒ်စုံထောက်အဖွဲ့ကြီး၏ သမိုင်းတစ်ခုလျှောက်တွင် ထူးခြားဆန်းကြယ်၊ စိတ်ဝင်စားဖွယ်ရာနှင့် သည်းထိတ်ရင်ဖိုဖွယ်ရာ မှုခင်းကြီးများ၏ တရားခံများကို ခဲခဲယဉ်းယဉ်း ဖော်ထုတ်နိုင်ခဲ့သည်။ မှုခင်းကျူးလွန်သူအများသည် မှုခင်းကြီးများ မကျူးလွန်မီကပင် ပိပိရိရိ စနစ်တကျ ကြိုတင်ကြံစည်ထားခဲ့ကြပြီး ယင်းမှုခင်းကြီးများကို ကျူးလွန်ရာတွင်လည်း သက်သေမရှိနိုင်အောင်စီမံ၍ လျှို့ဝှက်စွာ ကျူးလွန်ခဲ့ကြပါသည်။ သို့သော် ဥပဒေဘက်တော်သား စကော့တလန်ယာဒ်စုံထောက်အဖွဲ့က ထိုမှုခင်းများကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ မှုခင်းတစ်မှုဖြစ်လာသည်နှင့် သာမန်လူအများ သတိမထားမိသော မီးခြစ်ဆံတစ်ချောင်း၊ ဆေးလိပ်တိုတစ်တို၊ လက်ဗွေရာတစ်ခု စသည့် သဲလွန်စများ ရရှိသည်နှင့် ထိပ်သီးလူသတ်သမားတို့အား ဖမ်းဆီးနိုင်၍ ကြိုးစင်ပေါ်သို့ တင်နိုင်




ခဲ့ရာ အင်္ဂလန်နိုင်ငံပြည်သူလူထုအဖို့ ဖြစ်ပွားလာသည့် မှုခင်းကြီးတစ်ခုအား "စကော့တလန်ယာဒ်စုံထောက်အဖွဲ့မှ အရေးယူဆောင်ရွက်လျက်ရှိသည်"ဟူသော သတင်းတစ်ခု ပါလာသည်နှင့် ဤအမှုကြီး၏တရားခံအား မကြာခင်အတွင်း ဖမ်း



www.burmeseclassic.com

www.burmeseclassic.com

၍ သက်ဆိုင်ရာသို့ တရားစွဲတင်နိုင်မည်ဟု ယုံကြည်ထားကြ၏။ စကော့တလန်ယာဒ်စုံထောက်အဖွဲ့ မဖော်ထုတ်နိုင်သည့် အမှုမရှိနိုင်ဟု ယူဆထားကြသည်။ ဤမျှလောက်ပြည်သူလူထုလေးစားမှုကို ရရှိခဲ့သော ဟိုးဟိုးကျော်ခဲ့သည့် စုံထောက်အဖွဲ့ ဖြစ်၏။

ဤစုံထောက်အဖွဲ့ကြီး ယနေ့ထိ မဖြေရှင်းနိုင်သော အမှုတစ်မှု ရှိခဲ့ပါသည်ဟုဆိုလျှင် ဟုတ်မှ ဟုတ်ပါ့မလား။ ယုံတမ်းစကားလားဟု အများက ထင်မိကြမည်ဖြစ်ပါသည်။ အမှန်တကယ် မဖော်ထုတ်သော မှုခင်းကြီးတစ်ခု ရှိခဲ့ပါသည်ဟု ဆိုလျှင် စာဖတ်သူများ တအံ့တသြဖြစ်ကြမည် ဖြစ်ပါသည်။ ထိုအမှုကြီးကို ကျူးလွန်ခဲ့သော တရားခံ မည်သူဖြစ်သည်ဟု တိတိကျကျ စွပ်စွဲပြောဆိုနိုင်ခြင်းမရှိခဲ့သည်သာမက စကော့တလန်ယာဒ်စုံထောက်အဖွဲ့ကြီး၏ စုံထောက်ကြီးများမှာလည်း လက်မှိုင်ချခဲ့ကြရသည်။ ထိုမှုခင်းကြီးနှင့် ပတ်သက်သည့် ဖြစ်ရပ်မှာလည်း ဆန်းကြယ်လှသဖြင့် စာရေးသူများအဖို့ ရေးကွက်များရရှိသွားကြပြီး ထိုမှုခင်းကြီးကို အခြေခံ၍ ဖြစ်ရပ်မှန်ဝတ္ထုများ လက်ဆစ်ချိုး၍ ရေတွက်မရအောင် ရေးသားထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ မှုခင်းကြီး၏ ဖြစ်စဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁၉၄၃ ခုနှစ်၊ ဇွန်လသည် ဗြိတိသျှနှင့် မဟာမိတ်နိုင်ငံများအဖို့ စစ်အောင်နိုင်ရေး ဒီရေတက်လာသည့် အချိန်ဖြစ်၏။ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားခဲ့သည့် ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၁၉၄၂ ခုနှစ်ကုန်ထိ နာဇီဂျာမဏီနိုင်ငံသည် စစ်အောင်နိုင်ရန် သေချာသလောက်ဖြစ်နေသည်။ ဥရောပတိုက် နိုင်ငံအသီးသီးရှိ မြို့တော်ကြီးများရှိ အဆောက်အအုံများထက်တွင် နာဇီဂျာမန်တို့၏ စကြာတံဆိပ်အောင်လံတော်ကြီးမှာ တလွင့်လွင့် ဖြစ်ခဲ့ရ၏။ နာဇီဂျာမန် တပ်မတော်၏ လျှပ်တစ်ပြက်စစ်ဆင်ရေးကြောင့် ဗြိတိသျှနှင့် မဟာမိတ်တပ်များသည် ဥရောပတိုက်မှ ခွာစစ်ပြုကာ အင်္ဂလန်ကျွန်းသို့ ဆုတ်ခွာလာခဲ့ရပြီး အစဉ်အလာကြီးမားခဲ့သော ပြင်သစ်နိုင်ငံကော်ကြီးမှာ ရက်သတ္တခြောက်ပတ်အတွင်း လက်နက်ချခဲ့ကြရသည်။

၁၉၄၂ ခုနှစ်ဦးတွင် နာဇီဂျာမန်တပ်မတော်ကြီးသည် ကြိုတင်စစ်ကြေငြာခြင်းမရှိဘဲ ဆိုဗီယက်ပြည်ထောင်စု (ယခု ရုရှားနိုင်ငံ)အား ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ နာမည်ကျော်ကြား လူသိများသော ဆိုဗီယက်တပ်နီတော်ကြီးမှာ ကစဉ့်ကလျားဖြစ်ကာ ဆုတ်ခွာခဲ့ရာ နာဇီဂျာမန်တပ်များသည် ဆိုဗီယက်ပြည်ထောင်စု၊ မော်စကိုအနီးထိ ချီတက်နိုင်ခဲ့ကြ၏။ အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ရေကြောင်းတိုက်ပွဲများတွင်လည်း မဟာမိတ်တို့ အထိနာခဲ့ရသည်။ သို့သော် အမေရိကန်ပြည်ထောင်စု ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဝင်ရောက်လာခဲ့သည်မှစ၍ မဟာမိတ်တို့သည် နာဇီဂျာမန်တပ်များအပေါ် အောင်ပွဲဆင်နိုင်ခဲ့သည်။ အရှေ့တောင်အာရှ စစ်မျက်နှာ၊ ဥရောအရှေ့ပိုင်း ဆိုဗီယက်(ယခု ရုရှား) စစ်မျက်နှာများတွင် နာဇီဂျာမန်တို့နှင့် ဝင်ရိုးစွန်းမဟာမိတ်တပ်များသည် အရှုံးနှင့် ရင်ဆိုင်ကြရသည်။ အတ္တလန္တိတ်သမုဒ္ဒရာ၊ ပေါင်ပစိဖိတ်သမုဒ္ဒရာနှင့် မြေထဲပင်လယ်များတွင် ဗြိတိသျှတို့နှင့် မဟာမိတ်ရေတပ်များသည် စိုးမိုးနိုင်ခဲ့သည်သာမက ဥရောပကမ်းခြေတက် စစ်ပွဲကြီးပြုလုပ်ရန်ပင် အင်္ဂလန်နိုင်ငံ၌ ပြင်ဆင်နေကြပြီ ဖြစ်သည်။

ဤကဲ့သို့ အခြေအနေများ ဖြစ်ပေါ်နေသော ၁၉၄၃ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ ညနေ၌ ကနေဒါနိုင်ငံသား သန်းကြွယ်သူဌေးကြီး ဆာဟာင်နရီအုတ်သည် သူနှင့် ခင်မင်





www.burmeseclassic.com

www.burmeseclassic.com

ရင်းနှီးသော မိတ်ဆွေနှင့် အကြံပေးဖြစ်သူ မစ္စတာ ဟာရီခရစ် စတီနှင့်အတူ စားပွဲတက်ရောက်ရာမှအပြန် သူ့နေအိမ်တွင် အသတ်ခံခဲ့ရသည်။

ဆာဟင်နရီအုတ်မှာ ထိုစဉ်က ဗြိတိသျှအင်ပါယာကြီးတွင် ဟိုးဟိုးကျော်ခဲ့သော ကနေဒါနိုင်ငံသား သန်းကြွယ်သူဌေးတစ်ဦး ဖြစ်သည်။ အမှန်အားဖြင့် ဟင်နရီအုတ်သည် အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်တွင် မွေးဖွားခဲ့သူ ဖြစ်သော်လည်း ကနေဒါနိုင်ငံသို့ ပြောင်းရွှေ့လာခဲ့၍ ကနေဒါပြည်သားအဖြစ် ခံယူခဲ့သည်။ ကနေဒါနိုင်ငံတွင် ဓာတ်သတ္တုတူးဖော်ခြင်း၊ ရေနံထုတ်လုပ်ခြင်း၊ စက်မှုလက်မှုလုပ်ငန်းများ တည်ထောင်ခြင်း၊ ကမ္ဘာ့ထိပ်တန်းသန်းကြွယ်သူဌေးကြီး တစ်ယောက်အဖြစ် အများက အသိအမှတ်ပြုခဲ့ကြခြင်း ဖြစ်သည်။ ထိုစဉ်က မှတ်တမ်းများအရ ဟင်နရီအုတ်မှာ အနောက်ကမ္ဘာတွင် ဒုတိယအချမ်းသာဆုံး သန်းကြွယ်သူဌေးကြီးဟု အသိအမှတ်ပြုခံရပြီး အမေရိကန်ပြည်ထောင်စု၊ မြောက်အွန်တယ်ရီပြည်နယ်တွင် သူပိုင် ရွှေတွင်းတစ်တွင်းလည်း အောင်မြင်ခဲ့သည်ဟု ဆိုသည်။ သူ၏တစ်နှစ်ဝင်ငွေမှာ ပေါင်သန်းနှင့်ချီ၍ ရှိခဲ့သည်။ သူသည် ငယ်စဉ်က ဆင်းဆင်းရဲရဲ ချို့တဲ့စွာ နေခဲ့ရ၏။ သူလျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်သော သန်းကြွယ်သူဌေးကြီး ဖြစ်လာသည့်အခါ နှစ်စဉ် ပေါင်ငွေတစ်သိန်းခန့် လှူဒါန်းသည်ဟု သတင်းများက ဖော်ပြခဲ့သည်။ သူသည် နိုင်ငံတကာမှ မိဘမဲ့ကျောင်းများ၊ ဂေဟာပေးခန်းများ၊ ဆေးရုံများသို့ ငွေအမြောက်အမြား လှူဒါန်းလေ့ရှိသည်သာမက ကမ္ဘာ့နိုင်ငံအသီးသီးရှိ သဘာဝဘေးဒဏ်ခံရသူများအားလည်း ရက်ရက်ရောရော လှူဒါန်းသူတစ်ဦးဟု နာမည်ကျော်ခဲ့၏။ ကနေဒါနိုင်ငံရှိ စိန့်ဂျော့ဆေးရုံကြီးအား အသစ်ပြုပြင်နိုင်ရန် အလှူငွေပေါင် ကိုးသောင်းကျော် ထည့်ဝင်ခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့ကြသည်။ ဩစတြေးလျတိုက်သူတစ်ဦးနှင့် အိမ်ထောင်ပြုခဲ့ရာမှ သားသမီးငါးဦး ထွန်းကားခဲ့သည်။

သားသမီးငါးဦးအနက် သူဌေးကြီးဟင်နရီအုတ်၏ အချစ်တော် သမီးအငယ်ဆုံးဖြစ်သူ နန်စီအတွက် စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ခဲ့ရသည်။ အသက် ၁၉ နှစ်အရွယ်သာရှိသေးသော နန်စီမှာ ပြင်သစ်အမျိုးသား လူပေါ်ကြော့တစ်ဦးနှင့် ၁၉၄၂ ခုနှစ်ခန့်က တိတ်တဆိတ် လက်ထပ်ခဲ့သည်ဟုသိရ၏။

မစ္စတာဟင်နရီအုတ်သည် ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားလာသည်ကပင် ဗြိတိသျှနှင့် မဟာမိတ်တို့ အောင်ပွဲခံနိုင်ရန် အလှူငွေအမြောက်အမြား လှူဒါန်းခဲ့ရာမှ "ဆာ"ဘွဲ့ထူးကြီး ရရှိခဲ့သဖြင့် "ဆာဟင်နရီအုတ်"ဟု ထင်ရှားလာသည်။ ဆွစ်ဇာလန်နိုင်ငံ၊ ကနေဒါနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် စံအိမ်တော်ကြီးများ ရှိခဲ့သော်လည်း ဒုတိယကမ္ဘာစစ်ကြီး၏ စစ်ရိပ်စစ်ငွေ့များ ယှက်သန်းလာသော အချိန်တွင် ဆာဟင်နရီအုတ်သည် ကနေဒါနိုင်ငံမှ ဗြိတိသျှအစိုးရပိုင် ဘဟားမားကျွန်းစုသို့ ပြောင်းရွှေ့နေထိုင်ခဲ့၏။

ဘဟားမားကျွန်းစုမှာ ဗြိတိသျှဘုရင်၏ နေမဝင်သော အင်ပါယာကြီးအတွင်း အထူးထင်ရှားသော ကျွန်းစုဖြစ်သည်။ ဘဟားမားကျွန်းစုမှာ ကျွန်းပေါင်း ၇၀၀ ကျော်ရှိသော်လည်း ကျွန်း ၃၀ ကျော်တွင်သာ လူများနေထိုင်ကြ၏။ လူဦးရေ ထက်ဝက်ခန့်သည် အဓိကကျွန်းကြီးဖြစ်သော နယူးပရိုဗီဒင် ကျွန်း၌သာ နေထိုင်ကြပြီး မြို့တော်မှာ နာဆောဖြစ်သည်။ ထိုစဉ်က ဘဟားမားကျွန်းစု ဘုရင်ခံမှာ ၁၉၃၆ ခုနှစ်က အင်္ဂလန်နိုင်ငံ၏ ထီးနန်းကို အချစ်အတွက်စွန့်ခဲ့သော ဝင်ဆာမြို့စားကြီးဖြစ်သည်။ ဝင်ဆာမြို့စားကြီးသည် ၁၉၃၆ ခုနှစ်တွင် ထီးနန်းမတက်ခင်က အသက် ၄၀ အရွယ် လူပျိုကြီးဝေလမင်းသားဖြစ်၏။ အင်္ဂလန်နိုင်ငံ ပြည်သူအများကမူ သူ့ဖခင် ပဉ္စမမြောက် ဂျော့ဘုရင်ကွယ်လွန်ခဲ့သည်နှင့် အသက် ၄၀ အရွယ် လူပျိုကြီး ဝေလမင်းသားသည် ဂုဏ်ရည်တူ တော်ဝင်မင်းသမီးတစ်ဦးနှင့်အတူ လက်တွဲ၍ ထီးနန်းတက်ခဲ့လိမ့်မည်ဟု မျှော်လင့်ထားကြ၏။ သို့သော် ဝေလမင်းသားသည် တစ်ကိုယ်တော်ထီးနန်းတက်ခဲ့ပြီး မကြာခင်တွင် အမေရိကန်ပြည်ထောင်စုသူ နှစ်ခုလပ်၊ နှစ်လင်ကွာ မစ္စစ်ဆင်ပဆင်နှင့် လက်ထပ်ရန် ကြိုးစားခဲ့သည်။ သို့သော် အင်္ဂလန်နိုင်ငံ တော်ဝင်မိသားစုများ၊ အစိုးရအဖွဲ့အစည်းများနှင့် ဗြိတိသျှပါလီမန်မှ ပြည်သူ့ကိုယ်စားလှယ်များအတွင်း အငြင်းပွားမှုများ ဖြစ်ပွားလာခဲ့ရာမှ ဝေလမင်းသားကြီးသည် ထီးနန်းကို စွန့်၍ ပြင်သစ်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့၏။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသည်နှင့် ဝင်ဆာမြို့စားကြီးနှင့် ကြင်ရာတော်တို့သည် စပိန်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။ နာဇီဂျာမန်ထောက်လှမ်းရေးအဖွဲ့ဝင်များက

www.burmeseclassic.com

ဝင်ဆာမြို့စားကြီးနှင့် ကြင်ရာတော်တို့အား ပြန်ပေးဆွဲရန် စီစဉ်ခဲ့သဖြင့် ဗြိတိသျှအစိုးရသည် ဝင်ဆာမြို့စားကြီးအား ဘဟားမားကျွန်းစု ဘုရင်ခံအဖြစ် ခန့်ထားခဲ့သည်။ ဝင်ဆာမြို့စားကြီးနှင့် ကြင်ရာတော်တို့သည် ဆာဟင်နရီအုတ် မိသားစုနှင့်အတူ ခင်မင်ရင်းနှီးခဲ့ကြသည်။ ဆာဟင်နရီအုတ်၏ ကိုယ်ရေးအတွင်းရေးမှူးအဖြစ် ဆောင်ရွက်သူ မစ္စတာ ဟာရိုခရစ်စတီမှာ ဘဟားမားကျွန်းစု အစိုးရအဖွဲ့ဝင်ဖြစ်သည်သာမက ဘုရင်ခံအဖြစ် ဆောင်ရွက်သူ ဝင်ဆာမြို့စားကြီးနှင့်လည်း အထူးခင်မင်ရင်းနှီးသူ ဖြစ်၏။ ဤတွင် ဝင်ဆာမြို့စားကြီး မိသားစုနှင့် ဆာဟင်နရီအုတ်မိသားစုတို့မှာ ဆွေမျိုးသားချင်းများကဲ့သို့ ခင်မင်ရင်းနှီးလာသည်။

ဆာဟင်နရီအုတ်မှာ သူ့အချစ်တော် သမီးငယ် နန်စီ၏ခင်ပွန်းဖြစ်သူ ပြင်သစ်အမျိုးသား အယ်(လ်)ဖရက်ဒီမာရက်နီနှင့် ဆက်ဆံရေးအဆင်မပြေမှုများ တစ်နေ့တခြား တင်းမာလာသည်ဟု ထိုစဉ်က သတင်းများက ဖော်ပြခဲ့သည်။ အချင်းဖြစ်ပွားသည့် ၁၉၄၃ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့ ညနေကမူ နာဆောမြို့တွင် ကျင်းပသော ညစာစားပွဲသို့ သူ့မိတ်ဆွေ ဟာရိုခရစ်စတီနှင့်အတူ တက်ရောက်ခဲ့သည်။ ထိုနေ့ညတွင် သူ့စံအိမ်တွင် အသတ်ခံခဲ့ရသည်။ သူ့အလောင်းအားလည်း မီးရှို့ထားခဲ့သည်ဟု သတင်းများက ဖော်ပြခဲ့သည်။ ဘဟားမားကျွန်းစုဘုရင်ခံ ဝင်ဆာမြို့စားကြီးကမူ ဒေသခံရဲနှင့် ဗြိတိသျှ၊ စကော့တလန်ယာဒ်စုံထောက်အဖွဲ့ဝင်များ စုံစမ်းစစ်ဆေးမှုများကို အားမရခဲ့။

ထိုစဉ်က မှတ်တမ်းများအရ ရဲနှင့် စုံထောက်တို့သည် လူသတ်သမားကို ခြေရာခံနိုင်ခြင်းမရှိသည်သာမက ဆာဟင်နရီအုတ်အား လူသတ်သမားသည် မည်သည့်လက်နက်ဖြင့် သတ်ဖြတ်ခဲ့သည်ကိုပင် တိတိကျကျ ထုတ်ဖော်နိုင်ခြင်းမရှိ။ မီးလောင်ကျွမ်းသေဆုံးနေသော ဆာဟင်နရီအုတ် အိပ်ခန်းနံရံတွင် သွေးစွန်းနေသော လက်ဗွေရာများကို တွေ့ကြရသည်သာမက ဆာဟင်နရီအုတ်၏ မီးလောင်ကျွမ်းထားသောအလောင်းအနီးတွင် ကြက်မွေးများတွေ့ရသည်ဟုလည်း သိရ၏။

ဘဟားမားကျွန်းရဲအဖွဲ့နှင့် စုံထောက်များ၊ စကော့တလန်ယာဒ် စုံထောက်အဖွဲ့မှ စုံထောက်များသည် သဲလွန်စရှာခြင်း၊ စုံစမ်းထောက်လှမ်းနိုင်ခြင်း မရှိခဲ့။ ဘဟားမားကျွန်းဘုရင်ခံဖြစ် တာဝန်ယူထားရသော ဝင်ဆာမြို့စားကြီးမှာ သူ့မိတ်ဆွေကြီးအတွက် သောကဝေဒနာ အဖြာဖြာနှင့် တွေ့ကြုံရ၏။ လက်ရှိ စုံစမ်းစစ်ဆေးနေမှုကို အားမရသော ဝင်ဆာမြို့စားကြီးသည် အမေရိကန်ပြည်ထောင်စု အက်(ဖ်)ဘီအိုင်ဌာနမှ စုံထောက်ကျော်နှစ်ဦးအား လွှတ်ပေးရန် အကူအညီတောင်းခံခဲ့ရာ အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့မှ ထိပ်တန်းစုံထောက်နှစ်ယောက်အား စေလွှတ်ခဲ့သည်။

အက်(ဖ်)ဘီအိုင်စုံထောက်အဖွဲ့မှ စုံထောက်ကျော်များသည် စနစ်တကျ စုံစမ်းထောက်လှမ်းခြင်း၊ ပတ်ဝန်းကျင်လေ့လာခြင်းများ ပြုလုပ်ခဲ့ကြပြီး သေဆုံးသူ သန်းကြွယ်သူဌေးကြီး ဆာဟင်နရီအုတ်၏ အချစ်တော် သမီးငယ်နန်စီ၏ခင်ပွန်းဖြစ်သူအား ဤလူသတ်မှုနှင့် ပတ်သက်၍ သင်္ကာမကင်းဖွယ် ဖြစ်သူဟု ဆိုကာ နာဆောမြို့ ရာဇဝတ်တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ သို့သော် အမှုကို ခိုင်မာစွာ တည်ဆောက်နိုင်ခြင်းလည်းမရှိ၊ သေဆုံးသူ ဆာဟင်နရီအုတ်အလောင်းအနီးတွင် တွေ့ရသော သွေးစွန်းနေသော လက်ဗွေရာအမှတ်များနှင့် လူသတ်သမားဟု စွပ်စွဲခံရသူ နန်စီ၏ခင်ပွန်း အယ်(လ်)ဖရက်ဒီမာရက်၏ လက်ဗွေများနှင့် တူညီခြင်းမရှိဟုဆိုကာ ရာဇဝတ်တရားရုံးတော်က ပြင်သစ်အမျိုးသား အယ်(လ်)ဖရက်ဒီမာရက်အား တရားရှင်လွှတ်ပေးခဲ့သည်။

နန်စီကလည်း ခင်ပွန်းဖြစ်သူအား ရဲနှင့် စုံထောက်တို့က လူသတ်သမားဟုဆိုကာ စွပ်စွဲခဲ့သည်ကို ကျေနပ်ခြင်းမရှိသဖြင့် အလွတ်စုံထောက်တစ်ယောက် ငှားရမ်း၍ ထိုအမှုအား စုံစမ်းထောက်လှမ်းခြင်းပြုခဲ့ပြီး ဤအမှုအား ရုံးတော်မှ ပြန်လည်စစ်ဆေးပေးရန် ဘဟားမားဘုရင်ခံ ဝင်ဆာမြို့စားကြီးထံ အယူခံခဲ့သော်လည်း ဝင်ဆာမြို့စားကြီးက ထိုအမှုကို ပယ်ချခဲ့သည်။

နှစ်ပေါင်း ၈၀ ကျော်ခဲ့ပြီဖြစ်သော်လည်း ဆာဟင်နရီအုတ် အသတ်ခံရမှုအား ရှင်းလင်းနိုင်ခြင်းမရှိခဲ့။ သက်ဆိုင်ရာစုံထောက်အဖွဲ့များနှင့် ရဲအဖွဲ့တို့ကမူ ဖြေရှင်းနိုင်ခြင်းမရှိသေးသော မှုခင်း "Un-Solved" ဟု သတ်မှတ်ခဲ့ပါကြောင်း။

**လှမိုး(ပညာရေး)**

<u>ကျမ်းကိုး</u>


Unsloved-Criems, Killers Unknown



www.burmeseclassic.com

www.burmeseclassic.com

## အင်ဒိုနီးရှားက ရထားမတော်တဆ သေကျေဒဏ်ရာရ



အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့ အနောက်တောင်ပိုင်း မြို့စွန်တွင် မြို့တွင်းသို့ဝင်မည့် ရထားနှင့် ကားဆုံရာလမ်းတွင် အမြန်ရထားနှင့် ဆီတင်ထရပ်ကားတို့ တိုက်မိခဲ့သည်။ ရဲတပ်ဖွဲ့၏ အပြောအရ ကုန်တင်ယာဉ်က ရပ်တန့်ဖို့ ကြိုးစားသော်လည်း မအောင်မမြင်ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့က အရေးယူစစ်ဆေးလျက်ရှိကြောင်း ပြောဆိုသည်။


မော်တော်ကားမှာ လုံးဝပျက်စီးမီးလောင်သွားပြီး နောက်ပိုင်းသတင်းများအရ လူ ၁၀ ဦးအထိ သေဆုံးခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ရထားမတော်တဆမှုများ ဖြစ်တတ်လေ့ရှိပြီး ၁၉၈၇ ခုနှစ်က ရထားနှစ်စီးတိုက်မှုက အဆိုးရွားဆုံးဖြစ်သည်။ ထိုစဉ်က လူ ၁၅၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ယခုဖြစ်စဉ် မတော်တဆမှုတွင် ဆီတင်ယာဉ်မီးလောင်မှုကြောင့် ဆုံးရှုံးမှု ကြီးမားပြီး မီးခိုးနှင့်မီး သိပ်သည်းစွာ ထွက်ပေါ်သည့်မြင်ကွင်းကို တွေ့ရသည်။

**မောင်ကောင်းယဉ်**

***The Star, 5.12.2013***

---

## ဟောင်ကောင်ကူးတို့ရေယာဉ်မတော်တဆ ၈၇ ဦး ဒဏ်ရာရ



ခရီးသည် ၁၀၅ ဦးနှင့် အမှုထမ်း ၁၀ ဦး လိုက်ပါလာသော ဟောင်ကောင်မှ မကာအိုသို့ ညဘက်မောင်းနှင်လာသည့် ကူးတို့ရေယာဉ်သည် ရေအောက်မှ တစ်စုံတစ်ခုနှင့် တိုက်မိရာ ကြီးမားသည့် မြည်ဟည်းသံ ထွက်ပေါ်လာကာ ထိခိုက်ကြောင်း၊ ခရီးသည် ၈၇ ဦး ဒဏ်ရာရပြီး အချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။ ထိုင်ခုံများမှ လွင့်စဉ်ကျပြီး ထိတ်လန့်ကြရသည်။ သူနာပြုယာဉ်များရောက်လာပြီး လူနာများအား အောက်ဆီဂျင်ပေးကာ ဆေးရုံတင်ရသည်။


ယင်းနေရာသို့ မီးသတ်ရေယာဉ်သုံးစီးဖြင့် ရှာဖွေရာ ဘာမျှမတွေ့ရဘဲ ထူးဆန်းလျက်ရှိသည်။ ယခင်နှစ်ကလည်း ကူးတို့ရေယာဉ်နှင့် အခြားရေယာဉ်တိုက်မိခဲ့သဖြင့် ၃၉ ဦး သေဆုံးခဲ့သည်။ ပြီးခဲ့သည့်လက တစ်လပြည့်ခဲ့ခြင်းဖြစ်သည်။ ဟောင်ကောင်တွင် ရေယာဉ်မတော်တဆဖြစ်မှုက နှစ်လေးဆယ်အတွင်း အဆိုးရွားဆုံးဖြစ်သည်ဆို၏။ ဟောင်ကောင်အနီး ကျွန်းငယ်တစ်ခုဝန်းကျင်၌ မတော်တဆကြုံရမှု ဖြစ်သည်။

**မောင်ကောင်းယဉ်**

***N.S.T, 30.11.2013***

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



■ ကျော်မြသန်း

# ပလက်ဖောင်းမင်းသား

( အ ခ န် း ဆ က် ဝ တ္ထု ရှ ည် )

## ယခင်လမှအဆက်

၁၉၇၄–ခုနှစ်။

ရန်ကုန်မြို့တော် အုပ်ချုပ်ရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသည့် အမိန့်နှင့် ခေါင်းဆောင်မောင်ရေခဲအပါအဝင် တပည့်လက်သား ငါးဆယ်ကျော် ဖမ်းဆီးခဲ့သည်။

ယိုမှ နောက်ဆက်တွဲ ရုပ်ရှင်ဝန်ထမ်းပေါင်း တစ်ရာ့ငါးဆယ်ကျော်ပါ အုတ်ရိုးလူသား ဖြစ်သွားသည်။

xxx ••• xxx

အဲဒီအကြောင်းကိုတော့ နောက်မှပဲ ဆက်ပြောပါ့မယ်။

အခု ကျွန်တော့်အကြောင်း ဖြစ်ရပ်စုံကို အိတ်သွန်ဖာမှောက် ဆရာ့ဆီလာပြောတာက ဆရာရေးတဲ့ 'ခွေးမြီးကောက်ဘာအေး' စာအုပ်ထဲက အညွှန်းစာပိုဒ်ကလေးကို ဖတ်မိပြီး သဘောကျလို့ပါ။

– လူသည် လူနှင့်တူအောင် ကျင့်လျှင် မည်သူမှ ဆုံးမရန်မလို။

– လူသည် လူနှင့်တူအောင် မကျင့်လျှင် မည်သူနှင့်မှမဆိုင်၊ ဥပဒေနှင့်သာ ဆိုင်သည်။

နောက်ဆုံး၊ တစ်နေ့မှာတော့ ကျွန်တော်ဟာ ဥပဒေနှင့် ဆိုင်သွားရုံမကဘူး ဘယ်လိုမှ ချမှတ်ခံရလိမ့်မယ်လို့ မထင်မှတ်ခဲ့ဖူးတဲ့ ထောင်ဒဏ်ကိုပါ ချမှတ်ခံလိုက်ရပါတယ်။

ငါလိုလူ ဖမ္ဗူမှာဆိုတဲ့ မာန်နဲ့ ထောင်လွှားခဲ့တဲ့ ကျွန်တော်ဟာ တစ်နေ့ကျတော့ •••။

xxx ••• xxx

– ငါး –

ခုနစ်တန်းကျောင်းသား ••• မောင်ရေခဲ။

ကျောင်းသားကြီး မဟုတ်သေးပေမယ့် ကျောင်းသားလတ် ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com

ပြီ။ အလယ်တန်းအဆင့် ကျောင်းသား။

စာမေးပွဲ တစ်ခါမှမကျဘူးသေးတဲ့ တစ်ခေါင်ခေါင်တန်းမှန်မှန် တန်းတက်လာသော သားဖြစ်သည့်အတွက် မိဘတွေ ပီတိဖြစ်နေကြသည်။

သူလေးတန်းရောက်သည့်နှစ်တွင် ဖခင်ကြီး ဆုံးပါးသွားသည်။ အမေက နည်းနည်းမှမမူ။ သူမ၏ ရည်မှန်းချက်ကို တစ်ပြားသားမှ မလျှော့။

အဲဒီတုန်းကတော့ သူကလည်း ကျောင်းသွားမှန်သည်။ စာကျက်မှန်သည်။ ကျောင်းပြေးသည်ဆိုသည့် အသံကို တစ်ခါမှ မကြားရစဖူးသေး။

မိဘဖြစ်သူတွေနားမှာ လေသံမျှပင် မကြားနိုင်သေး။

အမေက သူ့အတွက် ကြွားလိုက်ဝါလိုက်ရသည်မှာ မမောနိုင် မပန်းနိုင်။

အိမ်အလုပ်ရော ဆိုင်အလုပ်ပါ တစ်ခုမှ မခိုင်း။ သူက အလိုက်တသိ လုပ်ပေးသည်ကိုပင် အမေက လက်မခံ။ သားဖြစ်သူကို ဂုဏ်တင်ပြီး ကြော့ကြော့ထင်ထင် ထားခဲ့သည်။

အမေ့ရည်မှန်းချက်က သူတို့ မိသားစုထဲမှာ မရှိဖူးသေးသည့် ပညာတတ်တစ်ယောက် ဖြစ်လာစေဖို့။

အဝတ်အစား ပိုဆင်သည်။ ကောင်းပေ့ ညွန့်ပေ့ဆိုသည့် အကျီ လုံချည် ထည်လဲဝတ်နိုင်အောင် ဝယ်ခြမ်းပေးသည်။ အဲဒီတုန်းက ကျောင်းဝတ်စုံဝတ်ရသည့်ခေတ် မဟုတ်သေး။

ကိုယ့်ဝမ်းအတွက် ကိုယ်ဝတ်ဖို့အတွက် အမေ လုံးဝမစဉ်းစား။ ငွေပိုငွေလျှံလေး ရှိလာသည်နှင့် သားဖြစ်သူကို ဘာဝယ်ပေးရပါ့မလဲဆိုသည်ကိုသာ အလေးထား စဉ်းစားသည်။

ကျောင်းသားလတ် ဖြစ်လာသည့်အလျောက် မုန့်ဖိုးကိုလည်း ပိုပိုလျှံလျှံပေးသည်။ ကျောင်းသွားတုန်းသာ မဟုတ်။ ကျောင်းပြန်လည်းပေးသည်။

ရုပ်ရှင်ဇာတ်ကားသစ်တွေ တစ်ကားပြီးတစ်ကား ထွက်လာသည့်အလျောက် ဆိုင်ကလေး၏ ဝင်ငွေလည်း ဖွံ့ဖြိုးလာသည်။

ဆိုင်ခန်းရောင်းအဝယ် ကောင်းလာသည့်အလျောက် အမေလည်း အရင်ကထက်ပိုပြီး လောဘတက်လာသည်။

ပင်ပန်းသည်ကိုမမူ။ သားဖြစ်သူအတွက် တက်ရသည့် လောဘမို့ ပင်ပန်းရမှန်းမသိ။

မိဘတို့၏ သားသမီးအပေါ်ထားသည့် မေတ္တာစေတနာ အတိုင်းအဆမရှိသလိုပင် အမေသည် သားဖြစ်သူကို အတိုင်းအဆမရှိ ပံ့ပိုးပေးခဲ့သည်။ အစစအရာရာ လိုလေသေးမရှိအောင် ဖြည့်ဆည်းပေးခဲ့သည်။

သို့ကလို ... အမေက မိဘတို့ ဝတ္တရားကို ခါးချည်းပြီး ရုန်းကန်လှုပ်ရှား၍ ဖြည့်စွမ်းပေးခဲ့ပေမယ့် မောင်ရေခဲက အမေ့ရည်မှန်းချက်ကို တုံ့ပြန်မဖြည့်စွမ်းနိုင်ခဲ့။

လူငယ်သဘာဝ မိဘ၏မေတ္တာနှင့်စေတနာကို နားလည်ရကောင်းမှန်းမသိ။ ကိုယ်ထင်ရာ ကိုယ်စိုင်းခဲ့သည်။ မိဘစကားထက် အပေါင်းအသင်းစကားကို အလေးထားခဲ့သည်။

အပေါင်းအသင်းများနှင့် လည်ရပတ်ရသည်ကို ပျော်မွေ့လာသည်။ ခုနစ်တန်းရောက်သည့်နှစ်တွင် ကျောင်းပျော်ကနေ ကျောင်းပြေးစာရင်းဝင်ဖြစ်ခဲ့သည်။

အမေမျာကတော့ ဘာမှမသိ။ သူကလည်း ခြေလှမ်းမပျက်။ ကျောင်းချိန်အတိုင်း ကျောင်းသွားသည်။ ကျောင်းပြန်ချိန်အတိုင်း အိမ်ပြန်သည်။

ကျောင်းသွားချိန်နှင့် ကျောင်းပြန်ချိန်ကြားတွင် စာသင်ခန်းမှာ မရှိ။ ဒါကို အမေက မသိ။

သူ ကျောင်းပြေးစာရင်းဝင် ဖြစ်သွားသည်မှာ အပေါင်းအသင်းနှင့် အလည်အပတ်ကြောင့်ချည်း မဟုတ်။ စာမလိုက်နိုင်သည့် အကြောင်းလည်း ပါသည်။

ကျက်ရ၊ ဖတ်ရ၊ မှတ်ရသည့် စာတွေက များလာသည်။ ပြီး ... သူက ပင်ကို သချ်ာညံ့သည်။

ခုနစ်တန်းမှာ အတန်းပိုင်ဆရာက သချ်ာအသင်အပြ အားသန်သည်။ ဆရာက စာနှင့်ပတ်သက်လျှင် တပည့်တွေကို မျက်နှာသာမပေးသလို ကျောသားရင်သား မခွဲခြားဘဲ တစ်ပြေးညီ ဆက်ဆံသည်။

ဆရာလက်နှင့် အချက်ပြလိုက်လျှင် မတ်တက်ရပ်ရသူတွေထဲမှာ သူပင်တိုင်ပါသည်။ ဆရာက စာညံ့သူတပည့်တွေကို မျက်နှာသာမပေး။

တက်ချင်တက်၊ မတက်ချင်နေ သင်ပြချိန်ကုန်အောင်သင်ပြီးရင် ပြီးသော သဘောမျိုး မမူ။

မသိရင်မေး၊ တတ်အောင်သင်ပေးမည်ဆိုသည့် ဆရာ၏ ပင်ကိုစေတနာအရ သင်သည့်အခါ အားမလို အားမရ အအော်အငေါက်ပါလာသည်။ ဒဏ်ပေးသည်။

အတန်းပိုင်ဆရာဖြစ်သူက သချ်ာ



www.burmeseclassic.com

www.burmeseclassic.com

အနက် ဝါသနာမပါ။ ဒဏ်ပေး ဝါသနာပါသည်။

တပည့်တွေ သေသေချာချာ တတ်သိစေချင်သည့်၊ ထူးထူးချွန်ချွန် ဖြစ်စေချင်သည့် ဆရာ့ဆန္ဒနှင့် စေတနာကို သဘောမပေါက်သေးသူ လေးငါးယောက်ထဲမှာ သူလည်းပါသည်။

ဆရာသည် သူ့ကိုရွေးပြီး နှိမ်သည်ဟု အမြင်စောင်းသူတွေထဲမှာ သူကထိပ်ဆုံးက။ ကျောင်းမနေရတော့ကော ဘာဖြစ်သလဲဆိုသည့် လူငယ်ဘာဝ တလွဲမာနဝင်လာသည်။

အိမ်ကထွက်တုန်းက လွယ်အိတ်နှင့်။ အမေ့မြင်ကွင်း ကွယ်သည်နှင့် လွယ်အိတ်တခြား၊ လူတခြား။

ကုလားကွမ်းယာဆိုင်မှာ လွယ်အိတ်အပ်ပြီး ပြေးဖော်များနှင့် ခြေဖွမွှေ့နေခဲ့သည်။

အဲဒီတုန်းက ခြောက်ပေပတ်လည် ကုလားကွမ်းယာဆိုင်ကလေးတွေ နေရာတကာမှာရှိသည်။ ကျောင်းပြေးအများစုက သူတို့လွယ်အိတ်ကို ကုလားကွမ်းယာဆိုင်မှာ အပ်နှံထားသည့် အလေ့အထရှိကြသည်။

သွပ်မိုးသွပ်ကာနှင့် အတည်တကျရောင်းသည့် ကွမ်းယာဆိုင်ပိုင်ရှင် ကုလားများမှာ ခြေတစ်ဆန့်စာရှိသည့် ဆိုင်ကလေးတွေမှာပင် နေထိုင်အိပ်စက်၊ ချက်ပြုတ်စားသောက်ကြသည်။

အတည်တကျ ဆိုင်ကလေးတွေမှာ ကိုယ့်လွယ်အိတ် ထားခဲ့ရသမို့ ပျောက်မှာရှုမှာ အပ်ထားသူ မတွေ့မှာ မစိုးရိမ်ရ။

ကျောင်းပြေး လွယ်အိတ်တွေကို သိမ်းရဆည်းရတာ ရိုးနေပြီဖြစ်သည့် ကွမ်းယာဆိုင် ကုလားတွေကလည်း နိမ့်ပေးလို့ မငြင်း။

လွယ်အိတ်အပ်သည့် ကျောင်းသားတွေထဲက ပိုလိုသမားပါလာရင် စီးကရက်ရောင်းသည်။ ပိုလိုသမား မဟုတ်သူတွေကလည်း သကြားလုံးလေး ဘာလေး ဝယ်ပြီး မြှူသွားတတ်သမို့ သူတို့လည်း စီးကရက်လေး၊ သကြားလုံးလေး ရောင်းရသည်။

မောင်ရေခဲ စာသင်ခန်းကိုကျောခိုင်းပြီး ခြေဖွေဖောက်နေသည်ကို ပလက်ဖောင်းဈေးသည် မုန့်ဆိုးမ မိခင်ကြီးက လုံးဝ မသိရှာ။

မိသားစုစားဝတ်နေရေးအတွက် လုံးပန်းနေရရှာသည်။ မောင်ရေခဲအတွက် ပူရှာနေရသည်။

တစ်ဖက်တစ်လမ်းက အထောက်အကူပြုပေးနေသည့် ခင်ပွန်းသည် မရှိတော့သမို့ မိသားစုစားဝတ်နေရေး ကိစ္စအထွေထွေမှာ သူမ၏ပခုံးထက်သို့ ပို၍ပိလာသည်။

သားဖြစ်သူ ကျောင်းမှန်မှန်သွားရဲ့လား၊ စာကျက်ရဲ့လား ဘာလားညာလား ဆိုတာတွေကိုသာ သာမန်မေး သာမန်ပြော ပြောနိုင်သည်။

ထိုသို့နေခဲ့ရာမှာ တစ်နေ့ . . . ။

ကျောင်းဆရာကြီးက လာတွေ့ပါဆိုတော့ ဘယ်သွားနေသလဲ မောင်ရေခဲအကြောင်းကို ခရေစေ့တွင်းကျ သိလိုက်ရသည်။

ဆရာကြီးအခန်းက ထွက်လာပြီးနောက် အောင့်တက်လာသည့် ရင်ဘတ်ကိုနှိပ်ပြီး မျက်ရည်များ သွန်ထုတ်လိုက်ရတော့သည်။

အိမ်ပြန်ရောက်သည့်အခါ အရုပ်ကြိုးပြတ်သို့နှယ် ပုံကျသွားသည်။ အမေ့မှာ မျှော်ထားစရာ မျှော်လင့်ချက် ဘာမှမရှိတော့။ ရည်မှန်းထားသမျှတွေ သဲထဲရေသွန်သို့နှယ် ဖြစ်သွားရပါချေပြီ။

အဲဒီနေ့က ဆိုင်မထွက်ဖြစ်တော့။ ခင်ပွန်းသည် တိမ်းပါးသွားစဉ် စိတ်ထိခိုက်ခံစားရသည်ထက် သာလွန်သော စိတ်ထိခိုက်မှုကို ရင်နင့်အောင် ခံစားနေရသည်။

ထွက်မဆုံးသော မျက်ရည်များမှာ ကရားရေလွှတ်ဘိသို့ ရှိနေပါချေ၏။ သွားချင်ရာသွားပြီး ခြေဖွေမွှေ့နေသည့် မောင်ရေခဲမှာ အိမ်ပြန်မရောက်သေး။

ထိုနေ့က ညဉ့်ဦးယံလွန်မြောက်ချိန်ရောက်သည့်တိုင် မောင်ရေခဲမှာ အိမ်ပြန်မရောက်ခဲ့။ ခါတိုင်း ကျောင်းပြန်ချိန် အမေ့ဆိုင်ကို အရင်ဝင်စမြဲ။ အမေကလည်း ကျောင်းပြန်မုန့်ဖိုး ဆီးကြိုပေးစမြဲ။

အဲဒီနေ့က မောင်ရေခဲမှာ ခါတိုင်းလိုပင် ကျောင်းလွှတ်ချိန် အချိန်မှန်ပြန်သည်။ အမေ့ချဉ်းနေရာလေး ကွက်လပ်ဖြစ်နေသည်ကို တွေ့လိုက်ရသောကြောင့် အကြောင်း အလွန်ထူးပြီကို သိလိုက်သည်။

အမေက ဆိုင်မထွက်ဘဲ နေရိုးထုံးစံမရှိခဲ့။ ဖခင်ကြီး တိမ်းပါးစဉ်တုန်းကသာ ဆိုင်ထွက်သုံးရက် ပျက်ခဲ့ဖူးသည်။ ခု ဒုတိယအကြိမ် ဆိုင်ထွက်ပျက်ကွက်ခြင်း။

ဆိုင်နီးနားချင်းများကို မေးကြည့်တော့မှ အမေ မနက်က ကျောင်းသို့ လိုက်သွားရသည့်အကြောင်း သိလိုက်ရသည်။

"မင်းသူငယ်ချင်း ကျောင်းသား



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်လာခေါ်လို့ ဆိုင်ထွက်မယ့်ဆဲဆဲ ဗန်းလေးပြန်ခေါက်ပြီး လိုက်သွားရအာယ်လေ''

ဆက်မေးစရာမလိုတော့။ လောလောဆယ် **အမေနှင့် ရင်မဆိုင်ချင်။** အမေ ရိုက်မှာ၊ **နှက်မှာ ကြောက်လို့** မဟုတ်။ **အမေ မရိုက်ဘူး**ဆိုသည်ကို သူသိသည်။

မျက်ရည်နှင့်မျက်ခွက် ဖြစ်နေမည့် အမေ့အား ရင်ဆိုင်ရမည်ကို စိတ်မခိုင်သောကြောင့်ပင်။

သူ့အပေါ် အားကိုးတကြီး မျှော်လင့်ချက် အစိုင်အခဲကြီး ထားခဲ့သည့် အမေ့ကို လောလောဆယ် ရင်ဆိုင်လိုက်လျှင် အမေ တစ်စုံတစ်ခု ဖြစ်သွားမည်ကိုတော့ သူစိုးရိမ်သည်။

သူ့တွက်ကိန်းနှင့်သူ ရှေ့ဆက်လှမ်းရမည့် ခြေလှမ်းကို နောက်ဘက်သို့ ပြန်လှည့်လှမ်းလိုက်ရသည်။ပထမဆုံး အိမ်သို့မပြန်သော နေ့။

တစ်ပူပေါ် နှစ်ပူဆင့်ရသူမှာ အမေ။ ပြန်လာနိုး မျှော်တလင့်လင့်ဖြင့် လည်ပင်းသာ ရှည်ခဲ့ရသည်။ သားဖြစ်သူကိုတော့ ထွက်မရှာနိုင်။

ရုပ်ရှင်ရုံက ခင်မင်သူ အလုပ်သမားနှစ်ယောက်ထံသွားပြီး အကူအညီတောင်းရသည်။

မပူပါနဲ့ အဒေါ်ရယ်။ ကျွန်တော်တို့ မတွေ့တွေ့အောင် ရှာပေးပါ့မယ်။ ဒီကောင် ဝေးဝေးမသွားပါဘူး။ စိတ်ချပြီးတော့သာ ပြန်ပါဆိုသည့် နှစ်သိမ့်စကားကို ပိုက်ထွေးပြီး ပြန်ခဲ့ရသည်။

နောက်တစ်နေ့။

ဆိုင်ထွက်ပျက်ပြီး သားဖြစ်သူကို အရှာမထွက်နိုင်။

တစ်ရက်ပျက်လျှင် တစ်ရက်ဆိုရမလောက် ဝင်ငွေသိသိသာသာ ထိခိုက်သည်။

တစ်ရက်ပျက်လျှင် ဝမ်းမီးတစ်ချက်တောက်သည့် သူတို့ဘဝမှာ ဆိုင်ထွက် လုံးဝအပျက်မခံနိုင်။

ရုပ်ရှင်တစ်ပွဲ လူဝင်ပြီး နောက်**တစ်ပွဲ**မစခင် ရသော အားလပ်ချိန် **ကလေး**အတွင်း ဆိုင်ကိုအပ်ပြီး တွေ့**လိုတွေ့ငြား** ဟိုနားဒီနား အရှာထွက်**ခဲ့ရသည်။**

**ခြေရာ**ဖျောက်သူကို ခြေရာ**ကောက်ဖို့** မလွယ်။ ရှိတတ်လိမ့်မည် ထင်သည့် နေရာကို မှန်းဆပြီး ကြည့်ပြန်လုပ်ရုံသာ တတ်နိုင်သည်။

ကျောင်းမတက်ချင်နေပါ။ အိမ်ကိုတော့ ပြန်ခဲ့ပါလို့ နီးစပ်ရာများကို ပြောခဲ့ရသည်။ ဆိုင်ထွက်ရသည်မှာ စိတ်မဖြောင့်။

ပြန်လာနိုး ပြန်လာနိုးနှင့် မျှော်လင့်တကြီး စောင့်ခဲ့ရသည်မှာ သုံးရက်ရှိပြီ။ မောင်ရေခဲ ပြန်မရောက်လာသေး။

လေးရက်မြောက်နေ့။

ညရှစ်နာရီလောက် အိမ်ပြန်ရောက်လာသည်။ အိမ်က ညီမဖြစ်သူက အမေ့ဆိုင်ကို ပြေးပြောသည်။

အမေ ဒရောသောပါးလိုက်လာသည်။ တွေ့တွေ့ချင်း အမေက ဖက်ငိုသည်။

အမေ့ရင်တွင်းမှာ ခံစားနေရသည့် ခံစားချက်တွေကို ပါးစပ်က တတွတ်တွတ်ပြောသလို မျက်ရည်တွေကိုလည်း မရပ်မနား သွန်ထုတ်နေသည်။

ကျွန်တော်လည်း မနေနိုင်တော့ဘူး။ မျက်ရည်လည်ရာကနေ မျက်ရည်တွေ စီးကျလာတယ်။ ကျွန်တော် တော်တော်ကို စိတ်ထိခိုက်သွားတယ်။ အမေ့ကိုလည်း အရမ်းသနားသွားတယ်။ ဒါပေမယ့် ကျွန်တော် လိမ်လိမ်မာမာနဲ့ ကျောင်းပြန်တက်ပါမယ်ဆိုတဲ့ ဝန်ခံချက်မျိုး အမေ့ကို မပေးနိုင်ခဲ့ပါဘူး။ ဒရောသောပါး အိမ်ကို ပြန်လိုက်လာရတဲ့ အမေဟာ ပြောချင်တာတွေကို ဆုံးအောင်မပြောနိုင်ဘဲ ကပျာကယာ ပြန်ပြေးရပြန်တယ်။

နောက်ဆုံးပွဲစဥ်အတွက် ဆိုင်ပြန်ထွက်ရဦးမယ်။ အဲဒီပွဲက ခြောက်နာရီခွဲပွဲလောက် လူမများပေမယ့် ရုပ်ရှင်ကို အေးအေးလူလူ ကြည့်ချင်သူတွေ လာကြည့်ကြသည့်ပွဲ။

ဆပ်ရှင်လေးပွဲမှာ အရောင်းရအပါး ဆုံးပွဲဖြစ်ပေမယ့် သူတို့လို ရုံနှင့်နီးနီးနားနား မနေနိုင်သူတွေ ဆိုင်သိမ်းပြန်လေ့ရှိသည့်အတွက် ဆိုင်အရေအတွက် နည်းပါးသည့်အလျောက် အသင့်အတင့် ရောင်းရသည်။

တစ်ခါတစ်ရံ မထင်မှတ်ဘဲ နေ့ပွဲများထက် ပိုရောင်းကောင်းသည့် အလှည့်မျိုးလည်း ရှိသည်။

အမေက ဆိုင်ထွက်ရမည်မှာ သူ့အလုပ်။ ရောင်းကောင်းသည်၊ မကောင်းသည်မှာ သူ့အလုပ်မဟုတ်ဟု သဘောထားမျိုး ထားတတ်သူ။

ရုပ်ရှင်ရုံမှာ ပရိတ်သတ် နည်းနည်းများများ အမေကတော့ သူ့လုပ်ငန်းကို အခင်းမပျက်။ အမေနောက်ဆုံးပွဲဈေးရောင်းဖို့ ပြန်ထွက်သွားတော့ သူလည်း တစ်ပါတည်း လိုက်သွားသည်။

စိတ်ထိခိုက်မှု အကြီးအကျယ် ခံစားနေရသည့်အမေ့ကို စိတ်သက်

www.burmeseclassic.com

သာမှု တစ်စိတ်တစ်ပိုင်း ဖြစ်စေရန်နှင့် အမေ့ကို အတတ်နိုင်ဆုံး နှစ်သိမ့်မှုဖြစ်စေရန်အတွက် လိုက်သွားခြင်း ဖြစ်၏။

ထိုနေ့က ဆိုင်သိမ်းပြီး အိမ်ပြန်သည့်အခါ သူတစ်ခါဖူးမျှ မသယ်ဖူးခဲ့သည့် အမေ့ဈေးဗန်းကို ခေါင်းပေါ်ရွက်ပြီး အမေနှင့် အတူပြန်ခဲ့ကြသည်။

အမေက အတင်းတားမြစ်သည့်ကြားကနေ သူက အလုအယက်လုပြီး ခေါင်းပေါ်ရွက်ခဲ့ခြင်း ဖြစ်၏။

"သြော် ... သားရယ်"

အမေ့မျက်နှာပေါ်မှာ မသိမသာ အပြုံးရိပ်ကလေး ယှက်သမ်းသွားသည်။ အိမ်ပြန်ရောက်တော့ ကျောင်းဆက်နေဖို့ ကိစ္စအတွက် အမေနှင့် အချေအတင် ပြောရပြန်သည်။

သူက ကျောင်းပြန်မနေ အလုပ်တစ်ခုခုလုပ်ပြီး အမေ့ကို တစ်ဖက်တစ်လမ်းက ကူညီမယ့်အကြောင်း၊ အမေ အတင်းအကျပ် ကျောင်းပြန်တက်ခိုင်းရင် သူရောက်ရာပေါက်ရာ ထွက်သွားတော့မည့် အပြောဖြင့် အကြောက်အကန် ငြင်းခဲ့သည်။

နောက်ဆုံးတော့ အမေကပဲ မျက်ရည်ဆက်လက်နှင့် အလျှော့ပေးလိုက်ရသည်။

"အမေ သားအတွက် ဘယ်လိုမျှော်လင့်ချက်မျိုး ထပ်ပြီးထားရဦးမလဲ သားရယ်။ အမေထားစရာ မျှော်လင့်ချက်မရှိတော့ဘူးပေါ့နော်"

အမေ့နှုတ်ဖျားမှ ယူကျုံးမရ ထွက်လာသည့် အသည်းနှလုံးက ပြောလိုက်သော အသံ။

မျက်စိကွယ်ရာမှာထက် မျက်စိအောက်မှာ နေတာက ပူပင်သောကငြိမ်းအေးလိမ့်မည်ဟု အမေ တွက်ဆလိုက်ရဟန် ရှိသည်။

နောက်တစ်နေ့ကစပြီး ဈေးဗန်းကို အမေ့အား ရွက်ခွင့်မပေးတော့။ ဆိုင်အထွက်၊ ဗန်းအခင်းအကျင်း၊ ဆိုင်အသိမ်း လုပ်စရာရှိတာတွေကို သူက ဒိုင်ခံလုပ်ခဲ့သည်။

ဈေးရောင်းသည့် နေရာမှာလည်း အမေ့ကိုကူသည်။ ဝယ်စရာ ခြမ်းစရာရှိသည်များ ဘယ်မှာ ဘယ်ဈေးနှင့် ဝယ်ရမည်ကို မေးပြီး သူပဲ သွားဝယ်သည်။

ဟိုနား၊ သည်နား ခဏတဖြုတ် သွားသည်ကလွဲ၍ အမေ့ရှေ့မှောက်မှာပဲ သေသေသပ်သပ် နေခဲ့သည်။

ရုပ်ရှင်ရုံထဲမှာ ဘီလပ်ရည်၊ လိမ္မော်သီး၊ ချော့ကလက်၊ သီချင်းစာရွက်ရောင်းသည့် ကောင်လေးတွေနှင့် ဝင်ရောင်းတာမျိုးကိုပင် သူက မရှက်မကြောက် လုပ်ခဲ့သည်။ အမေကတော့ သားဖြစ်သူအတွက် ဝမ်းသာဝမ်းနည်း ဆန့်ကျင်ဘက်နှစ်မျိုးကို တွဲစပ်ခံစားနေရရှာသည်။

သားလေးက ပေပေတေတေ ခြေဖွေမဖွေ့ဘဲ မျက်စိအောက်ကနေ ဘယ်မှမသွားဘဲ အေးအေးလူလူ နေထိုင်နေသည့်အတွက် ဝမ်းသာရသည်။

ဈေးဗန်းခေါင်းရွက် ဆိုင်ခင်းပြီး ရုပ်ရှင်ရုံထဲ သီချင်းစာရွက် ဝင်ရောင်းနေရသည့်အတွက် ဝမ်းနည်းရသည်။ မချိတင်ကဲ ခံစားနေရသည်။

ဒါပေသိ မောင်ရေခဲ၏ အနေအထိုင်၊ အလုပ်အကိုင် ပြောင်းလဲနေသည်မှာ ထာဝရမဟုတ်ဘဲ တစ်ခဏသာ ဖြစ်လိမ့်မည်ကို အမေသာ ကြိုတင်သိစွမ်းနိုင်ခဲ့ရင် အမေ၏ဝမ်းသာမှုမှာလည်း တစ်ခဏသာပင် ဖြစ်လိမ့်မည်ပါ။

အမေ့မျက်စိအောက်၌ ရေခဲနေခဲ့သည့် အချိန်ကာလနှင့် အမေ့အား လက်တိုလက်တောင်း ကူညီခဲ့သည့် အချိန်ကာလမှာ တစ်လကျော်ကလေးမျှသာပင်။ အတိအကျဆိုသော် ရက်ပေါင်း လေးဆယ့်နှစ်ရက်။

ထိုမှ နောက်တော့ အမေ့အား လက်တိုလက်တောင်း အကူအညီမှာ သူနှင့် မဆိုင်ဘိသို့ မျက်နှာလွှဲလိုက်သည်။ အမေ့မြင်ကွင်း၌ နေထိုင်ခြင်းကိုလည်း ကျောခိုင်းလိုက်သည်။

အမေ့ကို ဥပေက္ခာပြုပြီး မျက်နှာလွှဲခဲ့ပစ် ကျောခိုင်းလိုက်သည်မျိုးတော့ မဟုတ်ပါ။

အခစား အလုပ်တစ်ခုခု ရအောင်ရှာဖွေရန်ဆိုသည့် အကြောင်းပြချက်ဖြင့် အမေ့မျက်စိအောက်က ထွက်ခဲ့ခြင်း ဖြစ်၏။ အမေကလည်း မတားသာသောကြောင့် မျက်ရည်

အဲဒီခေတ်ကာလက
ဘီလီယက်
ခေတ်စားသည်။
အင်္ဂလိပ်ခေတ်ကတည်းက
ခေတ်စားလာသော
ကစားနည်း။
ဂျင်တဲ့လ်မင်ပလေးဂိန်း
လူကြီးလူကောင်း
ကစားနည်းလို့လည်း
အမှတ်သညာ
ပြုထားသည်



www.burmeseclassic.com

www.burmeseclassic.com

သွယ်လျှက်က ခေါင်းညိတ်လိုက်ရသည်။

အမေဆိုင်မထွက်ခင် သူအိမ်က ထွက်သည်။ အမေဆိုင်သိမ်းပြီးမှ သူအိမ်ပြန်ရောက်သည်။ အမေက အလုပ်ရှာထွက်မည့် သားအတွက် တစ်နေ့ ငွေတစ်ကျပ် အိတ်ထဲထည့်ပေးလိုက်သည်။ အရောင်းအဝယ် အဆင်ပြေသောနေ့မျိုးတွင် တစ်ကျပ်ခွဲ၊ နှစ်ကျပ် ပေးခဲ့သည်။

အဲသည်အချိန်က ငွေတစ်ကျပ်ဆိုတာ ထမင်း၊ လက်ဖက်ရည်၊ စီးကရက်ဖိုး ဖူလုံရုံတင်မက ပိုလျှံသေးသည်။

ဘာပဲဖြစ်ဖြစ် အမေ့မှာလည်း ဘယ်သွားနေသလဲ မောင်ရေခဲလို့ သူများအမေးရှိလာရင် သားကလေး အလုပ်ရှာသွားနေတယ်လို့ ပြောစရာ ဖြေစရာ ရှိသွားသည်။ နှစ်ပတ်လောက်ကတော့ ရက်ဆက်ဆိုသလို အလုပ်ရှာထွက်ခဲ့သည်။

သူ၏အတန်းပညာနှင့်က အရိုပ်အောက်မှာ သက်သောင့်သက်သာ လုပ်ရမည့် အလုပ်မျိုး မရနိုင်။ ထမ်းရ၊ ပိုးရ၊ သယ်ရ၊ မရမည့် အလုပ်မျိုးတော့ရသည်။

သူကလည်း ဒီလောက်အထိ အဆင့်နိမ့်နိမ့်မျိုးတော့ မရည်မှန်း။ စာရေး၊ စာချီမဟုတ်တောင် မင်းစေခေါ် ရုံးလုလင်အလုပ်မျိုး ရရင်သော်မှ လုပ်မည်ဟု သတ်မှတ်ချက် ထားခဲ့သည်။

မင်းစေခေါ် ရုံးလုလင် အလုပ်ကလည်း သူ့အဆက်နှင့်သူ ဖေးမအကူအညီပေးမှ ရသည့်အလုပ်မျိုး။

လျှောက်ရ၊ သွားရ၊ မေးရ မြန်းရသည်ပဲ အဖတ်တင်သည်။ ရက်နှစ်ဆယ်လောက်ထိအောင်တော့ ကြိုးစားကြည့်လိုက်သေးသည်။

လမ်းစ မမြင်။ မျက်စိလည်လမ်းလျှောက်သူ လမ်းစရှာရသလိုသာ ရှိခဲ့သည်။

အဆင်ပြေခဲ့ရဲ့လား သားလို့ နေ့တိုင်း အမေးရှိလာသည်ကိုပင် ပြန်ပေးစရာ အဖြေခက်လာသည်။ ဒါပေသိ သူ၏အိမ်ကထွက်ချိန်နှင့် ပြန်ရောက်ချိန်မှာမူ အပြောင်းအလဲမရှိ။

အမေက အလွတ်ပညာသင်ကျောင်းမှာနေပြီး ဆယ်တန်းလောက်ရောက်အောင် ကြိုးစားဖို့ တိုက်တွန်းခဲ့ပြန်သည်။ သူက အကြောက်အကန်မငြင်းပေမယ့် ဟုတ်ကဲ့ပါဆိုသည့်အဖြေကိုတော့ မပေး။

ကျွန်တော် ဘယ်ကျောင်းကောင်းသလဲဆိုတာ စုံစမ်းပြီးမှဆိုသည့် မတင်မကျအဖြေဖြင့် အမေ့ကိုနှစ်သိမ့်ခဲ့သည်။

သို့ဖြင့် ဟိုယောင်ယောင် သည်ယောင်ယောင် လုပ်နေရင်းမှ ဘီလီယက်ခုံ ဘော်ဒါဖြစ်လာသည်။

အမေ့ဆိုင်နှင့်ရော၊ အိမ်နှင့်ရော မဝေးသည့်နေရာ ပန်းဆိုးတန်းမှာ။

အစဦးပိုင်းကတော့ သွားစရာလာစရာ ခြေဦးတည်စရာကလည်း မရှိ။ ရုပ်ရှင်ရုံအောက်မှာ တစ်နေကုန်တစ်နေခန်း မနေချင်သောကြောင့် ဘယ်သူမဆို ဝင်ထိုင်လို့ရသည် ကြည့်လို့ရသည်။

အဲဒီခေတ်ကာလက ဘီလီယက် ခေတ်စားသည်။ အင်္ဂလိပ်ခေတ်ကတည်းက ခေတ်စားလာသောကစားနည်း။ ဂျင်တဲ့လ်မင်ပလေးဂိန်း။ လူကြီးလူကောင်းကစားနည်းလို့လည်း အမှတ်သညာ ပြုထားသည်။

ဘီလီယက်ကစားနည်းမှာ လူကြီးလူကောင်းများ အပျင်းလည်းပြေ ကိုယ်လက်လှုပ်ရှားမှု ဖြစ်စေသည့် ကျန်းမာရေး အထောက်အကူပြု ကစားနည်းဖြစ်၏။

အသင်းအဖွဲ့ကလပ်များ၊ ရက်စတောရင့်ကြီးများ၊ ဟိုတယ်များတွင် ဘီလီယက်ခုံ ရှိသည်။ ဘီလီယက်ခုံကြီးကို ဝိုင်းပတ်လျှောက်ရသည်။ ကုန်းလိုက်၊ ဆန့်လိုက် ထိုးရသည်။

ပြိုင်ဘက်များ ဘယ်လိုဘယ်ပုံ ထိုးသည်ကို ရပ်လျက်တစ်ဖုံ၊ လှည့်ပတ်၍တစ်သွယ် ကြည့်ရသောကြောင့် အညောင်းပြေ ကိုယ်လက်လှုပ်ရှားမှု အလိုအလျောက် ဖြစ်စေသည်။

ကိုယ့်အလှည့်မရောက်ခင် ဘီယာလေးစုပ်လိုက်၊ အရက်ကလေး မြုံ့လိုက်ဖြင့် ဇိမ်ယူလို့လည်း ရသည်။ ဘီလီယက်ခုံကြီးတိုင်းမှာ လူစည်သည်။

ယခု ရွှေဂုံ ရုပ်ရှင်ရုံနောက်ဘက် မြေကွက်လပ်ကြီးထဲမှာ ဘီလီယက်ခုံရှိသည်။ ခုံကြီးခုံကောင်းမို့ ကစားသူလည်း များသည်။

ပလက်ဖောင်းဘေးတွင် ရှိသောကြောင့် လမ်းသွားလမ်းလာများလည်း ခရီးသွားဟန်လွှဲ ခဏတဖြုတ် ဝင်ကြည့်လေ့ရှိသမို့ စည်စည်ကားကားရှိသည်။

ခါးကုန်းမောင်မောင် (နောင်ရုပ်ရှင်များတွင် ဇာတ်ရံသရုပ်ဆောင်အဖြစ် ပါဝင်ခဲ့သူ)ဦးစီးသည့် ဘီလီယက်ခုံ။ မည်သူပိုင်ဆိုင်သည့် ဘီလီယက်ခုံ ဖြစ်သည်ကိုတော့ သူလည်း မသိ။



www.burmeseclassic.com

www.burmeseclassic.com

ဘိလိယက်ခုံနှင့် တွဲလျက်မှာ ထမင်းဆိုင်ကြီး ရှိသည်။ ဟင်းချက် သက်ရာကောင်းသည်။ ဟင်းလျာ စုံသည်။ သဘောကောင်းသည်။ဈေးချို သည်ဟု ပါးစပ်သတင်း လွင့်ပျံ့သည်။

အဲဒီဆိုင်ကလည်း ခါးကုန်း မောင်မောင်နှင့် ပတ်သက်ဆက်နွှယ် သည့် ထမင်းဆိုင်။

ထိုစဉ်ကာလက ခါးကုန်းမောင် မောင်မှာ ပန်းဆိုးတန်းလူမိုက်။ ပန်းဆိုး တန်းထိပ်က မြေကြမ်းသည်။ အဲဒီ နေရာမှာ ခါးကုန်းမောင်မောင်က မီးသေသည်။ သူ့ကို လှန်ရဲသူမရှိ။

ခါးကုန်းမောင်မောင် ဦးစီးသည့် ဘိလိယက်ခုံဆိုတော့ ဝရုန်းသုန်းကား မလုပ်ရဲသူ၊ ပေါးလားဝါးလား အနှောင့် အယှက်ပေးရဲသူ ဘယ်ရှိလိမ့်မှာပ။

မောင်ရေခဲက ဘိလိယက်ခုံမှာ ဘောထိုင်ကြည့်ရင်း အချိန်ဖြုန်းနေသူ။

သို့တစေ ...

သူက ဖင်ကျောက်ချပြီး ထိုင် တတ်သူမဟုတ်။ လုပ်စရာရှိတာတွေ့ လျှင် ခိုင်းမှလုပ်တတ်သူ မဟုတ်။ ဖင် ပေါ့သူဖြစ်သည့်အတိုင်း လုပ်ကိုင်ပေး တတ်သည်။

စကားပြော ညက်သည်။ လည် လည်ပတ်ပတ်ရှိသည်။ အထာသဘော ကို နောကျေသလို အထာပေးကျွမ်း သည်။ လူကြီးတွေ ခင်မင်အောင် အနေတတ်၊ အပြောတတ်သည်။

မောင်ရေခဲက ရုပ်မလှ။ ဒါပေသိ သူ့အပြုံးက လှသည်။ ဆွဲဆောင်မှုရှိ သော အပြုံးမှာ သူ၏ ပင်ကိုအပြုံး။

ခါးကုန်းမောင်မောင်က မောင်ရေ ခဲကို အမြင်တည့်သွားသည်။ အမြင် ကြည်သွားသည်။ ဘယ်မှာနေသည်။ ဘာလုပ်သည်၊ မိဘတွေ ဘယ်သူ ဘယ်ဝါဖြစ်သည်ကို အမေးအမြန်း ရှိ လာသည်။

သူကလည်း သူ့မိသားစု အနေ အထားနှင့် သူ့အခြေအနေကို အရှိ အတိုင်း ပြောပြသည်။ အလုပ်ရှာတာ အဆင်မပြေသည့်အကြောင်းပါ ထည့် ပြောလိုက်သည်။

ခါးကုန်းမောင်မောင်က အလုပ် အဆင်မပြေခင် သူ့ဘိလိယက်ခုံမှာ လုပ်ဖို့ ပြောသည်။ ထမင်း၊ လက်ဖက် ရည် ဖရီး။ ခုံအဆင်ပြေရင် အဆင်ပြေ သလို မုန့်ဖိုးကြည့်ပေးသည်။ သူခိုင်း သည့် အပြင်အပအလုပ်များကိုလည်း လုပ်ရမည်။

လုပ်နိုင်မလားဟု မေးလာသည်။ ဟုတ်ကဲ့ပါ ခင်ဗျာပေါ့။ မနက်၊ နေ့ လယ် လက်ဖက်ရည်အပြင် နံနက်စာ ထမင်းလည်း ကျွေးသည်။

ကိုမောင်မောင်ပေးသည့် ငါးမူး၊ တစ်ကျပ် မုန့်ဖိုးအပြင် ဘက်တင်ထိုး သူများကပေးသည့် တစ်ပဲ၊ တစ်မူး မုန့်ဖိုးကလည်း စုလိုက်လျှင် ငါးမူးတစ် ကျပ်ရသည်။

ခါးကုန်း မောင်မောင်ကလည်း မောင်ရေခဲ၏ ပြောဆိုလုပ်ကိုင်ပုံများကို သဘောကျပြီး သူ့မှာ အဆင်ပြေရင် ပြေသလို မောင်ရေခဲအတွက် အဝတ် အထည်များပါ ဝယ်ပေးသည်။

မောင်ရေခဲ အဲဒီလို နေထိုင်လုပ် ကိုင်နေရသည်ကို အမေ သဘော မကျပေမယ့် ပြောမထူးမို့ မပြော တော့။ အသောက်အစား မဖက်ဖို့ကို ဘဲ တဖွဖွပြောဆိုဆုံးမနေသည်။

အဲဒီနားတစ်ဝိုက်မှာက အရက် နှင့်ကင်းသူဟူ၍ လက်ညှိုးထိုးပြရ လောက်အောင် မသောက်မစားသူ အရေအတွက် နည်းပါးသည်။

အမေ့မှာ ဖြေသာစရာ တစ်ခု တော့ ရှိသည်။ သားဖြစ်သူ ရှိနေသည့် နေရာမှာ အမေအမြဲရှိနေသည့်နေရာ နှင့် အလှမ်းမဝေးသောကြောင့် မျက်စိ အောက်မှာထားရသလို ရှိသည်မို့ စိတ် သက်သာခွင့်ကလေး ရသည်။

ခါးကုန်းမောင်မောင်ထံသို့ အမေ ကိုယ်တိုင်သွား၍ သားဖြစ်သူကို စောင့် ရှောက်ထိန်းသိမ်းပေးဖို့ ဆုံးမစရာရှိ ဆုံးမဖို့ ပြောဆိုအပ်နှံခဲ့သည်။

ခါးကုန်းမောင်မောင်က ပန်းဆိုး တန်းတစ်ဝိုက်မှာ အရှိန်အဝါနှင့် ထည် ဝါ့နေနိုင်သူဖြစ်၏။ မကောင်းမှု ဒုစရိုက် သမားတွေကိုလည်း ကိုင်ထားနိုင် သည်။ သည်မှာ ဝင်ငွေအမျိုးမျိုး အထွေထွေရှိသည်။

ပန်းဆိုးတန်းထိပ် ရုပ်ရှင်ရုံတစ် ဝိုက်မှာ ထိုစဉ်ကတည်းကပင် မိန်းမ ပျက်များ၊ မိန်းမထိန်းများ၊ အနိုက် သမား၊ အလစ်သမားများ၊ ဂန်ဂျာခေါ် ဆေးခြောက်အရောင်းသမားများ စတည်းချရာ၊ ကျက်စားရာ၊ လှုပ်ရှား ရာ နေရာဖြစ်ခဲ့သည်။

သူတို့ဆီက ဆက်ကြေး၊ အငှား ဂျစ်ကားဂိတ်ကဆက်ကြေးကို ကိုမောင် မောင်ရသည်။ အရက်ပုန်း ရောင်းသူ တွေကလည်း သူ့ကိုပေးရကမ်းရသည်။

ခါးကုန်းမောင်မောင်မှာ ကိုယ် ကာယ တောင့်ထည် သန်စွမ်းသူ မဟုတ်စေကာမူ အများအသိအမှတ် ပြု လူမိုက်အဖြစ် ထိုနေရာတွင် ကြီးစိုး မင်းမူနေနိုင်သည်။

အရက်အနှက် လက်ယဉ်လက် ရဲသည့် တပည့်သုံးလေးယောက်လည်း



www.burmeseclassic.com

www.burmeseclassic.com

ရှိသည်။ သူကိုယ်တိုင်ကလည်း လက်စ လက်န ရှိခဲ့ဖူးသည်။

အခြားသော အရှိန်အဝါ ဩဇာ သက်ရောက်စေမည့် အကြောင်းများလည်း ရှိလိမ့်မည်။

စောင်းငန်းစောင်းငန်း ရွဲ့စောင်း ရွဲ့စောင်းနှင့် မသန်စွမ်းသောပုံဟန် ရှိစေကာမူ သူ့ကို မထီလေးစား မလုပ်ဝံ့သည့် ဟိတ်ဟန်ရှိသည်။

ခါးကုန်း မောင်မောင်ဆိုသည့် အမည်ကို သူရှေ့မှောက်မှာ မည်သူမျှ မခေါ်ရဲကြ။ သူ့ကွယ်ရာတွင်သာ အခေါ်အဝေါ်ပြုရသည့် နာမည်။ရှေ့တင်မှာတော့ ကိုမောင်မောင်၊ ဦးမောင်မောင်၊ ကိုမောင်မောင်ကြီး စသည့် အခေါ်အဝေါ်ဖြင့် ဆက်ဆံကြသည်။

သူနှင့် အလွန်ရင်းနှီးသူများကသာ ခါးကုန်းကြီးဟုလည်းကောင်း၊ ဗိုလ်ကုန်းကြီးဟုလည်း ခေါ်ကြသည်။

သူ၏ရုပ်ဆင်းအင်္ဂါမှာ အကျည်းတန်သည့်ဘက်သို့ ယိမ်းစေကာမူ တရင်းတနှီး ပေါင်းကြသူတိုင်းက သူ၏စိတ်အလှကိုအသိအမှတ်ပြုရသည်။သဘောကောင်းသူတစ်ယောက်အဖြစ် ပြောစမှတ် ပြုရသည်။

ကိုယ်ကာယတည်ဆောက်ပုံ အချိုးအဆစ်မပြေပြစ်သမို့ ရုတ်တရက် အမြင်တွင် အကျည်းတန်မှု ပို၍ပေါ်လွင်သည်။ သို့တစေ သူ၏မျက်လုံး အကြည့်မှာမူ စူးရှသည်။ နက်ထင်သည်။ ဆွဲဆောင်မှုအား ပြည့်ဝင်သည်။

သူရယ်သည့်အခါ အက်တက်တက်အသံကြီးနှင့် ဟက်ဟက်ပက်ပက် အားရပါးရ ရယ်တတ်သည်။

ဟက်ဟက် ပက်ပက် အားရပါးရ ရယ်တတ်သူများမှာ ဟန်ဆောင်မှုကင်းပသည်ဟု ဆိုစကားရှိသည်နှင့်အညီ သူသည်လည်း ဟန်ဆောင်မှုကင်းပသည်။

အနီးကပ် ပေါင်းသင်းနေသူများက ချစ်ခင်ဖွယ်မဟုတ်သည့်တိုင် နှစ်လိုဖွယ်ရာ သဘောထား အမူအကျင့်များ ရှိသည်ဟု အပြောအဆို ရှိသည်။

ပြဇာတ်နှင့် ရုပ်ရှင်တွင် ဇာတ်ရံသရုပ်ဆောင် ဖြစ်လာသည့်နောက် လူချစ်လူခင် များသူအဖြစ် ပြောစမှတ်ပြုခံရပြီး လူမိုက်ဆိုသည့် နာမည်ဆိုးကြီးလည်း ကင်းပျောက်သွားသည်။

ခါးကုန်းမောင်မောင်မှာ သေသည်အထိ ဒုစရိုက်လုပ်ငန်းနှင့် မတွဲစပ်တော့ဘဲ ခင်ရာမင်ရာ အပေါင်းအသင်းများနှင့် ပျော်ပျော်ပါးပါး နေထိုင်သွားခဲ့သည်။

သေသည်အထိ မိုက်တွင်းနက်သည်ဟု ပြောရမည့် လူဆိုးစာရင်းဝင် မဖြစ်ခဲ့။

မေ-င်ရေခဲက ကိုမောင်မောင်နှင့် လိုင်းပူးခဲ့သည်။ လိုင်းပူးစက တပည့်တပန်းအဆင့်။ နောက်တော့ လက်ရုံးတပည့်။

ထိုမှ ဆရာထက် လက်ဖောင်းထက်ပြီး ငါ့နာမည် မောင်ရေခဲဟု လက်မထောင်ပြီး ပြောနိုင်သူအဆင့်သို့ ရောက်ခဲ့သည်။

မောင်ရေခဲ၏ လက်စလက်နကို ပြောင်လက်လာအောင် အရောင်တင်ပေးခဲ့သူမှာ ခါးကုန်းမောင်မောင်။

သတ္တိသွေးကြွစအရွယ် လက်စလက်န သွေးခွင့်ရသွားသူ မောင်ရေခဲမှာ ....

"ဒီကောင်လေးကို သွားမလုပ်နဲ့နော်။ သူ့ဆရာထက် လျင်တယ်။ လက်သံပြောင်တယ်"

ဟု အပြောအဆိုခံရသူ ဖြစ်လာသည်။ မောင်ရေခဲက မတရားတာမလုပ်။ သူတစ်ပါးအပေါ် အနိုင်ကျင့် ဗိုလ်ကျတာမျိုး မလုပ်။

မဟုတ်မခံစိတ်ဖြင့် အကြောင်းရှိလာလျှင် သူ၏ လက်စလက်နကို ထုတ်ပြတတ်သူဖြစ်၏။

သူများအပေါ် ဗိုလ်မကျသလို သူ့အပေါ် ဗိုလ်ကျတင်စီးလာသည်ကိုလည်းမခံ။ ခင်မင်သူ အပေါင်းအသင်းများအတွက် အကြောင်းရှိလာလျှင် လက်မနှေး။

တစ်ခုတော့ ရှိသည်။

ကိုယ့်ဘက်က မတရားလုပ်ရတာမျိုးကျရင်တော့ သူမပါ။ ငွေကြေးပေးပြီး အခွင့်အရေးပြပြီး တပည့်မွေးတာမျိုးကိုလည်း သူမခံ။

လူမိုက်လို သဘောမှုပြီး ဆက်ကြေးပေးတာမျိုးကို သူမယူ။ အပေးအယူသဘောမျိုးနှင့် ကန့်သတ်ချက်ထားပြီးပေးသည့် ငွေကြေးမျိုးကိုလည်း သူလက်မခံ။

သန့်သန့်ရှင်းရှင်း စေတနာနှင့် ပေးတာကိုတော့ ယူသည်။ ကျွေးရင်စားသည်။ တိုက်ရင် မသောက်။

မကြိုက်လို့တော့မဟုတ်။ အမေ့ကို ကတိပေးထားရသောကြောင့်။

ဘယ်သွားနေသလဲ မောင်ရေခဲကနေ ...။

*(ဆက်လက်ဖော်ပြပါမည်။)*

**ကျော်မြသန်း**





www.burmeseclassic.com

www.burmeseclassic.com

# နာဇီတို့ မတရားသိမ်းယူခဲ့သော ပန်းချီကားအချို့







ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါနီးနှင့် စစ်ဖြစ်ချိန်အတွင်းများ၌ နာဇီတို့ မတရားသိမ်းယူသွားခဲ့သော ဥရောပတိုက်မှ ပန်းချီကျော်အချို့၏ ပန်းချီကားများကို ၂၀၁၃၊ နိုဝင်ဘာပထမရက် သတ္တပတ်အတွင်း၌ မမျှော်လင့်ဘဲ ရုတ်တရက်ရှာဖွေတွေ့ရှိလိုက်သည်ဟု နယူးယောက်မြို့ ရိုက်တာသတင်းတစ်ပုဒ်တွင် ဖော်ပြလိုက်၏။

ရှာဖွေတွေ့ရှိလိုက်သော ပန်းချီကားအရေအတွက်မှာ ၁၄၀၀ ခန့်ရှိပြီး၊ ပန်းချီကျော်များဖြစ်သော ပီကာဆို၊ မာတစ်ဆီ၊ ချာဂေါလ်၊ ရီနွိုင်းနှင့် တိုလော့စ်-လောထရက်တို့၏ ပန်းချီကားများလည်း ပါဝင်၏။

နာဇီတို့သည် ပုဂ္ဂလိက ပန်းချီကားအရောင်းဆိုင်များ၊ ပြတိုက်များမှ ပန်းချီကားများကို မတရားသိမ်းယူခဲ့ခြင်းဖြစ်၏။

လက်ရှိဂျာမန်အစိုးရက သူတို့ရှာဖွေတွေ့ရှိခဲ့သော ပန်းချီကားများကို ပိုင်ရှင်အစစ်များထံ ပေးမည်ဖြစ်ကြောင်း၊ ပိုင်ရှင်အစစ်ဟုတ်မဟုတ်ကို အသေအချာ စိစစ်ပေးမည်ဟု ပြောဆိုလိုက်၏။

အဆိုပါ ပန်းချီကားများကို မြူးနစ်မြို့ရှိ တိုက်ခန်းတစ်ခန်းထဲမှ ရှာဖွေတွေ့ရှိခဲ့ပြီး တိုက်ခန်းပိုင်ရှင်မှာ မည်သည့်နေရာသို့ ရောက်နေသည်ကိုလည်း မသိရပါဟု ဂျာမန်အရာရှိတစ်ယောက်က ပြောဆိုလိုက်၏။

ရှာဖွေတွေ့ရှိခဲ့သော ပန်းချီကားများ၏ စုစုပေါင်းကာလတန်ဖိုးသည် မည်မျှရှိသည်ကို ခန့်မှန်းချက် မပေးသော်လည်း ဂျာမန်နိုင်ငံထုတ် ဖိုးကပ်စ်မဂ္ဂဇင်းကမူ ယူရိုငွေ တစ်ဘီလီယံ (စင်ကာပူဒေါ်လာ ၁.၆ ဘီလီယံ) အောက် မလျော့ပါဟု ခန့်မှန်းချက်ပေးလိုက်သည်။

၎င်းမဂ္ဂဇင်းကပင် အဆိုပါ ပန်းချီကားများကို နာဇီတို့ ကောင်းစားစဉ်က ပန်းချီကားအရောင်းအဝယ်ပြုလုပ်သော ဟီလ်ဒီဘရင်းဂါးလစ်၏သား နေထိုင်ရာ တိုက်ခန်းမှ ရရှိခြင်းဖြစ်သည်ဟု သတင်းရေးသားလိုက်၏။

ဂျာမန်အကောက်ခွန်အရာရှိများသည် ဇူးရစ်-မြူးနစ် မီးရထားပေါ်၌ အထက်ဖော်ပြပါ ဟီလ်ဒီဘရင်းဂါးလစ်၏သားကို အခွန်တိမ်းရှောင်နေမှုဖြင့် မသင်္ကာဖွယ်ရာ တွေ့ခဲ့ကြရာမှ သူ့ကို ခြေရာခံပြီး သူ့တိုက်ခန်းကို ရှာဖွေရာမှ ထိုပန်းချီကားများကို ရှာဖွေတွေ့ရှိလိုက်ခြင်း ဖြစ်၏။

ပန်းချီကားအချို့တွင် ဘောင်များရှိသော်လည်း အချို့ပန်းချီကားများ၌ ဘောင်များမရှိဟု သိရ၏။ သို့သော်လည်း ပန်းချီကားများကိုမူ မပျက်စီးအောင် ထိန်းသိမ်းထားသည်ကို တွေ့ကြရ၏။

ဦးဦးသိန်း

*Strait Times, 7.11.2013*

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# သွေးချောင်းက လျှို

## မြဝဦး

(အခန်းဆက် ဝတ္ထုရှည်)

ယခင်လမှအဆက်

မခင်အေးမှာ ကျွန်တော်တို့မျက်နှာ မကြည့်ရဲတော့ဘဲအခန်းတွင်းအောင်းကာ ရှိနေသည်။ မခင်မွေးက ဖြစ်သမျှ အကြောင်း ပြောပြသည်။

သူတို့ညီအစ်မ ရေခပ်သွားစဉ် နဂါးစကီခေါ် ဂျပန်တပ်ကြပ်နှင့် တွေ့ပြီး မခင်အေးအား အတင်းဆွဲခေါ်သွားခြင်း ဖြစ်၏။ ထိုအချိန်တွင် မနီးမဝေးမှ ဦးမဲကြီးနှင့် အဖော်တစ်ဦး ပါလာသော်လည်း မည်သည့် အကူအညီမှ မပေးပေ။ နောက်ဆုံး နဂါးစကီနှင့် ပါလာသော ဂျပန်စစ်သားတစ်ဦးက သူ့အား ဖမ်းဆီးရန် လိုက်ပြန်ရာ တောထဲဝင်ပြေးသောကြောင့်သာ လွတ်ခဲ့ရကြောင်း မျက်ရည်စက်လက်ဖြင့် ပြောပြပေ၏။

"ဒါဟာ ခွေးသား ငမဲကြီး လက်ချက်ဗျ။ ကျုပ် မကျေဘူး။ ဒင်းတို့ကို တစ်နည်းနည်းနဲ့ မသတ်ရဘဲ ကျုပ် မနေဘူး"

ကိုအောင်သန်းက ထိုသို့ ဒေါသတကြီး ကြိမ်းဝါးသလောက် အဘဦးထွန်းရုံကား အံကြိတ်၍ရှိနေရှာသည်။

ဤသို့ပင် ကိုလှဖေနှင့်ကိုဘကျော် စသော အညာသား အချို့ကလည်း မကျေမနပ် ဖြစ်နေသည်။ ဒေါသလည်း ထွက်နေကြသည်။

ထိုနေ့ ည ပြန်လာသောအခါယ် ရုတ်တရက် အမှောင်ရိပ်များ ဖုံးလွှမ်းနေသော ဝါးရုံအောက်မှ လူ ၃ယောက် ထွက်လာကာ လျှပ်တစ်ပြက်ဝင်ရောက် ရိုက်သည်။

ကျွန်တော်တို့မှာ အစစ သတိထားလာသည့်အတိုင်း လက်ထဲတွင် ဝါးရင်းတုတ်ရှည်များ ကိုင်ဆောင်လာလေရာ ရှဲခနဲ မဲခနဲ ခုန်လွှားလာချိန်မှာပင်ကြို၍ ရိုက်ပစ်လိုက်ရသည်။ ကိုအောင်သန်းလည်း ကျွန်တော်ကဲ့သို့ပင် သတိရှိသူဖြစ်ရာ သူ့လက်ချက်နှင့် တစ်ဦးလဲကျကာ ကျန်တစ်ဦးမှာ ထွက်ပြေးသွားခဲ့ပေ၏။

လဲကျသွားသော လူနှစ်ယောက်အား အလင်းရောင်တွင် ဆွဲယူကြည့်ရာ ဦးမဲ၏တပည့် မိုက်ခဲများဖြစ်သော လက်ကောက် ဘသိန်းနှင့် သွားခေါ်မဲတို့ဖြစ်နေပေ၏။



www.burmeseclassic.com

www.burmeseclassic.com

"တောက် . . . အလုပ်သမားချင်း သွေးကွဲအောင် လုပ်ပေးတဲ့ ငမဲရဲ့ဇာတ်ပည့် တွေ့ဖူး၊ မနေ့ညကမှ တစ်ခါတည်း ရိုက် သတ်တာ ကောင်းမယ်၊ ဘယ့်နှယ်လဲ"

"မလုပ်ပါနဲ့ဗျား ဒီကောင်တွေ ကျုပ်တို့ လက်ချောင်းနဲ့ တော်တော်နာနေ ပါပြီ"

"ကျုပ်နှမ စော်ကား၊ ကျုပ်တို့ကို သတ်ဖို့ကြံတဲ့ အကောင်ကြီးကို ကျုပ် မကျေဘူး"

ထို့နောက်တွင် လက်ကောက် ဘ သိန်းနှင့် သွားခေါ် ငမဲတို့အား နွယ်ကြိုး များဖြင့် တုပ်၍ သတိရအောင် ပြုလုပ် ရသည်။ သတိရလာသောအခါတွင် သူတို့မျက်နှာ အတော်ကလေးကြောက် ရွံ့ထိတ်လန့်နေချေသည်။

ကျွန်တော်တို့ကား သူတို့ကို ဖမ်း ဆီး၍ ရုံးတင် အပြစ်ပေးနိုင်သည့် ပုလိပ် များမဟုတ်လား။

"ခွေးသားတွေ ဖော်စမ်း၊ ထွက်ပြေး တာဦးမဲကြီး မဟုတ်လား။ ဟော့ကောင် ဘာ အရှုပ်တွေ လုပ်နေသလဲ"

ကိုအောင်သန်းက ဒူးဖြင့် မျက်နှာ ကိုဆောင့်၍ ပစ်တိုက်လိုက်သောကြောင့် လက်ကောက် ဘသိန်းမှာ "အမယ် လေး"ဟုအော်ကာ မြေပေါ်လဲကျသွား၏။

"ပြောစမ်း၊ ဟေ့ . . . ငမဲ"

ဤတွင် သွားခေါ်ငမဲမှာ ကြောက် ရွံ့စွာ စတင်ဖော်တော့သည်။

"ကျွန်တော်တို့ကို ချမ်းသာပေးပါ ဆရာရယ်၊ ဒါဟာ ဦးမဲ အပြစ်ပါ။ ကျွန် တော်တို့ကို ခိုင်းလို့ ကြောက်ပြီး လုပ်ရ တာပါ"

"နဂါးစကီ မတရားလုပ်တာထဲမှာ မင်းတို့လည်း ပါတယ် မဟုတ်လားကွ"

ကိုအောင်သန်းက လက်ဝါးဖြင့် ဂုတ်ပုန်းရိုက်နည်း မျက်ခွက် ဖြတ်ရိုက်ကာ မေးလိုက်သောကြောင့် ငမဲမှာ -

"ဟုတ် . . . ဟုတ်ပါတယ်၊ အဲ . . အဲ ကျွန်တော်တို့ မပါပါဘူး။ ဦးမဲလုပ် တာပေါ့ ဦးမဲက ဆရာတို့ ညီမတွေ အကြောင်းပြောပြီး နဂါးစကီကို ပြခဲ့ တာပါ ဆရာ"

"အေးပေါ့ကွာ၊ နိုင်တဲ့ လူနဲ့ ကပ်ပြီး လုပ်တော့ ခံရဦးမှာပေါ့။ ဒါပေမဲ့ မင်း တို့နဲ့ မင်းတို့ဆရာကို ရုံးတင်ရမယ်"

ရုံးဟု ပြောလိုက်သည်နှင့် တစ်ပြိုင် တည်း လက်ကောက်ဘသိန်းတို့မှာ ကျောတုန်အောင် ကြောက်သွားကြ၏။ စခန်းရုံးတွင် စခန်းအုပ်ချုပ်ရေးမှူးကြီး ဖြစ်သော ခွေးဘီလူးနှင့်သူ့လက်အောက် ယိုရှိဒါတို့ တစ်ယောက်ယောက် ရှိနေ တတ်၏။ ပြီး စခန်းမှူးကြီးများဖြစ်သော ဗိုလ်ကြီးခင်နှင့် ဦးကြွယ် စသော သူတို့ ရှိလေရာ သူတို့အဖို့ သက်သာလှမည် မဟုတ်ချေ။

နောက်ဆုံး ကျွန်တော်တို့ နှစ်ဦးက ငမိုက်သား နှစ်ကောင်အား ဦးမဲ၏ စကား နားမထောင်ဘဲ ဦးမဲကြီးကြံစည် သမျှနှင့် အခါအခွင့်ရသော် ဦးမဲကဲ့သို့ ယုတ်မာသော လူတစ်ယောက်ကို တတ် နိုင်သလောက် ဤစခန်းမှ ပယ်ထုတ် ပစ်ရမည့်အကြောင်း သူတို့အား သိမ်း သွင်းရင်းပြောရ၏။

"စိတ်ချပါ ခင်ဗျား၊ ကျုပ်တို့ သူ့ စကား ဘယ်တော့မှ နားမထောင်တော့ ပါဘူး"

"ကောင်းပြီ၊ ခင်ဗျားတို့ကို ရုံးတင် ရင် ဒါဟာ သေဒဏ်ပဲ။ ဒီတော့ ကျုပ် တို့က ခင်ဗျားတို့အသက်ကယ်လိုက်ပြီ။ ခင်ဗျားတို့ကလည်း ကျုပ်တို့အပေါ်မှာ တာဝန်သိပါ သစ္စာရှိကြပါ"

ဤသို့ ကိုအောင်သန်းက ပြော လိုက်သောကြောင့်လက်ကောက်ဘသိန်း နှင့် ငမဲတို့မှာ ဝမ်းသာအားရဖြင့် "ကျွန် တော်တို့ ကတိပေးပါတယ် ဆရာလေး၊ ဦးမဲစကား နားထောင်မိခဲ့လို့ အခုလို ဒုက္ခဖြစ်တာပါ"ဟု အသက်လေးဆယ် ကျော်ကျော် လက်ကောက် ဘသိန်းက ဝန်ခံစကား ပြောကြားလိုက်၏။

လက်ကောက် ဘသိန်းမှာ ထောင် သုံးကြိမ်လောက် ကျဖူးသောကြောင့် လက်ကောက်ဟု ခေါ်ခြင်းဖြစ်သည်။ (ထောင်ထဲသို့ နှစ်ကြိမ် ရောက်လာ သောသူအား ထောင်ရေဝပြီး ထောင် အကြောင်း သိနေသဖြင့် လက်ကောက် ဟုခေါ်ခြင်းဖြစ်၏)

၃ ရက်ခန့်တွင် ဗိုလ်ကြီးခင်မှာ လျှို့ဝှက်သော အကြံအစည်ဖြင့် ယိုးဒယားဘက်သို့ ထွက်မသွားခင်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့အား သတိ ဝီရိယနှင့် နေထိုင်ရန် အထပ်ထပ် မှာကြားသွား၏။

အထူးသဖြင့် ဆက်သားများထံမှ လာသောစာကို ဂျပန်များ လက်ထဲသို့ မရောက်ရန် အရေးကြီးကြောင်းကို ဗိုလ်ကြီးခင်က ကျွန်တော်နှင့် ကိုအောင်သန်းတို့အား အထပ်ထပ် မှာကြားခဲ့လေ၏။

ဗိုလ်ကြီးခင် ခရီးမထွက်မီကလေးတွင် အဘဦးထွန်းရုံနှင့် ဇနီးဒေါ်ပန်းမြ သမီး မခင်မွေး၊ မခင်အေးတို့အား တံခွန်တိုင်ရွာကြီးသို့ ပို့ရန်အတွက် ကိုလုဖေအား တာဝန်ပေးလိုက်တော့သည်။

ကိုလုဖေအားလည်း ထိုရွာ ရှောင်သည်နှင့် တစ်ပြိုင်နက် လျှို့ဝှက်သော ပြောက်ကျားစခန်းတွင် သွားရောက် တာဝန်ယူနေရမည့် အကြောင်းကိုပါ အမိန့်ပေးလိုက်ပါ၏။

ထို့ကြောင့်လည်း ဂျပန်များ၏ ဘေးရန်မှ လွတ်ရန်အတွက် အလုပ်တာဝန်ပြီးစီးကြောင်း လက်မှတ်များကို ထုတ်ပေး၍ စခန်းမှူး ဂျပန်များမသိအောင် တောလမ်းမှနေကာ ကရင်အမျိုးသားလမ်းပြများဖြင့် အဘဦးထွန်းရုံတို့အား ကိုလုဖေကခေါင်းဆောင်ကာ ခေါ်၍သွားစေရပါသည်။

"အစ်ကိုရေ မြန်မြန် ပြန်လာပါနော်"

မခင်မွေး၏ ပုလဲသွယ် မျက်ရည်စက်ကလေးများနှင့် မှာသံက ကျွန်တော်၏ရင်ကို နင့်သွားစေရတော့၏။

*

ကံကြမ္မာသည် ကျွန်တော်တို့ဘက်တွင် အမြဲတမ်း နေခြင်းမရှိပါချေ။

မုန်သည်။ အနန်းကွင်း စခန်း၌ ကျွန်တော်တို့ အလုပ်သမားများ ဝမ်းရောဂါ၊ ကျောက်ရောဂါများ ဖြစ်ပေါ်နေသဖြင့် နောက်ဆုံးတွင် အပလုံစခန်းသို့ ပို့လိုက်ပါသည်။

အပလုံကား ကရင်နှင့် မွန်ရွာကလေးဖြစ်ပြီး အပလုံရွာပြီးသော် အပလိုင်ရွာဟူ၍ ရွာတစ်ရွာ ရှိသေး၏။ သို့သော် ထိုရွာများတွင် ရွာသူ ရွာသားများ မရှိတော့ဘဲ တောထဲဝယ် ရွာသစ်ဆောင်ကာ ဂျပန်များ၏ ဘေးရန်မှ လွတ်ကင်းရန် **နေထိုင်ကြ၏။**

ထို **အပလုံရွာကလေးသို့ ပြောင်း** ရွှေ့ခဲ့၍ မီးရထားလမ်း တံတားများကို လေယာဉ်က ဗုံးကြဲဖျက်ဆီးမှုနှင့် ရထားလမ်းခွဲ အချိုးဖောက်ရန်အတွက် အင်္ဂလိပ် - ဩစတေးလျ စစ်သုံ့ပန်းတို့အား ဂျပန်စစ်သားများ ကြမ်းကြမ်းတမ်းတမ်း ခိုင်းစေပုံများမှာ ကြောက်စရာ ကောင်းလှပါချေသည်။

အင်္ဂလိပ် စစ်သုံ့ပန်းများအား သစ်ပင်ကြီးများကို လှဲဖြတ်ရာတွင် မပြတ်ကဂျပန်များက ရိုက်နှက်ခြင်း၊ ပြီး . . သစ်တုံးများကို လှည်းများပေါ်တင်ကာ နွားအစား ဆင်များဖြင့် ရှေ့မှဆွဲ၍ ချောက်ထဲသို့ ဆွဲချရာဝယ် အင်္ဂလိပ် မဟာမိတ် စစ်သုံ့ပန်းများကို လှည်းပေါ်တွင် အစီးခိုင်းကာ လိုက်ပါစေခြင်း၊ ဤသို့ လိုက်ရာတွင် ဆင်များက တောင်အောက် ချောက်တွင်းသို့ ဆင်ထိုင်ချကာ ဆင်းသဖြင့် လှည်းများ ထိုးကျစဥ် အင်္ဂလိပ် စစ်သုံ့ပန်းများချောက်တွင်းသို့ ကျ၍ အသေဆိုး သေကြခြင်းပင်ဖြစ်တော့၏။

အမုန်တော့ အင်္ဂလိပ် စစ်သုံ့ပန်း၊ မဟာမိတ် စစ်သုံ့ပန်းများအား ညှဥ်းပန်း၍ သတ်နေခြင်းနှင့် မခြားလှပါချေ။

ထိုစခန်းတွင် ကျွန်တော်တို့မှာ ကရင်အမျိုးသား အင်္ဂလိပ် စပိုင်ကြီးဖြစ်သော စောယုရှုံးတပည့် စောမဲဒိုး **ဆိုသူက စခန်းမှူးဖြစ်နေသဖြင့်** ပိုမိုကာ **အခွင့်အရေး** ရနေတော့၏။

**သို့သော်** မကြာလှပါချေ။ အင်္ဂလိပ်နှင့် ဒတ်(ချ်)၊ ဩစတြေးလျ စစ်သားများအား လျှို့ဝှက်စွာ ခိုးထုတ်မှုကို ဂျပန်ကင်ပေများက ဖမ်းဆီးလိုက်ပါသည်။

တစ်ဆက်တည်းမှာပင် စောမဲဒိုးက အခွင့်အရေးပေးသည်ဟု ယူဆရသော အလုပ်သမား ခေါင်းဆောင်များအား ဆက်လက်၍ ဖမ်းဆီးရာတွင် ကျွန်တော်တို့ပါ ဖမ်းဆီးခံလိုက်ရသည်။ ထို့နောက် အနန်းကွင်းစခန်းသို့ပို့လိုက်ပါတော့သည်။

တိုက်ဆိုင်မှုကား ဗိုလ်ကြီးခင်မှာ ယိုးဒယားဘက်မှ ပြန်လာလာချင်းပင် ဖြစ်၏။ ဗိုလ်ကြီးခင်ကိုလည်း အနန်းကွင်းစခန်းအရောက် ဖမ်းဆီးလိုက်ပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စောမဲဒိုးအား အကြီးအကျယ် ရိုက်နက်စစ်ဆေးသော်လည်း ကျွန်တော်၊ ကိုအောင်သန်းတို့ကိုကား အနည်းငယ်သာ စစ်ဆေးကြသည်။ ကျွန်တော်တို့က အလုပ်တာဝန် ပေးသည့်အတိုင်း မှန်ကန်စွာလုပ်၍ စောမဲဒိုးက ဒူနွှင့်အရေး ပေးကြောင်း၊ အခြားသော သစ္စာဖောက် စပိုင်လုပ်ငန်းများ မသိကြောင်း ဟူ၍ ပြော၏။

နောက်ဆုံး ဂျပန်ကင်ပေချင်းပင် စကားများကြသည်။ စကားများသော အကြောင်းအရာမှာ ကျွန်တော်တို့အား မော်လမြိုင် ကင်ပေ အချုပ်စခန်းသို့ ပို့ရေး၊ မပို့ရေးဖြစ်ရာ ကျွန်တော်နှင့် ခင်မင်သော လမ်းဘက်ဆိုင်ရာ ဂျပန် ဗိုလ်ကြီးတစ်ဦးက "ဗိုလ်ကြီးခင်နှင့် ကျွန်တော်သည် လုပ်ငန်းတွင် ရိုးသားစွာလုပ်သူဖြစ်ကြောင်း" ဟူ၍ ထောက်ခံ ပြောဆိုရာ -

"မင်း ဘာသိလဲ၊ မင်းဟာ အင်ဂျင်နီယာ၊ လမ်းလုပ်တာပဲ သိတယ်။ သူဘာကောင်လဲဆိုတာ မင်း သိရဲ့လား။ မင်းဟာ တင်နော်ပောကာရဲ့ အမိန့်ကို ရိုသေရင် တို့လုပ်တာတွေဟာ တင်နော်ပောကာအတွက် လုပ်နေတယ်ဆိုတာ မင်း ယုံကြည်စမ်း၊ အခု ထွက်သွားပါ"

ထိုသို့ ရုံးခန်းအတွင်းမှ ဂျပန်လမ်းဘက်ဆိုင်ရာ ဗိုလ်ကြီးအား မောင်းထုတ်ရာတွင် အထက်ပါအတိုင်းပြောသော စကားကြောင့် ဂျပန်လမ်းဘက်ဆိုင်ရာ ဗိုလ်ကြီးမှာ မျက်ရည်များပင် စီးကျလာရသည်။

ဂျပန်စစ်သားများအဖို့ တင်နော်ပောကာ ဘုရင်မင်းမြတ်အား ဘုရားတစ်ဆူကဲ့သို့ ကိုးကွယ်ယုံကြည်လိုက်နာသူတွေဖြစ်၍ လုပ်ငန်းမှန်သမျှ တင်နော်ပောကာ ဘုရင်မင်းမြတ်အတွက်ဟု ဂျပန်စစ်ဝါဒီ စစ်ဘီလူးများက ဂျပန်တပ်မတော်အား ပုံသွန်းထားပေးသည်။

ယို့ကြောင့်လည်း ဂျပန်စစ်ဗိုလ်ကြီးမှာ မိမိထက် ရာထူးငယ်သော ဂျပန်ကင်ပေတိုင် ဗိုလ်များ၏ စကားကိုနားထောင်လိုက်ရပြီး တင်နော်ပောကာအား သူကပါ မရိုမသေရာ ကျနေသဖြင့် အတော်ပင် စိတ်ထိခိုက်သွားဟန် တူပါချေတော့၏။

ကျွန်တော်တို့အား အနန်းကွင်းစခန်းမှ တစ်ဆင့် မော်လမြိုင်မြို့သို့ ဂျပန်စစ်သားအစောင့်ဖြင့် ပို့ကာ မော်လမြိုင်ရောက်ရောက်ချင်းပင် ကင်ပေတိုင်ဌာနချုပ် ပြုလုပ်ထားသည့် မော်တင်လိန်း ကျောင်းကြီးသို့ ပို့လိုက်ပါ၏။

မော်တင်လိန်း ကျောင်းကြီးအား ဂျပန်တို့က ဖမ်းဆီးလာသူ မှန်သမျှ ညှဉ်းဆဲ သတ်ဖြတ်ရာ ဗဟိုစခန်းကြီး တည်း။

သည်တစ်ခါတော့ ကျွန်တော့်မှာ မပြန်လမ်း သွားရပြီဟုသာ တွက်မိကာ ဗုဒ္ဓဘုရားသခင်၏ ဂုဏ်ကျေးဇူးကိုသာ အောက်မေ့ရပါချေ၏။

ရထားပေါ်တွင် ဗိုလ်ကြီးခင်နှင့် အတူလိုက်ပါလာရသဖြင့် ဗိုလ်ကြီးခင်က မည်သို့မျှ မပြောရန် မျက်နှာရိပ်ဖြင့်ပြောဆိုခဲ့သည်။

ထူးခြားသည်ကား ဗိုလ်ကြီးခင်၏ ဂျပန် စစ်ဝတ်စုံ၊ ဓားနှင့်ပစ္စတိုသေနတ်များကို မသိမ်းဆည်းချေ။ ကျွန်တော်တို့ကဲ့သို့ ကြိုးတုပ်ခြင်းလည်း မခံရပါချေ။

ကျွန်တော်တို့မှာ မော်တင်လိန်း အချုပ်ခန်းတွင်း သွင်းသွင်းချင်းပင် စစ်ဖိနပ်ဖြင့် ဆောင့်၍ ကန်သွင်းခြင်း အပြင် လက်ပြန်ကြိုးတုပ်ကာ ထားခြင်းဖြစ်၏။

ထိုနေ့ ညစာအတွက်ဆိုသည်မှာ စဉ်းစားလို့မရချေ။ ကျွန်တော့်ကို ချုပ်ထားသော အချုပ်ခန်းမှာ ၁၀ ပေခန့်ရှိသော အခန်းကလေးဖြစ်ပြီး ကွန်ကရစ်ကြမ်းပြင်တွင် အုတ်ခဲကလေး နှစ်လုံးသာတွေ့ရ၏။ ကြမ်းပြင်ဝယ် စွန်းထင်နေသော သွေးကွက် တစ်ကွက်ကိုလည်း တွေ့ရ၏။

အခန်း ပြတင်းတံခါးမှာ သံတိုင်များဖြင့် ကာထားလေသည်။ ကျွန်တော်သည် ခါးရိုး အနည်းငယ် နာနေသည်။ ထို့နောက်တွင်မူ ပြတင်းတံခါးမှနေ၍ မတ်တတ်ရပ်ကာ ကြည့်လိုက်မိ၏။

ကျွန်တော်၏ မျက်လုံးများသည် ပြူးကျယ်သွားပေ၏။ မှန်သည်၊ ဗိုလ်ကြီးခင်သည် ကျွန်တော်တို့ကို ချုပ်ထားသော ကျောင်းတိုက်ကြီးဘေးရှိ မြေကွက်လပ်၌



www.burmeseclassic.com

www.burmeseclassic.com

ရှိသော ခြေတံရှည် ခွေးခြေပေါ်တွင် ထိုင်လျက် ရှိနေ၏။

သူ၏ ခြေထောက်များသည် မြေပေါ်တွင် မထိချေ။ သူ၏ စစ်ယူနီဖောင်းများနှင့် ပစ္စတိုသေနတ်ကလည်း ယခုအတိုင်းပင် ရှိနေ၏။

ကျွန်တော်တို့၏ ပြတင်းပေါက်နှင့် တည့်တည့်တွင် တွေ့နေသောကြောင့် အံ့အားသင့်နေမိ၏။ သို့စေကာမူ ကျွန်တော်တို့အား ဗိုလ်ကြီးခင်က တွေ့ရမည် မဟုတ်ပါချေ။ အဘယ့်ကြောင့်ဆိုသော် ပြတင်းပေါက် သံတိုင်များကို သံဆူးကြိုးများ ကာထားလျက် သံတိုင်စိုက်ထားသည့် ခြေရင်း တစ်ပေခန့်ရှိ အုတ်ခုံပေါ်တွင်ကား ပုလင်းကွဲများကို စိုက်ထားခဲ့ပေ၏။

ထို့ကြောင့်လည်း အပြင်သို့ လက်ထုတ်ရန်လည်း မဖြစ်သလို ထွက်ပြေးရန်ကား စဉ်းစား၍မရသော အဖြစ်ပင်ဖြစ်၏။ ဂျပန်လက်နက်ကိုင် စစ်သားနှစ်ဦးက အတွင်းအုတ်ရိုးတစ်လျှောက် ဖင်းလှည့်ပတ်လျက် ရှိနေသည်ကို တွေ့ရ၏။

ကျွန်တော်သည် ဗိုလ်ကြီးခင်အား အသံပြု၍ အချက်ပေးရန် ကြံသော်လည်း ကိုအောင်သန်းက ကျွန်တော့်အား စကားမပြောရန်၊ မပြောနဲ့ မပြောနဲ့ ဟု ခပ်တိုးတိုး သတိပေးလိုက်လေသည်။

ဗိုလ်ကြီးခင်အား ဂျပန်များက အခြားသော အဖမ်းခံ မျိုးချစ်လူငယ်များ၊ ပြည်သူများကဲ့သို့ပြင်းပြင်းထန်ထန် နှိပ်စက်ခြင်းကို မပြုဘဲ ပညာရှိနှိပ်စက်နည်းဖြင့် နှိပ်စက်ခြင်းပင် ဖြစ်ရမည်ဟု ထင်မိပါ၏။ ထိုနည်းမျိုးကား ကျင်ကြီးကျင်ငယ် စွန့်ခြင်းကို မပြုရချေ။

ပြီး တစ်နေ့လုံး ထိုကဲ့သို့ အထိုင်ခိုင်းထားပေမည်။ မည်သည့်အချိန်အထိ ဗိုလ်ကြီးခင်သည် ဤခွေးခြေပေါ်ဝယ် ထိုင်နိုင်ပါမည်နည်း။

အကယ်၍ ကြာရှည်စွာ မထိုင်နိုင်သော အချိန်တွင်ကား ထို ခြေတံရှည် ခွေးခြေပေါ်မှ တစ်ရှိန်ထိုး မြေပေါ်သို့ ထိုးကျသွားပေလိမ့်မည်။

မကြာမီ ကျွန်တော်တို့၏ အခန်းသံတံခါးကို ဂျပန်စစ်သားတစ်ဦးက လာ၍ ဖွင့်ပေးသည်။ ဤတွင် ဂျပန်လက်နက်ကိုင် အစောင့်စစ်သားက ကျွန်တော်တို့ အချုပ်ခန်းရှေ့တွင် မတ်တတ်ရပ်နေပေ၏။ ထို့နောက်ဝယ် ဂျပန်တပ်ကြပ်ကြီးတစ်ဦးသည် တစ်တောင်ခန့်ရှိသော တုတ်တစ်ချောင်းကိုကိုင်ကာ ရောက်လာ၏။

ကျွန်တော်တို့အား အခန်းထဲတွင် ပင်ချည်ထားသည့် ကြိုးများကို ဖြုတ်ပေးကာ အပြင်သို့ ခေါ်ခဲ့၏။ တံခါးဝတွင် တုတ်တိုတို ကိုင်ထားသည့် ဂျပန်တပ်ကြပ်ကြီးမှာ မျက်မှန်နှင့်ဖြစ်၏။ သူ၏ စစ်ယူနီဖောင်း ဝဲဘက်အင်္ကျီအိတ်အထက်တွင် ဂျပန်စာလုံးများဖြင့် ရေးထားသည်ကို တွေ့ရ၏။

သူသည် ဂျပန်စစ်တပ်၏ စစ်သတင်းထောက် ကင်ပေအဖွဲ့ဝင် လက်မရွံ့တစ်ဦးဖြစ်၏။ သူ၏ မျက်လုံးများက ကျွန်တော့်အား မီးရောင်ကဲ့သို့ တောက်ပစွာ ကြည့်နေ၏။

"တိခိ . . . တိခိ"

သူ့အဖော် ဂျပန်လက်နက်ကိုင် စစ်သားကို ပြောရင်းက ကျွန်တော်တို့အား မျက်နှာထား ခပ်တင်းတင်း စိုက်ကြည့်နေ၏။

သံတံခါးမှ ထွက်မိသောအခါတွင် အခြား အခန်းများမှ "အမယ်လေးဗျ" ဟူသော ဝမ်းခေါင်းသံကြီးပါသည့် ကြောက်မက်ဖွယ်အသံကို ကြားရ၏။

"တိခိ . . . တိခိ"

ဂျပန်တပ်ကြပ်ကြီးက ပြောရင်း ရုတ်တရက် ကျွန်တော်၏ရှေ့မှ အောင်သန်း၏ မျက်နှာကို ညာလက်ဝါးဖြင့် ဖြတ်ကာ ရိုက်လိုက်၏။ ကိုအောင်သန်းမှာ အလစ်ခံလိုက်ရသဖြင့် ယိမ်းယိုင်ထွက်သွား၏။

"ဖြန်း" ဟူသော အသံက ဟိန်းထွက်သွားပေ၏။ ကျွန်တော်သည်ပင် တုန်လှုပ်သွားရ၏။ ကျွန်တော့်အားလည်း ထို တုတ်ကိုင်တပ်ကြပ်ကြီးကပင် တအားကုန် လွှဲ၍ ပါးကိုရိုက်လိုက်၏။ ကျွန်တော်က အထူး သတိထားနေပြီး အံသွားများကို ကြိတ်နေလိုက်သောကြောင့် ဖြန်းခနဲ မြည်သံနှင့် ပါးပြင်မှာ ပူ၍သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com

သည့်နောက်တွင်ကား ကျွန်တော်တို့၏ ကျောပြင်ပေါ် ပြင်းထန်သော တုတ်ချက် တစ်ချက်စီ ကျလာပြန်၏။ ကျောကုန်းတွင် ဖောင်းခနဲ အသံပေါ်လာကာ ပြင်းထန်သည့် နာကျင်ခြင်းက အဆမတန် ပေါ်လာသည်။

ဂျပန်များသည် ကျွန်တော်တို့ကို စစ်ဆေးရာသို့ ခေါ်သွား၏။ အမှန်တော့ ကျွန်တော်တို့အား ပါးရိုက်ခြင်းနှင့် တုတ်စာကျွေးလိုက်ခြင်းသည် ပထမဆုံး လက်တည့်စမ်းလိုက်ခြင်းသာ ဖြစ်ပုံရ၏။

သည့်နောက်မတော့ ကျွန်တော်တို့ နှစ်ဦးကို ကျဉ်းမြောင်းသော အခန်းများကိုဖြတ်၍ ခေါ်သွား၏။ ကျွန်တော်တို့ ဖြတ်လာရသော အခန်းများရှိ အကျဉ်းသားတိုင်း အင်္ကျီမရှိကြပေ။ မျက်နှာများ ဖူးရောင်နေ၏။ အချို့ အကျဉ်းသားများ၏မျက်နှာတွင် မီးလောင်ဖုကြီးများကဲ့သို့ အဖုကြီးများ ပေါက်လျက်ရှိနေသည်ကို ကြောက်မက်ဖွယ် တွေ့ရ၏။ အချို့သော အကျဉ်းသားများကား ခေါင်းမွေးများ မရှိကြ။ အကျဉ်းသားတိုင်းပင် အရိုးပေါ် အရေတင်လျက် ရှိနေကြ၏။

"အမယ်လေးဗျ"

အော်ဟစ်လိုက်သော မချိမဆံ့ ဝေဒနာ ခံစားနေရသည့် အသံများက မှန်မှန်ကြီး ပေါ်ထွက်လာခဲ့လေ၏။

မကြာမီ ကျွန်တော်တို့သည် ငရဲခန်းကြီး တစ်ခန်းကို ရောက်လာ၏။ ထိုအခန်းတွင် မီးတရဲရဲနှင့် မီးဖိုတစ်ဖိုအပြင် သံချောင်းများကိုမီးဖုတ်နေသော အင်္ကျီမရှိသည့် ဂျပန်စစ်သား တုတ်တုတ်ဝဝ နှစ်ဦးနှင့် အခြားသော ဂျပန်များ၊ ပြီးတော့ အညှဉ်းဆဲခံ အကျဉ်းသားများရှိနေ၏။

ဂျပန် လူသတ်ကောင် လက်မရွံ့ကြီးများက "ဂေါကုရဆပ်"ဟု ဦးညွှတ်ကာ ဂျပန်တပ်ကြပ်ကြီးအား အလေးပြုလိုက်ကြ၏။

ကျွန်တော် သိလိုက်ပြီ။ (တိခိ)ဆိုသည်မှာ ရန်သူဟူ၍ ခေါ်၍ (ဂေါကုရဆပ်)ဆိုသည်မှာ မညှဉ်းဆဲမီ၊အသတ်မခံရမီတွင် နှုတ်ဆက်လိုက်သော စကားဖြစ်၏။

"ဂေါကုရဆပ်" (အသင်တို့ မောရာက ပြန်လာသလား)

"အနတ္တတိခိ ဟာတ်ရှိနေး"

"ဟိုက် ဟိုက်"

ကျွန်တော့်မှာ အတော်ကလေး တုန်လှုပ်သွားမိပါ၏။ ဂျပန် တပ်ကြပ်ကြီးက "သင်၏ ရန်သူ လှသလား"ဟု မေးလိုက်ရာ လက်မရွံ့ကြီး ဂျပန်များက ဟိုက် ဟိုက် ဟုဖြေလိုက်ကြ၏။

အမှန်တော့ "တို့ ရန်သူကို လှသွားအောင် လုပ်နိုင်သလား" မေးလိုက်ခြင်းဖြစ်၏။

ထို့ကြောင့် ကျွန်တော်တို့အား ယခုထက်ပို၍ လှသွားအောင် မီးနှင့်မျက်နှာကို ထိုးပစ်လိုက်ရမလား။ သို့မဟုတ် တလိမ့်တုံးဝယ် တင်ကာ လိမ့်လိုက်ရမလား၊ ရေနွေးဖြင့် ပြုတ်ပစ်လိုက်ရမလား ဟူ၍ အဓိပ္ပါယ်ပေါက်နေ၏။

နောက်ထပ် အမိန့်သံစောင့်ရင်းက ဂျပန်များသည် ကျွန်တော်တို့၏ မျက်နှာကို အရုပ်ဆိုးစွာဖြင့် ကြည့်နေတော့သည်။ ကျွန်တော်တို့ကို ခေါ်လာသော တပ်ကြပ်ကြီးနှင့် အစောင့်စစ်သားများသည် အခန်းပတ်ဝန်းကျင်ကို လှည့်၍ ကြည့်နေ၏။

တစ်ကိုယ်လုံးတွင် အဝတ်အစား မရှိကြသော အကျဉ်းသားများမှာ (၈) ယောက်ထက်မနည်း ရှိနေ၏။ လူနှစ်ယောက်အား လက်ကောက်ဝတ်ကို ကြိုးဖြင့်ချည်၍ ထုတ်တန်းတွင်ရှိ စက်သီးဖြင့် လူတစ်ရပ်ခန့် အမြင့်သို့ ဆွဲတင်ထားပေ၏။

လူတစ်ရပ်ခန့် အမြင့်တွင် ရှိနေသော အကျဉ်းသားများ၏ တစ်ကိုယ်လုံးဝယ် သွေးသံရဲရဲ တွေ့ရ၏။ ကိုယ်လုံးများမှ အရေခွံများ ကွာကျနေ၏။ တစ်ယောက်သော အကျဉ်းသားမှာကား မျက်လုံး ပျက်စီးနေပုံရ၏။ မျက်လုံးမှ ထွက်သော သွေးများသည် တစ်စက်စက် ထွက်ကျနေ၏။

လက်မရွံ့ ဂျပန်စစ်သား ဝဝကြီး တစ်ဦးက မီးဖိုပေါ်တွင် အငွေ့တထောင်းထောင်းရှိနေသော ရေနွေးကြီးထားသည့် လက်ဆွဲ ဒန်ချိုင့်ကြီးထဲမှ ရေနွေးများကို နှီးဆီခွက်တပ် ရေမှုတ်ဖြင့် ခပ်ကာ ကြိုးဖြင့် ဆွဲထားခြင်း ခံရရှာသော အကျဉ်း



www.burmeseclassic.com

www.burmeseclassic.com

သားတစ်ဦး၏ ကိုယ်ပေါ်သို့ ပက်လိုက်၏။

"အမယ်လေးဗျ"

"ဒေါ်ရဗော နန္ဒား"

ဂျပန်စစ်သား လက်မရှဲ့ကြီးက အော်ဟစ်ရင်း နောက်ထပ် ရေနွေးဖြင့် ပက်လိုက်ပြန်သည်။

အလွန်တရာ နာကျင်လှသော ဝေဒနာကို ခံစားနေရရှာသည့် အချုပ်သမားတစ်ဦးမှာ လူးလွန့်ကာ အော်လိုက်၏။ ကြာရှည်စွာ ကြိုးချည်ဆွဲထားခြင်းခံရသဖြင့် လက်မောင်းကြီးများ ရှည်၍လာသည်ဟု ထင်ရပြီး နံရိုးများသည် ငေါငေါကြီး ပေါ်ထွက်လျက်ရှိ၏။

သူတို့နှစ်ဦးသည် အသက်မကြီးလှသေးချေ။ အလွန်ဆုံး ရှိလှမှ အသက် ၂၀ ခန့်လောက်ပင် ထင်ရ၏။ နှစ်ဦးစလုံးပင်လျှင် ဦးခေါင်းများ ငိုက်စိုက်ကျနေချေသည်။ နှစ်ဦးစလုံး သတိမရတစ်ချက် ရတစ်ချက် ဖြစ်ဟန်တူ၏။

ဂျပန် လက်မရှဲ့ကြီးက ကျန်သော အကျဉ်းသားကိုလည်း ဤပုံစံတိုင်း ရေနွေးဖြင့် ပက်လိုက်ရာ "အား"ခနဲ အော်သံထွက်လာ၏။ ခပ်စောစောက ဦးခေါင်းငိုက်စိုက်ဖြစ်နေသော သူများမှာ ဦးခေါင်းထောင်လာ၏။

ဂျပန်တပ်ကြပ်ကြီးသည် ကျွန်တော်၏ ရှေ့တွင်ပင် ရုတ်တရက် တိုင်တွင်ဆွဲ၍ ချည်ထားသည့် ကြိုးကို ဖြေပေးလိုက်၏။ အပေါ်မှ ကျလာသူအား ဖြည်းဖြည်းသာသာ ကျပါစေ သဘောမျိုးမရှိ။ ခပ်တင်းတင်း ပြန်ဆွဲကာ ကြမ်းပေါ်သို့ ရုတ်တရက် လွှတ်ချလိုက်၏။

ထို့ကြောင့် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲကျပြီးသော် ခွေလိမ့်သွားကာ လုံးဝသတိမရတော့ဘဲ ရှိသွား၏။ ဒါကိုပင် ဂျပန်တပ်ကြပ်ကြီးက မျက်နှာကို ဖိနပ်ဦးဖြင့် ကော်ကာ ကြည့်လျက် ကျန်နေသောလူကိုလည်း ကြိုးဖြုတ်ပေးလိုက်ပြန်၏။

ထိုလူမှာလည်း ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ထိုးကျပြီးသော် လိမ့်သွားကာ သတိမေ့နေ၏။ တစ်နေရာတွင်ကား လူနှစ်ယောက်ကို ကားစင်ကဲ့သို့ တိုင်တွင် ကြိုးချည်ထားပေ၏။ ထို လူနှစ်ယောက်အား အဝတ်အစားများချွတ်ထားကာ ဝမ်းဗိုက်တွင် ဒဏ်ရာကြီးများရလျက် သွေးများကျနေ၏။ အခြားနှစ်ယောက်ကို ခုံရှည်ပေါ်တွင် အအိပ်ခိုင်းကာ ကြိုးများဖြင့် ချည်ထား၏။ သူတို့မှာကား အဝတ်မရှိချေ။ ထိုသူတို့၏ မျက်နှာမှာ ဖူးဖူးရောင်နေပြီး ခြေသားလုံးများတွင် အရေခွံလန်ကာ သွေးများ စီးကျနေပေ၏။ အခြားနှစ်ယောက်ကိုကား လူတစ်ရပ်ကျော်ကျော်ရှိ တိုင်တွင် ကြိုးဖြင့် ချည်ထား၏။ တိုင်ထိပ်ဝယ် သံခွေဖြင့် ဆွဲထားသောသံပုံးထက်ပိုင်းပြတ်တစ်လုံး ဆွဲထား၏။

တိုင်တွင် အချည်ခံထားရသော လူမှာ ဦးခေါင်း လုံးဝ မလှုပ်နိုင်အောင် လည်ပင်းတွင် သားရေပတ် တစ်ချောင်း နှင့် နဖူးတွင် သားရေပတ် တစ်ချောင်း ပတ်ကာ စည်းထား၏။

သံပုံးထက်ပိုင်းပြတ်မှ ရေတစ်စက် မိနစ်ခန့်ခြားလျက် ဦးခေါင်းပေါ်သို့ကျနေလေရာ "အမယ်လေးဗျ" ဟူသော ဝမ်းခေါင်းသံကြီးဖြင့် ရေပေါက်ကျလေတိုင်း အော်ဟစ်လိုက်၏။

ထိုကဲ့သို့ ရေစက်ချကာ အညှဉ်းဆဲခံရသောသူမှာ အသက်အားဖြင့် ၄၀ နီးပါးခန့်ရှိသော လူကြီးတစ်ဦး ဖြစ်၏။

သူသည် ရေစက်ကျတိုင်း ကျတိုင်းပင် တုန်လှုပ်စွာ အော်ဟစ်လိုက်သည်။ အင်မတန်မှ မခံ့မသာ ခံစားနေရသော အဖြစ်ပင်။ ထိုကဲ့သို့ အညှဉ်းဆဲခံရသူ အဖို့ ရေစက်ကလေး တစ်စက်သည် သူ၏ဦးခေါင်းအား ကြီးမားလှသော တူကြီးဖြင့် အချက်မှန်မှန် ထုနှက်ခြင်း ခံနေရသည်နှင့် မခြားအောင် ရှိနေမည်မှာမလွဲပါပေ။

ထိုအဖြစ်ကို မြင်ရလေ ကျွန်တော့်မှာ ပိုတုန်လှုပ်မိပါ၏။ ထိုလူကြီးသည် ရေတစ်စက်ကျတိုင်း အော်ဟစ်ပုံမှာ ဝမ်းဗိုက်ကြီးများ ရှပ်သွားကာ နံရိုးများသည် အပြိုင်းပြိုင်း ပေါ်လာသည့်အထိ ဖြစ်ပါ၏။

ဂျပန် စစ်ဘီလူးတို့ ညှဉ်းပန်းနှိပ်စက်ခြင်း ခံစားနေရသော ပြည်သူတို့၏ ဘဝကို မြင်ရလေ ကျွန်တော်၏ ဒေါသစိတ်များက ပိုမိုကာ ကြီးမားလာရလေ

www.burmeseclassic.com

ဖြစ်၏။ တစ်ဖန် ဒေါသစိတ် ကြီးမားလာရသကဲ့သို့ပင် ကျွန်တော်တို့လည်း ထိုအဖြစ်မျိုး မည်သည့်အချိန်တွင် ခံစားရပါမည်နည်းဟု တွေးကာ ရင်တွင်းဝယ် တဒိန်းဒိန်း လှုပ်ရှားသွားရပြန်ချေ၏။

သို့တစေ ဂျပန်တပ်ကြပ်ကြီးက ကျွန်တော်တို့အား မျက်ခြည်မပြတ် အကဲခတ် ကြည့်ရှုနေလေသောကြောင့်ပင် မိမိတို့ကိုယ်ကို အလွန်အမင်း ကြောက်လန့်သောအသွင်ဖြင့်ဟန်ဆောင်ကာနေကြရ၏။

"အမယ်လေး မာစတာရယ်၊ ကျွန်တော် လူကောင်းပါဗျာ ဟီးစီး၊ ကျွန်တော် မာစတာတို့ ခိုင်းတာတွေကို ရိုးရိုးသားသား လုပ်ခဲ့တဲ့ ဟန်ချိုပါ မာစတာရယ်။ ဟီးဟီး. . .ဟီး"

ရုတ်တရက် ကိုအောင်သန်း တစ်ယောက်မှာ စိတ်နောက်ရူးသွားလေရော့သလားဟုထင်ရအောင် အော်ဟစ်ကာ ဂျပန်တပ်ကြပ်ကြီး၏ ခြေထောက်များကို ဖက်၍ ငိုကြီးချက်မဖြင့် ပြောလိုက်ပေ၏။

ဂျပန် တပ်ကြပ်ကြီးသည်ပင် ရုတ်တရက် ကြောင်၍ သွားတော့၏။ ဤသို့ပင် လက်မရွံ့ကြီးဖြစ်သော ဂျပန်စစ်သားကြီးများသည်ပင် ကြောင်၍သွား၏။

ပြီးမှပင် "ခူးဒါး ဗားကဲရိုး"ဟု အော်ရင်း ရုတ်တရက် ခြေထောက်နှင့် ကန်ပစ်လိုက်သောကြောင့် ကိုအောင်သန်းမှာ လိမ့်၍သွား၏။ တစ်ဖန် ဆောင့်ကြောင့်ထိုင်ကာ ဂျပန် တပ်ကြပ်ကြီးအား ဦးအကြိမ်ကြိမ် ရှိခိုးလိုက်ပြီးနောက်တွင် "ကျွန်တော် လူကောင်းပါ မာစတာရဲ့ ကျွန်တော် ဟန်ချိုပါ။ ကျွန်တော် ခွေးတပ်ထဲမှာ အလုပ်ကို ရိုရိုသေသေလုပ်တဲ့ လူတစ်ယောက်ပါ။ မာစတာရဲ့"ဟု ပြောလိုက်သဖြင့် ဂျပန်တပ်ကြပ်ကြီးကိုယ်တိုင်ပင် တဟားဟား ရယ်မောနေပြန်၏။

ကျွန်တော့်မှာ ကိုအောင်သန်းအား အာရှ လူငယ်တစ်ဦးလည်းဖြစ်ကာ လျှို့ဝှက်သော ကေဒါ စည်းရုံးရေးမှူးတစ်ဦးလည်း ဖြစ်သဖြင့် အထင်ကြီးနေရာမှ ယခုလို ရူးသွပ်သကဲ့သို့ ဖြစ်သွားရသည်ကို အတော်ပင် အံ့အားသင့်နေမိချေ၏။

ဂျပန်စစ်သား လက်မရွံ့ကြီးက ကိုအောင်သန်း၏ ကိုယ်လုံးကို ဆွဲမြှောက်ကာ "ခူးဒါး"ဟုပြောလျက် ပါးကို ဘယ်ပြန် ညာပြန် ရိုက်ပစ်လိုက်ပြန်၏။

ကိုအောင်သန်းမှာ တစ်ကိုယ်လုံး တုန်ကာ အော်နေသေး၏။ မျက်လုံးလည်းပြူးနေ၏။ ဂျပန် တပ်ကြပ်ကြီးမှာ ပထမတော့ ဟန်ဆောင်နေသည်ဟု ထင်ခဲ့သော်လည်း ယခုအခါတွင် တကယ်ပင် ကြောက်ရွံ့တုန်လှုပ်ကာ ရုတ်တရက် နှလုံးသွေးရပ် သေသွားမှာ စိုးရိမ်လာသလား မသိချေ။ တအားအော်လိုက်ပြီး ငရဲခန်းကြီးမှ အပြင်သို့ ခေါ်သွားပြန်၏။

သည်တစ်ခါတော့မှ ကျွန်တော်တို့အားအမှုစစ်ဆေးသောဌာနသို့ ခေါ်သွား၏။ ကျွန်တော်တို့နှစ်ဦးအား မေးမြန်းရာတွင် စကားပြန်မထားဘဲ မြန်မာလို လူရည်လည်သော ကင်ပေတိုင်ဗိုလ်က မေးခြင်းဖြစ်၏။

ထိုရုံးတွင် နာမည်ကြီးသော ဗိုလ်မော်တာဆိုသူမှာ ဂျပန် ဘိုးတုတ်ပင်ဖြစ်သည်။ မည်သူသည် ဗိုလ်မော်တာမှန်း ကျွန်တော်မသိပါချေ။ စစ်ဆေးသောဗိုလ်မှာ အရပ်ဝတ် ဘောင်းဘီနှင့် ရှပ်ဖြူအင်္ကျီ ဝတ်ကာ ဆံပင်ကို အရှည်ထားပေ၏။

ကိုအောင်သန်းက တုန်လှုပ်သော အသံဖြင့် "မာစတာ ကျွန်တော် အလုပ်သမားခေါင်းဆောင် တစ်ဦးပါ။ ကျွန်တော် အားကြီး အလုပ်ရှိသေးပါတယ် မာစတာ၊ ကျွန်တော် အလုပ်ကြိုးစားလုပ်ပါတယ် မာစတာ"ဟု တွင်တွင်ကြီး ထပ်၍ ပြောနေပြန်၏။

"ခူးဒါး"

စစ်ဆေးသော ဂျပန် ကင်ပေတိုင်ဗိုလ်မှာ ဒေါသများ ထွက်လာသလား မသိ။ အော်ဟစ်လိုက်ကာ ကိုအောင်သန်း၏ ပါးကို ဖြန်းခနဲ ချလိုက်၏။

ထိုကြောင့် ကိုအောင်သန်းမှာ ငြိမ်၍သွား၏။ သို့တစေ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်ဖြစ်ကာ နေသေး၏။ ခေါ်လာ



www.burmeseclassic.com

www.burmeseclassic.com

သော ဂျပန်တပ်ကြပ်ကြီးက ကျွန်တော်တို့အား ကြည့်၍ ပြောလိုက်၏။

"ဒီကောင်တွေဟာ သိပ်ကြောက်တတ်တာပဲ။ ဟိုကောင်ဟာ ငရဲခန်းပြတာနဲ့ သေတော့မလောက် ဖြစ်သွားတယ် မာစုရေး"

ဂျပန်လို ပြောလိုက်ခြင်း ဖြစ်၏။

စစ်ဆေးသူ ဂျပန်ဗိုလ်က ကျွန်တော်တို့အား သေသေချာချာ ကြည့်၍ "အောင်သန်းက" ဟု မေးလိုက်၏။

"ဟုတ်···ဟုတ်ပါတယ်"

ကိုအောင်သန်းက အလျင်ဖြေလိုက်၏။

"ခင်ဗျား အလုပ်သမား ဟန်ချီလား"

"ဟုတ်ပါတယ် မာစတာ၊ ကျွန်တော် အလုပ်ကို ကြိုးစားလုပ်ပါတယ်"

"ခင်ဗျား ဗိုလ်ကြီးခင်အကြောင်း အများကြီး သိတယ်။ ခင်ဗျားကို အားကြီး အခွင့်အရေးပေးတယ် မဟုတ်လား"

"ကျွန်တော်က အလုပ်ကို ကြိုးစားလို့ပါ မာစတာရဲ့၊ ကျွန်တော်က အလုပ်ကို မာစတာတွေ ချီးကျူးခံခဲ့ရတဲ့ လူပါ မာစတာရဲ့"

"ခင်ဗျား ဗိုလ်ကြီးခင် အကြောင်း ဘာသိလဲ"

"ကျွန်တော်တို့အပေါ် အုပ်ချုပ်တဲ့ ဗိုလ်ကြီးပါ။ အလုပ် လုပ်နိုင်းပါတယ်။ ကျွန်တော့်ကို အလုပ်ကြိုးစားလို့ ဟန်ချီပေးပါတယ် မာစတာရဲ့"

"ခင်ဗျား စစ်သား လုပ်ဖူးသလား"

"ကျွန်တော် စစ်သား မဟုတ်ပါဘူး မာစတာရဲ့။ ကျွန်တော် လယ်လုပ်ပါတယ်၊ လယ်သမားပါ"

"ခင်ဗျား ဗိုလ်ချုပ်အောင်ဆန်း သိသလား"

"ကျွန်တော် မသိပါဘူး။ ကြားဖူးတော့ ကြားဖူးပါတယ်"

"ဒေါက်တာဘမော်ရော သိသလား"

"ကြားဖူးပါတယ် မာစတာရဲ့"

ကိုအောင်သန်းအား ဆက်လက်ကာ စစ်ဆေးပြီးသော် ကျွန်တော့်ကို စစ်ဆေးပြန်၏။

"ခင်ဗျား ဂျပန်စကား တတ်တယ်လို့ပြောပါလား"

"ကျွန်တော် ဂျပန်ကျောင်းမှာ နေခဲ့ပါတယ် မာစတာ"

"ဘယ်ကျောင်းလဲ"

"ရန်ကုန် ဘုရားလမ်းက ကျောင်းမှာသင်ခဲ့ပါတယ်"

"ဆရာကရော···"

"မောကိုစံပါ မာစတာ"

"ချွေးတပ်ထဲ ဘာပြုလို့ ဝင်သလဲ"

"ဝင်တာ မဟုတ်ပါဘူး မာစတာ၊ ကျွန်တော် မော်လမြိုင် အစ်ကိုထံကို အလာမှာ ဖမ်းပြီး ခေါ်သွားတာပါ။ ကျွန်တော်လည်း အလုပ်ကို ကြိုးစားလုပ်ပါတယ်။"

"ဗိုလ်ကြီးခင်အကြောင်း ခင်ဗျား ဘာသိလဲ"

"သူဟာ ဂျပန်မာစတာတွေ အပေါ်မှာရှိသေတယ်။ အလုပ်ကို ကြိုးစားတယ်။ ကျွန်တော်တို့လို အလုပ်ကြိုးစားတဲ့ လူတွေကို ဟန်ချီပေးပါတယ်"

"မင်းဟာ ဗမာ့တပ်မတော်ထဲမှာ ဝင်ခဲ့ဖူးတယ် မဟုတ်လား"

"ကျွန်တော် မဝင်ခဲ့ပါဘူး"

"ခူးဒါး ခင်ဗျား လိမ်တယ်"

"ကျွန်တော် မာစတာတို့ တက်လာတုန်းက ငယ်ငယ် ရှိပါသေးတယ်။ အင်္ဂလိပ်တွေ ရှိတဲ့နေရာကို လမ်းပြခဲ့ဖူးသူပါ မာစတာ။ ကျွန်တော့်ကို မောရိဘူတိုက်က ဗိုလ်ကြီးကဝါမိက သိပ်ပြီး ချစ်ပါတယ်"

အမှန်တော့ ကျွန်တော်သည် ဘီအိုင်အေတွင် ကျွန်တော်တို့နှင့်အတူ တွဲကာတိုက်ခဲ့သော ဗိုလ်ကြီးကဝါမိအား မှတ်သားမိကာ ပြောလိုက်ခြင်းဖြစ်၏။

ထိုနောက်တွင်ကား စစ်ဆေးသော ဂျပန်ဗိုလ်သည် မှတ်တမ်းများကို ကြည့်၍ အတော်ကြာ စဉ်းစားနေပါ၏။

"မင်းနဲ့ အထက်က ဘွန်တိုက်ချီ မတည့်ဘူး ဆိုပါလား"

ရှေ့လဆက်ဖတ်ပါရန်···

မြဝတီ

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မင်းယုဝေ

အတိတ်အကြောင်း

# ဟောင်းသည်မရှိ (၁၀)

အ ခ န်း ဆ က် ဝ တ္ထု ရှ ည်

**(ယခင်လမှအဆက်)**

အဝေးကပင် အိမ်ရှေ့မှာ မခင်တင့် ရေဖျန်းနေသည်ကို မြင်ရသည်။ မောင်အေးချမ်းနှင့် ယုမေကို ခြံရှေ့ရောက်မှ မခင်တင့် မြင်သွား၏။ မခင်တင့်သည် ယခင်ကလို ဟက်ဟက်ပက်ပက် မရှိပေ။ မျက်နှာလည်း သိပ်ပြီး မလန်း။ ယခင်ကဆိုလျှင် မောင်အေးချမ်းကို မြင်သည်နှင့် ပြုံးပြုံးရွှင်ရွှင် စကားဆိုသည်။

မခင်တင့်သည် ရေဖျန်းခြင်းကို ရပ်နားလိုက်ပြီး ခြံတံခါးကို လာဖွင့်ရင်း "မောင်လေး ကားမပါဘူးလား" ဟု မေးသည်။

"ကားမပါဘူး ... မခင်တင့်။ အစောပိုင်းက ကားကြုံတွေရှိပေမယ့် အလုပ်ကိစ္စတွေက ရှိနေတော့ လိုက်မလာဖြစ်ဘူး။ ကျွန်တော်လည်း အရင်ကနေတဲ့ ဆင်ခုံတိုင်စခန်းမှာ မဟုတ်တော့ဘူး။ ဒါပေမယ့် ကျွန်တော် အခုတလော အလုပ်ကိစ္စတွေက အရေးကြီးနေလို့ ချက်ချင်း ထမလာဖြစ်ဘဲ အခု ပတ်ကွေ့ဝန်ထောက်ကြီး ကားကြုံလို့ လိုက်လာတာ။ တို့ကို လမ်းဆုံက ချထားခဲ့ပြီး ဝန်ထောက်ကြီးက အမ်းလမ်းဗိုလ် ဦးလှပြင့်နဲ့ စီမံကိန်းရုံးကို ဆက်မောင်းသွားကြတယ်"

ဟု မောင်အေးချမ်းက လိမ်သင့်သည်ကိုလိမ်၍ ရှည်လျားစွာဖြင့် ပြောပြလိုက်၏။

"အေး .. အေး။ တို့အပေါ်ထပ်ကို သွားရအောင်။ ယုမေကျန်နေခဲ့"

မခင်တင့်က ဦးဆောင်ပြီး ခေါ်လာခဲ့၍ မောင်အေးချမ်း အိမ်ပေါ်ထပ်သို့ ရောက်လာခဲ့သည်။ အပေါ်ထပ်တွင် သိပ်ပြီးမရှုပ်ပေ။ ဗီရိုသုံးလေးလုံးနှင့် အဝတ်လှန်းသော တန်းတစ်တန်းသာရှိသည်။ အိမ်ခန်းအလယ်တွင် စားပွဲလေးတစ်လုံးကို ကုလားထိုင် သုံးလေးလုံး ဝိုင်းခင်းထားသည်။

မခင်တင့်သည် ယခင်ကလို မောင်အေးချမ်းအား ဖက်ခြင်း၊ နမ်းခြင်း လုံးဝမရှိဘဲ စားပွဲကို အလယ်ထားပြီး မျက်နှာချင်းဆိုင်ကသာ ထိုင်သည်။ စကားပြောချင်နေသော အရိပ်အရောင်များ ထင်ဟပ်နေသော်လည်း တုံ့ဆိုင်းသော အမူအရာများ ပေါ်လွင်နေသည်။ ထို့နောက် လည်ချောင်းကို



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြီး ...

"မောင်အေးချမ်းကို မှာခဲ့လိုက်ရတာ အားတော့နာတယ်။ အိမ်ကအဖြစ်ကိုလည်း ယုမေ ပြောပြထားလို့ မောင်ဖလေး သိလောက်ပြီ နေမှာပေါ့"

"ဟုတ်ပါတယ် ...။ သိသင့်သလောက်တော့ သိနေပါပြီ။ ဒါပေမယ့် မခင်တင့်က ထပ်ပြောပြရင် ပိုပြီးသိရဦးမှာပေါ့"

မခင်တင့်သည် သက်ပြင်း တစ်ချက်ကိုချလိုက်ပြီး –

"တစ်နေ့ကစောစော ငါ့သူငယ်ချင်းတစ်ယောက်ရဲ့ညီမ မင်္ဂလာဆောင်ကိုသွားတယ်။ သူတို့ကရုံးမှာဆောင်ကြတာပါ။ ညနေ ၅ နာရီလောက်မှာ ညစာစားပွဲကိစ္စအားလုံး ပြီးတယ်။ ငါလည်း သူငယ်ချင်းနဲ့ ပတ်သက်တဲ့ပွဲဆိုတော့ အားလုံးပြီးမှပဲ ပြန်ဖြစ်တယ်။ တစ်နေ့ခင်းလုံး ချွေးကနစ်နေတော့ အိမ်ပြန်ရောက်တာနဲ့ ရေချိုးခန်းထဲ ဝင်လိုက်တယ်။ ရေချိုးခန်းထဲက ပြန်ထွက်လာတော့ စားပွဲပေါ်မှာတင်ထားခဲ့တဲ့ လက်ကောက်နှစ်ကွင်း၊ ကျောက်စီလက်စွပ်နှစ်ကွင်းနဲ့ ဆွဲကြိုးတစ်ကုံးမရှိတော့ဘူး။ ရွှေအလေးချိန်ကတော့ သုံးကျပ်သားပါ"

မောင်အေးချမ်းက မခင်တင့် ရှင်းပြနေသည်ကို စိုက်ကြည့်နေ၏။ မခင်တင့်၏မျက်နှာသည် အတော်လေးပင် အိုနေ၏။ မောင်အေးချမ်း စဉ်းစားသည်။ ထို့နောက် သက်ပြင်း တစ်ချက်ကို ချသည်။

"မခင်တင့်က ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်ကိုခေါ်တယ်ဆိုတော့ ကျွန်တော် ဘာအကူအညီ ပေးရမလဲ ပြောပါ။ တတ်နိုင်တဲ့ဘက်က ကူညီပါ့မယ်"

မခင်တင့် ဘာမျှမပြောပေ။ သူ၏မျက်နှာသော်လည်း ရဲရဲနီလျက် မျက်ရည်မကျရုံ တစ်မည်သာရှိသည်။ အသားများသည်ပင် တုန်၍နေသည်။ ရှိုက်သံသဲ့သဲ့ကိုလည်း ရံခါကြားရသည်။

"မခင်တင့် ပြောလေ။ ကျွန်တော့်ကို လူလွှတ်ပြီးတောင် အခေါ်ခိုင်းတယ်ဆိုတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး အရေးတကြီး ပြောချင်နေလို့ပဲ မဟုတ်လား"

မခင်တင့် ငိုလေ၏။ အသံကား တိုးတိုးမျှသာ။ မောင်အေးချမ်း သက်မ တစ်ချက်ချလိုက်မိပြန်သည်။ မခင်တင့်အား ကြည့်ပြီးလည်း စိတ်ထဲတွင် မသက်မသာ ဖြစ်လာမိသည်။ ထို့ကြောင့် ထပ်၍ မေးလိုက်သည်။

"မခင်တင့် ရွှေပျောက်သွားတဲ့ကိစ္စနဲ့ပတ်သက်ပြီး တစ်စုံတစ်ခု ပြောချင်လို့ ကျွန်တော့်ကိုခေါ်တာမဟုတ်လား"

မခင်တင့် တဆတ်ဆတ် ခေါင်းညိတ်၏။ မျက်ရည်ကို သုတ်၏။ လည်ချောင်းကို ရှင်းလိုက်ပြီး ...

"ဟုတ်ပါတယ်။ ပြောပါ့မယ်။ ဒီရွှေပျောက်တာနဲ့ ပတ်သက်ပြီး မမ အရမ်းစိတ်ထိခိုက်နေရပါတယ်။ ဒီကိစ္စကိုလည်း မောင်လေးတစ်ယောက်တည်းကိုပဲ အခုလို တကူးတကခေါ်ပြီး ပြောဆိုတိုင်ပင်တာပါ"

"ကျွန်တော့်တစ်ယောက်တည်းကိုသာ ကွက်ခေါ်ပြီး တိုင်ပင်တယ်ဆိုတော့ ရွှေပျောက်တာအပြင် တခြားအကြောင်းတွေများ ရှိနိုင်သေးသလား မခင်တင့်"

မခင်တင့် ဘာမျှမပြောဘဲ နေပြန်သည်။ ကြမ်းပြင်ကို စိုက်ကြည့်နေ၏။ ထို့ကြောင့် မောင်အေးချမ်း စဉ်းစားသည်။ သည်အတိုင်းသာဆိုလျှင် ရွှေပျောက်သည်နှင့်နွယ်လျက် အခြားကိစ္စ အတော်များများ ပါဝင်လာနိုင်သည်ဟု မောင်အေးချမ်း နားလည်လာ၏။

မခင်တင့်သည် ရွှေပျောက်သည်နှင့် ပတ်သက်ပြီး စိတ်မကောင်းကြီးစွာ ခံစားနေရခြင်း၊ တစ်ယောက်တည်း နေရသည်၏ အဖြစ်ကြောင့် လုံခြုံမှုမရှိခြင်း ... စသည်များကို အကြောင်းပြကာ လက်ထပ်ကြရန် အတင်းပူဆာမည်လည်း ဖြစ်လာနိုင်သည်။ ထို့အပြင် ပျောက်ဆုံးသွားသော ရွှေများကို သူ့တူ ရဲနိုင်နှင့် ရဲခိုင်တို့ ခိုးယူသွားသည်ကို အတပ်သိ၍ အတိုင်ရလွှတ် ပြန်ရလိုသောကြောင့် နည်းလမ်းရရှိရေး တိုင်ပင်ရန် ခေါ်ခြင်းလည်း ဖြစ်နိုင်သည်။ ယုမေသည် မောင်အေးချမ်းနှင့် ရင်းနှီးလွန်းသည်ကို မနာလိုဖြစ်လာပြီး ရွှေမပျောက်ဘဲ ပျောက်သည်ဟု ကလိမ်ဆင်ကာ အိမ်မှ ယုမေအား မောင်းထုတ်လို၍ မောင်အေးချမ်းအား ထိုအကြောင်းကို ပြောပြရန် ခေါ်ခြင်းလည်း ဖြစ်နိုင်သည်။ အတပ်ကား မဆိုသာ။

"မောင်လေးက ရွှေပျောက်တာအပြင် အခြားကိစ္စတွေပါသေးသလားလို့ မေးတယ်။ ဟုတ်တယ်။ အခြားအကြောင်းကိစ္စတွေလည်း ပါသင့်သလောက်တော့ ပါတယ်။ ဒါပေမယ့် ရွှေပျောက်တဲ့ကိစ္စကြီး ရှင်းသွားရင်



www.burmeseclassic.com

www.burmeseclassic.com

တော့ အခြားကိစ္စလည်း လင်းသင့်သလောက် လင်းလာနိုင်ပါတယ်။ ဒါကြောင့် ရွှေပျောက်တဲ့ကိစ္စကိုပဲ အရင်ရှင်းသွားစေချင်တယ်။ မောင်လေး တတ်နိုင်တဲ့ဘက်က အကြံဉာဏ်လေး ပေးပါ''

''ရွှေပျောက်တုန်းက အိမ်မှာ ဘယ်သူတွေရှိနေသလဲ ဆိုတာကို အရင်ပြောပြပါ''

''ရဲနိုင်၊ ရဲခိုင်တို့ ရှိတယ်။ ယုမေရောပေါ့''

''ဒီလိုဆိုရင် သူတို့ သုံးယောက်ကိုပဲ စဉ်းစားရတော့မှာပေါ့''

''အေး . . .''

ဟု မခင်တင့်က အသံကိုနှိမ့်၍ ပြောသည်။

''ဒီသုံးယောက်မှာ မခင်တင့်က ဘယ်သူ့ကို ထင်သလဲ''

မခင်တင့် နှုတ်ဆိတ်နေသည်။ အပြောရခက်နေခြင်းဖြစ်မည်။

''ယုမေကို ထင်သလား။ မခင်တင့်ရဲ့တူ ကိုရဲနိုင်နဲ့ ကိုရဲခိုင်ကို ထင်သလား။ ဒီလိုမှမဟုတ် သူတို့ညီအစ်ကိုနှစ်ယောက်ထဲက တစ်ယောက်ယောက်ကိုများ ထင်သလား။ ရွှေပျောက်တဲ့အချိန်မှာ အခြားလူတစ်ဦးတစ်ယောက်မှ မရှိဘူးဆိုတော့ ဒီသုံးယောက်ထဲက မခင်တင့် တစ်ယောက်ယောက်ကိုတော့ ထင်လို့ရပါလိမ့်မယ်''

''ငါ မပြောတတ်ဘူးဟယ်''

''မပြောတတ်လို့ မရဘူး မခင်တင့်။ မပြောတတ်ရင် အစကပင် မပြောဘဲနေရမှာ။ အခုတော့ အဝေးက ကျွန်တော့်ကိုတောင် လှမ်းခေါ်တယ်ဆိုတော့ မခင်တင့်ရဲ့ စိတ်ထဲမှာ အတော်ကြီး ခံပြင်းနေလို့ပါပဲ''

''မောင်လေးပဲ ထင်ကြည့်လေ။ ဘယ်သူများ ဖြစ်နိုင်မလဲလို့''

မခင်တင့်သည် အတော်လေးပင် အပြောရခက်နေပုံရသည်။ အပြောရခက်နေသည့် အကြောင်းသည် တစ်မျိုးမက။ အထက်က မောင်အေးချမ်း ထင်ကြေးရှိခဲ့သည့်အတိုင်း နှစ်မျိုးသုံးမျိုး မကတောင်ပင် ရှိနေနိုင်သည်။

''ကျွန်တော်က ယုမေကို လုံးဝမထင်ဘူး။ ယုမေက ဘဝအကျိုးပေးမကောင်းခဲ့လို့ အိမ်ဖော်မအဆင့်ကို ရောက်နေရပေမယ့် သူများပစ္စည်းကို ခိုးလောက်အောင်ထိ အောက်တန်းကျစိတ်မရှိဘူး။ ဒီရွှေထည်ပစ္စည်းတွေကို ခိုးယူပြီးလည်း ဒီကလေးမ သုံးစွဲခြင်း၊ သိုဝှက်ခြင်းကိုလည်း တတ်နိုင်မှာ မဟုတ်ဘူး။ အဲဒီလို မထင်နိုင်တာကြောင့်လည်း အဲဒီလောက်ထိ များပြားတဲ့ ရွှေထည်ပစ္စည်းတွေကို ခိုးရဲမှာ မဟုတ်ဘူး။ တပ်မက်စိတ် ဖြစ်မိရင်လည်း မမြင်ကွယ်ရာမှာ ကိုင်ကြည့်ရုံကလွဲလို့ ခိုးလားဖွက်လား လုပ်ရဲမှာ မဟုတ်ဘူး။ ကျွန်တော် အတပ်ပြောရဲတယ်။ ဒီတော့ ဖြစ်နိုင်တာက မခင်တင့်ရဲ့ တူနှစ်ယောက်ပဲ''

''မောင်လေးက ယုမေကို လုံးဝမထင်ဘဲ မမရဲ့တူနှစ်ယောက်ကိုမှ ထင်တယ်ဆိုတာ အကြောင်းရှိလို့လား''

မခင်တင့်သည် လေသံကို ဖျော့ပြောပြီး ကြမ်းပြင်ကို စိုက်ကြည့်နေ၏။

''ရှိတာပေါ့ မခင်တင့်။ မခင်တင့်ရဲ့ တူနှစ်ယောက်က ဖဲ၊ အရက် စုံတယ်။ ကြာကူလီဆိုလည်း ပါတာပဲ။ ကိုယ်ပိုင်အလုပ်ဆိုတာလည်း မရှိဘူး။ မိဘကကော သူတို့သုံးဖြုန်းလောက်အောင် ပေးနိုင်သလား။ ဒီတော့ ဖြစ်နိုင်ဖွယ် အရှိဆုံးက မခင်တင့်ရဲ့ တူနှစ်ယောက်ပဲ။ သို့တည်းမဟုတ် နှစ်ယောက်မှာ တစ်ယောက်ပဲ''

''ဝုန်း''ဟူသော အသံကို တစ်ချက်ကြားလိုက်ရပြီး တစ်ဆက်တည်းပင် လှေကားတက် ခန်းဆီးနောက်ကွယ်မှ ရဲနိုင်နှင့် ရဲခိုင်တို့ ညီအစ်ကို ပြေးထွက်လာကြ၏။ မောင်အေးချမ်းအား ထိုးကြိတ်မည့်အနေအထားမျိုးလည်း ဆောင်နေသည်။

''ဘာလဲ မင်းက။ ကျူးကျူးကျော်ကျော် အိမ်ပေါ်တက်လာပြီး တို့ကိုများ သူခိုးရိုးလို့။ မင်းကိုမင်း ဘာထင်နေသလဲ''

ဟု အာခေါင်ခြစ် ပြောကာ လက်တပြင်ပြင်ဖြင့် ရှေ့တိုးလာကြ၍ မခင်တင့် ထလိုက်သွားပြီး အတင်းတား၏။

''ဟိုက် . . . ဟိုက် . . . အရီးလေး ရှင်းပြမယ်။ အဲလိုမလုပ်ကြပါနဲ့။ ခဏနေကြပါဦး''

မခင်တင့်၏အသံသည် ကျယ်လောင်သွား၏။ ပတ်ဝန်းကျင်အိမ်များက စိုက်ကြည့်နေကြသည်ကိုပင် ပြတင်းပေါက်မှ လှမ်းမြင်နေရ၏။ မောင်အေးချမ်းလည်း ထိုင်နေရာမှ ထလိုက်သည်။ ထို့နောက် ပြောလိုက်၏။

''ကျုပ်က ကျူးကျူးကျော်ကျော် မဟုတ်ဘူး။ ဒေါ်ခင်တင့်ခေါ်လို့ အိမ်ပေါ်ကို ရောက်လာတာ။ ခင်ဗျားတို့ကို သူခိုးရိုးတဲ့အဆင့်လည်း မရောက်သေးဘူး။ ဖြစ်နိုင်ဖွယ်လို့ပဲ ပြောသေးတာ''

''တို့မိသားစုကိစ္စကို မင်းဘာမှ ဝင်ပြောစရာ မလိုဘူးကွ''

ဟု ရဲနိုင်က ဒေါသသံဖြင့် ပြော



www.burmeseclassic.com

www.burmeseclassic.com

၏။ အင်္ကျီလက်မောင်းများကိုလည်း ဆွဲတင်နေ၏။

"ကျုပ်ကလည်း မပြောချင်ပါဘူး"

မောင်အေးချမ်းလည်း ကုလားထိုင်အနားမှခွာပြီး သူတို့နှစ်ယောက်၏ အခြေအနေကို စောင့်ကြည့်နေသည်။ မခင်တင့်က တစ်ယောက်ကို ပြောလည်းပြော၊ အတင်းလည်း တွန်းထုတ်နေသည်။ သူတို့နှစ်ယောက်တွင် ရဲနိုင်က သာ၍ပင် ရှူးရှူးရှဲရှဲ ဖြစ်နေ၏။ ရဲခိုင်က ခပ်တင်းတင်း အမူအရာဖြင့် ...

"မင်းက ဟိုကောင်မလေး (ယုမေ)ကို ဖွဲ့ထုတ်ထားပြီး တို့ကိုမှ သူခိုးထင်တယ်ဆိုတော့ စိန်ခေါ်လိုက်တဲ့ သဘောလား"

"ကျုပ်က အမှန်တရားကိုပြောတာ။ ဟိုကောင်မလေးက ယုတ်ညံ့တဲ့စိတ်မရှိဘူး။ ခင်ဗျားတို့ ညီအစ်ကိုပဲ ယုတ်ညံ့တဲ့စိတ်ရှိတာ။ ခင်ဗျား ဘာပြောမလဲ"

ရဲခိုင်သည် ဘာမပြော ညာမပြော ဒေါသစိတ်ထွက်ပြီး ပြေးဝင်လာသဖြင့် မောင်အေးချမ်းက ကာကန်ကန်လိုက်၏။ အားထည့်သည်တော့ မဟုတ်ပေ။ ဗိုက်ကို ကန်မိသဖြင့် ရဲခိုင် အောက်ခြေလွတ်ပြီး ပုံကျသွား၏။ ခေါင်း နံရံနှင့် ဆောင့်မိ၍လည်း ဝေသွားဟန်ရှိသည်။

မခင်တင့် ပျာပျာသလဲ လိုက်သွားပြီး ရဲခိုင်ကို ကောက်ပွေ့နေသည်။ ရဲနိုင် ကြောင်ကြည့်နေရာမှ ရှေ့တစ်လှမ်းတိုးပြီး မောင်အေးချမ်းအား လက်သီးဖြင့် ထိုး၏။ မောင်အေးချမ်း ဆတ်ခနဲ ရှောင်လိုက်၍ ရဲနိုင်အား အလွန်တွင် နောက်က ခပ်ဆတ်ဆတ် တွန်းလိုက်သဖြင့် ရဲနိုင်ခေါင်း နံရံနှင့် တိုက်မိပြီး ပုံကျသွားပြန်သည်။

"အမလေး တော်ကြပါတော့။ ဒီလောက်ထိတားလို့မရရင် ငါ့ကိုပါ သတ်လိုက်ကြပါတော့ ..."

မခင်တင့်က ငိုသံပါကြီးနှင့် ပြော၏။ ရဲနိုင်နှင့် ရဲခိုင်တို့က မောင်အေးချမ်းအား စားမလို၊ ဝါးမလို မျက်နှာထားဖြင့် ကြည့်နေကြသည်။ မောင်အေးချမ်းက အမူအရာမပြောင်းဘဲ ရပ်ကြည့်နေသည်။ မျက်နှာတွင်လည်း ဒေါသဟူ၍ မရှိ၊ သိပ်ပြီး မဖြုံချင်သည့် သဘော။

ရဲနိုင်နှင့် ရဲခိုင် အနည်းငယ်အီသွားကြ၏။ မောင်အေးချမ်းအား တစ်ဆင့်တိုးလုပ်လျှင်လည်း တိုးလာနိုင်ကြောင်းကို နားလည်သွားကြပုံရသည်။ သူတို့နှစ်ယောက်က အရက်သမား၊ သိုင်းလက်ဓွေ့ စသော ကိုယ်ခံပညာလည်း ဘာမျှမတတ်။ မောင်အေးချမ်းက ဆေးလိပ်ကို ရုံခါဖွာသော်လည်း အရက်မသောက်ပေ။ ကိုယ်ခံပညာကိုလည်း သင်ယူထားပြီး မပြတ်လေ့ကျင့်နေသည်။ ထို့ကြောင့် ရဲနိုင်နှင့် ရဲခိုင်တို့လို အရက်သမားများကို တစ်လုတ်စာမပြည့်ဟု ဆိုနိုင်သည်။

"တူလေးတို့ကလည်းကွယ်။ မောင်အေးချမ်းက ကိုယ့်ပွဲရုံမှာ ဖောက်သည်။ တစ်လတစ်လ သောင်းချီလာဝယ်နေတဲ့ ဖောက်သည်တစ်ယောက်ကို အဲလို မလုပ်သင့်ပါဘူး။ လာ ... အရီးလေးပြောမယ်။ အောက်သွားကြအောင်"

ဟု ပြောပြီး မခင်တင့်သည် ရဲနိုင်နှင့် ရဲခိုင်တို့အား အောက်ထပ်သို့ခေါ်သွား၏။

ထို့နောက် ဘာများပြောပြီး ဘယ်လိုဖျောင်းဖျလွှတ်လိုက်သည် မသိ။ ရဲနိုင်နှင့် ရဲခိုင်တို့ သူတို့အိမ်ဘက်ထွက်သွားကြသည်ကို တွေ့လိုက်ရသည်။ မခင်တင့် အပေါ်ထပ်သို့ ပြန်တက်လာသည်။ မောင်အေးချမ်းလည်း နေရာတွင် ပြန်ထိုင်လိုက်သည်။

"ဒီတော့ မခင်တင့်ကို ကျွန်တော်တစ်ခုပြောထားမယ်။ ကျွန်တော်နဲ့ မခင်တင့်အကြားမှာ ဘာပြဿနာမှ မရှိဘူး။ အခု မခင်တင့်ခေါ်လို့ ကျွန်တော်လာတယ်။ အရင်ကလည်း မခင်တင့်ဆိုင်မှာ ဈေးဝယ်ဖို့လာတယ်။ အချုပ်ပြောရရင် မခင်တင့်ရဲ့ အကျိုးစီးပွားချည်းဖြစ်တယ်။ ဒီတော့ မခင်တင့်ရဲ့တူတွေကိုတော့ ကျွန်တော့်ကို လာမရှုပ်စေနဲ့။ ကျွန်တော်သည်းမခံဘူး"

"မောင်လေးက ယုမေကို ဖယ်ထုတ်ထားပြီး သူတို့ညီအစ်ကိုကို ပြောတာကြောင့် စိတ်ဆိုးသွားကြတာဖြစ်မယ်"

"ကျွန်တော်ပြောတာ မှားသလား မခင်တင့်။ ကျွန်တော်က ယုမေကို လုံးဝမထင်ဘူး။ မထင်တာကိုလည်း အကြောင်းနဲ့တကွ ချပြခဲ့ပြီးပြီ။ သူတို့ညီအစ်ကိုနှစ်ယောက် ထင်တဲ့အကြောင်းကိုလည်း အကြောင်းနဲ့တကွ ချပြခဲ့ပြီးပြီ။ အဲဒါ ကျွန်တော်မှားသလား။ မခင်တင့်ရဲ့တူတွေ မရိုးလို့ပဲ ကျွန်တော်ရောက်လာတဲ့အခါ တစ်ယောက်မှ မတွေ့ရဘဲ သူတို့အကြောင်း ကျွန်တော့်စကားမှာ ပါလာမှ အကွယ်က ပြေးထွက်လာကြတာ။ သူတို့က ကျွန်တော်နဲ့ ယုမေကို ရန်လိုချင်တဲ့ သဘောရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အဲလိုတော့ ဟုတ်ပါ့မလား"

"သိပ်ဟုတ်တာပေါ့ မခင်တင့်။ ကျွန်တော် ယုမေကိုမေးပြီးပြီ။ ရဲနိုင်က ယုမေကို တို့ခနဲ့ ဆိတ်ခနဲ လုပ်လာသတဲ့။ ရိသဲ့သဲ့စကားတွေလည်း ပြောလာသတဲ့။ ယုမေသာ သည်းခံနေရင် တစ်ဆင့်ပြီးတစ်ဆင့် တက်လာမယ့် သဘောရှိတယ်။ ယုမေက သူ့အလိုကိုမလိုက်ဘဲ ခေါင်းမာထားတာဟာ ကျွန်တော့်ကြောင့်၊ ကျွန်တော်ရှိနေလို့ ဆိုပြီး မခင်တင့်ရဲ့ တူနှစ်ယောက်လုံးက ကျွန်တော့်ကိုပါ ရန်လိုလာကြတာပါ"

မခင်တင့် သက်ပြင်းတစ်ချက်ချ၏။ တစ်ချိန်လုံး မျက်နှာကို အောက်သို့နှိမ့်ပြီး ကြမ်းပြင်ကိုသာ စိုက်ကြည့်နေသည်။

"ကျွန်တော်က ယုမေကို သနားတယ်။ မိဘမဲ့၊ အရပ်ဒေသမဲ့သူလေး ဖြစ်နေလို့ ကရုဏာလည်းသက်တယ်။ ဒါကြောင့် ကျွန်တော် ဒီကောင်မလေးကို အရေးတယူရှိနေတာပါ။ သူလိုသာ ကိုယ်ဖြစ်နေရင်ဆိုပြီး သူ့နေရာကနေ ကြည့်ပြီး ရင်ဆိုင်ပြီး ကိုယ်ချင်းလည်း စာပါတယ်။ ယုမေလို ကံဆိုးမလေးမျိုးလည်း တစ်ထောင်မှာတစ်ယောက် ရှားလောက်တဲ့အထိပဲ။ ကံဆိုးနေသူလေးပါ။ ဒါကို ကျွန်တော် မသနားလို့ ရမလား။ အားနွဲ့သူကို သနားတတ်တဲ့ စိတ်က ကျွန်တော့်ရဲ့ မွေးရာပါပဲ"

"အားနွဲ့သူကို သနားတတ်တာကတော့ အကောင်းဆုံးပဲပေါ့ကွယ်။ မမလည်း ယုမေလေးကို သနားပါတယ်။ ချစ်လည်းချစ်တယ်။ ဒါပေမယ့် မောင်လေးက ယုမေကို သနားတာထက် ပိုနေတာများ ရှိသလား"

"ဗျာ ..."

မောင်အေးချမ်း အံ့သြသွား၏။ မခင်တင့် ဤကဲ့သို့ မေးလာလိမ့်မည်ဟု ထင်မထားခဲ့၍ ငေးလည်းငေးသွားမိသည်။ ထို့ကြောင့် မခင်တင့်၏ အမေးကို မောင်အေးချမ်း စဉ်းစဉ်းစားစား ဖြေရပေလိမ့်မည်။ မဖြေတတ်လျှင် အငိုက်မိသွားနိုင်သည်။ ယုမေအား သနားသည်၊ ကရုဏာသက်သည်ဟူသော စကားသည်လည်း ရေပေါ်မှာ အရုပ်ရေးဘိသကဲ့သို့ ဖြစ်ပြီး အစိတ်စိတ်အမွှာမွှာဖြစ်ကာ အရှက်လည်း ရလာနိုင်သည်။ မောင်အေးချမ်းက ယုမေကို လက်ထပ်ပေါင်းသင်းရန် စိတ်ကူးထားသည်အထိ မရှိသေးသော်လည်း သာမန်ထက် ပိုနေမိသည်မှာ အမှန်။ ဘဝနှင့် တစ်ထပ်နီးပါးထိလည်း ကဲလွန်နေမိသည်။

ဤသည်ကိုသာ မခင်တင့် လင်းလင်းကြီး သိရှိသွားပါက အခြေအနေသည် အတော်များများပင် အပြောင်းအလဲတွေ ဖြစ်လာနိုင်သည်။ လက်ရှိအနေတွင် မောင်အေးချမ်းသည် ထိုကဲ့သို့ အပြောင်းအလဲအဖြစ်မျိုးကို ရင်ဆိုင်နိုင်စွမ်း မရှိသေးပေ။ ထို့ကြောင့် မည်သည့်နည်းနှင့်မျှ မခင်တင့်၏ အမေးကို အငိုက်မိခံ၍ မဖြစ်ပေ။

"မောင်လေး မမမေးတာကို ဖြေလေ။ ဖြေနိုင်စွမ်း မရှိဘူးလား"

"ဖြေနိုင်တယ် မခင်တင့်။ ဒါပေမယ့် ဒီအမေးကို မခင်တင့် ဘာကြောင့်မေးတယ်ဆိုတာကို ကျွန်တော် သိချင်တယ်"

မခင်တင့် သက်ပြင်းချသည်။ ထို့ကြောင့် မောင်အေးချမ်းက ပင်မေးလိုက်သည်။

"ဒီအမေးကို မေးချင်လို့၊ ဒီအမေးရဲ့ အဖြေကို ကိုယ်လိုရာဆွဲပြီး အကောင်အထည်ဖော်ချင်လို့ မခင်တင့်မှာ ရွှေပျောက်တာလား"

မခင်တင့် အံ့သြသွား၏။ ချက်ချင်းခေါင်းထောင်လာပြီး သုံးလေးချက် ခေါင်းခါသည်။ လက်နှင့် ကာ၍လည်း တားသည်။

"မဟုတ်ဘူး မောင်လေး။ အဲလိုလုံးဝမဟုတ်ဘူး။ မမ အဲဒီလို မရိုးမသား ဘယ်တော့မှ မလုပ်ဘူး။ မမ ရိုးသားပါတယ်။ မောင်လေးသာ မရိုးတဲ့လူတစ်ယောက်ဖြစ်နေပြီ ထင်လို့ မေးတာပါ။ ဒါကြောင့် မမရဲ့ အမေးကိုပဲ မောင်လေး ဖြေကြည့်ပါ"

မောင်အေးချမ်းသည် မခင်တင့်၏အမေးကို အချိန်ဆွဲပြီး အကြောင်းအရာနှင့် စကားလုံးရေ အတော်များများကို သုံး၍ဖြေမှ သင့်လျော်လိမ့်မည်ဟု ယူဆသည်။ ဖုံးသင့်လျှင်ဖုံးမည်။ ငြင်းသင့်လျှင် ငြင်းမည်။ အကြောင်းအရာတစ်ခုခုကို ရှာဖွေပြီး ချေပသင့်ကလည်း ချေပမည်။ အမှန်ကို ပြောခြင်းသည်ကား နေရာတိုင်းတွင် မကောင်းပေ။

"ဒီလောက်ဆိုရင် မမမေးတဲ့အမေးကို မောင်လေး ဖြေဆိုနိုင်ခြင်း မရှိဘူးလို့ သိလိုက်ပါပြီ"

ဟု ဆိုကာ မခင်တင့်သည် မျက်ရည်ပေါက်ပေါက် ကျသွား၏။ ထို့နောက် ရှိုက်၍နေ၏။

"ကျွန်တော် ပြောပြီးပြီပဲ။ မခင်တင့် အခုလို ကျွန်တော့်ကို ဘာကြောင့် မေးတာလဲလို့။ ကျွန်တော် မေးတာကို မခင်တင့်မဖြေဘူး။ ဒါကြောင့်လည်း မခင်တင့်မေးတာ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မဖြေတာပါ''

မခင်တင့် မျက်ရည်သုတ်လိုက်ပြီး –

''မမ ရိုးပါတယ် မောင်လေးရယ်။ ရိုးရိုးသာမကဘူး။ အလည်း အပါတယ်။ ဒါကြောင့်လည်း မောင်လေးတို့ကိစ္စကို မမကိုယ်တိုင် မသိနိုင်ခဲ့ဘဲ လမ်းသွားလမ်းလာတွေက ပြောပြကြမှ မမသိရတာပါ။ မောင်လေးနဲ့ ယုမေကို ဆင်ထိုးတံတားမှာ အရှေ့ပိုင်းချောင်းသဲခုံကြီးက တံငါတဲလေးထဲမှာ တွဲနေကြတယ်ဆိုတာကိုလေ။ ဒီစကားတွေကို ကြားလိုက်ရတော့ မမရဲ့ရင်တစ်ခုလုံး လောင်သွားပါတယ်။ ကမ္ဘာကြီး ချာချာလည်လာပြီး ထိုးလဲသွားပါတယ်။ ဒါပေမယ့် မမ ဒီလောက်အထိ ဖြစ်သွားရတယ်ဆိုတာကို မောင်လေး မယုံဘူးမဟုတ်လား''

မောင်အေးချမ်း သက်မချလိုက်၏။

''အဲလောက်လည်း အဆုံးစွန်တိုင်အောင် မယူဆသင့်ဘူး မခင်တင့်။ ကျွန်တော် ရှင်းပြပါ့မယ်''

''အစကပင် မောင်လေးဟာ မမကို မချစ်ဘူးလို့ သိခဲ့ပေမယ့် မမရဲ့ နှလုံးသားက နားမလည်နိုင်ခဲ့ဘူး။ ချစ်တယ်ဆိုတာ တစ်ခုတည်းပဲ အဖြေထွက်ပြီး အမြစ်စွဲနေခဲ့တယ်။ ဒါကြောင့်မို့လို့လည်း အခုလို သေလုမတတ်ခံစားရတာပါ''

ဟု ပြောပြီး မခင်တင့်သည် မောင်အေးချမ်းအား ဖက်ကာငို၏။

''မခင်တင့် ကျွန်တော် ရှင်းပြတာကို နားထောင်မယ် မဟုတ်လား။ ရှင်းပြခွင့်ပြုတယ် မဟုတ်လား''

မခင်တင့် ခေါင်းညိတ်၏။

''မခင်တင့်ပြောသလို ဆင်ထိုးတံတားအပေါ်မှာ၊ တံငါတဲလေးမှာ ကျွန်တော်နဲ့ ယုမေ ဖက်ပြီးထိုင်နေကြတာ ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်တော်ဟာ ကံနွဲ့တဲ့ ယုမေလေးကို အသနားပိုမိတာကလွဲပြီး အခြားမရှိပါဘူး။ မခင်တင့် ယုံပါ။ ကျွန်တော်ပြောတာ ပိုလည်း မပိုဘူး။ လိုလည်း မလိုပါဘူး''

မခင်တင့်သည် ဘာမျှမပြောဘဲ ငို၍သာနေ၏။ ထို့ကြောင့် မောင်အေးချမ်းက ဆက်ပြောသည်။

''ယုမေဟာ ကြီးစိတ်ဝင်နေသူလေး ဖြစ်တဲ့အလျောက် ကျွန်တော့်အပေါ်မှာ စိတ်လှုပ်ရှားနေတယ် ဆိုတာလည်း မှန်ပါတယ်။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ ယုမေကို ပြောခဲ့တဲ့အနေထက် မပိုဘူး။ သူ့ကို အလိုလိုက်တာကလွဲလို့ ဘာမှမရှိဘူး။ အဲဒီလို အလိုလိုက်ပြီး အရေးပေးနေတာလည်း အားနွဲ့သူလေး ဖြစ်နေခြင်းကြောင့်ပါ။ ဒီအထဲမှာ မခင်တင့်ရဲ့တူရဲနိုင်ကပါ ယုမေကို တို့ခနဲ ဆိတ်ခနဲ စလာတယ်ဆိုတော့ ကျွန်တော့်အနေနဲ့ ယုမေကို ပိုပြီး ဂရုမစိုက်သင့်ဘူးလား''

''မောင်လေးက ယုမေကို ထိရင် လုံးဝမခံနိုင်ဘူး မဟုတ်လား''

မောင်အေးချမ်း အနည်းငယ် တင်းသွား၏။

''ဘာ ... မခင်တင့် ဘယ်လို ပြောလိုက်တယ်။ ယုမေက မခင်တင့် အိမ်မှာ အိမ်ဖော်သည်မလေး ဖြစ်နေလို့ အိမ်အလုပ်တွေကို ဖယ်ဆက်သလို လုပ်ပေးနေရုံ မကျောဘဲ မခင်တင့်ရဲ့ တူတွေကိုလည်း ဖျော်ဖြေပေးရဦးမယ် ဆိုတဲ့သဘောလား မခင်တင့်''

''မဟုတ်ဘူး ... မဟုတ်ဘူး။ မောင်လေး တလွဲမထင်ပါနဲ့။ မမလည်း ယုမေကို တကယ်တူမလေး တစ်ယောက်လို ချစ်ပါတယ်လို့ ပြောပြီးပြီပဲ''

''မခင်တင့်ရဲ့ အချစ်တွေက ကြောက်စရာကောင်းလှချည်လား။ အကြော်အနှပ်တွေနဲ့ကျွေးပြီး သွားတွေကို ရိုက်ချိုးမယ်ဆိုတဲ့ သဘောမျိုးလား''

''မဟုတ်ဘူးလို့ မမပြောပြီးပြီပဲ။ မမပြောချင်တဲ့စကားတွေက ရင်ထဲမှာ ရှိနေပေမယ့် မမ မပြောတတ်ဘူး ဖြစ်နေတယ်။ မမကို အမြင်မစောင်းလိုက်ပါနဲ့''

''ဘာကို မပြောတတ်တာလဲ မခင်တင့်။ အခုပဲ မခင်တင့် ပြောနေပြီပဲ။ မခင်တင့်ရဲ့တူတွေကို တစ်လုံးမှ အထိမခံဘဲ ကျွန်တော့်ကို အပြစ်ပြောလိုက်၊ ယုမေကို အပြစ်ပြောလိုက်နဲ့။ အဲဒါ စကားမပြောတတ်တာလား''

မခင်တင့် ရှိုက်ငိုလေ၏။

''ရပါတယ်။ အခု မခင်တင့်မှာ ရွှေပျောက်တဲ့ကိစ္စကိုလည်း ယုမေကို ထင်ချင်ထင်နိုင်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း ဒီကံဆိုးမလေးကို ဥပေက္ခာမပြုရက်တဲ့အတွက် ဒီပြဿနာကို အတတ်နိုင်ဆုံး ကူရှင်းပေးသွားမယ်။ တကယ်လို့ ယုမေအပေါ်ကို ဖြုန်းဖြုန်းကြီး ကျလာတယ်ဆိုရင်လည်း ကျွန်တော်လျော်ပေးပါ့မယ်။ ပြီးတော့ ယုမေကိုလည်း သင့်တော်ရာ တစ်နေရာမှာ သွားထားပေးဖို့ ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ''



www.burmeseclassic.com

www.burmeseclassic.com

"ဟင် ... အဲလောက်တောင်ပဲလား မောင်လေးရယ်။ မမဟာ မောင်လေးကို မခွဲနိုင်သလို ယုမေကိုလည်း မခွဲချင်ဘူး။ ယုမေလေးအပေါ်မှာ သနားစိတ်၊ ကိုယ်ချင်းစာနာစိတ် မမမှာ အပြည့်ရှိပါတယ်။ အခုလိုပြောတာဟာလည်း မောင်လေးကို အသက်မက ချစ်နေမိလို့သာ ပြောလိုက်မိတာပါ။ တကယ်တော့ ယုမေနဲ့ မောင်လေးတို့အပေါ်မှာ မသင်္ကာစိတ်ရှိနေပေမယ့် မောင်လေးကို အခေါ်လွှတ်တာတောင် ယုမေကိုသာ လွှတ်တာကြည့်။ မမသာ ယုမေကို တစ်ဖက်သတ် မုန်းနေရင် လွှတ်ပါ့မလား။ မောင်လေးနဲ့ ယုမေတို့ လွတ်လွတ်ကြီး တွေ့ဆုံခွင့်မျိုးကို ပေးပါတော့မလား။ အခု ရွှေပျောက်တဲ့ ကိစ္စမှာလည်း ရဲနိုင်၊ ရဲနိုင်၊ ယုမေလို့ သုံးယောက်လုံး ရှိတဲ့အထဲက ယုမေကို ကွက်ထားခဲ့ပြီး ရဲနိုင်နဲ့ ရဲနိုင်တို့ကိုသာ စွပ်စွဲလို့ သင့်တော်ပါ့မလား"

"အဲဒီသဘောမျိုးဟာ မခင်တင့်ရဲ့ မပြတ်သားမှုကို ဖော်ပြနေတာပါပဲ။ အမှန်တရားကို ပြောဆိုတဲ့အခါ အစိမ်းအမှည့် မရွေးသင့်ဘူး မခင်တင့်။ အမှန်ဘက်ကပဲ ရပ်တည်ဖြေရှင်းရပါတယ်။ အဲဒီလို အမှန်ဘက်က ရပ်တည်ပြီး မဖြေရှင်းနိုင်သေးသမျှ ကာလပတ်လုံး အမှန်တရားရဲ့ အဖြေကိုလည်း ဘယ်တော့မှ ရလာမှာ မဟုတ်ဘူး။ တကယ်တော့ မခင်တင့်ဟာ ကိုယ့်တူတွေကိုမနိုင်လို့၊ အထိအခိုက်လည်း မခံရဲလို့ ကိုယ့်ဘာသာ ဖြေရှင်းရမယ့်ကိစ္စ ဒီအရှုပ်ထဲသို့ ကျွန်တော့်ကို ဆွဲသွင်းတာပဲ။ ဒါကြောင့်လည်း ကျွန်တော်က အမှန်ကို ပြောလိုက်မိလို့ မခင်တင့်ရဲ့တူတွေက ဝက်ထုထုဖို့ ဝိုင်းကြတာ။ အပြစ်မဲ့တဲ့ယုမေကို အပြစ်မရှိဘူးလို့ ပြောလိုက်မိလို့ အသေသတ်ဖို့ ကြံစည်ကြတာ"

"ပြောချင်သလို ပြောတော့ .. မောင်လေး။ မောင်လေးကြိုက်သလို သာပြောတော့။ မမစကားမပြောတတ်ဘူးလို့ ပြောပြီးပြီပဲ။ အဲဒီလို မပြောတတ်၊ မဆိုတတ်တဲ့အတွက်လည်း တုတ်ရှည်ရှည်နဲ့ ယမ်းမိသလို မောင်လေးကိုလည်း လှမ်းခေါ်လိုက်မိပြန်တယ်။ ပြီးတော့ အေးဆေးမှ ပြောရမယ့် စကားတွေကိုလည်း ဒီနေရာမှာ ပြောမိပြန်တယ်။ မမရဲ့ ဒီအမှားတွေကိုလည်း ပြန်မပြင်တတ်တော့ဘူး။ ဒါကြောင့် မောင်လေး ပြောချင်သလိုသာ ပြောပါတော့။ အခုကိစ္စတွေ ရှင်းသွားပြီးရင် ယုမေကိုလည်း တစ်နေရာမှာ သွားထားတော့မယ်ဆိုတာ အတည်ပဲလား"

"ဟုတ်တယ်။ ယုမေကို ကျောက်ဖြူမှာ ကျောက်ဖြူမှာ ဘော်ဒါထားပြီး စာဆက်သင်ခိုင်းမလို့ပဲ။ ဘွဲ့ရပြီးတဲ့နောက် ကိုယ်နိုင်သလောက် ထောက်ပံ့ပေးပြီး သူ့ဘဝကို သူ့ဘာသာ ဖန်တီးလိမ့်မယ်။ ဒီမှာဆက်ပြီးထားရင် ယုမေအတွက် လုံခြုံမှု မရှိတော့သလို ယုမေကို သနားကရုဏာစိတ်နဲ့ မကြာမကြာ လာကြည့်နေမယ့် ကျွန်တော့်အတွက်လည်း အန္တရာယ်များတယ်။ ခုတောင်မှ ဒီအခြေအနေကို ရောက်နေတယ်ဆိုရင် နောက်သာ ဒီအတိုင်းဆက်သွားတော့ ဒီထက်တိုးလို့၊ ပိုလို့ ဘာတွေများ ဆက်ဖြစ်လာဦးမလဲဆိုတာ မသိနိုင်ဘူး"

အခန်းတစ်ခုလုံး တိတ်ဆိတ်သွား၏။ တစ်ခါတစ်ရံ မခင်တင့်၏ ရှိုက်သံကို ကြားရသည်။ ထို့နောက် မောင်အေးချမ်း၏ အသက်ရှူသံပြင်းပြင်း။ မိုးလည်း ချုပ်လာနေပြီ။ ပတ်ဝန်းကျင်က အမှောင်လွှမ်းစ ပြုလာပြီ။ အပေါ်ထပ်တွင် မီးထွန်း၍မထားသောကြောင့် မှောင်မိုက်နေသည်။

"မောင်လေး မမကို နားလည်ခွင့်လွှတ်မပေးနိုင်တော့ဘူးလား။ မမရဲ့ အဆင်ခြင်နည်းမှု၊ အပြောအဆိုမတတ်မှုနဲ့ ပတ်သက်ပြီး အဖုအထစ်ကလေးတွေ ဖြစ်သွားရတာဟာ မမရဲ့ အပြစ်တွေချည်းပါလို့ ဝန်ခံတယ်လေ။ အခုလိုဆင်ခြင်မှုနည်းတာ၊ အပြောအဆို လောကြီးတာတွေဟာလည်း တကယ်တော့ မောင်လေးကို အရမ်းချစ်နေမိလို့ပါပဲ။ ဒီချစ်စိတ်တစ်ခုကိုသာ မြင်ပြီး နောက်ဆက်တွဲ ဖြစ်လာနိုင်တာတွေကို မသိနားမလည်နိုင်တဲ့ မမကို မသနားဘူးလားကွယ်"

တင်းနေသော မောင်အေးချမ်း၏ မျက်နှာသည် လျော့ကျ၍ မသွားပေ။ အကြည့်ကို အဝေးသို့ ပို့ထားရင်း

"တကယ်တော့ မခင်တင့်၊ တစ်ဦးတစ်ယောက်ကို ချစ်မိပြီဆိုရင် ကိုယ့်ရဲ့အချစ်ကို ခိုင်မြဲအောင်ပဲ လုပ်သင့်တယ်။ မရိုက်ချိုးသင့်ဘူး။ အချစ်နဲ့ ပတ်သက်လို့ အတွင်းနှိုက်လေ့လာပြီး အခြေအမြစ်မဲ့စွာနဲ့သာ တည်ဆောက်ထားသင့်တယ်။ ချစ်သူတို့ဘဝဆိုတာ လုံးဝအတိမ်းအစောင်းမခံတဲ့ ခိုင်မြဲမှု မရှိဆုံးသော အရာတစ်ခုပဲ။ ကိုယ့်ရည်းစားကို အခြားလူတစ်ယောက် စာပေးရင်၊ ရည်းစားစကား လိုက်ပြောရင်လည်း တားပိုင်ခွင့်မရှိဘူး။ သူ့ဘာသာ ကိုယ့်ကို လမ်းခွဲသွားရင်လည်း



www.burmeseclassic.com

www.burmeseclassic.com

ဘာမှမတတ်နိုင်ဘူး။ မိဘများသဘော တူတဲ့ လူတစ်ယောက်နဲ့ လက်ထပ်ပေးလိုက်ရင်လည်း ဒီအတိုင်း ကြည့်နေရတာပဲ။ အဲဒီလောက်အထိ အခြေအမြစ်မဲ့နေတဲ့ ကံကြမ္မာတစ်ခုကို အနိုင်တွက်မိသယောင်ထင်ရင် ကိုယ့်ကိုယ်ကို ပုတ်သတ်တာနဲ့ မခြားဘူးလား။ ဒီသဘော အပြည့်အဝဆောင်ထင်နေတာကိုလည်း လိုရင်းနားလည်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော့်သဘောကို ပြောရရင် ကိုယ်ချစ်ပါတယ်ဆိုတဲ့ လူတစ်ယောက်ကို အချိန်မရွေး လမ်းခွဲနိုင်ရမယ်။ အမြဲတမ်း စွန့်လွှတ်နိုင်ရမယ်။ အမြစ်ပြတ်လည်း စွန့်လွှတ်နိုင်ရမယ်။ ဒီသဘောကို အပြည့်အဝဆောင်ပြီး ချစ်သူရည်းစားဘဝကို တည်ဆောက်နိုင်ပါမှ အနှောင့်အယှက် ကင်းမယ်။ ခံစားရမှုရှင်းပြီး တွယ်တာခြင်းလည်း ကင်းမယ်။ ကျွန်တော် တကယ်ရည်းစားထားရင်လည်း ဒီအတိုင်းပဲ ကျင့်သုံးမယ်။ အပေါင်းအသင်း အသိမိတ်ဆွေအားလုံး သူ့ကိုလည်း ကျွန်တော့်ရည်းစားကို ရည်းစားစကား လိုက်ပြောခိုင်းမယ်။ စာပေးခိုင်းမယ်။ သက်ဆိုင်သူ မိဘ စတာတွေကို ချည်းကပ်ခိုင်းမယ်။ လက်ထပ်ခွင့်တောင်းသင့်လည်း တောင်းခိုင်းမယ်။ ပင်လယ်ထဲက ကျောက်ဆောင်ကြီးပမာ မတ်မတ်ကြီး တည်မြဲသူကိုမှ အိမ်ထောင်ဖက် ရွေးမယ်။ ဒါတောင် နိုင်ပြီ၊ မြဲပြီလို့ ဆိုနိုင်ဦးမလား။ ကိုယ့်ကိုတောင် ကိုယ်မပိုင်ဘူးလို့ဆိုတာ သူတစ်ပါးကို ပိုင်ပြီလို့ ထင်မိရင် မှားချင်တိုင်း မှားတော့မှာပေါ့''

မခင်တင့်ကား ရှိုက်နေဆဲဖြစ်၏။

''မခင်တင့် ကျွန်တော်သွားဦးမယ်။ အရှေ့ပိုင်းရပ်ကွက် ဦးမဲ့အိမ်က ပြန်လာရင် မခင်တင့်အိမ်ကို ဝင်ဦးမယ်။ ဒီတော့မှ ကျန်တဲ့စကားတွေကို ပြောပါ့မယ်''

ဟုပြောပြီး မောင်အေးချမ်း ထိုင်ရာမှထ၏။ မခင်တင့်လည်း ခပ်ယို့ယို့ အမူအရာဖြင့် ထလိုက်လာပြီး လှေကားထိပ်တွင် ရပ်ကျန်ခဲ့ကာ ...

''စကားတွေ တတ်လိုက်တာ။ မှတ်သားစရာတွေလည်း များပါပေရဲ့''

ဟူသော မခင်တင့်၏အသံသည် တိမ်ဝင်သို့ရှိ၏။ မခင်တင့်ကား အပေါ်ထပ်မှာပင် ကျန်နေခဲ့သည်။

အောက်ထပ်တွင် ခန်းမအလယ်၌ မီးတစ်ပွင့်ထွန်းထားသည်။ ဘုရားကျောင်းဆောင်တွင် ဘုရားမီးများ အပြင် ဖယောင်းတိုင် သုံးချောင်းကို တန်းစီထွန်းထားသည်ကိုလည်း တွေ့ရသည်။ အိမ်ရှေ့ကိုရောက်လျှင် ယုမေ မတ်တတ်ရပ်နေသည်ကို တွေ့ရ၏။ အနားသို့ ကပ်လာပြီး ...

''ကိုကိုနဲ့ ဒေါ်ခင်တင့်ကြီး စကားပြောနေကြတာကို ယုမေ အကုန်ကြားနေရတယ်။ ဟိုလူနှစ်ယောက်က ယုမေကို ဂြိုဟ်ကောင်းမ နင်နေနှင့်ဦးလို့ ပြောသွားကြတယ်''

ဟု တိုးတိုးပြောသည်။

''ဟာ ... ရဲနိုင်၊ ရဲခိုင်တို့ကလား''

ယုမေ ခေါင်းညိတ်၏။

''ဒီတော့ ယုမေကြောက်သလား''

''ဖူး ... ဝေးသေး။ ခြိမ်းခြောက်တိုင်းသာ ကြောက်မယ်ဆိုရင် မခက်ဘူးလား''

မောင်အေးချမ်း မပြုံးပေ။ မခင်တင့်နှင့် ပြောဆိုကြရာမှာ ပါလာသော ဒေါသအချို့တို့ ကျန်နေသေးသည်။ ယုမေလည်း တည်တည်အေးအေးပင် ပြောနေသည်။

အပြင်တွင် မှောင်နေပြီ ...။ မောင်အေးချမ်း ခြံပြင်ကိုထွက်လာခဲ့သည်။ ယုမေက ခြံထဲမှာပင် ကျန်နေခဲ့သည်။ မောင်အေးချမ်း ဗိုက်ဆာ၍ ထမင်းဆိုင်တန်းကို လျှောက်လာခဲ့သည်။ နောက်မှလိုက်လာသော ခြေသံကိုကြား၍ လှည့်ကြည့်လိုက်ရာ ယုမေ ဖြစ်နေသည်။

''ယုမေ ဘာတုံး''

ယုမေ ချက်ချင်းမဖြေဘဲ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်ပြီးမှ –

''ကိုကို သတိထားနော်။ ဟိုနှစ်ယောက် (ရဲခိုင်နှင့်ရဲနိုင်)တို့က လိုက်မလုပ်လို့ မပြောနိုင်ဘူး''

ဟု တိုးတိုးပြောသည်။

''ဩော် ... ဒါလား။ ရပါတယ်။ ငါ ဘယ်အချိန်ဖြစ်ဖြစ်၊ ဘယ်နေရာကိုပဲသွားသွား သတိရှိပြီးသားပါ။ မီးချုပ်နေပြီ၊ ယုမေပြန်တော့။ ယုမေလည်း သတိနဲ့နေ ... ကြားလား''

ယုမေ ခေါင်းညိတ်ပြီး ရပ်ကျန်ခဲ့သည်။ မောင်အေးချမ်း ရှေ့ကို ဆက်လျှောက်သည်။

***(ဆက်လက်ဖော်ပြပါမည်။)***

**မင်းဟိန်းထိုက်**



www.burmeseclassic.com

www.burmeseclassic.com

# ဒဏ္ဍာရီပုံပြင်ထဲမှ အံ့ဖွယ်လူသား



ပုံပြင်ကတော့ အမေရိကန်တွေရဲ့ရိုးရာပုံပြင်တစ်ခုလို့ ဆိုပါတယ်။ အဲဒီပုံပြင်ကို "ရှည်လျားတဲ့ ဒဏ္ဍာရီ"လို့ ခေါ်ဆိုကြတယ်။ ဒီပုံပြင်ထဲကလူဟာ သာမန်လူတစ်ယောက်ထက် ထူးကျူးတဲ့သူအကြောင်း ဖြစ်ပါတယ်။ ပုံပြင်ကတော့ ဒီလိုပါ။

ဟိုးရှေးရှေးတုန်းက ဖွံ့ဖြိုးတိုးတက်မှုမရှိသေးတဲ့ အမေရိကကို လာရောက် အခြေချနေထိုင်သူတွေ ပထမဆုံးပြောတဲ့ ပုံပြင်ဖြစ်ပါတယ်။ လူတွေဟာ တစ်နေကုန် တစ်နေခန်း အသက်မွေးဝမ်းကျောင်းအတွက် အလုပ်လုပ်ကြရတယ်။ အလုပ်တွေပြီးလို့ အနားယူကြတဲ့အခါကျတော့ တစ်နေ့ရာမှာ စုစည်းပြီး ပုံပြင်တွေကို တစ်ယောက်တစ်လှည့်စီပြောကြတယ်လို့ ဆိုပါတယ်။ သူတို့ပြောတဲ့ ပုံပြင်တွေထဲမှာ အံ့ဖွယ်ပုံပြင်တွေနဲ့ ရယ်ရွှင်ဖွယ်၊ ပျော်ရွှင်ဖွယ်ကောင်းတဲ့ ပုံပြင်တွေပါတယ်။ အဲဒီပုံပြင်တွေအထဲက ပီးကော့စ်ဘီးလ် (Pecos Bill) ဆိုတဲ့ သာမန်လူသားတစ်ယောက်ထက် သန်မာထူးကျူးတဲ့သူအကြောင်း ဖြစ်ပါတယ်။ ပီးကော့စ်ဘီးလ်ဟာ နောက်ပိုင်းမှာ အမေရိကန်သူရဲကောင်းတစ်ယောက်လို့ ဆိုကြပါတယ်။ ဘီးလ်အကြောင်းကို ဘယ်သူက စပြောခဲ့တယ်ဆိုတာ မသိရပေမဲ့ ဒီပုံပြင်ကို တီထွင်ဖန်တီးသူတွေဟာ သိုးကျောင်းသားတွေပဲ ဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ တချို့ကတော့ အက်ဒွတ်အိုရဲလီ (Edward O'Reilly) ဆိုသူက

**မောင်မောင်စိန်ဝေး**



www.burmeseclassic.com

www.burmeseclassic.com

၁၉၀၀ နှစ်များအစောပိုင်းအချိန်မှာ ရေးခဲ့တဲ့ စင်ကျူရီမဂ္ဂဇင်း (Century Magazine) ထဲက ဓာတ်ကောင်ကို ဖန်တီးခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီ ပုံပြင်တွေကို ပေါင်းချုပ်အဖြစ် "The Saga of Pecos Bill) ဆိုပြီး ၁၉၃၂ ခုနှစ်က ထုတ်ဝေခဲ့တယ်။

အခြားစာရေးဆရာတစ်ဦးဖြစ်တဲ့ ဂျိမ်းစ်ကလွိုက်ဘရောင်းမန်း (James Cloyd Browman) ရဲ့ ကလေးစာပေဆုရစာအုပ် ပီးကော့စ်ဘီးလ်ဟာ တစ်ချိန်က အကြီးမားဆုံးသော သိုးကျောင်းသားအမည်ရှိ စာအုပ်ဖြစ်ပါတယ်။ အဲဒီစာအုပ်ဟာ "Newbery Honour" ဆု ရရှိခဲ့ပါတယ်။ ပီးကော့စ်ဘီးလ်ဟာ သမိုင်းဝင်ပုဂ္ဂိုလ်မဟုတ်သလို၊ အနောက်ပိုင်းအမေရိကကို လာရောက်အခြေချနေထိုင်သူတွေကို စိတ်ဓာတ်မြှင့်တင်ပေးတဲ့နေရာမှာလည်း ကိုယ်စားပြုတဲ့သူမဟုတ်ဘူးလို့ ဆိုပါတယ်။ ပီးကော့စ်ဘီးလ်ဟာ ရှိရှိသမျှကလေးတွေထဲက ကလေးငယ်လေးအရွယ်မှာပင် အလွန်ထူးဆန်းတယ်လို့ ဆိုပါတယ်။ ဒီလိုအခြေအနေမျိုးဖြစ်သွားရတာကလည်း သူတို့မိသားစုနေတဲ့ နေရာကနေ မိုင် ၅၀ ဝေးတဲ့နေရာကို ပြောင်းသွားကြလို့ ဖြစ်ပါတယ်။ သူတို့နေတဲ့ တက္ကဆက်အရှေ့ပိုင်းအိမ်မှာ သူ့မိသားစုနဲ့ မဆုံတွေ့ဘူးလို့ ဆိုပါတယ်။ အိမ်နီးချင်းတွေကတော့ သူတို့ပြောင်းသွားလို့ ဝမ်းသာမဆုံးကြဘူးပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကလေးတွေရဲ့ ဆူညံသံကို နားမခံနိုင်လွန်းကြလို့ဖြစ်တယ်။

ဒါနဲ့ တစ်နေ့မှာ သူတို့မိသားစုဟာ ပစ္စည်းတွေကို ထုပ်ပိုး၊ ကားတစ်စီးပေါ်တင်ပြီး တက္ကဆက်အနောက်ဘက်ကို ထွက်သွားကြလေတယ်။ ဘီးလ်ရဲ့မိသားဟုမှာ ကလေး ၁၅ ယောက်လို့ ပြောသူကပြော၊ တချို့ကတော့ ၁၈ ယောက်လို့ ဆိုပါတယ်။ ဒီကလေးတွေရဲ့ ဆူညံသံတွေဟာ မိုးခြိမ်းတာထက်တောင် ပိုကျယ်လောင်တယ်လို့ ဆိုပါတယ်။ ဒီလိုနဲ့ ဘီးလ်မိသားစုဟာ ကားတစ်စီးနဲ့ ကြမ်းတမ်းတဲ့ တောလမ်းခရီးကို ဖြတ်သန်းသွားကြရင်းနဲ့ ကလေးတွေရဲ့အသံတွေ လုံးဝမကြားရဘဲ တိတ်ဆိတ်နေတယ်လို့ ဆိုပါတယ်။ ဒီလိုနဲ့ သူတို့ဟာ ပီးကော့စ်မြစ်ကိုရောက်လို့ ကားဟာ ကျောက်ဆောင်ကြီးနဲ့ တိုက်မိသွားတယ်။ အဲဒီအရှိန်ကြောင့် ပီးကော့စ်ဘီးလ်ဟာ ကားပေါ်ကနေ သဲသောင်ပြင်ပေါ် လွင့်စဉ်ကျသွားခဲ့တယ်။ အဲဒီအချိန်မှာ ညအချိန် လရောင်အောက်မှာ အစာရှာနေကြတဲ့ ဝံပုလွေအုပ်စုတစ်စုနဲ့တွေ့လို့ ဘီးလ်ကို ကောင်းစွာစောင့်ရှောက်ထားကြတယ်လို့ ဆိုပါတယ်။ ဘီးလ်ဟာ တိရစ္ဆာန်တွေလိုဘာမဆို ပြုမူကျင့်ကြံနေထိုင်လာတယ်။ ဝံပုလွေတွေရဲ့ အမူအကျင့်တွေအတိုင်း ဝံပုလွေတစ်ကောင်လို ကျင့်ကြံတတ်သူလို့ ဆိုပါတယ်။ အခုဆိုရင် ဘီးလ်ဟာ ဝံပုလွေတွေနဲ့အတူ နေထိုင်လာတာ ၁၇ နှစ်ရှိနေပြီဖြစ်တယ်။ ဒီလိုနဲ့ တစ်နေ့မှာ မြင်းစီးလာတဲ့ သိုးကျောင်းသားတစ်ယောက်နဲ့ ဘီးလ် ပက်ပင်းတိုး တွေ့ကြပါတယ်။ တချို့သူတွေရဲ့ အပြောအရဆိုရင် အဲဒီသိုးကျောင်းသားဟာ ဘီးလ်ရဲ့ ညီအစ်ကိုထဲက တစ်ယောက်ဖြစ်တယ်လို့ ပြောကြတယ်။ သိုးကျောင်းသားက ဘီးလ်ကိုမြင်တာနဲ့ –

"မင်းဘယ်သူလဲ"လို့ မေးလိုက်တယ်။

ဘီးလ်ဟာ လူစကားကို ပြောဆိုနေကျ မဟုတ်တော့ ဘာပြန်ပြောရမှန်း မသိဖြစ်နေခဲ့တယ်။ အဲဒီတော့ သိုးကျောင်းသားက ဘီးလ်ကို "မင်းဘယ်သူလဲ"လို့ ထပ်ခါတလဲလဲ မေးနေလေတယ်။ ဒီတော့ ဘီးလ်က –

"ဗားမင့်(Varmint)"လို့ တိရစ္ဆာန်တွေ အော်နေကျအတိုင်း အော်လိုက်တယ်လို့ ဆိုပါတယ်။

အဲဒီတော့ သိုးကျောင်းသားက "မင်းလူမဟုတ်ဘူးလား"လို့ မေးလိုက်တယ်။ ထိုအခါ ဘီးလ်က–

"ငါလူပါ၊ ကြည့်ပါလား ... အမွေးအမှင်တွေနဲ့"လို့ ပြောပါတယ်။ တစ်ဖန် သိုးကျောင်းသားက –

"လူတွေမှာ အမွေးအမှင်နဲ့ချည်းပဲ။ ဒါနဲ့ မင်းမှာ အမြီးရှိရဲ့လား"လို့ မေးလိုက်တော့ ဘီးလ်က –

"ငါ့မှာ အမြီးရှိပါတယ်"လို့ ပြောပါတယ်။ ဒီတော့ သိုးကျောင်းသားက "ရှိရင် ငါ့ကိုပြစမ်း"လို့ ပြောလိုက်ပါတယ်။ အဲဒီအချိန် ဘီးလ်ဟာ သူ့နံဘေးကို လှည့်ပြီးစမ်းကြည့်တော့ သူ့မှာ ဝံပုလွေတွေလို အမြီးမရှိတာ သိလိုက်တယ်။ အဲဒီတော့မှ ဘီးလ်က သိုးကျောင်းသားကို "ဒါဆိုရင် ငါက ဘာလဲ"လို့ ပြန်မေးလိုက်ပါတယ်။ သိုးကျောင်းသားက "မင်းလည်း သိုးကျောင်းသားပဲ။ သိုးကျောင်းသားနဲ့တူအောင် လုပ်တော့"လို့ အော်ပြောလိုက်တယ်။ တကယ်တော့ ဘီးလ်ကြားချင်နေတာကလည်း ဒီစကားပဲဖြစ်တယ်။ အဲဒီနောက်တော့ ဘီးလ်

www.burmeseclassic.com

က သူ့မိတ်ဆွေဝံပုလွေတွေကို နှုတ်ဆက်ပြီး သိုးကျောင်းသားနဲ့အတူ လူသားတွေနဲ့နေထိုင်ဖို့ လိုက်သွားခဲ့တယ်လို့ ဆိုပါတယ်။

အခုတော့ ပီးကော့စ်ဘီးလ် သိုးကျောင်းသားကောင်းတစ်ယောက်ဖြစ်နေပါပြီ။ သူဟာ စွန့်စားတဲ့အလုပ်ကို လုပ်ဖို့ သိပ်မျှော်လင့်နေတယ်။ ဒီလိုနဲ့ တစ်နေ့မှာ လူကြမ်းအုပ်စုတစ်စုအကြောင်း ကြားမိလို့ အဲဒီလူကြမ်းအုပ်စုရဲ့နာမည်ကို မေးတယ်။ တစ်နေ့ကျတော့ ဘီးလ်ကြားမိတဲ့ လူကြမ်းအုပ်စုရဲ့ နာမည်ဟာ 'ငရဲတံခါးဂိုဏ်း' (Hell's Gate Gang) လို့ခေါ်ကြောင်း သိရတယ်။ ဒါနဲ့ ဘီးလ်ဟာ ကြမ်းတမ်းခက်ထန်တဲ့ တောလမ်းခရီးကို ဖြတ်သန်းရင်း မြင်းစီးလို့သွားရာမှာ မြင်းဟာ လမ်းခုလတ်မှာ ဒဏ်ရာရရှိလို့ ဆက်မသွားနိုင်တော့ဘူး။ ဒီတော့ ဘီးလ်က နောက်ထပ် မိုင် ၁၀၀ ခန့် ဝေးတဲ့ခရီးကို မြင်းထမ်းပြီး ဆက်သွားခဲ့တယ်။ ခရီးဆက်သွားရာမှာ မမျှော်လင့်ဘဲ ပေ ၅၀ လောက်ရှည်တဲ့ မြွေဆိုးတစ်ကောင်နဲ့တွေ့တယ်။ မြွေဆိုးက လမ်းဖယ်မပေးချင်လို့ အသံကုန်ဒေါသနဲ့ ဟစ်အော်လိုက်တယ်။ အဲဒီလို အကျဉ်းအကျပ်နဲ့တွေ့တဲ့ခဏတာအတွင်း ဘီးလ်ဟာ မြွေဆိုးကိုရိုက်လိုက်တယ်။ နောက်ဆုံးတော့ မြွေဆိုးက ဘီးလ်ကို အရှုံးပေးလိုက်ပြီး အော်သံကြားလိုက်လို့ သနားသွားကာ အသေမသတ်ဘဲ မြွေကို ခွေလိုက်ပြီး သူ့လက်မောင်းမှာပတ်ပြီး သယ်ယူသွားတယ်လို့ ဆိုပါတယ်။ ဘီးလ် နောက်ထပ် မိုင် ၁၀၀ ခန့်လျှောက်သွားတော့ ဒေါသထွက်နေတဲ့ ခြင်္သေ့ကြီးတစ်ကောင်နဲ့ တွေ့ပြန်တယ်။ ဒီတစ်ခါမှာလည်း ဘီးလ်နဲ့ ခြင်္သေ့တို့ တိုက်ခိုက်ကြရာမှာ ဘီးလ်က နိုင်သွားတယ်။ သူ့မြင်းနှီးကုန်းကို ခြင်္သေ့ကျောကုန်းပေါ် တင်လိုက်ပြီး ဘီးလ်က စီးသွားခဲ့တယ်လို့ ဆိုပါတယ်။ ဒီနောက်တော့ ငရဲတံခါးဂိုဏ်းနေတဲ့နေရာကို ရောက်သွားတယ်။ အခုတော့ ဘီးလ်ဟာ ဂိုဏ်းကိုတွေ့ပါပြီ။ ဒါနဲ့ ဘီးလ်က "မင်းတို့ဂိုဏ်းခေါင်းဆောင်က ဘယ်သူလဲ" လို့ မေးလိုက်တယ်။ အော်သံကြားလို့ အရပ် ၉ ပေမြင့်တဲ့ သိုးကျောင်းသားထွက်လာပြီး အသံတုန်တုန်ရီရီနဲ့ "ကျွန်တော်ပါခင်ဗျား" လို့ ပြောပါတယ်။ "ဒါပေမယ့် ဒီအချိန်ကစလို့ ခေါင်းဆောင်က ခင်ဗျားပါ" လို့ ပြောလိုက်ပါတယ်။ ဒါနဲ့ ပီးကော့စ်ဘီးလ်ဟာ ဂိုဏ်းခေါင်းဆောင်ဖြစ်သွားတယ်လို့ ဆိုပါတယ်။ ပီးကော့စ်ဘီးလ်ခေါင်းဆောင်ဖြစ်သွားတယ်ဆိုတာနဲ့ မြင်းစောင်းတစ်ခုကို အနောက်တောင်အရပ်မှာ တည်ထောင်လိုက်တယ်။ သူပိုင်တဲ့ ကျွဲ၊ နွား၊ မြင်းတွေအားလုံး နယူးမက္ကဆီကိုတစ်ခုလုံး ရယူလိုက်တယ်။ အရီဇိုနာက မြေလွတ်တွေကို နွားစားကျက်လုပ်တယ်။

ပီးကော့စ်ဘီးလ်ဟာ သိုးကျောင်းသားရဲ့ အတတ်ပညာတစ်ရပ်ကို တီထွင်ခဲ့တယ်။ သူတီထွင်လိုက်တာက နွားအုပ်ထဲက နွားတစ်ကောင် အုပ်ထဲက ထွက်သွားရင် ကြိုးကွင်းနဲ့ပစ်ပြီး တိရစ္ဆာန်ရဲ့ခေါင်းကို စွပ်လိုက်ပြီး ထိန်းတဲ့နည်းဖြစ်တယ်။ ဒါကို လက်ဆို (Lasso) လို့ ခေါ်တယ်။ ဒီပညာကို သိုးကျောင်းသားတွေ ယနေ့တိုင် အသုံးပြုနေဆဲ ဖြစ်ပါတယ်။ တချို့ပြောတော့ သူလမ်းမှာ ဖမ်းလာခဲ့တဲ့ မြွေဆိုးကို ကြိုးကွင်းအဖြစ်သုံးပြီး တိရစ္ဆာန်တွေကို ကျောင်းပေးတယ်လို့ ဆိုပါတယ်။ တချို့ကျပြန်တော့ အဲဒီမြွေကို ကြိုးကြီးကြီးလုပ်ထားပြီး ကမ္ဘာတစ်ခုလုံးကို ရစ်ပတ်ထားတယ်လို့ ဆိုပါတယ်။ သူတီထွင်တာ တစ်ခုရှိသေးတယ်။ ဒါက ကျွဲ၊ နွားတိရစ္ဆာန်တွေ အခိုးမခံရအောင် တိရစ္ဆာန်ရဲ့ကိုယ်ပေါ်မှာ သံကို မီးနဲ့အပူပေးပြီး တံဆိပ်ခတ်နှိပ်ထားတာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွဲ၊ နွားခိုးမှု မပေါ်တော့ဘူးလို့ ဆိုပါတယ်။ တချို့ကတော့ ဘီးလ်ဟာ သိုးကျောင်းသားသီချင်းကိုထွင်လိုက်လို့ တိရစ္ဆာန်တွေ ငြိမ်သက်စေတယ်။ ဒါကြောင့် သိုးကျောင်းသားတွေက အေးအေးဆေးဆေးနဲ့ တိရစ္ဆာန်တွေကို ထိန်းကျောင်းနိုင်တယ်လို့လည်း ဆိုပါတယ်။ နောက်တစ်ခုကတော့ ပီးကော့စ်ဘီးလ်ဟာ ပျော်ရွှင်ဖွယ်အဖြစ်နဲ့ အမွေးထူ၊ အဆိပ်ပြင်းတဲ့ ပင့်ကူတွေနဲ့ ကင်းမြီးကောက်တွေကို ထွင်လိုက်ပြန်တယ်။ ဒီအဆိပ်ရှိတဲ့ သတ္တဝါကောင်တွေကြောင့် သိုးကျောင်းသားတွေ အတော်ဒုက္ခရောက်ခဲ့တယ်လို့ ဆိုပါတယ်။

အခု ပီးကော့စ်ဘီးလ်ဟာ ဘာမဆို စီးလို့ရနေပြီဖြစ်တယ်။ ဒါနဲ့ပတ်သက်လို့ ပုံပြင်တစ်ခုလည်း ရှိခဲ့ပြန်တယ်။ တစ်ကြိမ်တစ်ခါမျှ မကြုံဖူးတဲ့ အလွန်အင်အားကောင်းတဲ့ မုန်တိုင်းကြီးကျခဲ့ဖူးတယ်လို့ ဆိုပါတယ်။ အဲဒီမုန်တိုင်းကြီးကျတဲ့အချိန်ဟာလည်း အနောက်ဘက်မှာ မိုးခေါင်နေတဲ့အချိန် ဖြစ်တယ်လို့ ဆိုပါတယ်။ မိုးခေါင်လို့ အလွန်ခြောက်သွေ့နေတော့



www.burmeseclassic.com

www.burmeseclassic.com

တိရစ္ဆာန်တွေ အစာရေစာငတ်လို့ သေရတော့မလို ဖြစ်နေတယ်။ လေတိုက်ရာဘက်ကို ပါသွားတော့မယ့်အတိုင်း ဖြစ်နေတယ်လို့ ဆိုပါတယ်။ ဒါနဲ့ ဘီးလ်ဟာ မုန်တိုင်းကိုမြင်လိုက်တာနဲ့ အကြံတစ်ခုရပြီး မာန်ဖီနေတဲ့ မုန်တိုင်းပေါ် ခုန်တက်လိုက်ပြီး စီးလိုက်တယ်လို့ ဆိုပါတယ်။ ဘီးလ်ဟာ တော်နာဒိုမုန်တိုင်းကြီးကိုစီးပြီး တက္ကဆက်၊ နယူးမက္ကဆီကိုနဲ့ အရီဇိုနာနယ်တွေကို လှည့်လည်ပတ်သွားရင်း နယ်မြေတစ်ခုလုံးကို မိုးခေါင်တဲ့ဒဏ်က ကယ်တင်ဖို့ မုန်တိုင်းနဲ့ပါလာတဲ့ ရေတွေကို ညှစ်ထုတ်လိုက်တယ်။ မုန်တိုင်းစဲသွားချိန်မှာ ဘီးလ်ဟာ တော်နာဒိုမုန်တိုင်းပေါ်က လိမ့်ကျသွားတယ်။ ကျသွားတဲ့နေရာကတော့ ကာလီဖိုးနီးယားနယ်ဖြစ်ပြီး၊ သူကျသွားတဲ့နေရာမှာ တွင်းနက်ကြီးတစ်ခု ဖြစ်ကျန်ခဲ့တယ်။ အဲဒီတွင်းနက်ကြီးကို "သေမင်းချိုင့်ဝှမ်း" (Death Valley) လို့ အခုတိုင် တွင်ကျန်ခဲ့တယ်။ အခုတစ်ဖန် ဘီးလ် မြင်းတစ်ကောင်ရသွားပြန်ပါတယ်။ ဘီးလ်ကလွဲလို့ အဲဒီမြင်းကိုစီးတဲ့သူတွေအားလုံး မြင်းပေါ်က လိမ့်ကျလို့ သေကြတယ်။ ဒါကြောင့် ဒီမြင်းကို 'မုဆိုးမဖြစ်စေသူ' (Widow Maker)လို့ ခေါ်ကြတယ်။ အဲဒီမြင်းကြောင့် နောက်ဆုံးတစ်နေ့မှာ ဘီးလ်ဟာ ပြဿနာအကြီးအကျယ် ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ တစ်နေ့ကျတော့ ဘီးလ်ဟာ မိန်းမတစ်ယောက်ကို တွေ့လိုက်တယ်။ ဒီမိန်းမဟာ သာမန်မိန်းမ မဟုတ်ဘူး။ ပုံက ခပ်ကြမ်းကြမ်း၊ ဆံပင်နီနီ၊ ပြီးတော့ cat-fish လို့ခေါ်တဲ့ ငါးကြီးတစ်ကောင်ကို စီးပြီး ရီယိုဂရောင်းမြစ်ကို စုန်ဆင်းလာခဲ့တာဖြစ်တယ်။ သူမရဲ့နာမည်ကိုတော့ Slue-Foot-Sue လို့ ခေါ်ပါတယ်။ ဘီးလ်က အဲဒီမိန်းမကို ပထမဆုံးတွေ့လိုက်တာနဲ့ ချစ်မိခဲ့တယ်။ ဒါနဲ့ ဘီးလ်ဟာ ငြိမ်မနေနိုင်တော့ဘဲ သူမရဲ့လက်ကို ကိုင်ပြီး လက်ထပ်ခွင့်တောင်းလိုက်တယ်။ သူမကလည်း ဘီးလ်ကို လက်ခံလိုက်တယ်လို့ ဆိုပါတယ်။

လက်ထပ်တဲ့နေ့မှာ ပီးကော့စ်ဘီးလ်က နူးညံ့ပျော့အိတဲ့ သမင်သားရေနဲ့လုပ်တဲ့ဝတ်စုံကို ဝတ်တယ်။ စူးကတော့ ကျောကုန်းမှာ စပရင်ထည့်တဲ့ ဝတ်စုံကို ဝတ်တယ်။ အဲဒီဝတ်စုံမျိုးဟာ အဲဒီအချိန်က တော်တော်ခေတ်စားတယ်လို့ ဆိုပါတယ်။ လက်ထပ်ပွဲပြီးသွားတာနဲ့ စူးရဲ့ မကောင်းတဲ့အကြံအစည် သူမရဲ့စိတ်ထဲ ဝင်လာတယ်။ အဲဒါက သူမဟာ ဝီးဒိုးမိကာဆိုတဲ့ မြင်းကို စီးချင်တယ်လို့ ဆိုပါတယ်။ ဒီကိစ္စ ဘီးလ်ကိုဖွင့်ပြောတော့ ဘီးလ်က မစီးဖို့ အတန်တန်တောင်းပန်ခဲ့ပေမဲ့ မရဘူး။ နောက်ဆုံးမှာတော့ ဘီးလ်က စိတ်မပါတပါနဲ့ ခွင့်ပြုလိုက်တယ်။ ဘီးလ်မိန်းမဟာ ခွင့်ပြုချက်ရတာနဲ့ စက္ကန့်ပိုင်းအတွင်းမှာ မြင်းပေါ်ခုန်တက်လိုက်တယ်။ မြင်းက သူမကို ခုန်ပေါက်ပြီး ခါချလိုက်တယ်။ မြင်းက စူးကို အပေါ်မြောက်တက်သွားအောင်လုပ်တယ်။ ဒါကြောင့် သူမ လပေါ်သို့ရောက်သွားခဲ့တယ်။ တစ်ဖန် ကမ္ဘာမြေကြီးပေါ် ပြန်ကျလာတယ်။ ဒါပေမဲ့ သူမရဲ့ကျောကုန်းက စပရင် (Spring)ကြောင့် အပေါ်ပြန်မြောက်တက်သွားပြန်တယ်။ နောက်ဆုံးအဖြစ်အပျက်နဲ့ပတ်သက်လို့ အမျိုးမျိုးပြောဆိုတာတွေ ရှိခဲ့တယ်။ တချို့အပြောကတော့ ဘီးလ်က သူ့မိန်းမ ဒုက္ခရောက်နေတာကိုမြင်တယ်။ ဒါပေမယ့် ဘာတစ်ခုမှ မလုပ်ပေးဘူးလို့ ဆိုပါတယ်။ ဒါနဲ့ ဘီးလ်က သူ့မှာရှိတဲ့ ကြိုးကို ကြိုးကွင်းလုပ်လို့ သူ့မိန်းမကို အောက်ပြန်ဆွဲချခဲ့တယ်။ တချို့ကတော့ အဲဒီကြိုးဟာ ဘီးလ်က ဖမ်းယူလာတဲ့ မြွေကို ကြိုးကွင်းလုပ်တယ်လို့ ပြောကြတယ်။ သူမ မြေကြီးပေါ်ခဏပြန်ကျလာတဲ့အခါ ဘီးလ်ကို ခေါ်ပြီး လကမ္ဘာမှာ နေကြတယ်လို့ ဆိုပါတယ်။ တချို့ကတော့ သူတို့နှစ်ယောက် လကမ္ဘာပေါ်မှာပဲ သားသမီးတွေ မွေးကြတယ်လို့ ဆိုပါတယ်။ ကလေးတွေက ငယ်ငယ်ဆိုတော့ အရမ်းဆော့ကြတယ်လို့ ဆိုပါတယ်။ ကလေးတွေနဲ့ ဆော့လို့ ဆူညံသံတွေဟာ မိုးခြိမ်းသံတမျှ ကျယ်လောင်တယ်။ ပီးကော့စ်မြစ်ဟာလည်းပဲ ပီးကော့စ်ဘီးလ်မိသားစုရဲ့ ရယ်မောသံဟာ မုန်တိုင်းနဲ့ ဘာမှမခြားဘူးလို့ ဆိုပါတယ်။

**မောင်မောင်စန်းထွေး**

REF: American MOSAIC



www.burmeseclassic.com

www.burmeseclassic.com



# အမှုတွေ ပြေငြိမ်းစေမယ့် ဥပဒေအမေးအဖြေ

ဦးစောလှိုင် [ B.A (HIST:) H.G.P., R.L ]

## စရန်ငွေယူပြီး လုပ်စားနေသူများ

ဆရာခင်ဗျား…

ကျွန်တော် မိဘအမွေရတာနဲ့ ဒဂုံမြို့သစ်က အိမ်နဲ့ မြေတစ်ကွက်ကို သဘောကျလို့ ငွေရင်းလည်း မပျောက်အောင် ဝယ်ဖို့ဆုံးဖြတ်ထားခဲ့ပါတယ်။ အိမ်ပိုင်ရှင်ကလည်း ရောင်းမယ်ဆိုတာနဲ့ နှစ်ဖက်သက်သေရှေ့မှာ အရောင်းအဝယ် စာချုပ် ချုပ်ဆိုပြီး စရန်ငွေတောင် ပေးချေခဲ့ပြီးပါပြီ။

အဲဒီအတောအတွင်း ဒီရပ်ကွက်နားမှာ ဈေးကြီးတစ်ဈေးနဲ့ ကားဂိတ်အသစ်တစ်ခု တိုးချဲ့ ဖွင့်လှစ်လိုက်တာနဲ့ နေ့ချင်းညချင်းဆိုသလို အိမ်မြေဈေးတွေက အဆမတန် ခုန်တက်သွားပါတော့တယ်။

အဲဒီအခါ အိမ်ရှင်က စိတ်ပြောင်းပြီး မူလစာချုပ်ချုပ်ထားတဲ့ ဈေးနဲ့ မရောင်းနိုင်တော့ဘူး။ အခုလက်ရှိပေါက်ဈေးနဲ့ပဲ ရောင်းနိုင်တော့မယ်၊ မကျေနပ်ရင် စရန်ငွေ ပြန်ယူဖို့ ပြောပါတယ်။

ကျွန်တော့်အနေနဲ့ အရောင်းအဝယ်စာချုပ်ကို တင်ပြပြီး တရားစွဲနိုင်မှန်း သိပေမယ့် ငွေကုန်၊ အချိန်ကုန်ခံပြီး တရားတဘောင်လည်း လုပ်မနေချင်တော့ပါဘူး။ ပြီးတော့ လက်ရှိပေါက်ဈေးနဲ့လည်း ဝယ်နိုင်တဲ့အင်အား မရှိတာနဲ့ စရန်ငွေပဲ ပြန်ယူဖို့ ဆုံးဖြတ်လိုက်ရပါတယ်။

အဲဒါနဲ့ အိမ်ရှင်ကိုသွားတွေ့တော့ ဒီနေ့ လက်ထဲငွေမရှိလို့ မနက်ဖြန်မှ ဘဏ်ကထုတ်ပြီးပေးမယ်ပြောတယ်။

www.burmeseclassic.com

မနက်ဖြန်သွားတော့ အိမ်ကအမေကြီး အသည်းအသန်ဖြစ်ပြီး ဆေးရုံတင်ရလို့ ခဏစောင့်ပါဦးပြောတယ်။ နောက်သုံးလေး ရက်ကြာလို့ လိုက်သွားတော့ အိမ်တံခါးပိတ်ထားတာတွေ့ရ တယ်။ ဘေးအိမ်ကိုမေးကြည့်တော့ ခရီးထွက်သွားတယ် ထင်တယ်တဲ့။ ဘယ်တော့ပြန်လာမလဲမေးတော့ မပြောတတ် ဘူးတဲ့လေ။

ဒီလိုနဲ့ ကျွန်တော် အိမ်ရှင်ဆီသွားတာ လေးငါးခေါက် ရှိနေပြီဆရာ။ သွားတိုင်း အိမ်က အမြဲသော့ခတ်ထားတယ်။ ဘေးအိမ်တွေကလည်း ကျွန်တော်မေးမှာစိုးလို့ ခပ်ရှောင် ရှောင်လုပ်နေကြတယ်။ ကြာတော့ ကျွန်တော်သွားရမှာ တောင် စိတ်ပျက်ပြီး ရှက်လာမိတယ်။

ဒါ့ကြောင့် အခုပြဿနာကို ကျွန်တော့်အနေနဲ့ ဥပဒေ နဲ့အညီ ဘယ်လိုဆက်လက်ဆောင်ရွက်ရမယ်ဆိုတာ ဖြေ ကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ် ဆရာ။

အစဉ်လေးစားလျက်

**ဦးသန်းမောင်**

ဘိုကုန်း၊ အင်းစိန်။

ဦးသန်းမောင်ခင်ဗျား...

အိမ်ခြံမြေအရောင်းအဝယ်ကိစ္စမှာ ဝယ်သူအနေနဲ့ အိမ်ပိုင်ရှင်ဟာ သူ့အိမ်ခြံကို အမှန်တကယ်ရောင်းဖို့ ရည်ရွယ် ချက်နဲ့ ရိုးရိုးသားသား စရန်ငွေယူထားတာ ဟုတ်မဟုတ် ဆိုတာကို လေ့လာစုံစမ်းထားဖို့ လိုပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ တချို့က အိမ်ရောင်းမယ်ဆိုပြီး စာချုပ်ချုပ်ပြီး စရန်ငွေယူလိုက်တယ်၊ အိမ်ကို လက်ရောက် ပေးအပ်ချိန်ရောက်တော့မှ အကြောင်းတစ်ခုခုပြပြီး မရောင်း နိုင်တော့ဘူး၊ စရန်ငွေပြန်ယူပါ လုပ်လာတတ်ကြတယ်။

ဝယ်သူက နောက်ဆုံး စိတ်ပျက်လက်လျှော့ပြီး စရန်ငွေပဲ ပြန်ယူပါတော့မယ်ပြောတော့လည်း အကြောင်း အမျိုးမျိုးပြပြီး နေ့ရှေ့ ညရွှေ့နဲ့ နောက်ဆုံး ဝယ်သူနဲ့ လုံးလုံး အတွေ့မခံတော့ဘဲ ရှောင်နေတတ်ကြတယ်။

အမှန်တော့ အိမ်ရှင်က အရောင်းအဝယ်စာချုပ် ချုပ်ပြီး စရန်ငွေကို လိမ်ယူလိုက်တာပါ။ ဒီလိုမျိုးလုပ်စားနေတဲ့ လူတချို့ ရှိပါတယ်။ သူတို့က တစ်ချိန်တည်းမှာ ဝယ်သူသုံး လေးဦးထိ စာချုပ်ချုပ်ပြီး စရန်ငွေကို လိမ်ညာယူပြီး စားသောက်နေတာပါ။

နောက်တော့ ဝယ်သူတွေ စိတ်ပျက်ပြီး မလာတော့ တဲ့အထိ ရှောင်နေတတ်ကြတယ်။ သူတို့အကြောင်းကို ဘေး ပတ်ဝန်းကျင်ကလည်း ကောင်းကောင်းသိပါတယ်။ ဦးသန်း မောင်သွားတော့ ဘေးအိမ်တွေက ခပ်ရှောင်ရှောင်လုပ်နေ ကြတယ်ဆိုတာ အမှန်းခံပြီးမပြောချင်ကြလို့ပါ။ ကြည့်ရတာ အိမ်ရှေ့က သော့ခတ်ထားပေမယ့် အိမ်ထဲမှာတော့ လူရှိနေ နိုင်ပုံပါပဲ။

ဒါကြောင့် ဦးသန်းမောင်အနေနဲ့ စရန်ငွေကို အပင် ပန်းခံပြီး သွားတောင်းမနေပါနဲ့တော့။ စရန်ငွေအလိမ်ခံရလို့ ဆိုပြီး ပြစ်မှုကြောင်းအရလည်း တရားမစွဲပါနဲ့။ အကောင်းဆုံး က အရောင်းအဝယ်စာချုပ်ကို တရားရုံးတင်ပြပြီး အိမ်ရောင်း ရန် ကတိဖောက်ဖျက်ခံရလို့ နစ်နာကြေးသက်သာခွင့်ရလိုမှု တရားမကြောင်းအရ လျှောက်ထားပါ။

စာချုပ်စာတမ်းအထောက်အထားနဲ့ အသိသက်သေ တွေ ခိုင်လုံနေတဲ့အတွက် အိမ်ရှင်က ဘယ်လိုမှ ငြင်းဆိုနိုင် မှာ မဟုတ်ပါဘူး။ တရားရုံးက ဆုံးဖြတ်ပေးတဲ့ နစ်နာကြေး ဟာ ဦးသန်းမောင်ပေးခဲ့ရတဲ့ စရန်ငွေထက်တော့ အဆတော် တော်များနေပါလိမ့်မယ်။ ဒီလောက်ဆို ရှင်းလောက်ပြီထင်ပါရဲ့။

✦ ✦ ✦

*တချို့က အိမ်ရောင်းမယ်ဆိုပြီး စာချုပ်ချုပ်ပြီး*
*စရန်ငွေယူလိုက်တယ်၊ အိမ်ကို လက်ရောက်*
*ပေးအပ်ချိန်ရောက်တော့မှ အကြောင်းတစ်ခုခုပြပြီး*
*မရောင်းနိုင်တော့ဘူး၊ စရန်ငွေပြန်ယူပါ*
*လုပ်လာတတ်ကြတယ်။*
*ဝယ်သူက နောက်ဆုံး စိတ်ပျက်လက်လျှော့ပြီး*
*စရန်ငွေပဲ ပြန်ယူပါတော့မယ်ပြောတော့လည်း*
*အကြောင်းအမျိုးမျိုးပြပြီး နေ့ရှေ့ ညရွှေ့နဲ့ နောက်ဆုံး*
*ဝယ်သူနဲ့ လုံးလုံးအတွေ့မခံတော့ဘဲ*
*ရှောင်နေတတ်ကြတယ်။*



www.burmeseclassic.com

www.burmeseclassic.com

## ဌာနဆိုင်ရာက အမိန့်ချရန် တရားရုံးစီရင်ချက်ကို စောင့်ဆိုင်းရမည်လား

*ဆရာခင်ဗျား . . .*

*ကျွန်တော်ဟာ ဦးစီးဌာနတစ်ခုက ဦးစီးအရာရှိတစ်ယောက် ဖြစ်ပါတယ်။ မကြာသေးခင်က လက်အောက်ဝန်ထမ်းတစ်ယောက်ရဲ့ ပေါ့ဆမှုကြောင့် စတိုထဲက ပစ္စည်းတော်တော်များများ အရင်းကွာဟ ပျောက်ဆုံးမှုဖြစ်ခဲ့ပါတယ်။ အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်အပါအဝင် ဝန်ထမ်းသုံးယောက်ကို မြို့နယ်တရားရုံးမှာ အပက(၃)နဲ့ တရားစွဲတာ ခံရပါတယ်။*

*တရားရုံးမှာ အမှုရင်ဆိုင်နေရတဲ့အချိန်မှာ ဌာနဆိုင်ရာက ခေါ်ပြီး ဒီအီးစစ်ဆေးတာ ခံရပါတယ်။ အဲလို ဒီအီးစစ်ဆေးပြီး သုံးလလောက်အကြာမှာ ကျွန်တော်နဲ့ ဝန်ထမ်းတစ်ဦးကို ရာထူးကနေ ထုတ်ပယ်ပြီး (Dismiss) လုပ်လိုက်ပြီး ကျန်တစ်ဦးကိုတော့ တစ်ဆင့်နိမ့်ရာထူး လျှော့ချလိုက်ပါတယ်။*

*ကျွန်တော့်အတွေ့အကြုံအရ ဒီလို နယ်ဘက်တရားရုံးမှာ အရေးယူခံရတဲ့ ဝန်ထမ်းတွေကို တရားရုံးက စီရင်ချက်ချပြီးမှသာ ဌာနဆိုင်ရာက အပြစ်ပေးအရေးယူလေ့ရှိပါတယ်။ ခုတော့ ဒီလို တရားရုံးက စီရင်ချက်ချတဲ့အထိ မစောင့်ဆိုင်းဘဲ ဌာနဆိုင်ရာက အပြစ်ပေးအရေးယူတာဟာ တရားမျှတမှုရှိရဲ့လား။ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေ၊ ဌာနဆိုင်ရာစစ်ဆေးမှု လုပ်ထုံးလုပ်နည်းတွေနဲ့ ကိုက်ညီပါရဲ့လား။*

*တရားဥပဒေပြဋ္ဌာန်းချက်အရမှာတော့ ဒီလိုဆောင်ရွက်မှုဟာ ဥပဒေနဲ့ ညီညွတ်ပါရဲ့လားဆိုတာ ဖြေကြားပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။*

*လေးစားစွာဖြင့်*
***ဦးမျိုးမြင့်***
*ဗိုင်းဂနိုင်းရပ်၊ ပဲခူးမြို့။*

ဦးမျိုးမြင့်ခင်ဗျား . . .

ဦးမျိုးမြင့်ရဲ့မေးခွန်းဟာ သဘာဝချင်းမတူတဲ့ အကြောင်းခြင်းရာနှစ်ခုကို တစ်ပြိုင်နက်တည်း မေးလိုက်သလို ဖြစ်နေပါတယ်။ အမှန်တော့ ဌာနဆိုင်ရာ စစ်ဆေးမှု (ဒီအီး)နဲ့ ပြစ်မှုဆိုင်ရာဥပဒေဟာ လိုင်းတစ်လိုင်းစီ ဖြစ်နေပါတယ်။

ဌာနဆိုင်ရာ စစ်ဆေးမှုဟာ ဂိုဆောကုလာ(၁၅)ပါ ပြဋ္ဌာန်းချက်အရ ဝန်ထမ်းစည်းကမ်း ချိုးဖောက်တဲ့ ဝန်ထမ်းတွေအပေါ် ဘယ်လိုအရေးယူသင့်သလဲဆိုတာကို အမြေရှာခြင်း ဖြစ်ပါတယ်။ တရားရုံးမှာ စစ်ဆေးကြားနာတာက တရားခံအပေါ် စွဲဆိုထားတဲ့ ပုဒ်မအရ ပြစ်မှုထင်ရှားရှိမရှိ စစ်ဆေးကြားနာတာက တရားခံအပေါ် စွဲဆိုထားတဲ့ ပုဒ်မအရ ပြစ်မှုထင်ရှားရှိမရှိ စစ်ဆေးအမြေထုတ်တာ ဖြစ်ပါတယ်။

ဝန်ထမ်းစည်းမျဉ်းမှာရော၊ ဆိုင်ရာပြဋ္ဌာန်းချက်တွေမှာပါ ဌာနဆိုင်ရာ စစ်ဆေးရေးနဲ့ တရားရုံးစီရင်ချက်မှာ ဘယ်ဟာကို အရင်လုပ်ရမယ်လို့ တိတိကျကျ ပြဋ္ဌာန်းထားတာမျိုး မတွေ့ရပါဘူး။

ဒါကြောင့်မို့လို့ ဦးမျိုးမြင့်အနေနဲ့ ဌာနဆိုင်ရာက ချမှတ်လိုက်တဲ့ ပြစ်ဒဏ်ဟာ ပြင်းထန်လွန်းတယ်လို့ ယူဆရင် ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး လက်စွဲနဲ့အညီ အယူခံခွင့်၊ အသနားခံခွင့် ရှိနေပါတယ်။

ခုချိန်မှာ အရေးကြီးတာ ဦးမျိုးမြင့်အနေနဲ့ စိတ်ဓာတ်မကျဘဲ တစ်ဖက်က ဝန်ထမ်းစည်းမျဉ်းအရ အယူခံ၊ အသနားခံစာတင်ရင်း အခြားတစ်ဖက်က တရားရုံးမှာ ရင်ဆိုင်နေရတဲ့ အမှု အနိုင်ရရေးအတွက် ဥပဒေပါ အခွင့်အရေးကို အပြည့်အဝ အသုံးချစေချင်ပါတယ်။

အမှုအောင်နိုင်မှ အနာဂတ်ဘဝခရီးအတွက် စိတ်အေးရလိမ့်မယ်ဆိုတာ သတိပေးလိုက်ပါရစေ။


အောင်မြင်ပါစေ

**ဦးစောလှိုင် [B.A(Hist:) H.G.P.,R.L]**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ဆောင်မှုးများ
# အလိုရှိသည်

**အပိုင်း(၈၅)**

## ဥပဒေရယ်၊ စီမံကိန်းရယ်၊ ဦးလှိုင်သိန်းရယ်

တူးတူးတို့ရေ…

ပြစ်မှုမဂ္ဂဇင်းမှာ ပင်တိုင်အခန်းဆက် ဖော်ပြခဲ့ဖူးတဲ့ ဆရာအောင်ဇင်ရဲ့ "ဆင်ဆယ်ကောင်နဲ့ ကြွက်တစ်ကောင်" ဆောင်းပါးရှည်ထဲကအတိုင်းပါပဲ။ ဝန်ထမ်းလောကမှာ ဆင်ဆယ်ကောင်လောက် ကြီးလေးများပြားတဲ့ တာဝန်တွေကို ဘယ်လောက်ပဲ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ပေးပေမယ့် နာမည်ကောင်းလက်မှတ်တစ်စောင်ရဖို့ လုံးဝ မမျှော်လင့်မိပါစေနဲ့တဲ့။ အဲ…ကြွက်တစ်ကောင် လွတ်သွားလို့ကတော့ အလုပ်မပြုတ်ရုံတစ်မည် ပြစ်ဒဏ်ခံယူဖို့သာ အဆင်သင့်ပြင်ဆင်ထားပေတော့တဲ့ဗျ။

BURMESE CLASSIC .com

ခုလည်းကြည့်လေ။

တူးတူးတို့ သိကြတဲ့အတိုင်း ကော်ဖီစီမံကိန်းကြီး ပျက်လို့ အရှုံးခံပြီး စွန့်ပစ်ရမလို ဖြစ်နေတဲ့ စခန်းကြီးကို ဗူခြွေမပျက် ဆက်လက်ရပ်တည်ရှင်သန်နိုင်အောင် ကိုယ်လူရောစိတ်ပါ ပင်ပန်းဆင်းရဲခံပြီး အသက်သွင်းပေးနိုင်ခဲ့ပြီ မဟုတ်လားဗျာ။

ဟော…ထီးခမ်းစိုက်ပျိုးရေးစခန်းသစ်ကြီးကို သတ်မှတ်လျားတဲ့ ရက်မှာ အောင်မြင်စွာဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း အစီရင်ခံတင်ပြနိုင်ခဲ့ပေမယ့် ဒီလုပ်ငန်းကို စီစဉ်ညွှန်ကြားခဲ့တဲ့ အထက်ဌာနက ပုဂ္ဂိုလ်ကလည်း လာမကြည့်၊ အောက်ဌာနက တာဝန်ရှိသူတွေကလည်း ရောက်မလာ၊ ဒေသဆိုင်ရာအာဏာပိုင်တွေကလည်း အင်းမလုပ်၊ အဲမလုပ်နဲ့။ ဘယ်လောက်အံ့ဩစရာကောင်းတဲ့ အဖြစ်လဲဗျာ။

အဲ…ဒီလိုချီးမွမ်းရမှာစိုးလို့ ဘယ်သူမှ လှည့်မကြည့်တဲ့အချိန်မှာမှ ဒီလုပ်ငန်းကိုကိုင်းတဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်နဲ့ ရုံးတစ်လုံး၊ ဓားတစ်စင်းဖြစ်နေတဲ့ ညွှန်ကြားရေးမှူးချုပ်ကြီးက လုပ်ငန်းရည်ရွယ်ချက်ကို ကောင်းကောင်းမသိဘဲ ခရီးသွားဟန်လွှဲ ရောက်ချလာပြီး ကဲ့ရဲ့ပြစ်တင်စကားတင်းဆိုတာ ခံခဲ့ရသေးတယ် မဟုတ်လားဗျာ။

ပြီးတော့လည်း ကြည့်ဦး။

တကယ်ဆို ဒီလိုဌာနဆိုင်ရာလုပ်ငန်းကြီးတစ်ခုကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့တဲ့ ကိုယ့်ကို တစ်ဆင့်မြင့်ရာထူးတိုးမပေးရင်တောင်မှ နေရာကောင်းကောင်းလေးတစ်ခုလောက်တော့ ပေးသနားတော်မူသင့်တာပေါ့ဗျာ။ ခုတော့ မျက်နှာလွှဲခဲပစ်လုပ်လိုက်ပုံများ ရုံးချုပ်မှာ မနေချင်တော့လို့ အကြံအဖန်သဘော လာကန်တော့တဲ့လူကို ကိုယ့်ထီးခမ်းစခန်းကို ပို့ပြီး ကိုယ့်ကိုတော့ သူမနေချင်တဲ့ ရုံးချုပ်က စီမံကိန်းလုပ်ငန်းဌာနကိုတဲ့ဗျာ။ ရုံးချုပ်က လာတဲ့လူ ရုံးချုပ်ကိုပဲ ပြန်ပို့ခံလိုက်ရတာပေါ့လေ။

ကဲ…ဘယ်မှာလဲ ဆုပေးဒဏ်ပေးစနစ်။ ဒီစနစ်မျိုး

**➡ ဗဟိုဇော ⬅**



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ဝန်ထမ်းကောင်းတွေ မွေးထုတ်နိုင်မတဲ့လား။ မယုံမရှိနဲ့။ အထက်ဖား အောက်ဖိ အကြံအဖန်သတ္တဝါတွေပဲ မှိုလိုပေါ် များလာမှာတော့ အသေအချာပါပဲ။

တူးတူးတို့ရေ့ • •

အဲလိုနဲ့ ကိုယ်စီမံကိန်းရုံး ပြန်ရောက်တော့ တာဝန်ယူရတာက စိုက်ပျိုးရေးလုပ်ငန်းဌာနစိတ်တဲ့။ ဘာ့ကြောင့်ဆို ကိုယ်က စိုက်ပျိုးရေးစခန်းက ပြောင်းလာတဲ့သူမို့လို့ပဲ။ ဒါက တော့ ထောင်ထုံးစံပဲလေ။ မွေးမြူရေးကလာရင် မွေးမြူရေး ဌာနစိတ်၊ ကျောက်ထုတ်စခန်းကလာရင် ကျောက်ထုတ်ဌာနစိတ်ပဲ။ ဒီလုပ်ငန်း သူတကယ်နားလည်မလည်၊ ကျွမ်းမကျွမ်း တွေတာတွေ စုံစမ်းမနေတော့ဘူး။ သူလာရာအရပ်က လုပ်ငန်းကိုပဲ တာဝန်ပေးလိုက်တာပါပဲ။

BURMESE CLASSIC .com

အမှန်ဆို ကိုယ်အလုပ်စဝင်တာက အင်းစိန်ဗဟို အကျဉ်းထောင်၊ ပြီးတော့ ရန်ကုန်ယာယီအချုပ်စခန်း။ အဲဒီကမှ ထောင်မှူးကြီးရာထူးတက်ပြီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအလုပ်စခန်း။ အဲဒီအမြန်လမ်းမမှတစ်ဆင့် အင်းစိန်ဗပသ၊ ဗပသမှာ အမှုဖြစ်ပြီး အလုပ်ပြန်ဝင်တော့ ရုံးချုပ်(ထောက်)ဌာနစု၊ အဲဒီကမှ ထီးခမ်းဘန်းကန် စခန်းပျက်ကြီးဆီ။

ဒီတော့ နောက်ပြန်လှည့်ကြည့်လိုက်ရင် ကိုယ်က အကျဉ်းထောင်အလုပ်စခန်းတွေမှာပဲ အနေကြာခဲ့တယ်။ ဒါကြောင့် အကျဉ်းထောင်အုပ်ချုပ်ရေးလုပ်ငန်းပိုင်းမှာတော့ အတော်လေး အတွေ့အကြုံများခဲ့တာပေါ့။ စိုက်ပျိုးရေးနဲ့ ဘယ်လိုမှ မနီးစပ်ခဲ့ဘူး။ ဗပသရောက်ပြန်တော့ သူ့လုပ်ငန်းက ပစ္စည်းသိုလှောင် ထိန်းသိမ်းဖြန့်ဖြူးရေးဆိုတော့ သူ့လုပ်ထုံးလုပ်နည်းက တသီးတခြားဖြစ်နေပြန်တယ်။

• • • • • • • • • • •

"ဆရာရယ် • • • ပြောရင် ယုံမှာတောင်မဟုတ်ဘူး။
ကျွန်တော့်ကားတာယာတွေက မျက်စိရှေ့မှာတင်
ခွေး ထန်းလျက် လျက်သလို လုံးပါးပါးလိုက်လာလို့
အခု တီအီး·၁၁ နှစ်စီး ဒီအတိုင်းရပ်ထားရတယ်။
အဲဒါ တာယာလေးနှစ်စုံလောက် ချပေးဖို့
လာတောင်းခံတာပါဆရာ"

ထီးခမ်းစိုက်ပျိုးရေးစခန်းသစ်ကို ပြန်လည်ထူထောင်ခဲ့ရတာဆိုပေမယ့်လည်း တကယ်တမ်းလုပ်ခဲ့ရတာက ဘန်းကန်စခန်းမှာ ဆောက်ထားတဲ့ အမြဲတမ်းအဆောက်အဦတွေကို ဖျက်သိမ်းသယ်ယူပြီး ထီးခမ်းစခန်းမှာ ပြန်ပြုပြင်ဆောက်လုပ်ခဲ့တာတွေ။ ရွှေညောင်-ရပ်စောက် ကားလမ်းမကနေ ထီးခမ်းစခန်းသစ်အထိ ရာသီမရွေးသွားနိုင်တဲ့ ကျောက်ခင်းလမ်းဖောက်လုပ်ခဲ့ရတာတွေကို အဓိက ဆောင်ရွက်ခဲ့ရတာ မဟုတ်လားဗျာ။ စိုက်ပျိုးရေးဆိုလို့ စပါးအနည်းအကျဉ်းနဲ့ ပန်းနှမ်း၊ ပြောင်းစတဲ့ ရာသီသီးနှံလေးတွေ နိုင်သလောက် စိုက်ခဲ့ရတာလောက်ပဲ ရှိတယ်လေ။

အခု စီမံကိန်းရုံးမှာ စိုက်ပျိုးရေးဌာနစိတ်ဆိုတာက သီးနှံတွေကို လက်တွေ့ကွင်းဆင်း စိုက်ပျိုးရတာမျိုးမှ မဟုတ်ဘဲ။ စိုက်ပျိုးရေးအလုပ်စခန်းတွေက အစီရင်ခံတင်ပြလာတဲ့ စာတွေကို စာရွက်ပေါ်ကပဲ လိုအပ်သလို ဆောင်ရွက်ဖို့ ညွှန်ကြားအမိန့်ချရတဲ့ ရုံးလုပ်ငန်းသက်သက်ပါပဲ။

ရုံးလုပ်ငန်းဆိုလို့ ထောက်ဌာနစုမှာ တာဝန်ကျခဲ့တုန်းကတော့ အတွေ့အကြုံအနည်းအပါးရှိခဲ့ပါရဲ့၊ ဒါပေမယ့် ဥပဒေအကြံပေးအဖွဲ့ ဥက္ကဋ္ဌတွေက အချိန်မရွေး ခေါ်ပြီးခိုင်းနေတော့ မှုလလုပ်ငန်းထက် ဌာနဆိုင်ရာ အမှုတွဲအပေါ် သုံးသပ်တင်ပြနေရတာနဲ့ပဲ အချိန်ကုန်နေတာ များတယ်လေ။ ဒါကြောင့် ရုံးလုပ်ငန်းကိုလည်း မည်မည်ရရ နားမလည်ခဲ့ပြန်ဘူး။

ခုတော့ ကိုယ်မကျွမ်းကျင်တဲ့ စိုက်ပျိုးရေးလုပ်ငန်းအပေါ် သေချာနားမလည်တဲ့ ရုံးလုပ်ငန်းနဲ့ ရေးသားတင်ပြရမှာဆိုတော့ မဟာအခက်တော်ကြုံပြီပေါ့။ ဒီကြားထဲ ကိုယ်တို့စီမံကိန်းဌာနရဲ့ ဆရာကြီးတစ်ဆူဖြစ်တဲ့ ဆရာဦးစိန်ငွေးကလည်း စာတိုစာရှည်တွေနဲ့ တရစပ် အမိန့်ချပြီး လုပ်ငန်းစတင်ဖို့ လှုံ့ဆော်ပါလေရဲ့။

ဒီတော့ ကိုယ်ဘာဆက်လုပ်ရမလဲ။

အမြန်ဆုံးနဲ့ အထိရောက်ဆုံးနည်းလမ်းကတော့ ကိုယ့်လက်လောက်က ထောင်မှူးဒေါ်တင်တင်အုန်းရဲ့ တင်ပြစာလက်ခံဖိုင်ကြီးနဲ့ စီမံကိန်းရုံးရဲ့ မျှောစာဖိုင်ကြီးတွေကို နောက်ကြောင်းပြန်လေ့လာလိုက်တာပါပဲ။ စာဝင်စာထွက်နဲ့ အထက်အောက်မှတ်ချက်၊ ညွှန်ကြားချက်တွေနဲ့ ရှုပ်ထွေးနေပေမယ့်လည်း တစ်ထိုင်တည်းနဲ့တော့ သဘောမပေါက်နိုင်ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ဖိုင်တွေကို အိမ်ယူပြီး နှစ်ညလောက်အိပ်ပျက်ခံပြီး လေ့လာလိုက်တော့မှ လုပ်ထုံးလုပ်နည်းကို ခြေရာခံမိတော့တယ်။ ဒါတောင် တကယ်လက်တွေ့ လုပ်တဲ့အခါကျတော့ မသိတာတွေ ပေါ်လာပြန်လို့ ထောင်မှူးဒေါ်တင်တင်အုန်းကို ဆရာတင်ရသေးတယ်။ ဒါပေမယ့် အကြမ်းရေးတင်တဲ့အခါမှာတော့ ဆရာဦးစိန်ငွေးရဲ့ အပြင်အဆင်၊ အဖြတ်အတောက်က မလွတ်ကင်းနိုင်သေးပါဘူး။

ကိုယ်ဆိုလိုချင်တာက ရုံးစာရေးနည်းအစစ်အမှန်ကို စီမံကိန်းရုံးရောက်မှပဲ နဖူးတွေ့ ဒူးတွေ့ နားလည်ခဲ့တယ်ဆိုတာပါပဲ။

စီမံကိန်းရုံးရောက်တော့လည်း ဥပဒေအကြံပေးအဖွဲ့အဖြစ်က မလွတ်နိုင်သေးပါဘူး။ ဒီဥပဒေကတော့ ကိုယ်ရုံးချုပ်ရောက်လေတိုင်း ပြန်ပါနေရတာပါပဲ။ ကြာတော့ ဒီအဖွဲ့မှာ ကိုယ်က စီနီယာအကျဆုံးတောင် ဖြစ်လာပါလေရော။

ခက်နေတာတစ်ခုက စီမံကိန်းရောက်ခါမှ အမှုတွေကပိုများလာလေတော့ ဥပဒေအကြံပေးအဖွဲ့ ဥက္ကဋ္ဌကလည်း မကြာခဏ အစည်းအဝေးခေါ်လာတယ်။ အစည်းအဝေးမှာက မူလဒီအီးအဖွဲ့ရဲ့ တွေ့ရှိချက်၊ သုံးသပ်ချက်နဲ့ ထောက်ခံတင်ပြချက်တွေကို ဖတ်ပြရတယ်။ ပြီးမှ ဥပဒေအကြံပေးအဖွဲ့ရဲ့ တွေ့ရှိချက်၊ သုံးသပ်ချက်နဲ့ ထောက်ခံတင်ပြချက်တွေကို ဖတ်ပြရတယ်။ နောက်ဆုံးမှ ဥပဒေအဖွဲ့ဝင်တွေ ညှိနှိုင်းဆွေးနွေးပြီး ဥပဒေအကြံပေးအဖွဲ့ရဲ့ "အကြံပြုတင်ပြချက်"ကို အဖွဲ့ဥက္ကဋ္ဌက အတည်ပြုပေးတယ်။

အမှုတိုင်းကို ဒီလိုပုံစံနဲ့ ဆွေးနွေးနေရတော့ အစည်းအဝေးတစ်ခါခေါ်ရင် တော်တော်နဲ့ မပြီးနိုင်တော့ဘူး။ မနက်ရုံးတက်ချိန်လောက်က ခေါ်တာ နေ့လယ် ထမင်းစားချိန်တိုင် လက်စမသတ်နိုင်သေးဘူး။ တစ်ခါတစ်ရံ နေ့ခင်းပိုင်းဆက်ထိုင်ရတာ ရှိသေးတယ်။

ဒီတော့ ကိုယ်တို့ရဲ့ စီမံကိန်းဆရာကြီး ဦးစိန်ငွေးငြိမ်ငြိမ်ပြီပေါ့။ သူတာဝန်ပေးထားတဲ့ စိုက်ပျိုးရေးအလုပ်စခန်းက စာတွေ တစ်စောင်မှ မတင်ပြနိုင်လို့လေ၊ ဒီစာတွေမြန်မြန်တင်ပြဖို့ ဆရာက ထပ်ဆင့်အမိန့်တွေ ချမှတ်လာပြန်တယ်။ ဆရာဘက်က ကြည့်ရင်လည်း မမှားပါဘူး။ ဒါ••ကိုယ်လုပ်ရမယ့် မူလတာဝန်ပဲလေ။

ခက်နေတာက ကြားထဲက မြေစာပင်ဖြစ်နေတဲ့ ကိုယ်ပဲ။ ဥပဒေဥက္ကဋ္ဌခေါ်ရင်လည်း မသွားဘဲနေလို့မရဘူး။ ဆရာဦးစိန်ငွေးချပေးထားတဲ့ အလုပ်တွေကို မလုပ်လို့လည်း မဖြစ်ဘူး။ ပြဿနာက ဒီကိစ္စနဲ့ပတ်သက်ပြီး ဆရာဦးစိန်ငွေးက ဥပဒေဥက္ကဋ္ဌကို တိုက်ရိုက်မပြောဘူး။ ပြောလို့လည်း မဖြစ်ဘူးလေ။ သူ့မှာလည်း မူလတာဝန်ရှိတယ်။ ဒီဥပဒေအကြံပေးဥက္ကဋ္ဌတာဝန်ကို ညွှန်ချုပ်ကြီးရဲ့အမိန့်နဲ့ လုပ်နေရတာဆိုတော့ ဒါကိုသွားပြောရင် ပြောတဲ့လူ အမှားဖြစ်တော့မပေါ့။

ဒီတော့ ကိုယ့်အခွင့်အရာယ် ကိုယ်ကြည့်ရှောင်တဲ့အနေနဲ့ ကိုယ်ကပဲ ကြားကနေ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို ကျင့်သုံးရတော့တာပေါ့လေ။ အဲဒါကတော့ ရှဉ်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ ဖြစ်အောင် မူလစီမံကိန်းလုပ်ငန်းတွေကို ရုံးမှာတင် နေ့ချင်းပြီးအောင် ဖြတ်ပြီး ဥပဒေအမှုတွဲတွေကို ညအိမ်ယူရေးသားပြီး ဥက္ကဋ္ဌဆီ တင်ပြတဲ့နည်းဗျူဟာပါပဲ။

ကောင်းတော့ ကောင်းတယ်၊ မျက်စိစပ်တယ်ဆိုသလိုဒီနည်းက အတော်လေး အောင်မြင်ပေမယ့် ကိုယ့်မှာတော့ ညတိုင်းလိုလို အိပ်ရေးပျက်တာပဲ အမြတ်ထွက်လာတယ်လေ။ ဒါကြောင့်လည်း တူးတူးတွေက စိုင်းပြီးထောမနာပြုကြတာပေါ့။ ဥပဒေကို ဝါသနာပါဦးမလား၊ ဥပဒေတွဲ ထပ်ယူပါဦးလား၊ ခုတော့ အဲဒီဥပဒေကပဲ ခင်ဗျားကို ပြန်နင်းသတ်နေပြီ မဟုတ်လားတဲ့ဗျ။

အင်း•••ဟုတ်ပါရဲ့။ ကိုယ်ဝါသနာပါလို့ ကြုံးဝါးပြီး ယူထားဟဲ့ ဥပဒေတွဲတွေကို ကိုယ်က အသုံးမချရသေးခင်ကဲ သူကပဲ ကိုယ့်ကို တစ်ဖက်သတ် အသုံးချသလို ဖြစ်နေတော့ပေါ့လေ။ အဲ•••ဒါပေမယ့်လည်း ဘယ့်နှယ်လုပ်မလဲ ဒါက ဘဝပေးကုသိုလ်ပဲဟာ။ ကြွေးဟောင်းပြန်ဆပ်တဲ့သဘောနဲ့ ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရတော့မှာ ပေါ့ဗျာ။ ဒါထက် ကြီးကြီးကျယ်ကျယ်ပြောရရင် အနာဂတ် နိုင်ငံတော်သစ်အတွက် လူ့အရင်းအမြစ်တစ်ခုကို ပျိုးမြှုပ်နှံကိုက်တာလို့ပဲ သဘောထားလိုက်ရတော့မှာပေါ့လေ။

စီမံကိန်းမှာ တာဝန်ကျတော့ တစ်မှုထောက်ဘက်ကသူ့လက်အောက်က စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းအခန်း

www.burmeseclassic.com

တွေနဲ့ ကျောက်ထုတ်လုပ်ငန်းစခန်းက ထောင်ပိုင်တွေနဲ့ မကြာခဏ တွေ့ဆုံရတာပါပဲ။ ဘာလို့ဆို သူတို့စခန်းတွေ အတွက် လိုအပ်တဲ့ပစ္စည်း ခွင့်ပြုမိန့်တွေ မြန်မြန်ကျဖို့ ဆရာ ဦးစိန်ငွေဆီ မျက်နှာလာပြရလို့ပါပဲ။

အဲဒီထဲမှာ စိုက်ပျိုးရေးနဲ့ မွေးမြူရေးစခန်းမှာ တာဝန်ကျနေတဲ့ ကိုယ်တို့တူတူ ထောင်ပိုင်တွေနဲ့ ပိုပြီးဆုံတွေ့ဖြစ်လာတာပေါ့။ အဓိကကတော့ သူတို့တင်ပြတောင်းခံထားတဲ့ စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ ငွေကြေးသုံးစွဲခွင့်တွေ ရာသီအမီ ရရှိဖို့ ဘိုးတော်ဆီ နားပူနားဆာ လာလုပ်ကြတာဆိုပါတော့။

ကျောက်ထုတ်အလုပ်စခန်းတွေမှာ နည်းပညာပိုင်းက အဓိကကျနေတော့ ကျောက်မိုင်းကော်ပိုရေးရှင်းက အသွင်ပြောင်းလာတဲ့ ဝန်ထမ်းထောင်ပိုင်တွေကပဲ အုပ်ချုပ်ရတာများပါတယ်။ သူတို့တွေနဲ့လည်း လုပ်ငန်းသဘောအရ မကြာခဏ ထိတွေ့ဆက်ဆံနေရတော့လည်း ရင်းနှီးမှုတော့ ရှိလာတာပေါ့လေ။

အဲဒီထဲကမှ ရှားရှားပါးပါး ကိုယ်တို့ ဘိုးတော်ဆီကို ချောင်းပေါက်မတတ် ရောက်လာတတ်တာက ကိုယ့်ရဲ့ ထီးခမ်းစခန်းက မိတ်ဆွေဟောင်းကြီး ထောင်ပိုင်ကြီးဦးလှိုင်သိန်းပါပဲ။

"ဆရာရယ် . . . ပြောရင် ယုံမှာတောင်မဟုတ်ဘူး။ ကျွန်တော့်ကားတာယာတွေက မျက်စိရှေ့မှာတင် ခွေး ထန်းလျက် လျက်သလို လုံးပါးပါးလိုက်လာလို့ အခု တီအီး-၁၁ နှစ်စီး ဒီအတိုင်းရပ်ထားရတယ်။ အဲဒါ တာယာလေး နှစ်စုံလောက် ချပေးဖို့ လာတောင်းခံတာပါ ဆရာ"

ဦးလှိုင်သိန်းက လူကောင်းကြီးပြီး အသံဩပေမယ့် လည်း အပြောကျတော့ ချိုသာပြေပြစ်သဗျ။ အခုလည်း သူတောင်းခံနေပုံက ထိုင်ရှိခိုးတော့မလား အောက်မေ့ရတယ်။ သနားစရာကောင်းပါ့။ တကယ်တော့ ရှမ်းပြည်နယ်တောင်ပိုင်းတစ်လွှားမှာ သူတာဝန်ယူအောင်ရွက်နေရတဲ့ ကျောက်ထုတ်စခန်းတွေက နည်းမှ မနည်းတာပဲ။ ဒါကြောင့်လည်း သူ့ခမျာ တစ်နေရာတည်း ဖင်နွေးအောင် ထိုင်မနေနိုင်ဘဲ နေ့မနား ညမနား စခန်းတစ်ခုနဲ့တစ်ခု ခေါက်တုံ့ခေါက်ပြန် ကူးချည်သန်းချည် လုပ်နေရတာလေ။

ဒီတော့လည်း ကားတာယာဆိုတာက ဘာနဲ့လုပ်ထားတာ မှတ်လို့။ တောင်တက်လမ်းက အမာခံကျင်းတွေ ချိုင့်တွေနဲ့ လိုတာထက်ပိုပြီး ပွတ်တိုက်ခံရဖန်များတော့လည်း လုံးပါးပါးရပြီပေါ့ဗျာ။

"ဟား . . . ဟား . . . ဟား . . . ဟား"

ဦးလှိုင်သိန်းစကားကို ကိုယ်တို့ ဘိုးတော်ကြီးကတော့ မျက်ရည်ထွက်မတတ် တဟားဟား ရယ်မောရင်း သဘောတော်ကျနေလေရဲ့။ တခြားတော့မဟုတ်ဘူး။ မော်တော်ကားတာယာ အကုန်မြန်တာကို ခွေး ထန်းလျက် လျက်တာနဲ့ ဥပမာတင်စားပြီး ပြောတာကိုပါ။ ဆရာဦးစိန်ငွေကိုယ်တိုင် အဲဒီကျောက်ထုတ်စခန်းတွေဘက် မကြာခဏ ကွင်းဆင်းကြည့်နေကျဆိုတော့ ဦးလှိုင်သိန်းတင်ပြတောင်းခံတာ မလွန်ဘူးဆိုတာ သူလည်း ကောင်းကောင်းသဘောပေါက်တယ်။

ဒါပေမယ့် ပြဿနာက တာယာသက်တမ်းပဲ။ ဦးလှိုင်သိန်းတောင်းခံတဲ့ ကားတာယာတွေက သတ်မှတ်သက်တမ်းမကုန်သေးဘူးလေ။ ဒါကြောင့် အသစ်လဲလှယ်ထုတ်ပေးလို့ မရနိုင်ဘူးလေ။ ဒါပေမယ့် စီမံကိန်းဝင် ကျောက်ထုတ်လုပ်ငန်းတွေက ရပ်နားထားလို့ မဖြစ်ဘူးဆိုတော့ . . .

"ကောင်းပြီလေ။ ဒီတစ်ခါတော့ ကျွန်တော် တခြားခေါင်းစဉ်အောက်က ပြောင်းထုတ်ပေးလိုက်မယ်။ ကားကို မလိုအပ်တဲ့နေရာမှာ မသုံးမိဖို့တော့ ခင်ဗျားကိုယ်တိုင် ကြပ်မတ်ထိန်းချုပ်ထားဖို့ လိုလိမ့်မယ်နော်"

"ကျေးဇူးကြီးပါဘိ ဆရာရယ်။ စိတ်ချပါ။ ကားကို အမှန်တကယ် မသုံးမဖြစ်တာကလွဲပြီး မသုံးမိဖို့ ကျွန်တော်ကိုယ်တိုင် ကြပ်မတ်ဖို့ ကတိပေးပါတယ်"

နောက်ဆုံးတော့ ဦးလှိုင်သိန်းတစ်ယောက် သူလိုချင်တဲ့ ကားတာယာတွေကို အောင်မြင်စွာ ထုတ်ယူပြီး ကျောက်စခန်းဆီ ပြန်သွားပါလေရဲ့။ ဒါပေမယ့် ကိုယ်တို့စီမံကိန်းမှာတော့ သူ့နာမည်အသစ်တစ်လုံး တွင်သွားခဲ့တယ်။

"ခွေး ထန်းလျက် လျက်တဲ့ ထောင်ပိုင်ကြီး"တဲ့လေ။

(ဆက်လက်ဖော်ပြပါမည်။)

---

**ပဟေဠိ**

---



www.burmeseclassic.com

www.burmeseclassic.com

# ဆိတ်ကွယ်ရာမရှိ

ခင်မောင်ထွန်း(လမ်းမတော်)

ရက်ပိုင်းအတွင်းက စာရေးသူဟာ မြောက်ဥက္ကလာပ မြို့နယ်စာပေစာနယ်ဇင်းအဖွဲ့ လပတ်အစည်းအဝေး အခမ်း အနားတစ်ခုမှာ စာရေးသူကို ရင်းရင်းနှီးနှီး လာနှုတ်ဆက်တဲ့ ဒုရဲမှူးဝတ်စုံ ဝတ်ဆင်ထားတဲ့ ရဲအရာရှိတစ်ယောက်ကို တွေ့ တော့ သေချာကြည့်လိုက်တော့ စာရေးသူ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့မှာ တိုင်းရဲတပ်ဖွဲ့မှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် က ဒီပဲယင်းရဲစခန်းမှာ စခန်းမှူးအဖြစ် ဆောင်ရွက်ခဲ့တဲ့ ဦးမော်ထွန်း(ယခု ရဲမှူး) မြောက်ဥက္ကလာပမြို့နယ်က မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးမော်ထွန်း ဖြစ်နေတာ တွေ့ရပါတယ်။ ဒုရဲမှူးမော်ထွန်းကို တွေ့ရတော့ လွန်ခဲ့သောနှစ်ပေါင်း ၂၅ နှစ်ခန့်က စစ်ကိုင်းတိုင်း၊ ကိုးမြို့နယ်က မြို့နယ်မှူးများ၊ စခန်း မှူးများ၊ ရဲတပ်ဖွဲ့ဝင်များအားလုံး နေ့မအား၊ ညမနား အမှုကြီး တွေ ဖော်ထုတ်ခဲ့ရတာကို သတိရမိခဲ့ပါတယ်။ ရဲတပ်ဖွဲ့ဝင် များ တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေး အတွက် ဆောင်ရွက်ခဲ့ကြတဲ့ တစ်ထောင့်တစ်နေရာက အဖြစ် အပျက်တစ်ခုကို စာဖတ်သူများ သိရှိအောင် တင်ပြလိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်က စာရေးသူဟာ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့မှာ ဒုတိုင်းတပ်ဖွဲ့မှူးအဖြစ် တာဝန်ထမ်းဆောင်နေချိန် ဖြစ်ပါတယ်။ တိုင်းရဲတပ်ဖွဲ့မှူးကလည်း သက်ပြည့်ပင်စင်ယူဖို့ ခွင့်ခံစားနေချိန်ဖြစ်တော့ စာရေးသူက တိုင်းရဲတပ်ဖွဲ့မှူးတာဝန်ကိုပါ ပူးတွဲဆောင်ရွက်နေရတဲ့ကာလ ဖြစ်ပါတယ်။

မုံရွာခရိုင်နဲ့ စစ်ကိုင်းခရိုင်ကြား အစွန်အဖျားကျတဲ့ ကျေးရွာတွေဟာ ယခုလို ကျေးရွာချင်းဆက်တဲ့လမ်းတွေ တံတားတွေ မရှိတဲ့အပြင် ပြုပြင်ဖော်ထုတ်ထားခြင်း မရှိတော့ သွားလာမှုခက်ခဲ၊ အဆက်အသွယ် မကောင်းမှုကြောင့် လုယက်မှု၊ ဓားပြမှု၊ လူသတ်မှု စတဲ့ အမှုကြီးတွေ မကြာခဏဆိုသလို ဖြစ်ပွားတတ်ပါတယ်။ မပေါ်သေးတဲ့ အမှုတွေလည်း ရှိနေတော့ အဲဒီအမှုတွေ ဖော်ထုတ်ဖို့နဲ့ ပြစ်မှုကျူးလွန်ခဲ့တဲ့ တရားခံတွေကို ဖော်ထုတ်ဖို့ အထက်အဖွဲ့အစည်းများက စာရေးသူကို တာဝန်ပေးခဲ့ပါတယ်။

စာရေးသူလည်း 'တိုးမြို့နယ်' မှုခင်းကျဆင်းရေး စီမံချက်ကို ရေးဆွဲပြီး အမှုဟောင်းတွေကို ဖော်ထုတ်ဖို့ ပြစ်မှုကျူးလွန်သူတွေနဲ့ သက်သေခံပစ္စည်းတွေ ဖော်ထုတ်ဖမ်းဆီးဖို့နဲ့ အမှုကို အခိုင်အမာ တည်ဆောက်ကာ တရားရုံးသို့ တရားစွဲကင်ဖို့ အဆင့်ဆင့် ဆောင်ရွက်စေခဲ့ပါတယ်။ 'တိုးမြို့နယ်' ဖြစ်တဲ့ ရွှေဘို၊ မုံရွာ၊ ဝက်လက်၊ ဒီပဲယင်း၊ ခင်ဦး၊ ကျွန်းလှ၊ ရေဦး၊ ဘုတလင်၊ အရာတော် မြို့နယ်များက မြို့နယ်မှူးအပါအဝင် တပ်ဖွဲ့ဝင် အင်အားများ ထုတ်နုတ်ပြီး စုံစမ်းရရှိထားတဲ့ တရားခံစာရင်းနဲ့ ပိုက်စိတ်တိုက် ရှာဖွေဖမ်းဆီးခဲ့ပါတယ်။ တရားခံပြေးတွေ ပုန်းအိပ်တတ်တဲ့ နေရာတွေလည်း တစ်ပြိုင်တည်း ရှာဖွေစီးနင်းခဲ့တော့ လက်နက်ပုန်းတွေများစွာနဲ့ တရားခံများစွာကိုလည်း ဖော်ထုတ်နိုင်ခဲ့ပါတယ်။ သုံး၊လေးလ ဆက်တိုက်လုပ်တော့ အလိုရှိတဲ့သူတွေအပြင် ကွင်းဆက်ပါတဲ့ တရားခံတွေဟာ ရဲစခန်းတွေမှာလာပြီး အဖမ်းခံရတဲ့အထိ အောင်မြင်ခဲ့ပါတယ်။ ကျေးရွာသူ ကျေးရွာသားများကလည်း စိတ်ဝင်စားစွာ ပူးပေါင်းကူညီခဲ့ကြပါတယ်။

ဒါပေမဲ့ လူသတ်မှု၊ ဓားပြမှု၊ လုယက်မှု၊ မုဒိမ်းမှုပေါင်း အမှု ၂၀ လောက်နဲ့ အလိုရှိနေတဲ့ အဓိကတရားခံ နာမည်ကြီး ဂျက်(ကျိုး)ဆိုသူနဲ့ နာမည်ကြီး ကြည်မောင်၊ သန်းဝင်း ဆိုသူတို့ကို မဖမ်းနိုင်သေးတာနဲ့ သူတို့အဖွဲ့ကိုဖမ်းဖို့ သီးခြားစီစဉ်ပြီး သူတို့ ကျက်စားတဲ့ ရေဦး၊ အရာတော်၊ ခင်ဦး၊ ရွှေဘို၊ မုံရွာနယ်စပ်တွေကို သီးခြားအဖွဲ့တွေနဲ့ ခြေရာခံလိုက်စေခဲ့ပါတယ်။ အသက်ငယ်ပြီး အတွေ့အကြုံရှိကာ ဖျတ်လတ်တဲ့ ဒီပဲယင်းရဲစခန်းက ဒုရဲအုပ်(စခန်းမှူး)ဦးမော်ထွန်း၊ ဒုရဲအုပ်(စခန်းမှူး)ဦးသန်းထွန်း၊ ရွှေဘိုစခန်းက ဒုရဲအုပ်(စခန်းမှူး)ဦးမြင့်ထွန်းတို့ အဖွဲ့သုံးဖွဲ့က ခြေရာခံပြီး တောက်လျှောက်လိုက်ခဲ့ကြပါတယ်။

နာမည်ကြီး ဂျက်(ကျိုး)ဆိုတဲ့ လူဆိုးကတော့ သူ့အဖေ ဖဲသမားက မွေးတယ်ဆိုတော့ ဂျက်၊ ကွင်း၊ ကင်းထဲက ဂျက်ဆိုတဲ့ နာမည်ပေးခဲ့ပါတယ်။ တစ်ခါက လုယက်မှု ကျူးလွန်ရင်း အိမ်ရှင်က ခုခံတော့ ညာဘက်လက်ကျိုးသွားပြီး ကောက်နေပါတယ်။ ဒါကြောင့် အကျိုးကို(ကျိုး)လို့ခေါ်တော့ ဂျက်(ကျိုး)လို့ ထူးထူးဆန်းဆန်း တွင်နေပါတယ်။ သူတို့လက်ထဲမှာ လုပ်သေနတ်တွေ ကိုယ်စီရှိပြီး လက်ရဲဇက်ရဲ လုပ်တတ်ကြတော့ သူတို့ကို လူဆိုးအချင်းချင်းကလည်း ကြောက်ရွံ့ကြပါတယ်။

ရဲတပ်ဖွဲ့က အဖွဲ့သုံးဖွဲ့ခွဲပြီး ခြေရာခံခဲ့ကြတာ ရက်ပေါင်း ၂၀ လောက်ကြာတော့မှ စခန်းမှူး မော်ထွန်းက စာရေးသူထံ ရဲတပ်ဖွဲ့ဝင် ဆက်သားတစ်ဦး အမြန်လွှတ်ပြီး သတင်းလာပို့ပါတယ်။ သတင်းကတော့ ဂျက်(ကျိုး)ဟာ ဒီပဲယင်းမြို့နယ်၊ ခွန်ဒေါင်းရွာကို ရှပ်ဖျက်ပြီး ဒီနေ့နံနက်က ရောက်နေတယ်လို့ တိတိကျကျ သတင်းရတယ်။ ဘေးနံအဖွဲ့တွေနဲ့ အဆက်အသွယ်ယူပြီး ဒီည အမိအရ ဖမ်းပါ့မယ်တဲ့။

အဲဒီအချိန်က စခန်းမှူးမော်ထွန်းနဲ့အဖွဲ့ဟာ အရာတော်နယ်ထဲမှာ ခြေရာခံနေရာက ဒီပဲယင်းမြို့နယ်၊ ခွန်ဒေါင်းရွာအရောက် တောလမ်းခရီးကို ခြေလျင်ခရီးပြင်းနှင်ကြမည်ဖြစ်ပါသည်။ လမ်းလျှောက်ချိန် ၁၀ နာရီခန့်ကြာမည် ဖြစ်ပါတယ်။ လူဆိုးများလက်ဝယ်၌ ကျည်လွတ်သော လုပ်သေနတ်



www.burmeseclassic.com

www.burmeseclassic.com

များရှိနေပြီး ဂျက်(ကျိုး)မှာ လူသတ်မှု၊ ဓားပြမှု၊ လုယက်မှု၊ မုဒိမ်းမှုပေါင်း အမှု ၂၀ ကျော်ကို ကျူးလွန်ခဲ့သော ဇက်ရဲ လက်ရဲ ဓားပြခေါင်းဆောင် ဖြစ်ပါတယ်။ သူ့ဖမ်းမိရေး အတွက် ကိုးမြို့နယ်က ရဲတပ်ဖွဲ့ဝင်ပေါင်း ၂၀၀ ကျော် သုံးလ ခန့် စီမံချက်ဖြင့် အပင်ပန်းခံ လှုပ်ရှားခဲ့ရပါတယ်။ အခုတော့ သူနဲ့ ထိပ်တိုက်တွေ့မယ့်အဖွဲ့က စခန်းမှူး မော်ထွန်း ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင် တပ်စိတ်တစ်စိတ် ဖြစ်ပါတယ်။ တပ်ဖွဲ့ဝင်များကလည်း စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့မှ လက်ရွေးစင် အရည်အချင်းရှိ တပ်ဖွဲ့ဝင်များ ဖြစ်ကြပါတယ်။ အရှုံးအမြတ်ကတော့ ဒီပွဲပြီးမှ သိရမည် ဖြစ်ပါတယ်။

တပည့်ရဲတပ်ဖွဲ့ဝင်များ ပြည်သူအတွက် အားကျိုး မာန်တက် ဆောင်ရွက်ခြင်းဖြစ်၍ အောင်မြင်ပါစေဟု ဆုတောင်းမိပါတယ်။

စာရေးသူအနေနဲ့လည်း စိတ်စောစွာဖြင့် အဖြေကို သိချင်လှပြီ ဖြစ်ပါတယ်။ ညနေပိုင်းတွင် စာရေးသူအဖွဲ့ ခွန်ဒေါင်းရွာနဲ့ အနီးဆုံးဖြစ်မည့် ဒီပဲယင်းရဲစခန်းတွင် အသင့် သွားစောင့်ရန် ဆုံးဖြတ်ခဲ့ပါတယ်။ ဒီပဲယင်းရဲစခန်းကို ည ၇ နာရီလောက် စာရေးသူတို့ ရောက်ခဲ့ကာ စောင့်ဆိုင်းခဲ့ကြပါတယ်။ မြို့နယ်ရဲတပ်ဖွဲ့မှူးကလည်း သတင်းရပြီးဖြစ်လို့ လူဆိုးများ ထွက်မပြေးနိုင်စေရန် ပိတ်ဆို့ရေးတာဝန်များ စီစဉ်ထားပြီး ဖြစ်ပါတယ်။

ည ၁၀ နာရီ ၃၅ မိနစ်တွင် ရဲတပ်ဖွဲ့ဝင် ဆက်သား တစ်ဦး စက်ဘီးဖြင့် ဒီပဲယင်းစခန်းကို အမြန်ဆက်သားအဖြစ် သတင်းလာပို့တယ်။ ဂျက်(ကျိုး) အပါအဝင် နာမည်ကြီး ဓားပြ ကြည်မောင်၊ သန်းဝင်းတို့ အပါအဝင် ၇ ယောက် ရွာအစွန် မှာရှိတဲ့ တဲအတွင်း အရက်ဝိုင်းဖွဲ့သောက်ကာ ညစာ စားနေစဉ် စခန်းမှူး မော်ထွန်းနဲ့အဖွဲ့ အချိန်မီရောက်လာပြီး ရွာအဝင် တံခါးနဲ့ တဲအနီးချထားတဲ့ ဓားပြအဖွဲ့ ရဲကင်းကို ကျေးရွာသူ ကျေးရွာသားများ အကူအညီနဲ့ အသံမထွက်စေဘဲ ဖမ်းနိုင်ခဲ့ ကြောင်း၊ တဲကိုဝိုင်းထားကာ ဦးမော်ထွန်းနှင့်အဖွဲ့က တဲအတွင်း ဝင်ဖမ်းရာ ဂျက်(ကျိုး)က အဖမ်းမခံဘဲ သူ့လက်ဝယ် အသင့် ရှိနေသော ကာဘိုင်ကျည်ဖြင့်ပစ်သော လုပ်သေနတ်ဖြင့်ပစ်ရာ ကံကောင်းထောက်မစွာနဲ့ ဦးမော်ထွန်း၏ စစ်မြေပြင်ဝတ် ဂျာကင်၏ လက်ဝဲဘက် ချိုင်းအောက်မှ ဖောက်သွားခဲ့ပါတယ်။ လူကို မထိခဲ့ပါ။ ဦးမော်ထွန်းကလည်း သူ့ကို ရဲတပ်ဖွဲ့ ထုတ်ပေးထားတဲ့ ခြောက်လုံးပြူးနဲ့ သူပစ် ကိုယ်ပစ် ပြိုင်တူပစ် ရာ ဂျက်(ကျိုး)ခေါင်းကို တည့်တည့်ကြီး ထိမှန်လဲကျသွားခဲ့ပါ တယ်။ ဘေးက လူဆိုးတွေကတော့ အဖမ်းမခံဘဲ ထွက်ပြေးဖို့ ကြိုးစားခဲ့ပါတယ်။ ဝိုင်းထားပြီးဖြစ်တဲ့ ရဲတပ်ဖွဲ့ဝင်များနဲ့ ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဖမ်းဆီးခဲ့လို့ ဓားပြဂိုဏ်း ခေါင်းဆောင်တွေ အပါအဝင် အားလုံးကို ဖမ်းမိခဲ့ပါတယ်။ သူတို့ကို စစ်ဆေးဖော်ထုတ်ချက်အရ ဖြစ်မှုကျူးလွန်သူ ရာကျော်အောင် ဆက်လက်ဖော်ထုတ်ခဲ့ပါတယ်။ လက်နက် ပုန်းများစွာနဲ့ တိုက်ရာပါပစ္စည်းတွေ ပြန်သိမ်းနိုင်ခဲ့လို့ တရားရုံး အသီးသီးမှာ တရားစွဲနိုင်ခဲ့ပါတယ်။ စီမံချက်ပါ ကိုးမြို့နယ် အပါအဝင် စစ်ကိုင်းတိုင်းတောင်ပိုင်းမှာ အေးချမ်းသာယာ အောင် ဆောင်ရွက်နိုင်ခဲ့လို့ စီမံချက်မှာ ပါဝင်ခဲ့တဲ့ ထူးချွန်တဲ့ တပ်ဖွဲ့ဝင်တွေကို ဆုအသီးသီး ချီးမြှင့်ခဲ့ပါတယ်။

ယခု ရဲမှူးမော်ထွန်းဟာလည်း ဆုချီးမြှင့်ခံခဲ့ရ ပါတယ်။

လွန်ခဲ့သော ၂၅ နှစ်ခန့်က အဖြစ်အပျက်တစ်ခုကို စဉ်းစားရင်း ယနေ့တွင်လည်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ သည် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး အတွက် ပြည်သူများနှင့် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက် လျက် ရှိနေကြပြီ ဖြစ်ပါတယ်။

ဦးမော်ထွန်းလို ရဲတပ်ဖွဲ့ဝင်တွေ အများကြီး ပေါ် ထွက်ပါစေဟု. . .။

---

**ခင်မောင်ထွန်း(လမ်းမတော်)**



www.burmeseclassic.com

www.burmeseclassic.com

# သေဒဏ် (Death-Sentence) အမျိုးမျိုး

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

မြန်မာနိုင်ငံအနေဖြင့် 'သေဒဏ်'(Death Sentence) ကို မပယ်ဖျက်သေးသည့်အပြင် အိမ်နားနီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း သေဒဏ်ကို အာဏာတည်ဆဲ ကျင့်သုံးလျက်ရှိ၏။ ဒါကာမြို့၊ ဒီဇင်ဘာ ၁၂ ရက်၊ ၂၀၁၃ ရက်နေ့ သတင်းတစ်ရပ်ဖော်ပြချက်တွင် ဘာသာရေးအစွန်းရောက် အစ္စလာမ္မစ်ခေါင်းဆောင်ဖြစ်သူ မစ္စတာ အဗ္ဗဒူကာဒါအား သေဒဏ်ချမှတ်မှုကို ဘင်္ဂလားဒေ့ရှ်တရားရုံးချုပ်က အတည်ပြုလိုက်သည်ဟုဆိုသည်။ ယနေ့မျက်မှောက်ကာလဝယ် သေဒဏ်ကြိုးမိန့် လျှပ်စစ်ကုလားထိုင်သေဒဏ်ကို ကျင့်သုံးလျက်ရှိသည်။ ရှေးခေတ်ကမူ အောက်ဖော်ပြပါ ရက်စက်ကြမ်းကြုတ်လှသော သေဒဏ်များ ရှိခဲ့ဖူးသည်ကို လေ့လာတွေ့ရှိရပါသည်။ ယင်းသည်ကား –

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ကျော်ခန့်က ချမှတ်ကျင့်သုံးခဲ့ဖူးသော သေဒဏ်စီရင်ချက်အမျိုးမျိုးဖြစ်ပေသည်။ ရက်စက်လွန်း၍ ယခုခါ ပယ်ဖျက်လိုက်ပြီး ဖြစ်ပါသည်။

(၁) ရေဆူ၊ ဆီပူထဲသို့ ထည့်ပြုတ်ခြင်း၊
(၂) မီးရှို့ခြင်း၊
(၃) မီးခိုးခေါင်းတိုင် ဖက်စေ၍ သေစေခြင်း၊
(၄) ကင်၍၊ ဖုတ်၍ သေစေခြင်း၊
(၅) ဆို့နင့်အောင်ပြုလုပ်ခြင်း၊
(၆) ရေနွေးပူပူဖြင့် ပေါင်းသတ်ခြင်း၊
(၇) ဦးခေါင်းဖြတ်စက်ဖြင့် ခေါင်းဖြတ်သတ်ခြင်း၊
(၈) ခြေဖြတ်၊ လက်ဖြတ် သတ်ခြင်း၊
(၉) ကားစင်တင်သတ်ခြင်း၊
(၁၀) ကျောက်ခဲဖြင့် ပစ်ပေါက်သတ်ခြင်း

ဟူ၍ ဖြစ်ပါသည်။

ယခု မျက်မှောက်ခေတ်တွင်မူ –

(၁) ကြိုးပေး၍သတ်ခြင်း၊
(၂) လျှပ်စစ်ခုံကုလားထိုင် ဓာတ်လွှတ်ပြီးသတ်ခြင်း၊
(၃) အဆိပ်ငွေ့ဖြင့်သတ်ခြင်း၊
(၄) ရိုင်ဖယ်သေနတ်ဖြင့် ပစ်သတ်ခြင်း၊
(၅) အဆိပ်ဆေးထိုး၍သတ်ခြင်း

ဟူ၍ ဖြစ်ပါသည်။

သေဒဏ်အဖြစ်မှ ပယ်ဖျက်လိုက်သော နိုင်ငံများမှာ အတော်ပင် နည်းပါးပါသေးသည်။ ယင်းမှာ အီတလီနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ အနောက်ဂျာမနီနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ စပိန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ မက္ကဆီကိုနိုင်ငံနှင့် အစ္စရေးနိုင်ငံ အသီးသီးတို့ ဖြစ်ပါသည်။ ယခု နောက်ဆုံး ၂၀၀၆ ခုနှစ်၊ ဇွန်လတွင် ဖိလစ်ပိုင်နိုင်ငံကလည်း သေဒဏ်ကို ပယ်ဖျက်လိုက်ပြီဟု သိရသည်။

ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

***Ref:-***

(၁) မြတ်လေးမဂ္ဂဇင်း
(၁၉၈၇ ခုနှစ်၊ အောက်တိုဘာလ)
(၂) C.S.T (Singapore)
(16.6.2007)
(၃) ကြေးမုံ
(၁၃. ၁၂. ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

# အဆိပ်သင့်ဟိုတယ်ခန်း သားသေဆုံးသွားပြီးနောက် ပထမဆုံးအကြိမ် မိခင်မှ ထုတ်ဖော်ပြော

● ဦးတိုး(တက္ကသိုလ) ●

မိခင်ဂျင်းနီဝီလီယံ (Jeannie Williams)သည် သူမ၏ ၁၁ နှစ်သားကလေး ဂျက်ဖရီ (Jeffrey) အသက်ရှင်လျက်ရှိနေသည်ကို ပြန်ပြောင်းမှတ်မိနေသေးသည်။ "သားလေးက iPad နဲ့ ဂိမ်းကစားနေတဲ့အခါ ခုတင်အစွန်းမှာ ထိုင်နေတာကို ကျွန်မနောက်ဆုံးမြင်ခဲ့ရပါတယ်"ဟု ABC's "20/20" တွင် သီးခြားတွေ့ဆုံခန်း၌ ဝီလီယံမှ ပြောကြားလိုက်သည်။

ဝီလီယံနှင့် သူမ၏သားတို့သည် အင်စီ၊ ဘွန်းမြို့ရှိ Blue Ridge Plaza Best Western ဟိုတယ် အခန်းနံပါတ် ၂၂၅ သို့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် တည်းခိုခဲ့ကြသည်။ နောက်တစ်နေ့တွင် သိပ္ပံစခန်းချနေသည့် သမီး ဘရိုင်ယန်နီ (Brianne) (၁၇ နှစ်)ကို သွားခေါ်ရန် စီစဉ်နေကြသည်။ သို့သော်လည်း ထိုနေ့ည အဝေးအတွင်းမှာပင် အသက် ၄၉ နှစ်ရှိ မိခင်သည် မူးဝေပြီး အန်ချင်လာသဖြင့် ရေချိုးခန်းထဲသို့ သုတ်ခြေတင် ပြေးဝင်သွားလိုက်သည်။ ပထမဆုံး ခေါင့်ခေါင့်ထိုင်လိုက်ပြီး နောက်ဆုံးတွင် ကြမ်းပြင်ပေါ်သို့ တစောင်းလှဲ အိပ်ယစ်လိုက်သည်။ ထိုအချိန်တွင် သူမ၏ တယ်လီဖုန်းကို အိပ်ခန်းတွင်း အားသွင်းထား၍ သွားယူရန် တံခါးဆီသို့ ကြိုးစားကာ ရွေ့သွားသည်။ တစ်ဦးဦးကို အကူအညီတောင်းရမည်။ ဖုန်းဆီမသွား၍ မဖြစ်။ သို့သော်လည်း သူမသည် မည်သို့ပင် ကြိုးစားစေကာမူ ဖုန်းအနီးသို့ ရောက်မသွားခဲ့တော့ပေ။


သမီးကြီး ဘရိုင်ယန်နီသည် မိခင်





www.burmeseclassic.com

www.burmeseclassic.com




လာမခေါ်သောကြောင့် အဖေ့ထံသို့ ဖုန်းလှမ်းဆက်သည်။ မစ္စတာဝီလီယံက တစ်ဖန် ဟိုတယ်သို့ လှမ်းမေးလိုက်သည်။ ဟိုတယ်စာရေးသည် အခန်းအမှတ် ၂၂၅ သို့ သွားရောက်စစ်ဆေးသောအခါ ဝီလီယံနှင့် ဂျက်ဖရီကို တွေ့ရသည်။ ဝီလီယံသည် ဟိုတယ်ရှိ ဆေးရုံပေါ်တွင် ဆေးဝါးကုသပေး၍ ပြန်နိုးလာသည်။ စကားမပြောနိုင်သဖြင့် သူ့မ၏ခင်ပွန်းထံသို့ ဖုန်းဖြင့် စာရိုက်သတင်းမေးလိုက်သောအခါ စာပြန်လာသည်။ "ဂျက်ဖရီ ယေရှုခရီရောက်သွားပြီ"ဟု စာပြန်လာသည်။ သူ့မ၏သားကလေး ဂျက်ဖရီသည် ကာဗွန်မိုနောက်ဆိုက် အဆိပ်ကြောင့် သေဆုံးသွားကြောင်း သိရှိလိုက်ရသောအခါ သူမသည် တုန်လှုပ်ချောက်ချားသွားလေတော့၏။ လွန်ခဲ့သည့် သီတင်းခုနစ်ပတ်လောက်ကလည်း ဤအခန်းတွင်း၌ လင်မယားနှစ်ဦး ဤကဲ့သို့ သေဆုံးသားကြောင်း သိရှိရပြန်သော် ထိတ်လန့်တုန်လှုပ်သွားပြန်သည်။ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၆ ရက် အခိုပါ ၂၂၅ အခန်းမှာပင် အသက် ၇၃ နှစ်ရှိ ဒါရယ်လ်ဂျင်ကင်းစ် (Daryl Jenkins) နှင့် အသက် ၇၂ နှစ်ရှိ ရှာလေး ဂျင်ကင်းစ် (Shirley Jenkins) တို့အား သေဆုံးနေကြသည်ကို တွေ့ရှိကြရသည်။ ဘွန်းမြို့အရေးပေါ်ဆေးကုသရေးအဖွဲ့ WATAUGA MEDICS မှ မိုက်အက်မစ်စတင်း(Mike Edmisten) EMT ဆေးမှူးသည် ယခင်ကလည်း ဤအခန်းသို့ အလားတူဖြစ်ရပ်အား လာရောက်စစ်ဆေးခဲ့သူဖြစ်သည်။ ဂျင်ကင်းစ်တို့ သေဆုံးသွားပြီးနောက် သီတင်းခြောက်ပတ်အကြာတွင် အခန်းအမှတ် ၂၂၅ ကို ပြန်လည်၍ အသုံးပြုရန် ဖွင့်ပေးထားလိုက်ပြီ ဖြစ်သည်။ Blue Ridge Plaza Best Western ဟိုတယ်သည် Best Western ကွင်းဆက် ဟိုတယ်လုပ်ငန်းမှ ပိုင်ဆိုင်ထားခြင်းမရှိဘဲ သီးခြားပုဂ္ဂလိကပိုင် ဖြစ်သည်။

ဤဖြစ်ရပ်များနှင့် ပတ်သက်၍ သို့လော သို့လော တွေးတောနေကြသော်လည်း Watauga County ဝတ်တောဂါ့ စီရင်စု ဆေးဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာ ဘရင့်ဟော (Dr. Brent Hall) ၏ ဆုံးဖြတ်ချက်အရ မည်သည့်ပယောဂမှ မပါဘဲ သဘာဝအကြောင်းခြင်းရာကြောင့် ဂျင်နီ သားအမိ ကွယ်လွန်သွားခြင်းဖြစ်ကြောင်း သိရှိရသည်။ တစ်နေရာတည်းမှာပင် ဖြစ်ရပ်တစ်ခုတည်းသည် တိုက်ဆိုင်နေမှုပေလော။

ဦးတိုး(တက္ကသိုလ)


**Reference:**

Poison Hotel Room: Mother Speaks For First Time Since Son's Death.



www.burmeseclassic.com

www.burmeseclassic.com



# အိပ်မက်စေတမန်

အောင်ကြည်ညွန့်(တက္ကသိုလ်)

ထူးခြားဆန်းကြယ်သော အိပ်မက်သည် လူ့ဘဝ၏ ဖြစ်စဉ်တစ်ရပ်ဖြစ်သည်။ အိပ်မက်မမက်ဖူးသောသူဟူ၍ မကြားဖူးပေ။ အိပ်မက်ကို မြန်မာလူမျိုးတို့ ယုံကြည်သည်။ အယူရှိကြသည်။ ထို့အတူ အရှေ့တိုင်းယဉ်ကျေးမှု၊ အနောက်တိုင်းယဉ်ကျေးမှုတို့ကလည်း အိပ်မက်ကို ယုံကြည်ကြပါသည်။ အတိတ်နိမိတ် ကောက်ကြသည်။ ကံဆိုးကံကောင်း ရွေးတတ်ကြသည်။

အိပ်မက်အရ ဘုရားများ တူးဖော်တွေ့ရှိသည့် သတင်း၊ ဉစ္စာစောင့်က အိပ်မက်ပေး၍ ရွှေအိုးများ တူးဖော်တွေ့ရှိသည့် သတင်း စသည်တို့ ကြားမိကြမည် ထင်ပါသည်။ ထို့ပြင် မြန်မာပညာရှိတို့သည် အိပ်မက်နှင့် ပတ်သက်သော အတိတ်တဘောင်များကို ကျမ်းတစ်စောင် ပေတစ်ဖွဲ့ 'အိပ်မက်ကျမ်း' များအဖြစ် ရေးသားခဲ့ကြသည်။

အိပ်မက်တို့သည် အမှန်ပင် ထူးခြားအံ့ဩဖွယ် ကောင်းလှပါသည်။ လက်တွေ့ခံစား သိမြင်လုပ်ကိုင်ဖူးသူတို့က ပို၍ပင် ယုံကြည်သွားတတ်ပါသည်။

ကျွန်တော် ကြုံတွေ့ရသော အိပ်မက်တစ်ခုအကြောင်း ပြောပြပါမည်။

အိပ်မက်မှာ ကျွန်တော်မက်သော အိပ်မက်မဟုတ်ပါ။ ဂျပန်လူမျိုး အသက် ၅၀ ကျော်အရွယ် အဘိုးအိုတစ်ယောက် မက်ခဲ့သော အိပ်မက်ဖြစ်ပါသည်။ သူ့အိပ်မက်ကြောင့် သူနှင့်ကျွန်တော် တွေ့ဆုံခဲ့ရခြင်း ဖြစ်သည်။

၁၉၈၂ ခုနှစ်က ကျွန်တော် ဂျပန်နိုင်ငံသို့ ပညာတော်သင် သွားရပါသည်။ ကျောင်းသားတစ်ယောက်၏ အတန်းစာ ပညာတော်သင်မဟုတ်ဘဲ အလုပ်ပညာတော်သင် ဖြစ်ပါသည်။ N.H.K ဗဟိုကျောင်းက ကြီးမှူးဖွင့်လှစ်သော ရုပ်မြင်သံကြား ထုတ်လုပ်ရေး သင်တန်းဖြစ်ပါသည်။

သင်တန်းပြီးဆုံးသောအခါ ကျွန်တော်တို့ သင်တန်းသားများကို ဂျပန်နိုင်ငံ၏ ကျွန်းကြီးသုံးကျွန်းသို့ အလည်

www.burmeseclassic.com

အပတ်လေ့လာရေး လိုက်ပို့ပါသည်။

ထိုကျွန်းပေါ်တွင် တည်ရှိသော ကမ္ဘာကျော် ဂျပန်မြို့ကြီးများသို့ ရောက်ခဲ့ပါသည်။ ဥပမာ–ကျိုတို၊ နာရာ၊ တောင်ဘက်စွန်းရှိ ဟီရိုရှီးမား မြို့သို့လည်း ရောက်သည်။ မြောက်ဘက်အစွန်ဆုံး ရေခဲပြည်နှင့် နီးသော 'ဟိုကိုက်ဒိုး'ကျွန်းကြီးပေါ်ရှိ 'ဆပ်ပိုရိုး' မြို့နှင့် 'အိုဘီဟီရိုး'မြို့တို့ထံ ရောက်ခဲ့ရသည်။ 'အိုဘီဟီရိုး'မြို့တစ်နေရာတွင် ကျွန်တော်နှင့် ဂျပန်အဘိုးအိုတို့ တွေ့ဆုံကြခြင်း ဖြစ်သည်။ အဖြစ်ကို ရှင်းပြပါမည်။

လမ်းမတစ်နေရာတွင် အဖော်များနှင့် လျှောက်သွားနေစဉ် 'ဘိရုမာ' 'ဘိရုမာ'ဟု ဂျပန်သံဝဲဝဲဖြင့် ခေါ်သံကြားသဖြင့် လှည့်ကြည့်မိသည်။ ကျွန်တော့်ကို ခေါ်နေသူ ဂျပန်အဘိုးအိုမှာ အသားဖြူဖြူ၊ ဆံပင်ခေါင်းတုံးနှင့် အရပ်ရှည်ရှည်နှင့် ကျွန်တော့်အား 'ကျေးဇူးရှင်' 'ကျေးဇူးရှင်'ဟု ဂျပန်သံဝဲဝဲဖြင့် ခေါ်ပြန်သည်။ လက်ထဲတွင် ဂျပန်မြန်မာစကားပြော အသံထွက် စာအုပ် 'ရိုမန်းဂျီး'စာအုပ်ကလေး ကိုင်ထားသည်။ ကြည့်လိုက်၊ ပြောလိုက်နှင့် သူ့စကား ကိုယ်နားမလည်၊ ကိုယ့်စကား သူနားမလည်နှင့် ဒုက္ခပါတကား။

နောက်ဆုံး ကျွန်တော်တို့၏ ဆက်သွယ်ရေးမှူး 'အိဒီ'က စကားပြန်ပေးမှ အဆင်ပြေသွားပြီး ကျွန်တော် ညအိပ် တည်းခိုမည့် ဟိုတယ်သို့ ချိန်းဆိုရသည်။

ဆိုက်ဆိုက်မြိုက်မြိုက်ပင် အဘိုးအိုပုဂ္ဂိုလ်ကြီး ကျွန်တော့်ဟိုတယ်သို့ ရောက်လာပါသည်။ သူ့နာမည်က 'ဆာကာမိုတို'တဲ့၊ မြန်မာပြည် စစ်မျက်နှာမှာ ဒုတိယကမ္ဘာစစ်အတွင်းက စစ်ဦး ဘီလူးအဖြစ် ၁၉၄၂ ခုနှစ် နှစ်ဦးမှာ ယိုးဒယားကနေဝင်ခဲ့သူ ဖြစ်ကြောင်း ပြောပြသည်။

သူ ကျွန်တော့်ကို ဘယ်လို အဆက်အသွယ်ရလဲဟု မေးသောအခါ သူ့အဖြေစကားကြောင့် မေးသူ ကျွန်တော် အံ့ဩသွားရသည်။

အဖြစ်က ဤသို့ပါ။

သူတို့မြို့သို့ ပညာတော်သင် လေ့လာရေးအဖွဲ့ လာရောက်မည်၊ ထိုအဖွဲ့ထဲတွင် ဗမာလူမျိုးတစ်ဦး ပါလာမည်၊ ပုံပန်းသဏ္ဌာန်က ဘယ်လိုရှိသည် စသည်ဖြင့် အိပ်မက်မက်သည်ဟု ဆိုသည်။ ထို့ကြောင့် အိုဘီဟီရိုးမြို့ရှိ နိုင်ငံခြားဧည့်သည်များ တည်းခိုလေ့ရှိသည့် ဟိုတယ်နေရာတွင် မယောင်မလည်နှင့် ရှာဖွေကြည့်မိနေသည်။ ကျွန်တော်၏ ရုပ်ပုံကို အိပ်မက်ထဲတွင် မြင်တွေ့ရသဖြင့် ဤကဲ့သို့လိုက်၍ မေးမြန်းမိတ်ဆက်ခြင်း ဖြစ်ကြောင်း ပြောပြသည်။

'မစ္စတာဆာကာမိုတို'က ဒုတိယကမ္ဘာစစ်အတွင်းက သူ၏ အဖြစ်အပျက်ကို စီကာပတ်ကုံး ပြောပြသည်။ သို့သော် ကျွန်တော်က ဂျပန်စကား လုံးစေ့ပတ်စေ့နားမလည်ရကား အခက်အခဲ တွေ့ရသည်။ သို့သော် သူ့အဖြစ်သနစ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာရွက်ကို ကျွန်တော့်ကို ပေးသည်။ ကျွန်တော် ဖတ်လိုက်သောအခါ ...

'မစ္စတာဆာကာမိုတို'သည် ဂျပန်စစ်ဦးဘီလူးတိုက်ပွဲဝင် ဂျပန်စစ်သားလေး ဖြစ်သည်။ ထိုစဉ်က သူ၏ အသက်မှာ ၁၄ နှစ်သာ ရှိသေးသည်။ ဂျပန်များ စစ်ရှုံးသောအခါ တပ်ပျက်ပြီး ယိုးဒယားဘက်သို့ ကစဉ့်ကလျား ထွက်ပြေးကြရသည်။ သူထွက်ပြေးစဉ် ရေတွင်းတစ်ခုထဲသို့ ကျသွားသည်။ တစ်ညလုံး ရေတွင်းထဲတွင် ကြောက်ကြောက်လန့်လန့်နှင့် နေခဲ့ရသည်။ နံနက်ရောက်လျှင်လည်း ဗမာစစ်သားတော်လှန်ရေးသမားနှင့် ရွာသူရွာသားတွေ တွေ့သွားလျှင်လည်း သူ့အသက်ဘေးက စိုးရိမ်ရသည်။ တစ်ညလုံး ရေဆာ၊ ဗိုက်ဆာ၊ တစ်ကိုယ်လုံး ရေစိုရွှဲပြီး ခိုက်ခိုက်တုန်ချမ်းနေသည်။

အလင်းရောင် မြင်ရသောအခါတွင် 'ဆာကာမိုတို' အလွန်ပျော်သွားသည်။ စိတ်ထဲမှာလည်း နွေးသွားသည်။ ရေတွင်းထဲသို့ ရေပုံးတစ်ခု ကျလာသည်။ သူလည်း ဝမ်းသာအားရနှင့် ရေပုံးနှင့်ကြိုးကို ဆွဲထားလိုက်မိသည်။ ရေတွင်းမျက်နှာဝမှာ အလွန်လှပချောမောသော မိန်းကလေး မျက်နှာလေး တစ်ခုမြင်လိုက်ရပြီး ရေပုံးကြိုးကို သူကဆွဲ၊ ရေတွင်းပေါ်က မိန်းကလေးက ဆွဲနှင့် လွန်ဆွဲပွဲသဖွယ်ဖြစ်သွားပြီး ရေတွင်းထဲကလူနှင့် ရေတွင်းပေါ်က သူတို့ဟက်ဟက်ပက်ပက် ရယ်ကြသည်။

နောက်ဆုံးတော့ 'ဆာကာမိုတို' ကို ရေတွင်းထဲမှ ကယ်ထုတ်နိုင်ခဲ့ပြီး ရေတွင်းပိုင်ရှင်အိမ်တွင် အဖျားရောဂါကို သုံးရက်ခန့် ကုသပြီး လေးရက်မြောက်သောနေ့ ညအချိန်တွင် ယိုးဒယားဘက်သို့ ထွက်ပြေးရန် စီစဉ်ခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

သူ့အား ရေတွင်းထဲမှ ကယ်တင်ခဲ့သည့် ကျေးဇူးရှင်မလေး ရီရီနှင့် သံယောဇဉ်ကြိုး ရစ်ပတ်ခဲ့လေပြီ၊ မခွဲနိုင်မခွာရက် ဖြစ်ကြသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com

အချစ်ရေးထက် စစ်ရေးကခက်၊ လွမ်းရေးထက် ဝမ်းရေးကခက် ဆိုသည့်အလား ခုနစ်ရက်မြောက်ညတွင် 'ဆာကာမိုတို'သည် 'ရီရီ'တို့ ရွာကလေးမှ တိတ်တဆိတ် ထွက်ခွာခဲ့တော့သည်။ 'ရီရီ'သည် သူ့အိမ်ခြံဝသို့လိုက်ပို့ရင်း တစ်ဦးနှင့်တစ်ဦး ရင်ချင်းအပ်ကာ တင်းတင်းကျပ်ကျပ် ဖက်ထားမိကြသည်။ ရီရီမျက်လုံးအိမ်မှ မျက်ရည်ပူများ စီးကျလာသည်။ 'ဆာကာမိုတို'သည် ရီရီ၏ နဖူးပြင်ကလေးကို ဖွဖွလေးနမ်းပြီး နောက်သို့ပင်လှည့်မကြည့်ဘဲ မှောင်ထဲသို့ တိုးဝင်သွားခဲ့သည်။

□

ကျွန်တော့်အား 'ဆာကာမိုတို'က သူနှင့်ရီရီအကြောင်းကို တတ်သမျှ မှတ်သမျှ မြန်မာစကား၊ အင်္ဂလိပ်စကား၊ ဂျပန်စကားတို့ဖြင့် ရှင်းပြသည်။ ကျွန်တော်က အနှစ်ချုပ်ကို နားလည်ခံစားမိသည်။ သူ့စကားများတွင် 'ကျေးဇူးရှင်'ဟူသော မြန်မာစကား၊ ရီရီစံဆိုသော မြန်မာစကား အခါခါ ကြားနေရသည်။

နောက်တစ်နေ့ နံနက်တွင် မစ္စတာ'ဆာကာမိုတို' ကျွန်တော်တည်းခိုရာ ဟိုတယ်သို့ ရောက်ရှိလာပြီး နံနက်စာအတူစားကြသည်။ သူပြောချင်သော စကားများကို ကျွန်တော်တို့အဖွဲ့မှ စကားပြန်၏အကူအညီနှင့် သူ၏ ကျေးဇူးရှင်ဖြစ်သော ရီရီကို ကူညီရှာဖွေပေးရန် ပြောသည်။ ကျေးရွာအတိအကျ၊ အသက်အရွယ် အတိအကျ ပြောပြသည်။ ဒေါ်ရီရီကို ကူညီရှာဖွေပေးရန်၊ အသက်ရှင်လျက် ရှိမရှိ စုံစမ်းပေးရန်၊ တွေ့ရှိပါက သူနှင့် ရန်ကုန်တွင် တွေ့ဆုံနိုင်အောင် စီစဉ်ပေးရန်တို့ကိုပါ မေတ္တာရပ်ခံသည်။ ကျွန်တော် ဝန်ခံကတိပြုခဲ့ပါသည်။

ကိုယ်ချင်းစာစိတ်၊ ပရဟိတစိတ် အခံရှိသော ကျွန်တော်သည် 'ဆာကာမိုတို'ပေးလိုက်သော တာဝန်ကို ရန်ကုန်ပြန်ရောက်သည်နှင့် စတင်ထမ်းဆောင်ပါသည်။ ကံကောင်းသည်မှာ ကျွန်တော်နှင့် တက္ကသိုလ်ကျောင်းနေဖက် အဆောင်တစ်ခန်းထဲနေ ကိုစံညွန့်သည် အခင်းဖြစ်ပွားခဲ့သည့် မြို့နယ်မှ လ.ဝ.က မှူး ဖြစ်နေသည်။ ကိုစံညွန့်ထံ အကျိုးအကြောင်းစုံစုံလင်လင် စာရေးသားပြီး အကူအညီ တောင်းရတော့သည်။ တစ်လမျှကြာသောအခါ ကျွန်တော်သိချင်သော အမျိုးသမီးကြီး ဒေါ်ရီရီကို တွေ့ရှိခဲ့တော့သည်။ ဖြစ်ပျက်ခဲ့သော အဖြစ်သနစ်ကို မှန်ကန်စွာ ပြန်လည်ပြောပြနိုင်သည်ဟု ကိုစံညွန့်က ပြောသည်။

ကျွန်တော် 'ဆာကာမိုတို'ထံသို့ ဆောင်ရွက်ပြီးစီးသမျှကို စာရေးအကြောင်းကြားသည်။ ဒေါ်ရီရီတွင် သားတွေ၊ သမီးတွေ၊ မြေးတွေနှင့် ဖြစ်နေပြီဆိုသည့်အကြောင်းကိုလည်း ထည့်ပြောရသည်။

သူ၏ ပြန်စာကို ကျွန်တော်အံ့သြသွားရပါသည်။ ယခုစာရအပြီး တစ်လအတွင်း ရန်ကုန်သို့လာပါမည်။ ဒေါ်ရီရီကိုလည်း ရန်ကုန်မြို့သို့ ကျေးဇူးပြု၍ ခေါ်ယူထားပေးရန် တောင်းပန်ထားသည်။ ကုန်ကျစရိတ်များ အားလုံးကို သူတာဝန်ယူမည်။ ခေတ္တခဏ စိုက်ထုတ်ပေးထားရန် မေတ္တာရပ်ခံလေသည်။

'ဆာကာမိုတို'နှင့် ရီရီတို့၏ အဖြစ်သည် ရုပ်ရှင်ဇာတ်လမ်းတစ်ခုသဖွယ် စိတ်ဝင်စားစရာ ကောင်းလှသည်။ ကုသိုလ်ရသည့် လုပ်ငန်းဖြစ်သည့်အတွက် ကျွန်တော် ဒါရိုက်တာလုပ်လိုက်သည်။ မြို့ခံသူငယ်ချင်း ကိုစံညွန့်ထံ ငွေများပို့ပြီး ရန်ကုန်အရောက် ပို့နိုင်းရတော့သည်။ သူငယ်ချင်းကလည်း စိတ်တူသဘောတူမို့ ဤဇာတ်တွင် တွဲဖက်ဒါရိုက်တာကြီး ဝင်လုပ်ခဲ့သည်။

ဒေါ်ရီရီနှင့် 'ဆာကာမိုတို'တို့ ကျွန်တော်တို့၏ ကူညီမှုဖြင့် ရန်ကုန်မြို့တွင် ဆုံခဲ့ကြလေပြီ။

နှစ်ယောက်စလုံး ချုံးပွဲချ ငိုပါတော့သည်။ ဘာရယ်လို့မသိ ကျွန်တော်တို့ပါ ဝမ်းနည်းမှု ကူးစက်သွားရတော့သည်။

နောက်တစ်နှစ်တွင် 'ဆာကာမိုတို' ရန်ကုန်သို့ ပြန်လာသည်။ ကျွန်တော် လေဆိပ်လိုက်ပို့သည်။ လေဆိပ်တွင် ဒေါ်ရီရီနှင့် သူ၏သားနှင့် မြေးမလေးနှစ်ဦး တွေ့ရသည်။ သူတို့ကို ဂျပန်ပြည်သို့ အလည်အပတ်ခေါ်သွားမည် ဖြစ်ပါသည်။

ဒေါ်ရီရီသည် သားနှင့်မြေးနှစ်ယောက်ကို လက်ဆွဲလျက် ပြည်ပထွက်ပေါက်သို့ဝင်သွားရင်း ကျွန်တော့်ကို သမင်လည်ပြန်ကြည့်ကာ တက်ကြွရွှင်လန်း ဝမ်းမြောက်ခြင်းကြောင့် အားရပါးရပြုံး၍ ပြသွားသော ဒေါ်ရီရီ၏ မျက်နှာလေးကို ယခုတိုင် မြင်ယောင်နေပါတော့သည်။

**အောင်ကြည်ညွန့်(တက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ထင်ယောင်ထင်မှား

ဒါရိုက်တာမျိုးဇော်အောင်

မြွေပွေးထွန်းညို ...

နာမည်နှင့်လိုက်အောင် မြွေပွေးလို လူမျိုး ...။

တကယ်လည်း မိုက်ကန်းသူဖြစ်၏။ အရပ်အမောင်း ကောင်းကောင်း၊ ဗလကောင်းကောင်း၊ အသားမည်းမည်း၊ ရုပ်ဆိုးသည်။ သူ့ဥပမိရုပ်ကြောင့်ပင် ထင်သည်။ လူတော်တော်များများက မြွေပွေးထွန်းညိုကို မြဲကြ၊ လန့်ကြ၊ ကြောက်ကြ၏။

ဆင်သေတောင်ရွာ ...။

ရွာစွန်က ကြွက်နီ၏အရက်ဆိုင်သို့ သူရောက်လာလျှင် အရင်သောက်နှင့်နေသူများက ရှောင်ကြ ရှားကြ၏။ အဘယ်ကြောင့်ဆိုသော် ... သူသည် အရက်ကိုကြိုက်ပါ၏။ သို့သော် သူသည် အရက်ကို ကောင်းကောင်းမွန်မွန် သောက်သူမဟုတ်။ မူးလာလျှင် ရန်လုပ်တတ်၍ ပတ်ဝန်းကျင်ကို ပြဿနာရှာတတ်သောကြောင့် ဖြစ်သည်။ ရန်ဖြစ်လျှင်လည်း မချောင်ပေ။ သူ၏ဗလအားကိုးနှင့် တစ်ဖက်သားကို ... ရက်ရက်စက်စက် ထိုးကြိတ် ... ကိုင်ပေါက်တတ်လေသည်။

သူသည် ကြွက်နီ၏ အရက်ဆိုင်သို့ နေ့စဉ် သုံးကြိမ်မှန်မှန် ရောက်တတ်သည်။ မနက် တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေ တစ်ကြိမ် ဖြစ်သည်။ သူရောက်လာလျှင် ကြွက်နီ၏အရက်ဆိုင်တွင် တစ်ကြိမ်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ကြိမ်ကတော့ ရန်ဖြစ်တတ်လေ့ရှိသောကြောင့် သူ့ကိုဆိုလျှင် ရန်ရှောင်သည့်သဘောနှင့် လူတချို့တို့က ရှောင်ကြရှားကြ၏။

ထိုနေ့ကတော့ တာတီးသည် သူငယ်ချင်းမြဒင်နှင့်အတူ အရက်သောက်နေကြစဉ် အရက်ရှိန်တက်၍ ကောင်းနေကြစဉ် မြွေပွေးထွန်းညို တစ်ယောက် ရှုတ်တရက်ရောက်လာသည်ကို တာတီး သတိမထားမိပေ။

မြွေပွေးထွန်းညိုသည် တာတီးတို့နှစ်ယောက် သောက်နေကြသောဝိုင်းကို တစ်ချက် လှမ်းအကဲခတ်လိုက်ပြီး သူထိုင်နေကျနေရာ သစ်ပင်အောက်ရှိ စားပွဲလွတ်တွင် ဝင်ထိုင်လိုက်၏။ ယင်းသို့ မြွေပွေးထွန်းညို သူ့နေရာ၌ ထိုင်လိုက်ပြီးသည်နှင့် ကြွက်နီသည် အရက်ပုလင်းတစ်လုံးခွက်၊ အမြည်း၊ ရေဘူးတို့ကိုယူပြီး အနားသို့ ရောက်လာချပေးလျက် ကြွက်နီပြန်ထွက်သွားလေသည်။ မြွေပွေးထွန်းညို အရက်ကို ဘယ်လိုသောက်တတ်မှန်း၊ အမြည်းဆို ဘာကြိုက်တတ်မှန်း ကြွက်နီသိသည်။ ထို့ကြောင့် သူလာလျှင် အဆင်သင့် စီစဉ်ပြီးသား ဖြစ်နေတတ်လေ၏။

မြွေပွေးထွန်းညိုသည် အရက်ကလေး သုံးလေးခွက်လောက် ဗိုက်ထဲဝင်သွားသည်နှင့် သူ့မျက်လုံးတွေက တစ်ဆိုင်လုံးမှာ သောက်နေကြတဲ့လူများကို ကျီးကန်းအစာလိုက် ရှာသလို ဟိုကြည့် သည်ကြည့် လုပ်လာတတ်သည်။ လေးငါးခြောက်ခွက်လောက် ဗိုက်ထဲရောက်တော့ မျက်လုံးတွေတင်မကတော့ ပါးစပ်တွေ၊ လက်တွေပါ လှုပ်လာသည်။

"ဟေ့ . . . ကြွက်နီ၊ တာတီးဆိုတဲ့ကောင်က ဘာကောင်လဲကွ။ ဒီကောင်က တို့ဆင်သေကောင်ရွာမှာ လှုံ့မိုက်လား။ ငါ့တောင်ဂရုမစိုက်ဘဲ အဖော်ပါလို့ အကဲစမ်းချင်တယ်နဲ့တူတယ်"

"မဟုတ်ပါဘူး . . . ကိုထွန်းညိုရာ တာတီး ဒီစိတ်မရှိပါဘူး"

"ဘာမရှိတာလဲ။ ငါ့ကိုစမ်းချင်တဲ့ သဘောလား"

ခုမှ တာတီး မြွေပွေးထွန်းညိုနှင့် ကြွက်နီတို့ပြောသံကို ကြားလိုက်၍ စကားကောင်းနေရာမှ ဖျတ်ခနဲ လှည့်ကြည့်ပြီး . . .

"ဟာ . . . ကိုထွန်းညို။ ကိုထွန်းညိုရောက်နေမှန်း ကျွန်တော်မသိလို့ပါခင်ဗျာ။ မြို့က အလည်ရောက်လာတဲ့ သူငယ်ချင်းဟောင်း မြဒင်နဲ့ စကားကောင်းနေလို့ပါ။ စိတ်မရှိပါနဲ့ ကိုထွန်းညို။ ဘာလိုအပ်သေးလဲ။ လိုအပ်တာရှိ ပြောပါ ကိုထွန်းညို"

တာတီးသည် မြွေပွေးထွန်းညိုကို ငယ်ကြောက်တစ်ယောက်ပမာ ကျိုးကျိုးနွံနွံ ပြောဆိုဆက်ဆံနေသည်ကို မြွေပွေးထွန်းညို ဘာကောင်မှန်း မြဒင်မသိချေ။ အမှန်တော့ မြဒင်ဆိုသူမှာ တာတီးတို့ ရွာသားမဟုတ်ပေ။ မြို့မှာ သီကျွမ်းကြရင်း တာတီးနှင့် မြဒင်တို့ သူငယ်ချင်းဖြစ်လာခဲ့ခြင်းဖြစ်သည်။ အားရင်အလည်လာဖို့ တာတီးက ဖိတ်ခေါ်ခဲ့သဖြင့် ယခုကဲ့သို့ မြဒင်ရောက်လာခဲ့ခြင်းလည်းဖြစ်လေသည်။

"တာတီး . . . မင်းသူငယ်ချင်းကောင်က ဘုရင်ခံမို့လို့ ခုလို ဂရုစိုက်ပြီး ငါ့ကို အဖက်မလုပ်ချင်တဲ့သဘောလားဟင် . . . တာတီး ပြောစမ်း"

"ဟာ . . . ကိုထွန်းညိုကလည်းဗျာ။ ကျုပ်မယ် အဲဒီသဘောမျိုး မရှိပါဘူးဗျာ။ တစ်ရွာသားချင်းတွေပဲဟာ။ မြို့ပေါ်က သူငယ်ချင်းနဲ့ အာရုံကျနေလို့ ကိုထွန်းညိုကို အမှတ်တမဲ့ သတိမပြုမိတာပါ။ ကျွန်တော် တောင်းပန်ပါတယ် ကိုထွန်းညို"

မြဒင်ကတော့ တာတီးပြောစကားနားထောင်ရင်း ဒီ ထွန်းညိုဆိုတဲ့ကောင်က ဘာကောင်လဲဟူသော အတွေးရောက်နေသည်။

တာတီးက အကြောင်းသိ၊ ဓာတ်သိဖြစ်သောကြောင့် ပြဿနာဖြစ်မည်စိုး၍ စကားနည်းရန်စဲ ကိုထွန်းညိုကို ချိုချိုသာသာ တောင်းပန်စကားဖြင့် မေတ္တာရပ်ခံ၍ဆိုသော်လည်း မြွေပွေးထွန်းညိုကမူ သိပ်လက်ခံချင်ပုံမရပေ။ တာတီးနှင့် မြဒင်ကို ခပ်စိမ်းစိမ်းကြည့်၍ . . .

"တာတီး . . . မင်းအချိုးပြင်ထား။ ငါမကြိုက်ဘူး။ ငါဘာလဲဆိုတာ မင်းကောင်ကို ပြောပြထားဦး။ မြွေပွေးထွန်းညိုဆိုတဲ့ကောင်က လူစိမ်းရော၊ လူကျက်ရော ဘာသောညာသော သိပ်ဂရုစိုက်တာမှုတ်ဘူးနော်။ ငါ့မျက်စိထဲမှာ အမြင်မတော်ရင် ငါဘာလုပ်တတ်တယ်ဆိုတာ မင်းသိတယ်။ ဒီတစ်ခါတော့ ငါခွင့်လွှတ်လိုက်မယ်။ နောက်တစ်ခါဆိုရင်တော့ မင်းသိပါတယ်၊ ငါဘာလုပ်တတ်တယ်ဆိုတာ။ တော်ပြီ၊ မင်းတို့ သောက်ပြီးရင် . . . ပြန်ကြတော့"

လူမိုက်လေသံ ခပ်မာမာနှင့် အပေါ်စီးကနေပြောပြီး မြွေပွေးထွန်းညိုက ခွက်ထဲ အရက်မငှဲ့တော့ဘဲ ပုလင်းလိုက်မော့ကာ အရက်ကို တသ



www.burmeseclassic.com

www.burmeseclassic.com

ခွပ်ဖြင့် သောက်ချလိုက်လေ၏။ ထို့နောက် ပုလင်းကို ပါးစပ်မှခွာ၍ စားပွဲပေါ်ပြန်တင်လိုက်ကာ ထွီးခနဲ တံတွေးကို ဘေးသို့ တွေးပစ်လိုက်လေ၏။

အရက်ဆိုင်အတွင်းမှ ကြွက်နီသည် ရန်ဖြစ်ပွားတော့မည့် အခြေအနေကိုမြင်၍ တာတီးတို့ဘက် လှမ်းကြည့်ကာ တာတီးနှင့် အကြည့်ချင်းဆုံတော့ ကြွက်နီက ပြန်တော့ဟူသော သဘောဖြင့် မျက်ရိပ်ပြလိုက်လေ၏။

တာတီးလည်း သဘောပေါက်နားလည်ဟန်ဖြင့် သူငယ်ချင်းမြဒင်ကို မျက်ရိပ်ပြကာ နှစ်ယောက်သား ကြွက်နီတို့ဆိုင်မှ ထွက်ခွာသွားကြလေတော့၏။

"ဟော့ ... ကောင်တွေ ခဏနေကြဦး"

ဟု မြွေပွေးထွန်းညိုသည် တာတီးတို့နှစ်ယောက်ကို လှမ်းခေါ်၍ ထားရင်း ထိုင်ရာမှ ဖြုန်းခနဲထပြီး အထွက် အရက်ရှိန်ကလည်း တက်စ၊ စိတ်ကလည်း မြန်ဆန်သူ၊ ဒေါသကလည်း ဖြစ်နေသောကြောင့် ခုံစွန်းနှင့် ခလုတ်တိုက်မိကာ ဝုန်းခနဲ လဲကျသွားလေ၏။

"ဝုန်း"

"အား ..."

မြွေပွေးထွန်းညို လဲကျသွားတာကို မြင်သော်လည်း တာတီးသည် နောက်ပြန်မလှည့်တော့ဘဲ ရှေ့တူရူဆီသို့သာ ဦးတည်လျက် သူငယ်ချင်းမြဒင်နှင့်အတူ ထွက်ခွာသွားလေတော့သတည်း ...။

* * * * *

နောက်တစ်နေ့ မနက်ကျတော့ သူငယ်ချင်းမြဒင်က မြို့ပြန်တော့မည်ဟုဆို၍ တာတီးနှင့် တာတီးညီမ အေးဘုံတို့က တစ်ရက်–နှစ်ရက်လောက် ဆက်နေဖို့ တားသည်။

"မင်းတို့အရပ်မှာ ငါဆက်နေလို့ ဖြစ်မှာမှုတ်ဖူး။ ဟိုကောင် ... မြွေပွေးထွန်းညိုဆိုတဲ့ကောင်နဲ့ ငါနဲ့က လုံးဝ ဖြစ်မှာမဟုတ်ဘူး တာတီး။ လူမိုက်မို့လို့ ဘာလို့နှင့် နောက်တစ်ခါ အဲ ဒီလို အဖြစ်မျိုးနဲ့ကြုံရင် ငါသည်းခံနိုင်မှာ မဟုတ်ဘူး တာတီး ...။ ငါပြန်မယ် သူငယ်ချင်း"

"အေးလေ ... မင်းကလည်း မဟုတ်မခံ စိတ်ဆတ်တဲ့ကောင်ဆိုတော့ ပြောလို့တော့မရဘူး။ အေး ... အေး ... ပြန်တာကောင်းပါတယ် သူငယ်ချင်း။ မင်းဆီ ငါလာခဲ့ဦးမယ်"

ထို့နောက် မြဒင်သည် တာတီးတို့မောင်နှမကို နှုတ်ဆက်ပြီး ထွက်သွားလေ၏။

မြဒင်ထွက်သွားပြီး ထိုနေ့ နေ့လယ်အချိန်လောက်တွင် တာတီး၏ ညီမလေး အေးဘုံကို မြွေပွေးထွန်းညိုက ချစ်ရေးဆို၍ အတင်းဗလက္ကာယပြုကြောင်း ရွာသတင်းထွက်ပေါ်လာလေ၏။ အေးဘုံဈေးရောင်းပြီး အပြန် ရွာစွန်တစ်နေရာတွင် ဖြစ်သည်။ အေးဘုံကို အရပ်က လူအများ မြင်တွေ့သွား၍ အေးဘုံတစ်ယောက် ကံကောင်းသွားသည်။ မြွေပွေးထွန်းညိုသည် သူ့ကိစ္စ မပြီးမြောက်၍ တောက်တခေါက်ခေါက်ဖြင့် အရပ်ကို ဆဲဆိုကာ မကျေမနပ်ဖြင့် ထွက်သွားသည်ဟု ဆိုလေသည်။

တာတီးသည် ထိုသတင်းကိုသိလျှင် သိချင်းပင် မားဆွဲ၍ မြွေပွေးထွန်းညိုကို ခုတ်သတ်ရန် အိမ်ပေါ်မှ အဆင်း ရပ်ရွာမိန်းမကြီးများနှင့် အေးဘုံတို့ ရောက်လာပြီး ဝိုင်းဆွဲထားကြသဖြင့် မြွေပွေးထွန်းညိုဆီ တာတီး မရောက်ဖြစ်တော့။

"တော်တော်မိုက်ရိုင်းတဲ့ မြွေပွေးထွန်းညို။ နာမည်နဲ့လိုက်အောင် မိုက်ရိုင်းရိုင်းတယ်။ တစ်ရွာတည်းသားတွေရဲ့ မျက်နှာတောင် မထောက်ဘူး။ ကြီးစာတို့ ကြီးဒေါ်မြတို့ ရပ်ကလူတွေ တွေ့လို့သာပေါ့ဗျာ။ ငါ့ညီမအေးဘုံ ဘာမှမဖြစ်လို့ပေါ့ကွာ။ ဟင်း ... နို့မို့ဆို ဒီလိုကောင်မျိုးကို အသေသတ်ပြီး စက်တိုင်တက်ပြမယ်"

တာတီးသည် ညီမလေးအေးဘုံအတွက် ရတက်မအေး။ ခံစားရင်း တောက်တခေါက်ခေါက်၊ ဒေါသတပြင်းပြင်းနှင့် မကျေမနပ်ဖြင့် ကြိမ်းဝါးနေသောကြောင့် ညီမလေးအေးဘုံက နှစ်သိမ့်ဖျောင်းဖျ ထိန်းထားရလေ၏။

"ကိုကိုရယ် ... အေးဘုံ ဘာမှ မဖြစ်တာ။ စိတ်ကိုထိန်းပါ ကိုကိုရယ်။ သူ့ထိုက်နဲ့သူ့ကံ စီမံပါလိမ့်မယ် ကိုကိုရယ်။ ဒီလောက် အကုသိုလ်များတဲ့သူ ... ဘယ့်သူ့လက်ချက်နဲ့ သေမလဲဆိုတာကို ကိုကို စောင့်ကြည့်နေ။ လူတွေ ကိုကို၊ လူသားတိုင်းမှာ လက်ပါတယ်၊ စိတ်ရှိတယ်၊ တစ်နေ့ သူ့ကြမ္မာသူ စီစဉ်ပါလိမ့်မယ် ကိုကိုရယ်။ ကဲပါ ... ကိုကို၊ ဒေါသဖြစ်မနေနဲ့၊ အိပ်တော့။ ညီမလေး ဘုရားရှိခိုးလိုက်ဦးမယ်"

ညအိပ်ချိန်လောက်တွင် တံခါးခေါက်သံကြား၍ တာတီးသည် အိပ်ရာပြင်နေရာမှ တံခါးဖွင့်မပေးသေးဘဲ



www.burmeseclassic.com

www.burmeseclassic.com

နားစွင့်နေသည်။ ဒီလိုအချိန်မျိုးမှာ မှုးမှုးရှူးရှူးနဲ့ ဟိုကောင်မြွေပွေးထွန်းညို ဒုက္ခလာရှာရင် ငါကော်သားဟု စိတ်မှာ ထင်ပြီး နံရံတွင် ချိတ်ထားသော ဂုက်ကြီးတောင်ဓားကို ကောက်ကိုင်လိုက်သည်။ ထိုစဉ် တံခါးခေါက်သံက ဆက်တိုက်ပေါ်လာသည်။

"ဒေါက် .. ဒေါက် ... ဒေါက်"

တာတီး ဂုက်ကြီးတောင်ဓားကို သေချာဆုပ်ကိုင်ပြီး ...

"အပြင်က ... ဘယ်သူ တံခါး ခေါက်နေတာလဲ"

ဟု အသံခပ်မာမာဖြင့် လှမ်း၍ မေး လိုက်သည်။

"ငါပါ .. တာတီး ... မြဒင်ပါ"

မြို့ပြန်မည်ဟုပြောပြီး ထွက်ခွာ သွားသော မြဒင်၏အသံကိုကြား၍ တာတီးတစ်ယောက် ဂုက်ကြီးတောင် ဓားကို ဘေးချပြီး တံခါးချက်ချင်းဖွင့် ပေးလိုက်သည်။ မြဒင်ကိုမြင်တော့ ..

"ဘယ်လိုဖြစ်တာလဲ မြဒင်ရာ၊ ညကြီးမင်းကြီး။ မင်းပဲခူးမြို့ကို မပြန် ဖြစ်ဖူးလား"

"မပြန်ဖြစ်ပါဘူးကွာ။ ဘူတာရုံ မှာ တော်တော်ကြာကြာ စောင့်နေရ သေးတယ်ကွ။ ငါတို့ပဲခူးမြို့မှာ ရေတွေ ကြီးလို့ သံလမ်းတွေ ရေလွှမ်းလို့တဲ့ ရထားမထွက်ဘူး။ ဒါကြောင့် ငါပြန် လာတာ"

မြဒင်ပြောဆိုနေသော အသံကို အေးဘုံကြား၍ အိပ်ခန်းထဲမှ ခြင် ထောင်ထောင်ရင်းတန်းလန်း တံခါးဝ ဆီသို့ လျှောက်လာ၍ ...

"ဟင် ... အစ်ကိုမြဒင် ဘယ် လိုဖြစ်တာလဲ။ မပြန်ဖြစ်ဘူးပေါ့နော်။ ကျွန်မတို့က ကိုမြဒင်ရထားထွက်လို့ လမ်းတစ်ဝက်လောက် ရောက်နေပြီလို့ ထင်နေတာ"

ဟု ပြောပြောဆိုဆို မြဒင်လက် ထဲမှ လက်ဆွဲအိတ်ကို အေးဘုံ လှမ်း ဆွဲယူလိုက်သည်။ မြဒင်က လက်ဆွဲ အိတ်ကို လွှတ်ပေးလိုက်စဉ်မှာပင် ...

တာတီးတို့အိမ်ရှေ့သို့ လက်နှိပ် ဓာတ်မီးရောင်များနှင့်အတူ ရွာလူကြီး တစ်အုပ် အိမ်နီးနားဆီသို့ လျှောက် လာကြ၏။ ရပ်ကွက်လူကြီးများနှင့် အတူ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များလည်း လိုက်ပါလာကြသဖြင့် တာတီး အံ့သြ သွားလေသည်။ သည်နောက် တာတီး သူငယ်ချင်းမြဒင်ကိုတစ်လှည့်၊ လူကြီး မင်းကိုတစ်လှည့်ကြည့်ကာ ...

"ဘာဖြစ်လို့လဲ ဦးလေးထွန်း"

တာတီးက အရပ်လူကြီးဦးလေး ထွန်းကို မေးလိုက်ရာ ဦးလေးထွန်းက

"ထွန်းညိုအသတ်ခံရလို့ မသင်္ကာ မှုနဲ့ မင်းတို့ကိုလာဖမ်းတာ"

ဟု ဆိုသဖြင့် တာတီးရော သူ့ ညီမအေးဘုံပါ ထိတ်ထိတ်လန့်လန့်ဖြင့် အံ့သြသွားကြလေ၏။

"မဟုတ်ဘူး ... မဖြစ်နိုင်ဘူး ဦးလေးထွန်း။ အစ်ကိုတာတီး ဒီနေ့ အိမ်မှာ တစ်နေ့လုံးနဲ့ တစ်ညလုံး ရှိနေ တာပါ"

ဟု အေးဘုံက ဆိုသည်။

"ဟုတ်ပါတယ် ဦးလေးထွန်း ရယ်။ ကျွန်တော် ဘယ်မှမသွားပါဘူး။ တစ်နေ့လုံး တစ်ညလုံး အိမ်မှာပဲ ရှိနေ တာပါ"

ဟု တာတီးကပြောရာ အရပ်လူ ကြီးနှင့် ရဲများက အနီးရှိ တာတီးသူ ငယ်ချင်း မြဒင်အား တစ်လှည့်ကြည့် ပြီး ...

"သူက ဘယ်သူလဲ။ မင်း သူငယ်ချင်း မြဒင်ဆိုတာလား"

ဟု အရပ်လူကြီး ဦးလေးထွန်း က တာတီးကို လှည့်မေးသည်။

"ဟုတ်ပါတယ် ... ဦးလေး ထွန်း။ ကျွန်တော့်သူငယ်ချင်း မြဒင်ပါ။ သူပြန်မယ့် ပဲခူးမှာ ရေတွေကြီးနေလို့ မပြန်ဖြစ်ဘဲ ကျွန်တော့်ဆီ ပြန်ရောက် လာတာပါ"

ဟု တာတီးက ပြောလိုက်၏။

အရပ်လူကြီးများနှင့် ရဲများက မြဒင်ကို မသင်္ကာသော အကြည့်များ ဖြင့် ကြည့်လိုက်ကြသောကြောင့် တာ တီးနှင့် အေးဘုံတို့ပါ မြဒင်ကို ကြည့် လိုက်ကြပြန်၏။

တာတီး၏ စိတ်ထဲမှာတော့

"ဒီကောင်မြဒင် ... မြို့ပြန်မယ် ဆိုပြီး မသွားဘဲ အရက်ဆိုင်မှာ ထွန်း

"ငါမသတ်ဘူး တာတီး။ ငါအမှန်တကယ်ပြောတာ။
မင်းဉာဏ်နဲ့ စဉ်းစားကြည့်ပေါ့ကွာ။
တကယ့်လူသတ်သမားက သူသတ်ခဲ့တဲ့အရပ်ကို
ပြန်လာပါ့မလား။ ရှောင်တိမ်းသွားမှာပေါ့ သူငယ်ချင်း။
ခု ငါမသတ်လို့ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နဲ့
မင်းဆီ ငါပြန်လာခဲ့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ညိုပြောတဲ့စကားတွေ မခံနိုင်ဖြစ်ပြီး သွားသတ်လိုက်တာများလား''

ဟု သံသယစိတ်ဝင်ကာ တာတီးတစ်ယောက် တွေးလိုက်မိသည်။

သည့်တွင် ရဲများက မြဒင်ကို ရုတ်တရက် လက်ထိတ်ခတ်လိုက်သော်ကြောင့် မြဒင်က ...

''ကျွန်တော့်ကို ဘာအပြစ်နဲ့ လက်ထိတ်ခတ်တာလဲ''

ဟု ရဲများကို မေးလိုက်ရာ ရဲအရာရှိဟု ထင်ရသောပုဂ္ဂိုလ်က

''မင်း မြို့မပြန်ဘဲ ထွန်းညိုကို သတ်လို့ လက်ထိတ်ခတ်တာ''

ဟု ပြောလေ၏။

''ခင်ဗျားတို့ဗျာ ... ကျုပ်နဲ့ထွန်းညိုနဲ့ ဘာပြဿနာရှိလို့ ကျုပ်က သတ်ရမှာလဲ။ ကျုပ် ထွန်းညိုကို မသတ်ဘူး''

ဟု မြဒင်က အကြောက်အကန် ငြင်းဆိုလေ၏။

''မင်းတို့ ထွန်းညိုနဲ့ အရက်ဆိုင်မှာ မပြေမလည် ဖြစ်ခဲ့တာရယ်၊ အေးဘုံကို ထွန်းညိုက စော်ကားတာရယ် အဲဒီနှစ်ချက်က မင်းတို့ကို သံသယဖြစ်စေတာပဲ။ ရဲစခန်းရောက်မှရှင်း။ အခုတော့ မင်းငါတို့နဲ့လိုက်ခဲ့။ တာတီးပါ လိုက်ခဲ့''

ဟုပြောပြီး မြဒင်ကို အတင်းဆွဲခေါ်လေ၏။ တာတီး မြဒင်ကိုကြည့်ရင်း မြဒင်မြို့ပြန်သွားခါနီး ပြောခဲ့သော စကားကို ပြန်အမှတ်ရမိလေ၏။

''တာတီး ... မင်းတို့အရပ်မှာ ငါဆက်နေလို့ ဖြစ်မှာမဟုတ်ဘူး။ ဟိုကောင် မြွေပွေးထွန်းညိုဆိုတဲ့ကောင်နဲ့ ငါနဲ့ ဖြစ်မှာမှုတ်ဘူးကွ။ လူမိုက်လိုလို ဘာလိုလိုနဲ့ နောက်တစ်ခါ အဲဒီလို အဖြစ်မျိုးနဲ့ ကြုံလိုက်ကတော့ ငါသည်းခံနိုင်မှာမှုတ်ဘူး။ ငါပြန်မယ် ... သူငယ်ချင်း''

တာတီးသည် မြဒင်စကားကို ပြန်ကြားယောင်ရင်း သံသယဖြင့် မြဒင်ကို ကြည့်လိုက်၏။ သို့ ကြည့်ရင်းကပင် သံသယစိတ်ဖြင့် ...

''မြဒင် ... မင်းထွန်းညိုကို တကယ်ပဲ သတ်လိုက်တာလား''

ဟု မေးလိုက်လေ၏။

''ငါ မသတ်ဘူး တာတီး။ ငါ အမှန်တကယ်ပြောတာ။ မင်းဉာဏ်နဲ့ စဉ်းစားကြည့်ပေါ့ကွာ။ တကယ့်လူသတ်သမားက သူသတ်ခဲ့တဲ့အရပ်ကို ပြန်လာပါ့မလား။ ရှောင်တိမ်းသွားမှာပေါ့ သူငယ်ချင်း။ ခု ငါမသတ်လို့ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နဲ့ မင်းဆီ ငါပြန်လာခဲ့တာပေါ့''

မြဒင်စကား ကြားရပြန်တော့လည်း ဒါလည်းဟုတ်တာပဲဟု တာတီး တွေးမိပြန်လေ၏။ ထိုစဉ့်မှာပင် အမှောင်ရိပ်ကြားမှ ...

''မြွေပွေးထွန်းညိုကို ဘယ်သူမှ သတ်တာမဟုတ်ဘူး။ လူသတ်သမားအစစ်က ကျုပ်ဗျာ ... ကျုပ်''

ဟုပြောဆိုသံ ကြားလိုက်ရလေ၏။ မှောင်ရိပ်ကျနေသောကြောင့် ထိုအသံရှင်မှာ မည်သူမှန်း မသိကြပေ။

အရပ်လူကြီးများနှင့် ရဲအရာရှိက အသံလာရာဘက်သို့ လက်နှိပ်ဓာတ်မီးများဖြင့် ထိုးကြည့်လိုက်ရာ ရပ်ကွက်လူကြီး ဦးအေးထွန်းမှာ ရွာစွန်အရက်ဆိုင်ရှင် ကြွက်နီဖြစ်နေသည်ကို အံ့သြစွာ တွေ့လိုက်ရလေ၏။

ကြွက်နီသည် မှောင်ရိပ်ကြားမှ ထွက်လာပြီး အရပ်လူကြီးများနှင့် ရဲအရာရှိများရှေ့သို့ ရောက်သောအခါ

''မြွေပွေးထွန်းညိုကိုသတ်တာ ကျုပ်ပါ။ အရက်ကို အကြွေးခံသောက်ပြီး ပြန်မဆပ်တာရယ်၊ သူကလာပြီး ကျုပ်ဖောက်သည်တွေကို စော်ကားရမ်းတာရယ်၊ ကျုပ်ဆိုင် အရောင်းကျတာရယ်၊ ကျုပ်တို့ရွာက တာတီးရဲ့ ညီမ အေးဘုံကို ကြံရွယ်ဖို့ ကြိုးစားတာတွေ ... အိုဗျာ ... အများကြီးပဲဗျာ။ အဲဒီအကြောင်းကြောင်းတွေကြောင့် ကျုပ်ပေါက်ကွဲပြီး သူသောက်တဲ့ အရက်ပုလင်းထဲ ကြွက်သတ်ဆေး ထည့်လိုက်တာ မူးပြီး သူပြန်သွားတော့ စိတ်မချလို့ဆိုပြီး သူ့နောက်က ကျုပ်လိုက်သွားတယ်။ အဆိပ်ပြင်းတဲ့ လူမိုက် မြွေပွေးထွန်းညို အဆိပ်မသင့်လို့ နောက်ကနေပြီး ဟောဒီဓားနဲ့ အသေခုတ်သတ်လိုက်တာပဲ ... ဦးလေးထွန်း''

ဟု ကြွက်နီသည် အထက်ပါအတိုင်း ဝန်ခံပြောဆိုလိုက်ပြီးနောက် ထွန်းညိုကိုခုတ်သတ်ခဲ့သော ငှက်ကြီးတောင်ဓားကို ရဲလက်သို့ အပ်လိုက်လေ၏။

ကြွက်နီ၏ ထိုစကားကြောင့် တာတီးတို့ မောင်နှမ၊ မြဒင်၊ အရပ်လူကြီးဦးလေးထွန်းနှင့် ရဲများ အံ့သြမှင်တက်သွားကြလေ၏။ တာတီးသည် သတ္တိရှိ၍ အမှန်အတိုင်း ဝန်ခံရဲသော ကြွက်နီကို အလွန်လေးစား ကြည်ညို၍သွားလေတော့သတည်း။

ဒါရိုက်တာမျိုးဇော်အောင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အဖော်ကောင်းရှင်ရေစာထိုလိုက်မယ်

❀ မောင်ရွှေစွန်

(ယခင်လမှအဆက်)

ကောင်းသည် များပြားလှစွာသော ကားများကို ငေးမောကြည့်နေမိပြန်သည်။

အတော်ကြာမှ ဆူးလေဘုရားဆီသို့ ဦးတည် လျှောက်လာခဲ့သည်။

ဆူးလေဘုရားပေါ်သို့ တက်လာခဲ့ပြီး ဒေါင့်တဒေါင့်တွင် သွားထိုင်နေမိသည်။ ဆူးလေစေတီမှ ဆွဲလဲသံကလေးများ သည့် လွင်လွင်ကလေး ထွက်လာ၏။

"ဩော် . . . မင်း ပြန်လွတ်လာပြီကိုး"

သူ့အနီးတွင် စီးကရက်သောက်နေသော လူရွယ်တစ်ယောက် သူ့အား ပြောလိုက်ခြင်း ဖြစ်သည်။

ကောင်းသည် ထိုလူရွယ်ကိုကြည့်လျက် ဘာမှ မပြောမိဘဲ နေမိသည်။

"မင်းကတော့ ငါ့ကို သိမှာမဟုတ်ပါဘူးကွာ"

လူရွယ်သည် ပကတိအေးဆေးစွာ ပင်ပြောရင်း ကောင်းအနီးတွင် ဝင်ထိုင်လိုက်သည်။ သူ့အင်္ကျီအိတ်အတွင်းမှ ဒူးယားဆယ်လိပ်ဝင်ဘူးကို ကောင်းအား လှမ်းပေးလာ၏။

"စီးကရက်သောက်ပါအုံးကွာ"

ကောင်းသည် သူ့ကို လှမ်းပေးလာသော စီးကရက်ဘူးကို လှမ်းယူလိုက်သည်။

စီးကရက်ဘူးထဲမှ စီးကရက် တလိပ်ကို ထုတ်ယူလိုက်သည်။ သူ့ကို လာရောက် စကားပြောသူက သူ့နှုတ်ခမ်းတွင် ခဲထားသော စီးကရက်ကို ဖြုတ်ယူပြီး မီးညှိရန် လှမ်းပေးလိုက်၏။ ကောင်းက သူ၏နှုတ်ခမ်းတွင် တပ်ထားသော စီးကရက်ကို လူရွယ်၏ စီးကရက် မှမီးဖြင့် လှမ်းညှိလိုက်သည်။ စီးကရက် မီးစွဲသွားအောင် သုံးလေးငါးဖွာ ဖွာနေမိသည်။

"မင်းကို ငါ တောင်းပန်စရာရှိတယ်၊ ပြီးတော့ ပြောစရာလဲရှိတယ်"

ထို အချိန်ထိအောင်ပင် ကောင်းသည် ထိုလူရွယ်ကို ဘာစကားမှ မပြောမိချေ။

"မင်း . . . ဒီလောကထဲ ရောက်လာတာမကြာသေးဘူးနဲ့တူတယ် ဟုတ်လား"

လူရွယ်က သူ့အားမေးခွန်းထုတ်နေသည်။ လူရွယ်ပြောသော "ဒီလောကထဲ" ဆိုသည်ကို ကောင်း နားမလည်ချေ။ ဘာကိုဆိုလိုကြောင်း ကောင်း မသိချေ။

"ဒို့လောကမှာ တစ်ယောက်က အခြေအနေအရ အလုပ်လုပ်ရင် တစ်ယောက်က ကူညီရတယ်ကွ လူစွမ်းကောင်း မလုပ်ရဘူး"

ကောင်းသည် လူရွယ်ပြောသော စကားများကို နားမလည်။ လူရွယ်ကို လှမ်းကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟိုတစ်ညက ငါဖြတ်ပြေးလာတဲ့ ဆွဲကြိုးကို မင်း ဘာလို့ ဝင်လုရတာလဲ"

ကောင်းသည် အကောင်ကြီးပြပါမှ အရိပ်ကို တွေ့ရသူဖြစ်လေ၏။ အခြေအနေ အကျိုးအကြောင်းကို သိရလေသောအခါ ထိုင်နေရာမှ ရုတ်တရက် ထ,လိုက်၏။ ကောင်း၏ အသားများ တဆတ်ဆတ် တုန်လာသည်။

"မင်း...မင်းကိုး...ငါ့ကို ထောင်ကျအောင်လုပ်တာ မင်းကိုး"

ကောင်းသည် ညာရော ဘယ်ဖက်ပါ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်၏။

"ဒေါသ ကြီးမနေပါနဲ့တော့ သူငယ်ချင်းရာ ငါ မင်းကို တောင်းပန်ပါတယ်"

လူရွယ်သည် အေးအေးဆေးဆေးပင် ထိုင်နေရာမှ တောင်းပန်လိုက်သည်။ ကောင်းသည် မီးဟုန်းဟုန်း တောက်တော့မည့် မျက်လုံးအစုံဖြင့် စူးစူးစိုက်စိုက် ကြည့်ပစ်လိုက်သည်။

"မင်းကို ဒီအကြောင်း ပြောပြလိုက်ရင် ဘယ်လောက် ဒေါသဖြစ်မယ်ဆိုတာ ငါသိပါတယ်၊ ဒီအကြောင်းကို ငါမပြောရင် မင်းလဲသိမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ငါမပြောဘဲ မနေနိုင်ဘူး၊ ဒို့တတွေဟာ မကောင်းတဲ့အလုပ် လုပ်ပေမဲ့ အချင်းချင်းအပေါ်မှာတော့ ပွင့်ပွင့်လင်းလင်း ဆက်ဆံတတ်ကြပါတယ်။ မင်း ငါ့ကို မကျေနပ်လို့ ဘာလုပ်ချင်သလဲ မင်းထောင်ထဲမှာ နေခဲ့ရတာနဲ့ တန်အောင် မင်း ငါ့ကို လုပ်နိုင်ပါတယ်ကွာ"

ကောင်း၏ဒေါသသည် အနည်းငယ် ပြေကျသွားလေသည်။ သူ့အပြစ်ကို သူ ဝန်ခံရုံမက သူ မပြောဘဲနေလျှင်ဖြစ်သော်လည်း ဖွင့်ပြောပြသည့် လူရွယ်၏ အသွင်သဏ္ဌာန်မှာလည်း အေးအေးဆေးဆေးလူရွယ်တစ်ယောက် ဖြစ်သည်။ ဒါကြောင့် သူ့အနေနှင့် ဒေါသများ ထပ်၍မဖြစ်တော့ လက်သီးဆုပ်များကို ဖြေချပစ်လိုက်သည်။

"မင်း...ခု...ဘယ်မှာ နေသလဲ။ ဘာလုပ်မယ်လို့ စိတ်ကူးသလဲ"

လူရွယ်က ကောင်းကို မေးလာ၏။ ကောင်း ဘာပြန်ဖြေရမှန်းမသိ။ ထိုလူရွယ်နှင့် ဆက်၍အပေါင်းအသင်းအဖြစ် နေသင့်မနေသင့်ကိုတွေးနေမိပြန်သည်။

"ထိုင်စမ်းပါအုံး သူငယ်ချင်း... မင်း ခံစားခဲ့ရတဲ့ နစ်နာမှုအတွက် ငါ မင်းကို ကူညီပါ့မယ်ကွာ မင်းလိုအပ်တဲ့ အကူအညီကိုပြောပါ"

ကောင်း၏ လက်တစ်ဖက်ကို လူရွယ်ကဆွဲ၍ ထိုင်ခိုင်းနေသည်။ ကောင်းသည် အလိုက်သင့်ပြန်ထိုင်ချလိုက်၏။ လူရွယ်က စီးကရက်ကို အေးအေးဆေးဆေး တစ်ဖွာနှစ်ဖွာ ဖွာရှိုက်လိုက်သည်။ ကောင်းသည် သူ့၏လက်ထဲမှ ပြုတ်ကျသွားသော စီးကရက်ကို ပြန်ကောက်ယူပြီး သူ၏ နှုတ်ခမ်းတွင် ခဲထားလိုက်သည်။

"ငါ့နာမည်က အာယု...တဲ့ မင်းနာမည်ကော ဘယ်လိုခေါ်သလဲ"

ကောင်းသည် သူ့ကို ပြောနေသော အာယုကို ကြည့်လျက် မပွင့်တပွင့် ပြုံးမိ၏။

"မင်း...ငါ့ကို ဒီည ထမင်းကျွေးစမ်းပါကွာ"

"အို...ထမင်းလောက်တော့ အသာထားပါ။ မင်း ဒီည ဘာလုပ်ချင်သလဲ၊ လုပ်ချင်တာ အကုန်လုပ် မင်းလုပ်ချင်တာကို ဖြစ်အောင် ငါတာဝန်ထားပါ။ မင်းကို ငါ ဒီထက်မက တောင်းပန်ရမှာပါ"

"ကိုင်း...အေးအေးဆေးဆေး ထမင်းစားရင်း စကားပြောရအောင် တနေရာရာကို သွားရအောင်ကွာ"

"ဟိုက်ခင်...ကို သွားမယ်"

"ဟိုက်ခင်ဆိုတာ ဘာလဲ"

"မင်း...ထမင်းစားမယ်ဆို ပျော်ပွဲစားဆိုင်လေကွာ"

ကောင်းသည် ထိုအခါမှ စောစောကထက် ပိုမိုပြုံးပြလိုက်၏။

"ကဲ...သွားကြရအောင်..."

အာယုက သူ၏ညှပ်ဖိနပ်ကို ကောက်ယူကာ ဆူးလေဘုရားလမ်း မှန်ဖက်သို့ လျှောက်ခဲ့သည်။

အာယုနှင့် ကောင်းတို့ "ဟိုက်ခင်" အတွင်းသို့ ရောက်လာခဲ့ကြသည်။

သီးသန့် အခန်းကလေး တစ်ခန်း အတွင်းသို့ ဝင်လိုက်ကြသည်။ စားပွဲထိုး



www.burmeseclassic.com

www.burmeseclassic.com

လူရွယ်တစ်ယောက်က စာရွက်ထပ်ကလေး တထပ်၊ "မီနူး"ကဒ်ပြား၊ ခဲတံတိုကလေး တစ်ချောင်းနှင့် ဝင်လိုက်လာ၏။

"မင်း . . . ဘာသောက်အုံးမလဲ"

"ဟာ . . . ငါ ဘာမှ မသောက်တတ်ဖူး"

"မသောက်တတ်ပေမဲ့ မင်းနဲ့ ငါနဲ့ ခင်မင်ကြတဲ့ အထိမ်းအမှတ်အဖြစ် ဘီယာလောက်တော့ သောက်ပါကွာ နော် . . . ဟေ့ ဘီယာနှစ်လုံး။ ထမင်းကြော်တစ်ပွဲ၊ ကြက်ကြော်တစ်ပွဲ၊ ဟင်းချိုတစ်ပွဲ၊ ပုစွန်ကြော်တစ်ပွဲကွာ . . . ယူခဲ့"

အာယုသည် ကောင်းကိုပြောရင်းမှ စားပွဲထိုး လူရွယ်ကိုပါ တဆက်တည်း မှာစရာရှိသည်များကို လှမ်းမှာလိုက်သည်။ စားပွဲထိုးလူရွယ်မှာ စက္ကူကလေးပေါ်တွင်ရေးမှတ်ပြီး ထွက်သွားတော့၏။

"မင်းနာမည် ပြောပါအုံး သူငယ်ချင်း . . ."

အာယုက ထပ်မေးနေပြန်သည်။

"ကောင်း တဲ့"

"ကောင်း ဟုတ်လား . . . တစ်လုံးထဲပေါ့"

"အေး . . . ဟုတ်တယ်၊ ဒီလောကထဲမှာလဲ တစ်ယောက်ထဲပဲ။ ငယ်ငယ်တုန်းကထဲက အဖေ ဘယ်သူဘယ်ဝါဆိုတာ မသိရဘူး။ ကြီးလာတော့ အမေက သေခွဲ ခွဲသွားပြန်ရော ဒီနေ့တော့ တစ်ယောက်ထဲပေါ့လေ မင်းနဲ့ငါနဲ့ဆိုရင် နှစ်ယောက်ပေါ့"

ကောင်းက ခပ်ရွှင်ရွှင်ကလေး ပြန်ပြောလိုက်၏။

အာယုက သဘောကျစွာဖြင့် အသံများထွက်အောင်ပင် တဟားဟား နှင့်ရယ်လေတော့သည်။

အာယုနှင့် ကောင်းတို့သည် စားကြ သောက်ကြနှင့် အတော့်ကို ညဥ့်နက်သွားကြသည်။

မသောက်စဖူး သောက်မိသော ကောင်းသည် သတိပင် ကောင်းကောင်း မရတော့။

အာယုသည် ကောင်း၏ အဖြစ်ကို တဟားဟား ရယ်မောရင်း သူငယ်ချင်းသစ် ကောင်းကိုထူတွဲလျက် မိမိအိမ်သို့ အရောက်ခေါ်ခဲ့တော့သည်။

အာယုသည် သာကေတတွင် နေသည်။ သာကေတဆိုသော်လည်း မြို့အတွင်းထဲမှာ မဟုတ် တံတားအလွန်နားက ဒေါ်ပုံဝါဆိုပိုင်းတွင် နေသူဖြစ်သည်။ အိမ်ခန်းကျဉ်းကလေး တစ်ခန်းကိုငှားရမ်းလျက် မိမိတစ်ယောက်တည်း နေသူဖြစ်သည်။ အိမ်ကလေးမှာ သပ်သပ်ရပ်ရပ်ရှိသည်။ မီးရော ရေရော မရှိ။ ဒါပေမဲ့ ရေကန်နီးသဖြင့် ချိုးဘို့ ရေသုံးဘို့ပါ လွယ်လွယ်ကူကူ ရနိုင်၏။

ကောင်းသည် အိပ်ရာမှ ရုတ်တရက် နိုးလာသောအခါ မိမိဘယ်နေရာသို့ ရောက်နေပါလိမ့်ဟု တွေးနေမိသည်။ ညက အာယုနှင့်အတူ ထမင်းစားကြသည်အထိတော့ ပြန်တွေးကြည့်လို့ရသည်။ နောက်ပိုင်း ဘာဆို ဘာတခုမှ မမှတ်မိတော့ချေ။

အိပ်ရာပေါ်မှ လူးလဲထလိုက်သည်။ အိမ်ရှေ့သို့ ထွက်လာသောအခါ ပက်လက်ကုလားထိုင် တစ်လုံးပေါ်တွင် သတင်းစာတစ်စောင်ကို အေးအေးဆေးဆေး ဖတ်နေသော အာယုကို တွေ့ရ၏။

"အော် . . . မင်း . . . နိုးလာပြီလား"

"ငါ ဘယ်ကို ရောက်နေတာလဲ"

"ငါ့အိမ်ကို ရောက်နေတာလေ"

"မင်းအိမ်က ဟုတ်ပါပြီ ဘယ်နေရာလဲ"

"သာကေတ . . . လေ . . ."

ကောင်းသည် အာယု၏ စကားကို ကြားပြီးမှ အပြင်ဖက်သို့ လှမ်းကြည့်မိသည်။ ဘတ်စ်ကားများတွင် လူတွေ အပြည့်အသိပ်ဖြင့် မောင်းနှင်နေသည်ကိုတွေ့ရ၏။

"ကဲ . . . မျက်နှာသစ်၊ ရေချိုးချင်ချိုး"

"ဘယ်သွားကြမလို့လဲ . . ."

"လက်ဖက်ရည်သောက်မယ် မြို့ထဲကိုသွားမယ် ငါ့အဖွဲ့တွေနဲ့လဲ မင်းကို မိတ်ဆက်ပေးရမယ်လေ"

"ငါ ဘယ်သူ့ကိုမှ မသိချင်ပါဘူးကွာ . . ."

"မင်းက မသိချင်ပေမဲ့ မင်းကို သိထားဘို့တော့ ဒို့တွေမှာ လိုအပ်နေတယ် မင်းအကြောင်းကို ငါပြောပြထားတဲ့အတွက် မင်းကို တွေ့ချင်နေကြတာ"



www.burmeseclassic.com

www.burmeseclassic.com

"အေးလေ ဒါဖြင့်လဲ သွားကြတာပေါ့"

ကောင်းသည် ရေတိုင်ကီအနီးသို့ ရောက်လာသည်။ မျက်နှာသစ်သည်။ ကြိုးတန်းတွင် တွေ့ရသော ရေစိုလုံချည်ကိုလဲလှယ်၍ ရေချိုးလိုက်၏။ ရေချိုးပြီးသွားမှ ကောင်း၏ ခေါင်းသည် ပေါ့ပါးလန်းဆန်းသွားတော့သည်။

(၅)

"ကောင်းအကြောင်း ကြားရတော့ သိပ်ကို စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဒါပေမဲ့ မဝေဠု အချိန်မရဘူး ကောင်း။ တစ်နေ့လောက်တော့ ဆက်ပြောကြသေးတာပေါ့။ ခုတော့ မဝေဠု ပြန်မယ်။ အစစအရာရာ သတိဝီရိယနဲ့ နေပါ ကောင်း"

မဝေဠုသည် ကန်တော်ကြီးဒေါင့် တစ်နေရာတွင် ကောင်းကို ချထားပေးခဲ့သည်။ ပြီးတော့ ကားကလေးသည် ကောင်း၏ မျက်စိအာရုံထဲမှ ပျောက်ကွယ်သွားသည်အထိ တရှိန်ထိုး ပြေးထွက်သွားလေသည်။

ကောင်းသည် ကန်တော်ကြီးဘေးမှ ဖြတ်လျှောက်ကာ မြို့ထဲသို့ ဦးတည်ပြီး ထွက်လာခဲ့၏။ အထက်ပန်းဆိုးတန်း လမ်းမကြီးမှ လျှောက်လျက် ဘုတာကြီးကိုဖြတ်ကာ ပန်းဆိုးတန်း ကုန်းတံတားဆီသို့ သွားမည့် မိမိစိတ်ကူးအတိုင်း လျှောက်လာခဲ့၏။

ကန်တော်ကြီး သဘာဝသမိုင်းပြ တိုက်အနီးသို့ ရောက်သောအခါတွင် မိမိရှေ့မှ ကာဆီးလျက် ဂျစ်ကားတစ်စီး ထိုးရပ်လိုက်သည်ကို တွေ့ရသည်။ ကောင်းသည် ဂျစ်ကားပေါ်တွင် ပါလာသော လူများကိုကြည့်ပြီး သူ့အတွက် အခြေအနေမကောင်းကြောင်း ခဏချင်းမှာပင် သိလိုက်တော့သည်။

ကားပေါ်မှ စိတ္တ ဆင်းလာသည်။

ကောင်းသည် စိတ္တအား စူးစူးစိုက်စိုက်ကြည့်ရင်း ရပ်နေမိသည်။

"မင်းနဲ့ . . . စကားနဲနဲလောက် ပြောချင်တယ် . . ."

"ပြောစရာရှိရင် ပြောနိုင်ပါတယ်"

ကောင်းသည် မဝေဠုပြောပြသွားသည်နှင့်ပင် ဦးသိုက်ထွန်း၏ လူတစ်ဦးဦးဖြစ်ကြောင်း သိလိုက်ပါသည်။ သည့်ထက်သေချာသည်ကတော့ မဝေဠုတို့နှင့် အပေးအယူလုပ်ကြစဉ်က ဟိုတယ်လိုက်ပို့သော ဂျစ်ကားဖြစ်ကြောင်း ကောင်း အတတ်သိလိုက်ပါသည်။

"အလုပ်တစ်ခု လုပ်တဲ့အပေါ်မှာ သစ္စာရှိဖို့ သိပ်လိုအပ်တယ်ဆိုတာ မင်းနားလည်မှာပေါ့"

"သစ္စာတရားဆိုတာ ကျုပ်အဖို့တော့ ကိုးကွယ်စရာတစ်ခုပါ။ ဒါပေမဲ့ လူတွေအတော်များများမှာ သစ္စာတရားဆိုတာ မရှိကြပါဘူး"

"မင်းကိုယ်မင်း သစ္စာရှိတဲ့လူလို့ ဆိုလိုတာပေါ့"

"ကိုယ့်ကိုတော့ မဟုတ်ဘူး သစ္စာတရားရှိတယ်လို့ရှိတယ်"

စိတ္တသည် ကောင်း၏ ရဲဝံ့သော အသွင်အပြင်နှင့် ပြတ်ပြတ်သားသား ပြောဆိုတတ်မှုကို ကြည့်လျက်သဘောကျသွားခဲ့လေသည်။ အတော်ကလေးကြာမှ ခပ်ပြုံးပြုံး ပြုံးလျက်။

"မင်းနဲ့ သက်ဆိုင်တဲ့အလုပ်တစ်ခုကို တခြားလူတစ်ယောက်ဆီကို တဆင့်ဖြန့်ဖြူးလိုက်တာကရော သစ္စာတရားရှိတယ်ဆိုတဲ့ မင်းရဲ့ လုပ်ရပ်လား"

"ဒါတွေ ခင်ဗျား ဘယ်လိုပြောပြော ကျုပ်တော့ နားမလည်ဘူး။ ကျုပ်လုပ်တဲ့ လုပ်ငန်းနဲ့ပတ်သက်လို့လဲ ကျုပ်ကလွဲပြီး ဘယ်သူမှ မသိစေရဘူး၊ သိအောင် ပြောပြရအောင်လဲ ကျုပ်ဟာ အဖွဲ့အသင်းထဲက လူတစ်ယောက် မဟုတ်ဖူး။ တကိုယ်တော် သက်သက်ပဲ"

"မင်း . . . ဖြေရှင်းပြတာတွေကတော့ ယုံချင်စရာ ကောင်းသားဘဲ၊ ဒါပေမဲ့ အခြေအနေက မယုံစရာဖြစ်နေတော့ မယုံနိုင်ဘူး ငါ့လူ"

"ခင်ဗျား မယုံတာတော့ ကျုပ်အပိုင်း မဟုတ်ပါဘူး။ ကျုပ်ကတော့ မကောင်းတဲ့အလုပ် လုပ်နေပေမဲ့ ကောင်းအောင်နေတယ်၊ သစ္စာရှိအောင် ကြိုးစားတယ်"

ကောင်းနှင့် စိတ္တတို့ တစ်ယောက်နှင့်တစ်ယောက် စကားပြောနေစဉ် ကောင်းတို့နှစ်ဦး အနီးဆီသို့ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com

ဂျစ်ကားတစ်စီး ဆိုက်ရောက်လာ၏။ ပြီးတော့ ရပ်သွားသည်။ ကားပေါ်မှ အရပ်ထောင်ထောင် မောင်းမောင်း လူတစ်ယောက် ခပ်သုတ်သုတ် ဆင်းလာသည်။

"မင်း စိတ္တ မဟုတ်လား"

ဆင်းလာသူက စိတ္တကို သူ၏ နှုတ်ခမ်းတွင် ခဲထားသော ဆေးပြင်းလိပ်တိုကို ချွတ်လိုက်ပြီး စိတ္တအား မေးလိုက်သည်။ စိတ္တသည် ဆင်းလာသူကို သိလိုက်သည်။ မားငကျော်။

"မင်းတို့ဆရာ သိုက်ထွန်းကို ပြောလိုက်စမ်းပါ။ သူလုပ်တဲ့ အလုပ်တစ်ခုကို ငါသိတယ်လို့၊ အဲဒါ ငါနဲ့ လာတွေ့ဖို့ ချိန်းထားတယ်၊ ခုလဲ မင်းကို ထပ်ပြောလိုက်အုံးမယ်၊ သုံးရက်အတွင်း လာမတွေ့ရင်တော့ ငါကိုယ်တိုင် သိုက်ထွန်းနဲ့ လာတွေ့မယ်လို့ ပြောပြလိုက်ပါကွာ"

စိတ္တသည် သူ့ဆရာပြောလိုက်တုန်းကတော့ မြွေဟောက်အကင်းလေးဟု ဆိုသည်။ ယခုတွေ့နေရသည်မှာ မြွေဟောက်မဟုတ်၊ ရေနဂါးနှင့် တွေ့နေရ၏။

"ကဲ . . . ကျုပ်နဲ့ လုံးဝပတ်သက်တယ်၊ မပတ်သက်ဘူးဆိုတာ ခုဘဲ မေးလိုက်ပါ"

ကောင်းသည် ရသည့်အခွင့်အရေးကို ကျင်လည်စွာ အသုံးချလိုက်လေသည်။

"ဘာလဲဟေ့ . . .၊ ဘာကိစ္စလဲ"

"ဒီလိုပါ ဦး၊ ဦးတို့ ကိစ္စကို ကျွန်တော်ပြောလို့ ဦးက သိတယ်ဆိုပြီး သူတို့က ကျွန်တော့်ကို ရန်သူတစ်ယောက်လို တွက်နေလို့ပါ"

"မင်းကမှ ငါ့ကို မပြောဘဲ မင်းကို သူတို့က ရန်ရှာလို့ အပိုပေါ့။ ဟေ့ မဆိုင်တဲ့လူတွေ လုံးဝမပါစေနဲ့ကွာ။ မင်းတို့ဆရာ သိုက်ထွန်းကိုသာ ပြောလိုက်။ သိုက်ထွန်းခြေလှမ်းတစ်လှမ်း လှမ်းမယ်ပြင်တိုင်း ဘယ်ခြေထောက်က အရင် စ,လှမ်းမယ်ဆိုတာ ငကျော်က သိပြီးသားလို့"

"ကိုင်း . . . ဒီလိုဆိုရင် ကျုပ်သွားမယ်"

ကောင်းသည် စိတ္တအား ရိကြဲကြဲ မျက်နှာပေးနှင့် ထိုနေရာမှ ထွက်လာခဲ့သည်။ ကျန်ခဲ့သူတွေ၏ ပြဿနာကို သူ နားမလည်။ သိလည်းမသိချင်။

ပန်းဆိုးတန်း ကုန်းတံတားတွင် လေညင်းခံသူများ၊ တွေဝေသူများ၊ ငြိမ်သက်စွာ ထိုင်နေသူများ၊ အတွေးကိုယ်စီပွားလျက် ဘဝအတွက်၊ ငွေအတွက်၊ ရပ်တည်မှုအတွက်၊ အတွေးအိမ်တွင် ထွက်ပေါက် ရှာနေကြဟန်တူသည်။ အားလုံးသည် မိမိအတွေးနှင့် မိမိရှိနေကြ၏။

ကောင်းသည် ဖူးယားတစ်လိပ်ကို ထုတ်ယူကာ မီးညှိလိုက်သည်။

စီးကရက်ကို နှုတ်ခမ်းနှစ်လွှာကြားတွင် ညှပ်လိုက်သည်။ ဆေးလိပ်အခိုး အငွေ့များကို နှိုက်ယူလိုက်ပြီးမှ သူ၏ နှာခေါင်းများမှတဆင့် ပြန်၍မှုတ်ထုတ်လိုက်သည်။

ညသည် တဖြေးဖြေး ရောက်လာတော့မည်။

ကောင်းသည် ညကို ကြိုလင့်နေမိသည်။

ညရောက်လျှင် အကျိုးအကြောင်း သိရသော မဝေဠု ရောက်လာနိုင်မည်။ မဝေဠုရောက်လာလျှင် မိမိနှင့်ပတ်သက်၍ မဝေဠု ဘယ်လို အကျိုးအကြောင်းတွေ ပါလာအုံးမည် မပြောတတ်ပေ။ အထူးသဖြင့် မဝေဠုသည် မိမိအကြောင်းကို ထပ်မံ၍ ပြောပြစေချင်မည်ဖြစ်သည်။

ညဆိုတာကလည်း စက္ကန့်လေးတွေ မိနစ်ကလေးတွေ တရွေ့ရွေ့ ပြောင်းလာခြင်း၌ တည်နေ၏။ ပြီးတော့ နာရီလက်တံတို့သည် ည၏အချိန်အခါကို ပြောင်းလဲ လှုပ်ရှားပစ်မည်သာ ဖြစ်သည်။

"ကောင်း . . ."

မှောင်ရည်ပျိုးစ . . . ညနေတွင် သာယာ ညှင်းပျောင်းသော အသံကလေးတသံသည် ကောင်း၏ ပတ်ဝန်းကျင်၌ ရိုက်ခတ်လှုပ်ရှားလာသည်။ ကောင်းသည် မိမိ၏နာမည်ကို ခေါ်လိုက်သူအား သိပြီးဖြစ်ပါသည်။ သူ၏ သူငယ်ချင်းဟသ်ာ၏အသံ။ ကောင်း လှည့်မကြည့်။ ဖြတ်သန်းသွားလာသော ကားများကိုသာ ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီည . . . အလုပ်ရှိတယ် အဲဒါ မင်းကို လာခေါ်တာ"

ဟသ်ာက အသံခပ်အုပ်အုပ်နှင့် ကောင်း အနီးသို့ တိုးကပ်လာရင်း ပြောလိုက်သည်။ ဟသ်ာစကားကို ကောင်း စိတ်မဝင်စားပါ။ မနေ့တစ်နေ့ကပင် အလုပ်တစ်ခု သက်စွန့်ဆံဖျား လုပ်ခဲ့ပြီးပြီ။ သည်နေ့ထပ်ပြီး လုပ်မည်ဟု ဆိုလိုက်သည့်စကားကြောင့် ကောင်းသည် ဟသ်ာစကားကို စိတ်မဝင်စားခြင်း ဖြစ်သည်။

"မင်းတို့ ကိစ္စမှာ ငါဒီည မလိုက်နိုင်ဘူးကွာ"

ကောင်းက ပြတ်တောင်းစွာ တခွန်းတည်းပြောလိုက်သည်။ ကောင်းစကားကို ကြားလိုက်ရသောအခါ ဟသ်ာသည် ကောင်းအားမကျေမနပ်မျက်လုံးအစုံဖြင့် ငေးကြည့်နေ၏။

"အားလုံးစီစဉ်ပြီးပြီကွ . . . မင်းမပါလို့ ဘယ်ဖြစ်မလဲ"

"အားလုံး စီစဉ်တုန်းက ငါမှမရှိဘဲ ခုလဲ ငါမပါရင် ဖြစ်တာပေါ့"

"မဖြစ်လို့ ပြောနေတာပေါ့ကွ"

"ငါလဲ ဒီညလိုက်လို့ မဖြစ်လို့ မဖြစ်ဘူးလို့ ပြောတာပေါ့"

"ခက်တာဘဲကွာ"

"မခက်ပါဘူး . . . မင်းလုပ်ပေါ့"

ကောင်းသည် ထိုမျှသာပြောပြီးနောက် စီးကရက်ကိုသာ တဖွာပြီးတဖွာ ရှိုက်၍ရှိုက်၍ ဖွာနေသည်။ ကားအသီးသီး မီးရောင်တန်းကလေးများ ပြေးလွှားနေသည်ကိုသာ ငေးကြည့်နေမိတော့သည်။ ကောင်း ဆုံးဖြတ်ချက်တစ်ခုကို ချပြီးလျှင် မပြင်တတ်ကြောင်း ဟသ်ာ သိသည်။ ဒါကြောင့်လည်း ဘာမှဆက်မပြောတော့ဘဲ ကောင်းအနီးမှ ပြန်လှည့် ထွက်သွားလေတော့သည်။

တံတားပေါ်တွင် လူနည်းနည်း ရှင်းသွားလေပြီ။

ကောင်းသည် တံတားပေါ်တွင် မတ်တပ် ရပ်နေရာမှ ဖင်ထိုင်ချလိုက်၏။ စီးကရက်ကို ဖွာရင်း မိမိ၏ ရှေ့ရေးအတွက် စဉ်းစားနေမိသည်။

ညသည် တဖြေးဖြေး မှောင်လာခဲ့ပြီ။

ကောင်းသည် စောစောက တံတားအောက်ဖက်သို့ မျက်နှာမူ ထိုင်နေရာမှ တံတားသံတိုင်များကို ကျောမှီကာ ထိုင်လိုက်သည်။

ကောင်းကင်တွင် ပြာလဲ့နေ၏။ ပြာလဲ့နေသော ကောင်းကင်ပြင်တွင် ကြယ်ကလေးများ မှိတ်တုတ် မှိတ်တုတ်ဖြင့် လင်းနေရှာသည်။ ကောင်း ဘဝ ရပ်တည်မှုကိုလည်း ကောင်းတွေးကြည့်နေမိသည်။ မိမိရည်ရွယ်ရာ အဆိုတော်တစ်ယောက် ဖြစ်ရန်အရေးကို တွေး၍မှမရတော့လောက်အောင် အခြေအနေအရပ်ရပ်က ဖန်တီးနေသည်။

"ငါ လုပ်ချင်တဲ့အလုပ်ကို ဖြစ်အောင်လုပ်နိုင်ဖို့ ငွေရှာမယ် ငွေရရင် ငါ့ဘဝ ပြောင်းလဲပစ်ရမှာဘဲ ဒီအတိုင်း ဆက်သွားလို့တော့ မဖြစ်တော့ဘူး"

နာရီလက်တံတို့ တရွေ့ရွေ့ ပြောင်းသွားသည်နှင့်အမျှ ရန်ကုန်ဝန်းကျင်သည် တဖြေးဖြေး ခြောက်သွေ့တိတ်ဆိတ်လာလေသည်။ စောစောက လူအများနှင့် သွားလာလှုပ်ရှား ရှုပ်ထွေးနေသော ဗိုလ်ချုပ်လမ်းမကြီးသည် ယခုအခါတွင် ကျဲတောက်တောက် ဖြစ်လာသည်။

ကောင်း သည်လည်း နွမ်းယားစီးကရက်ကို တလိပ်ပြီးတလိပ် ဖွာရင်း တံတားပေါ်တွင် ထိုင်နေမိသည်။

မကြာခင် အချိန်ပိုင်းမှာပင် ဈေးကြီးကားတွေ ပြန်လည်လှုပ်ရှားလာကာ နောက်တစ်နေ့ နေ့သစ်ကို ပြောင်းလဲပစ်တော့မည်။ ကောင်း၏ အာရုံထဲသို့ အတွေးတစ်ခုဝင်လာ၏။ ကီလီဈေးဖက်သို့ မရောက်သည်မှာ ကြာပြီ။ ကီလီဈေးတွင် ဘဝမျိုးစုံ အဖုံဖုံကို တွေ့မြင်ကြားသိနိုင်သည်။

ကောင်း တံတားပေါ်မှဆင်းလိုက်ချိန်တွင် တံတားအောက်၌ သူနှင့်ရွယ်တူ လူရွယ်နှစ်ယောက်ကို တွေ့လိုက်ရလေသည်။

၎င်းတို့နှစ်ဦး ပြောဆိုနေကြသော စကားများကို ကြားရသည်။

ကောင်းသည် ထိုလူရွယ်နှစ်ဦး၏ စကားများကို အသာငြိမ်သက်စွာ နားထောင်နေလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့မှာ အဲဒီငွေမှ မရရင် သေရေးရှင်ရေး ဖြစ်နေလို့ လုပ်ရတော့မယ့် အန်းကူ"

"မင်းလုပ်တာတော့ ဟုတ်ပါပြီ ဖြစ်ရော ဖြစ်ပါ့မလား . . ."

"ဖြစ်အောင် လုပ်မှာပေါ့ကွာ . . ."

ကောင်း သည် ၎င်းတို့နှစ်ဦး ပြောဆိုနေကြသော စကားများမှာ တအိမ်အိမ်ကိုဝင်၍ ခိုးကြရန် ကြံစည်နေသော အကြောင်းများဖြစ်ကြောင်း သိလိုက်ရသည်။ ကောင်း သည် သူလိုလူတွေ ဘယ်လောက်များများ ဤလောကကျယ်ကြီးထဲတွင် ရှိနေကြပါလိမ့်မှာ အတွေးဝင်လာမိသည်။ လှေကားမှ ဆက်၍ ဆင်းလာပြီး ဖရေဇာလမ်း အတိုင်း တရွေ့ရွေ့ လျှောက်လာခဲ့သည်။

ဆူးလေဘုရားလမ်း ဒေါင့်သို့ အရောက်တွင်မူ ကောင်း၏မျက်လုံး အစုံသည် လေးဘီးကားလေး တစ်စီးဆီသို့ ရောက်သွား၏။ မဝေဠု နေ့လယ်ကစီးလာသော ကားကလေးဖြစ်သည်။ ယခုလိုအချိန်တွင် ဤနေရာ၌အဘယ်ကြောင့် ရပ်ထားသနည်း။ မှောင်ရိပ်ကျကျတွင် ရပ်နေပြီး အကဲခတ်ကြည့်နေမိသည်။

တအောင့်လောက်အကြာတွင် ညနေစောင်းက တွေ့ခဲ့သော စိတ္တနှင့် လူနှစ်ယောက် ကားလေးအနီးသို့ ရောက်လာသည်။ ကားကိုကပျာကယာ စက်နှိုးပြီး မောင်းနှင် ထွက်သွားကြသည်။ ကောင်း၏ ရင်၌ မဝေဠု တစ်စုံတခုတော့ ဖြစ်ပြီဟု အတွေးဝင်လာသည်။

ဤနေရာတွင် ရပ်လျက် နောက်ထပ် ထူးခြားလာမည့် အခြေအနေကို စောင့်ကြည့်ရန် စိတ်ကူးလိုက်မိသော်လည်း ကောင်းကင်ပြင်သည်တဖြေးဖြေး အလင်းရောင်တို့နှင့် ပြန့်ကြဲလာသည်နှင့် ကောင်း၏ စိတ်ကူးကို လက်လျှော့လိုက်ရလေသည်။

"ကောင်း အချိန်ရပါတယ် . . နော်"

"ရပါတယ် . . . မဝေဠု . . ."

ကောင်း အချိန်ရမယ်ဆိုရင် တနေရာကို သွားကြရအောင် မဝေဠု ပြောစရာတွေရှိတယ် . . ."

ကောင်းသည် မဝေဠု ပြောလိုက်သော စကားကို အလေးအနက်စဉ်းစားလိုက်၏။ မဝေဠု ပြောစရာရှိသော အကြောင်းများသည် မိမိနှင့် ပတ်သက်သော ကိစ္စဖြစ်လိမ့်မည်ဟု တွေးမိ၏။

"သွားမယ်လေ . . ."

ကောင်းက သွားမယ်လေဟု ပြောလိုက်ပြီးသည်နှင့် ပန်းဆိုးတန်း ဒေါင့်တနေရာတွင် ရပ်ထားသော မဝေဠု၏ ကားကလေးရှိရာသို့ နှစ်ယောက်သား လျှောက်လာကြသည်။ ကားအတွင်းသို့ ရောက်ကြလျှင် မဝေဠုသည် ကားစက်နှိုးလျက် ခပ်သုတ်သုတ်ကလေး မောင်းနှင်ထွက်လာခဲ့သည်။

ကမ္ဘာအေးစေတီလမ်းမှ တဆင့် တက္ကသိုလ်ရိပ်သာလမ်းဖက် ဆီသို့ ချိုးကွေ့ကာ ကောင်းနှင့် မဝေဠုတို့ ပထမဆုံး ကြုံကြသော ပျော်ပွဲစားရုံအတွင်းသို့ မောင်းနှင်ဝင်လာခဲ့ပြီး သစ်ပင်တပင်အောက်တွင် ကားကို စက်သတ်ပြီး ရပ်လိုက်၏။

ဟိုတယ်၏ သပ်ရပ်သော အခန်းကလေး တစ်ခုအတွင်းသို့ ဝင်ခဲ့ကြသည်။

"ကောင်း တခုခုသောက်ပါလား"

မဝေဠုသည် စားပွဲအနီးတွင်ရှိသော ကုလားထိုင်တစ်လုံး၌ ကောင်းနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်ပြီးနောက် ပြောလိုက်သည်။

"မဝေဠုရော သောက်တတ်သလား"

"နဲနဲပါးပါး သောက်တတ်တယ် ဆိုပါတော့ . . ."

မဝေဠုစကားကို ကြားတော့ ကောင်း မသိမသာ ပြုံးလိုက်မိသည်။ ကောင်း ပြုံးလိုက်သော အပြုံးကို မဝေဠု တွေ့လိုက်ရပါသည်။ သို့သော် မဝေဠုသည် ကောင်း ပြုံးလိုက်သော အပြုံးနှင့်ပတ်သက်၍ ဘာမှမပြောချေ။ မဝေဠုတွင် ၎င်းကိစ္စထက် အရေးကြီးသောအကြောင်းက ရှိနေသည် မဟုတ်ပါလား။

"ဘီယာသောက်မလား ကောင်း"

"မဝေဠုက ဝီစကီ သောက်တာ"



www.burmeseclassic.com

www.burmeseclassic.com

မဝေဠုထံမှ ထွက်ပေါ်လာသော စကားကြောင့် ကောင်း မဝေဠုကို ဆတ်ကနဲ လှမ်းကြည့်လိုက်သည်။

"ကောင်းတော့ အရက်ဖြူကလွဲရင် ဘယ်အရက်ဖြစ်ဖြစ် သောက်ပါတယ်"

"ဝီစကီပဲ သောက်ပေါ့"

"မဝေဠု သဘောပါ"

မဝေဠုသည် စားပွဲထိုးလူရွယ်အား ဝီစကီလေးပက်နှင့် ဖန်ခွက်နှစ်လုံး၊ ဆော်ဒါ၊ လီမွော်ရည်နှင့် စားစရာအတွက် အစုံကြော်တပွဲကို မှာလိုက်သည်။ ကောင်းသည် မဝေဠုမှာနေစဉ်အတွင်း စီးကရက်တစ်လိပ်ကို ထုတ်လျက် သောက်နေမိသည်။

သိပ်မကြာပါချေ။ မဝေဠုမှာထားသော သောက်စရာများ ရောက်လာသည်။ ကောင်း သည် ဖန်ခွက်နှစ်လုံးကို အတူတူထားလျက် ဝီစကီကို ဖန်ခွက်ထဲသို့ မှုပြီး ထည့်လိုက်၏။ မဝေဠုသည် လီမွော်ရည်ပုလင်းကို ကိုင်ကာ ဝီစကီထည့်ပြီးသော ဖန်ခွက်ထဲသို့ လောင်းငှဲ့ထည့်လိုက်သည်။

"လီမွော်ရည်နဲ့ စပ်သောက်မယ် ဟုတ်လား"

"လူမြင် ကောင်းအောင်တော့ ကာကွယ်ရသေးတာပေါ့ ကောင်း"

ကောင်း သဘောပေါက်သွားသည်။ စားပွဲထိုး လူရွယ်တွေ အဝင်အထွက်တွင် မဝေဠုကို မြင်ရပါက အရက်သောက်သည်ဟု မထင်နိုင်ဘဲ လီမွော်ရည်သောက်သည်ဟု မြင်မည်။ ဒါမှလည်း မဝေဠုအား အထင်အမြင်သေးခြင်းမှ လွတ်မည်။ ကောင်း ဒုတိယမွိ ပြုံးလိုက်မိပြန်သည်။

ကောင်းသည် ဆိုဒါ၊ ရေခဲတို့နှင့် ဝီစကီကို ရောစပ်လိုက်၏။ ပြီးတော့ ရေခဲပျော်သွားအောင် ဖန်ခွက်ကလေးအတွင်းသို့ လက်ညှိုးကလေးထည့်လျက် ရေခဲတုံးကလေးကို လှည့်နေ၏။

"ကောင်းဆီက အကူအညီတစ်ခု တောင်းချင်လို့"

မဝေဠုသည် ထိုစကားမျှသာပြောပြီး အရက်ရောထားသော လီမွော်ရည်ဖန်ခွက်ကို ကောက်ယူ သောက်လိုက်သည်။ ထိုအချိန် မဝေဠုမှာထားသော အစုံကြော်တစ်ပွဲ ရောက်လာသည်။ မဝေဠုသည် ကောင်းကို တချက်မျှ လှမ်းကြည့်နေ၏။

"တခါတုန်းက ကူညီခဲ့ရတဲ့ အကူအညီမျိုးလား"

"မဟုတ်ဖူး၊ ဒီတခါက သတ်သတ်ပါ"

ကောင်းသည် အရက်ကို တစ်ငုံငုံသောက်လိုက်၏။ ပြီးမှ ဖက်ထုပ်ကြော်ကလေးတစ်ခုကို ကောက်ယူကာ ဝါးလိုက်သည်။

"ဒီတစ်ခါက ခက်ခက်ခဲခဲ မဟုတ်ပါဘူး။ လူတစ်ယောက်ကို မေ့ဆေးပေးပြီး သူနဲ့ပါလာတဲ့ အိတ်တစ်အိတ်ကို ကောင်း ယူပေးဖို့ပါ"

ကောင်းသည် မဝေဠု ပြောလိုက်သောစကားကို ကြားသောအခါ မဝေဠုအား ငေးကြည့်လိုက်သည်။ မဝေဠုကို မိမိ ဘယ်လို နားလည်သဘောပေါက်ရမည်မှန်းမသိအောင် အသိရခက်သွား၏။

"ဘယ်နေရာမှာ အလုပ်လုပ်ရမှာလဲ မဝေဠု။ ပြီးတော့ အဲဒီအိတ်က ဘာအိတ်လဲ"

"နေရာက ဒီဟိုတယ်ပဲ။ အိတ်ကတော့ ငွေအိတ်ဆိုပါတော့"

"လွယ်ပါ့မလား မဝေဠု"

ကောင်းသည် အေးဆေးတည်ငြိမ်စွာဖြင့် တခုပြီး တခု ပြောပြနေသော မဝေဠုကိုကြည့်လျက် အံ့သြစွာဖြင့် မေးလိုက်သည်။ မဝေဠုသည် ဤတကြိမ် တွင်ပြုံးလာ၏။

"စိတ်ချပါ ကောင်း။ မဝေဠု မရောက်လာမချင်း သူ အခန်းတစ်ခန်းထဲမှာရှိမှာပါ။ နောက်ဆုံး ကောင်း မရှာရအောင် သူ ဘယ်အခန်းမှာရှိမယ်။ ဘာလုပ်နေမယ်ဆိုတာအထိ မဝေဠု စီစဉ်ပေးပါ့မယ်"

"ကောင်း အတွက် ဝေစုကရော"

"ကောင်းအတွက် ဝေစုကို မဝေဠု စဉ်းစားထားပါတယ်"

မဝေဠုသည် အေးဆေးလှစွာ ပြောလိုက်၊ သောက်လိုက်နှင့် ရှိနေသည်။ ကောင်း သာလျှင် စောစောက သောက်လိုက်သော အရက်တစ်ငုံမှလွဲ၍ နောက်ထပ်မသောက်မိသေးချေ။



www.burmeseclassic.com

www.burmeseclassic.com

"သောက်လိုက်ပါအုံး ကောင်း"

မဝေ့ရွှေက ကောင်းကို အရက်သောက်ရန် တိုက်တွန်းနေ၏။ မဝေ့ရွှေသည် ကောင်းအား သူမ၏ မျက်လုံးရွဲကလေးများဖြင့် ဝင့်၍ ဝင့်၍ နစ်ချက်မျှစိုက်ကြည့်လိုက်၏။ ကောင်း သည် မဝေ့ရွှေ၏ ရဲတင်းသွက်လက်မှုကိုကြည့်လျက် ဘာမှ ပြန်မပြောနိုင်အောင် ဖြစ်နေသည်။

"ကောင်း အဆိုတော်တစ်ယောက်ဖြစ်ချင်တယ် မဟုတ်လား၊ ဒီတော့ ကောင်းအတွက် မဝေ့ရွှေ ငွေနစ်သောင်း ပေးမယ်။ ကောင်း အဲဒီငွေနဲ့ ကြိုးစားပေတော့"

"နစ်သောင်း ဟုတ်လား"

မဝေ့ရွှေသည် ခေါင်းကလေးကို ဆတ်ကနဲ ဆတ်ကနဲ ညိတ်ပြလိုက်သည်။

"ကောင်း အတွက် ဝေစုက နစ်သောင်းတောင် ဆိုတော့ မများလွန်းဘူးလား မဝေ့ရွှေ. . ."

ကောင်း စကားကြောင့် မဝေ့ရွှေထပ်၍ တကြိမ်ပြုံးလိုက်ပြန်သည်။ ပြီးမှ လိမ္မော်ရည်နှင့်ရောထားသော ဝီစကီကို ဖြေးဖြေး ဆေးဆေးပင် တစ်ငုံမှနစ်ငုံ၊ နစ်ငုံမှ သုံးလေးငုံ ငုံသောက်လိုက်သည်။

"ဘာလဲ . . .လူတစ်ယောက်ရဲ့ စေတနာကို စော်ကားတတ်တဲ့ သူတစ်ယောက် မဟုတ်ပါဘူး"

မဝေ့ရွှေသည် ကောင်း စကားကို ကြားသောအခါ အသံကလေးများထွက်အောင်ပင် ဟက်ဟက်ပက်ပက် ရယ်လိုက်လေသည်။ မဝေ့ရွှေ ရယ်သံသည် သွေ့ခြောက်သောရယ်သံမျိုး မဟုတ်။ ချိုရွှင်၍ ဆည်းလည်းသံသို့ နယ် သာယာပေသည်။ ရယ်သံနှင့် အတူ မဝေ့ရွှေ၏ မျက်နှာပြင် အပြုံးတို့မှာလည်း လန်းဆန်းနေပါ၏။

"ကောင်းကို မဝေ့ရွှေ သေသေချာချာ အကဲခတ်ပြီးပါပြီ။ ဒါကြောင့်လဲ မဝေ့ရွှေရဲ့ လုပ်ငန်းအတွက် ကောင်းကို တမင်ရွေးရတာဘဲ"

"ဒါနဲ့ အဲဒီငွေအိတ်နဲ့ လာမဲ့သူဟာ ဟိုတစ်နေ့က မဝေ့ရွှေနဲ့ ပါလာတဲ့ လူကြီးလား"

မဝေ့ရွှေသည် ပါးစပ်က မဖြေ၊ ခေါင်းကလေးကိုသာ ဖြေးလေးစွာ ညိတ်ပြလိုက်သည်။

"သူက ကောင်းကို သိနေမှာပေါ့"

"ကောင်းကို သူမသိအောင် ရုပ်တော့ ဖျက်ရလိမ့်မယ်"

မဝေ့ရွှေ၏ စကားကို ကောင်း စဉ်းစားကြည့်နေသည်။ မိမိရုပ်ဖျက်ထားခြင်းအားဖြင့် မိမိကို ဘယ်သူမှ သိမည်မဟုတ်။ ရမည့်ငွေကလည်း မနည်း။ ကောင်းအဘို့ တကိုယ်တော်စွန့်စားခြင်း အလုပ်အတွက် လက်ခံလိုက်သည်။

မဝေ့ရွှေက ကောင်း လုပ်ရှားရမည့် အစီအစဉ်များကို အသေးစိတ် တိုးတိုးတိတ်တိတ် ကောင်းနှင့် ယှဉ်လျက် ကုလားထိုင် တစ်လုံးတွင် ပြောင်းထိုင်ရင်းပြောပြနေသည်။ ကောင်း သည် အလုပ်နှင့်ပတ်သက်နေသောအကြောင်း အရာများကို မှတ်နေရင်းမှ မဝေ့ရွှေ၏ အလှအပကို လေ့လာကြည့်နေမိပြန်သည်။

မဝေ့ရွှေသည် မိန်းမချောကလေး တစ်ဦးပင် ဖြစ်သည်။

မဝေ့ရွှေ၏ ကိုယ်ခန္ဓာ အချိုးအဆစ်ကလည်း ပြေပြစ်လှသည်။

မဝေ့ရွှေ၌ အစွမ်းအထက် ဆုံးလက်နက်ကား မဝေ့ရွှေ၏ မျက်လုံးအစုံနှင့် နှုတ်ခမ်းလှလှလေး။ နှုတ်ခမ်းအပေါ်တွင် ရှိနေသော မှဲ့ကလေးသည် မဝေ့ရွှေအတွက် ယောကျ်ား သတ္တဝါတွေကို ဖမ်းယူနိုင်သော စွမ်းအားတွေများ ရှိနေလေရော့သလားဟု ထင်ရပေသည်။

"မဝေ့ရွှေ . . ."

ကောင်းသည် သူ့နံဘေးတွင်ရှိနေသော မဝေ့ရွှေ၏ လက်ဖဝါးနုနုကလေးကို လှမ်းကိုင်ရင်း မဝေ့ရွှေကို ညင်သာဖွဖွစွာ ခေါ်လိုက်မိသည်။

မဝေ့ရွှေ ပြုံးလိုက်သည်။ မဝေ့ရွှေ အပြုံး၌ အဓိပ္ပါယ်ပြည့်စုံစွာ ပါရှိနေသည်။

---

ရှေ့လဆက်ရန်

မောင်ရွှေစိန်



www.burmeseclassic.com

www.burmeseclassic.com

# မှားမှန်ရောထွေး
# အမှန်ရွေးနိုင်ပါစေ

စလင်း-ဦးအောင်သိန်း

တရားစီရင်ရေး ယန္တရားသည် နယ်ပယ်အသီးသီးနှင့် ဆက်နွှယ်နေသဖြင့် ကျယ်ဝန်းသည်ဟု ဆိုနိုင်ပါသည်။ အမှုဆုံးဖြတ်ရာ၌ အထောက်အကူဖြစ်စေရန် ဆက်နွှယ်ဆောင်ရွက်ရသည့် ရုံးဌာနများ ရှိပါသည်။ ဓာတုဗေဒဝန်ရုံး၊ လက်ရေးလက်မှတ်ပါရဂူ၊ မှူခင်းဆရာဝန်တို့နှင့် အများအားဖြင့် ဆက်နွှယ်ဆောင်ရွက်ရပါသည်။ ဤကဲ့သို့ ဆက်သွယ်ဆောင်ရွက်ရာတွင် ပုံမှန်လုပ်ဆောင်နေကျအတိုင်း ဆောင်ရွက်ခြင်းဖြင့် အခက်အခဲမရှိပါ။

သို့သော် ရံဖန်ရံခါမှသာ ဆောင်ရွက်ရသော ဌာနများနှင့် ဆက်သွယ်ဆောင်ရွက်သည့်အခါ အခက်အခဲများရှိတတ်ပါသည်။ ဆက်သွယ်ဆောင်ရွက် ပုံမှန်လုပ်ဆောင်နေကျအတိုင်း ဆောင်ရွက်ခြင်းဖြင့် အခက်အခဲမရှိပါ။

သို့သော် ရံဖန်ရံခါမှသာ ဆောင်ရွက်ရသော ဌာနများနှင့် ဆက်သွယ်ဆောင်ရွက်သည့်အခါ အခက်အခဲများရှိတတ်ပါသည်။ ဆက်သွယ်ဆောင်ရွက်ရသည့် ဌာန၏ လုပ်ထုံးလုပ်နည်းများက အဟန့်အတားဖြစ်နေပါသည်။ တရားစီရင်ရေးယန္တရားမှာ ရပ်တန့်နေခြင်းမရှိဘဲ ပုံမှန်ရက်ချိန်းအတိုင်း ဆောင်ရွက်ဖွယ်ရာများကို ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နေရပါသည်။

မရွေ့မပြောင်းနိုင်သော ပစ္စည်းနှင့်ပတ်သက်၍ တရားစွဲဆိုသည့်အခါ တရားမမှုများတွင် လိုအပ်ပါက မြေပုံတင်ရပါသည်။ နယ်မှာ ပြဿနာမရှိသော်လည်း ရန်ကုန်မြို့တော် စည်ပင်သာယာနှင့် ဆက်သွယ်ဆောင်ရွက်သည့်အခါ အခက်အခဲရှိလာပါသည်။ မြေပုံကူးလျှင် အမှုတွဲဖွင့်ရသည်။ ရုံးတွင်းလုပ်ထုံးလုပ်နည်းအရ အဆင့်ဆင့်သွားနေရသည်။ အမှုတွဲတွင် အထောက်အထားများ ပူးတွဲတင်ပြရသည်။

ဥပဒေအရ ပိုင်ဆိုင်မှုမရသေး၍ ပိုင်ဆိုင်မှုရအောင် ဆောင်ရွက်ရာ၌ မြေပုံကူးသူသည် မည်သည့်နည်းနှင့်မျှ အမည်ပေါက်မဖြစ်နိုင်။ အမည်ပေါက်မဟုတ်၍ အခက်အခဲတွေ့ရသည်။ စည်ပင်သာယာလုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်မရသဖြင့် ကာယကံရှင် အခက်အခဲတွေ့ရသည်။ မြေပုံတင်ရန် နေ့စဉ်မှတ်တမ်း (Dairy Order) ဖြင့် အမိန့်ချသည်။ ထိုအမိန့်ကို တာဝန်ခံမိတ္တူ (မှန်ကန်ကြောင်းမိတ္တူကူး၊ အရာရှိလက်မှတ်ရေးထိုးထားသည့် မိတ္တူ)ကူး၍ မြေပုံကူးရန် စည်ပင်သာယာသို့ သွားရောက်အမှုတွဲဖွင့်သည်။ ရေးကူးခွင့်မပြုဟု မှတ်ချက်ပေးသည်။ ဌာနဆိုင်ရာများနှင့် ဆက်သွယ်ဆောင်ရွက်သည့်အခါ အဆင်မပြေမှုများ တွေ့ကြုံရသည်။ ဌာနဆိုင်ရာများအနေဖြင့် တရားရုံး၏ အမိန့်ညွှန်ကြားချက်များကို မိမိဌာနမဟုတ်၍ဆိုကာ အလေးမထားမှုမျိုး မပြုသင့်ဟု ယူဆပါသည်။

အလျဉ်းသင့်၍ တင်ပြခြင်းမျှသာ ဖြစ်ပါသည်။

ယခင်ဆောင်းပါးအချို့တွင် သက်သေခံပစ္စည်း စိမ့်ခန့်ခွဲခြင်းနှင့် ပတ်သက်၍ တင်ပြခဲ့ဖူးပါသည်။ ထပ်မံတင်ပြပါမည်ဟုလည်း ဆိုခဲ့ပါသည်။ ကြားထဲတွင် ဘယ်လိုအမိန့်မျိုးကို လိုက်နာရမည်၊ အချို့အမိန့်များကို မလိုက်နာသော်လည်း အရေးယူ၍မရကြောင်း ကြားဖြတ်ရေးသားတင်ပြလိုက်ရ၍ အဆက်ပြတ်သွားသည်။

၂၀၀၀ ပြည့်နှစ် စီရင်ထုံး၊ စာမျက်နှာ-၉ ပါ အမှုကို ဆွေးနွေးတင်ပြပါမည်။ တာမွေမြို့နယ်တရားရုံးတွင် စွဲဆိုသော အမှုဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဥပမာ - ဓားခုတ်မှုဖြစ်သည် ဆိုပါစို့။ လက်မောင်း၊ သို့မဟုတ် တင်ပါး၊ ပေါင် ခုတ်မိ၍ အသားများ ပွဲပါသွားအံ့။ ရဲက ဆရာဝန်၏ဆေးစာတွင် ပြင်းထန်ဒဏ်ရာဟု မှတ်ချက်ပြုသဖြင့် အပြင်းအထန် နာကျင်စေမှုဖြင့် စွဲဆိုသည်။

(၁၅·၁၀·၁၉၉၆)နေ့ နံနက်ပိုင်းတွင် ဒေါ်သန္တာဦး၊ ဒေါ်ကြေသီတို့ ညီအစ်မသည် တရားလို ဒေါ်အင်သန်းအိမ် သွားရောက်ပြီး မင်္ဂလာပွဲသွားရန် လက်ဝတ်ရတနာ ခေတ္တ ငှားရန် ပြော၍ ယုံကြည်သဖြင့် လက်ဝတ်ရတနာ ခုနစ်မျိုး၊ ကာလတန်ကြေး ၂၁၅၀၀၀ိ/- တန်ဖိုးရှိ ပစ္စည်းများပေး လိုက်သည်။ဖော်ပြပါပစ္စည်းများကို ပြန်မပေးဘဲ ဒေါ်ပိုင်း၊ ဒေါ်ငြိမ်းငြိမ်းဦးတို့ထံ ပေါင်နှံကာ ငွေကို ကိုယ်ကျိုးသုံးစွဲလိုက် သဖြင့် တိုင်ကြားရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

ဒေါ်သန္တာဦး၊ ဒေါ်ကြေသီတို့ကို ပြစ်မှုပုဒ်မ-၄၀၆ အရ အရေးယူသည်။

- ဒေါ်ပိုင်းထံပေါင်ထားသည့် စိန်ခုနစ်လုံးပါ လက် စွပ်နှစ်ကွင်း။
- ဒေါ်ငြိမ်းငြိမ်းဦးထံ ပေါင်ထားသည့် ပုလဲရတနာ (၄)မျိုး။
- ဒေါ်ပိုင်းမှတစ်ဆင့် ဒေါ်ခင်မြထံပေါင်သည့် စိန် ဆွဲကြိုးတစ်ကုံး (စိန်ဆွဲသီးပါသည်)

ထိုပစ္စည်း ခုနစ်မျိုးကို ရှာဖွေပုံစံများဖြင့် သိမ်းဆည်း ခဲ့သည်။

သက်သေခံပစ္စည်း စီမံခန့်ခွဲရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ-၅၁၆(က)အရ အမှုအတောအတွင်း စီမံ ခန့်ခွဲခြင်း၊ ပုဒ်မ-၅၁၇ အရ အမှုအပြီးသတ် အမိန့်ချမှတ် သည့်အခါတွင် စီမံခန့်ခွဲခြင်းဟု ပြဌာန်းထားရာ အမှုတစ်မှု ချင်းစီငဲ့ကို၍ ရုံးတော်၏ ဆင်ခြင်တုံတရားအရ စီမံခန့်ခွဲရ ပါသည်၊ အမှုဖြစ်အကြောင်းအရာများ တူညီမှုမရှိ၍ သက်သေ ခံပစ္စည်းစီမံခန့်ခွဲရာတွင်လည်း အမှုဖြစ်အကြောင်းအရာပေါ် မူတည်၍ ကွဲပြားခြားနားပါသည်။ ထို့ကြောင့် စီရင်ထုံးများ လည်း ကွဲပြားခြားနားရပါတော့သည်။ တရားလိုသို့ ပေးအပ် ခြင်း၊ သိမ်းဆည်းခြင်းခံရသူသို့ ပေးအပ်ခြင်း၊ တရားခံသို့ ပေးအပ်ခြင်း၊ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း စသည်ဖြင့် အမှုဖြစ်အကြောင်းခြင်းရာအပေါ် မူတည်၍ စီမံခန့်ခွဲရပါသည်။

ယခုအမှုတွင် မူလမြို့နယ်တရားရုံးက တရားလိုသို့ ခံဝန်ဖြင့် ပေးအပ်ရန် စီမံခန့်ခွဲသည်။ ရန်ကုန်တိုင်းတရားရုံး (အရှေ့ပိုင်းခရိုင်)မှ သိမ်းဆည်းခံရသူများသို့ ပေးအပ်စေရန် အမိန့်ချမှတ်ခဲ့ပါသည်။ ထိုအမိန့်ကို တရားလို ဒေါ်အင်သန်း က တရားရုံးချုပ်သို့ ပြင်ဆင်မှုတက်ရောက်ခဲ့ရာ တရားရုံးချုပ် မှ ရန်ကုန်တိုင်း(အရှေ့ပိုင်းခရိုင်) တရားရုံး၏ အမိန့်ကို ပယ် ဖျက်ကာ မြို့နယ်တရားရုံး၏ အမိန့်ကို ပြန်လည်အတည်ပြု ခဲ့ပါသည်။

ဒေါ်ခင်မြ၊ ဒေါ်ငြိမ်းငြိမ်းဦး၊ ဒေါ်ပိုင်းတို့က တရားရုံး ချုပ်၏အမိန့်ကို အထူးအယူခံဝင်ခွင့်ပြုရန် လျှောက်ထားရာ အယူခံဝင်ခွင့်ပြုခဲ့ပါသည်။ အမှုတွဲအားသုံးသပ်ပြီး တရားရုံး ချုပ်၏ အမိန့်ကို အတည်ပြုခဲ့ပါသည်။

အမှုသွားအမှုလာက ရှင်းပါသည်။ လက်ဝတ်ရတနာ ပစ္စည်းများကို မင်္ဂလာပွဲ၌ဝတ်ရန် ပြောဆိုငှားသဖြင့် ပေး လိုက်သည်။ ထိုပစ္စည်းများကို ပေါင်၍ရသည့်ငွေကို ကိုယ်ကျိုး သုံးစွဲသည်။ ယုံကြည်၍ အပ်နှံလိုက်သည်။ မင်္ဂလာပွဲက ပြန် ရောက်လျှင် ပိုင်ရှင်သို့ပေးရန် ဖြစ်ပါလျက် မပေးဘဲ ပေါင် သည်။ ဤပြုလုပ်မှုသည် မရိုးမဖြောင့်သည့် သဘောဖြစ် သည်။ ပေါင်နှံရငွေကို ကိုယ်ကျိုးသုံးစွဲခြင်းသည် အလွဲသုံးစား ပြုခြင်းပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ယခုအမှုနှင့် ဆင်တူနီးပါးကျသော အမှုရှိသည်။ ရတနာကုန်သည်များက ရောင်းချပေးရန် ပွဲစားကို အပ်သည်။ ပွဲစားက ပေါင်နှံပြီး ရငွေကို ကိုယ်ကျိုးသုံးစွဲသော အမှုဖြစ်သည်။ ပွဲစားဒေါ်လှကြည် အမှုဖြစ်သည်။ ယခင်ဆောင်းပါးများတွင် ဖော်ပြခဲ့ဖူးပါသည်။ အမှုချင်းဆင်တူသည်ဟု ဆိုခြင်းမှာ အရည်အသွေးပိုင်းအနေဖြင့် ဆိုလိုခြင်းဖြစ်ပါသည်။

ယခုအမှုတွင် မင်္ဂလာပွဲဝတ်ရန် ပြောဆို၍ ယုံကြည်ပြီး ပေးအပ်သည်။ ဒေါ်လှကြည်အမှုတွင် ရတနာကုန်သည်က ရောင်းချရန်ပေးအပ်လိုက်ခြင်း ဖြစ်သည်။ အပ်နှံရသည့် အကြောင်းရင်းသာ ကွာခြားသည်။ ပေါင်နှံပြီး ပေါင်နှံရငွေကို ကိုယ်ကျိုးသုံးစွဲခြင်းက တူနေသည်။ ပိုင်ရှင်က တရားစွဲပုံချင်းလည်း တူသည်။ သို့သော် ဒေါ်လှကြည်က သက်သေခံပစ္စည်းအပ်နှံရန်အတွက် အရေးဆိုခြင်းမရှိ။ ပြစ်ဒဏ်လျှော့ပေါ့ရန်လောက်သာ အရေးဆိုသည်။ ယခုအမှုတွင် ဒေါ်သန္တာဦးတို့ ညီအစ်မက ရန်ကုန်တိုင်း(အရှေ့ပိုင်းခရိုင်)သို့ ပြင်ဆင်မှုလျှောက်ထားသည်ကို ထောက်ချင့်၍ သက်သေခံပစ္စည်းထုတ်ယူရန် အရေးဆိုခဲ့သည့်ပုံ ရှိနေသည်။

စာရေးသူအမြင်တွင် အမှုသွားအမှုလာနှင့် အမှု၏အရည်အသွေးအရ ပေါ်ပေါက်နေသည့်အပေါ် တစ်နည်းအားဖြင့် အမှုတွင် အထင်အရှားပေါ်ပေါက်နေသည့်အပေါ် မဖြစ်နိုင်သည်များကို အရေးဆိုခြင်း၊ မမှန်မကန်တင်ပြခြင်းဖြင့် ရုံးတော်ကို အနှောင့်အယှက်မပေးသင့်ဟု ယူဆပါသည်။ မိမိအမှုသည် ဥပဒေပါ အခွင့်အရေးကို ရရှိအောင် ဥပဒေနှင့်အညီသာ ဆောင်ရွက်သင့်ပါသည်။

ဥပမာ - ဓားခုတ်မှုဖြစ်သည် ဆိုပါစို့။ လက်မောင်း၊ သို့မဟုတ် တင်ပါး၊ ပေါင် ခုတ်မိ၍ အသားများ ပွဲပါသွားအံ့။ ရဲက ဆရာဝန်၏ ဆေးစာတွင် ပြင်းထန်ဒဏ်ရာဟု မှတ်ချက်ပြုသဖြင့် အပြင်းအထန် နာကျင်စေမှုဖြင့် စွဲဆိုသည်။

သက်သေအထောက်အထားတွေအရ ဓားဖြင့်ခုတ်ကြောင်း စွပ်စွဲချက်ခိုင်မာနေလျှင် တရားခံအနေဖြင့် မခုတ်ရကြောင်း အလီဘိုင်ပြထုချေခြင်းမျိုး မပြုသင့်။ ဒဏ်ရာနှင့်ပတ်သက်၍ ဆရာဝန်၏ မှတ်ချက်၊ ထွက်ချက်အပေါ် ပြင်းထန်ဒဏ်ရာဖြစ်သည်၊ သာမန်ဒဏ်ရာဖြစ်သည် သတ်မှတ်ရန်မဟုတ်။ ရာဇသတ်ကြီးတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် အင်္ဂါရပ်ရှစ်ချက်နှင့် ကိုက်ညီမှု ရှိမရှိ ထင်ရှားပေါ်ပေါက်အောင်သာ စစ်ဆေးမေးမြန်းသင့်ပါသည်။ အချို့ရှေ့နေများက တစ်ဖက်တင်ပြချက်ဟူသမျှ ငြင်းရန်သာ အားသန်နေကြသည်။ ဤကဲ့သို့ ပြုဖန်များလာသည့်အခါ ရေရှည်တွင် ရုံးများက ယုံကြည်မှု ကင်းသွားနိုင်ပါသည်။ အတိအကျ မစွပ်စွဲနိုင်၍ ငြင်းတာမျိုးဆိုလျှင် လက်ခံနိုင်စရာရှိပါသေးသည်။ စာရေးသူအမြင်မှာတော့ ငြင်းသင့်မှ ငြင်းပါ။ စွပ်စွဲသလောက် မကျူးလွန်မိကြောင်း၊ သို့မဟုတ် မလွှဲမကင်းသာ ဖြစ်သွားရကြောင်း ဝန်ခံ၍ သက်ညှာခွင့်တောင်းခြင်းမျိုးသာ ပြုလုပ်သင့်သည်ဟု ယူဆပါသည်။

စာရေးသူထံ ရာဇဝတ်မှု၊ တရားမမှု စွဲဆိုပေးရန် လာရောက်ဆွေးနွေးသူအချို့၏ တင်ပြချက်များမှာ ဖြစ်နိုင်ခြေမရှိကြောင်း တွေ့ရလျှင် စွဲဆို၍မရကြောင်း ငြင်းလိုက်ပါသည်။ တရားစီရင်ရေး ယန္တရားကို တလွဲအသုံးချခြင်းမပြုပါ။ တရားရုံးများတွင် တစ်ဖက်သား ဒုက္ခပေးရပြီးရောဟု သဘောထားသလား၊ သို့မဟုတ် အမှုသည်အား ခွေးဝမ်းသာအောင် ဟိုဒင်းပြတယ်ဆို ရှိင်းရာကျမည်စိုး၍ စိန်နားကပ်ကြီး ပန်ရမည့်ပုံပြောပြီး စွဲလေသလား မသိ။ မဖြစ်နိုင်တာတွေ စွဲဆိုနေသည့်အမှုများ တွေ့နေရသည်။

ယခု စီရင်ထုံးပါ အမှုတွင် မူလမြို့နယ်တရားရုံးက ပိုင်ရှင်တရားလိုကို သက်သေခံပစ္စည်း စီမံခန့်ခွဲ၍ ပေးအပ်ခြင်းသည် အမှု၏ အရည်အသွေးပိုင်း၊ ဥပဒေပါအချက်အလက်များနှင့် ကိုက်ညီနေပါသည်။ တစ်သီးစား၊ နှစ်သီးစား မလုပ်သင့်ပါ။ မိမိ၏ အမှုသည်အပေါ် နားလည်သဘောပေါက်အောင် ရှင်းပြရပါမည်။ တရားရုံးအပိုင်းကလည်း သိသိသာသာ လွဲမှားစေသော မှားယွင်းဆုံးဖြတ်ခြင်းမျိုး ရှောင်သင့်ပါသည်၊ အမှုသည်များ မလိုအပ်ဘဲ ဟိုရုံးတက်၊ ဒီရုံးတက်ရသည့် ဒုက္ခမျိုး ကင်းဝေးအောင် မှန်မှန်ကန်ကန် ဆုံးဖြတ်သင့်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

ဒုက္ခနှင့် သောက ကင်းဝေးကြပါစေ···။

**ဓလင်းဦးအောင်သိန်း**



www.burmeseclassic.com

www.burmeseclassic.com

# ရှုးတာ အဖြစ်လား

■ ဦးဝင်းလှိုင် (တရားရုံးချုပ်ရှေ့နေ)

စာရှုသူများချင်ဗျား ...

ကျွန်တော်၏ စာမူခေါင်းစဉ်းကို ကြည့်ပြီး စိတ်မပျက်စေလိုပါ။ ကျွန်တော်သည် လူထုအကြားတွင် နေထိုင်သူဖြစ်၍ လူတို့ကို စိတ်ဝင်စားပါသည်။ ဗုဒ္ဓ၏တရားတော်အရဆိုလျှင် လူတိုင်း အရူးများသာ ဖြစ်ပါသည်။

တချို့က ဥစ္စာရူးသည်၊ တချို့က ပညာရူးသည်၊ တချို့က ရုပ်ရှင်သရုပ်ဆောင်ဖြစ်လိုခြင်း၌ ရူးသည်။ တချို့ ဇာတ်မင်းသား/မင်းသမီးဖြစ်လိုခြင်း၌ ရူးသည်။ တချို့က ဂီတ၌ရူး၏။ တချို့က သီချင်းအဆိုတော်ဖြစ်ရန် ရူး၏။ တချို့က ... တချို့က အသီးသီး မိမိစိတ်သန်ရာသန်ရာ ရူးကြသည်ချည်း ဖြစ်ပေသည်။ ထိုရူးသွပ်ခြင်းတို့ထက် ဘဝပေးကုသိုလ်ကံအရ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းရူးသွပ်ခြင်းသည် လူဖြစ်လျက် ခံရဆိုးလှသည်။

ထိုသို့ စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းရူးသွပ်ခဲ့ပါက ဘာသာရေးရှုထောင့်မှ ကြည့်လျှင် ဆုံးရှုံးခြင်းများစွာ ဖြစ်ရပေသည်။ ကျွန်တော်တို့ နေ့စဉ် ဘုရားရှိခိုး ကန်ဒတော့ခန်းထဲမှ ရုပ်ပြစ်ရှစ်ပါးထဲသို့ ရောက်ရှိသွားရပေသည်ဟု ပြောရန်သာ ရှိတော့၏။

ကျွန်တော့်ဝန်းကျင်ရှိ မိသားစုတစ်စုတွင် ယဉ်ယဉ်လေးရူးနေကြသူများ ပါဝင်လျက်ရှိနေသည်ကို တွေ့ရသည်။ နေပူပြင်းလာလျှင် အခြေအနေ ပိုဆိုးလာကြ၏။ ယောက်ျားကတစ်မျိုး၊ ယောက်မကတစ်သွယ်၊ အမျိုးမျိုးစခန်းထကြသည်။ လူကောင်းဆို၍ မယားဖြစ်သူတစ်ဦးတည်းက ဦးဆောင်ရှာဖွေ ကျွေးမွေးနေပေသည်။ မယားဖြစ်သူက လင်ယောက်ျားအား အလုပ်တစ်ခုခုခိုင်းပါက အခကြေးငွေပေး၍ ခိုင်းရသည်။ ပုံမှန် နေ့တွက်လည်း ပေးရ၏။ ထိုမယားဖြစ်သူအား တွေ့မြင်သိရှိသူများအနေဖြင့် မချီးမွမ်းဘဲ မနေနိုင်ကြပေ။ စိတ်ထားကောင်းသူဖြစ် မှတ်တမ်းတင်ကြသည်။ ဂရင်းနစ်မှတ်တမ်းဝင်မဝင်တော့ ကျွန်တော် မပြောနိုင်ပေ။ ကျွန်တော်ဆက်ရေးလိုခြင်းမှာ ဥပဒေရေးရာ အဖြေလွှာတစ်ပုဒ်သာ ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာ့လူ့ဘောင်ကား တစ်လင် တစ်မယားစနစ် ဖြစ်ပေသည်။ တစ်နေ့က သတင်းတစ်ပုဒ်ထဲတွင် ဟောလိဝုဒ်၏ နာမည်ကြီးမင်းသမီးကြီးသည် လူငယ်တစ်ဦးနှင့် လက်ထပ်သည်။ နောက်ပိုင်း တရားဝင်လမ်းခွဲသည်။ ထိုဇာတ်လမ်းမျိုးကား သူတို့နိုင်ငံသားများအတွက် ဆန်းပြားလှသည်မဟုတ်။ ထို့ထက် လက်မထပ်မီ အတူနေကြသည်။ လက်ထပ်ဖြစ်ချင်မှ လက်ထပ်မည်။ သူတို့ယဉ်ကျေးမှုနှင့် ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှုကား သီးခြားစီဟု ဆိုရပေမည်။

လင်မယားဖြစ်ပြီးခါမှ လမ်းခွဲလိုလျှင် နည်းလမ်းများအနေဖြင့် နှစ်ဦးသဘောတူ တရားရုံးတစ်ရုံးရုံး၌သော်လည်းကောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရှေ့မှောက်၌သော်လည်းကောင်း ကွာရှင်းနိုင်ပေသည်။ တစ်ဦးနှင့်တစ်ဦး နှစ်ဦးသဘောတူ ကွာရင်းနိုင်မှု မပြုနိုင်လျှင်သော်လည်း ကွာရှင်းလိုသူက တရားရုံးသို့ လျှောက်ထားကွာရှင်းနိုင်ပေ၏။ ထိုအခါမျိုး၌ ကွာရှင်းလိုသူဘက်မှ ကွာရှင်းနိုင်လောက်သည့် သက်သေထင်ရှားပြဖို့တော့ လိုပေသည်။ ညအိပ်လျှင် သွားကြိတ်သောကြောင့်ဟူသော အချက်ဖြင့်တော့ လုံလောက်အံ့မထင်။ ယခု ကျွန်တော်တင်ပြလိုသော ဥပဒေဇာတ်လမ်းကား နိုဒါန်းတွင်ချီခဲ့သော အရူးဇာတ်လမ်းဖြစ်ပေသည်။

သူတို့လင်မယား ၁၉၆၄ ခုနှစ်တွင် စတင်ပေါင်း



www.burmeseclassic.com

www.burmeseclassic.com

သင်းခဲ့သည်။ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။ ငွေရတုသဘင် မင်္ဂလာနှစ်သို့ပင် ရောက်ခဲ့ပြီဖြစ်သည်။ ရင်သွေးရတနာ သားတစ်ဦး၊ သမီးတစ်ဦးတွန်းကားခဲ့ပြီ ဖြစ်သည်။ ခင်ပွန်းသည် ဦးဘရှင်၏အဖြစ်ကား ဆိုးလှသည်။ အိမ်ထောင်သက် ၂၅ နှစ်ရောက်ခါမှ ကုမရနိုင်တော့သည့် စိတ်ရောဂါဝေဒနာ စွဲကပ်ခံရ၏။ ဇနီးသည်က ဦးဘရှင် စိတ်ရောဂါဝေဒနာစွဲကပ်ခြင်းကို အကြောင်းပြု၍ တရားရုံးတွင် ကွာရှင်းပေးစေရန် တရားစွဲသည်။

တရားရုံးအဆင့်ဆင့်က ကွာရှင်းခွင့်မပေးသဖြင့် နောက်ဆုံး အထူးအယူခံ စုံညီရုံးတော်သို့ ရောက်ရှိခဲ့သည်။ စုံညီရုံးတော်၏ စီရင်ချက်သည် စီရင်ထုံးဖြစ်လာသည်။ နိုင်ငံတော် တရားရုံးချုပ်၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများဖြစ်သော ဦးအေးအုန်း၊ ဦးကျော်တင့်၊ ဦးမျိုးထွန်းလင်းနှင့် ဦးကျော်ဝင်းတို့၏ စုံညီရုံးတော်ရှေ့တွင် ကြားနာပြီး စီရင်ချက်ချမှတ်ခဲ့ကြခြင်း ဖြစ်ပေသည်။

ကျွန်တော် ဤစီရင်ထုံးကို ဖတ်ရှုမိသောအခါ ကျောင်းတက်စဉ်က ဆရာတစ်ဦးပြောခဲ့သည်ကို သတိရမိ၏။ ကိုသာရိုက်နှင့် မမဲတူတို့ ညားကြပြီးနောက်မှ ကိုသာရိုက်က မမဲတူကို အသားမည်း၍ ကွာလိုကြောင်း တရားစွဲသည့်ဇာတ်လမ်း ဖြစ်ပေသည်။

● ● ● ● ● ● ● ● ● ● ● ● ●

*လင်မယားဖြစ်ပြီးခါမှ လမ်းခွဲလိုလျှင်*
*နည်းလမ်းများအနေဖြင့်*
*နှစ်ဦးသဘောတူ*
*တရားရုံးတစ်ရုံးရုံး၌သော်လည်းကောင်း၊*
*ရပ်ကွက်အုပ်ချုပ်ရေးမှူး*
*ရှေ့မှောက်၌သော်လည်းကောင်း*
*ကွာရှင်းနိုင်ပေသည်။*
*တစ်ဦးနှင့်တစ်ဦး နှစ်ဦးသဘောတူ*
*ကွာရှင်းနိုင်မှု မပြုနိုင်လျှင်သော်လည်း*
*ကွာရှင်းလိုသူက တရားရုံးသို့*
*လျှောက်ထားကွာရှင်းနိုင်ပေ၏။*

တရားရုံးချုပ်က အထူးအယူခံဝင်ခွင့်ပြုရာတွင် "လင်ယောကျ်ားဖြစ်သူသည် နှစ်ပေါင်းများစွာ စိတ်ရောဂါဝေဒနာခံစားနေရခြင်းကြောင့် လင်ယောကျ်ားတစ်ဦး ထမ်းဆောင်ရမည့် တာဝန်များကို ထမ်းဆောင်နိုင်ခြင်းမရှိပါက မယားဖြစ်သူသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကွာရှင်းခွင့်ရထိုက်၊ မရထိုက်" ကောက်ချက်ထုတ်ပေးပြီး ကြားနာသည်။

ကျွန်တော်တို့ ရှေ့နေတို့မည်သည်ကား မိမိလိုက်ပါဆောင်ရွက်ရသည့်ဘက်မှ အသာစီးရနိုင်သည့် ကျမ်းကိုးကျမ်းကား၊ စီရင်ထုံးများကို ထုတ်နုတ်လျက် တရားသူကြီးတို့ထံ လျှောက်လဲရခြင်းသည် သဘာဝဟု ဆိုရမည်လားမသိပေ။ တရားခွင်တွင် ထိုနည်းလည်းကောင်း လျှောက်လဲကြပေသည်။ ယခုအမှုတွင်လည်း ဇနီးဘက်မှ ရှေ့နေကြီးက ကင်းဝန်မင်းကြီးဦးကောင်း ပြုစုခဲ့သော ကျမ်းကိုးဖြင့် "မကောင်းကျင့်မှု၊ ပျင်းရှူးလူကို၊ အိမ်သူနှင့်ရာ ဟူရာ၌ အကျင့်မကောင်း၊ ဟောရမ်းသော့သွမ်းသောသူ၊ အလွန်ပျင်းရိလှသောသူ၊ ရူးသွပ်သေသူ ဤသုံးယောက်တည်း။ ၎င်းသုံးယောက်မှာ မယားက သည်းမခံနိုင်၍ အိမ်ကနှင်ထုတ်လျှင် နှင်ထုတ်ပိုင်စေ"ဟု ပြဆိုခဲ့ကြောင်းဖြင့် လျှောက်လဲသည်။

ခင်ပွန်းသည်၏ ရှေ့နေကြီးကလည်း ဇနီးသည်၏ ရှေ့နေကိုးကားသော ဓမ္မသတ်တွင် ခင်ပွန်းဖြစ်သူ ရူးသွပ်ခြင်းကို အကြောင်းပြုပြီး မယားဖြစ်သူက ကွာရှင်းခွင့်ရထိုက်ကြောင်း အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိပါဟု ထုချေလျှောက်လဲသည်။

အထူးအယူခံရုံးတော်အနေဖြင့် မူလရုံးအမှုတွဲကို စိစစ်၏။ နှစ်ဖက်လျှောက်လဲခဲ့ကြသည့် ကျမ်းကိုးကျမ်းကားများကိုလည်း မွှေနှောက်၏။ ကင်းဝန်မင်းကြီးဦးကောင်းသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရာတွင် ကျွမ်းကျင်နှံ့စပ်သူဖြစ်ကြောင်း တရားသူကြီးများအားလုံးက လက်ခံသဘောတူကြသည်။

ကင်းဝန်မင်းကြီးဦးကောင်းသည် ၃၄ စောင်တွဲ မွေသတ်ကျမ်းကြီးကို ပြုစုခဲ့သူ ဖြစ်ပေသည်။ ထိုကျမ်း၏ အခန်း(၄၀)တွင် လင်မယားကွာရှင်းသည့်ကိစ္စနှင့် စပ်လျဉ်း၍ ဓမ္မသတ်လာ ပြဋ္ဌာန်းချက်များကို စုစည်းဖော်ပြထားသည်။ သို့သော် လင်၊ သို့မဟုတ် မယား ရူးသွပ်သည်ကို



www.burmeseclassic.com

www.burmeseclassic.com

*မြန်မာဗုဒ္ဓဘာသာဝင် ယောကျ်ားတစ်ဦးနှင့်*
*မိန်းမတစ်ဦးတို့သည်*
*နှစ်ဦးသဘောတူညီချက်ဖြင့်*
*အိမ်ထောင်တစ်ခုကိုတည်ဆောက်ကြသည်။*
*တစ်ဦးတစ်ယောက်တည်း၏ဆန္ဒဖြင့်*
*ထိုအိမ်ထောင်ကို ဖြိုဖျက်ခြင်းမပြုနိုင်။*
*တစ်ဦးဦးက*
*အိမ်ထောင်ရေးပြစ်မှုကျူးလွန်မှသာ*
*ကျန်တစ်ဦးက ကွာရှင်းခွင့်ရပေသည်။*

● ● ● ● ● ● ● ● ● ● ● ●

အကြောင်းပြုပြီး ကွာရှင်းခွင့်ရထိုက်ကြောင်း ပြဋ္ဌာန်းချက်တစ်စုံတစ်ရာ ပါရှိသည်ကို မတွေ့ရပေ။

ဖနီးသည်၏ ရှေ့နေကြီး ကိုးကားသည့် ကင်းဝန်မင်းကြီးဦးကောင်းပြုစုသော အဋ္ဌသံခေပဝဏ္ဏနာကျမ်းသည် ရှေးဓမ္မသတ်ကျမ်းမဟုတ်ကြောင်း တရားသူကြီးတို့က တွေ့မြင်သည်။ ဦးကောင်း၏ အမြင်ကို ထင်ဟပ်သောကျမ်းသာဖြစ်သည်ဟုလည်း တွေးဆကြသည်။

မြန်မာဗုဒ္ဓဘာသာဝင်ယောကျ်ားတစ်ဦးနှင့် မိန်းမတစ်ဦးတို့သည် နှစ်ဦးသဘောတူညီချက်ဖြင့် အိမ်ထောင်တစ်ခုကို တည်ဆောက်ကြသည်။ တစ်ဦးတစ်ယောက်တည်း၏ဆန္ဒဖြင့် ထိုအိမ်ထောင်ကို ဖြိုဖျက်ခြင်း မပြုနိုင်။ တစ်ဦးဦးက အိမ်ထောင်ရေးပြစ်မှုကျူးလွန်မှသာ ကျန်တစ်ဦးက ကွာရှင်းခွင့်ရပေသည်။

လင်ဖြစ်သူ စိတ်ရောဂါဝေဒနာ ရရှိသည့်ကိစ္စသည် အိမ်ထောင်ရေးပြစ်မှုဖြစ်ကြောင်း၊ ဖနီးသည်ဘက်မှ ခိုင်မာသည့် ဓလေ့ထုံးတမ်း၊ အထောက်အထားအကိုးအကားတင်ပြနိုင်ခြင်းမရှိသည်ကိုလည်း တရားရုံးက တွေ့ရှိ၏။

စိတ်ရောဂါဝေဒနာ စွဲကပ်ခံရခြင်းသည် ဘဝကံအကြောင်း မလှ၍သာ ခင်ပွန်းသည်၌ ဖြစ်ရသည်ဟုလည်း အယူခံရုံးတော်က မြင်ပေသည်။

ဖနီးဖြစ်သူ၏ ရှေ့နေကြီးကား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသာမက မဟာဗေဒင်ဥပဒေကိုလည်း ကိုးကားတင်ပြသည်။ ခင်ပွန်းဖြစ်သူ၏ ရှေ့နေကြီးကား ဝှမ်ခံ၊ မြန်မာ့ဗုဒ္ဓဘာသာလင်မယားတို့ကိစ္စအတွက် ယဉ်ကျေးမှု လူနေမှုစနစ် မတူညီသည့် မဟာဗေဒင်ဥပဒေပြဋ္ဌာန်းချက်ကို ထည့်သွင်းစဉ်းစားရန် မသင့်ကြောင်း လျှောက်လဲ၏။

စိတ်ရောဂါဝေဒနာ ခံစားနေရသူသည် လင်ယောကျ်ားတစ်ဦး ထမ်းဆောင်ရမည့်တာဝန်များကို ထမ်းဆောင်ရန်ပျက်ကွက်ကောင်း ပျက်ကွက်မည် ဖြစ်ပေသည်။ သို့ရာတွင် ထိုသို့ ထမ်းဆောင်နိုင်ခြင်း မရှိခြင်းကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေတွင် အိမ်ထောင်ရေးပြစ်မှုအဖြစ် သတ်မှတ်ထားခြင်းမရှိဟု အယူခံရုံးတော်က သုံးသပ်ရရှိလေသည်။

စိတ်ရောဂါသည်၏ ဖနီးကား နေမြဲလက်မှတ်သာ ရရှိခဲ့ပေသည်။ ကျွန်တော်၏ အမှုခေါင်းစည်းနှင့်ပတ်သက်၍ ဤတွင် နိဂုံးချုပ်လေပြီ။ သို့သော် ကျွန်တော်ရေးနေသည်မှာ ဥပဒေရေးရာဖြစ်သည့်အလျောက် ကျောင်းသားလူငယ်တို့အတွက် သိမှတ်ဖွယ်ကို အနည်းငယ်ဆက်လက်တင်ပြလိုပေသည်။

ကျွန်တော်ကိုးကားတင်ပြသည့် စီရင်ထုံးမှာ ထူးထူးခြားခြား တရားပြိုင်ဖြစ်ရသူမှာ စိတ်ရောဂါသည် ဖြစ်နေသည်။ တရားလိုအနေဖြင့် ထိုသို့သောတရားပြိုင်အား တရားစွဲသည့်အခါတွင် လွန်စွာ သတိထားရ၏။ စိတ်ရောဂါသည်၏ "အနီးစပ်ဆုံးမိတ်ဆွေ"ဟု သုံးမည်လား။ "အုပ်ထိန်းသူ"ဟု သုံးမည်လား။

ယခုကဲ့သို့ စိတ်ပေါ့သွပ်သူသည် တရားပြိုင်ဖြစ်နေလျှင် တရားမကျင့်ထုံးဥပဒေအမိန့်-၃၁ အရ "အုပ်ထိန်းသူ"ဟု သုံးစွဲရမည်ဖြစ်ပေသည်။

တစ်လောကလုံးရှိသူအပေါင်း စိတ်ရောဂါဝေဒနာကင်းဝေးကြပါစေသတည်း ...။

**ဦးဝင်းလှိုင် (တရားရုံးချုပ်ရှေ့နေ)**


**ကိုးကား**

- တရားမကျင့်ထုံးဥပဒေ
- ဒေါ်လှလှဝင်းနှင့် ဦးဘရှင်(၎င်း၏အုပ်ထိန်းသူ၊ ဦးလှိုင်) (၁၉၉၁၊ မတစ-၁၅၉)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# မင်းဘယ်ပြေးမလဲ အချစ်ရယ်

## Don't Drink The Water

JEFFERY ARCHER

■ လူအောင်

( ယခင်လမှအဆက် )

သူ့စာကြည့်ခန်းထဲက စားပွဲဆီ ရောက်သောအခါ အချိန်းအချက် အသေးစိတ် မှတ်ထားသည်များကို ဒိုင်ယာရီထဲသို့ ဒစ် ပြောင်းရေးသွင်းသည်။ ပြီးလျှင် စာရွက်ကို စက္ကူ အမှိုက်ခြင်းထဲ ပစ်မည်ပြုပြီးမှ အရေး ကြီးတာတစ်ခုခု ရေးမှတ်ထားတာများ ရှိသလားဟု ကြည့်ရန် စိတ်က အလို လို ဖြစ်သွားသည်။

ရေးထားသည်ကို သွားလှန်မိသည်။ ဖတ်ကြည့်သည်။ သည်မှာပင် သူ့မျက်နှာပေါ်ကအပြုံးမှာ နောက် ဆုံးစာပိုဒ်သို့မရောက်ခင် မျက်မှောင် အဖြစ်သို့ ပြောင်းသွားတော့သည်။

**မစ္စစ်ဘာန်းစလေးခင်ဗျား**

*ဒီစာဟာ . . . မေ့ပြီ ၃၀ရက်၊ သောကြာနေ့ကျရင် ကျွန်တော်များ ရုံးခန်းမှာ အစ်မကြီးလုပ်ထားတဲ့ အချိန်းအချက်ကို အတည်ပြုကြောင်း စာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အင်္ဂါနေ့က ကျွန်တော့်ထံ အစ်မကြီးတင်ပြခဲ့တဲ့ ကိစ္စရပ်အပေါ် ကျွန်တော်တို့ ဆက် လက်ဆွေးနွေးပါ့မယ်။ အစ်မကြီး အဆုံးအဖြတ်ရဲ့ သက်ရောက်မှု အပြည့်အဝကို စိတ်မှာထားရင်း ကျွန် တော့် စီနီယာပါတနာကိုပါ အဲဒီတွေ့ ဆုံပွဲမှာ ပါဝင်ဖို့ ကျွန်တော် ပြောဆို ထားပါတယ်။*

*၃၀ ရက်နေ့မှာ အစ်မကြီးနဲ့ ဆုံရေးကို ငံ့မျှော်လျှက် ရှိပါကြောင်း။ သစ္စာရှိစွာဖြင့် . . .*

**အင်ဒရူးဆိုင်မွန်**

ဒစ်သည် စားပွဲပေါ်က တယ်လီ ဖုန်းကို ချက်ချင်းကောက်ကိုင် ဖြစ်သွား သည်။ နောက် ဆမ်ကိုဟာင့် ရုံးခန်း ဖုန်းနံပါတ်ကို လှည့်တော့သည်။ ဆမ် တစ်ယောက် တစ်နေ့တာ ကိစ္စများဖြင့် အပြင်မထွက်ဖြစ်သေးဘဲ သူ့ရုံးခန်း မှာပဲ ရှိပါစေဟု ဆုတောင်းရင်း လှမ်း ဆက်ခြင်းဖြစ်သည်။

တစ်ဖက်မှ ဆမ် ဖုန်းကိုင်သည် နှင့် ဒစ် ပြောလိုက်သောစကားက

"ဆမ် . . . ခင်ဗျား အင်ဒရူး ဆိုင်မွန်ဆိုတဲ့ ရှေ့နေတစ်ယောက်ကို သိသလား"ဟူ၍ ဖြစ်သည်။

"နာမည်သတင်းအရပဲ သိတယ်။ ခက်တာက ကျုပ်က လင်မယားကွာ ရှင်းပြတ်စဲတဲ့ဘက်မှာမကျွမ်းဘူးလေ"

"လင်မယား ကွာရှင်းပြတ်စဲတဲ့ ဘက်"

ဒစ် တအံ့တအား ပြန်မေးလိုက် မိသည်။

ထိုအခိုက်မှာပင် အိမ်ရှေ့ရှိ ကျောက်စရစ်ကားဝင် မျက်နှာစာ အတိုင်း ကားတစ်စီး ဝင်လာသံကို ဒစ် ကြားလိုက်မိသည်။ ပြတင်းမှ သူသွား ကြည့်သောအခါ ဗောက်စ်ဝက်ဂွန်း တစ်စီး မျက်နှာစာအဝိုင်းကို ခပ်သွက် သွက်ပတ်ကာ အိမ်ရှေ့ပေါက်တွင် ရပ်သွားသည်ကို တွေ့ရသည်။

ကားထဲမှ သူ့ဇနီး ထွက်နေ သည်ကို ဒစ် ကြည့်နေ၏။ သို့ကြည့် ရင်းက "မနက်ဖြန်မနက် ၈ နာရီမှာ တွေ့ကြတယ် ဆမ်။ ပြီးတော့ ရုရှား စာချုပ်ကိစ္စဟာ ကျုပ်တို့တွေ့မယ့် အာဂျင်ဒါပေါ် မှာရှိတဲ့ တစ်မယ်တည်း သော ကိစ္စမဟုတ်ဘူးနော်"ဟု ဖုန်း ခွက်ထဲသို့ သူပြောလိုက်သည်။

✸



www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့မနက် ၈ နာရီမထိုးခင် မိနစ်အနည်းငယ်တွင် ဒစ်၏ကားဒရိုင်ဘာက သူ့ဆရာသမား ဒစ်ကို လင်ကွန်းအင်းမ်းရှိ ဆမ်ကိုဟင့်ရုံးခန်းရှေ့တွင် ချပေးလိုက်သည်။ ရုံးခန်းထဲ ဒစ်ဝင်သွားသောအခါ ဥပဒေအထက်တန်း ပုဂ္ဂိုလ်က သူ့အမှုသည်အား နေရာမှထ၍ ဆီးကြိုသည်။ ဒစ်ကို သူ့အလုပ်စားပွဲကြီးတစ်ဖက်ရှိ ဖုံကုလားထိုင်ကြီးတစ်လုံးဆီသို့ လက်ရိပ်လှမ်းပြသည်။

ဒစ်က ထိုင်ပင် မထိုင်ရသေးခင် သူ့လက်ဆွဲအိတ် ဖွင့်သည်။ စာရွက်ကို ထုတ်သည်။ ဆမ့်ဆီ လှမ်းပေးသည်။ စာကို ရှေ့နေက ဖြည်းဖြည်းချင်း ဖတ်ကြည့်သည်။ နောက် သူ့စားပွဲပေါ် အသာချထားလိုက်သည်။

"ပြဿနာကို ကျုပ် ညတွင်းချင်းပဲ တွေးကြည့်ပါတယ်လေ"ဟု ဆမ်က ဆိုလာသည်။

"ပြီးတော့ ကျုပ်တို့ရဲ့ ကွာရှင်းမှုဘက်က ပါတနာ အင်နာရင်းတိုးနဲ့လည်း နည်းနည်း တိုင်ပင်ကြည့်ပါတယ်။ ကျုပ်တို့ရှေ့နေမက ဆိုင်မွန်ဆိုတာ အိမ်ထောင်ရေး အငြင်းပွားမှု ပြဿနာတွေပဲ ကိုင်တွယ်တဲ့ ရှေ့နေတစ်ယောက်လို့ ဆိုတယ်။ ဒီတော့ ဒီအချက်ကို စိတ်မှာထားရင်း ခင်ဗျားကို ကျုပ် အတော်တော့ ပုဂ္ဂိုလ်ရေးဆန်တဲ့ မေးခွန်းမေးဖို့ပဲ ရှိတော့တယ်လို့ ဝမ်းနည်းစွာပဲ ပြောပါရစေတော့"

ဒစ် ထင်မြင်ချက်မပေးဘဲ ခေါင်းညိတ်ပြလိုက်သည်။

"ခင်ဗျား မေဒ်ရင်းနဲ့ လင်မယားကွာရှင်းဖို့ ပြောဆိုခဲ့တာ ရှိဖူးသလား"

"ဟင့်အင်း"

ဒစ် အခိုင်အမာ ဆိုလိုက်သည်။

"အဲ . . . တစ်ခါဟလေတော့ လင်မယားဆိုတာ ကတောက်ကဆ ဖြစ်တာတော့ ရှိတာပေါ့။ ဒါလည်း အဲသလို ကတောက်ကဆဖြစ်ပြီး စကားများကြ၊ ရန်ဖြစ်ကြနဲ့ နောက်တော့လည်း အနှစ်နှစ်ဆယ်အစိတ် ပေါင်းသွားကြတဲ့ လင်မယားတွေရှိတာပဲ မဟုတ်လား"

"ဒါထက် မပိုဘူးပေါ့"

"အဲ . . . တစ်ခါတော့ ကျုပ်ကို မပေါင်းဘူး၊ ကွဲမယ်ကွာမယ်နဲ့ သူခြိမ်းခြောက်ဖူးတယ်။ ဒါပေမယ့် ဒါလည်း အတိတ်မှာ ကျန်ခဲ့တဲ့ကိစ္စလို့ ထင်တာပဲ"

ဒစ် စကားဆိုင်းသွားပြီးမှ "ကျုပ်အံ့ဩတာက ရှေ့နေနဲ့ သွားမတိုင်ပင်ခင် ကျုပ်ဆီ မတင်ခဲ့တဲ့ အဖြစ်ပဲ"

"ဒါမျိုးတွေ ဖြစ်တတ်ပါတယ်လေ။ လင်မယားကွာရှင်းပေးဖို့ တရားရုံးမှာအလျှောက်ခံရတဲ့ လင်သားထက်ဝက်ကျော်ဟာ ကွာရှင်းဖို့ကိစ္စ သူတို့ဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတော့မယ်ဆိုတာ ဘယ်တော့မှ ကြိုမမြင်ခဲ့ကြဘူးဗျ"

"ကျုပ်အဖြစ်က ဒီအစားထဲ ကျရောက်နေပြီပေါ့ ဟုတ်လား။ ဒါဆို ကျုပ် နောက် ဘာလုပ်ရမလဲ"

"ရုံးမှာ သူ့ဘက်က စာတင်မလာသေးခင် ခင်ဗျားဘက်က ဘာမှလုပ်နိုင်တာ မရှိဘူးလေ။ ဒါ့ကြောင့် ခင်ဗျားဘာသာ သွားသင်လိုက်နိုင်အကျိုး တစ်စုံတစ်ရာ ဖြစ်လာမယ်လို့ ကျုပ်မမြင်ဘူး။ နောက်ဆုံးတော့ ဘာမှတောင် ဖြစ်လာချင်မှ ဖြစ်လာမှာပါ။ ဘာပဲဖြစ်ဖြစ် ဒီလိုဆိုလိုက်ခြင်းအားဖြင့် ကျုပ်ကိုဘက်မှာ ဘာမှ ပြင်ဆင်ထားစရာ မလိုဘူးလို့ ဆိုလိုတာ မဟုတ်ဘူး။ ကဲ . . . နေပါဦး သူ့ဘက်က ကွာရှင်းခွင့်အတွက် ဖြစ်ပေါ်လာစေနိုင်တဲ့ အခြေခံအကြောင်းတရား ဘာတွေရှိသလဲ"

"ကျုပ်တော့ ဘာမှကို တွေးမရဘူး"

"ကိုယ့်လူမှာ အမြှောင်ဇာတ်လမ်းများ ရှိနေသလား"

"ဟာ . . မရှိပါဘူးဗျ။ အဲ . . အင်း ကျုပ်အတွင်းရေးမှူးမလေးနဲ့ ပလူးပလဲအဖြစ်တော့ ရှိသပေါ့ဗျာ။ ဒါလည်း တစ်စုံတစ်ရာ မည်မည်ရရ အဖြစ် ဆိုက်လာမှာ မဟုတ်ပါဘူး။ သူကတော့ အလေးအနက်လို့ ထင်နေမှာပေါ့လေ၊ ကျုပ်ကတော့ ရေခံ ပိုက်လိုင်းစာချုပ် ချုပ်ပြီးတာနဲ့ကို သူ့ကို အစားထိုးဖို့ စိတ်ကူးထားပါတယ်"

"ဒါဖြင့် သဘောတူကိစ္စက လုပ်ဆဲပေါ့"

"ဟုတ်တယ်။ ဒါကြောင့်လည်း ခင်ဗျားကို ကျုပ် အဆောတလျင် တွေ့ဖို့လိုနေတာ။ ဒါက မူလအကြောင်းကိစ္စ" ဟု ဒစ်က ရှင်းပြသည်။

"လာမယ့် မေလ ၁၆ ရက်နေ့ ကျရင် ကျုပ် စိန့်ပီးတာ့စ်ဘာ့ဂ် မြို့

www.burmeseclassic.com

ရောက်ခနေရလိမ့်မယ်။ အဲဒီခနမှာ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ် လက်မှတ် ထိုးကြမယ် . . ." သူက စကားဆိုင်းသွားသေးသည်။ နောက်မှ . . .

"ပြီးခဲ့တော့ လက်မှတ်ထိုးတဲ့ အခမ်းအနားကို သမ္မတမူတင် ကိုယ်တိုင် တက်ရောက်ကြီးကြပ်လိမ့်မယ်"

"ဂုဏ်ယူပါတယ်ဗျာ"

ဆမ်က ဆိုလိုက်သည်။ "ဒါနဲ့ ဒီလုပ်ငန်းက ခင်ဗျားအဖို့ ဘယ်လောက် တန်ဖိုးရှိသလဲ"

"ဘာကြောင့် မေးတာလဲ"

"သဘောတူစာချုပ် ပြီးပြတ်သွားဖို့ မျှော်လင့်သူက ကိုယ့်လူတစ်ဦးတည်းမှ ဟုတ်ပါလေစလို့ တွေးလာမိလို့ပါ"

"သန်းပေါင်းခြောက်ဆယ် ဝန်းကျင်ပဲ"

ဒစ်မှာ စကားဆိုင်းသွားပြီးမှ "ကုမ္ပဏီအတွက်လေ"ဟု ဖြည့်ပြောသည်။

"ခင်ဗျားမှာ အစုရှယ်ယာရဲ့ ၅၁ ရာခိုင်နှုန်း ပိုင်နေတုန်း မဟုတ်လား"

"ဟုတ်တယ်။ ဒါပေမယ့် အမြဲ ထိမ်ဝှက်ထားလို့ . . ."

"ဒါတော့ စဉ်းစောင်စဉ်းစား မနေနဲ့ ကိုယ့်လူ"ဟု ဆမ်က တောက်ကာငင်ကာ ဝင်ပြောတော့သည်။

"ဆိုင်မွန်က လင်မယား ပြတ်ဆဲမှုတွေ ကိုင်ပြီပေါ့ဆိုရင် ဒါမျိုးတွေ ခင်ဗျားဘက်က ဘာတစ်ခုမှ ထိမ်ချန်မြှုပ်ကွယ်ထားလို့ ရတော့မှာ မဟုတ်ဘူး။ ဒီလူက တောဝက်များလိုပဲ။ တောဝက် အင်ဥလိုက်ရှာသလို နောက်ဆုံး . . . တစ်ပဲတစ်ပြားအထိ ဘာမှ မလွတ်ရအောင် အနံ့ခံလိုက်လိမ့်မယ်။ နောက်ပြီး တရားရုံးဘက်က သူတို့အပေါ် ခင်ဗျားက ထိမ်ချန်လှည့်စားဖို့ အားထုတ်တယ်လို့ ဖော်ထုတ်မိသွားရင် ဒါဟာ တရားသူကြီးက ခင်ဗျားဇနီးအပေါ်မှာ ကရုဏာပိုသက်အောင် လုပ်ရာပဲ ရောက်လိမ့်မယ်"

ဥပဒေအထက်တန်း ပုဂ္ဂိုလ် စကားပြောရပ်သွားသည်။ သူ့အမှုသည်ကို တည့်တည့်ရှုရှု ကြည့်သည်။ နောက် စောစောကစကားကိုပဲ ထပ်ပြောလာသည်။

"အဲဒါကို စဉ်းတောင်မစဉ်းစားလေနဲ့ ကိုယ့်လူ"

"ဒါဖြင့် ကျုပ် ဘာလုပ်သင့်သလဲ"

"တစ်ဖက်က သံသယဖြစ်လာမယ့်ကိစ္စမှန်သမျှ ဘာမှမလုပ်နဲ့။ ကိုယ့်အလုပ်သာ လုပ်မြဲတိုင်း ဟန်မပျက် ဆက်လုပ်သွား။ ခင်ဗျားမိန်းမ ဘာတွေ အတွင်းကျိတ်ကြံနေတယ်ဆိုတာ ဘာမှမရိပ်မိတဲ့ ပုံမျိုးသာ ချိုးထား။ ဒါဆို မစ္စတာဆိုင်မွန်က လက်ဦးမှုရယူတာထက်၊ ကျုပ်တို့ဘက်က အနည်းဆုံးအားဖြင့် ပိုကောင်းအောင် ပြင်ဆင်ပြီးသား ဖြစ်သွားမယ်။ ပြီးတော့ တစ်ခုရှိသေး . . ."ဟု ဆမ်က ပြောကာ သူ့အမှုသည်၏ မျက်နှာကို တည့်တည့်ရှုရှု ကြည့်ပြန်သည်။

"ဒီပြဿနာ ဖြေရှင်းလို့ မပြီးသေးခင်အတွင်း အောက်ဆိုက်မိန်းမကိစ္စ လှုပ်ရှားမှုတလေးတွေ ဘာမှ မလုပ်ပါနဲ့ ကိုယ့် လူ၊ ဒါ အမိန့်ပဲ"

✷

နောက်ပိုင်း ရက်အနည်းငယ်အတွင်း ဒစ်သည် သူ့မိန်းမအပေါ် မျက်စိဒေါက်ထောက် ကြည့်နေခဲ့သည်။ ခက်သည်က သူ့အပေါ် ဒုက္ခပေးနိုင်စရာ ဟစ်ခုခုရှိသည်ဆိုသော အရိပ်အယောင် မော်ရင်းလက်က ဘာမျှပြမလာ။ တစ်ခုခု ကြံစည်နေသည်ဆိုလျှင်တောင် စိန့်ပီးတာ့စ်ဘာ့က်သွားဖို့ စီစဉ်ထားပုံနှင့် စပ်လျဉ်း၍ ထုံးစံမဟုတ်ဘဲ စိတ်ဝင်စားမှု ပြသလာတာပဲ ရှိသည်။

နောက်ပြီး ကြာသပတေးညညစာစားနေကြရင်း မေးမြန်းလာသည်တော့ ရှိသည်။ "ဘုတ်လူကြီးအဖွဲ့က ဆုံးဖြတ်ချက် ချပြီလား"တဲ့။

ဒစ်ကလည်း အပြတ်ပင် ပြန်ပြောလိုက်သည်။

"ချမှတ်သလောက်ကို ဖြစ်လာတော့မှာပါ။ စာချုပ်ပါ စည်းကမ်းချက်တွေကို ဆမ်က သူတို့ကို ဖတ်ပြမယ်။ အသေးစိတ် အချက်တိုင်းပေါ်မှာ ရှင်းပြမယ်။ သူတို့မေးမြန်းသမျှ အားလုံးဖြေသွားမယ်။ ဒါဆို အားလုံးပြီးတာနဲ့ စာချုပ်စာတမ်းတွေကို အသေအချာကြည့်တောင်မနေဘဲ သဘောတူလက်ခံကြမှာပါ"

သို့ပြောပြီး ဒစ်က ကော်ဖီကို ဒုတိယတစ်ခွက် ထပ်ငှဲ့ထည့်သည်။ သည်မှာ ဇနီးသည်ဆီမှ နောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com

ထွက်လာသော မေးခွန်းကြောင့် အကြီးအကျယ် သူအံ့အားသင့်သွားသည်။

"ရှင် စိန့်ပီးတာ့စ်ဘာ့ဂ် သွားရင် ကျွန်မကော လိုက်လို့မရဘူးလားဟင်။ သောကြာနေ့မှာ လေယာဉ်နဲ့ ကျွန်မတို့ သွားလို့ဖြစ်တာပဲ"

နောက် ဆက်ပြောလာပြန်သည်။

"အဲသလို သွားပြီးတော့ ဟားမီးတော့ချ် ပန်းချီပြတိုက်ကြီးနဲ့ နွေရာသီစံနန်းတော်ကို သီတင်းပတ်ကုန်ရက်မှာ အလည်အပတ် သွားကြည့်လို့တောင် ရသေးတယ်။ ကတ်သရင်းဘုရင်မကြီးရဲ့ ထီးသုံးနန်းသုံး ပယင်းအသုံးအဆောင် အနုပညာပစ္စည်းတွေလည်း သွားကြည့်လို့ အချိန်ရတယ်။ ကျွန်မ အရမ်းကို မက်မက်စက်စက် ကြည့်ချင်လှတဲ့အရာတွေလေ"

ဒစ် ချက်ချင်းပြန်မဖြေ။ ဒါ အမှတ် တမဲ့ပေါ်လာသော စိတ်ကူးမဟုတ်မှန်း သူသတိထားမိသည်။ မော်ရင်း ပြောဆိုနေပုံက အလျင်က သူအလုပ်ကိစ္စနှင့် ခရီးထွက်သည့်အခါတိုင်း သျှောင်နောက် ဆံထုံးပါဆိုသလို နောက်ကနေအမြဲ နှစ်နှင့်ချီပြီး လိုက်ပါနေကျ ဇနီးတစ်ဦး၏ အချိုးဖြစ်နေသည် မဟုတ်လား။ သူ့စိတ်ထဲ ပထမဆုံးပေါ်လာသည့် တုံ့ပြန်ချက်က သူ့မိန်းမ ဘယ်လို ဆင်ကြံကြံနေသလဲဆိုသော သံသယ။

"အေးလေ စဉ်းစားပါရစေဦး"

အဆုံး၌ ဒစ်မှာ မယုတ်မလွန် စကားသာ ပြောနိုင်ပြီး ငုံ့ထားသည့် ကော်ဖီကို အေးစက်သွားသည်အထိ မေ့မေ့လျော့လျော့ဖြစ်သွားတော့သည်။

✹

**ဆမ်က ဖြစ်နိုင်ခြေကို ဝင်၍ဆွေးနွေးပြသည်။ သို့သော် . . . စကားအဆုံးမသတ်လိုက်ရခင်မှာပင် ဒစ်က "သောက်. . . ရှေ့နေတွေ"ဟု ဝင်၍အငေါ်တူးလိုက်သည်။ ဆမ်ကလည်းငြိမ်မခံ။ "ကိုယ့်လူတို့ ဒုက္ခရောက်တော့လည်း ကျုပ်တို့ရှေ့နေတွေကိုပဲ လိုအပ်တာကလည်း ကြောင်တာပဲလေ"ဟု ပြန်နှက်သည်။**

သူ့ရုံးခန်းသို့ ရောက်သည်နှင့် ခဏအတွင်း ဆမ်ကိုဟင့်ထံ ဒစ် ဖုန်းလှမ်းဆက်တော့သည်။ သူ့ရှေ့နေထံ မနေ့ညက ဇနီးသည်နှင့် ပြောဆိုခဲ့ရပုံကို တင်ပြလိုက်သည်။ ကိုဟင်က "ဒါ ခင်ဗျားတို့ ရေနံပိုက်လိုင်း ကန်ထရိုက်စာချုပ် လက်မှတ်ထိုးပွဲမှာ မျက်ဝါးထင်ထင် ဖြစ်ရအောင် မော်ရင်းကို သူ့ရှေ့နေ ဆိုင်မွန်က အကြံပေးထားတာပဲ ဖြစ်မယ်"ဟုဆို လာသည်။

"ဒါပေမယ့် ဘာဖြစ်လို့လဲ"

"ဒီလို မျက်ဝါးထင်ထင်ဖြစ်ပြီး သူကိုယ်တိုင်ပါနေတော့မှ မော်ရင်းဘက်က အခိုင်အမာ ပြောနိုင်စွမ်းရှိလာမှာပေ့ါ။ ဘယ်လိုလဲဆိုရင် . . . ခင်ဗျားဘဝလမ်းကြောင်းမှာ တစ်လျှောက်လုံး တကယ့်တကယ် အရေးကြီးတဲ့ အချိန်အခါတွေမှာ ခင်ဗျားကို သူက ဘေးကနေ ဖေးဖေးမမ ကျားကန်ပေးရအောင် အမြဲပါရပါတယ်၊ စသဖြင့်ပေါ့"

"ထွက်တဲ့မှ"

ဒစ် စိတ်ပေါက်ပေါက် ရှိသည်နှင့် နှုတ်ကထွက်သွားသည်။ "တကယ်ဆိုရင် ကျုပ်မှာ ငွေဘယ်လိုရှာရသလဲဆိုတာ ဘယ်တုန်းကမှ သူ စိတ်ဝင်စားတာမဟုတ်ဘူး။ ဘယ်လိုဖြုန်းတီးရမလဲဆိုတာပဲ စိတ်ဝင်စားတဲ့ မိန်းမ"

ဆမ်က သူပြောလက်စကိုဆက်ပြောသည်။

"ပြီးတော့ ဒါကြောင့် ခင်ဗျားရဲ့ ပိုင်ဆိုင်မှု အရပ်ရပ်နဲ့ ငါးဆယ်ရာခိုင်နှုန်းဟာ သူ့မှာ ပိုင်ဆိုင်ခွင့် ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

စသဖြင့်ပေါ့ဗျာ”

“ဒါပေမယ့် ဒါ ပေါင်သန်းသုံး ဆယ်ကျော် ပမာဏရှိတာဗျ”

ဒစ် မချင့်မရဲ ဆိုလိုက်သည်။

“ဆိုင်မွန်က သူ့အလုပ်ကို အောက်သက်ကျေကျေ လုပ်ထားပုံ ရှိတယ်နော်”

“ဒါဖြင့် ကျုပ်ခရီးထွက်ရင် သူလိုက်လို့မရဘူးလို့ ရိုးရိုးလေးပဲ ပြောလိုက်ရုံပဲ။ ဒါဆို အဆီအငေါ်တည့်ပါတယ်”

“ဒါဆို မစ္စတာဆိုင်မွန့်ကို နည်းပရိယာယ်ပြောင်းအောင် ဖြစ်သွားစေလိမ့်မယ်။ နည်းပြောင်းပြီး ခင်ဗျားဟာ အသည်းနှလုံးမရှိတဲ့ လင်သားလို့ပါ တရားရုံးမှာ သူခင်းပြလိမ့်မယ်။ ဘဝလမ်းကြောင်း အောင်မြင်ဖြစ်ထွန်းလာတာနဲ့ သူ့အမှုသည်ကို ခင်ဗျားဘဝထဲက ဖယ်ရှားတယ်။ မကြာခဏ နိုင်ငံခြားခရီးထွက်တယ်။ ထွက်တိုင်းလည်း အတွင်းရေးမှူးမတစ်ယောက်ယောက် အမြဲပါတယ်။ အဲဒီအတွင်းရေးမှူးမနဲ့လည်း ခင်ဗျားဟာ . . .”

“ဟုတ်ပြီ . . . ဟုတ်ပြီ။ ပုံကားတို ကျုပ်လုံးလုံးမြင်သွားပြီ။ ဒီတော့ သူ့ကို စိန့်ပီးတာ့စ်ဘာ့ဂ်ကိုလိုက်ဖို့ ခွင့်ပြုတာဟာ အဆိုးနှစ်ခုစလုံးကို အဆိုးလျော့နည်းအောင် ပြုရာကျတာပေ့ါ”

“တစ်ဖက်ကလည်း . . .”

ဆမ်က ဖြစ်နိုင်ခြေကို ဝင်၍ ဆွေးနွေးပြသည်။ သို့သော် စကားအဆုံးမသတ်လိုက်ရခင်မှာပင် ဒစ်က “သောက် . . ရှေ့နေတွေ”ဟု ဝင်၍ အငေါ်တူးလိုက်သည်။ ဆမ်ကလည်း ငြိမ်မခံ။ “ကိုယ့်လူတို့ ဒုက္ခရောက်တော့လည်း ကျုပ်တို့ရှေ့နေတွေကိုပဲ လိုအပ်တာကလည်း ကြောင်တာပဲလေ”ဟု ပြန်နှက်သည်။

“ကဲပါလေ၊ ဒီတစ်ခါတော့ သူ့ဘက်ကလှုပ်ရှားမှုပေါ် လက်ဦးမှုရယူဖို့ ကျုပ်တို့ဘက်က သေချာရအောင် လုပ်ကြပါစို့ဗျာ”

“နောက်ကော ဘာဖြစ်လာနိုင်စရာ ရှိသလဲ”

“ခင်ဗျားမိန်းမ စိန့်ပီးတာ့စ်ဘာ့ဂ်ရောက်တာနဲ့ ခင်ဗျားနဲ့ လိင်ဆက်ဆံချင်လာလိမ့်မယ်”

“ကျုပ်တို့ မဆက်ဆံတာ နှစ်နဲ့ချီလာပြီ”

“ပြီးတော့ ဒီလိုမဆက်ဆံခြင်းဟာ ကျွန်မဘက်က အလိုမရှိလို့ မဟုတ်ရပါဘူး တရားသူကြီးမင်းရှင့် ပေါ့ဗျာ”

“သေလိုက်တော့ ကျုပ်တော့ မနိုင်နိုင်တော့ပါဘူး”

“နိုင်နိုင်ပါသေးတယ် ကိုယ့်လူရာ။ လေဒီလွှန်းဖိုဒ်ရဲ့စကားအတိုင်း မလိုက်နာသမျှပေါ့။ လေဒီလွှန်းဖိုဒ်ကို ဝိုင်းခမေးကြတယ်၊ လော့ဒ်လွှန်းဖိုဒ်နဲ့ ကွာရှင်းဖို့ကိစ္စကို လေဒီဘက်က စဉ်းစားမကြည့်ခဲ့မိဖူးလားလို့လေ၊ ဒီတော့ ပြန်ဖြေတယ်။ ကွာရှင်းမှုဝေးသေး၊ လူသတ်မှု ခုတင်ခုတဲ့ဗျား”

✵

နောက် ဆယ့်ငါးရက်ကြာသော အခါ မစ္စတာနှင့် မစ္စစ်ရစ်ချတ်ဘန်းစလေးတို့ ဇနီးမောင်နှံ စိန့်ပီးတာ့စ်ဘာ့ဂ်ရှိ ဂရင်းပဲလေ့စ် ဟိုတယ်ကြီးသို့ ဝင်၍တည်းကြသည်။ ဟိုတယ်လုလင်က သူတို့ခရီးဆောင်အိတ်များကို ထရော်လီတွန်းလှည်းဖြင့် တင်၍ တွန်းလာသည်။ နဝမထပ်ရှိ တော်စတွိုင်း အခန်းပဒေသာကြီးအထိ အရောက် သူတို့နှင့်အတူ လိုက်ပါနေရာချထားပေးသည်။

“ကိုယ်တော့ မထွက်ခင် အိမ်သာ မြန်မြန်ပြေးမှ”

ဒစ်သည် ပြောရင်းက သူ့မိန်းမထက် အလျင်ဦးအောင် ရှေ့မှနေ၍ ခန်းမကြီးအတွင်းသို့ ကတိုက်ကရိုက် ပြေးဝင်သွားသည်။ မော်ရင်းက ယောကျ်ားဖြစ်သူ ရေချိုးခန်းအတွင်း ဝင်ရောက်ပျောက်သွားစဉ် ပြတင်းပေါက်၌ သွားရပ်သည်။

စိန့်နစ်ကိုးလတ် ဘုရားရှိခိုးကျောင်းကြီး၏ ရွှေရောင်တဝင်းဝင်းရှိသော လုံးခြမ်းပုံ အမိုးခုံးကို ရင်သပ်ရှုမော ရှုစားသည်။

ဒစ်သည် ရေချိုးခန်းကို အတွင်းဘက်မှ တံခါးသော့ချပြီးသည်နှင့် လက်ဆေးကန်ပေါ် ထောင်ထားသည့် “ဒီရေ မသောက်ပါနှင့်”ဆိုသော နှိုးဆော်ကတ် ပြားကလေးကို ယူ၍ သူ့ဘောင်းဘီတင်ပါးအိတ်ထဲသို့ ထိုးထည့်ထားလိုက်သည်။ နောက် အိဗီယန် သောက်ရေပုလင်းနှစ်လုံးကို အဖုံးတွေလှည့်ဖွင့်ပြီး ပုလင်းထဲက



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဘေးကပ်အိတ်ကို ဇစ်ဆွဲပိတ်သည်။ နောက် အခန်းတွင်း အနှံ့ လိုက်ကြည့်သည်။

ခုတင်ဘေး တစ်ဖက်တစ်ချက်တွင် အိဗီယန်သောက်ရေပုလင်း အသေးတစ်လုံးစီရှိသည်။ ပြတင်းပေါက်ဘေးက စားပွဲခုံပေါ်၌လည်း သောက်ရေပုလင်း အကြီးစားနှစ်လုံး။

သူ့မိန်းမဘက်အခြမ်း ခုတင်ဘေးက ရေပုလင်းကို ဆွဲယူလိုက်သည်။ အိပ်ခန်းတစ်ဖက်စွန်းတွင်ရှိသော မီးဖိုဆောင် အသေးစား ကလေးထဲသို့ ယူသွားသည်။ ပုလင်းထဲကရေကို လက်ဆေးကန်ထဲ သွန်ထုတ်သည်။ ဘုံဘိုင်ရေဖြင့် ပြန်ဖြည့်သည်။ ပုလင်းကို ပြန်ယူလာပြီး မော်ရင်းဘက်အခြမ်း ခုတင်ဘေးတွင်



ရေများကို လက်ဆေးကန်ထဲသို့ အကုန်သွန်ချသည်။ ပုလင်းတွေကို ဘုံဘိုင်ရေဖြင့် မူလနေရာအတိုင်း ပြန်တင်ထားလိုက်သည်။

ဒစ်သည် ရေချိုးခန်းတံခါးသော့ လှည့်ဖွင့်ပြီး အိပ်ခန်းကြီး အတွင်းခန်း ဝင်လာခဲ့သည်။ အဝတ်အစားသေတ္တာ ဖွင့်သည်။ သို့သော် မော်ရင်း ရေချိုးခန်းအတွင်း ဝင်ရောက်ပျောက်သွားသည်နှင့် သေတ္တာဖွင့်သည့်ကိစ္စက ရပ်သွားသည်။

ပထမ သူ့ဘောင်းဘီအိတ်တွင်းမှ "ဒီရေမသောက်ပါနှင့်" ဆိုသော ကတ်ပြားကို ဝတ်စုံသေတ္တာ ဘေးကပ်အိတ်ထဲ ပြောင်းထည့်ထား

www.burmeseclassic.com

ပြန်ထားလိုက်သည်။

ခနောက် ပြတင်းပေါက်ဘေးရှိ စားပွဲပေါ်က ပုလင်းကြီးနှစ်လုံးကို လည်း အလားတူ လုပ်လိုက်သည်။

မော်ရင်း ရေချိုးခန်းထဲက ပြန်ထွက်လာသောအချိန်တွင် ဒစ်မှာ ဝတ်စုံသေတ္တာ ဖွင့်သောအလုပ် ပြီးသလောက်ဖြစ်သွားပြီ။ မော်ရင်း သူ့ဝတ်စုံသေတ္တာဖွင့်ရန်လုပ်နေစဉ် သူက သူ့ဘက်အခြမ်း ခုတင်ဘေးသို့ သွားကာ သူ့အဖို့ ရှာကြည့်နေစရာ မလိုသော ဖုန်းနံပါတ်ကို လှည့်တော့သည်။

တစ်ဖက်မှ ဖုန်းပြန်အထူးကို စောင့်ရင်း ဒစ်သည် သူ့ဘက်အခြမ်းက ရေပုလင်းကို အဖုံးဖွင့်ပြီး ရေတစ်ကျိုက် မော့သောက်လိုက်သည်။

"ဟိုင်း . . . အနာတို။ ဒစ်ဘန်းစလေးပါ။ ကျွန်တော်တို့ ဇနီးမောင်နှံ ဂရင်းပဲလေ့စ်ဟိုတယ် ရောက်နေပြီဆိုတဲ့အကြောင်း အသိပေးဖို့ လိုတယ်ထင်လို့ ဆက်တာပါခင်ဗျာ"

"စိန့်ပီးတာ့စ်ဘာ့ဂ်က ကြိုဆိုပါတယ်ဗျာ"ဟု ဝန်ကြီးကပြန်ပြောသည်။

"ကိုင်း . . . သီတင်းပတ်ကုန်ရက်မှာ စိတ်ပြေကိုယ်လျော့ နားနားနေနေရှိတာ သေချာပါစေဗျာ။ ဘာကြောင့်ဆို တနင်္လာနေ့မနက်မှာ အရာရာ စီစဉ်ထားပြီးဖြစ်လို့ပါ။ သမ္မတကြီးလည်း လေယာဉ်နဲ့ ဆိုက်ရောက်လာဖို့ ရှိတယ်။ ဒါမှလည်း လက်မှတ်ထိုးပွဲမှာ သူကိုယ်တိုင် တက်ရောက်ချီးမြှင့်နိုင်မှာလေ"

"ဆောင်းရာသီနန်းတော် မနက်ဆယ်နာရီနော် ခင်ဗျ"

"ဆယ်နာရီ"

ဝန်ကြီးချုပ်ကော့က ဆက်ပြောသည်။ "ကျုပ် ခင်ဗျားကို ခင်ဗျားတို့ဟိုတယ်မှာ မနက်ကိုးနာရီလာကြိုမယ်။ ဟိုတယ်ကနေ မိနစ်သုံးဆယ်မောင်းရင် ရောက်တဲ့နေရာပါ။ ဘာပဲဖြစ်ဖြစ် ဒီလက်မှတ်ထိုးပွဲမှာ ကျုပ်တို့နောက်ကျရောက်သွားတာမျိုး အဖြစ်မခံနိုင်ဘူးလေ"

"ဝန်ကြီးကို ကျွန်တော် ဟိုတယ်ဧည့်ကြိုခန်းက စောင့်နေပါ့မယ်။ အဲဒီတော့မှ တွေ့ကြတာပေါ့ခင်ဗျာ"

ဒစ် တယ်လီဖုန်း ပြန်ချထားလိုက်သည်။ ဇနီးသည်ဘက် လှည့်ကြည့်သည်။

"မိန်းမရေ . . ကိုယ်တို့ အောက်ထပ်ဆင်းပြီး ညစာသွားစားရအောင်လား။ မနက်ဖြန်ရောက်ဖို့ဆိုတာ ကိုယ်တို့မှာ ပျင်းစရာကြီး စောင့်ရဦးမှာကွ"

သို့ပြောကာ ဒစ် သူ့လက်ပတ်နာရီကို သုံးနာရီစာရွှေ့သည်။ ရုရှားဒေသ စံတော်ချိန်နှင့် အချိန်ညှိယူထားလိုက်သည်။

နောက်မှ "ဒီတော့ ကိုယ်တို့ ညစာစားအိပ်ရာဝင်တာပဲ အမြော်အမြင်ရှိရာ ကျမှာပါကွာ"ဟု ဖြည့်စွက်ပြောလိုက်သည်။

မော်ရင်းသည် သူ့ပိုးထည်ညဝတ် အင်္ကျီကို သူ့ဘက်အခြမ်း ခုတင်ပေါ် ချလိုက်သည်။ ယောကျ်ားပြောသည်ကို သဘောတူလက်ခံသည့် အနေဖြင့် ပြုံးလိုက်သည်။ မော်ရင်း သူ့ဝတ်စုံသေတ္တာကို အဝတ်ဗီရိုထဲ လှည့်ထည့်နေစဉ် ဒစ်က သူ့မိန်းမဘက် ခုတင်ဘေးခုံပေါ်က အီဗီယန်ရေပုလင်းကို ဆွဲယူပြီး သူ့ကုတ်အင်္ကျီအိတ်အတွင်း ထည့်သည်။ နောက် မိန်းမနှင့်အတူ အောက်ထပ်ထမင်းစားခန်းမကြီးဆီသို့ လိုက်ပါသွားတော့သည်။

❋

စားပွဲထိုးချုပ်က သူတို့ဇနီးမောင်နှံကို ထမင်းစားခန်းမကြီးထောင့် ဆိတ်ငြိမ်သော နေရာရှိ စားပွဲတစ်လုံးဆီသို့ ဦးဆောင်ခေါ်သွားသည်။ နေရာ၌ ထိုင်မိကြလျှင် စားပွဲထိုးက စားသောက်ဖွယ်စာရင်း မီးနူးစာရွက် ထိုးပေးသည်။

မော်ရင်းက သားရေဖုံး ကုလားထိုင်ကြီးထဲ နစ်ဝင်ထိုင်လျက် စားစရာအမည်တစ်ခုခုကို စာရင်းတွင် လိုက်ကြည့်ရင်း စဉ်းစားနေ၏။ သည်မှာ ဒစ်အဖို့ မော်ရင်း၏အလစ်တွင် အချိန်ရသွားသည်။ အီဗီယန်သောက်ရေပုလင်းကို သူ့ကုတ်အင်္ကျီထဲကထုတ်၊ အဖုံးလှည့်ဖွင့်၊ နောက် သူ့မိန်းမ ဖန်ခွက်ထဲသို့ ရေထည့်ထားလိုက်သည်။

စားစရာများ ကိုယ်စီမှာပြီးသွားသည်တွင် မော်ရင်းက နောက်နှစ်ရက်အတွက် သူစိတ်ကူးထားသည့်အတိုင်း လှည့်လည်ကြည့်ရှုစရာခရီးစဉ်အကြောင်း စတော့သည်။

www.burmeseclassic.com

"ကျွန်မစိတ်ကူးတာတော့ မနက်ဖြန်မနက် ပထမဦးဆုံး ဟားမီးတော့ချ် ပန်းချီပြတိုက်ကြီး အရင်သွားကြည့်တာနဲ့ စသင့်တယ်လို့ ထင်တာပဲ။ နောက် နေ့လယ်စာစားရင်း နား၊ နောက် ကျန်တဲ့ တစ်မွန်းလွဲလုံး နွေရာသီနန်းတော်မှာ လှည့်လည်ကြည့်ရင်း အချိန်ကုန်မလားလို့"

"ကက်သရင်း ဘုရင်မကြီးရဲ့ နန်းသုံးပယင်း အနုပညာပစ္စည်းပြခန်းကရော"

ဒစ်က ဝင်မေးသည်။ သူက စကားရောဖောရောမေးရင်း မိန်းမ သောက်ရေဖန်ခွက်ထဲသို့ ရေထပ်ထည့်သည်။ "ဒါ . . လစ်သွားရမယ့်နေရာမဟုတ်ဘူးနော်"

"ပယင်းအသုံးအဆောင် ပြခန်းနဲ့ ရုရှားသမိုင်းပြတိုက်က တနင်္ဂနွေနေ့ အစီအစဉ်ထဲမှာ ထည့်ထားတာလေ"

"မင်းကတော့ အစစ ကျကျနန ကို ဖွဲ့စည်းထားပုံပါပဲလား"

ဒစ် တိုးတိုးပြောနေစဉ် စားပွဲထိုးတစ်ယောက်က ရုရှားမုန့်လာဥနီ စွပ်ပြုတ်တစ်ပွဲ သူ့ဇနီးရှေ့ လာချပေးသွားသည်။

မော်ရင်းသည် စားရင်းသောက်ရင်း ဟားမီးတော့ချ် ပန်းချီပြတိုက်ကြီး သွားကြည့်လျှင် သူတို့တွေ့လာမည့် အနုပညာလက်ရာ တချို့အကြောင်း တစ်ချိန်လုံး ပြောနေ၏။ ငွေတောင်းလွှာ၌ ဒစ် လက်မှတ်ထိုးပေးနေချိန်တွင် မော်ရင်းသည် သူ့ ရေပုလင်းထဲက ရေကို အကုန်သောက်လို့ပြီးသွားပြီ။

ထိုရေပုလင်းအလွတ်ကို ဒစ်က သူ့ကုတ်အင်္ကျီအိတ်ထဲ ပြန်ထည့်ယူလာ၏။ သူတို့ အိပ်ခန်းထဲ ပြန်ရောက်သည့်အခါ ပုလင်းလွတ်ကို ဘုံဘိုင်ရေဖြင့် ပြန်ဖြည့်ပြီး ရေချိုးခန်းထဲ ထားခဲ့သည်။ ဒစ် သူ့ကိုယ်ပေါ်က အဝတ်အစားတွေချွတ်ပြီး အိပ်ရာထဲ ဝင်ချိန်တွင် မော်ရင်းမှာ သူ့ခရီးလမ်းညွှန်စာအုပ်ကို ကြည့်လို့ကောင်းနေဆဲ ရှိသေးသည်။

သည်မှာ ဒစ်ကလှမ်းပြောသည်။

"ကိုယ်တော့ နုန်းနေပြီကွာ။ အပြောင်းအလဲအဖြစ် ဒါ အနားယူရမယ့် အချိန်ပဲ"

ဒစ်ကပြောပြီး တစ်ဖက်သို့လှည့်ကာ သူ့မိန်းမအား ကျောခိုင်းလိုက်သည်။ စိတ်ထဲတွင် ဒါ အင်္ဂလန်မှာဆိုလျှင် အခု ညရှစ်နာရီထိုးပြီးခါစ ရှိသေးသည်။ ဒါကို မိန်းမ မတွက်မိပါစေနဲ့ဟု ဆုတောင်းမိသည်။

✹

နောက်နေ့မနက်တွင် ဒစ်တစ်ယောက် ဓရအလွန်ငတ်လျက် အိပ်ရာမှ နိုးလာသည်။ သူ့ဘက်ခုတင်ရှိ အီဗီယန်သောက်ရေပုလင်းလွတ်ကို ကြည့်မိသည်။ နောက်မှ အချိန်မီ သွားသတိရသည်။

အိပ်ရာပေါ်မှ ဆင်းသည်။ ရေခဲသေတ္တာဆီသွားသည်။ လိမ္မော်အချိုရည်တစ်ပုလင်း ရေခဲသေတ္တာထဲမှ ရွေးထုတ်ယူလိုက်သည်။

"မင်း . . . ဒီမနက် အားကစား အခန်း သွားဦးမလား"

အိပ်ရာထဲ၌ တစ်ဝက်တစ်ပျက် နိုးနေပြီဖြစ်သော မော်ရင်းကို သူ လှည့်မေးသည်။

"ကျွန်မမှာ အချိန်ရမလား"

"အသေအချာ ရတာပေါ့။ ဟားမီးတော့ချ်ပြတိုက်က ဆယ်နာရီမထိုးမချင်း ဖွင့်တာမဟုတ်ဘူး။ ကိုယ် ဒီဟိုတယ်မှာ ဝင်တည်းလေ့ရှိတဲ့အကြောင်းတွေထဲက တစ်ခုက ဒီဟိုတယ်က ကိုယ်လက်လှုပ်ရှားဖို့ အားကစားအခန်း လုပ်ထားပေးလို့ကွ"

"ဒါဖြင့် ရှင်ကော ဘာလုပ်မလဲ"

"တနင်္လာနေ့ စာချုပ်ပွဲအတွက် အစစ နေရာတကျဖြစ်အောင် လိုမလို ဖုန်းဆက်စရာတချို့ ရှိနေသေးတယ်ကွာ"

မော်ရင်း အိပ်ရာပေါ်မှ ဆင်းသည်။ ရေချိုးခန်းထဲ ဝင်ရောက်ပျောက်သွားသည်။ သို့ဖြင့် ဒစ်အဖို့ အချိန်လုံလုံလောက်လောက် ရသွားတော့သည်။ မော်ရင်း၏ သောက်ရေဖန်ခွက်ကို ဘုံဘိုင်ရေ ဖြည့်ထည့်ထားပြီး မော်ရင်းအိပ်ရာဘေးက အီဗီယန်ရေပုလင်းလွတ်ကိုလည်း ဘုံဘိုင်ရေဖြင့်ပင် အစားထိုးဖြည့်ထည့်ဖို့ အကွက်ဆိုက်သွားသည်။

မိနစ်အနည်းငယ်ရှိလျှင် မော်ရင်း ရေချိုးခန်းထဲက ပြန်ထွက်လာသည်။ မော်ရင်းက အားကစားဝတ်စုံ မဝတ်ခင် လက်ပတ်နာရီ ကြည့်သည်။ ကြက်ဥပါင်စေးဖိနပ်တွေ စီးပြီးသွား



www.burmeseclassic.com

www.burmeseclassic.com

သောအခါ "ကျွန်မ မိနစ်လေးဆယ်အတွင်း ပြန်ရောက်လာမယ်"ဟု လှမ်းပြောသည်။

"ရေလည်း တစ်ပါတည်းယူသွားဖို့ မမေ့နဲ့ဦး"

ဒစ်က ပြောပြောဆိုဆိုနှင့် ပြတင်းပေါက်ဘေး ခုံပေါ်က ပုလင်းတွေထဲမှ မော်ရင်း၏ ရေပုလင်းကို ဆွဲယူပြီး မော်ရင်းအားပေးလိုက်သည်။

"အားကစားခန်းမှာ သောက်ရေပုလင်းက ထားချင်မှ ထားတာကွ"

မော်ရင်းက ရေပုလင်းကို လှမ်းယူရင်း "ကျေးဇူး"ဟုပြန်ပြောသည်။ မိန်းမဖျက်နှာပေါ်မှ အရိပ်အယောင်ကြောင့် ဒစ်စိတ်ထဲ၌ သူ့ဘက်က နည်းနည်းများ အရေးတယူ လုပ်လွန်းရာ ရောက်သွားသလားဟု သံသယဖြစ်သွားသည်။

မော်ရင်း ဟိုတယ်အားကစားအခန်းသို့ ရောက်နေချိန်တွင် ဒစ်ရေချိုးသည်။ အိပ်ခန်းထဲ ပြန်ဝင်လာသောအခါ အပြင်၌ နေခြည်တောက်ပနေသည်ကို တွေ့ရသဖြင့် ကျေနပ်သွားသည်။

ဘလေဇာကုတ်နှင့် ဘောင်းဘီဝတ်လိုက်သည်။ သို့သော် သူ ရေချိုးခန်းထဲရောက်နေစဉ် ဟိုတယ်ဝန်ထမ်းများက သောက်ရေပုလင်းတွေကိုများ အသစ်လာ၍လဲပေးထားသလားဟု အသေအချာကြည့်ပြီးမှ အဝတ်အစားဝတ်ခြင်းဖြစ်သည်။

ဒစ် သူတို့နှစ်ယောက်အတွက် မနက်စာ မှာထားလိုက်သည်။

မော်ရင်းသည် လက်ထဲတွင် တစ်ဝက်သာ ကျန်တော့သည့် အီဗီယန်သောက်ရေပုလင်းနှင့် အားကစားခန်းမှ ပြန်၍ထွက်လာသည်။ သူရောက်လာပြီး များမကြာခင်မှာပင် မနက်စာရောက်လာသည်။

"လေ့ကျင့်ခန်းလုပ်ရတာ ဘယ်လိုနေသလဲ"

ဒစ်က မေးလိုက်သည်။

"မနိပ်ပါဘူး။ လူက နည်းနည်းနုန်းချည့်ချည့်နဲ့"

မော်ရင်းက ပြန်ပြောသည်။

"ဒါ ခရီးပန်းလာလို့ နေမှာပေါ့ကွာ"

ဇနီးသည်ကို ထင်မြင်ချက်ပြောရင်း ဒစ်က စားပွဲတစ်ဖက်စွန်းတွင် သွားထိုင်သည်။ မိန်းမအတွက် ရေတစ်ဖန်ခွက်၊ သူ့အတွက် လိမ္မော်အချိုရည် နောက်တစ်ခွက် ထည့်ထားလိုက်သည်။ နောက် . . . ဟာရိုးထရီဗြွန်းသတင်းစာ ကောက်ကိုင် လှန်ကြည့်နေလိုက်သည်။

မော်ရင်း ရေချိုးခန်းထဲ အဝတ်အစားသွားလဲနေသည်ကိုစောင့်ရင်း သတင်းစာ ကြည့်နေမိသည်။ ဟယ်လာရီကလင်တန်က သူ သမ္မတရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်တော့မှာ မဟုတ်ဟု ဆိုလာသည်။ သည်စကားကို ဝင်ဖြစ်မည်ဟုသာ သူ့ကို ယုံကြည်သွားစေ၏။ အထူးသဖြင့် ဟယ်လာရီက သည်ကြေညာချက်ကိုသူ့ယောက်ျားဘေးမှာရပ်လျက် ထုတ်ဖော်ပြောလာသောကြောင့် ဖြစ်သည်။

မော်ရင်းသည် ဟိုတယ်ကပေးသည့် ဂါဝန်ကြီးဝတ်လျက် ရေချိုးခန်းထဲမှထွက်လာသည်။ ယောကျ်ားဖြစ်သူနှင့် မျက်နှာချင်းဆိုင်တုလားထိုင်၌ ဝင်ထိုင်သည်။ ရေကို အာစွတ်ရုံ သောက်လိုက်သည်။

"ဟားမီးတော့ချ် ပန်းချီပြတိုက်သွားတဲ့အခါ ကျွန်မတို့တော့ အီဗီယန်ရေပုလင်းတွေ ဆောင်သွားရင် ကောင်းမယ် ယောက်ျားရေ . . "ဟု မော်ရင်းက ပြောလာသည်။

ဒစ်က သတင်းစာနောက်ကွယ်မှ လှမ်းကြည့်သည်။

မော်ရင်း ဆက်ပြောသည်။

"အားကစားခန်းမှာတွေ့တဲ့ မိန်းကလေးတစ်ယောက်က ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် ဒေသရေကို မသောက်ဖို့ ကျွန်မကို သတိပေးတယ်ရှင့်"

"ဩော် . . . အေး ဟုတ်တယ်။ ကိုယ်မင်းကို သတိပေးဖို့ပဲ"


ဒစ်က မင်သေသေဖြင့် ပြန်ပြောလိုက်သည်။

မော်ရင်းက ပြတင်းပေါက်ဘေးက ခုံပေါ်ရှိ အီဗီယန်ရေပုလင်း တစ်လုံးကို သွားယူပြီး သူ့အိတ်ကြီးထဲ ထည့်လိုက်သည်။ "သတိဆိုတာ ပိုတယ်မရှိဘူး လေရှင်"

ဆက်လက်ဖော်ပြပါမည်။

လူအောင်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# မုဆိုးတို့ အလှူဒါန

လေးမောင်

ပန်းတောကုန်းကျေးရွာ။

သည်တောကို အမဲပစ်ရောက်ခဲ့ကြသည်မှာ ယခုမှမဟုတ်။ ဟိုယခင်ကတည်းက အကြိမ်ကြိမ်။ ရောက်ခဲ့သည့်အခါတိုင်းလည်း အချည်းအနှီး မဖြစ်။ သားကောင်များကို ပစ်ခတ်လို့ ရရှိသည်ချည်း၊ ဖြစ်သည့်အတွက် ကျွန်တော်တို့အဖွဲ့ လာနေကြခြင်း ဖြစ်သည်။ ဆိုရှာတွင် ရှာခံ မုဆိုးများဖြစ်ကြသည့် 'တင်စိုး၊ ယောင်ကြီး၊ ကျော်ဝင်း' ညီအစ်ကိုသုံးဦးကလည်း မုဆိုးအခံများ ရှိနေကြသည်မဟုတ်ပါလား။

ယခုတစ်ခေါက် သကြန်ရုံးပိတ်ရက်ကို အမှာခံယူပြီး ထွက်ခဲ့ကြသည့် ခရီးက ၁၀ ရက်ခရီး။ သို့အတွက် ထိုကျေးရွာဆီသို့ ရောက်ခဲ့ကြလေတိုင်း အမဲသားကောင်(ဟင်းစား)များ ရရှိနေသည့်အတွက် အိမ်မှထည့်ပေးလိုက်သည့် စားဖွယ်များပင် မယူခဲ့ကြ။ သို့သော်လည်း အခြေအနေက ကျွန်တော်တို့ ထင်မှတ်တွက်ချက်ထားသလို ဖြစ်မလာ။ ယနေ့ပါဆိုလျှင် ငါးရက်တိုင်တိုင် ရှိခဲ့ပေပြီ၊ ဘာတစ်ကောင်မှလည်း ပစ်ခတ်လို့က မရရှိကြသေး။ သို့အတွက် သူတို့အိမ်တွင် မွေးထားသည့် အိပ်တန်းတက်ကြက်ကို မနက်တစ်ကောင်၊ ညနေတစ်ကောင် ချက်စားနေကြရသည့်အဖြစ်၊ စားတန်ကောင်ကြက်များ ပြုတ်ပြီမို့ နောက်ထပ် ဟင်းချက်စားရန် လက်သီးဆုပ်ခန့် သားခွဲခါဝ



www.burmeseclassic.com

www.burmeseclassic.com

ကြက်ကလေးတွေသာ ကျန်တော့သည်။ သို့အတွက် အဘကောင်းက အနီးအနား အလေ့ကျပေါက်နေသည့် ဟင်းနုနယ်ဆူးပေါက်ပင်ကြီးများကို ခုတ်ဖြတ်ပြီး အခွံသင်၊ ဆူးခုတ်လျက် နံနက်စာအတွက် ဝိုင်းဝန်းလုပ်ဆောင်နေကြစဉ် –

"တင်စိုးတို့၊ ယောင်ကြီးတို့ ရှိကြသလား သူငယ်တို့"

ခြံအပြင်မှ အဘွားအိုတစ်ဦး လှမ်းမေးသည့်အသံကို ကြားလိုက်ရသဖြင့် ကျွန်တော်တို့ အသံရှင်ကို လှမ်းကြည့်ရင်း အဘကောင်းက –

"အမေ ဒေါ်စံမယ်နဲ့တူတယ်ကွ။ ကြည့်စမ်းပါဦး"

"ဟုတ်တယ် အဘကောင်း။ အမေ ဒေါ်စံမယ်လေ"

အစ်ကိုကြီး ဦးသိန်းလွင်အပြောကြောင့် အဘကောင်းက –

"အမေ အထဲကိုကြွပါ။ တင်စိုးတို့ ညီအစ်ကိုတစ်တွေ ရှိကြပါတယ်"

အမေ ဒေါ်စံမယ်က လက်တွင် ဇိုင်ထားသည့် တောင်ဝှေးကို မြေပြင်သို့ထောက်ရင်း ခြံအတွင်းဝင်လာပြီး

"ရန်ကုန်မှဆိုးအဖွဲ့ ရောက်လာကြဆို။ ငါ့သားကြီး လေးမောင်ကော ပါရဲ့လား"

ထိုသို့မေးလိုက်သည့်အတွက် ဟင်းနုနယ်ဆူးကို သင်နေသည့် ကျွန်တော်က –

"အမေ ... ကျွန်တော်ဒီမှာပါ အမေရဲ့။ ကျွန်တော်မေးတော့ အမေတို့ ကလီထော်ရွာကို သွားနေကြတယ်ဆိုလို့ပါ"

ကျွန်တော့်စကားကြောင့် အမေ ဒေါ်စံမယ်က –

"အေး ... ဟုတ်တယ်လူလေးရဲ့။ မင်းအမေကြီးစံမောင် လှည်းကူးဆေးရုံတင်ရမယ်လေ။ ဒါကြောင့် ကလီထော်ရွာမှာနေတဲ့ သမီးကြီးအိမ်ကနေ ဆေးရုံကိုပြနေရတယ်ကွဲ့။ အဲဒီက ဆေးရုံနဲ့ နီးတယ်လေမို့လား။ ဒါနဲ့ နင့်ကလေးတွေကော နေထိုင်ကောင်းကြရဲ့လားဟဲ့"

"ဟုတ်ကဲ့ ... အမေ၊ နေထိုင်ကောင်းကြပါတယ်။ ဒါနဲ့ ရွာကို ဘယ်တုန်းက ပြန်ရောက်တာလဲ၊ အမေကြီးကော ပါရဲ့လား"

"ဟော့အေး ... ငါမနေ့ညနေက ရောက်တယ်၊ သကြံန်ကျော်မှ ခွဲရမယ်၊ စောင့်ရင်း ဆေးစားနေရတယ်"

"ဘာရောဂါမို့ ဆေးရုံတက်ခွဲရမှာလဲ အမေ"

"ဟိုဟာပဲ ... အူကျတဲ့ရောဂါဆိုလားပဲ။ ခုတော့ လမ်းတောင်မလျှောက်နိုင်ဘူး"

အမေဖြစ်သူ ဒေါ်စံမယ်ပြောလိုက်သည့်စကားကြောင့် အဘကောင်းက –

"အမေ ... အဲဒီရောဂါကြောင့်ဆို မစိုးရိမ်နဲ့။ ကျွန်တော်ခွဲဖူးတယ်။ ကလေးကစားသလောက်ပဲ။ ဆေးရုံမှာ အလွန်ဆုံးနေရ သုံးရက်။ ကျွန်တော် ငယ်ငယ်က အဲဒီရောဂါကြောင့် ဆေးရုံတက်ခွဲတာ တစ်ပြားမှ မကုန်ဘူး။ အိမ်ကမသိအောင် ဆေးရုံတက်ခွဲပြီး အိမ်ပြန်ရောက်တော့ သုံးရက်ပဲ။ ကျွန်တော် ပျောက်လို့ အိမ်က လိုက်ရှာတာမတွေ့လို့ အပြစ်ပြောခံရတာလောက်ပဲ ရှိတယ်။ တစ်ပြားမှ မကုန်သလို စိုးရိမ်စရာလည်း မရှိဘူး။ ဒါကြောင့် စိတ်အေးအေးထားပါ အမေ"

အဘကောင်း ပြောလိုက်သည့်စကားကြောင့် အမေ ဒေါ်စံမယ်က

"ဟဲ့ ... မောင်ကောင်း၊ ခုနင်ပြောတဲ့အချိန်၊ နင်ဖြစ်တဲ့အချိန်က ဘယ်အချိန်က၊ ဘယ်ကာလကလဲဟဲ့"

"လွတ်လပ်ရေးမရမီ ၁၉၄၇ ကာလကပါ အမေ"

"အေး ... ဟုတ်ပြီ။ ခုအချိန်က ဘယ်လိုအချိန်ကာလမျိုးလဲ"

"အင်း ... ခုအချိန်က ၂၀၁၁ ဆိုတော့ ပါတီစုံအစိုးရခေတ်လေ အမေရဲ့"

"အေး .. ကွာခြားချက်က အဲဒါပဲ။ နင်ရောဂါဖြစ်ပြီး ခွဲစိတ်ခံခဲ့တဲ့အချိန်နဲ့ ခုအချိန်က မတူဘူးဟဲ့။ ငါ့ခြံလေး ဆေးဖိုးဝါးခရအောင် တစ်ဝက်ခွဲရောင်းသွားတာ မလောက်လို့ ခုငါပြန်လာတဲ့ ကိစ္စက ကျန်တဲ့ခြံတစ်ခြမ်း ရောင်းဖို့ ပြန်လာခဲ့တာ။ အဲဒီပိုက်ဆံလေးနဲ့ ကျန်တဲ့ ကုန်ကျတဲ့စရိတ်ကလေးရှာဖို့ ပြန်ခဲ့တာလေကွယ်။ အင်း ... ဒုက္ခ၊ ဒုက္ခ။ အသေမခက်ပေမဲ့ အနေခက်တဲ့ခေတ်ကြီးပါ ကွယ်တို့ရယ် ..."

အမေဒေါ်စံမယ် ညည်းတွားလိုက်သည့်စကားကြောင့် ကျွန်တော်တို့ အဖွဲ့သားများ ဝေဒနာတစ်ခုကို ခံစားလိုက်ရသည့်နှယ် စိတ်မကောင်းဖြစ်သွားကြချိန် –

"ကျော်ဝင်း ... ငါ့ခြံထဲမှာ ကြက်တစ်ကောင်သွားယူပြီး ချက်လိုက်။ နင်တို့ ခုအချိန်ထိ တစ်ကောင်မှ ပစ်လို့မရကြသေးဘူးဆို ဟုတ်လား"

ထိုသို့ပြောလိုက်သည့် စကားကြောင့် ကျွန်တော်က –

"ဟုတ်ပါတယ် အမေ။ ခါတိုင်းဆို ရနေပြီ။ ခုတစ်ခေါက် ရက်ရှည်ထွက်

www.burmeseclassic.com

လာခါမှ ခုအချိန်ထိ တစ်ကောင်မှ ပစ်လို့မရသေးတာ တော်တော်ထူးဆန်းနေတယ်။ ဘာကြောင့် ဒီလိုဖြစ်နေမှန်းလည်း မသိဘူးလေ''

''နင်တို့ တစ်ခုခု အမှားလုပ်ထားကြသလားမှ မသိတာ''

''ဒီတောကို ခါတိုင်းလည်း လာနေသလို လုပ်ရိုးလုပ်စဉ်အတိုင်းလည်း လုပ်ထားပါတယ် အမေ။ ကျွန်တော်တို့မှာ အမှားမရှိဘူးလို့ ထင်ပါတယ်''

အစ်ကိုကြီး ဦးသိန်းလွင် ဝင်ရောက်ပြောလိုက်သည့်စကားကြောင့် အမေ ဒေါ်စံမယ် ခေါင်းတညိတ်ညိတ်လုပ်ကာ စဉ်းစားရင်း ပြောလိုက်သည်က –

''နင်တို့မှာ အမှားမလုပ်ခဲ့ကြဘူးဆိုရင်တောင် ချို့ယွင်းချက်ရှိကြလို့ဖြစ်မှာပေ့ါ လူလေးတို့ရယ်။ နင်တို့အဘက မကြာခဏပြောပြတယ်၊ နင်တို့ကို အားနာလို့ မပြောတာတဲ့''

အမေဒေါ်စံမယ် ပြေလိုက်သည့်စကားကြောင့် ကျွန်တော်တို့ အတော်လေး အံ့သြသွားကြသည်မို့ အဘကောင်းက –

''အမှားတစ်ခုခုနဲ့ ချို့ယွင်းချက်ဟုတ်လား အမေ။ အဘက ကျွန်တော်တို့အကြောင်း မကြာခဏ ပြောတယ်ဆိုတာ ဘာလဲဟင်။ ကျွန်တော်တို့ကို ပြောပြပါလား အမေ''

''အေး ... ဒီလိုဆိုရင် နင်တို့အကြောင်း မကြာခဏ ငါ့ကိုပြောတဲ့စကားကို ငါပြောပြမယ်။ ဒီပန်းတောကုန်းနယ်မြေအပိုင်စားက ဘယ်သူတုံး''

''အဘိုးပြေစာ အပိုင်ပါအမေ''

''သူမကြိုက်တာ ဘယ်လိုကိစ္စမျိုးတွေလဲ''

''မသိပါဘူး အမေ။ သူကြိုက်တာနဲ့ တင်မြှောက်တောင်းခံခဲ့တာချည်းပါပဲ''

''သူကြိုက်တာနဲ့ တင်မြှောက်ပသရုံနဲ့ မပြီးဘူးလေကွယ်။ သူမကြိုက်တာမျိုးကိုလည်း မလုပ်မိဖို့က လိုတယ်လေဟယ်''

''ဟုတ်ကဲ့ပါ အမေ။ သူမကြိုက်တာ ဘယ်လိုဟာမျိုးဆိုတာ ရှင်းပါဦး''

''ဒီပိုင်နက်နယ်မြေမှာ မင်းတို့ရှောင်ဖို့ကိစ္စက မင်းတို့တွေ တစ်ဦးနဲ့တစ်ဦး သေနတ်ကျည်ဆန်ကအစ ဘယ်လိုပစ္စည်းမဆို အပေးအယူလုပ်တဲ့အခါ နောက်ပြန်မလုပ်ရဘူး၊ စလောင်းနှစ်ချပ်မတီးရဘူး။ ယောက်မနဲ့ အိုးကို မခေါက်ရဘူး။ အိုးခွက်ပန်းကန်တွေကို ပက်လက်လှန်မထားရဘူး၊ ထင်းကို ဒူးနဲ့မချိုးဖဲ့ရဘူး၊ နောက်တစ်ချက်က သက်မဲ့ပစ္စည်းနဲ့ စကားမပြောရဘူးကွဲ့''

''အဲဒီ သက်မဲ့ပစ္စည်းဆိုတာ ဘာကိုရည်ရွယ်ပြောလိုက်တာလဲဟင်''

''ဒီလိုကွဲ့ လူလေးတို့ရဲ့။ မင်းတို့ထမင်းစားဖို့ ခူးခပ်ပြီးပြီဆိုရင် 'ကိုင်းလာကြဟေ့၊ စားကြမယ်'ဆိုတဲ့ အသုံးအနှုန်းမျိုးကို မသုံးရဘူး။ တင်စိုး၊ ယောင်ကြီး၊ ကျော်ဝင်း ထမင်းစားမယ်ဆိုပြီး လူနာမည်ကို ခေါ်ရတယ်။ ရှင်းပြီလား ...''

''မရှင်းသေးဘူး အမေ၊ လာကြဟေ့၊ စားကြမယ်လို့ ခေါ်လိုက်ရင် ဘာဖြစ်မလဲဟင်။ မသိလို့မေးတာပါနော် အမေ''

''အဲဒီလို ခေါ်လိုက်ရင် စားချင်လို့ စောင့်နေကြတဲ့ မကောင်းဆိုးဝါးတွေက ပါဝင်လာကြတယ်။ သူတို့ကို မစွန့်ဘဲ စားလိုက်တဲ့ကိစ္စတွေကို အငြိုးအတေးထားပြီး ဝိုင်းထဲကိုလည်းရောက်ရော အငြိုးအတေးထားပြီး ဒုက္ခပေးတော့တာပေါ့ကွာ''

အမေ့စကားဆုံးတော့ အဘကောင်းက –

''ခု အမေပြောပြတဲ့အချက်တွေနဲ့ဆို သုံးချက်လောက် ငြိနေတယ် အမေ။ ထမင်းစားခေါ်တဲ့ကိစ္စ၊ ထင်းချောင်းကို ဒူးခေါင်းနဲ့ချိုးတဲ့ကိစ္စ၊ အိုးကို ယောက်မနဲ့ခေါက်တဲ့ကိစ္စတွေပဲ။ ဟိုကောင်တွေကလည်း တစ်ခါမှ မပြောတော့ ကျွန်တော်တို့လည်း ဘယ်သိမလဲ အမေရယ်။ ခုမှသိတော့ ပြင်ပါ့မယ်။ နောက်တစ်ခု အဘက ကျွန်တော်တို့ကို အားနာလို့ မပြောခဲ့တဲ့ကိစ္စက ဘာများလဲ အမေ။ ဆောင်ရန်၊ ရှောင်ရန် ပြောပြပါလား''

''အေး ... မင်းတို့အဘ ပြောချင်တဲ့စကားက အရေးကြီးတယ်၊ နားထောင်ကြ။ လိုက်နာဖို့ သင့်မသင့်ကိုတော့ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ကြ။ မင်းတို့သဘောပဲ''

''လိုက်နာရမှာပေါ့ အမေရယ်။ တောအကြောင်း၊ တောင်အကြောင်းကို မသိတဲ့လူတွေက အမေတို့လို တောထဲမှာ မွေးပြီး ကြီးပြင်းလာရတဲ့သူတွေ ပြောတဲ့စကားကိုမှ မလိုက်နာရင် မိုက်ရာကျမှာပေါ့။ ပြောပါ ...''

''အေး ... အဲဒီလိုဆိုရင် နားထောင်ကြ။ မင်းတို့အဘက မင်းတို့ကို ကြည့်ပြီး တအံ့တသြဖြစ်မိတယ်ကွ။ ဘာကြောင့်လဲဆိုတော့ မင်းတို့ရုပ်ရည်ကလေးတွေက သနားကမားနဲ့ လူရည်သန့်ကလေးတွေ ဖြစ်နေကြလို့လေ။ ဂါသနာကလည်း မှုဆိုးအလုပ်လို့...



www.burmeseclassic.com

www.burmeseclassic.com

မှဆိုးငါသနာပါပြီး အမဲလိုက်ပစ်နေကြတဲ့သူတွေက ခုထိ တောထဲမှာ ရောက်ရင် သန့်သန့်ပြန့်ပြန့် နေလို့မရဘူးကွ။ ခုမင်းတို့ကို ငါမြင်တွေ့နေရတာက ခေါင်းတွေမှာလည်း ဆီက အရွှဲသား။ အကျႌတွေကလည်း အမွှေးအကြိုင်တွေ လိမ်းထား၊ ဆွတ်ထားလို့ မွှေးတဲ့အနံ့က တထောင်းထောင်း။ သောက်တဲ့အရက်လည်း ခပ်မွှေးမွှေး။ ဟို . . . ဘာအရက်။ စီးကရက်ဆိုလည်း လက်ကမချ။ မီးကမပြတ်။ ရေချိုးပြန်ရင်လည်း ဆပ်ပြာမွှေးနဲ့ ချေးချွတ်လိုက်ကြပြန်သေး။ ဟိုနေရာတံတွေး ပစ်ခနဲထွေး၊ ဒီနေရာရောက်သေးပေါက်။ အဲဒီလို အချိုးမျိုးနဲ့ ဘယ်လိုလုပ်ပြီး သားကောင်တွေကို ပစ်ခတ်လို့ကြမှာလဲ''

''ဟုတ်လား အမေ။ ဘာကြောင့်များလဲဟင်၊ ရှင်းပါဦး''

''အေး . . . မင်းတို့တွေ လာပြီး လိုက်လံပစ်နေကြတဲ့ သားကောင်တွေက မင်းတို့လို မြို့မှာနေပြီး ကိုယ့်ကိုယ်ကို အမွှေးနံ့သာလိမ်းပြီး၊ ကိုယ့်ကိုယ်ကို အလှပြင်နေကြတဲ့သူတွေ မဟုတ်ဘူးလေ။ သူတို့တစ်ဝမ်းတစ်ခါး စားသောက်ကြဖို့အတွက် အန္တရာယ်အမျိုးမျိုးကို ရှောင်ရှားကြပြီး သတိထား သွားသွားစားစား လုပ်နေကြတဲ့ စားသတိ၊ သွားသတိ လုပ်နေကြရတဲ့ အကောင်တွေဆိုတော့ ခုမင်းတို့ကိုယ်ကထွက်တဲ့ အနံ့အသက်ကို သူတို့ရသွားကြရင် တောထဲမှာ ဒီအနံ့မျိုးမရှိတဲ့အတွက် ထူးထူးခြားခြား ရှူလိုက်ရတဲ့ သူတို့အတွက် သူတို့အတွက် အန္တရာယ်ရှိတယ်ဆိုတဲ့အတွေးနဲ့ အဲဒီအနံ့နဲ့ လွတ်တဲ့နေရာကို ရှောင်ပြေးကြတော့တာပေါ့လေ။ မင်းတို့ကလည်း တောတိုးပြီး သားကောင်တွေကို လိုက်လံရှာကြပြန်တော့ သူတို့ကလည်း မင်းတို့အနံ့ထပ်ရပြီး ဝေးရာကို ရှောင်ကြပြန်ရောကွ။

အဲဒီတော့ မင်းတို့အဖြစ်က အမဲပစ်ဖို့ တောထဲလာတဲ့ပုံမဟုတ်ဘဲ ဝေးရာကိုပြေးအောင်၊ ခြောက်ထုတ်ရအောင် လာနေကြတဲ့ ပုံစံမျိုးနဲ့ တူမနေဘူးလား။

နောက်တစ်ချက်က တောတွင်းနေ သားကောင်ဆိုတာ နိုင်ရာစားတွေလေ။ သူတို့မှာ ဘာဥပဒေမှ မရှိသလို နားလည်မလည်ကြဘူး။ ဘယ်လို အကြောင်းကြောင့်မှလည်း ငဲ့ညှာစရာအကြောင်းမရှိကြဘူး။ ကြီးနိုင်ငယ်ညှဉ်းတွေလေ။ သူတို့အသားကို ကိုက်သတ်စားတတ်ကြတဲ့ အကောင်ကြီးတွေရဲ့ အန္တရာယ်ကို ရှောင်တိမ်းကြရတာက တစ်မျိုး၊ မုဆိုးတွေရဲ့ လက်နက်နဲ့ ထောင်ချောက်တွေကို ရှောင်ကြရတာ တစ်မျိုးနဲ့ အလွန်သနားစဖွယ်ကောင်းတဲ့ အကောင်မျိုးတွေလေ။

ဒီတော့ လူလေးတို့ကို အမေပြောချင်တဲ့စကားက မုဆိုးလုပ်တော့မယ်ဆိုရင် တောဝင်ကြတဲ့အခါ ကိုယ့်ကိုယ်ကို အရင်ဆုံး တောနံ့နဲ့တူအောင် အရင်လုပ်ကြဖို့ လိုတယ်။ မင်းတို့ကိုယ်က ထွက်လာတဲ့အနံ့ကို သားကောင် မရိပ်မိအောင် ကြိုးစားနိုင်မှ မုဆိုးအင်္ဂါနဲ့ ပြည့်စုံပြီး သားကောင်တွေကို လိုက်လံရှာဖွေ ပစ်ခတ်လို့ ရကြမှာပေါ့။

ကုန်ကုန်ပြောရရင် မင်းတို့ယူလာကြတဲ့ အရက်၊ စီးကရက်၊ သွားတိုက်ဆေး၊ ဆီမွှေး၊ ပေါင်ဒါ စတဲ့ မွှေးကြိုင်ပြီး သားကောင်တွေ မသင်္ကာစရာဖြစ်မယ့် ပစ္စည်းမျိုးကို မသုံးကြဖို့ပါပဲ၊ ကိုယ်ရောက်နေတဲ့ တောရဲ့အနံ့မျိုးထွက်အောင် အရင်ဆုံးကြိုးစားကြကွာ။

မင်းတို့အဘ မင်းတို့ကို ပြောချင်တဲ့စကားကို ငါမှာလိုက်ချင်တာက ကိုယ်ဝင်ရောက်ပြီး ပစ်ခတ်မယ့်တောတွေမှာ သူ့အပိုင်စားနဲ့သူ ရှိနေကြတယ်။ သူတို့အကြိုက်၊ သူတို့အလိုက်ကို မဆန့်ကျင်ဘဲ လုပ်ကြဖို့ရယ်၊ အလေးထားကြဖို့ရယ်။ နေရာတကာ အပေါ့အလေး မစွန့်ဖို့၊ လမ်းသွားရင် ကိုယ်နဲ့မလွတ်တဲ့ နွယ်ပင်ချုံကိုင်းတွေကို မချိုးဖဲ့ မခုတ်ဖြတ်မိဖို့ရယ်၊ နောက်ဆုံး ကုန်ကုန်ပြောရရင် ရေချိုးရင်တောင် ဆပ်ပြာမတိုက်၊ ချေးမချွတ်ဖို့ကို မင်းတို့အဘက ပြောချင်တာကွဲ့။ အထူးသဖြင့် ရေမချိုးရင် ပိုကောင်းတယ်ဆိုတာပေါ့''

ထိုသို့ပြောနေစဉ် ကျော်ဝင်းကြက်တစ်ကောင်ယူပြီး ပြန်ရောက်လာပြီး ဟင်းချက်ဖို့ စီစဉ်နေစဉ် အဘကောင်းက –

''ဟုတ်လား အမေ။ ရေမချိုးခိုင်းတဲ့အကြောင်းကကော ဘာကြောင့်လဲဟင်''

''ရေချိုး၊ ဆပ်ပြာတိုက်၊ ချေးချွတ်လိုက်တော့ မင်းတို့ကိုယ် သန့်စင်သွားပေမယ့် ပြန်ထွက်လာတဲ့ ချွေးပေါက်တွေကနေ မင်းတို့ရဲ့ အနံ့ ပြန်ထွက်လာတော့ ကိုယ်သင်းနံ့နဲ့ ချွေးနံ့တွေကို ရှူရှိုက်မိပြီး အဝေးကို ပြန်ပြေးကြပြန်ရော။ သူကပြေး၊ ကိုယ်ကလိုက်ဆိုတော့ ပင်ပန်းတာပေါ့ကွယ်။ လွယ်လွယ်ပစ်လို့ ဘယ်ရမှာလဲ။

ဒါကြောင့် မင်းတို့ကို မင်းတို့အဘ ပြောစေချင်တာက မင်းတို့အသုံးအဆောင်ပစ္စည်းတွေကို မသုံးကြနဲ့

www.burmeseclassic.com

မင်းတို့ကိုယ်သင်းနံ့နဲ့ တောနံ့ ဟစ်သားတည်းဖြစ်နေပစေ။ အဲဒီအချိန်ရောက်တော့မှ သားကောင်နောက် လိုက်ပစ်ကြဖို့ မင်းတို့အဘက ပြောချင်တာ။ ငါရှိနေတုန်း မင်းတို့အဖွဲ့အတွက် ဟင်းစားဖို့ မပူပါနဲ့။ ငါရှာကျွေးမယ်။ ငါပြန်တော့မယ်''

အမေ ဒေါ်စံမယ်က ပြန်မည်လုပ်နေစဉ် ကျွန်တော်တို့က ထမင်းစားသွားရန် ဆွဲထားပြီး အတန်ကြာတော့ နံနက်စာကို စားသောက်နေလိုက်ကြစဉ်

''ဝါသနာအရ တောပစ်နေပေမဲ့ မုဆိုးတစ်ယောက်ဖြစ်ဖို့ မလွယ်ဘူးနော်''

အစ်ကိုကြီးဦးသိန်းလွင် စကားကြောင့် ကျွန်တော်တို့ ခေါင်းညိတ်ပြလိုက်စဉ် –

''ကဲ ‥ ထမင်းစားပြီးရင်လည်း ငါမပြန်သေးဘူး။ ငါ့သားနဲ့ ညနေစာတွက် လိပ်ရှာပေးမယ်။ ဘယ်သူလိုက်ဦးမလဲ''

အမေ ဒေါ်စံမယ်ပြောလိုက်သည့် စကားကြောင့် အစ်ကိုကြီးဦးသိန်းလွင်က –

''ကျွန်တော်လိုက်မယ် အမေ''

''အေး ‥‥ ဒါဆို သွားကြမယ်။ တင်စိုးလည်းလိုက်ခဲ့။ မိုးကလေးပါယူဟယ်''

××× ××× ×××

မိုးကာလအချိန်မျိုးတွင် ရိုးမတောကြီးက စိမ်းစိမ်းစိုစို။ သစ်ပင်ချုံနွယ်တို့က နေပြောက်ပင် ထိုးလို့မရသည့် တောကြီးပင်။ မြင့်မြင့်မားမားနှင့် သစ်ပင်ကြီးများအပြင် အောက်ခြေတွင် ချုံနွယ်တောကြီးများ၊ ဆူးပင်ကြီးများတို့နှင့်အတူ ဝါးရုံတောကြီးတို့က ထူထူထပ်ထပ်မို့ လူတစ်ကိုယ်တိုးဝင်ဖို့ကိုပင် ခက်ခက်ခဲခဲ ပိတ်ဆို့ကာလျှို၊ မြောင်၊ ကုန်း၊ ကမူ၊ ချိုင့်ဝှမ်း၊ စိမ့်စမ်းများအပြင် မြင့်မားသော တောင်တန်းတောင်သွယ်၊ တောင်လက်မောင်းကျောက်ထရံတို့နှင့် အတိရှိသည့်တို့က ရိုးမကြီး၏ သဘာဝအလှကို ပီပြင်အောင် သရုပ်ဖော်ထားနိုင်ကြသော်လည်း ယခုလို နွေကာလကို ရောက်သောအခါ နွေအပူရှိန်ကြောင့် ရွက်ဟောင်းတွေကြွေကာ ရွက်သစ်ဝေဖို့အတွက် ရိုးတံကျဲကျဲတို့အကြား ထိုးဖောက်လာကြသည့် အပူဒဏ်ကြောင့် တောချုံပင်ကြီးများပင် ညှိုးလျော်ကျလာပြီး ရေအိုင်များကလည်း ခန်းခြောက်ကုန်ကြသည့်အတွက် ရေအိုင်များပင် ရေမရှိသဖြင့် ပပ်ကြားအက်တို့နှင့်အတိ။

အချို့ရေအိုင်ဘို့ အကုန်ခန်းခြောက်မသွားသဖြင့် အနည်းငယ်သာ ရေရှိတော့သည့် အိုင်များကိုလည်း တွေ့ရသည်။ ကျွန်တော်တို့ သုံးဦးသား အမေ ဒေါ်စံမယ်ခေါ်သည့် လူသွားလမ်းအတိုင်း သွားနေကြရင်း ကန်တစ်ဝက်လောက် ရေခန်းနေသည့် ရေကန်ကြီးတစ်ခုအနီးဆီသို့ ရောက်ရှိသွားကြသည်။ ကန်ပေါင်ရိုးပေါ်တက်၍ ရေကန်အတွင်းကြည့်ရင်း –

''ကဲ ‥‥ သားတို့၊ ရေအိုင်ထဲ လိပ်ရှိမရှိ ကြည့်လိုက်ကြစမ်း''

အမေပြောလိုက်သည့်အတွက် ကျွန်တော်တို့သုံးဦးက ကန်ပေါင်ပေါ်မှ ရေပြင်အတွင်း သူပြောသည့် လိပ်ဆိုသည်ကို နေရာအနှံ့ ရှာလိုက်ကြသည်။ လိပ်ဆိုသည့်အကောင်ကိုတော့ မတွေ့။ ကန်ရေပြင် ဆယ်ပေသာသာ အဝန်းအဝိုင်းပေါ်တွင် မြက်ရိုင်းပင်များ၊ ဗေဒါပင်နှင့် ပန်းပွင့်များ၊ ထိကရုန်းပင်များနှင့်အတူ ရေညှိစိမ်းစိမ်းများတို့ကိုသာ တွေ့နေကြရသည်။ ထိုစဉ် နောက်မှလိုက်လာသည့် အမေဒေါ်စံမယ်က –

''မင်းတို့တွေ လိပ်ကိုကြည့်ပါဆိုဘာတွေကို လိုက်ကြည့်နေကြတာလဲ ကွဲ့ ‥‥ ဟင်''

ထိုစကားကြောင့် ကျွန်တော်က

''အမေက လိပ်ကိုရှာကြည့်ဆိုလို့ ကျွန်တော်တို့ လိုက်ရှာကြည့်နေတာလေ အမေရဲ့''

ကျွန်တော်ပြန်ဖြေလိုက်သည့် စကားကြောင့် အမေက ဟက်ဟက်ပက်ပက် ရယ်လိုက်ရင်း ပြန်ပြောလိုက်သည်က –

''ရန်ကုန်မုဆိုးတွေဆိုပြီး ရွာကမုဆိုးအမည်ခံနေတဲ့ ကျော်ဝင်းတို့လိုအကောင်တွေနဲ့ ပေါင်းနေမှတော့ ဘယ်သွား သောက်သုံးကျပါ့မလဲ။ ငါ့နှယ် ‥‥ လိပ်ကို ခုလိုရှာရတယ်လို့ နင်တို့ကို ဘယ်သူက ပြောထားတဲ။ တောကိုလာပြီး ဟန်တစ်လုံး ပန်တစ်လုံးနဲ့ သောက်သုံးကိုမကျဘူး။ ဟို ‥‥ တောထဲမှာနေပြီး မုဆိုးလုပ်စားနေတဲ့ အကောင်ကလည်း မအူမလည် ‥‥ တယ်''

''ဘယ်သူမှလည်း ပြောမထားပါဘူး အမေ။ ဒီလိုပဲ ရှာရတယ်မှတ်လို့ပါ''

ကျွန်တော်ပြန်ဖြေလိုက်သည့် စကားကို သူသဘောတွေ့ဟန်မတူ။ မျက်စောင်းထိုးလိုက်ပြီး ပြန်ပြောလိုက်ပုံက –

''ဒါနဲ့ မေးပါရစေဦး ရန်ကုန်မုဆိုးကြီးတို့ရဲ့။ ကိုယ့်ကိုယ်ကို မုဆိုး

www.burmeseclassic.com

အမည်ခံတော့မယ်ဆိုရင် တောထဲမှာ အနိမ့်ဆုံး ဟင်းစားရှာလို့မရတဲ့အခါ သဘာဝဟင်းစားပင်ကိုတောင် မရှာတတ်ကြဘဲ ဟင်းနနယ်ဆူးပေါက်ကို ခုတ်ဖြတ်ပြီး ဟင်းလုပ်စားကြမယ့် အကောင်တွေဆိုတော့ ပါ နင်တို့အဆင့်အတန်းကို သတ်မှတ်လိုက်ပါတယ်''

အမေ ဒေါ်စံမယ်က သူ့ခင်ပွန်းဖြစ်သူ ဦးစံမောင်က ကျွန်တော်တို့အကြောင်းကို ဘယ်လောက်ပြောထားခဲ့သည်မသိ။ ကြုံကြိုက်တုန်း ဘဝဖွဲ့အပြစ်တင်ပြောဆိုနေသည်ကို ကျွန်တော်တို့က ဘာမျှပြန်မပြောဘဲ နေလိုက်ပေမဲ့ မကျေမချမ်းနဲ့ ...

"ဒါနဲ့ နင်တို့တွေ မုဆိုးတွေဆိုပြီး သိသင့်သိထိုက်တာလောက်တော့ သိဖို့ကောင်းတာပေါ့။ ငါမေးစမ်းပါရစေဦး"

"ဟုတ်ကဲ့ မေးပါအမေ။ သိတာဆို ဖြေမှာပေါ့"

"လိပ်ဆိုတဲ့အကောင်ဟာ ဘယ်နှမျိုးရှိသလဲ"

"ကျွန်တော်တို့ လိပ်နဲ့ပတ်သက်လို့ သိပ်မကျွမ်းဘူး အမေ။ တောထဲမှာ တွေ့နေရတာကတော့ ဆောက်လိပ်ဆိုတာလောက်ပဲ သတိထားမိတယ်"

"အေး ... မှတ်ထားကြကွ။ လိပ်နဲ့ပတ်သက်လို့ နှစ်မျိုးရှိတယ်။ တစ်မျိုးက ရေချိုလိပ်၊ နောက်တစ်မျိုးက ရေငန်လိပ်ဆိုပြီး အကြမ်းမှတ်ထားကြကွ။ ရေငန်လိပ်ဆိုတာက ပင်လယ်သမုဒ္ဒရာတွေနဲ့ ကမ်းစပ်သဲသောင်တွေပေါ်မှာ ကျက်စားကြတယ်။ လိပ်ကြေး၊ လိပ်ဖျဉ်း၊ လိပ်ဆောက်ဆိုတာမျိုးတွေပေါ့ကွယ်။

ခု ငါတို့ရှာနေကြတဲ့နေရာက ပဲခူးရိုးမကြီးအတွင်း ရေချိုပိုင်းမို့ ရေချိုလိပ်ကို ရှာကြရမှာကွ။ ရေချိုလိပ်ဆိုတဲ့လိပ်မျိုးတွေထဲမှာ လိပ်ကြယ်၊ တောင်လိပ်၊ စောစောက မင်းတို့သိတယ်ဆိုတဲ့ ဆောက်လိပ်ဆိုတာမျိုးပေါ့။ နောက်ပြီး လိပ်ပုတ်၊ လိပ်ခေါင်းနီ၊ ပြီးတော့ ဖင်းချောလိပ် ဆိုတာတွေ ရှိကြတယ်။ ပြောရမယ်ဆိုရင် အဲဒီလိပ်တွေဟာ ရေချို အင်းအိုင်၊ ချောင်းမြောင်းတွေမှာ နေကြသလို၊ ကုန်းဘက်မှာလည်း ကျက်စားကြတယ်။ စောစောက မင်းတို့ပြောတဲ့ ဆောက်လိပ်(ကုန်းလိပ်)မျိုးပေါ့ကွယ်။ မှတ်ထားကြနော်။

ကျော်ဝင်း ... မင်းလက်ထဲက မိုန်း ငါ့ကိုပေး။ လိပ်ရှာနည်း မင်းတို့ကို လက်တွေ့ပြမယ်။ အဲဒီရေကန်အတွင်းမှာ လိပ်ရှိမရှိကို ကန်စပ်က လိပ်အတက်အဆင်း လမ်းကြောင်းကို အရင်ရှာကြည့်ရတယ်ကွဲ့။ ငါနဲ့လိုက်ခဲ့ကြ။ အတက်အဆင်းလမ်းကြောင်းကို အရင်ကြည့်လိုက်ကြရအောင်"

ပြောပြောဆိုဆိုနှင့် အမေက ဦးဆောင်လျှက် ကန်စပ်ဆီသို့ ဆင်းကာသွားနေသည့်နောက်ကို လိုက်သွားကြရင်း ကန်ရေပြင်နှင့် ဆက်စပ်နေသည့် မြေပြင်ကမ်းစပ်ကိုကြည့်ကာ တစ်နေရာကို လက်ညှိုးထိုးပြလျှက် –

"ဟောဒါက ကန်ထဲကိုဆင်းသွားတဲ့ လိပ်ခြေရာကွဲ့။ ဟောဟိုရွှံ့ကြောင်းက ရေထဲက ကုန်းပေါ်တက်တဲ့ ဗိုက်တိုက်ရွှံ့ကြောင်းရာ"

အမေလက်ညှိုးထိုးပြသဖြင့် လိပ်များ ကန်ဆဲဆင်းသည့်ခြေရာ၊ ပြန်တက်သည့် ဗိုက်တိုက်ရာတို့ကို လိုက်လံကြည့်ရှုနေလိုက်စဉ် –

"ကဲ ... ငါ့သား လေးမောင်၊ ကန်ပတ်လည်ကို လိုက်ကြည့်ပြီး လိပ်အဆင်းအတက် ခြေရာကို မှတ်စမ်း"

"ဘယ်လိုမှတ်ရမှာလဲ အမေ"

"ကန်ထဲကိုဆင်းတဲ့ ခြေရာ ဘယ်နှခု၊ ကန်ထဲက ပြန်တက်တဲ့အရာ ဘယ်နှခုဆိုတာကိုလေကွယ်"

အမေပြောသည့်အတိုင်း ရေကန်ပတ်လည်ကို လိုက်ကြည့်မှတ်သားလိုက်ပြီး အမေ့ထံ ပြန်ရောက်ပြီး ပြောပြလိုက်သည်က –

"အမေ ... ရေကန်ထဲက ကုန်းပေါ်တက်တဲ့ ဗိုက်တိုက်ရာ ရှစ်ခု၊ ပြန်ဆင်းတဲ့အရာက ကိုးခုတွေ့တယ်"

"အေး ... ဒီလိုဆို ကန်ထဲမှာ လိပ်ရှိတယ်၊ သေချာပြီ"

အမေပြောလိုက်သည့် စကားကြောင့် ကျွန်တော်တို့သုံးဦး တစ်ဦးမျက်နှာတစ်ဦး ကြည့်လိုက်ကြရင်း အဖြေရှာကြည့်လိုက်ကြပေမဲ့ ဘယ်လိုဆိုသည်ကို မသိကြတာက အမှန်။ သို့အတွက် –

"ဘယ်လိုကြောင့် အခုလိုပြောနိုင်တာလဲ အမေ"

"ရှင်းရှင်းလေးပဲကွာ။ မင်းတို့စဉ်းစားကြည့်လေ။ ဆင်းတာက ကိုးခု၊ တက်တဲ့အရာက ရှစ်ခုဆိုတော့ ဒီလိပ်ဘယ်မှာရှိနိုင်မလဲ။ ကန်ထဲမှာဆိုတာ အသေအချာပေါ့။ မှတ်ဘူးလား"

"ဟုတ်တယ် သေချာတယ် အမေ"

ကျွန်တော့်စကားကြောင့် အမေက ပြုံးလိုက်ရင်း လက်တွင်ကိုင်ထားသည့် မိုန်းကို ကျော်ဝင်းအား ပြန်ပေးလိုက်ပြီး –

"အဲဒီနည်းက ကန်ထဲမှာ လိပ်ရှိ/မရှိ အရင်ဆုံးစဉ်းစားတဲ့ နည်းပဲ။ မှတ်ထားကြ။ ကန်ထဲမှာ လိပ်ရှိတာ



www.burmeseclassic.com

www.burmeseclassic.com

သေချာပြီဆိုရင် လိပ်ဘယ်နေရာမှာ ရှိမယ်ဆိုတာကို ဆက်ပြီး စဉ်းစားကြရမယ်ကွဲ့၊ ဟုတ်လား။ လိပ်ဆိုတဲ့ အကောင်မျိုးတွေဟာ ပေဒါပင်တို့၊ မြက်ပင်တို့ရှိတဲ့နေရာမှာ နေကြပြီး အစာစားကြတာလေ။ ဒါကြောင့် အဲဒီ အပင်တွေရှိတဲ့ဘက်ကို သွားကြည့်လိုက်ကြရအောင်''

ကန်ရေပြင်ထက်ဆီသို့ တစ်ထွာတစ်မိုက်မြင့်တက်ပြီး ထိုးထိုးထောင်ထောင်ဖြစ်နေသော မြက်ပင်များရှိရာဆီသို့ ကျွန်တော်တို့ သွားကာ လိုက်လံကြည့်နေလိုက်မိကြပေသည်။ အတန်ကြာကြာ စူးစိုက်ကြည့်နေကြစဉ် မြက်ပင်ရှည်တစ်ပင်က မူလငြိမ်သက်နေသည့် အနေအထားမှ ရှေ့သို့ ထိုးထွက်လာပြီး ရေထဲကို မြုပ်ဝင်သွားသည်ကို အားလုံး တွေ့လိုက်ကြရသည်။ ထိုစဉ် အမေဒေါ်စံမယ်က စကားမပြောဘဲ ထိုနေရာဆီကို လက်ညှိုးထိုးကာ လက်ဟန်ခြေဟန်နှင့် ပြနေသည်မို့ ကျော်ဝင်းက မှိန်းကို ဆုပ်ကိုင်လိုက်ပြီး ရေထဲသို့ အသာဆင်း၍ ထိုနေရာကို မှိန်းဖြင့် ထိုးချလိုက်ရာ 'ဒုတ်' ခနဲအသံကို ကြားလိုက်ရသည်နှင့်အတူ မှိန်းဖျားက လိပ်ကျောကုန်းကို ထိုးဖောက်ဝင်ခြင်းခံလိုက်ရသည့်လိပ်မှာ ရုန်းကန်လှုပ်ရှားသံများနှင့်အတူ မှိန်းဖျားတွင် လိပ်ကြီးတစ်ကောင် ယက်ကန်ယက်ကန်နှင့် ပါလာသည်ကို တွေ့မြင်လိုက်ကြရပေသည်။

လိပ်ကြီးမှာ ထမင်းစားပန်းကန်ပြားထက်ပင် အနည်းငယ်ပိုကြီးသည်နှင့်အညီ အလေးချိန်လည်း စီးသဖြင့် မနိုင်မနင်း မ,တင်ယူရသည်ကို အံ့သြဖွယ် တွေ့မြင်လိုက်ကြရပေသည်။

ထိုစဉ် အမေ ဒေါ်စံမယ်က –

''ကဲ ... ခုလိုအချိန်မျိုး လိပ်ရှာစားနည်း မင်းတို့ကို လက်တွေ့သင်ပေးပြီးပြီဆိုတော့ ပြန်လိုက်ကြရအောင်ကွယ်''

ကျော်ဝင်းက အပြန်လမ်းတွင် ပုဆိုးကို ကွင်းသိုင်းသွယ်လျက် လိပ်ကို ထည့်ပြီး ပြန်ခဲ့စဉ် ကျွန်တော်က အမေ့အား –

''အမေ ... အကယ်၍ လိပ်က ရေကန်ထဲမှာ မရှိဘူးလို့ဆိုရင် ဘယ်နေရာမှာ ရှာရမလဲဟင်''

''ရေကန်ထဲမှာ လိပ်မရှိရင် ကုန်းပေါ်က ကန်နဲ့နီးတဲ့ ချုံတောတွေထဲ ရှာရမှာပေါ့ကွယ်၊ ဟုတ်ဘူးလား''

ဆက်မမေးတော့၊ စခန်းချရာဆီသို့ လျှောက်လှမ်းခဲ့ကြပေတော့သည်။

xxx xxx xxx

''ဒိုင်း ...''

ကျွန်တော်တို့ စခန်းချရာ ပြန်ရောက်ပြီး လိပ်ကြီးကို တင်စီးလက်အပ်လိုက်ချိန် ခပ်လှမ်းလှမ်းဆီမှ သေနတ်ပစ်သံကို ကြားလိုက်ရသည့်အတွက် အဘကောင်းက –

''ယောင်ကြီး သေနတ်ယူပြီး တောပုန်းချောင်း ထွက်သွားတာပဲကွဲ့။ ကျီကိုပစ်လိုက်တာများလား မသိဘူး''

အထိုက်အလျောက် ပင်ပန်းလာကြသည်မို့ ကျွန်တော်တို့ အဖန်ရည်သောက်ကာ နားနေလိုက်စဉ် မျောက်သေတစ်ကောင်ကို ထမ်းပြန်လာသည့် ယောင်ကြီးကို တွေ့လိုက်ကြရပေသည်။ သူထမ်းလာသည့် မျောက်က မျောက်မြီးရှည်အမျိုးအစား။ အမေဒေါ်စံမယ်က

''မျောက်မြီးရှည်ကွဲ့၊ ချေးခါးက ဆေးဖက်ဝင်တယ်နော်၊ ချေးခါးထုတ်တတ်ကြတယ်မို့လား''

ထိုကဲ့သို့ ပြောလိုက်သည့်အတွက် အဘကောင်းက –

''ကျွန်တော်တို့ တွေ့ဖူးတာကတော့ အူထဲမှာရှိတဲ့ အစာဟောင်း။ အစာသစ်ကို ရေနွေးနဲ့စိမ်လိုက်ပြီး ကြက်သွန်နဲ့ ဆီသတ်ပြီး ဟင်းချက်တဲ့အထဲ ရောချက်ပြီး စားကြတယ်လို့ ပြောတယ်။ ကျွန်တော်တို့ကတော့ ရွံလို့ မစားဘူး အမေ''

အဘကောင်းက မျောက်ချေးခါးလုပ်ပုံကို သူတွေ့ကြုံဖူးသည်ကို ပြောပြလိုက်တော့ –

''မှားတယ်ကွဲ့။ ငါလည်း အဲဒီလို ထင်နေတာ။ နင်တို့အဘ ကိုစံမောင်က အဲဒီလို လုပ်ကျွေးရင် သိပ်စိတ်ဆိုးတယ်။ ဒါကြောင့် သူပြောတဲ့အတိုင်း ငါက လုပ်ပေးရတယ်လေကွယ်''

''ဟုတ်လား အမေ၊ ဘယ်လို မျောက်ချေးခါးထုတ်ရတယ်ဆိုတဲ့နည်းကလေး သင်ပေးပါဦး အမေရဲ့''

''ဒီလိုကွဲ့။ ပစ်လို့ရတဲ့ မျောက်ကို အရေချ၊ ဝမ်းကိုခွဲ၊ အူခွေကိုထုတ်လိုက်ပြီး နေရောင်မှာ အူကို ဆန့်ကြည့်လိုက်တော့ အစာဟောင်း၊ အစာသစ်နေရာကို တွေ့မယ်ကွဲ့။ အစာဟောင်းက မည်းနေတယ်။ မစင်အဖြစ် စွန့်ပစ်ရတဲ့ဟာတွေ(ချေးတွေ)ပေါ့ကွယ်။

အစာသစ်ဆိုတာက ... လည်ချောင်းဝက တစ်ထွာတစ်မိုက်လောက်မှာရှိတဲ့ အစာသစ်က စိမ်းနေတယ်လေကွယ်၊ အဲဒီအစာသစ်/အစာဟောင်းနေရာကို ပိုင်းခြားသတ်မှတ်ပြီး အစာသစ်ကို စောစောကပြောတဲ့အတိုင်း အမွှေးနံ့သာတွေနဲ့ရောပြီး ဆီသတ်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com

ဟာ မျောက်ချေးခါး ဆိုတာပဲလေကွယ်။ ဒီနေရာမှာ မင်းတို့ကို ဗဟုသုတအဖြစ် ပြောရဦးမယ်"

"ဟုတ်ကဲ့ အမေ၊ ပြောပြပါဦး"

"ချေးခါး ထုတ်စားလို့ရတဲ့ အကောင်တွေ တော်တော်များပါတယ်။ အချို့ဆိုရင် ရှဉ့်လိုအကောင်ကိုတောင် ချေးခါးထုတ်စားကြတယ်ကွယ့်။ ဒါပေမဲ့ လူတွေ ကျန်းမာရေးကို အကျိုးပြုတာကတော့ မျောက်ညိုတစ်မျိုးပဲကွဲ့။ သွေးကလည်း ခွန်အားဖြစ်စေသလို ချေးခါးကလည်း ငှက်ဖျားပျောက်စေတယ်လေကွယ်"

"ဒီလိုဆိုရင် ခုပစ်လာတဲ့ မျောက်မြီးရှည်ကရော ဘာကောင်းသလဲဟင်"

"အနံ့မွှေးတာကလွဲပြီး အခြားသိပ်တော့မကောင်းပါဘူး။ မင်းတို့ အချိန်လေးရပါသေးတယ်။ ခဏနေကြဦး။ ထွက်ဖို့အချိန်တန်ရင် ငါပြောမယ်။ ငါပြန်တော့မယ်"

ပြောပြောဆိုဆို အမေဒေါ်စံမယ်သူ့ခြံရှိရာဆီသို့ ပြန်သွားပေတော့သည်ကို တွေ့လိုက်ရပေသည်။ ညနေစာအတွက် လိပ်သားဟင်းနှင့် ထမင်းကို ပို့ပေးလိုက်ပေသည်။

xxx xxx xxx

"အူးဝါးဝါး ... အူးဝါးဝါး"

ကျေးငှက်တို့ အိပ်တန်းထ တွန်ကျူးသံများကြားမှ ကြောက်မက်ဖွယ် ငှက်ဆိုးအော်သံကြီးကို ကြားလိုက်ကြရသည်။ အောင်ဝါငှက်ကြီးတစ်ကောင်၏ အော်ဟစ်သံကိုပင်။ ဘယ်သဘောကိုဆောင်သည်တော့ဖြင့် မသိ။ ကျွန်တော်တို့အဖွဲ့အနေဖြင့် ထိုငှက်အော်သံမျိုးကို ကြားရလေတိုင်း တစ်စုံတစ်ရာသော အန္တရာယ်မျိုးတစ်ခုခုဖြင့် တိုးခဲ့ကြရသည်က အတွေ့အကြုံအရ မှန်သည်ဟု ယူဆရမလိုပင် ဖြစ်ပေသည်။ ယခုလည်း တစ်ကောင်ပင်ပစ်လို့မရသေး။ မျောက်တစ်ကောင်ကိုသာ ဟင်းစားရသေးသည်။ လိပ်ကတော့ အမေရှာပေးသဖြင့် ရလိုက်ခြင်းပင်။

ကျွန်တော်တို့ အိပ်ရာမှ ထလိုက်ကြပြီး မျက်နှာသစ်၊ အဖန်ရည်နှင့်ဗိုက်ဖြည့်စားနေလိုက်စဉ် အစ်ကိုကြီးဦးသိန်းလွင်မှ –

"ပစ်လို့ခတ်လို့ မရတဲ့ကြား စောစောစီးစီး ငှက်ဆိုးက ထိုးသွားပြန်ပြီ"

မကျေမချမ်းနှင့် ပြောလိုက်သည်။ ကျွန်တော်က ဘာမှပြန်မပြောသော်လည်း အဘကောင်းက –

"စိတ်ထဲ သိပ်မထားပါနဲ့ကွာ။ ဖြစ်လာတော့လည်း ရင်ဆိုင်ကြရတာပေါ့။ တောဆိုတာက နေရာတကာတိုင်း တစ်သမတ်တည်း မဟုတ်ဘူး။ သူ့နေရာနဲ့သူ၊ သူ့အပိုင်စားနဲ့သူ။ ဒီနေရာထက်ဆိုးတဲ့ ပသီမောင်နှမပိုင်တဲ့ နယ်မြေဆို ပိုဆိုးတာပေါ့ကွာ"

"ဒါနဲ့ တင်စိုး .. မင်းဆီကို စောစောစီးစီး ဝါးခုတ်သမား ဘာလာလုပ်တာလဲ"

အစ်ကိုကြီး ဦးသိန်းလွင်က တင်စိုးကို လှမ်းမေးလိုက်သည့်အတွက်

"မဆယ်ကုန်း ဝါးတောထဲကိုပြောင်အုပ်ရောက်နေလို့ လာခေါ်ကြတာပါ"

တင်စိုးဖြေလိုက်သည့် စကားကြောင့် အဘကောင်းက မော့ကြည့်လိုက်ပြီး –

"မဆယ်ကုန်းရွာ နောက်ကျောဝါးတောပဲ ဖြစ်မယ်နဲ့တူတယ်"

"ဟုတ်တယ် အဘကောင်း။ ဟန်ထွန်းတို့ရွာ နောက်ကျောပဲ"

"မင်း ဘာပြန်ပြောလိုက်သေးလဲ"

"အမေဒေါ်စံမယ်က မထွက်ကြနဲ့ဦးဆိုလို့ လူကြီးတွေမေးပြီး အကြောင်းပြန်မယ်လို့ ပြောလိုက်တယ် အဘ"

"ဒီလိုဆို ကိုသိန်းလွင် သွားမေးကွာ။ ခရီးက နီးပါတယ်။ သွားကြရအောင်"

အစ်ကိုကြီးဦးသိန်းလွင်က ယောင်ကြီးကိုခေါ်ကာ ထွက်သွားသည်။ အတန်ကြာတော့ ပြန်ရောက်လာပြီး ကျွန်တော်တို့ ပြောင်ပစ်ခရီးကို စတင်လိုက်ကြပေသည်။

ဖောင်ကြီးတာဆုံမှ တောင်ကျချောင်း သဲသောင်ပြင်အတိုင်း ချောင်းကို ကျောပေးဆောက်ထားကြသည့် ရွာကလေး သုံးရွာကို ကျော်ကာ ရိုးမကြီးအတွင်းပိုင်း တိုးဝင်သွားလိုက်တော့ 'မဆယ်ကုန်းရွာ'ကလေးဆီ ရောက်လာသည်။ ရွာခံမုဆိုး ကိုဟန်ထွန်းအိမ်မှ နောက်ကျောပြောင်အုပ်ရှိရာ ဝါးတောကြီးအတွင်း တိုးဝင်လိုက်ကြသည်။

ကျွန်တော်တို့ ရှစ်ဦး လှည်းလမ်းကြောင်းအတိုင်း တိုးဝင်လိုက်ကြသည့် အချိန်သည် နေထန်းတစ်ဖျားသို့ ရောက်လုပေပြီ။ နွေကာလမို့ ရွက်ဝါတို့ကို ခြွေချထားသော ရိုးတံကျဲကျဲနှင့် သစ်ပင်ကြီးများအကြားမှ တောင်တန်းတောင်သွယ်တို့ကို လှမ်းမြင်တွေ့နေသည်။ ဦးတည်ရာ ဝါးတောကြီးကို လှမ်းမြင်တွေ့နေရပေပြီဖြစ်သလို ဝါးရုံတောကြီးအတွင်း အစာကောက်နေကြသည့် တောကြက်ဖယ်တို့ တွန်ကျူးသံကို ကြားနေရသည်။ တဗိုးဗိုးပျံသန်းကာ အုပ်လိုက်ဝင်သွားကြသည့် အောင်



www.burmeseclassic.com

www.burmeseclassic.com

ငှက်အုပ်ကို တွေ့နေရသလို ကြက်တူရွေးအုပ်ကြီးကိုလည်း မြင်လိုက်ရသည်။

မဆယ်ကုန်းရွာမှထွက်ပြီး ငါးဖာလုံခန့်ရောက်သောအခါ တောင်ခြပန်း ခင်ကြောအပြတ်ဆီ ရောက်လာကြသည်။ အင်တိုင်းဆန်သော တောအစမှ ထိုနေရာမှစပြီး ခြေရာကို လိုက်ကြည့်ခဲ့ရာ တစ်နေရာတွင် ပြောင်ချေးလတ်လတ်ဆတ်ဆတ်နှင့် ပြောင်ခြေရာများကို တွေ့လိုက်ကြရသည်။ ခြေရာတို့က အရွယ်ညီခြေရာများ ဖြစ်သလို တစ်ကောင့်ခြေရာနောက် တစ်ကောင်က ထပ်နင်းထားပြီး၊ ခြေရာခံမုဆိုးတို့ကို လှည့်စားထားသလိုမျိုးနှင့် ဉာဏ်များပြီး ပါးနပ်သည့် ပြောင်အုပ်ဖြစ်ဖို့များသည်။

အဘကောင်းက ● ၃၇၅ မဂ္ဂနမ် ရိုင်ဖယ်ကို ကိုင်လျက်၊ အစ်ကိုကြီး ဦးသိန်းလွင်က သူ၏လက်စွဲတော် ● ၁၃ ၁၃ ရိုင်ဖယ်တို့၊ ကျွန်တော်က နှစ်လုံးပြူး (၃၂ လက်မစိဖုံး) ကိုင်ဆောင်ပြီး သူတို့ငါးဦးက တူမီးသေနတ်များ ကိုယ်စီကိုင်လျက် တစ်ဦးနှင့်တစ်ဦး သုံးကိုက်အကွာ လူဖြန့်ပြီး ခြေရာကို ကောက်ကာ ဝါးတောကြီးဘက် လျှောက်လှမ်းနေကြခြင်းပင်။

ခြေရာကောက်ကာ လိုက်နေရသော်လည်း မျက်လုံးတို့က ဝန်းကျင်ကို ဝေ့ဝဲကာ ကြည့်နေရသေးသည်။ သူတို့ကလည်း ကျွန်တော်တို့နှင့်တွဲကာ လိုက်ပါလာကြသည်ဟု မထင်ရလောက်အောင် ခြေသံက လုံကြသည်။

ပြောင်တို့ စိုင်တို့ ဆိုသည့် အုပ်တွေကို လိုက်ကြရသည်ဆိုသည်က အဆင်မသင့်က ရောက်သည့်နေရာတွင် စားကာ၊ လုံခြုံရာရှာအိပ်ပြီး လိုက်ကြရသည်မို့ သုံးလေးရက်ပင်ကြာတတ်သည်။ အဆင်သင့်ပါကလည်း ပက်ပင်းတိုးကာ တွေ့တတ်ကြသည်။ ယခုလည်း ကျွန်တော်တို့ ဝါးတောကြီးဝင်ခါစရှိသေး တန်းတိုးကြသည့်အဖြစ်က ဆန်းတော့ အဆန်းသား။ မနက်က ငှက်ဆိုးထိုးသံ ကြားလိုက်ရသည်က ကံကောင်းခြင်းနှင့် ကံဆိုးခြင်း ဘယ်ဘက်ကို အလေးသာမည်က မသိသေး။

ပြောင်အုပ်၏ ခြေရာကို ကြည့်ရခြင်းအားဖြင့် အရွယ်ညီ ပြောင်အုပ်ဖြစ်ပေမည်ဟု ခန့်မှန်းလို့ရသည်။ ခြေရာပုံစံက သိပ်မကွာလှ။ သို့ဆိုလျှင် သဘာဝအရ သွားသွားစားစား လုပ်နေကြမည့်ပုံစံ။ နားနှင့် မျက်စိကိုလည်း ဖွင့်ကာ စွင့်ကာ နေမည့်အသွင်။ အားကောင်းမောင်းသန်မျိုးမို့ သူတို့ကို ကိုယ်က အရင်တွေ့ပြီး ဦးအောင်ပစ်နိုင်မှ ရမည့်အနေမျိုး။ ထိုအကောင်မျိုးက နားကောင်၊ စားကောင်၊ ကင်းကောင် တွေလည်း ထားကြသည်။

ရှေ့မှသွားနေသည့် အဘကောင်းက နောက်ကိုလှည့်ပြီး လူဖြန့်တက်ရန် အချက်ပြလိုက်သည်မို့ ကျွန်တော်တို့ နှစ်ဖွဲ့ခွဲလိုက်ပြီး အသာ ရှေ့ကိုလှမ်းလိုက်ကြပေသည်။ ဝါးရုံတောကြီးကား ကြီးမားကျယ်ပြန့်သလို ဝါးပိုးဝါးရုံများနှင့် ကြသောင်းဝါးရုံများသည် အတန်လှမ်းလှမ်း ခုနစ်ဖာလုံခန့် ရောက်တော့ ရှေ့တွင် ခင်ကျောဟိုမှာဘက်ဆီမှ ငှက်ဝါးယောင်တစ်အုပ် အော်သံတို့အကြားမှ ချေဟောက်သံ ကြားလိုက်ရသလို ဝါးရွက်ခြောက်တို့အပေါ် နင်းလျက် ပြေးလွှားသွားသည့် အသံကိုလည်း ကြားလိုက်ရသည်။

ထိုအချိန်မှာပင် 'ကိခနဲ' 'ကိခနဲ' အော်မြည်သံများနှင့်အတူ 'ဝုံး ဝေါ' ခနဲ အော်မြည်ပျံပြေးလိုက်ကြသည့် ကြက်တူရွေးအုပ် ဘပုံသန်းပြေးထွက်သွားကြသည့် အသံကြီးကြောင့် ကျွန်တော့်နှလုံးသားတို့ ဒိန်းခနဲ ခုန်ကာ ကြက်သီးမွေးညင်းထပြီး အသံကြားလိုက်ရာဆီသို့ သေနတ်ဖြင့် လှမ်းချိန်ရွယ်လိုက်မိသည်။ မပစ်လိုက်မိသည်ကပင် တော်သေးရဲ့။ အစ်ကိုကြီး ဦးသိန်းလွင်နှင့် ရွာခံမုဆိုးတို့က ကျွန်တော့်အဖြစ်ကို ကြည့်ကာ ပြုံးနေကြသည်။

စိတ်ကို ပြန်ထိန်းကာ ရှေ့ကို လျှောက်လှမ်းလိုက်ပေမဲ့ ဝါးတောကြီးက မာယာများနေသည်လားတော့ဖြင့် မသိ။ တိတ်ဆိတ်နေသည်။ သို့ရာတွင် ကျွန်တော့်မှာ ချွေးပြန်ကာနေသဖြင့် နဖူးမှ ချွေးတို့ကို လက်နှင့်သပ်ချလိုက်ပြီး ဝန်းကျင်ကိုကြည့်လိုက်ရာ အပင်မဖြစ်ခင် အစို့အညှောက်(မျှစ်)အသွင်ရှိသော အပင်ပေါက်တို့မှာ ကိုက်ဖဲ့စားသောက်သွားခြင်း ခံလိုက်ရသည့်အတွက် စားပြီးသား အကြွင်းအကျန်လတ်လတ်ဆတ်ဆတ်တို့ကို မြင်တွေ့လိုက်ရသည်။

အတူယှဉ်တွဲ လျှောက်လှမ်းနေသည့် အစ်ကိုကြီး ဦးသိန်းလွင်က ရပ်တန့်ကာ သူ့အနီးလာရန် အချက်ပြလိုက်သည့်အတွက် သွားကာ အနီးရောက်တော့ ရှေ့ကိုလက်ညှိုးထိုးပြနေသဖြင့် အသာကပ်ပြီး ကြည့်လိုက်မိသည်။ တော်နေသေးသည်က ကျွန်တော်တို့က လေအောက်မှဖြစ်သဖြင့် အနံ့မရခြင်းက ကုသိုလ်ကံတရားက ကိုယ့်ဘက်ပါနေခြင်းဟု ပြောရမလိုပင်။ ထိုအချိန်မှာပင် လေပြင်းတိုက်ခတ်လိုက်မှုကြောင့် ဝါးရုံကိုင်းတို့ကလည်း



www.burmeseclassic.com

www.burmeseclassic.com

လှုပ်လှုပ်ရှားရှား ယိမ်းထိုးနေကြသည်။

ကျွန်တော်တို့အဖွဲ့သား လေးဦးလုံး ရှေ့မြင်ကွင်းကို လှမ်းကြည့်လိုက်မိချိန် –

"ဒိုင်း ... ဒိုင်း"

ခပ်လှမ်းလှမ်း အဘကောင်းတို့ဘက်ဆီမှ ဆင့်ကာပစ်ခတ်လိုက်သည့် သေနတ်သံနှစ်ချက်ကို ကြားလိုက်ရသည်။ ပဲ့တင်သံ မကြားလိုက်ရ။ တောတိုးပြေးလွှားသံကို ကြားလိုက်ရပြီးနောက်ထပ် –

"ဒိန်း ... ဒိုင်း ... ဒိန်း"

သေနတ်သံ သုံးချက် ဆင့်ပစ်သံကို ကြားလိုက်ရပြန်သည်။ သေနတ်သံအရ အဘကောင်း ပစ်လိုက်သလို တူမီးကို သေနတ်သမားတို့ ပစ်လိုက်သံဟု စဉ်းစားလိုက်ချိန် နောက်ကျောဘက်ဆီမှ ဝေါခနဲအသံ ကြားလိုက်ရသဖြင့် လျှပ်တစ်ပြက် လှည့်ကြည့်လိုက်စဉ် မည်းမည်းအကောင်ကြီးတို့က ပြေးထွက်လာသည်။ မြန်ချက်ကလေးမှ လွှတ်လိုက်သည့် မြားသဖွယ် ပြေးဝင်လာကြသည်က မီးရထားခေါင်းတွဲကြီးများပမာ ပြောင်တို့ပင်။ သို့အတွက် လိုမ့်ပတ်ရှောင်လိုက်စဉ် ဘေးခြမ်းနှင့်တိုက်မိကာ အရှိန်နှင့်ပြေးဆောင့်ခံလိုက်ရခြင်းက မေ့မြောသတိလစ်သွားသည့်အဆင့်ရောက်သည့်တိုင်အောင်ပင်။

မည်မျှကြာသွားသည်တော့ဖြင့် မသိ။ သတိရလို့ မျက်စိအစုံကို ဖွင့်ကြည့်လိုက်ချိန် နှာခေါင်းအတွင်း ယမ်းနံ့များအပြင် သွေးညှီနံ့များကို ရလိုက်သည်။ မြင်ကွင်းတွင် ကျွန်တော့်ကို ဖေးမပွေ့ထူထားသည့် အဘကောင်း။ တောင်စွန်းဖက်တို့ကို ထပ်ပြီး ယပ်ခပ်ပေးနေကြသည့် ရွာခံမုဆိုးများကို တွေ့မြင်လိုက်ရသည်။

"ဘိုလေး ... ရုတ်တရက် မထလိုက်နဲ့ဦးနော်"

အစ်ကိုကြီးဦးသိန်းလွင်က ပြောလိုက်ရင်း ရေဘူးကို ထုတ်ပေးသည်။ ကျွန်တော်သောက်လိုက်တော့ လယ်ချောင်းအတွင်း ပူလောင်ရှတစ္စာ ဝမ်းထဲဝင်သွားပြီး သွေးဆူကာ နာကြင်မှုကို အနည်းငယ် သက်သာစေသည်။

သူတို့ တွဲထူဖေးမ ကူညီမှုကြောင့် ထရပ်လိုက်သည့်အချိန် ခပ်လှမ်းလှမ်းတွင် မြေပြင်ထက် သေနတ်ဒဏ်ရာများနှင့် ဘေးတိုက်လဲကျကာ သွေးအိုင်အတွင်း သေဆုံးနေသည့် ပြောင်ကြီးနှစ်ကောင်ကို တွေ့မြင်လိုက်ရသည်။ အန္တရာယ်မဖြစ်နိုင်ဟူသော ထင်ကြေးနှင့် ပေါ့ပေါ့တန်တန် သဘောထားလိုက်မိသည့် ကျွန်တော်အမှားကြောင့် မသေကောင်းမပျောက်ကောင်း ရလဒ်ပင်။

"တော်သေးတာပေါ့။ ဘေးခြမ်းနဲ့ ပွတ်မိလို့။ ဦးချိုမှာ တန်းလန်းဖြစ်မသွားတာ တော်သေးရဲ့"

အဘကောင်းပြောလိုက်သည့် စကားကြောင့် ကျွန်တော်က –

"ဘယ်လိုဖြစ်ကုန်တာလဲ အဘကောင်းရဲ့။ ပြောပါဦး"

"ပြောင်အုပ်က နှစ်အုပ်ခွဲပြီး ဝါးတောကြီးထဲ ငြိမ်နေကြတာကွ။ ကင်းကောင်တွေက အယောင်ပြတဲ့တက် ငါတို့က လိုက်ပစ်တုန်း ငြိမ်နေတဲ့အုပ်ကမင်းတို့ကို ရုတ်တရက်ပြေးပြီး တိုက်ခိုက်ကလဲ့စားချေကြတာပဲကွ။ ဒီမှာတင်နှစ်ကောင် အသက်ပျောက်ကျန်ခဲ့ပေမဲ့ ဒဏ်ရာနဲ့ လိုက်ယူရမယ့်အကောင်က နှစ်ကောင်လောက် လိုက်ယူကြရဦးမယ်။ ကိုသိန်းလွင်နဲ့ ဟန်ထွန်းက ရွာဆီကို သွားလိုက်ကြကွာ။ ထုံးစံအတိုင်း အဲဒီနှစ်ကောင်အတွက် ရတဲ့ငွေကို အဘဦးစံမောင် ဆေးဖိုးဝါးခအတွက် ငါတို့အဖွဲ့ လှူလိုက်ကြရအောင်။ ကဲ .. သွားလိုက်ကြ"

အစ်ကိုကြီးနှင့် ဟန်ထွန်းတို့နှစ်ဦး ရွာဘက်ကို ပြန်ခဲ့ကြသလို ကျွန်တော်တို့အဖွဲ့ကလည်း ဒဏ်ရာရပြောင်တွေနောက် လိုက်ကြရန်အတွက် လူစုခွဲကာ ထွက်ခဲ့ကြပေတော့သည်။

××× ××× ×××

နှစ်ဆန်း ၁ ရက်နေ့မှ မပြန်လို့ မဖြစ်။ ခွင့်ရက်ကုန်သဖြင့် ပြန်ခဲ့ကြရာ ကားပေါ်တွင် အမေဒေါ်စံမယ်လည်း လိုက်ပါလာခဲ့ပြီး ကလီထော်ကျေးရွာတွင် ရောက်ရှိနေသည့် အဘဦးစံမောင်အား ဝင်ရောက်နှုတ်ဆက်ကာ ပြန်ခဲ့ကြသည့် ခရီးတွင် အစ်ကိုကြီးဦးသိန်းလွင်က –

"ခုလို နေ့ကြီးရက်ကြီးမှာ ငါတို့က သေနတ်ကိုင်ပြီး သူများအသက်တွေ လိုက်သတ်နေကြတယ်လို့ ထင်ကြမယ်။ ငါတို့အဖွဲ့ ဒီနေ့ တကယ်လိုအပ်နေတဲ့ အဘနဲ့ အမေတို့ကို လှူလိုက်ရတဲ့ ငွေကြေးအတွက် ဝမ်းသာကျေနပ်တယ်ကွာ၊ တကယ်ပါပဲ"

နှစ်လိုအားရစွာ ပြောနေသည့် သူ့မျက်နှာကို ကျွန်တော်တို့နှစ်ဦး ကြည့်ရင်း ပြုံးနေလိုက်မိသည်။ ကားမောင်းနေသည့် အဘကောင်းက ဂီယာချိန်း၊ စက်ရှိန်ကို မြှင့်ကာ ရန်ကုန်ဘက်ကို ချိုးကွေ့ဦးတည်လိုက်ပေသည်။

ဖေလှမောင်



www.burmeseclassic.com

www.burmeseclassic.com

# တောရိုင်းဝက်ထီးမှဆိုးများအား 'MacRitchie' ဆည်အနီး၌ တွေ့ရစဉ်



တနင်္လာနေ့က "မက်ရီချီ" ဆည်အနီးဝန်းကျင်သို့ ရောက်နေခဲ့သည့် မုဆိုးတစ်ဦး၊ ပိုလျှံတောရိုင်းဝက်ထီး များကို သုတ်သင်ရန် ရဲဌာနက မုဆိုးများအား လက်နက်သုံးခွင့်ပြုသည်။

စင်ကာပူကျွန်းနိုင်ငံ ကလပ် (SICC) တွင် လိုင်စင်ရမုဆိုးများအာ ပိုလျှံတောရိုင်းဝက်ထီးများကို သုတ်သင်ရန် စေ့စပ်ညှိနှိုင်းထားသည်။ အမဲလိုက်ရင်း ပင်ပန်းနွမ်းလျနေသော မုဆိုးတစ်ဦးသည် တနင်္လာနေ့က "မက်ရီချီ" Macritchie ဆည်အနီးဝန်းကျင်၌ အပြေးသမားတစ်ဦးကြောင့် တုန်လှုပ်ချောက်ချားသွားခဲ့သည်။ မုဆိုးက သူသည် အဖွဲ့ဝင် ခုနစ်ဦးပါသောအဖွဲ့မှ တစ်ဦးဖြစ်ကြောင်း၊ ၎င်းအား "ဘားနပ်" ဟုသာသိစေလိုသူ စီးပွားရေးလုပ်ကိုင် သူတစ်ဦးဖြစ်သော အပြေးသမားအား ပြောပြလိုက်သည်။

ပိုလျှံကောင်ရေ တောရိုင်းဝက်ထီးများနှင့် မျောက်များကို သုတ်သင်ရန် 'SICC' တွင် မုဆိုးအဖွဲ့များသည် သေနတ်ကို အသုံးပြုကြောင်း ရဲတပ်ဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ်က ယမန်နေ့က အတည်ပြုပြော ကြားလိုက်သည်။ မုဆိုးများသည် သုတ်သင်ရှင်းလင်းလုပ်ကိုင်မှု မစတင်မီ ရဲဌာနသို့ အကြောင်းကြားရန် လိုအပ်ကြောင်း၊ လက်တွေ့လုပ်ငန်းလုပ်ကိုင်စဉ်မှာလည်း လုံခြုံရေးညွှန်ကြားချက်များကို လိုက်နာရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။ လိုင်စင်ရမုဆိုးများသည်သာလျှင် သူ၏လိုင်စင်သေနတ်များကို ရဲဌာန၏ အတည်ပြုချက်ဖြင့် လက်နက်တိုက်များတွင် သိမ်းဆည်းခွင့်ရှိကြပြီး ယင်းလက်နက်များကို နေအိမ်သို့ ယူဆောင်ခွင့်မပြုကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။

လက်နက်များကို အတည်ပြုသတ်မှတ်ထားသော လက်နက်တိုက်မှ ရှင်းလင်းသုတ်သင်ရေးအတွက် ထုတ်ယူခွင့်ပြုသွားမည်ဖြစ်ပြီး၊ လုပ်ငန်းဆောင်ရွက်မှုပြီးစီးတိုင်း သက်ဆိုင်သည့် လက်နက်တိုက်သို့ ပြန်လည်အပ်နှံ သိမ်းဆည်းသွားကြရမည်ဖြစ်သည်။ ယမန်နေ့က SICC နှင့် ဆက်သွယ်ရန် ကြိုးစားခဲ့ရာ မအောင်မြင်ခဲ့ပေ။


**လေးဝတီကျော်**

***Ref:*** ***The Straits Times***
***Thursday, November 7, 2013***



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကိုရိုက် တကယ်တော့ မုဆိုးမဟုတ် သားသတ်သမားသာ ဖြစ်ချေ၏



လင်းမြင့်လှိုင်နှင့် ကျွန်တော်သည် အမဲကြီးပစ်လိုသည့်ကြောင့် ချင်းပြည်နယ်၊ မင်းတပ်အပိုင်၊ ပလုံတို့ကျေးရွာသို့ သွားကြသည်တွင် ကျွန်တော်တို့ကို ဦးဆောင်ပေါ်ခဲ့သူမှာ ကိုစိုးစံ ဖြစ်ချေ၏။

"ဆရာပိုက်တို့ နွားနောက်ပစ်လိုလျှင် ကျုပ်ခေါ်သွားချေမယ်။ ချင်းပြည်နယ်၊ ပလုံတို့ရွာလေးနားမယ် နွားနောက်တွ ပေါတယ်ဗျ။ ကျွန်တော် အဲဒီကို ရောက်ဖူးတယ်။ ဒေသခံမုဆိုးတွေနဲ့လည်း ကောင်းကောင်းသိတယ်"

သို့ ကိုစိုးစံက ပြောလေသည့်ကြောင့် လင်းမြင့်လှိုင်နှင့် ကျွန်တော်သည်လည်း ချင်းပြည်နယ်သို့ ရောက်ဖူးလိုခြင်းကြောင့် ကိုစိုးစံ ဦးဆောင်မှုဖြင့် လာခဲ့ကြခြင်းဖြစ်၏။

တကယ်တော့ ပလုံတို့ကျေးရွာလေးသည် မင်းတပ်မြို့ အရှေ့အမျှားဟု ခေါ်ရမည်။ မကွေးတိုင်း၊ ထီးလင်းမြို့နယ်မှသွားလျှင် ပိုအဆင်ပြေသည်ဖြစ်သည့်ကြောင့် လင်းမြင့်လှိုင်၏ ပါဂျဲရိုးဖြင့် ပခုက္ကူသို့ လာကြ၏။ သို့မှ ထီးလင်း၊ ထီးလင်းမှ တလင်းသို့အရောက်သွားကြလေပြီး ကိုစိုးစံ၏ မိတ်ဆွေများဖြစ်ကြသည့် မြောက်ပိုင်းရှိ ကိုဟန်စိုး၊ မအေးတို့အိမ်တွင် တစ်ညတာ တည်းခိုလိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကိုဟန်စိုးနဲ့ ကျွန်တော့်ကို ပလုံတွီက ဆရာတော်လေး ဦးဓနက မိတ်ဆက်ပေးထားတာမို့ ဆရာတော်လေး မျက်နှာနဲ့ ဘာမှ အားနာစရာမလိုဘူးလေ"

သို့ ကိုစိုးစံက ပြောခဲ့သလို ...

"ကျုပ်တို့ ယောသူ၊ ယောသားတွေက ခင်မင်တတ်ပါတယ်ဗျာ။ ဘာမှ အားနာစရာမရှိဘူး ... ဟုတ်လား"

သို့ အိမ်ရှင် ကိုဟန်စိုးကလည်း ပြောလာသလို၊ ၎င်း၏ဇနီးသည်ဖြစ်သည့် မအေးကလည်း ရောက်ရောက်ချင်းဆိုသလို ဒေသထွက် အစားအစာများဖြစ်သည့် မုန့်ခေါက်ချိုဖြင့် ဧည့်ခံလေ၏။ လွန်မင်းစွာ စားကောင်းလှချေ၏။

မုန့်ခေါက်ချိုဆိုသည်မှာ ကောက်ညှင်းဆန်ကို မုန့်နှစ်လုပ်ထားပြီး၊ အပြားလိုက် ကြော်ထားလေပြီး မြေပဲဆန် ပေါက်ခြမ်းကွဲနှင့် ထန်းလျက်ကို ခြေ၍ အစာသွပ်ကာ မုန့်ပြားလေးကို ခေါက်မုန့်ကဲ့သို့ ခေါက်ထားခြင်းဖြစ်၏။

မအေး ဧည့်ခံကျွေးမွေးသော မုန့်ခေါက်ချိုသည် စားကောင်းလွန်းသည်ဖြစ်၍ ကျွန်တော်လည်း မြေပဲဆန်ကြော်ကိုလည်း မတို့မထိ၊ ခေါက်ဆွဲကြော်ကိုလည်း မစား၊ အဖန်ရည်သောက်လိုက်၊ မုန့်ခေါက်ချိုစားလိုက်ဖြင့် ဝီစကီသောက်ရန်ပင် မေ့နေတော့၏။

မုန့်ခေါက်ချို အစားများသွားလေသည်ကြောင့် ထိုညနေပိုင်းတွင် ဝီစကီပင် မသောက်ဖြစ်တော့ချေ။ ဟင်းလျာအမည်စုံဖြင့် ထမင်းပွဲတွင်လည်း တို့ကနန်း ဆိတ်ကနန်းသာ စားဖြစ်နေ၏။

"သည်လိုမှန်းသိ မုန့်ခေါက်ချို မကျွေးပါဘူးတော်"

မအေးက သို့ဆိုလေသဖြင့် –

"ဒေသလုပ် မုန့်ခေါက်ချိုက စားရခဲတာဗျ။ ကျေးဇူးအများကြီးတင်ပါတယ်"

ကျွန်တော်တို့အပေါ် ကိုဟန်စိုးတို့မိသားစုသည် ဧည့်ဝတ်ကျေပွန်လှချေ၏။ နောက်တစ်နေ့ နံနက်တွင် ကျွန်တော်တို့သည် တလင်းမှနေ၍ ပလုံတွီသို့ ဆိုင်ကယ်များဖြင့် ခရီးဆက်ကြရ၏။

ပလုံတွီသို့ ကားဖြင့်သွား၍ မဖြစ်လေသည်ကြောင့် လင်းမြင့်လှိုင်၏ ကားကို ကိုဟန်စိုးတို့အိမ်ခြံဝင်းတွင်း ထားခဲ့ကာ မော်တော်ဆိုင်ကယ်ဖြင့် ပလုံတွီသို့ ခရီးဆက်ခဲ့ကြ၏။

ကျွန်တော်တို့ကို ဦးဆောင်ခေါ်ခဲ့သော ကိုစိုးစံသည် ပလုံတွီရွာသားများနှင့် ရင်းနှီးပြီးသူ ဖြစ်လေခြင်းကြောင့် ခရီးစဉ်သည် ချောချောမောမောဖြစ်ချေ၏။

ပလုံတွီကျေးရွာလေးသို့ ရောက်သည်တွင် ကိုစိုးစံက ကျွန်တော့်ကို ဆရာတော်လေး ဦးဓနနှင့် မိတ်ဆက်ပေးလေ၏။

ဆရာတော်လေး ဦးဓနသည် သားသတ်မုဆိုးများဖြစ်ကြသော ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို အမြင်ကြည်လင်ပုံမရပေမင့် နားလည်ပေးပုံရချေ၏။

ဘယ့်အတွက်မူ ဆရာတော်လေးသည် တောင်ပိုင်းချင်းတိုင်းရင်းသားတို့၏ ကျေးရွာလေးတွင် သာသနာပြုလုပ်ငန်း လာရောက်ဆောင်ရွက်နေရခြင်းကြောင့် ထိုရွာသားအတော်များများသည် မိသားစု စားရေးအတွက် အမဲလိုက်၊ ငါးရှာ၊ ဖားရှာဖြင့် ဘဝရပ်တည်နေကြသူများ ဖြစ်ကြခြင်းကြောင့် သို့ကိစ္စကို လက်တလော နားလည်မှုပေးထားပုံရချေ၏။

သို့ပေမင့်လို့ ...

"ဒကာကြီးတို့ကတော့ မြို့ပြမှာ နေကြတာပဲ။ စားရေးသောက်ရေးအတွက် တိရစ္ဆာန်တွေရဲ့ အသက်ကို ကိုယ်တိုင်သတ်ဖြတ်တာကတော့ .. မကောင်းပါဘူး။ သည်ရွာသားတွေက မဖြစ်မနေမို့ သတ်ဖြတ်စားသောက်ကြရတာ။ ဒကာကြီးတို့က မြို့ပြမှာ ပုံသကူသား ဝယ်ခြမ်းစားလို့ ရပါတယ်ကော။ ဘာလို့များ ကိုယ့်ပျော်ရွှင်မှုအတွက် သားကောင်လေးတွေကို သတ်ဖြတ်ချင်ရတုံး"

သို့ဖြင့် ဆရာတော်လေးက တရားချသေး၏။

ကျွဲပါးစောင်းတီးလို့ပဲ ဆိုစေ။ ကျွန်တော်သည်လည်း သို့ကို မသိမဟုတ်၊ ကောင်းကောင်းသိပါသော်ငြား ဝါသနာကို မစွန့်လွှတ်နိုင်သည်ကြောင့်

"သည်တစ်ကြိမ် နောက်ဆုံးဖြစ်စေရပါမယ်"လို့ ပြောလိုက်ရချေတော့၏။

အမှန်တကယ်လည်း ကျွန်တော်သို့အပျော်တမ်း အမဲလိုက်ခြင်းကို စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်ချေတော့သည်။

သို့မှ ကျွန်တော်တို့သည်လည်း နောက်တစ်နေ့တွင် ဒေသခံမုဆိုးကြီး နိန်းရှိန်းနှင့်အတူ အမဲပစ်ထွက်ကြသည်တွင် ရေကလုံချောင်းဖျားသို့ တက်ခဲ့ကြခြင်းဖြစ်၏။

ကျွန်တော်တို့သည် တောမျိုးစုံ ရောက်ဖူးကြသည်ကြောင့် ချောင်းမြောင်းတို့ ဖြစ်တည်ပုံသည် ကွဲပြားခြင်းမရှိကြသည်ကြောင့် ချောင်းအမည်၊ မြောင်းအမည်မသိသည်ကလွဲ၍ ထူးခြားမှုမရှိပါချေ။



www.burmeseclassic.com

www.burmeseclassic.com

လမ်းကြောင်းကိုတော့ဖြင့် မုဆိုးကြီး နိန်းရှိန်းက ဦးဆောင်လေခြင်းကြောင့်လည်း ပြဿနာမရှိအောင်ဖြစ်၏။

ရေကချောင်းဖျား ရောက်လုတွင် တဲတစ်တဲသို့ ရောက်ခဲ့ကြ၏။ ထိုတဲတွင် မုဆိုးနှစ်ယောက်နှင့် ဆုံလေ၏။ ပလုံတို့ရွာသားများဟု သိရ၏။ကိုင်းထောင်ထားသည်များ လိုက်ဖြုတ်ရင်း ထိုတဲတွင် နားနေခြင်းဟု သိရသည်။ သူတို့က လောရှိန်းအောင်နှင့် လိန်းထန်းတို့ ဖြစ်ကြ၏။

သူတို့ဘွင် ခေါင်ရည်များပါလာ၏။ ကျွန်တော်နှင့် လင်းမြင့်လှိုင်ကိုလည်း ထုတ်တိုက်လေ၏။ ခေါင်းရည်ကို သူတို့ ဝါးဆစ်ဘူးဖြင့် ယူဆောင်လာကြခြင်း ဖြစ်သည်။

"ဆရာလေးတို့ နွားနောက်ပစ်မယ်ဆိုရင် သရက်ချောင်းဘက်သွား။ အဲဒီမယ် ပေါတယ်"

လိန်းထန်းက ပြောလေ၏။

"သက်ရက်ချောင်းဆိုတာ"

ကျွန်တော်က မေးလိုက်၏။

"ဆရာလေးတို့ လာခဲ့တုန်းက နောက်ဘက်မှာ ချောင်းခွဲတစ်ခု မတွေ့ခဲ့ဘူးလား"

လိန်းထန်းက ပြောလာပြန်၏။

"တွေ့တယ်။ နောက်တစ်ဖာလုံ လောက်လေးမှာ"

"ဟုတ်တယ်။ နို့က သရက်ချောင်း။ အဲဒီသရက်ချောင်းအထက်သာ တက်သွား။ နွားနောက်တွေ ရှိတယ်"

"နို့ပြီး သွားကြတာပေါ့"

လင်းမြင့်လှိုင်က ပြောလိုက်၏။

"နေပါဦးဆရာလေးရဲ့။ ရောက်တုန်းရောက်ခိုက် ကျုပ်တို့ရထားတဲ့ အမဲနဲ့ စားသွားကြပါဦး"

လောရှိန်းအောင်က ပြောလေ၏။

"ဘာရထားတုံး"

ကျွန်တော်က မေးလိုက်၏။

"ဝံကောင်"

"ဝံကောင်သားက ပွစိစိရယ်။ နို့ပေမင့် စားတာပေါ့ဗျာ"

"ဟုတ်လား၊ မင်းတို့ ဝံကောင်ရတယ်ဆိုတော့ သည်းခြေကော ဘာရောင်ရလဲ"

လောရှိန်းအောင်ကို ကျွန်တော်တို့နှင့် ပါလာသည့် မုဆိုး နိန်းရှိန်းက မေးလိုက်ခြင်းကြောင့် ကျွန်တော် တအံ့တဩ ဖြစ်သွားရ၏။

"သည်းခြေဘာရောင်လဲ မေးလိုက်တာလား"

သို့လည်း ကျွန်တော်က မုဆိုးနိန်းရှိန်းကို မေးလိုက်၏။

"ဟုတ်တယ်လေ။ သည်ကောင် ဝံကောင်သည်းခြေ ရွှေရောင်ရရင် ယောပြီပေါ့။ အနက်ရောင်နဲ့ မြင်းချေးရောင်ဆိုရင် ဈေးသိပ်မရဘူး"

"ဗျာ ..."

မုဆိုးနိန်းရှိန်းစကားကြောင့် ကျွန်တော်ကော လင်းမြင့်လှိုင်ပါ အံ့ဩသွားကြရခြင်း ဖြစ်သည်။

ကျွန်တော်တို့ အမဲလိုက်သက်တမ်းတစ်လျှောက် ဝံကောင်များ ပစ်ခတ်ရဖူး၍ ဝံသည်းခြေများ ရဖူး၏။ တစ်မျိုးတည်း အရောင်များဖြစ်ကြ၍ သူတို့ပြောသော အနက်ဘက်လုသော အရောင်များသာ ဖြစ်ချေ၏။ မုဆိုးကြီး နိန်းရှိန်းပြောသည့် အရောင်သုံးမျိုးရှိသည်ကြောင့် အံ့ဩမိသေးတော့၏။

"ကျွန်တော်တို့ ပစ်ခတ်ရသမျှ ဝံသည်းခြေတွေက တစ်ရောင်တည်းပါဗျာ။ သည်က ဝံကောင်တွေက သည်းခြေအရောင် သုံးမျိုးရှိတတ်တယ်လား"

"ဟုတ်တယ် ဆရာလေး။ ဝံကောင်တွေ စားတဲ့အစာနဲ့ ပတ်သက်ပြီး သည်းခြေက အရောင်ပြောင်းတယ်လေ"

"ကျွန်တော်တို့ မသိဘူးဗျာ။ ပြောပါဦး"

ကျွန်တော်က ဝန်ခံပြောလိုက်၏။

"တကယ်က ဆရာလေးတို့က သတိမထားမိကြလို့ ဖြစ်မှာပါ။ ဝံကောင်တွေက သူတို့စားတဲ့ အစာနဲ့ ပတ်သက်ပြီး သည်းခြေအရောင် ပြောင်းတတ်ကြတယ်။ ဆိုပါစို့ ... မိုးတွင်းကာလဆို ရေလည်းပေါ၊ သီးပင်တွေကလည်း ပေါဆိုတော့ ဝံကောင်တွေက ကြိုက်ရာကို ရွေးစားလို့ရတယ်လေ။ သည်တော့ အစားကောင်း ဝဝ လင်လင်စားရတော့ကာ သည်းခြေက ရွှေရောင်ဖြစ်ရတာပေါ့။ ပွင့်လင်းရာသီမှာတော့ သူတို့တွက် အစာက ရှားပြီလေ။ ရေလည်းရှားပြီဆိုတော့ ရတာကိုပဲ စားရတော့ သည်းခြေအရောင်ကလည်း အနက်ရောင်ဖြစ်သွားတာပေါ့။ ဆောင်းရာသီမှာတော့ မရှိမရှားလို့ ပြောရမလား။ သည်ကာလတွေမှာတော့ ဝံကောင်တွေရဲ့ သည်းခြေက မြင်းချေးရောင် ဖြစ်ကာဗျာ"

"အေးဗျာ ... ကျွန်တော်တို့တော့ အမှတ်တမဲ့ဆိုတော့ သတိမထားမိဘူး။ နို့ ... မေးရဦးမယ်။ အရောင်ပြောင်းတော့ကော ဘာထူးခြားလို့လဲ"

ကျွန်တော်က မုဆိုးနိန်းရှိန်းကို မေးလိုက်၏။

"အင်း ... ဝံကောင်သည်းခြေ



www.burmeseclassic.com

www.burmeseclassic.com

အနက်ဆိုရင် ဈေးကောင်းမရဘူး။ တစ်ကျပ်သားကို သုံးသောင်းလောက်ပဲရတယ်။ မြင်းချေးရောင်ဆိုရင်ဖြင့် တစ်ကျပ်သားကို ငါးသောင်းပေါ့။ ရွှေရောင်ဆိုရင်ဖြင့် တစ်သိန်းပေါက်ဈေးရှိတယ်လား''

ဘုရားရေ . . . ကျွန်တော်တို့တော်လှာ၊ တတ်လှာ၊ သိလှာ မုဆိုးတွေဟု ထင်ထားသည်။ သို့မဟုတ်ပါကလား။ ပလုံတွီရွာသား မုဆိုးတွေသည် ကျွန်တော်တို့ထက် အများကြီးသိ၊ အများကြီးတော်၊ အများကြီးတတ်နေပါကောလား။

''ဟုတ်ပါပြီဗျာ။ ခုလိုပြောပြတဲ့အတွက် ကျွန်တော်တို့မသိသေးတဲ့ ပညာတွေ သိလိုက်ရတာပေါ့။ ကျေးဇူးတပ်ပါတယ်။ နို့ပြီး သည်ညကိုတော့ ခင်ဗျားတို့ခေါင်ရည် သိမ်းထားဦးဗျ။ ကျွန်တော်တို့ပါလာတဲ့ ဝီစကီနဲ့ ညှော်ခံပါရစေ''

သို့ဖြင့် ကျွန်တော်တို့သည် လောရှိန်းအောင်နှင့် လိမ်းထန်းတို့ တဲလေးတွင် ပျော်ပျော်ပါးပါး တရင်းတနှီး သောက်စားလိုက်ကြလေ၏။

နောက်တစ်နေ့တွင် ကျွန်တော်တို့သည် လိမ်းထန်းပြောသော သရက်ချောင်းသို့ ပြန်စုန်ဆင်းခဲ့ကြပြီး သရက်ချောင်းအတွင်း ဝင်ခဲ့ကြ၏။

သရက်ချောင်းအတွင်း ရေအနည်းငယ်ရှိသေးသဖြင့် တောင်ကြောပေါ်သို့ တက်လိုက်ကြ၏။

တောင်ကြောလေးပေါ် ရောက်သည်တွင် မုဆိုးနိန်းရှိန်းက ကုန်းပြောင်ပြောင်နေရာလေးတစ်ခု ရောက်သည်တွင် ကျွန်တော်တို့ထံမှ သေနတ်များကို တောင်းလေ၏။

''ဘာလုပ်မလို့လဲ''

ကျွန်တော်က မေးလိုက်၏။

''သည်တောင်ကြော အတက်မယ် နွားနောက်ကောင်တွေ တွေ့လိမ့်မယ်။ ဆရာလေးတို့ ပစ်ရလိမ့်မယ်။ နို့ကြောင့် အမဲမပစ်ခင် နတ်ပသရမယ်''

သူ့အရပ်၊ သူ့ဒေသ၊ သူ့ထုံးစံဆိုလေတော့ ကျွန်တော်တို့သည် မုဆိုးနိန်းရှိန်းကို ဘာမျှပြောမနေတော့ပါ။ သေနတ်တို့ကို ပေးလိုက်၏။

မုဆိုးနိန်းရှိန်းက ကျွန်တော်တို့နှစ်ယောက်၏ သေနတ်နှစ်လက်နှင့်အတူ သူ၏ လက်ဆွဲတော် ကျောက်မီးသေနတ်ကိုပါ စုပေါင်းပြီး မြေပေါ်တွင် ချလိုက်၏။ လောရှိန်းအောင်တို့တဲတွင် ချက်ပြုတ်ယူလာသည့် ကြက်သားဟင်းကို ဖက်ရွက်တစ်ခုတွင် တင်လိုက်ပြီးနောက် ဝါးဆစ်ဘူးဖြင့် ထည့်ယူလာသော ခေါင်ရည်ကိုလည်း ကြက်သားဟင်းနံဘေးတွင် ထောင်ထားလိုက်၏။

ပြီးနောက် ဆောင့်ကြောင့်ထိုင်ချကာ ဘာတွေရွတ်ဖတ်နေလေသည်မသိ။ ကျွန်တော်တို့တော့ဖြင့် လုံးဝနားမလည်ပါချေ။ သို့ပေမင့် သူ၏နောက်နားမှနေ၍ သူလုပ်သမျှကို အသာအကဲခတ်ကြည့်နေလိုက်ကြ၏။

သူ တောစောင့်၊ တောင်စောင့်နတ်ကို ပူဇော်နေခြင်းဖြစ်ပြီး ဆုတောင်းနေခြင်းဖြစ်ပေမည်။

အတန်ကြာကြာအချိန်တွင် သူရွတ်ဖတ်ခြင်း ပြီးဆုံးသွားသည်နှင့် ကြက်သားတို့ကို ဘေးသို့ ရှေ့သို့ စတိပစ်လိုက်၍ ခေါင်ရည်ကိုလည်း မြေသို့ လောင်းချလေ၏။ သူသည်လည်း ကြက်သားတစ်တုံးကို ကိုက်ဝါးရင်း ဆရာလေးတို့လည်း စားကြနော် ဆိုသဖြင့် ကျွန်တော်နှင့် လင်းမြင့်လှိုင်သည်လည်း ကြက်သားဟင်းဖတ်ကို ကောက်ယူစားလိုက်ကြ၏။

''ကဲ . . . သွားကြမယ်။ တွေ့တဲ့သားကောင် ပစ်လို့ရပြီ''

သို့ဆိုကာ ကျွန်တော်သည် ဖက်

တကယ်က ကျွန်တော့်အဆင့်သည်
သားသတ်သမားအဆင့်သာ ရှိသေးသည်ဟု ပြောရပေမည်။
မုဆိုးဂုဏ်ဒြပ်ကို ခံယူရန် မသင့်သေးပါကလား။ သားသတ်
လက်နက်ကောင်းများ အားကိုးဖြင့် ပစ်မှတ်မလွဲအောင်
ပစ်သတ်နိုင်ရုံလောက်ဖြင့် မုဆိုးအမည် မခံသင့်ပါကလား။



www.burmeseclassic.com

www.burmeseclassic.com

ရှက်ခင်းပေါ်ရှိ ကြက်သားဟင်းပုံကြီးကို ကြည့်ပြီး နို့ . . ဒါတွေ ထားခဲ့ရမှာလား၊ ယူသွားလို့ရလား''ဟု မေးလိုက်၏။

''ထားခဲ့ရမှာ၊ ယူသွားလို့မရဘူး''

သို့ဖြင့် ကျွန်တော်သည် သေနတ်ကို ယူလိုက်၏။ ပြီးနောက် နိန်းရှိန်း သွားရာနောက် လိုက်သွားလေ၏။ လင်းမြင့်လှိုင်သည်လည်း ကပ်ပါလာလေ၏။

သို့မှ ကျွန်တော်တို့သည် တောင်ကြောမြင့်လေးတစ်ခုနား အရောက်တွင် ချိုကားကားနှင့် နွားနောက်ကြီးတစ်ကောင်ကို တွေ့လိုက်ကြလေ၏။

''ကဲ . . ဆရာလေးတို့ ပစ်လေ''

သည်တွင် ကျွန်တော်က လင်းမြင့်လှိုင်ကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်၏။ လင်းမြင့်လှိုင်က အသာခေါင်းညိတ်ပြလာ၏။

လင်းမြင့်လှိုင် ပစ်ပေရော့မည်။ လင်းမြင့်လှိုင်သည် သူ၏ ဝင်ချက်စတာ ရိုင်ဖယ်ကို မောင်းတင်လိုက်၏။

အလွန်နားပါးသော နွားနောက်ကောင်ဟု ဆိုရချိမ့်မည်။ လင်းမြင့်လှိုင်မှ သေနတ်မောင်းတင်သံကို ကြားလိုက်ဟန်တူ၏။ နားရွက်နှစ်ဖက် ထောင်မတ်လာကာ ရှတ်ချည်းဆိုသလို တောင်ကြောအောက် ပြေးဆင်းသွားချေတော့၏။

လင်းမြင့်လှိုင်တစ်ယောက် ပင်မှတ်ကိုပင် ချိန်လိုက်ရဟန်မတူပေ။ တောင်ကြောအောက်သို့ နွားနောက်ကောင် ရောက်သွားသည်တွင် တောင်ကြောအောက်ခြေတွင်ရှိ အခြားနွားနောက်ကောင်တို့သည်လည်း ထိုနွားနောက်နှင့်အတူ လိုက်ပါပြေးသွားချေတော့သည်။

မုဆိုးကြီး နိန်းရှိန်းက ကျွန်တော်နှင့် လင်းမြင့်လှိုင်ကို ကြည့်ပြီး ပြုံးပြလာချေ၏။

''ခင်ဗျားတို့ တယ်ညံ့တာပဲ''ဟု ပြောကာ လှောင်ပြုံးလေခြင်းများလား။

သို့မှ လင်းမြင့်လှိုင်တို့သည် တောတိုးခဲ့ကြပြန်၏။ အတန်ကြာတွင် ချုံပုတ်နွယ်ပင်တို့ကြားမှ နွားနောက်တစ်ကောင် တွေ့လိုက်ကြပြန်၏။ စောစောကအကောင်လောက်တော့ မကြီးပေ။

''သည်ကောင် ခြောက်လသား ရှိလောက်ပြီ''

မုဆိုးကြီးနိန်းရှိန်းက ထိုနွားနောက်ကောင်ကို ကြည့်ပြောလေ၏။ ကျွန်တော်က –

''ခင်ဗျား နည်းနည်းဘေးကပ်နေ၊ ကျွန်တော်ပစ်မယ်''

သို့ဆိုတော့ နိန်းရှိန်းက ကျွန်တော့်ကို လှည့်ကြည့်လာပြီး –

''မပစ်နဲ့ဦး။ ငါသေချာကြည့်ချင်သေးတယ်''

''စောစောက အကောင်တောင်ဘေးတိုက် ခပ်လှမ်းလှမ်းကနေ ပစ်ဖို့လုပ်တာမှာ သေနတ်မောင်းတင်သံကြားတာနဲ့ ပြေးသွားတာလေ။ တော်ကြာ အဲလိုဖြစ်ဦးမယ်''

သို့ ကျွန်တော်က အခွင့်အရေးကို လက်လွှတ်မခံလို၍ ပြောလည်းပြော၊ သေနတ်မောင်းကို တင်လိုက်၏။

''ချောက်''

နွားနောက်သည် သေနတ်မောင်းတင်သံ ကြားပေလိမ့်မည်။ သို့ပေမင့် ကျွန်တော် ပစ်ခွင့်မရ၊ မုဆိုးကြီးနိန်းရှိန်းက ကျွန်တော့်ရှေ့မှ ကွယ်နေ၏။

''ဖယ်တော့လေ . . ပစ်တော့မယ်''

သို့ပြောလိုက်၏။

''ခဏနေပါဦး။ ပစ်ဆိုမှ ပစ်ပါ။ တော်ကြာနေ အမှားအယွင်းတွေ ဖြစ်သွားရင် မကောင်းဘူး''

မုဆိုးကြီးနိန်းရှိန်းက သို့ပြောပြီး သူ၏ ဝါးပလိုင်းအတွင်းမှ တစ်စုံတစ်ရာကို ထုတ်ယူလိုက်ချေပြီး နွားနောက်ရှိရာသို့ လျှောက်လှမ်းသွားနေလေပြီ။

''ဟိတ်လူ . . . ခင်ဗျားအဲလိုလုပ်တော့ နွားနောက်တွေ ပြေးသွားတော့မပေါ့''

ကျွန်တော်က စိုးရိမ်တကြီး ပြောလိုက်၏။

မုဆိုးကြီးနိန်းရှိန်းတစ်ယောက် ကျွန်တော်ပြောသည်ကို ကြားနိုင်လောက်သော်လည်း ကျွန်တော့်ပစ်ကွင်းရှေ့မှ နွားနောက်ရှိရာသို့ တစ်လှမ်းချင်းလှမ်း၍နေလေခြင်းကြောင့် ကျွန်တော်ပစ်ခွင့်မသာ။

''ဒီလူ ဘာတွေလုပ်နေမှန်းမသိတော့ဘူးဗျာ''

ကျွန်တော် မကျေမနပ်ပြောလိုက်၏။

''ကိုပိုက် . . . ကျွန်တော်တို့က သူ့နောက်လိုက်လာကြတာဆိုတော့ သူလုပ်တာ အသာကြည့်နေလိုက်ချေဗျာ''

လင်းမြင့်လှိုင်ပြောသလို ကျွန်တော်နေလိုက်ရတော့၏။ သို့ပေမင့် သေနတ်ကိုတော့ဖြင့် အရန်သင့်ပစ်ခတ်နိုင်ရန် ကိုင်ထားလိုက်၏။ နွားနောက်ကောင်ကို ပစ်ခတ်နိုင်ဖို့ အခွင့်အရေးရဖို့၊ မရဖို့ထက် နွားနောက်ကောင်က မုဆိုးနိန်းရှိန်းကို အန္တရာယ်ပြုလာလျှင်ဖြင့် အချိန်မီ ပစ်ခတ်ခွင့်ရရန်အတွက်သာ အခြေအနေကို မျက်ခြည်မပြတ်ကြည့်နေမိချေ၏။

www.burmeseclassic.com

မုဆိုးကြီးနိန်းရှိန်း ဘာတွေလုပ်နေပါလိမ့်။ စဉ်းစားမရပါကလား။ နွားနောက်ကောင်သည်လည်း မုဆိုးကြီးနိန်းရှိန်းကို ခေ့ခေ့စိုက်ကြည့်နေလေ၏။

သို့မှ မုဆိုးကြီးနိန်းရှိန်းသည် နွားနောက်ကောင်အနားသို့ ရောက်သွားလေ၏။ သူ၏လက်တစ်ဖက်ကို ရှေ့သို့ ဆန့်တန်းထားရင်း လျှောက်သွားနေပြီဖြစ်၏။ မုဆိုးကြီးနိန်းရှိန်းက ရှေ့သို့ ချဉ်းကပ်၊ နွားနောက်ကလည်း မုဆိုးကြီးနိန်းရှိန်းထံသို့ တရွေ့ရွေ့လှမ်းလာနေချေ၏။

"ပစ်ခွင့်သာရင်တော့ ပစ်လိုက်တော့မယ်"

ကျွန်တော်က မုဆိုးကြီးအတွက် စိုးရိမ်စိတ်ဖြင့် ပြောလိုက်၏။

"ဆန္ဒမစောပါနဲ့ ... ကိုပိုက်။ နွားနောက်ကြည့်ရတာ မုဆိုးကြီးကို အန္တရာယ်ပေးမယ့်ပုံ မပေါ်ဘူးဗျ။ နို့ပေမင့် သတိတော့မပြတ်စေနဲ့။ ကျွန်တော်လည်း အရန်သင့်ပါဗျ"

သို့မှ ...

"ဟာ ..."

"ဟင် ..."

ကျွန်တော်ကော လင်းမြင့်လှိုင်ပါ အံ့သြတကြီး ဖြစ်သွားရတော့၏။

နွားနောက်သည် သူ့နားသို့ ရောက်လာသော မုဆိုးကြီး၏ ဆန့်ထားသော လက်ဖဝါးပေါ်သို့ သူ၏လျှာကြီးဖြင့် လှမ်းလျက်လာချေ၏။

"ဘုရားရေ ..."

အတန်ကြာ မုဆိုးကြီးလက်ဖဝါးသို့ လျက်နေရာမှ မုဆိုးကြီးက နောက်သို့ ပြန်လှည့်လျှောက်လာရင်း သူ၏လက်ကို နောက်သို့ လှမ်းထိုးပေးထား၏။ နွားနောက်က မုဆိုးကြီးနောက်သို့ တစ်လှမ်းချင်းလှမ်းကာ လိုက်လာရင်း လက်ဖဝါးပေါ်မှ စားစရာကို သူ့လျှာဖြင့် လျက်ကာ လျက်ကာ စားရင်း လိုက်ပါလာတော့၏။

မုဆိုးကြီး ကျွန်တော်တို့နား ရောက်လာ၏။

"ကျည်ဆန်တောင် ကုန်စရာမလိုပါဘူး ဆရာလေးတို့ရယ်။ ဆားလက်တစ်ဆုပ်သာ လိုတာပါ"

သို့ပြောလာသည့် မုဆိုးကြီးကို ကျွန်တော်ကော လင်းမြင့်လှိုင်ပါ နားမလည်နိုင်အောင် ဖြစ်ကြရလေ၏။

"တကယ်တော့ ... နွားနောက်ကောင်တွေက မရိုင်းစိုင်းဘူးဗျ။ အစာမက်တယ်။ သူတို့နဲ့ ထိပ်တိုက်တွေ့ရင် ကိုယ့်မှာပါတဲ့ အစားတစ်ခုခုသာ ထိုးကျွေးလိုက်ချေ။ ဆားကျွေးနိုင်ရင် ပိုအဆင်ပြေတယ်ကွ။ ငါတို့တွေ နွားနောက်မွေးကြတယ်ဆိုတာ အဲလို တောထဲက နွားနောက်ကောင်တွေကို တောထဲဝင်ရှာ၊ ထိပ်တိုက်တွေ့အောင်လုပ်၊ ပြီးတော့ ဆားကျွေးပြီး ခုလို ခေါ်လာရုံပဲ။ ခဏခဏကြုံ ခဏခဏကျွေးဖန်များတော့ သူတို့ကလည်း သခင်ကို မှတ်မိသွားကြပြီလေ"

ဘုရားရေ .. ကျွန်တော်တို့မသိသော နွားနောက်တို့၏ စရိုက်တစ်ခုပါကလား။

"ဆရာလေးတို့ ပစ်မယ်ဆို သည့်ကောင်သေမှာ သေချာပါတယ်။ နို့ပေမင့် ရွာပြန်သယ်ဖို့ ခက်ခဲမယ်။ အသားဖျက်ရမယ်။ အလုပ်ရှုပ်မယ်။ ခုလို ဆားကျွေးပြီးခေါ်လာလို့ရတော့ ရွာရောက်မှ သတ်လှူင်သတ်၊ နို့မှမဟုတ် မွေးထားလို့ရတယ်"

အလိုလေးဗျာ။ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ မုဆိုးများဟု သတ်မှတ်ခဲ့ကြ၏။ ယခု ထိုသို့မဟုတ်ပါကလား။ ကျွန်တော်တို့သည် မုဆိုးအမည် မခံသင့်သူများဖြစ်၏။

သားကောင်တို့၏ စရိုက်ကို အတော်များများ မသိသည်များ ရှိနေပါသေးကလား။

တကယ်က ကျွန်တော့်အဆင့်သည် သားသတ်သမားအဆင့်သာ ရှိသေးသည်ဟု ပြောရပေမည်။မုဆိုးဂုဏ်ဒြပ်ကို ခံယူရန် မသင့်သေးပါကလား။

သားသတ် လက်နက်ကောင်းများ အားကိုးဖြင့် ပစ်မှတ်မလွဲအောင် ပစ်သတ်နိုင်ရုံလောက်ဖြင့် မုဆိုးအမည် မခံသင့်ပါကလား။

ကျွန်တော်တို့ ပလုံတွီရွာလေးသို့ ပြန်ရောက်ကြသည်တွင် ကိုယ်တော်လေး ဦးခနုသို့ ထိုနွားနောက်ကို လှူဒါန်းလိုက်ချေတော့၏။

မုဆိုးကြီးနိန်းရှိန်းသို့ လင်းမြင့်လှိုင်က ငွေသားသုံးသိန်းပေးလိုက်ပြန်၏။ နွားနောက်ကို ဝယ်ကာ ဘေးမဲ့ပေးလိုက်သည့်သဘော ဖြစ်ချေ၏။

ကျွန်တော်၏ လက်စွဲတော် သေနတ် ပွိုင့် ၃၇၅ မဂ္ဂနမ်ရိုင်ဖယ်သည်လည်းကောင်း၊ လင်းမြင့်လှိုင်၏ ဝင်ချက်စတာ ရိုင်ဖယ်များသည်လည်းကောင်း ကျွန်တော်တို့၏ အမှတ်တရပစ္စည်းတစ်ခုအဖြစ်သာ ဖြစ်သွားပေတော့မည်။


ကိုပိုက်



www.burmeseclassic.com

www.burmeseclassic.com

# ကြောက်စရာ ရေခဲမုန်တိုင်း



အမေရိကန်နိုင်ငံ၊ ဒါးလပ်စ်မြို့ရှိ အေဘီ၊ ရိုက်တာ၊ ဘလွန်ဘတ် အစရှိသော နိုင်ငံခြားသတင်းဌာနများသည် ၂၀၁၃၊ ဒီဇင်ဘာလ ပထမရက်သတ္တပတ်အတွင်း အမေရိကန်နိုင်ငံ၊ တက္ကဆက်ပြည်နယ်မှ တင်နက်ဆီပြည်နယ်တစ်လျှောက်၌ ကြောက်စရာရေခဲမုန်တိုင်းကြီး တိုက်ခတ်သွားမှုကြောင့် လူများသေ၊ လေယာဉ်ခရီးစဉ်များစွာကို ပယ်ဖျက်၊ ဓာတ်အားလိုင်းများ ပြတ်တောက်ကာ လူပေါင်း နှစ်သိန်းခန့် ဓာတ်အားမရသည့် အဖြစ်ဆိုးနှင့် ကြုံတွေ့လိုက်ရသည့်အကြောင်းကို သတင်းများ ရေးသားထား၏။

ငင်းရေခဲမုန်တိုင်းသည် အာတိတ်ဒေသလေအေးများမှ စတင်လာကာ ကနေဒါကို ဖြတ်သန်းတိုက်ခတ်ခဲ့ပြီးနောက် ကမ်းရိုးတန်းများကိုကျော်ဖြတ်၍ အမေရိကန်နိုင်ငံအတွင်းပိုင်းသို့ ဝင်ရောက်သွားခြင်းဖြစ်၏။

ဆိုးရွားလွန်းသော ရာသီဥတုကြောင့် လူပေါင်း ၂၅,၀၀၀ ခန့် ပါဝင်ဆင်နွှဲဖွယ်ရာရှိသော ဒါးလပ်စ်မာရသွန်ပြေးပွဲ၊ လူပေါင်း ၂၀,၀၀၀ ခန့် ပါဝင်ဆင်နွှဲဖွယ်ရာရှိသည့် မင်းဖစ်မာရသွန်ပြေးပွဲ အပါအဝင် အခြားပြိုင်ပွဲ လုပ်ရပ်များစွာတို့ကို ရွှေ့ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်းများ ပြုလုပ်လိုက်ရ၏။

ဒါးလပ်စ်မြို့၊ မို့ဒေါ့ဒေသတစ်ခုတည်း၌ပင်လျှင် ရေခဲသွားမြင်ကြီးသည် သုံးစင်တီမီတာရှိပြီး မိုးရေပမာ ဆီးနှင်းများ ကျရောက်ခဲ့သည်ဟု သိရ၏။

ဒါးလပ်စ်နိုင်ငံတကာလေဆိပ်ကို ပိတ်ထားလိုက်ရသည့်အတွက် လေဆိပ်၌ ခရီးသည်များစွာ သောင်တင်နေကြကာ ညဘက်၌ လေဆိပ်ထဲတွင် ဖြစ်သလိုအိပ်စက်အနားယူနေခဲ့ကြရ၏။

ဆီးနှင်းများ၊ မိုးရည်များ အကျများကာ အအေးလွန်ကဲခြင်းကြောင့် အမေရိကန်ပြည်နယ်ကိုးခု၌ လူ ၁၂ ယောက် သေဆုံးခဲ့၏။ အချို့ပြည်နယ်များတွင် ဆီးနှင်းထူထပ်နေမှုကြောင့် ယာဉ်တိုက်မှုများစွာ ဖြစ်ပွားခဲ့၏။

တက္ကဆက်ပြည်နယ်၊ မိုးလေဝသဌာနမှ အရာရှိတစ်ယောက် သူ့ဘဝတစ်လျှောက်တွင် ယခုကဲ့သို့သော ကြောက်စရာ ရေခဲမုန်တိုင်းမျိုးကို မတွေ့ခဲ့ဖူးပါဟု ဝန်ခံသွား၏။

၂၀၁၃၊ ဒီဇင်ဘာ ၇ ရက်နေ့၌ အမေရိကန်၏ မြို့အချို့ဖြစ်သော ကျော်ဒန်၊ မွန်တာနာ စသည်တို့၌ အပူချိန်သည် ၄၂ ဒီဂရီ ဆဲစီးယပ်စ်သို့ပင် ထိုးဆင်းသွားသည်ဟု သိရ၏။

အမေရိကန်တွင် ဆောင်းရာသီသည် ယခုမှ အစပင်ရှိသေးရာ ၂၀၁၄၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် ယခုကဲ့သို့ ဖြစ်ရပ်မျိုး ဖြစ်ပွားမည်ကို လူအများက စိုးရိမ်နေကြ၏။

ထိုအတောအတွင်း ဥရောပတိုက်တွင် ဗြိတိန်အပါအဝင် ကမ်းခြေဒေသတစ်လျှောက်၌လည်း ဆယ်နှစ်အတွင်း အဆိုးရွားဆုံးသော ရေခဲမုန်တိုင်းဒဏ်ကို ခံနေကြရသည်ဟုလည်း အဆိုပါသတင်းဌာနများက သတင်းရေးသားထားကြ၏။

မြသိန်း

*T.S.T. 9.12.2013*

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



နေဝင်လုပြီ၊ မှောင်စမပျိုးတပျိုး နေဝင်ဖျိုးဖျ ဆည်းဆာအချိန်တွင် ၁၆ ပေ၊ ပေ ၅၀ အခန်းကျဉ်းကလေးထဲသို့ ရှစ်ခေါဘထီတပ်ချို၍ ခြင်ကောင်ကြီး၊ ခြင်ကောင်သေး၊ ခြင်ကောင်ရှယ်၊ ခြင်ကောင်ငယ်၊ ခြင်ကောင်လက်တို့ အလုံးအရင်းနှင့် တွန်းထိုးဝင်ရောက်လာလေသည်။

နေ့လယ်ပိုင်း အလင်းရောင်ရှိနေသည့်တိုင် လျှပ်စစ်မီးကူမှ ထွန်းလင်းပေါက်မှ အလင်းရသည့် ကြွက်တွင်းနှယ် အခန်းကျဉ်းကလေးအတွင်းမှာ မီးများ မည်းမှုပင် ထိန်ထိန်ဝင်းဝင်း လင်းနေလင့်ကစား ချောင်မဆို၊ မှောင်မကြိုက်ဘဲ ခြင်တစ်သိုက်က ရှိသမျှ အိမ်သူအိမ်သား ကလေးလူကြီးမကျန် လူသတ္တဝါလုံးကို အင်နှင့်အားနှင့် ဝင်ခဲလေတော့သည်။

သို့ကလို အချိန်မျိုးမှာဆိုလျှင် အံ့မိစေးက သူ့အာဝန်သူ ကျေပွန်စေရသည်။ သူက တိုက်ကြီးမှ ရောက်လာသူ ကုမလေးဖြစ်၏။ ဖနီးသည် ခင်မမ၏ တူမရင်းခေါက်ခေါက်ဖြစ်သည်။ တပ်မတော်အငြိမ်းစား ဖခင် တပ်ကြပ်ကြီးနှင့် အံ့မိစေး၏မိခင်က တိုက်ကြီး ဆင်သေမြောင်မှာ သံပရာခြံစိုက်သည်။ သံပရာခြံလုပ်ငန်းဆိုသည်က အပြောသာလွယ်သည်၊ လုပ်ရကိုင်ရသည်က မလွယ်ကူလှ။ ခြံကို တင်ချိန်လုံး ဂရုစိုက်နေရသည်။ ပေါင်းမြက်ရှင်းလျှင် လူမနိုင်၍ လူငှားရသဖြင့် စရိတ်စားသည်။ သို့စဉ်တိုင် သံပရာခြံ၏ ဝင်ငွေက ဖိုစိပ်ပို့ မရသတ်ချေ။ သူတို့မိသားစုစရိတ်နှင့် ဝင်ငွေက ဖုံးလည်ချာလည်လိုက်နေတော့သည်။ စားဖို့ရသည်ထားဦး၊ ဝတ်ဖို့ အရေး၊ ပညာရေး၊ ကျောင်းစရိတ်စသည်တို့ကလည်း အရေးကြီးလှသည်။

အံ့မိစေးလို့ ပြောင်းပြန်ခေါ်သည့် အေးမိစံ၏ ပညာရေးကိုလည်း လျစ်လျူရှု၍မရသဖြင့် ရန်ကုန်မှာ ကျောင်းသွားထားရသည်။ အံ့မိစေးအမေ၏ အစ်မ ခင်မမတို့အိမ်မှာ ဖြစ်သည်။ ရန်ကုန်မှာနေသည် ဆိုတော့လည်း ရန်ကုန်ခလေ့၊ ရန်ကုန်စရိုက်ကို လိုက်ရပေတော့သည်။ ထိုထဲတွင် ခြင်ဆေးထွန်းရခြင်းသည်လ ည်း တာဝန်တစ်ခု အပါအဝင်ဖြစ်သည်။

ခြင်ဆေးအမည်ကတော့ ...
မင်းသားခြင်နိုင်ဆေးပါ။ တကယ်တမ်း ခြင်နိုင်ဖို့နေနေသာသာ ခြင်ဆေးတစ်ခွေလုံးလောင်ဖို့ တစ်ချိန်လုံး ဖယောင်းတိုင်မီးနှင့် ခြင်ဆေးခွေကို ရှို့နေရသည်။ ထွန်းထားတိုင်း ငြိမ်းငြိမ်းသွား



www.burmeseclassic.com

www.burmeseclassic.com

တတ်သဖြင့် ထိုခြင်ဆေးကို ထွန်းငြိမ်းဟု ခေါ်ကြသည်။

တစ်ခါတစ်ရံ ကံအားလျော်စွာ ကုသိုလ်ကံကောင်းထောက်မစွာဖြင့် ထွန်းငြိမ်းအခွေ(စတီရီယိုအဆိုတော်သစ်တစ်ဦး၏ စီးရီးမဟုတ်)သည် ထွန်းပြီးမီးမငြိမ်းတတ်သည့် ကြုံတောင့်ကြုံခဲ အခါမျိုးလည်း ရှိသည်။ သို့တစေ ထွန်းငြိမ်းခြင်ဆေးသည် အငွေ့တလူလူတက်နေသော်လည်း ခြင်များအတွက်မူ အားဆေးရှူနေရသည့် အလား အင်သစ်အားသစ်များ တိုးပွားစေသည်လား မပြောတတ်နိုင်။ ခြင်ဆေးငွေ့များ တလူလူဝေ့ဝိုက်လွင့်ပါးနေသည့်အကြားမှာ ခြင်များ ဘာမျှထိခိုက်ပုံမပေါ်။ လူကိုသာ သဲကြီးမဲကြီး ဖွဲ့နှပဲနှင့် တိုး၍ တိုး၍ ကိုက်လေတော့သည်။ မင်းသားခေါ် ထွန်းငြိမ်း ခြင်နိုင်ဆေးသည် ဤမျှထိ အာနိသင်ကြီးမား လှပါပေသည်။

ခြင်နိုင်ဆေးဖြင့် ခြင်ကို မနှိမ်နင်းနိုင်သည့်အခါ အခြားအခြားသော နည်းလမ်းများဖြင့် ခြင်ကို နှိမ်နင်းရန် ကြံဆရတော့သည်။ လိုလျှင်ကြံဆနည်းလမ်းရ ဆိုရိုးစကားကို လူကြီးများက အပုဒ်းပြေဆိုရိုးဖွဲ့ခဲ့သည် မဟုတ်ပါချေ။ လူတို့ကြံဆ၍ စက်မှုသိပ္ပံ နည်းပညာပိုင်း တိုးတက်လာသည်။ အိုသက်ထရွန်းနစ်ပညာ ဆန်းသစ်လာသည်။ ကွန်ပျူတာခေတ် လွှမ်းခြုံလာသည်။ အခါတိုင်းနှစ်များတွင် ကမ္ဘာကျော် တိုင်းမ်မဂ္ဂဇင်းကြီးက တစ်နှစ်တာလုံး အထင်ရှားဆုံး၊ အကျော်ကြားဆုံး ပုဂ္ဂိုလ်များကို "သက်ဆိုင်ရာနှစ်၏ လူသား"ဟု တခမ်းတနား မျက်နှာဖုံးတွင် ဖော်ပြကြသည်။ ၁၉၈၂ ခုနှစ်ကဆိုလျှင် ထိုအစဉ်အလာပြောင်းသွားခဲ့ဖူးသည်။ လူသားအစား စက်ကို အစားထိုး ဖော်ပြသည်။ "နှစ်၏စက်" ဟု ပညတ်သည်။ စက်ဆိုသည်ကား ကွန်ပျူတာကို ညွှန်းဆိုခြင်းဖြစ်သည်။ ကွန်ပျူတာက သည်မျှလောက်အထိ ခေတ်စားလာခဲ့သည်။ ခေတ်ကိုကလည်း ကွန်ပျူတာခေတ်ပေကိုး။ မဟုတ်ဘူးလား။

ကမ္ဘာ့အရပ်ရပ်မှ ပညာရှင်များ တီထွင်ကြံဆခဲ့ကြသလို၊ ခြင်နှိမ်နင်းရေးကို ကြံဆမိသည်။ လွယ်ပါသည်။ ကြီးကြီးကျယ်ကျယ်ဆိုရလျှင် လောင်စာလိုသည်။ ရူပဗေဒဘာသာစကားနှင့် ညွှန်းရလျှင် စွမ်းအင်လိုသည်။ ဓာတုဗေဒဘာသာစကားနှင့် ဆိုရလျှင် ဓာတ်သတ္တိပြောင်းလဲခြင်း လိုသည်။

ခြင်နှိမ်နင်းရေး ကြံဆရသည်မှာ သိပ်ပြီး ခက်ခဲလှခြင်းမရှိပါ။ မီးသွေး မီးဖိုသေးသေး တစ်လုံးတွင် လောင်စာဟုခေါ်သော မီးသွေးထည့်ပြီး မီးသွေးကို မီးမွှေးလိုက်သည့်အခါ အပူစွမ်းအင် ရသည်။ အပူစွမ်းအင်ရစေသည့် တငြိမ်ငြိမ်လောင်ကျွမ်းနေသော မီးသွေးပေါ်တွင် နနွင်းမှုန့်ဖြူးလိုက ဖြူး၊ သို့မဟုတ် လိမ္မော်ခွံခြောက်ကို မီးမြှိုက်လိုက်မြှိုက်။ သို့ကလိုဆိုလျှင် နနွင်းမှုန့်သို့မဟုတ် လိမ္မော်ခွံတို့ လောင်ကျွမ်းပြီး ဓာတ်သတ္တိသဘာဝ ပြောင်းလဲကာ နနွင်းမှိုင်းနှင့် လိမ္မော်ခွံငွေ့များအူ၍ ထွက်လာကာ ခြင်များ ဝေးရာသို့ ရှဲကုန်ကြတော့သည်။

သို့ဖြစ်ရကား သံပရာခြံမှလာသော အိမ်စေးသည် သံပရာသီးမရှားရဘဲ လိမ္မော်ခွံ မီးမြှိုက်ရသည့် ဘဝသို့ ချက်ချင်းလက်ငင်း ရောက်ရလေသည်။

အိမ်မှာ ခြင်သောင်းကျန်းနေသလို တရုန်းရုန်း မဟုတ်ပါဘဲ ချိုနိုသောင်းကျန်းနေသည်က ကြောင်သန်း ဖြစ်သည်။

ပွဲရုံတွေ၊ ဂိုဒေါင်တွေ စီရရီတန်းနေသည့်လမ်းမို့ ကြွက်လည်းထူပြောသည်။ ဘေးဘီအခန်းများက ပွဲရုံတွေ၊ ဂိုဒေါင်တွေချည်းဖြစ်နေ၍ အိမ်မှာ ဘယ်မျှသန့်ရှင်းအောင်ထားထား အမှိုက်သရိုက်၊ စားကြွင်းစားကျန်များ မည်မျှပင် စနစ်တကျ စွန့်စွန့် ကြွက်များက ကျူးကျော်စစ်ပွဲ ဝင်ရောက်ဆင်နွှဲကာ ဟိုအခန်း သည်အခန်းသို့ ကူးလူးပြောင်းရွှေ့လာသည်။ ထိုအခါ ကြွက်တို့ သည်းလိုက်အူတုန်မျှ ကြောက်ရွံ့ကြသည့် ကြောင်ကို မွေးရတော့သည်။

သူ့နာမည်က ရွှေဝါ။ ရောက်လာစက ကြောင်လားမပြောက်သေးချေ။ ကိုယ်ခန္ဓာက သေးသေးညှက်ညှက်ကလေး။ အသံကလည်း ညောင်သံပင် ပီပီသသ မအော်တတ်။ အမွေးအရောင်က ရွှေရောင်မို့ ရွှေဝါဟု အမည်ပေးလိုက်သည်။ အချိန်ကာလ အတန်ကြာသည့်အခါ တဖြည်းဖြည်းနှင့် အရွယ်ရောက်လာခဲ့သည်။ စားကောင်းသောက်ကောင်း စားရ၍ ဆူဖြိုးဝကစ်လာသည်။ ကိုယ်ခန္ဓာအလုံးအဝန်း ကြီးလာသည်။ ကြွက်ကိုလည်း သဲကြီးမဲကြီး ခုတ်သည်။ အညစ်အကြေးစွန့်ရာ၌မူ စည်းကမ်းလုံးဝမရှိ။ သူ့ကို အပျော်သဘောနှင့် စ၍ စမုန်းမသိ၊ သခင်ကို ရန်လုပ်တတ်သည်။ လက်သည်းနှင့် လှမ်းကုတ်တတ်သည်။ သို့တစေ သူက အားကိုးရသည်။ ကြောင်တစ်ကောင်ပီသရှင်



www.burmeseclassic.com

www.burmeseclassic.com

ကြွက်ကို နိုင်နိုင်နင်းနင်း ဖမ်းဆီးစားသောက်ပစ်လေသည်။ သည်တစ်ခုတည်းနှင့်ပင် ရွှေဝါကို ကျေနပ်နေရပြီ။ အိပ်ခန်းထဲ သူမို့ဝင်သွားလျှင် အော်ဟစ်မောင်းထုတ်ပစ်နေရသည်။ သည့်လိုမှ မမောင်းဘဲနေလိုက်လျှင် အနည်းဆုံးတော့ အညစ်အကြေးတစ်ခုခု စွန့်သွားပြီလို့ မှတ်ပါတော့။

ယခုတော့ဖြင့် ရွှေဝါပျောက်နေသည်။ ဘယ်ဆီဘယ်လမ်း ဘယ်အိမ်ခန်းသို့ ရောက်နေသည် မသိရတော့ပါ။ ခါတိုင်းဆိုလျှင် မည်မျှပင် အိမ်လည်ထွက်ထွက် အချိန်တန်လျှင် အိမ်ပြန်လာတတ်စမြဲ ဖြစ်သည်။

ယခုတော့ ကြွက်ခုတ်တတ်သော ကြောင်ရွှေဝါ အိမ်ပြန်မလာနိုင်လောက်အောင် အဖြစ်ဆိုးနှင့် တိုးနေပြီ ထင်သည်။

အများကြီး ဖြစ်နိုင်ပါသည်။ လမ်းထဲက ပွဲရုံများသို့ လာကြသည့် ကားသမားများ၊ ပွဲရုံမှ အလုပ်သမားများ မျက်စိကျနေသော ရွှေဝါသည် သူတို့အတွက် ဟင်းလျာတစ်ခွက်အဖြစ် ဘဝပြောင်းသွားနိုင်ဖွယ် ရှိပါသည်။ သူဖြူးဝကစ်နေသော ကြောင်သားဟင်းက ခံတွင်းလိုက်နိုင်မည် မဟုတ်ပါလား။ ရွှေဝါမရှိတော့သော်လည်း ရွှေဝါက သူ့ကိုယ်စား အမွေအဖြစ်ထားရစ်ခဲ့သည်က ကြောင်သန်းများ ဖြစ်သည်။ စစ်ခန့်နာ၍ ဘာကောင်ကိုက်သလဲ မကြည့်လိုက်နှင့်။ ကြောင်သန်း သေးသေးမည်းမည်း ကလေးများ တစ်ထွေးကြီး တွေ့ရမည်ကောင်းပင်။ ဘာကိုက်သလဲ မမေးနှင့်၊ ကြောင်သန်းကိုက်ပုံကရက်စက်သည်။

☆ ☆ ☆

ကြောင်သန်းများ၏ ဒဏ်ကို အခံရဆုံးသောသူက ဥမ္မာ။

အိမ်မှာ ယခင်က မွေးစားသမီး နန်းရွှေအိမ် ရှိသည်။ ကလေးမက နောက်ဖေးလမ်းကြားမှာ အဝတ်လျှော် လှမ်းရင်း၊ အဝတ်ရုပ်ရင်း ကျောချင်းကပ်ရက် လမ်းက ပလတ်စတစ်အခဲဟောင်းကျိုသည့် အလုပ်ရုံမှ အလုပ်သမားတစ်ဦးနှင့် ချစ်ခြင်းအစ မျက်စိက ဆိုသလို ချစ်ကြိုးသွယ်မိသည်။ ချုပ်နှောင်ထုံးက ဖွဲ့မဆုံးတော့သည်မို့ ထိုအလုပ်သမားကလေးနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါသွားသည်။ သို့မို့ကြောင့် ယခုဆို အိမ်ထောင်စုစာရင်းတွင် နန်းရွှေအိမ် မရှိတော့ပါ။

နန်းရွှေအိမ်ကိုယ်စား ရောက်လာသူက ဥမ္မာ။ ဥမ္မာ့အပြင် အိမ်မှာ ဇလုံမတစ်ယောက် ရှိသေးသည်။ သမီးကြီး ကျောင်းဆရာမက မိုးလင်းသည်နှင့် အထုပ်အပိုးတွေ တစ်ပွေ့ကြီးပိုက်ပြီး အိမ်ကိုရောက်လာသည်။ သမီးကြီးက သူ့သားလေး ပုတုကို အိမ်မှာ နို့ဘူးနှင့် ထားခဲ့ပြီး ကျောင်းသွားသည်။ သားလေးပုတုကို ဇလုံမက စောင့်ကြည့်ရသည်။ စင်စစ် အမှန်တကယ်ကလေးထိန်းရသည်က ဇလုံမမဟုတ်။ ပုတု၏အဘွား ခင်မမ ဖြစ်သည်။

ဇလုံမ ရောက်စက မည်းမည်း သည်းသည်း၊ သေးသေးညှက်ညှက် ကလေး။ ထမင်းတစ်ခါတစ်ခါစားလျှင် ပန်းကန်နှင့် မဝ။ သို့မို့ကြောင့် ဇလုံနှင့် ထမင်းထည့်စားသည်။ ဇလုံနှင့်မှ ဘာမင်းသည်။ ပန်းကန်ဆိုလျှင် ထမင်းကို မကြာခဏ ထထထည့်နေရမည်။ ဇလုံနှင့်ဆိုတော့ တစ်ချီတည်းနှင့် ကိစ္စပြတ်သည်။ ထမင်းနှစ်ပန်းကန်စာ၊ သုံးပန်းကန်စာ တစ်ထိုင်တည်းစားနိုင်သည်။ ဇလုံမ ယခုဆိုလျှင် ရောက်ခါစနှင့် မတူတော့ချေ။ အသားမည်းတာက ပြင်နိုင်ရန် ခက်ခဲသည့်အရာမို့ ထားပါတော့။ အသားမည်းတာမှအပ လူက စိုပြည်ဝဖြိုးလာသည်။ မျက်နှာက လမင်းလို ပြည့်လာသည်။ ဗိုက်က စူထွက်လာသည်။

ဇလုံနှင့် ထမင်းစားသဖြင့် မူလအမည်ပျောက်ပြီး ဇလုံမ နာမည်တွင်သည်။ အံမိစေး၊ ဇလုံမနှင့် ဥမ္မာတို့ သုံးယောက် အရွယ်ချင်းက မတိမ်းမယိမ်းမို့ အဖွဲ့ကျကြသည်။ သူတို့သုံးဦးအနက် အံမိစေးက ကျောင်းလည်းတက်၊ စာလည်းကျက်ရသည်။ ဇလုံမက ညဘက်ဆိုလျှင် သမီးကြီးနှင့် အိမ်သို့ပြန်သည်။ ဥမ္မာတစ်ဦးတည်းသာ အိမ်မှာကျန်ရစ်သည်။

ရန်ကုန်ရောက်မှ ဥမ္မာလို့ သူ့နာမည်သူ ပေးသည်။ ဥမ္မာ့ဇာတိက ချောက်မြို့က ဖြစ်သည်။ အိမ်ကို ရောက်မလာခင်က ထမင်းဆိုင်မှာ အလုပ်ဝင်လုပ်ဖူးခဲ့သည်ဖြစ်၍ အိမ်တွင်းမှု ဗာဟီရကိစ္စအဝဝ နိုင်သည်။ ထိုစဉ်တုန်းက သူ့အမည်ကိုမေးတော့ ''နွဲ့နွဲ့စန်းလို့ ခေါ်ကြပါတယ် ကြီးကြီးရယ်'' လို့ သူပြောဖူးသည်။ နွဲ့နွဲ့စန်းက ထမင်းဆိုင်မှာလည်း လုပ်ဖူးသည်။ ရေနံလည်း ခပ်သည်။ သူတို့မိသားစုအားလုံး ရေနံနှင့်မကင်းကြ။ အဖေက ရေနံချက်စက်ရုံလုပ်သား၊ သားသမီးများက ရေနံခပ်သူများ ဖြစ်ကြသည်။ ရေနံများ လူသူလေးပါးအလစ်မှာ ခပ်ကာ စားဝတ်နေရေးပြေသာနာ ဖြေရှင်း

www.burmeseclassic.com

ကြသည်။ နောက်ပိုင်း ရေနံခိုးခပ်သူများကို တင်းတင်းကျပ်ကျပ် အရေးယူချုပ်ကိုင်လိုက်သည့်အခါ ရေနံမခပ်နိုင်ကြတော့။

သည်တော့ ကြေးနန်းကြိုး ခိုးဖြတ်ပြန်သည်။ သည်မှာတွင် မိသားစုအတွက် အားအကိုးရဆုံးသော အစ်ကိုခုတ်လိုက်၍ သေဆုံးရသည်။ စားဝတ်နေရေးပြဿနာ ပြေလည်ရေးအတွက် ဦးမှာတစ်ယောက် အိမ်သို့ရောက်လာခြင်း ဖြစ်သည်။

မူလ ရေနံခပ်သည့် နွဲ့နွဲ့စန်းသည် ဦးမှာတစ်ဖြစ်လဲဘဝဖြင့် ရန်ကုန်ရောက်လာသည်။ ဦးမှာက အလုပ်ကြိုးစားလုပ်သည်။ မနားမနေလုပ်လွန်း၍ တားယူရသည်။ ညပိုင်း ရုပ်မြင်သံကြားအစီအစဉ်များကိုကြည့်ရန် ခေါ်ယူရသည်။ မခေါ်လို့များကတော့ အိပ်ရာခင်းနေမည်။ မီးပူတိုက်နေလိမ့်မည်။ မီးဖိုထဲက ပိုးဟပ်ဖြစ်ဖြစ် ရိုက်သတ်နေလိမ့်မည်။

"ပိုးဟပ်က အဆုတ်ရောဂါဖြစ်တတ်တယ်လို့ ကြားဖူးလို့ပါ အဘ" လို့ သူက အဖြေပေးသည်။ ခင်မမက ဦးမှာ့ကို တော်တော်ချစ်သည်။ သူ့အတွက် အများကြီး ကူဖော်လောင်ဖက်ရသည်။ မီးဖိုချောင်ကိစ္စအားလုံး မျက်နှာလွှဲရသည်။

အိမ်က ဘုရားစင်မှာ ဆွမ်း၊ ဆွမ်းဟင်း၊ ပန်း၊ ရေချမ်း ကပ်လျူ၊ ဘုရားမီးပူဇော်ရာတွင်လည်းကောင်း၊ အိမ်မှုကိစ္စ ဗာဟီရအပြင် "ဦးမှာရယ်၊ ကြီးကြီးခေါင်းကိုက်လိုက်တာကွယ်ဆိုလျှင် ဦးမှာက လက်ပေါက်ပေါက်ဖြင့် ဖက်ကြောဆွဲပေးလိုက်သည်။ အမှန်လည်း သက်သာသွားစမြဲ ဖြစ်သည်။

သို့ပေမင့် ယခုတလော ဦးမှာ မျက်စိမျက်နှာ ပျက်နေသည်။ ခြေသလုံးကို လုံချည်ရှည်ရှည်ချပြီး ဖုံးသည်။ ယခင်က ပေါ့ပေါ့ပါးပါး လုံချည်တိုတိုဝတ်ပြီး ဖယ်ဆတ်သလို အလုပ်လုပ်တတ်သော ဦးမှာ ခုတလော လှုပ်ရှားမှု နှေးကွေးနေသည်။

တစ်ချိန်မှာ ဦးမှာ့လက်မောင်းမှာ သွေးစများ တွေ့ရသည်။ ကြည့်လိုက်တော့ ကုတ်ဖဲ့ထား၍ သွေးထွက်နေခြင်း ဖြစ်သည်။

"ဟဲ့ ... ဦးမှာ၊ နင့်လက်မောင်းက ဘာဖြစ်တာလဲ၊ ပြစမ်း"လို့ဆိုပြီး စစ်ဆေးကြည့်တော့ အနာတွေ ပွနေသည်။ ခြေသလုံးမှာ မသက်သာ၍ ကြည့်လိုက်သည့်အခါ ဝဲလိုအနာများ သွေးစများနှင့် တွေ့ရသည်။

"ကြည့်စမ်း၊ ဝဲတွေပါလား။ နင် ဝဲတွေပေါက်တာ တို့ကို ဘာဖြစ်လို့ မပြောတာလဲဟင်" မေးမေးပြောပြော ဆိုတော့မှ အဖြေထွက်လာသည်။

"ဝဲ ... ဝဲ ... မဟုတ်ပါဘူး ဘဘရယ်။ ဟို ... ဟို ... ကြောင်သန်း ကိုက်လို့ပါ"

"ကြောင်သန်း ... ဟုတ်လား။ ဘယ်မှာလဲ ပြစမ်း" ခင်မမက အိမ်အပေါ်ထပ်ခိုးသို့တက်၍ စစ်ဆေးကြည့်လိုက်သည့်အခါတွင်မှ ...

"ဟုတ်ပါရဲ့ကွယ်။ ကြည့်စမ်း၊ ကြောင်သန်းတွေ တစ်ထွေးကြီးပါလား။ ကိုင်း ... ကြမ်းတွေရေပတ်တိုက်ရင်း ရေနံဆီနည်းနည်းထည့်လိုက်ကွယ်။ ပိုလို ကြမ်းပိုးသတ်ဆေးပါ ထည့်တိုက်ကြစမ်း။ မဦးမှာ ဒါကြောင့် တစ်ကိုယ်လုံး အနာတွေ ပွနေတာကိုး။ တို့က ဝဲအောက်မေ့လို့၊ ကြောင်သန်းကိုက်ခံရပြီး အနာတွေ ဖြစ်နေတာပေါ့လေ။ ကိုင်း ... ကိုင်း၊ လာ၊ အေးမိစံတို့၊ ဇလုံမတို့ပါလာကြ"

သည်လိုနှင့် အိမ်သန့်ရှင်းရေး လုပ်ဖြစ်သွားသည်။ ရွှေဝါ့အမွေဖြစ်ကြသည့် မြောက်မြားလှစွာသော ကြောင်သန်းများ ဒုက္ခပေးမှုကြောင့် ဦးမှာ့ကို ဆေးခန်းပို့ရသည်။ ယားနာပျောက်ဆေး၊ စားဆေးပါ ပေးလိုက်သည်။ ဆေးလည်း ထိုးရသည်။ ဆေးငါးလုံးလောက် ထိုးပြီးမှပင် ဦးမှာ့အနာများ ခြောက်သွားသည်။

သို့ပေမင့် ဦးမှာ့နာမည်နောက်မှာ ဘွဲ့ထူးတစ်လုံး ထပ်တိုးသည်။ အိမ်မှာက သမီးလတ် ချိုမာလွင် ရှိနေသည်။ သမီးလတ်ကို အဖေက ချစ်သည်။ ခိုင်းစရာရှိလျှင်လည်း ချိုမာ၊ ကျွေးစရာရှိလျှင်လည်း ချိုမာ။ ချိုမာကို အဖေက ခိုင်းလိုက်တိုင်း ဦးမှာက "ရှင် ... လာပါပြီ ဘဘ"လို့ထူးပြီး ပြေးတက်လာတတ်သည်။ "နင့်ကိုခေါ်တာ မဟုတ်ဘူး ဦးမှာ၊ ချိုမာ့ကိုခေါ်တာ" လို့ မကြာခဏ ရှင်းရသည်။

ဦးမှာ ခေါ်လိုက်ပြန်လျှင်လည်း ချိုမာက ထူးသည်။ ဦးမှာနှင့် ချိုမာ မကြာခဏ စာရင်းရှုပ်နေတတ်သည်။

ယခုတော့ စာရင်းမရှုပ်တော့။ ဦးမှာ့နာမည်နောက်မှာ မှတ်သားရလွယ်အောင်ဆိုပြီး ဝဲကျော်ဆိုတာ ထည့်ခေါ်လိုက်သည်။ ဦးမှာဝဲကျော်။

အဖေက ပိုတိုအောင်ဆိုပြီး ခေါ်လိုက်တော့ ...

"ဝဲ ..."

"ရှင် ... ဘဘကြီး၊ လာပါပြီ"

ခင်မောင်အေး(မန္တလေး)




www.burmeseclassic.com

www.burmeseclassic.com

# ကလေးရှိသည့် လက်တွန်းလှည်း ကိုင်ပေါက်သည့် ဒေါသအိုး သေဒဏ်ခံရ

ညို့မင်းလွင်(မော်ကျွန်း)



တရုတ်နိုင်ငံ၊ ပေကျင်းမြို့တော်၊ ဒါဇင်းခရိုင်တွင် ကားရပ်နားခွင့်စခန်း၌ လူတစ်ဦးသည် ကားရပ်ခွင့်ကိစ္စနှင့်ပတ်သက်ပြီး ကလေးမိခင်တစ်ဦးနှင့် အငြင်းပွားရာမှ ၎င်း၏ဒေါသပေါက်ကွဲကာ ကလေးစီးလက်တွန်းလှည်းအတွင်းမှ ကလေးကို ဆွဲယူကိုင်ပေါက်သဖြင့် ကလေးသေဆုံးရခြင်းအပေါ် ၎င်းလူအား သေဒဏ်ချမှတ်လိုက်ကြောင်း ၁၊ ၁၊ ၁၄ အင်တာနက်တွင် ဖော်ပြလိုက်သည်။

ပေကျင်းမြို့တော်၊ ဒါဇင်ခရိုင်၏ မြို့တော်သည် လူဦးရေထူထပ်ပြီး စည်ကားသော မြို့ဖြစ်သည်။ ၂၃၊ ၇၊ ၁၃ နေ့တွင် ၎င်းမြို့တော်၏ ကားရပ်နားခွင့်ဝင်းတွင် မိခင်တစ်ဦးက ကားပေါ်မှ ကလေးစီးလက်တွန်းလှည်းကို ကားပြင်ထုတ်ဆောင်ရွက်ချိန်တွင် အခြားကားတစ်စီးက မောင်းဝင်လာပြီး ၎င်းကားပိုင်ရှင် ဟန်လီ (၃၉)နှစ်က ကားရပ်ခြင်းနှင့်ပတ်သက်၍ မလွတ်မလပ်ဖြစ်နေသဖြင့် ကလေးမိခင်နှင့် အချေအတင် စကားများခဲ့ကြသည်။ ဒေါသအိုး ဟန်လီသည် ဒေါသအိုးပေါက်ကွဲခဲ့ပြီး လက်တွန်းလှည်းထဲမှ မိန်းကလေး (၁၀ လရှိနေသည်)ကို မ,ယူပြီး ကားပါကင်ကြမ်းပြင်ပေါ် ကိုင်ပေါက်လိုက်တော့သည်။ နုနယ်သေးသော မိန်းကလေးမှာ ဒဏ်ရာဗရပွဖြင့် ဆေးရုံတင်လိုက်ရသည်။ ကြပ်မတ်ကုသသော်လည်း ကလေးသေဆုံးခဲ့ရသည်။ လူဦးရေထိန်းချုပ်ရေးအရ ကလေးတစ်ဦးသာ မွေးခွင့်ရှိသော သေဆုံးသည့် မိန်းကလေး၏ မိဘများသည် အသည်းဟက်တက်ကွဲခဲ့ရပြီး ၂၀၁၃၊ ဇူလိုင်တွင် ပြည်သူ့တရားရုံးတွင် အမှုဖွင့်တိုင်ကြားခဲ့ရာ ရုံးတော်က အထပ်ထပ်စီစစ်ကြားနာပြီး ဟန်လီ ကိုင်ပေါက်မှုကြောင့် ကလေးသေဆုံးရပုံကို စစ်ဆေးတွေ့ရှိသဖြင့် ၁၉၊ ၁၁၊ ၁၃ နေ့တွင် သေဒဏ်ချမှတ်ခဲ့သည်။ ဟန်လီက "လှည်းအတွင်းမှာ ကလေးရှိနေကြောင်း မသိသဖြင့် ကိုင်ပေါက်မိကြောင်း စောဒကတက်သော်လည်း ရုံးတော်က လက်မခံဘဲ စီရင်ချက်ကို အတည်ပြုခဲ့သည်။

ညို့မင်းလွင်(မော်ကျွန်း)

*Ref: Internet News, 10.1.2014*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မာယာအရိပ် အတိတ်ကျိန်စာသင့်ခဲ့ပြီ

ကျော်မင်းနိုင်

## (တစ်)

မြူရောင်တွေ ဝေ့ဝိုက်ဝဲနေစဉ်မှာပင် ခါကာဘိုရာဇီ တောင်မြင့်ကြီးကို အဝေးမှ လှမ်းမြင်နေရသည်။

ထင်ထင်ရှားရှားတော့မဟုတ်။ မှုန်ပျပျ ခပ်ရေးရေးမျှသာ။

'ထက်ရှား'ရောက်နေသော နေရာမှာ မြန်မာပြည်၏ မြောက်ဖျားဒေသ။ ရေခဲဖုံးနေသော နှင်းတောင်ကြီးတွေ မို့မို့မောက်မောက်။ တချို့တောင်ထွတ်များက နှင်းမုန်တိုင်းရိုက်ခတ်သဖြင့် ပွဲပြိုကျနေ၏။ အချို့ဖောင်းထလျက်ရှိ၏။ လှိုံသွားတွေ ထောင်ထားသလို ချွန်ချွန်မြမြ။

သည်ဘက်မှာက မြန်မာပြည်။ ဟိုဘက်မှာက တိဘက်နယ်။ ထက်ရှားနှင့် အဘိုးဦးအောင်ထွန်းတို့ ရွက်ထည်တဲကလေးမှာ တောင်စောင်း၌ပင် ဖြစ်သော်လည်း တောင်ပေါ်လေ တရှီးရှီးနှင့် ဖမ့ူရမ်းခြင်းကို ခံနေရသည်။

မြေစိုက် ရွက်ထည်တဲကလေးကို သံငုတ်များ နက်ရှိုင်းစိုက်၍ ပလတ်စတစ်ကြိုးလုံးကြီးကြီးနှင့် ချည်နှောင်ထားသဖြင့် တဲကလေး လွင့်ထွက်သွားမည်ကို မပူရ။

သို့သော် လေပြင်းသဖြင့် အပြင်သို့ မထွက်ရခြင်းအတွက် ထက်ရှားအဖို့ စိတ်မရှည်နိုင်စရာ ကောင်းလှသည်။ သူက ချစ်သူပျောက်ရှာပုံတော်ခရီး ထွက်ချင်နေသူ။

အဘိုးဦးအောင်ထွန်းနှင့် အမြဲလိုက်ပါလေ့ရှိသော ဦးစိုင်းနောင်နှင့်အဘ သူတို့ယမန်နေ့က တောင်ကြားက တူးဆွယူဆောင်လာသော ဆေးမြစ်၊ ဆေးဥများကို ပလိုင်းထဲက ထုတ်၍ စစ်ဆေးနေကြသည်။

အလင်းရောင်အားနည်းသဖြင့် ရွက်ထည်တဲအတွင်းမှာ မီးအိမ်ထွန်းထားရသည်။ မီးအိမ်အလင်းရောင်နှင့်ပင် ပလိုင်းသေးကလေးထဲမှ ဆေးမြစ်ဆေးဥများကို တစ်ခုချင်း ထုတ်၍ စစ်ဆေးပြီးမှ ပလိုင်းကြီးတစ်လုံးထဲကို လည့်သည်။

ပလိုင်းသေးမှာ တစ်တောင်မျှရှိပြီး တစ်နေ့စာ အရှာထွက်လျှင် ပေါ့ပေါ့ပါးပါး တစ်နိုင်သယ်ပိုးနိုင်ပြီး ပလိုင်းကြီးမှာ ရေနှစ်ထမ်းဝင် စဉ့်အိုးအရွယ်ရှိပြီး တောင်ပေါ်မှ ပြန်အဆင်းတွင် လားနှင့်သယ်ဆောင်နိုင်ရန် ဆိုင်းကြိုးကွင်းများ တပ်ဆင်ထားသည်။

ဦးစိုင်းနောင်မှာ အဘိုး၏တပည့်အရင်းဖြစ်ပြီး အဘိုးခရီးထွက်ရာတွင် အမြဲတမ်း လိုက်ပါလေ့ရှိသူ ဖြစ်၏။ အဘိုးဦးအောင်ထွန်းနှင့် ဦးစိုင်းနောင်အဖို့ ထိုခရီးမှာ အခက်အခဲတကြိယ်မဟုတ်သော်လည်း တစ်ခါတစ်ရံမျှ လိုက်ပါလေ့ရှိသော ထက်ရှားအဖို့မူ တွေ့သမျှကြုံသမျှ အဆန်းတွေချည်းဖြစ်နေ၏။

သည်မြောက်ဖျားဒေသမှာက နှင်းမုန်တိုင်းကို ရှောင်၍မရ။ ယခု သာသာယာယာနှင့် နေလုံးပျပျမျှ မြင်နေရပြီး ခဏချင်းမှာ နှင်းမုန်တိုင်းကျ အမှောင်ထုလွှမ်းမိုးသွားနိုင်သည်။

လေတွေတဂိုးဂိုးတိုက်ခတ်ပြီး ရေခဲတောင်ထွတ်တွေ တဝုန်းဝုန်း ပြိုပွဲကျပြီးနောက် တစ်ခဏချင်း ငြိမ်သက်သွားတတ်ပြန်သည်။ ခါကာဘိုရာဇီနှင့် ဂန်လန်ရာဇီတောင်ထွတ်ကြီးတွေ စောစောက သူတို့မိုက်ရမ်းဆိုးသွမ်းခဲ့ခြင်းမဟုတ်သလို နှင်းထုကြား



www.burmeseclassic.com

www.burmeseclassic.com

ကနေ နေရောင်အောက်မှာ ရေခဲခမောက်ဆောင်းပြီး သက်တန့်ရောင်စဉ် ဆင်မြန်း၍ အလှကြီးလှနေတော့ပြန်သည်။

ထိုအခါမျိုးတွင် တစ်ဖက်နိုင်ငံ တောင်ကမ်းပါးယံကြီးများကို နေရောင်ခြည်မပို့တပိကြားက ကြောက်မက်ဖွယ်ရာ လှမ်းမြင်ရသည်။ဟုတ်ပါသည်။ တကယ့်ကို ကြောက်မက်ဖွယ်ရာမြင်ကွင်းပင်။

မတ်စောက်သော တောင်ကမ်းပါးယံ ဂူပေါက်တွေအစီအရီ ရှိနေ၏။ ထိုဂူပေါက်များကို လူတွေက တူးဖောက်ထားလေသလား၊ သဘာဝအလျောက်ပဲ ရှိနေသည်လား မည်သူမဆ အတတ်မပြောနိုင်။ ပြီးတော့ ယင်းဂူပေါက်များ ဘယ်ရွေ့ဘယ်မျှရှိမည်ကိုလည်း ရေတွက်၍ ရနိုင်လိမ့်မည်မဟုတ်။

တောင်ကမ်းပါးယံ အထပ်ထပ်မှာ ထိုသို့သော ဂူပေါက်တွေ မရေမတွက်နိုင်လောက်အောင်ကိုပင်ရှိနေ၏။

နှင်းမုန်တိုင်းကျ၍ လေပြင်းတွေတိုက်ခတ်သောအခါ ထိုဂူပေါက်ကြီးတွေကို လေက ထိုးဆောင့်ပြီး ပြန်တွန်းကန်ထွက်လာသော အသံတွေကလည်း မျိုးစုံလှ၏။

လေပြည်လေညင်း တိုက်ခတ်နေစဉ် တေးဆိုညည်းသံလို သာယာနာပျော်ဖွယ်။ လေပြင်းမုန်တိုင်း တိုက်ခတ်လျှင်တော့ မကောင်းဆိုးရွားကောင်တွေ အော်ဟစ်နေသလို ကြောက်မက်ဖွယ်အသံကြီးတွေ ထွက်နေ၏။

ထိုအသံတွေထက် စိတ်ဝင်စားစရာမြင်ကွင်းမှာ ဂူပေါက်ဝတွင် ရာနှင့်ချီ၍ရှိနေမည်ဖြစ်သော ခေါင်းတလားကြီးများပင်။

အဘိုးဦးအောင်ထွန်းတို့အတွက် ထိုမြင်ကွင်းမှာ မထူးဆန်းသော်လည်း အခုမှ အဘိုးတို့နှင့်အတူ လိုက်ပါလာသော ထက်ရှားအဖို့ ထူးဆန်းနေလေသည်။

တောင်ကမ်းပါးယံ ဂူပေါက်များရှေ့တွင် လင်းတကြီးတွေ ဝဲပျံနေခြင်းကိုက အနိဋ္ဌာရုံမြင်ကွင်းဟု ထက်ရှားက မြင်နေကာ စစ်ပြန်ဟောင်းကြီးဖြစ်သော အဘိုးဦးအောင်ထွန်းအပြဆောင်ထားသော အဝေးကြည့်မှန်ပြောင်းနှင့် နေသာချိန်မြင်ကွင်းကလေးပေါ်လာသည်နှင့် လှမ်း၍ကြည့်မိတတ်သည်။

ထိုအခါ ...

လင်းတကြီးများသည် တောင်ကမ်းပါးယံ ဂူပေါက်ဝရှေ့က ခေါင်းတလားကြီးတစ်ခုအတွင်းမှ အူတွဲကြီးတစ်တွဲကို နှုတ်သီးဖြင့် ပေါက်၍ ဆွဲအယူ နောက်တစ်ကောင်ကပါ ထိုအူတွဲကြီးကို နှုတ်သီးဖြင့် ဆွဲလုပြီး ပြတ်ထွက်အလာ အဝမ်းမရ မျိုချလိုက်သည်ကို မသတီစရာ တွေ့မြင်လိုက်ရသည်။

*** *** ***

(နှစ်)

လေပြင်းက တဝီးဝီးတိုက်ခတ်နေဆဲ။

နှင်းမုန်တိုင်းတွေကျလာပြီး အမှောင်ထုလွှမ်းလာစဉ် ဂူပေါက်ထဲကို လင်းတကြီးတွေ အလုအယက် ပျံသန်းတိုးဝင်သွားကြပြန်၏။

"အား ..."

"အီး ..."

"ဟူး ... ဟူး"

"အား ..."

ကြောက်မက်ဖွယ် အော်ဟစ်သံအမျိုးမျိုးထွက်နေစဉ် ရွက်ထည်တဲမှ ပြတင်းပေါက်အကာကို ဆွဲပိတ်လိုက်သော အဘိုးကြောင့် မှန်ပြောင်းနှင့်ကြည့်နေရာက မှန်ပြောင်းကို မျက်စိမှခွာပြီး လွှတ်ချလိုက်ရသည်။ သားရေ

ပေါက်ကွဲသံကြီးလိုလို၊
မိုးကြိုးပစ်သံကြီးလိုလို
ဆူညံသောအသံကြီး မြည်ဟီးပြီး
ရွက်ထည်တဲကို ကိုင်လှုပ်လိုက်သလို
သိမ့်သိမ့်ခါသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အမာခံကြိုးနှင့် ဆိုင်းထားသော မှန်ပြောင်းမှာ ထက်ရှားရင်ဘတ်ရှေ့မှာ တွဲလောင်းကျနေ၏။

"ငါ့မြေးလည်း တစ်နေ့တစ်နေ့ ဒီမှန်ပြောင်းတစ်လက်နဲ့ အလုပ်ရှုပ်နေတာကိုး။ နေသာပြီး ခြေခင်းလက်ခင်းသာတဲ့တစ်နေ့ အဲဒီဘက်ကို ကူးကြတာပေါ့ကွာ ။။"

"စိတ်ဝင်စားစရာ မြင်ကွင်းမို့ ကြည့်နေတာပေါ့ အဘိုးရဲ့။ ဘာလဲ၊ အဘိုးက မကြည့်စေချင်လို့လား"

"မကြည့်စေချင်လို့ မဟုတ်ပါဘူး ပြေးရယ်။ မြေးကို ဗဟုသုတရအောင် ဒီခရီးကို ခေါ်လာမှတော့ အဘိုးမှာ ဘာမှမကြည့်စေချင်တာ မရှိပါဘူး။ နှင်းမုန်တိုင်းကျလာလို့ ဒီထက်လေပြင်းလာရင် တဲထဲကို အပြင်က နှင်းခဲတွေဝင်လာပြီး စိုကုန်မှာစိုးလို့ပါ"

"ဒီတစ်ခေါက် မြောက်ပိုင်းခရီးက စိတ်ဝင်စားစရာတွေချည်းပဲနော် အဘိုး ။။။"

"အေးကွယ်။ မြောက်ပိုင်းရောက်လေ စိတ်ဝင်စားစရာတွေ ငါ့မြေးတွေ့ရလေနေမှာ။ လူမျိုးချင်းမတူတော့ ဓလေ့စရိုက်တွေ မတူကြဘူးလေကွယ်"

"အဘိုးတို့ ခရီးထွက်တိုင်း ဒီဘက်ကို ရောက်ရောက်လာကြတာပဲလား"

"အေးပေါ့ကွယ်။ နယ်စပ်ဆိုတော့ စည်းရိုးကာမထားနိုင်ကြဘူးလေ။ ဒီနယ်စပ်နေ လူမျိုးတွေကတော့ သိပ်ပြီးစည်းမခြားလို့ သီးခြားနေလေ့မရှိကြပါဘူး။ သူ့နယ်ဘက်ကလည်း ကိုယ့်နယ်ဘက်ရောက်၊ ကိုယ့်နယ်ဘက်ကလည်း သူ့နယ်ဘက်ရောက် အဆင်ပြေသလို အသက်မွေးဝမ်းကျောင်းပြုရတာပဲ။ အဘိုးဆိုရင် နယ်ခြားစောင့်တပ်မှာ အမှုထမ်းခဲ့ဖူးလို့ ဟိုဘက်ကလူတွေနဲ့ ခင်မင်ရင်းနှီးနေတာပဲ"

အဘိုးစကားကို ဦးစိုင်းနော်က ပါ ဝင်၍ပြောသည်။

"ခင်မင်ရင်းနှီးနေရုံမကဘူး မောင်ထက်ရဲ့။ တချို့ဆိုရင် သူ့ဘက် ကိုယ့်ဘက် သမီးပေးသားယူ၊ သားပေး သမီးယူနဲ့ ဆွေတွေမျိုးတွေ ဖြစ်နေကြတာ"

"ဟုတ်တယ်ကွဲ့။ နယ်စပ်မျဉ်းတို့၊ ဘော်ဒါလိုင်းတို့ဆိုတာတွေဟာ အုပ်ချုပ်သူတွေအချင်းချင်း ကန့်သတ်ထားတဲ့ စည်းတွေပါကွာ။ လူသားအချင်းချင်းဟာ တကယ်တော့ နယ်စည်းမခြားနိုင်ကြပါဘူးလေ"

အဘိုးက သူ့အတွေ့အကြုံကို နယ်စပ်အခြေအနေနှင့် နှိုင်းယှဉ်ပြောပြနေစဉ် ရုတ်တရက် စကားစပြတ်သွားသော အကြောင်းခြင်းရာက ပေါ်ထွက်လာသည်။

"ဝုန်း ။။။"

"ဝေါ ။။။"

"ဝရော ။။။ ရော"

"အုန်း ။။။"

ပေါက်ကွဲသံကြီးလိုလို၊ မိုးကြိုးပစ်သံကြီးလိုလို ဆူညံသောအသံကြီးမြည်ဟီးပြီး ရွက်ထည်တဲကို ကိုင်လှုပ်လိုက်သလို သိမ့်သိမ့် ခါသွားလေသည်။

အသံကြီးကြောင့် စောစောက ရွက်ထည်တဲ ပြတင်းပေါက်ကို လုမ်းပိတ်ခဲ့သော အဘိုးဦးအောင်ထွန်း လျင်မြန်စွာ ပြန်ဖွင့်ကြည့်ဒိပြန်သည်။

အမှန်တော့ နှင်းမုန်တိုင်းကြောင့် ရေခဲတောင် ပြိုကျသွားခြင်းဖြစ်၏။ ပြိုကျလာသော ရေခဲတုံးကြီးမှာ အိမ်ကြီးတစ်လုံးစာမျှရှိပြီး တစ်ဖက်တောင်ကြောအတိုင်း လိမ့်ဆင်းသွား၍တော်တော့သည်။

ဦးစိုင်းနော်ကပါ ပြတင်းပေါက်အနီး ကပ်ကြည့်ပြီး ခေါင်းတညိတ်ညိတ်လုပ်သည်။

"ဆရာကြီး ရွေးပြီးစခန်းအထိုင်ချရင် ကျွန်တော်က စိတ်ချပြီးသားပါ။ ဘယ်တော့မှ အန္တရာယ်မရှိဘူး"

"နှင်းဖုံးတောင်တွေကြားမှာ စခန်းချရင် လေကွယ်ရာအရပ်၊ တောင်ကြားအထက်မှာ နေရာယူစခန်းချတာ စိတ်အချရဆုံးပါပဲ စိုင်းနော်ရာ။ ဒီခရီးမှာ ခါတိုင်းလို ငါတို့နှစ်ယောက်တည်း မဟုတ်ဘူးလေ"

အဘိုးဦးအောင်ထွန်း၏စကားက ထက်ရှားကို ငဲ့၍ ပြောဆိုလိုက်မှန်း ထက်ရှားသိလိုက်ကာ ဘဝင်မကျ ဖြစ်သွား၏။

"အဘိုးက သားကိုလျှော့တွက်ပြီး ပြောနေတာကိုး"

"အဲဒီလိုမဟုတ်ပါဘူး သားရယ်။ သားက သစ်တောဦးစီးဘဝနဲ့ တောတွေ၊ တောင်တွေထဲမှာ ကျင်လည်ခဲ့တာကို အဘိုးသိပါတယ်။ ခု ရေခဲတောင်အရပ်ကျတော့ စခန်းချရတာ မတည်ငြိမ်ဘူးလေ။ လေတိုက်နှုန်းနဲ့ ရေခဲတောင် ဖြစ်တည်မှုအခြေအနေကိုကြည့်ပြီး စခန်းကို အရှင်ထားပြီး ရွှေ့ပြောင်းနေရတယ်။ ဒါကြောင့် ခရီးမဆုံးခင် သားစိတ်ပျက်သွားမှာ စိုးလို့ပါ"

"သားစိတ်ပျက်သွားမှာကိုတော့



www.burmeseclassic.com

www.burmeseclassic.com

အဘိုးထည့်ပြီး စဉ်းစားမနေပါနဲ့။ သားက မြောက်ဖျားရောက်လေ စိတ်ခေါက်ပိုတက်ကြွလေပဲ။ သားအကြောင်း အဘိုးသိပါတယ်လေ''

''သြော် . . . သားရယ်၊ ငါ့မြေးက 'လိုင်တန်ဆင်း'ကို ခုအချိန်ထိ မေ့လို့မရသေးဘူးကိုး''

''ဟုတ်တယ် အဘိုး။ သားအခုအချိန်အထိ သားချစ်သူ 'လိုင်တန်ဆင်း'ကို မေ့လို့မရသေးပါဘူး အဘိုးရယ်''

''အဘိုးသိပါတယ် သားရယ်။ သားဟာ ဒါကြောင့် အိမ်ထောင်မပြုသေးဘဲ နေနေတာကို အဘိုးတင်မကဘူး သားအဖေနဲ့ အမေကလည်း သိနေတာပါသားရယ်''

နှင်းမုန်တိုင်း အေးအေးကြားမှာ ခပ်ဆွေးဆွေး အချစ်ဇာတ်လမ်းတစ်ပုဒ်ကို သတိရနေစဉ် ဦးစိုင်းနော်က ညစာစားဖို့ သတိပေးသောကြောင့် ခြေရင်းရှိ ခေါက်စားပွဲရှိရာသို့ ထလာခဲ့ကြရသည်။

ပတ္တူခေါက်စားပွဲပေါ်မှာ ပေါင်မုန့်ချပ်နှင့် ငါးသေတ္တာဟင်းက အငွေ့တထောင်းထောင်း စားချင့်စဖွယ် ဆီးကြိုလျက် . . .။

*** *** ***

(သုံး)

ညပိုင်းကျတော့ နှင်းမုန်တိုင်းစဲသွားလေသည်။

ကောင်းကင်မှာ လဆန်း ၁၃ ရက်လသည် မိုးတိမ်မြူသား ကင်းစင်စွာနှင့် ထိန်ထိန်သာနေ၏။ ကြယ်တွေက တစ်ပွင့်နှင့်တစ်ပွင့် စိန်ရောင်အပြိုင်တောက်လျက်။

မိုးယံသို့ ထိုးထွက်နေသော ခပ်ဝေးဝေးဆီမှ ရေခဲတောင်ကြီးမှာလည်း စိန်တုံးကြီးအသွင်။

မြောက်ဖျား၏ လသာရက်များသည် နှင်းမြူတိမ်လွှာမုန်တိုင်းကင်းစင်ပါက စိန်နန်းတော်ကြီးပမာ ရှုလို့မငြီးနိုင်စရာ အတိ။

ရွက်ထည်တဲကလေးထဲတွင် ခရီးဆောင်အိပ်ရာ သုံးခု ဖြန့်ခင်းထားပြီး အဘိုးဦးအောင်ထွန်းက ရွက်ထည်တဲ၏ အလယ်ကောင်တွင် အိပ်သည်။ ဘေးတစ်ဖက်တစ်ချက် မြေးဖြစ်သူ ထက်ရှားနှင့် တပည့်ဖြစ်သူဦးစိုင်းနော်တို့က အိပ်သည်။

အဘိုးဦးအောင်ထွန်းမှာ ရွက်ထည်တဲ၏ အလယ်တွင် နေရာယူထားသော်လည်း ညဉ့်နက်သည်အထိ မအိပ်ဘဲ တရားထိုင်လေ့ရှိ၏။ အိပ်ရာခေါင်းရင်းတွင် ခေါက်စားပွဲတစ်လုံးနှင့် ဘုရားစင် ပြင်ဆင်ထားသည်။ ခရီးထွက်ရာတွင် အမြဲပင့်ဆောင်လေ့ရှိသော ကျောက်စိမ်းဆင်းတုလေးကို ပူဇော်ထား၏။ ဘုရားစင်ပေါ်တွင် သောက်တော်ရေချမ်းတစ်ခွက်နှင့် ဖယောင်းတိုင်တစ်တိုင်ကို မနက်တစ်တိုင်၊ ညတစ်တိုင် ထွန်း၍ ပူဇော်ထားတတ်သည်။

ဘုရားပန်းအဖြစ် တောပန်း၊ တောင်ပန်း လတ်လတ်ဆတ်ဆတ်များကို ကြေးအိုးကလေးထဲတွင် အကျအနစိုက်၍ ပူဇော်ထားသည်။ ဆွမ်းကိုတော့ မနက်စာအာဟာရထဲမှ သင့်ရာစားဦးစားဖျားကို ဆက်ကပ်ထားတတ်သည်။

တောင်ခြေတောတန်းဖြစ်၍ ရေခဲပြင်အတိ ဖုံးလွှမ်းခြင်းရှိမနေ၍ အအေးပိုင်း သစ်ပင်ပန်းပင်လေးတွေ ဟိုတစ်စ ဒီတစ်စ ခပ်ပါးပါး ခပ်ကျဲကျဲ ရှိနေရာမှ ဖူးပွင့်နေသော ပန်းကလေးများကို ခူးဆွတ်ပြီးပူဇော်ထားခြင်းပင်။

ပန်းပွင့်ကလေးတွေမှာ အရောင်အသွေး တောက်ပပြီး ပွင့်ဖတ်ပွင့်ချပ်များ နှင်းဒဏ်ခံနိုင်ရည်ရှိအောင် ထူထူထဲထဲ ရှိလှသဖြင့် ဖယောင်းပန်းလိုလို၊ ကတ္တီပါပန်းလိုလိုနှင့် ရနံ့မွှေးချက်က သင်းသင်းမြမြလေးရှိ၏။ ရွက်ထည်တဲကလေးအတွင်းမှာ အမှတ်တမဲ့ကြည့်လျှင် ဘုရားဆောင်တစ်ခုနှယ်မခြားထင်မှတ်မှားလောက်သည်။

ရွက်ထည်တဲအပြင်မှာ မျက်စိလည်လမ်းမှားလာသော တောကောင်များ အလွယ်တကူ မဝင်နိုင်စေရန် ကျောက်တုံးတွေဆင့်ဆင့်ပြီး တဲနှင့် ငါးပေအကွာမှာ ရင်စို့လောက်အကာအရံ ရှိထားသည်။ အဋ္ဌဂံပုံစံ၊ အဝိုင်းလည်းမကျ၊ ရှစ်မြောင့်ချိုးထားခြင်းပင်။

ဒါကလည်း ယခင်က စခန်းဟောင်းဖြစ်ခဲ့ဖူး၍ အဆင်သင့်ရှိနေခြင်းပင်။ နယ်ခြားစောင့်တပ်တစ်တပ်၏ ကင်းစခန်းဟောင်းနေရာ ဖြစ်ခဲ့ဖူး၍ နယ်ခြားစောင့်တပ်သားဖြစ်ခဲ့ဖူးသော အဘိုးဦးအောင်ထွန်းက မြေပုံနှင့် အကျအန မှတ်သားထား၍ ထိုနေရာမှာ သိပ်ပင်ပင်ပန်းပန်း မပြင်ဆင်ရဘဲ စခန်းချနိုင်ခြင်း ဖြစ်၏။

ကျောက်တုံးတံတိုင်း၏ အပြင်ဘက်တွင် စမ်းချောင်းကလေးတစ်ခုက ကွေ့ဝိုက်စီးဆင်းနေသော်လည်း ယခုတော့ အချို့နေရာတွင် ရေခဲပြင်ဖြစ်လျက် အချို့နေရာတွင် စမ်းရေအိုင်အသွင် စီးတစ်လှည့် မစီးတစ်လှည့် ရစ်ရစ်ခွေခွေ မပြေတပြေ။

www.burmeseclassic.com

အဘိုး၏တပည့်ကြီး ဦးစိုင်းနောင်သည် အဘိုးကဲ့သို့ ဘုရားရှိခိုး၊ ဝိပဿနာ တရားမထိုင်ဘဲ စိပ်ပုတီးစိပ်လျက်ရှိသည်။

အဘိုးက ဝိပဿနာကျင့်စဉ် ကျင့်ပြီး အဘိုးတပည့် ဦးစိုင်းနောင်က သမထသမားဖြစ်ပုံရသည်။ အဘိုးသည် နယ်ခြားစောင့်တပ်တွင် တပ်ကြပ်ကြီးအဆင့်တာဝန် ထမ်းဆောင်သူဖြစ်၍ သေနတ်ကိုင်ဆောင်ဖူးသူဖြစ်၏။

အဘိုး၏တပည့် ဦးစိုင်းနောင်မှာ ဒေသတွင်း မုဆိုးကြီးအဖြစ် အသက်မွေးဝမ်းကျောင်းဖူးသူဖြစ်၍ သူလည်း သေနတ်ကိုင်ဆောင်ဖူးသူဖြစ်၏။

အဘိုးနှင့် ဦးစိုင်းနောင်တို့မှာ မြန်မာပြည်မြောက်ဖျား တောင်ပေါ်သားများဖြစ်၍ သေနတ်သာမက အမဲလိုက်ရာတွင်သုံးသော ဓားလှံလေးမြား သားသတ်လက်နက်အစုံကို ကိုင်တွယ်ခဲ့ဖူးသူများချည်း ဖြစ်၏။

ယခုတော့ အဘိုးက အရွယ်အရ၊ အလုပ်အကိုင်အရ သေနတ်နှင့် ဓားလှံလေးမြားတို့ကို မကိုင်ဆောင်သော်လည်း အဘိုးတပည့်ဦးစိုင်းနောင်ကမူ ထိုလက်နက်များကို ကိုင်ဆောင်နေဆဲ ရှိသေး၏။

အဘိုးအတွက် ခြွင်းချက်တော့ ရှိသည်။

အဘိုးတောတက်လျှင် ကိုယ်နှင့်မကွာ ပါလေ့ရှိသော ဆောင်ဓားကြီးဖြစ်၏။ ထိုဆောင်ဓားကြီးမှာ သံမဏိသားကောင်းကောင်းနှင့် မီးအောင်အောင်ပေးပြီး ပန်းပဲဖိုတွင် ပုံသွင်းထား၍ အဘိုးအင်မတန် တန်ဖိုးထားသော ဓားဖြစ်၏။

ခုတ်ဓား၊ ထိုးဓားအဖြစ် လိုအပ်သလို အသုံးပြုနိုင်၍ ယခုလိုအခါ သစ်မြစ်သစ်ဉ တူးဆွရှာဖွေသောအခါ တူးဆွနိုင်ရန်အတွက်သော ဆောင်ထားရခြင်းဟု အဘိုးကပြောခဲ့၍ ထက်ရှားအဘိုးထံမှ အမွေခံအဖြစ် မတောင်းယူနိုင်သေးဘဲ ရှိနေသော လက်နက်ဖြစ်၏။

ဒေသခံဖြစ်သော အဘိုးက ဤဒေသတွင် မတတ်ကျွမ်းလျှင် မဖြစ်သည့် သိုင်းပညာကိုမူ အဆင့်မြင့်မြင့် သင်ကြားပေးထား၍ ထက်ရှားသည် လက်နက်မဲ့သိုင်းနှင့် ဓားသိုင်း၊ တုတ်သိုင်းများကို ကျွမ်းကျင်နေခဲ့ပြီးသားဖြစ်၏။

အဘိုးသည် သူပြောဆိုခဲ့သည့် အတိုင်း လိုဓားကြီးပေါ်တွင် သဘောထားပုံရသည်။

ယခုလို ဘုရားရှိခိုး၊ တရားထိုင်နေစဉ် သူ၏ဓားကြီးကို သူ့အိပ်ရာဘေးမှ ဓားအိမ်မှာ စွပ်လျက်ချထားသည်။ ခရီးထွက်မှ ပလိုင်းရှည်နှင့် ဓားကို စလွယ်သိုင်း၍ ရင်ဘတ်ကြက်ခြေခတ်လွယ်ကာ အပါယူဆောင်သွားတတ်သည်။ သေနတ်နှင့် လေးမြားကို အဘိုးလုံးဝမကိုင်တွယ်တော့။

အဘိုးတပည့် ဦးစိုင်းနော်သာလျှင် သေနတ်နှင့် ဓားကိုလွယ်ပြီး အဘိုးနှင့်အတူ လိုက်ပါသွားလေ့ရှိ၏။ ဆေးဘက်ဝင် သစ်မြစ်သစ်ဉ၊ ဂမုန်းပင်၊ ဂမုန်းဉများ တူးဖော်ရန်အတွက် သူ့လက်ထဲမှာ ပေါက်ချွန်းပြား(တစ်ဖက်ချွန်းတစ်ဖက်ပြား)ကို ကိုင်လျက်ပါသွားတတ်သည်။

ဦးစိုင်းနော်သည် အဘိုးထက် အများကြီး အသက်ငယ်ရွယ်သူဖြစ်လေတော့ သူ့စိတ်ထဲမှာ အဘိုးကဲ့သို့ ဆေးဆရာကြီးဖြစ်လိုစိတ်နှင့် မူလဗီဇတောပျော်မုဆိုးစိတ် မကုန်သေး၍လည်း ဖြစ်ပုံရသည်။

"ရှိ ... ရှိ"

---

**ထိုသူလဲချပုံမှာ ရိုးရိုးလူသားတစ်ယောက် လဲ့ချပုံမျိုးနှင့်မတူဘဲ ကျောက်ရုပ်တစ်ရုပ်၊ သို့မဟုတ် သစ်သားရုပ်တစ်ရုပ်လို ဒေါင်လိုက် အရိုး၊ အကြော မခေါက်မချိုးဘဲ လဲ့ချလိုက်သလို အလျားလိုက် ဆန့်ဆန့်ကြီးဖြစ်၏။**

---

www.burmeseclassic.com

"ဗိုး ‥ ဗိုး"

"ရှိ ‥‥ ဗိုး"

"ရှိ ‥‥ ဗိုး ‥‥ ဗိုး"

ရေခဲတောင်ကြော လေပြည်က ခပ်ထန်ထန်ကလေး တိုက်ခတ်လာ၍ လေချွန်သံတွေလိုလို တီးလုံးအသွား တီးမှုတ်သံတွေလို ပေါ်ထွက်လာ၏။

"ရှိ ‥‥ ရှိ"

"ဗိုး ‥ ဗိုး"

"ရှိ ‥‥ ဗိုး"

"ရှိ ‥‥ ဗိုး ‥‥ ဗိုး ‥ ရှိုး"

အသံတွေက ပြင်းပြင်းထန်ထန် ကြီးမဟုတ်။ တောင်ပေါ်လေသည် ပုံမှန်တိုက်ခတ်နေကျ တိုက်ခတ်နေခြင်းသာ။

"တုံ ‥‥ တုံ"

"နောင် ‥‥ နောင်"

"တုံနောင် ‥‥ တုံနောင်"

"ချမ်း ‥‥ ချမ်း"

လေတိုက်သံတွေကြားမှ ထူးထူးခြားခြား တီးခတ်သံများကြားလာရပြန်သည်။

"တုံ ‥ တုံ"

"နောင် ‥‥ နောင်"

"တုံနောင် ‥‥ တုံနောင်"

"ချမ်း ‥‥ ချမ်း"

ထက်ရှား တီးခတ်သံများကို စိတ်ဝင်စားသွားသည်။ အဘိုးတို့ဘက်ကို လှမ်းကြည့်လိုက်တော့ အဘိုးဦးအောင်ထွန်းမှာ အာရုံမပျက် ငြိမ်သက်စွာ တရားထိုင်မြဲထိုင်နေ၏။

ဦးစိုင်းနော်မှာမူ သူ့အစီအစဉ်ပုတီးပတ်ရေစေ့သွားပုံရသည်။ ပုတီးလည်တိုင်မှာ စွပ်ပြီး အိပ်ရာပေါ်လှဲချလိုက်သည်။

မှဆိုးလုပ်လာသော ဦးစိုင်းနော် အဖို့ ထိုထူးထူးခြားခြား တီးခတ်သံများကို နားပါးသူမို့ မကြားဘဲနေလိမ့်မည်မဟုတ်။ သို့သော် သူ့အတွက် ဘာမှထူးထူးမြားခြား ဖြစ်သွားပုံမရဘဲ အိပ်ရာခင်းမှာ အေးအေးသက်သာ လှဲချလိုက်ခြင်းအတွက် တီးခတ်သံများကို ကြားမှကြားပါလေစဟု သံသယဝင်သွား၏။

ဒါဆို ‥‥

သူတစ်ယောက်တည်း ကွက်ပြီး ကြားရခြင်းမျိုးလား။ သူသံသယဝင်ပြီး အသေအချာနားစွင့်မိပြန်သည်။

"တုံ ‥ တုံ"

"နောင် ‥‥ နောင်"

"တုံနောင် ‥‥ တုံနောင်"

"ချမ်း ‥‥ ချမ်း"

အသံမှာ အပြောင်းအလဲမရှိ။ ပုံမှန်လေးပါဒ လေးမျိုးကို ရိုးရိုးတီးခတ်နေခြင်းမျှသာ။

တီးလုံးသံများသည် တောင်မြင့်တောင်စောင်းများပေါ်မှ ဖြစ်နေ၍ လေသင့်လျှင် အတိုင်းသားကြားနေရ၏။

ထက်ရှား စိတ်ကို ချုံးနှိမ်၍မရတော့။ ယင်းကြောင့်ပင် ပိတ်ထားသော ရွက်ထည်ပြတင်းပေါက်တံခါးကို အသာအယာပင် ဖွင့်လိုက်မိသည်။

အပြင်ဘက်မှ လေအေးသည် ရေခဲရေ ဖျန်းပက်လိုက်သလို ဟူးဟူးရားရား တိုးဝင်လာသည်။

ရုတ်တရက် ယောင်ယမ်းပြီး ပြန်ပိတ်မိမလို ဖြစ်ပြီးမှ စိတ်ဝင်စားစရာ မြင်ကွင်းကြောင့် မပိတ်ဖြစ်တော့ဘဲ လှမ်း၍ကြည့်နေလိုက်၏။

မြင်ကွင်းကတော့ ဂူပေါက်များရှေ့ ဟိုးခပ်ဝေးဝေးတောင်စောင်းများပေါ်မှ မြင်ကွင်း။

တောင်စောင်းခါးပန်းယံကို မီးတန်းရှည်ခါးပတ်ကြီး ပတ်ပေးထားသလို လင်းနေ၏။

ထိုမီးအလင်းရောင်ဖြင့်ပင် အဝတ်ဖြူဝတ် လူတန်းရှည်ကြီးကို တွေ့နိုင်သည်။ ပို၍ထင်ရှားစွာ မြင်ရစေရန် သူနှင့် ခပ်လှမ်းလှမ်းမှာရှိနေသော စစ်မြေပြင်သုံး မှန်ပြောင်းကို ထက်ရှား လှမ်းယူကာ သေချာအောင် ကြည့်လိုက်သည်။

လူတွေ၏မျက်နှာကို သဲသဲကွဲကွဲ ခွဲခြား၍မရအောင် အားလုံး၏ မျက်နှာမှာ မျက်နှာဖုံးတွေနှင့်ချည်း ဖြစ်၏။

တစ်ခုပဲရှိ၏။ မိန်းမ၊ ယောကျ်ားတော့ ခွဲခြား၍ ရနိုင်သေး၏။

ယောကျ်ားတွေက ဘောင်းဘီပွရောင်းရောင်းတွေဝတ်ထားပြီး အပေါ်ပိုင်းမှာ အင်္ကျီလက်ပွ လက်ရှည်များဝတ်လျက် သင်တိုင်းများချုံထားသလို ဝတ်ထားကြသည်။

မိန်းမသားတွေမှာမူ အောက်ပိုင်းက ယောကျ်ားတွေလို ဘောင်းဘီပွရောင်းရောင်းဝတ်ထားသော်လည်း အပေါ်ပိုင်း ဂါဝန်ရှည်ကြီး ထပ်ဝတ်ထား၏။

သူတို့အားလုံး ငွေရောင်ဆွတ်ဆွတ်ဖြူ ဝတ်ထားကြသဖြင့် ည၏မီးရောင်အောက်မှာ အဖြူတန်းကြီးဖြစ်နေ၏။

ရှေ့ဆုံးမှာ ထိုလူတန်းကြီးနှင့် မတူခြားနားသောသူတစ်ယောက်။

ပြီးတော့ ပိုးသားအမည်းရောင်ဝတ်စုံ ဝတ်ထားသည်။ သူ့ကိုလည်း မျက်နှာဖုံးစွပ်ပေးထားသော်လည်း သူ၏ခေါင်းမှာ ပန်းနီတွေ ဝေနေအောင်



www.burmeseclassic.com

www.burmeseclassic.com

ပန်ပေးထားပုံက ထူးထူးခြားခြားရှိလှသည်။

ထိုရှေ့ဆုံးမှလူ၏ အထူးခြားဆုံးမှာ အပေါ်မှာဝတ်ဆင်ထားသော သင်တိုင်းအမည်းကြီးကို ပြောင်းပြန်ဝတ်ဆင်ပေးထားခြင်းပင်တည်း။

သင်တိုင်းပြောင်းပြန်နှင့်လူ၊ ဦးခေါင်းမှာ ပန်းတွေဝေဝေဆာဆာပန်းပေးခံထားရသောလူ၊ ထိုလူနောက်မှာ တီးခတ်လာသူများ။ တီးခတ်လာသူများကိုလည်း များများစားစား မဟုတ်သဖြင့် ရေတွက်၍ရသည်။ စုစုပေါင်း လေးယောက်တည်း။

"တုံ ‥ တုံ"

"နောင် … နောင်"

"တုံနောင် … တုံနောင်"

"ချမ်း … ချမ်း"

အလွယ်နှင့် ဆိုရပါမူ …

'တုံ ‥ တုံ'တီးသူတစ်ယောက်။

'နောင် … နောင်'တီးသူ တစ်ယောက်။

'တုံနောင် … တုံနောင်'တီးသူ တစ်ယောက်။

'ချမ်း … ချမ်း'တီးသူ တစ်ယောက်။

အဲဒီလေးယောက်တည်းပါပဲ။

သို့သော် သူတို့ကိုလည်း ဝတ်စုံ ခွဲခြားပေးထားသည်။ အနီရောင် တစ်စုံ။ မျက်နှာကိုမူ အများနည်းတူ မျက်နှာဖုံး ဝတ်ဆင်ပေးထားသည်။

ထိုသို့ တီးခတ်လာသူတွေ နောက်မှာ သင်္ကန်းရောင်ဝတ်စုံတွေ နှင့် ဘုန်းကြီးလိုလို ထူးထူးခြားခြားသူ ဆယ်ဦးကို တွေ့ရပြန်သည်။

သို့သော် … ထိုဆယ်ဦးမှာမူ မျက်နှာဖုံးဝတ်ဆင်ထားကြသူများ မဟုတ်ကြ။ ဘုန်းကြီးလို ခေါင်းတုံးများ ပြောင်အောင်တုံးထားကြ သည်။

တစ်စတစ်စနှင့် သူတို့အားလုံး တောင်စောင်းဂူပေါက်များဆီ ရောက်လာပြီး အစွန်ဆုံး ဂူပေါက်ဝရှေ့ အရောက် ခြေလှမ်းတွေကို အားလုံး တုံ့ရပ်ပစ်လိုက်ကြသည်။

တီးခတ်သူလေးဦးက နောက်သို့ ယို့ပေးလိုက်စဉ် သူတို့နောက်မှ လိုက်ပါလာသော ဘုန်းကြီးလို သင်္ကန်းရောင်ဝတ်စုံနှင့်သူ ဆယ်ဦး ရှေ့သို့တိုးလာကာ ဝတ်စုံနက်ပြောင်းပြန်ဝတ်ထားပြီး၊ ခေါင်းမှာ ပန်းနီနီတွေ ဝေဆာအောင် ပန်ထားသူအား ဝိုင်းပတ်ရပ်လိုက်ကြသည်။

နောက်မှ လိုက်ပါလာသူအားလုံး အဖြူရောင်ဝတ်စုံနှင့် လူတွေ တညီတညွတ်တည်း ဒူးထောက်ထိုင်ချလိုက်ကြသည်။

ဆိုင်းသံမှာ ပို၍ မြိုင်မြိုင်ဆိုင်ဆိုင် စူးစူးရှရှ ရှိလာသည်။

"တုံ ‥ တုံ"

"နောင် … နောင်"

"တုံနောင် … တုံနောင်"

"ချမ်း … ချမ်း"

ရှေ့ဆုံးမှ စောစောကလျှောက်လှမ်းလာသော ဝတ်စုံနက်ပြောင်းပြန်ဝတ်ထားသူသည် တဖြည်းဖြည်းချင်း လှဲချလိုက်သည်။

ထိုသူလဲချပုံမှာ ရိုးရိုးလူသားတစ်ယောက် လှဲချပုံမျိုးနှင့် မတူဘဲ ကျောက်ရုပ်တစ်ရုပ်၊ သို့မဟုတ် သစ်သားရုပ်တစ်ရုပ်လို ဒေါင်လိုက် အရိုး၊ အကြော မခေါက်မချိုးဘဲ လှဲချလိုက်သလို အလျားလိုက် ဆန့်ဆန့်ကြီး ဖြစ်၏။

ပြီးတော့ ထိုသူသည် သစ်သားခေါင်းတလားကြီးအတွင်း တည့်တည့်မတ်မတ် လှဲချလိုက်ခြင်းဖြစ်၏။ ပစ်လှဲချပုံမျိုးလည်းမဟုတ်။ မမြင်ရသော တစ်စုံတစ်ယောက်က ဖေးမထိန်းကူပေးသလိုမျိုး။

ထိုသူသည် သစ်သားခေါင်းတလားထဲ ရောက်သွားမှ နောက်မှ ဒူးထောက်ထိုင်ချနေသော ပရိသတ် ထရပ်သည်။

နောက်သို့ပြန်လှည့်ကာ လာရာလမ်းအတိုင်း ပြန်လျှောက်ကြသည်။ ဆိုင်းတီးခတ်သံပါ လုံးဝရပ်တန့်သွားလေတော့သည်။

သို့ဖြင့် မီးတန်းကြီးနှယ် နောက်သို့ တရွေ့ရွေ့ပြန်လှည့်ကာ ထွက်ခွာသွား၏။

ထိုအခါ လူတန်းကြီး၏နောက်မှ ဆိုင်းသမားလေးယောက် ပါသွားပြီး ဘုန်းကြီးလိုလူဆယ်ယောက်က ဆိုင်းသမားလေးယောက်၏ နောက်မှ တိတ်ဆိတ်စွာ လျှောက်လှမ်းသွားလေတော့၏။

ထိုစဉ် တောင်တန်းကြီးပေါ်မှ ခွေးအူသံလိုလို၊ ဝံပုလွေသံလိုလို အသံစူးစူးဝါးဝါးကြီး တိတ်ဆိတ်သောညဉ့်ယံကို ထိုးဖောက်ပေါ်ထွက်လာတော့၏။

"ဝု ‥ အု ‥ အူး ‥ ဝူး"

ဆက်လက်ဖော်ပြပါမည်။

ကျော်မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးသူ အထင်ကြီးစေရန် လိမ်ညာကြွားဝါခြင်းသည် မိမိအတွက် ဘာမှအကျိုးမရှိသလို၊ တစ်နေ့နေ့ တစ်ချိန်ချိန် မိမိလိမ်ညာကြွားဝါခြင်းကို မမျှော်လင့်ဘဲ တစ်စုံတစ်ယောက်က သိသွားခဲ့လျှင် ရှက်ဖွယ်လိလိ အရှက်တကွဲဖြစ်ရမည်မှာ အမှန်ဖြစ်သည်။

လိမ်ညာကြွားဝါခြင်းအမှုသည် အခြားရှက်စရာကိစ္စများနှင့် မတူ၊ တစိမ့်စိမ့်တွေးပြီး တမြေ့မြေ့ ရှက်ရခြင်းမျိုးဖြစ်သည်ဟု လေးစားထိုက်သည့် စာပေပညာရှင်ကြီးတစ်ဦး၏ အဆိုအမိန့်ကို ကြားခဲ့ဖူးသည်။

အကျိုးမရှိ လိမ်ညာကြွားဝါခြင်းကိစ္စ အကြောင်းကြောင်းကြောင့် ပေါ်ပေါက်သွားခဲ့လျှင် မိမိကိုယ်မိမိ သတ်သေချင်လောက်အောင်၊ သို့တည်းမဟုတ် အခြားတစ်ယောက်ယောက်အပေါ် ဒေါသထွက်ပေါက်ရှာပြီး၊ ပြဿနာကို မီးခွက်ထွန်းရှာသလို ဖြစ်၍ ပြဿနာမကြီးသင့်ဘဲ ကြီးတတ်သည်။ အဆိုးဆုံးကား မိမိက လိမ်ညာကြွားဝါခဲ့ဖူးသောသူနဲ့ တွေ့လျှင် ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့ ဆိုသည့်စကားအတိုင်း ခေါင်းငုံ့နေရလေ့ရှိသည်။ မည်သို့ပင်ဆိုစေ လိမ်ညာကြွားဝါတတ်သူများသည် ၎င်းတို့ကမှန်သည်ဟု သဘောပိုက်၍ မိမိတို့အမှုအကျင့်ကို ပြင်နိုင်ခဲလှသည်။ ထို့ကြောင့် ၎င်းတို့၏ ဝသီအတိုင်း လိမ်မြဲလိမ်၊ ညာမြဲညာကာ လူ့ဘဝဆိုတဲ့ ဘဝတိုတိုကို အလိမ်အညာအကြွားအဝါ တစ်ပွေ့တစ်ပိုက်ဖြင့် ကျော်လွှားဖြတ်သန်းလေ့ရှိကြသည်။ တကယ်တော့ သူ့အတွက် ဒီအလုပ်သည် အရည်မရ၊ အဖတ်မရတဲ့ အလကားအလုပ်ဆိုတာ သူမသိရှာ။ သနားစရာကောင်းလေစွ။

ဘာသာတရားအရ လိမ်ညာခြင်းအမှုကို မုသာဝါဒအဖြစ် သတ်မှတ်ပြီး၊ လိမ်ညာပြောခြင်းမပြုရန် တားမြစ်ထားသည်မှာ အထင်အရှားဖြစ်သည်။ ထိုနည်းတူပင် ကြွားဝါမှုကိုလည်း လူမှုနယ်ပယ်၌ ဘယ်လိုလူကမှ မနှစ်သက်ကြပေ။ ဒေါင်းယောင်ဆောင်တဲ့ ကျီးရဲ့အဖြစ်က ဥပမာတစ်ခုလို အထင်အရှား ပုံဆောင်ပြထားတာ အများသိကြပါတယ်။

ကိုကောင်းက တပ်မတော် (ကြည်း)တပ်မှာ ၂၂ နှစ်၊ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့မှာ အနှစ် ၂၀၊ ပေါင်း ၄၂ နှစ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့ပြီး ဝန်ထမ်းဘဝမှာ ကျင်လည်ခဲ့တော့ ဘဝတူ ဝန်ထမ်းအချင်းချင်းထဲမှာ ကော၊ တာဝန်အရ ရောက်ရာ ပတ်ဝန်းကျင်မှာပါ လိမ်ညာကြွားဝါတတ်သူအချို့ကို တွေ့ဖူး၊ ကြားဖူးခဲ့ပါတယ်။ လူတစ်ကိုယ် စိတ်တစ်မျိုးဆိုတဲ့ စကားလည်းရှိတော့ အသိုက်အမြုံအငယ်အပေါ်နဲ့ နေထိုင်လုပ်ကိုင်ကြတဲ့



www.burmeseclassic.com

www.burmeseclassic.com

လူမှုပတ်ဝန်းကျင်မှာ လိမ်ညာကြွားဝါတတ်သူတွေတွေ့ရတာ မဆန်းပါဘူး။

တပ်မတော်က နေပြည်တော်ရဲ့ စီမံချက်အရ ကိုကောင်းပြောင်းရတော့ ပထမ မင်္ဂလာတောင်ညွန့်မြို့နယ်ရဲ့ တပ်ဖွဲ့၊ ပြီး ⋯ အလုံမြို့နယ်ရဲ့တပ်ဖွဲ့၊ မကြာလိုက်ဘူး၊ ပန်းပဲတန်းမြို့နယ်ရဲ့တပ်ဖွဲ့တွေကို ပြောင်းပြီး မြို့နယ်ရဲ့ တပ်ဖွဲ့မှူးတာဝန် ထမ်းဆောင်ရတယ်။ ကိုကောင်းအတွက် နေထိုင်ဖို့ရတဲ့ အိမ်က ရွှေဘုံသာလမ်း အထက်တလောက်မှာရှိတဲ့ ရဲအရာရှိကြီးများရိပ်သာ မြေညီထပ်၊ အခန်းအမှတ်(၆) ဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ သမိုင်းဝင်ဈေး ဗိုလ်ချုပ်ဈေးကြီးရဲ့ ရှေ့တည့်တည့်မှာ ရှိတယ်လေ။ လမ်းက ရွှေဘုံသာလမ်းမို့ အထင်ကရ စိန်ရွှေရတနာဆိုင်ကြီးတွေနဲ့ အထူးကုဆရာဝန်ကြီးများထိုင်ကြတဲ့ ဆေးခန်းကြီးငယ်ကလည်း လက်ညှိုးထိုးမလွဲ ရှိတဲ့နေရာပါ။ ဒါ့ကြောင့် ဗိုလ်ချုပ်ဈေး ဈေးရောင်းဈေးဝယ်လာကြသူတွေ၊ ကျန်းမာရေးအတွက် ဆေးခန်းပြဖို့ လာကြသူတွေနဲ့ တစ်နေ့လုံး ကြက်ပျံမကျ စည်ကားတဲ့နေရာပါပဲ။ (ယခု အခန်းအမှတ်(၆)ကို အမေရိကန်ဗွီးရှင်း မျက်စိအထူးကုဆေးခန်းကြီး ဖွင့်ထားပါသည်။)

အခုလည်းကြည့်။ အရည်မရ၊ အဖတ်မရ သာဒွန်းအောင် တစ်ယောက် အကြွားကြီးကြွားခဲ့မိတာ ဘူးပေါ်သလို ပေါ်သွားတယ်။ ဒါကြောင့် သူ့ကိုယ်သူ ရှက်ရွံ့သိမ်ငယ်နေတယ်။ ဒီကြားထဲ ညိုလွင်က အထုပ်ဖြေပြပြီး ကြားထဲက ဝင်နှောက်လိုက်တော့ သာဒွန်းအောင် သူ့ကိုယ်သူ သတ်သေချင်အောင် အရှက်ရသွားပြီး ဒေါသအထွတ်အထိပ် ရောက်သွားတယ်။ အဲဒီဒေါသကို ထွက်ပေါက်ပေးတဲ့အနေနဲ့ သာဒွန်းအောင်ဟာ တိုက်ခန်းထောင့်က ညိုလွင်ပြန်အလာကို စောင့်ကာ နှစ်တစ်လက်မ ပျဉ်းကတိုးသစ်သားချောင်းနဲ့ ခေါင်းနဲ့ကိုယ်ကို သုံးချက်ဆင့်ပြီး အသေရိုက်လိုက်တယ်။ သူတို့နှစ်ယောက်ဟာ တစ်မိုးတည်းအောက်က မျက်နှာချင်းဆိုင်အခန်းမှာနေကြတယ်လေ။ ဒီလောက်ထိမလုပ်သင့်ဘူး။ ဒါပေမယ့် ညိုလွင် မသေဘူး။ ထိပ်ကွဲပြီး မျက်လုံးတစ်ဖက် ပျက်သွားတယ်။ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနက အသက်ဘေးလွတ်မြောက်အောင် ကယ်တင်ကုပေးပြီး တစ်ဆက်တည်း ဦးနှောက်နဲ့ အာရုံကြောဆေးရုံကြီးမှာ တင်ထားရတယ်။ မိမွေးတိုင်း၊ ဖမွေးတိုင်းတော့ ဘယ်ပြန်ဖြစ်တော့မလဲ။ ဦးခေါင်းဒဏ်ရာဆိုတော့ နောက်ဆက်တွဲ ဘာတွေဖြစ်လာဦးမလဲ ဘယ်သူမှ မပြောနိုင်သေးဘူး။ အဲဒီဆေးရုံမှာ အနေကြာဦးမှာပါ။

တစ်ဖက်က ရှက်ဒေါသပေါက်ကွဲပြီး ကိုယ်ထိလက်ရောက် ကျူးလွန်မိတဲ့ သာဒွန်းအောင်ခမျာလည်း လတ်တလော ပြစ်မှုဆိုင်ရာ ပုဒ်မ–၃၂၆ နဲ့ ပန်းပဲတန်းစခန်းမှာ အမှုဖွင့်ခံထားရတော့ အချုပ်ခန်းထဲ ရောက်ခဲ့ရတယ်။ တကယ်ဆို ဒီလူနဲ့ဒီလူတွေဟာ တစ်မိုးတည်းအောက် ဟိုဘက်ခန်း၊ ဒီဘက်ခန်း မျက်နှာချင်းဆိုင် အခန်းတွေမှာ နေကြတဲ့ အိမ်နီးချင်းတွေ မဖြစ်ကောင်းတဲ့ အမှုတွေဖြစ်ကြတာ ဘာကြောင့်များ ဖြစ်ကြတာလဲလို့ အမေးရှိလာရင် လိမ်ညာကြွားဝါတဲ့ စကားကြောင့်လို့ ဖြေရမှာ။ သူတို့ဖြစ်ရတဲ့ ပြဿနာအကြောင်းကို ခြေခြေ မြစ်မြစ်ပြောရရင် ⋯။

* * *

ညိုလွင်နဲ့ သာဒွန်းအောင်တို့သည် ၂၈ လမ်းရှိ အဆောက်အဦတစ်ခုတွင် နေထိုင်ကြသည်။ ညိုလွင်နဲ့ သာဒွန်းအောင်တို့အနေဖြင့် မျက်နှာချင်းဆိုင် နေအိမ်နီးချင်းများဖြစ်၍ စားအတူ၊ သွားအတူ နှစ်အိမ့်တစ်အိမ်နေထိုင်လာခဲ့ကြသဖြင့် ဆွေမျိုးများသဖွယ် ခင်မင်ရင်းနှီးကြသည်။

ညိုလွင်တို့ မိသားစုတွင် အိမ်ထောင်စုဦးရေ ခြောက်ဦးရှိသည်။ ဖခင်ကြီးဖြစ်သူ ဦးလွင်သည် ဌာနကြီးတစ်ခုမှ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်ပြီး မိခင်ကြီး ဒေါ်ခင်ခင်ညိုသည် အမှတ်(––)အထက်တန်းကျောင်းမှ အထက်တန်းပြဆရာမတစ်ဦး ဖြစ်သည်။ ညိုလွင်မှအပ အခြားသူအားလုံးသည်လည်း ကိုယ်စီကိုယ်စီ အလုပ်အကိုင်များ ရှိကြသည်။ ညိုလွင်မှာမူ ၁၀ တန်းဖြေတာ သုံးကြိမ်ကျပြီးနောက် နိုင်ငံခြားထွက်တော့မယောင်၊ သင်္ဘောတက်တော့မယောင်နှင့် ယောင် ခြောက်ဆယ်သမား ဖြစ်သည်။

သာဒွန်းအောင်တို့မိသားစုတွင် ကား ရေဦးမြို့မှ မကြာမီက ပြောင်း ရွှေ့ရောက်ရှိလာသော မခင်လေး အမည်ရှိ အမျိုးသမီးငယ်တစ်ဦး အပ အဝင် ငါးဦးရှိသည်။ မခင်လေးသည် သာဒွန်းအောင်နှင့် မောင်နှမတစ်ဝမ်း ကွဲ တော်စပ်သည်။ ဆယ်တန်း(ခ)နှင့် အောင်ပြီး မူလတန်းပြ ဆရာမလေး လုပ်နေရာမှ ဝေးလံခေါင်သီသော ဒေသသို့ ပြောင်းရွှေ့မိန့်ရခဲ့ရာ မသွား



www.burmeseclassic.com

www.burmeseclassic.com

လိုသဖြင့် အလုပ်ကထွက်ခဲ့ပြီး ရန်ကုန်ရှိ သာဒွန်းအောင်တို့အိမ်သို့ လာရောက်နေထိုင်ခြင်း ဖြစ်သည်။ ထုံးစံအတိုင်း ညိုလွင်သည် သာဒွန်းအောင်ကို စသည်။

"ဟေ့ကောင် ... သာဒွန်းအောင်၊ မင့်အမစ်မ ခင်လေးက မှည့်တယ်။ ငါကြိုက်တယ်ကွာ"

"မမိနိုင်တဲ့ပန်းကို မော်မကြည့်နဲ့ ငါ့လူ။ မင်းလို ဆယ်တန်းသုံးနှစ်ကျတဲ့ကောင်နဲ့ ငါ့အစ်မက မတန်ဘူး"

"မင့်အစ်မက ရွှေမှုန်စားပြီး မွေးထားသလား သူငယ်ချင်း"

"အပိုတွေ လျှောက်မေးမနေနဲ့။ ငါ့အစ်မ ခင်လေးက ဘီအက်စီဘွဲ့ရ အလယ်တန်းပြ ဆရာမ။ မင်းလိုကောင်နဲ့ မိုးနဲ့မြေ ကွာတယ်"

(တကယ်တော့ မခင်လေးက ၁၀ တန်းကို (ခ)နဲ့အောင်ပြီး မူလတန်းပြ ဖြစ်သည်။)

"စိတ်မဆိုးပါနဲ့ ယောက်ဖရယ်။ သူငယ်ချင်းကို ချစ်လို့စတာပါ"

"စတာ၊ နောက်တာတောင် လွန်လှပြီ။ တကယ်ပြောတာဆိုရင် မင်းသေသွားမယ်မှတ်"

"အေးပါ .. သူငယ်ချင်း၊ အေးပါ။ ငါမစတော့ပါဘူး"

နာလိုခံခက်ဖြစ်တာကိုမှ စချင်၊ နောက်ချင်ကြတာ ထုံးစံလိုဖြစ်နေသော ညိုလွင် အကွက်ချောင်းနေခဲ့သည်။ အစအနောက်သန်သော ညိုလွင်အတွက် အကွက်တွေ့မယ့် နေ့တစ်နေ့ ကြုံလာသည်။ ထိုအကွက်ဝင်သည့်နေ့ကား သူ့အတွက် တစ်မဟုတ်ချင်း ဘဝအခြေပြောင်းကာ ဒုက္ခိတဘဝရောက်မယ့်နေ့ ဆိုသည်ကို ညိုလွင်မသိသလို၊ သာဒွန်းအောင်သည်လည်း သူ့ဒါသက သူ့ကို အချုပ်တွင်းသို့ ပို့တော့မည်ကို မသိပါ။

ထိုနေ့ကား ထမနဲပွဲ နွှဲကြမယ့်နေ့တစ်နေ့ပေါ့။ ရှေးက ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ပြည်သူ့ကောင်စီအဖွဲ့များ ဦးစီးသော မြို့နယ်အလိုက် ထမနဲထိုးအဖွဲ့များသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တောင်ဘက်မုခ်အနီးရှိ မဟာဝိဇယစေတီ ဝတ္တကမြေတွင် မြို့နယ်အလိုက် နေရာများသတ်မှတ်ကာ တိုင်းကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ထမနဲထိုးပြိုင်ပွဲကို နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သည်။ အစဉ်အလာအတိုင်း ကျင်းပသည့်နေ့ဖြစ်သည်။ (ယခု ရန်ကုန်တိုင်းဒေသကြီး/မြို့နယ်အုပ်ချုပ်ရေးမှူးရုံး)

မြို့နယ်အလိုက် သတ်မှတ်သည့် မဏ္ဍပ်များကလည်း အပြိုင်အဆိုင်မို့ အမြင်တင့်တယ်ကြသလို၊ အခင်းအကျင်းလည်း လှပကြသည်။ အလှတွင် အယဉ်ဆင့်တာကတော့ မြို့နယ်တိုင်း မြို့နယ်တိုင်း အိုးစည်ဒိုးပတ်အဖွဲ့တွေ ပါဝင်လာကြသတာမို့ မြိုင်ဆိုင်လှသည်။

မြို့နယ်အလိုက် ပြိုင်ဆိုင်ကြပြီး နိုင်သူလည်း ပျော်သလို၊ ရှုံးသူလည်း ပျော်ကာ မဏ္ဍပ်တစ်ခုမှတစ်ခုကူး၍ ဧည့်ခံကျွေးမွေးသော ထမနဲနှင့် ကော်ဖီ၊ လက်ဖက်ရည်၊ မုန့်များ သုံးဆောင်ကြသည်။ အပြန်အလှန် ထမနဲလက်ဆောင်များလည်း လဲလှယ်ကြသည်။ မြို့နယ်အဆင့် ဝန်ထမ်းအချင်းချင်းတွေမို့ မဆွေကပင် ခင်မင်ရင်းစွဲရှိကြသည်။ တွေ့တုန်းတွေ့ခိုက် တစ်ဦးနဲ့တစ်ဦး သတင်းစကားတွေလည်း မေးဖြစ်၊ ပြောဖြစ်ကြသည်။

"ဟော ... ဆရာမလေး မခင်လေးမဟုတ်လား"

"ဟုတ်ကဲ့ ဆရာမကြီး။ ဟိုဘက် မဏ္ဍပ်မှာ ဆရာမကြီးတို့အဖွဲ့ဝင်လာကတည်းက ကျွန်မ မြင်တယ်။ ဒီဘက်မဏ္ဍပ်လည်း လာကြမယ်ဆိုတာနဲ့ စောင့်နေတာပါရှင့်"

"ဆရာမကြီးလည်း နယ်ကပြောင်းပြီး ရန်ကုန်ရောက်နေတာ ငါးနှစ်ကျော်၊ ခြောက်နှစ်ရှိပြီ။ နယ်ကမိတ်ဟောင်းဆွေဟောင်း လုပ်ဖော်ကိုင်ဖက်ဟောင်းနဲ့ ပြန်ဆုံဖြစ်တာ ဆရာမလေး မခင်လေး ပထမဆုံးပဲ။ ဒါနဲ့ ဆရာမလေး စာမေးပွဲ ပြန်ဖြေဖြစ်သေးလားဟင်"

"မဖြေဖြစ်တော့ပါဘူး ဆရာမကြီး"

"အိုကွယ် ... စာမေးပွဲပြန်ဖြေပြီး မူပြဆရာမလုပ်ရင်း အဝေးသင်လည်းတက်၊ ဘွဲ့တစ်ခုရမှာပဲ။ ဒီခေတ်က ပညာခေတ်။ ဆယ်တန်း(ခ) အောင်လောက်နဲ့ဆို ဆရာမလေး မူပြဘဝမှာ တဝဲဝဲလည်ရင်း အချိန်ကုန်သွားလိမ့်မယ်။ ဆရာမကြီးတို့လည်း အထက်တန်းကျောင်းအုပ်ကြီး တန်းဖြစ်ခဲ့တာ မဟုတ်ဘူး။ အလယ်တန်းပြ၊ အထက်တန်းပြ ဆရာမလုပ်ရင်း အဝေးသင်တက်၊ တစ်ဘွဲ့ပြီးတစ်ဘွဲ့ လိုအပ်တဲ့ ဘွဲ့တွေ သင်ယူခဲ့ရတာ ဆရာမလေး အသိပဲ"

အထက်တန်း ကျောင်းအုပ် ဆရာမကြီးဆိုသူသည် ——မြို့နယ် ထမနဲအဖွဲ့ကို ကောင်စီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ကြီးကြပ်ကွပ်ကဲရင်း ထမနဲပြိုင်ပွဲသို့ ပါလာခဲ့ရာမှ သူ

www.burmeseclassic.com

တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အညာဒေသ အထက်တန်းကျောင်းတွင် ဆုံခဲ့ဖူးသော ဆရာမလေး မခင်လေးနဲ့ တွေ့ပြီး ဟိုရောက်ဒီရောက် မေးဖြစ်၊ ပြောဖြစ်ကြသည်။ သူတို့ပြောကြဆိုကြတဲ့ စကားဝိုင်းသည် ညိုလွင်တို့ မြို့နယ်မဏ္ဍာပ်တွင်းမှာမို့ ညိုလွင်နဲ့ သာဒွန်းအောင်တို့ နှစ်ယောက်လုံး ကြားနေကြသည်ဖြစ်ရာ အစအနောက်သန်သော ညိုလွင်အတွက် သာဒွန်းအောင်ကို စနောက်ရန် အချက်ကောင်းရသွားသည်။ အဲဒီအချက်ကတော့ သာဒွန်းအောင် လိမ်ညာကြွားဝါထားသလို သာဒွန်းအောင်အစ်မ မခင်လေးသည် ဘီအက်စီဘွဲ့ရ အလယ်တန်းပြဆရာမ မဟုတ်ဘဲ ဆယ်တန်း(ခ)ဖြင့်အောင်သော မူလတန်းပြ ဆရာမသာ ဖြစ်သည်ဆိုသည့် အချက်ပင် ဖြစ်သည်။ ဆရာမကြီးနဲ့အဖွဲ့ မဏ္ဍာပ်ကအထွက် ဆရာမလေးက လိုက်ပို့ရင်း မဏ္ဍာပ်အပြင်ပါသွားစဉ် ညိုလွင်သည် သာဒွန်းအောင်က သူ့ကို ဘာတွေဘယ်လို လိမ်ညာကြွားပါထားကြောင်း ဖွင့်ချခဲ့ရာ မဏ္ဍာပ်အတွင်းရှိ လူအများ တဝါးဝါးပွဲကျသွားသည်။ သာဒွန်းအောင်သည် ညိုလွင်ကို စူးစူးဝါးဝါးကြည့်ကာ တောက်တစ်ချက် ပြင်းပြင်းခတ်၍ လမ်းခွဲခဲ့သည်။ သာဒွန်းအောင်နဲ့ ညိုလွင်သည် တစ်ကျောင်းတည်းထွက်များ ဖြစ်သည်။ ၁၀ တန်း တစ်နှစ်ကျစဉ်ကပင် ကျောင်းဆက်မတက်တော့ဘဲ ဖခင်၏ အိမ်သုံးလျှပ်စစ်ပစ္စည်းဆိုင်တွင် ဖခင်နှင့် ဒိုးတူပေါင်ဖက် ရောင်းဝယ်ရင်း ရပ်ကွက်ရုံး(ယခု ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး)တွင် လိုအပ်တာများ ဝိုင်းကူဆောင်ရွက်နေသူ ဖြစ်သည်။ ညိုလွင်လည်း သာဒွန်းအောင်လိုပင် ရပ်ကွက်ရုံးက လိုအပ်တဲ့အခါ ကျရာဘက်က လုပ်အားပေးဆောင်ရွက်သူဖြစ်သည်။ ရပ်ကွက်အမာခံ အဖွဲ့ဝင်များဆိုလည်း မများပါ။ သူတို့သည် ရပ်ကွက်နှင့် မြို့နယ်ကိစ္စများ တက်ကြွစွာ ပါဝင်လုပ်အားပေးတတ်သော စိတ်ဓာတ်ကောင်းများ ရှိကြသည်။ ထို့ကြောင့် သူတို့အား ရပ်ကွက်၊ မြို့နယ်၊ ရဲ စသည့် ဌာနအသီးသီးက တာဝန်ရှိသူများ အသိအမှတ်ပြု ခင်မင်ရင်းနှီးကြသည်။

ရပ်ကွက်အတွင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ထမနဲပွဲ၊ နှစ်ကျိပ်ရှစ်ဆူ ဘုရားလှည့်ပွဲမှသည် နွေရာသီ မီးသတိပေး အဆုံး သူတို့မပါမပြီး ပါဝင် ဆောင်ရွက်ကြသည်။ ဒါတင်ပဲလားဆိုတော့ ဒါတင်မကပါ။ မြို့နယ်သကြန်မဏ္ဍာပ် လုံခြုံရေးကြီးကြပ်ရေးဆိုလည်း သူတို့ ထိပ်ဆုံးကပါသည်။

ဒီလောက်တောင် တစ်တွဲတည်းတွဲတဲ့ သူငယ်ချင်း အချင်းချင်း ထိပ်ကွဲ၊ မျက်စိတစ်ဖက် ပျက်ရတဲ့အထိ ဖြစ်ရတာကတော့ သာဒွန်းအောင်ရဲ့ လိမ်ညာကြွားဝါပြောခဲ့မိတဲ့ စကားကြောင့်လို့ ပြောရင် မမှားပါဘူး။ အစကတော့ အမှတ်တမဲ့ ပြောလိုက်တာဖြစ်ပေမယ့် ညိုလွင်က လူပုံအလယ်ချပြပြီး ဖွလိုက်တော့ သာဒွန်းအောင်အတွက် မဟာအရှက်တော်ရတဲ့ကိန်းဆိုက်ပြီး လူသတ်ချင်တဲ့ကိန်း ဆိုက်တော့တာပဲ။

ခုတော့ မိသားစုအချင်းချင်း မျက်နှာချင်းဆိုင်လို့တောင် မရတော့။ မတွေ့လို မြင်လျက်သား ဆိုတဲ့စကားမှာ ညိုလွင့်မိသားစုနှင့် သာဒွန်းအောင်မိသားစုအတွက်လို ဖြစ်နေရသည်။ နေကြတဲ့ အခန်းများကလည်း မျက်နှာချင်းဆိုင်မို့ ဘယ်အခန်းကိုပဲတက်တက် လှေကားတစ်ခုတည်းက တက်ကြရသည်ဖြစ်ရာ တစ်ချိန်မဟုတ်တစ်ချိန် လှေကားအတက်အဆင်းတွင် ဆုံဖြစ်ကြသည်။ နှစ်ဦးနှစ်ဖက်က လူများရဲ့ ရင်ထဲဝယ် အလွန်ကသိကအောက်ဖြစ်ကာနေကြရသည်။ ညိုလွင်၏ဖခင် ညွှန်ကြားရေးမှူး ဦးလှင်ကတော့ ဤအရပ် ဤဒေသ၌ တစ်ရက်မျှပင် မနေလိုတော့သဖြင့် ဌာနဆိုင်ရာ အရာရှိရိပ်သာသို့ ပြောင်းရွှေ့နေကြရန် စီစဉ်လျက်ရှိသည်။ အရင်းစစ်တော့ ဤပြဿနာ၏အစသည် လိမ်ညာကြွားဝါ ပြောဆိုခဲ့သည့်ကိစ္စက စခြင်းဖြစ်သည်။

သာဒွန်းအောင်မိဘများဘက်က ကြည့်တော့လည်း အချုပ်ထဲရောက်နေတဲ့ သားအတွက် ရတက်မအေးရ။ ဥပဒေပိုင်းဆိုင်ရာ နားလည်တတ်သိကြသူများ၏ စကားအရ ထောင်ဒဏ်နှစ်နှစ်ထက် မနည်း ကျခံရနိုင်သည်။ ရှေ့နေကောင်းကောင်း ငှားပြီး တရားရင်ဆိုင်မှ သင့်မည်လို့ အကြံပြုကြသည်။

တချို့က ပြောကာကတော့ သာမန်ရန်ဖြစ်၊ စကားများမှုမျိုးမဟုတ်၊ အငြိုးအတေးဖြင့် ကြိုတင်စောင့်ဆိုင်းပြီး အသက်သေသည်အထိ ရိုက်သတ်တဲ့အမှုတဲ့။ အသုံးပြုတဲ့ တုတ်ကြည့်ဦး၊ နှစ်တစ်လက်မ ပျဉ်းကတိုးသားတုတ်။ သေစေလောက်တဲ့တုတ်နဲ့ တစ်ချက်မက သုံးချက်တောင် ဆင့်ရိုက်ခဲ့တာတဲ့။ ပြီးတော့လည်း ညိုလွင်



www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံတက်နေတာ တစ်လခွဲကျော်တာတောင် ထိုင်နိုင်၊ ထနိုင်မလုပ်နိုင်သေးဘဲ တစ်ပါးသူရဲ့ အကူအညီနဲ့မှ လုပ်နိုင်သေးတဲ့။ ဒါကြောင့် ယောင်ဒဏ် နှစ်နှစ်အလက် ကျမယ်လို့လည်း ပြောကြတယ်။ အရင်းစစ်တော့ အမြစ်မြေက ဆိုသလို လိမ်ညာကြွားဝါမှုကဖတဲ့ ပြဿနာပဲလေ။

ခံရတဲ့သူကလည်း မျက်လုံးတစ်ဖက် ကြေပျက်သွားတဲ့အတွက် ချက်ချင်းဆိုသလို ဒုက္ခိတစာရင်းဝင်သွားသည်။ ဒါ့အပြင် ဦးခေါင်းဒဏ်ရာက ဒီလောက်နဲ့ ပြီးမလား၊ မပြီးဘဲ ရတဲ့ဒဏ်ရာကြောင့် ဦးနှောက်ပျက်သွားမလား။ ဦးနှောက်တွင်း သွေးကြောပေါက်၊ သွေးခဲသေတတ်တာမျိုးလည်း ရှိသေးတော့ ပူမယ်ဆို ပူစရာချည်းပဲ။ ညိုလွင်နဲ့ သာဒွန်းအောင်အမှုကို စဉ်းစားရင် ကိုကောင်းသည် သူတွေ့ကြုံခဲ့ဖူးသော လိမ်ညာကြွားဝါမှုလေးတစ်ခုကို ပြန်လည်သတိရမိလိုက်သည်။

* * *

"ဟော ... မမဒေါင်း၊ နေကောင်းလား။ မတွေ့တာကြာပြီနော်"

"ဩော် ... ရီရီတို့သားအမိပဲ။ အိမ်ထဲဝင်ကြဦးလေ"

"သွားစရာရှိသေးလို့ နောက်မှ လာခဲ့မယ်။ ဩော် ... ဒါနဲ့ သားကိုမျိုးကြီးကော ဘယ်နှတန်းရောက်နေပြီလဲဟင်"

"၁၀ တန်းလေ၊ ဒီနှစ်ဆယ်တန်းကျတယ်"

"ဟုတ်တယ်။ ဒီနှစ်အကျတွေ များတယ်တဲ့။ နောင်နှစ်အောင်အောင် ဖြေနိုင်းပေါ့။ ကျွန်မညီမ နွဲ့နွဲ့တော့ အောင်တယ်။ (ဒီ)ခုံးလုံးလောက်မှန်းတာ ဝမ်းဒီပဲသွက်လို့ စိတ်မာတက်ကျပြီး အခန်းအောင်းရင်း လိုမ့်အိပ်နေလေရဲ့"

"အန်တီနွဲ့ အောင်ဘူးလေ။ သမီးအောင်တာပဲ မေမေ။ အန်တီနွဲ့ အောင်လည်းအောင်ဘဲနဲ့ မေမေက အောင်တယ်ပြောတယ်"

ကိုကောင်းမိသားစုသည် ရွှေဘုံသာလမ်း ရဲအရာရှိများရိပ်သာ မြေညီထပ်တွင် နေထိုင်သဖြင့် ကိုကောင်း၏ဇနီး မဒေါင်းသည် လမ်းဘက်ကို မျက်နှာပြုထားသော ဝရန်တာတွင် ဘုရားသောက်တော်ရေချမ်းနဲ့ ပန်းကပ်လှူရန် ပြင်ဆင်နေစဉ် ဗိုလ်ချုပ်ဈေးဘက်သို့ ဦးတည်းကာ လျှောက်လာကြသော ရီရီတို့သားအမိကို မြင်လိုက်သည်။ သူကလည်း မြင်ကာနှုတ်ဆက်သဖြင့် ကောင်းမွန်စွာ ပြန်လည်နှုတ်ဆက်ပြီး အိမ်ထဲဝင်ရန် ဖိတ်ခေါ်လိုက်စဉ် တခြားကိစ္စရှိသဖြင့် မဝင်တော့ဘဲ မဒေါင်းနဲ့ ရီရီတို့ အပြန်အလှန် အထက်ပါအတိုင်း စကားပြောနေကြစဉ် ရီရီရှေ့ဆက်စကားမပြောနိုင်တော့ဘဲ သွားပြီ မဒေါင်းရေဟု နှုတ်ဆက်ပြီး ကလေးလက်ဆွဲကာ ကသောကမျော ထွက်သွားသည်။ အကြောင်းကတော့ ဗေဒင်ဆရာနဲ့ ဓာတ်ပုံမှန်ပေါင် ရောင်းသူများကဲ့သို့ ရှေ့က ဗေဒင်ဆရာက ဗေဒင်ကြည့်လိုသူတွေ ခေါ်နိုင်အောင် ဗေဒင်ဟု အော်သလို၊ မှန်ပေါင်ရောင်းသူကလည်း မှန်ပေါင်ဟု အော်လိုက်ရာ ဓာတ်ဟိုက်ထားသလို "ဗေဒင် ... မှန်ပေါင်၊ ဗေဒင် ... မှန်ပေါင်"ဟူ၍ ဖြစ်နေသဖြင့် ရယ်စရာဖြစ်နေသည်။ ခုလည်း ရီရီက သူ့ညီမ ၁၀ တန်း အောင်တယ်ပြောတော့ ကလေးက အန်တီနွဲ့အောင်ဘူးလေ၊ အန်တီနွဲ့ အောင်ဘူးလေ။ သမီးအောင်တာဟု ဆင့်ကဲဆင့်ကဲ ပြောလိုက်ရာ ကြာရင် ခက်ရချည့်ဆိုပြီး ကလေးလက်ဆွဲကာ ကသောကမျော မဒေါင်း ရှေ့ကထွက် သွားခြင်း ဖြစ်သည်။ အရည်မရ အဖတ်မရ ဘာကြောင့် ဒီလောက် ကြွားဝါချင်ကြတာလဲ မသိဘူးနော်။

* * *

ဒီအမှုနဲ့ပတ်သက်ပြီး မြို့နယ်ရဲ တပ်ဖွဲ့မှူး ကိုကောင်း အတော်စိတ်မကောင်းဖြစ်မိတယ်။ ဘာကြောင့်လဲဆိုတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ညိုလွင်ဆိုတဲ့ ကောင်လေးဟာ ဒုက္ခိတဖြစ်နေတယ်။ သူက ပျော်စေပျက်စေ သဘောနဲ့ စနောက်မိသော်လည်း တစ်ဖက်က ရက်လွန်းတော့ သည်းမခံနိုင်။ ဒါကြောင့် ရှေ့ကြောင်းနောက်ကြောင်း ဘာအကြောင်းမှ မထောက်တော့။ စိတ်နောက်ကိုယ်ပါ ပြုလိုက်တယ်။ သူ့ရဲ့ပြုလုပ်ချက်ကြောင့် ညိုလွင် အစားထိုးမရတဲ့ မျက်စိတစ်လုံး ဆုံးရှုံးရတဲ့အပြင် ဘယ်ဘက်ကိုယ်တစ်ခြမ်း သေသလိုဖြစ်သွားတယ်။

ကိုယ်ထိလက်ရောက် လုပ်လိုက်ရတဲ့ သာဒွန်းအောင်အတွက်လည်း အလုပ်နဲ့ထောင်ဒဏ် နှစ်နှစ်ကျသွားတယ်။ ဘာမဟုတ်တဲ့ လေလုံးထွားကြွားဝါခြင်းဟာ ကောင်းသလားဗျာ ...။

ဝင်းသောင်(ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဇွန်းဇွန်းလေး ကမ္ဘား

( ဘ ၁ သ ၁ ပြန် )

ဖော်ကျူနာတိုနဲ့ ကျုပ်တို့ နှစ်ဦး စလုံးဟာ အလွန်ရှေးကျပြီး အရေးပါ အရာရောက်တဲ့ မိသားစုအနွယ်ဝင်တွေ ဖြစ်ကြသည်။

ဖော်ကျူနာတိုဟာ လူကောင်က ကြီးကြီး၊ ချမ်းကလည်းချမ်းသာ၊ ပြီးတော့ ... ကျင်သက်လည်း ပိုချော တယ်။ သူက ကျုပ်ကို အရှုးလုပ်ရတာကို ပျော်တယ်။ ကျုပ်ရဲ့ကလေးဘဝ နှစ်တွေမှာ သူဟာ ကျုပ်စိတ်ကို ကြိမ်ဖန်များစွာ ထိနိုက်နာကျင်အောင် လုပ်ခဲ့ပါတယ်။ ဒါပေမယ့် ကျုပ်က ကျုပ်ရဲ့ ဒေါသကို ဘယ်တော့မှ ထုတ်မပြဘူး။ ဒါကြောင့် သူက ကျုပ်တို့ဟာ သူငယ်ချင်းကောင်းတွေလို့ ထင်တယ်လေ။ ဒါပေမယ့် ကျုပ်ကိုယ်ကျုပ် ကတိပေးထားတယ်။ တစ်နေ့မှာ သူ ကျုပ်ကို စော်ကားမော်ကား လုပ်ခဲ့တာတွေအတွက် အပြစ်ပေးရမယ်လို့။

နှစ်ပေါင်းများစွာ ကုန်လွန်သွားတယ်။ ဖော်ကျူနာတိုဟာ ချမ်းသာပြီး ချောမောလှပတဲ့ မိန်းကလေးတစ်ဦးနဲ့ လက်ထပ်လိုက်တယ်။ သူမက သူ့ကို သားယောကျ်ားလေးတွေ မွေးဖွားပေးခဲ့ပါတယ်။ ကျုပ်ရဲ့စိတ်နှလုံးရဲ့ အနက်ရှိုင်းဆုံးမှာ ကျုပ် သူ့ကိုမုန်းတယ်။ ဒါပေမယ့် ကျုပ်ခံစားနေရတာတွေကို သူ့ကို ထုတ်မပြဘူး။ ဘယ်တော့မှလည်း မပြောဘူး။ ဘာမှလည်း ကိုယ်ထိလက်ရောက် မလုပ်ဘူး။ ကျုပ် သူ့ကို ပြုံးပြရင် သူက ကျုပ်တို့ဟာ သူငယ်ချင်းတွေဖြစ်လို့ ပြုံးပြတယ်လို့ ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါဟာ သူ့ကိုသတ်ဖို့ စဉ်းစားရာက ပြုံးမိတဲ့အပြုံးဆိုတာ သူကမသိဘူး။

ကျုပ်တို့မြို့က လူတိုင်း ဖော်ကျူနာတိုကို ရိုသေလေးစားကြတယ်။ တချို့ဆို သူ့ကို ကြောက်ရွံ့ကြပါတယ်။ သူ့မှာ စည်းစိမ်ဥစ္စာနဲ့ ဩဇာအာဏာရှိလို့လေ။ ဒါပေမယ့် သူ့မှာ ပျော့ကွက်တစ်ခုရှိတယ်။ သူက ဝိုင်တွေကို အကဲဖြတ်ရာမှာ အတော်ဆုံးလူတစ်ယောက်လို့ သူ့ကိုယ်သူထင်နေတယ်။ ကျုပ်ကလည်း ဝိုင်တွေကို အကဲဖြတ်ရာမှာ ကျွမ်းကျင်သူတစ်ယောက်ပါပဲ။ ကျုပ်က ရှားပါးပြီး အဖိုးတန်တဲ့ ဝိုင်တွေကို ဝယ်ယူရာမှာ ငွေအမြောက်အမြားကို သုံးစွဲပါတယ်။ အဲဒီဝိုင်တွေကို ကျုပ်မိသားစုရဲ့ အိမ်တော်ရာအောက်မှာရှိတဲ့ အမှောင်ခန်းထဲမှာ သိုလှောင်ထားပါတယ်။

ကျုပ်တို့ အိမ်တော်ရာမြို့တော်မှာတော့ ရှေးအလွန်ကျတဲ့ အိမ်တော်ရာတစ်ခုပါပဲ။ မှန်ထွီဆာ မိသားစုအနွယ်ဝင်တွေဟာ အဲဒီအိမ်ကြီးမှာ နှစ်ပေါင်းရာနဲ့ချီကြာအောင် နေထိုင်ခဲ့ကြပါတယ်။ အဲဒီမိသားစုတွေရဲ့ ဂူတွေဟာ တိတ်ဆိတ်ပြီး မှောင်မည်းနေတဲ့ နေရာတွေမှာ ရှိပါတယ်။ အဲဒီနေရာကို ကျုပ်ကလွဲပြီး ဘယ်သူမှမသွားဘူး။

ကာနီဗယ်ရာသီအတွင်း တစ်ညနေခင်းနှောင်းပိုင်းမှာ ကျုပ် ဖော်ကျူနာတိုကို လမ်းပေါ်မှာ တွေ့လိုက်တယ်။ သူက ပါတီပွဲတစ်ခုကနေ တစ်ယောက်တည်း ပြန်လာတာ။ ဖော်ကျူနာတိုဟာ အဝါ၊ အစိမ်း၊ ခရမ်းနဲ့ အနီရောင်တွေနဲ့ ချုပ်ထားတဲ့ ပိုးအင်္ကျီနဲ့ လှပနေပါတယ်။ သူ့ဦးခေါင်းထက်မှာ ငွေခေါင်းလောင်းကလေးတွေနဲ့ လိမ္မော်ရောင်ဦးထုပ်ကို ဆောင်းထားပါတယ်။ သူဝိုင်တွေကို အလွန်အကျွံသောက်လာတယ်ဆိုတာကို ကျုပ်သိတယ်။ ကျုပ်ကို ခုလိုတွေ့ရတာ ဝမ်းသာတယ်လို့ ပြောတယ်။

ကျုပ်ကလည်း သူ့ကိုတွေ့ရတာ ဝမ်းသာပါတယ်လို့ ပြောလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်မှာ ဖြေရှင်းစရာ ပြဿနာကလေး နည်းနည်းရှိလို့လေ။

"ဘာပြဿနာများရှိလို့လဲ" လို့ သူက သူ့လက်ကြီးကို ကျုပ်ပခုံးပေါ် တင်ရင်း ပြောတယ်။

"ချစ်သူငယ်ချင်း ဖော်ကျူနာတိုရေ . . " လို့ ကျုပ်က နှုတ်ခွန်းဆက်လိုက်တယ်။ "ငါဟာ တော်တော်ကို အသုံးမကျတဲ့ ကောင်ပဲကွာ။ ဝိုင်ရောင်းတဲ့လူက သူ့မှာ ရှားပါးတဲ့ အမွန်တီလာဒိုဝိုင် တစ်စည်ရှိတယ်လို့ ပြောတယ်။ ဒါနဲ့ ငါလည်း သူ့ကိုယုံပြီး ဝယ်ထားလိုက်မိတယ်။ ဒါပေမယ့် အခု အဲဒီဝိုင်က အမွန်တီလာဒိုတကယ် စစ်မစစ် ငါ့မှာ မသေချာဘူးဖြစ်နေတယ်ကွ"

"ဘာကွ" လို့ သူကပြောတယ်။ "ဒီနှစ် အခုလိုအချိန်မှာ အမွန်တီလာဒိုဝိုင် တစ်စည်ဟုတ်လား။ တစ်စည်လုံးလုံးဟုတ်လား။ မဖြစ်နိုင်တာဘဲကွ"

"ဟုတ်တယ် မဖြစ်နိုင်ဘူး။ ငါ တော်တော် မသုံးမကျတာဘဲ။ ငါဝိုင်ရောင်းတဲ့လူကို ငွေအပြီးချေလိုက်မိတယ်။ သူက ဝိုင်ကိုကြည့်ပြီး မြည်းစမ်းခွင့်တောင်မပြုဘူး။ ဒါပေမယ့် ငါကလည်း မင်းကိုရှာမတွေ့၊ သူကလည်း ဝိုင်တွေကို တခြားလူတွေ ရောင်းပစ်လိုက်မှာစိုးတာနဲ့ ဝယ်ထားလိုက်မိတာပါပဲကွာ"

"အမွန်တီလာဒို ဝိုင်တစ်စည်" လို့ ဖော်ကျူနာတိုက အထပ်ထပ်ရေရွတ်နေပါတယ်။

"အဲဒီဝိုင် အခုဘယ်မှာထားလဲ"

ကျုပ် သူ့အမေးကို မကြားချင်ယောင် ဆောင်နေလိုက်တယ်။ အဲဒီအစား ကျုပ်တို့ရဲ့ သူငယ်ချင်း လူကာစီဆီ သွားမလို့လို့ သူ့ကို ကျုပ်ပြောလိုက်တယ်။ "သူကတော့ ဝိုင်စစ်မစစ်ဆိုတာ ပြောနိုင်မှာပဲ" လို့ ကျုပ်ပြောလိုက်တယ်။

ဖော်ကျူနာတိုဟာ ကျုပ်ကို ကြည့်ပြီး ရယ်တယ်။ "လူကာစီက ဝိုင်စစ်မစစ်ကို မပြောနိုင်ပါဘူး"

> ***"ဝိုင်သိုလှောင်ထားတဲ့အခန်းက ဒီအုတ်ဂူတွေရဲ့ အလွန်လေးမှာတင်လေ။ အဲဒီဂူတွေထဲမှာ ကျုပ်တို့ရဲ့ မိသားစုနွယ်ဝင်တွေကို ဂူသွင်းထားတာလေ။ ခင်ဗျား ဒီဂူတွေကို ဖြတ်ပြီးသွားရတာကို မကြောက်ဘူးလား" လို့ ကျုပ်မေးလိုက်တယ်***



www.burmeseclassic.com

www.burmeseclassic.com

ကျွပ်က ပြုံးပြီးပြောလိုက်တယ်။ "တချို့လူတွေက သူ့ကို ခင်ဗျားလိုပဲ ပိုင်တွေကို အကဲဖြတ်ရမှာ တော်တယ်ဆို"

ဖော်ကျူနာတိုဟာ ကျွပ်လက်ကိုဆွဲပြီး "ကျွပ်ကိုခေါ်သွားပါ။ ခင်ဗျား ပိုင် အမွန်တီလာဒို စစ်မစစ် မြည်းစမ်းပေးမယ်"

"ဒါပေမယ့် သူငယ်ချင်းရာ"လို့ ကျွပ်တားလိုက်တယ်။ "အချိန်က အရမ်းနောက်ကျနေပြီကွ။ ပိုင်က ငါ့အိမ်တော်ရာရဲ့ အောက်က ပိုင်သိုလှောင်တဲ့ အခန်းထဲမှာကွ။

အဲဒီအခန်းတွေက တအားစိုထိုင်းပြီး အေးစိမ့်နေတာ။ နံရံတွေကလည်း ရေတွေစိမ့်ထွက်ကျနေတာကွ"

"ငါ့ကရုမစိုက်ဘူး"လို့ သူကပြောတယ်။ "ပိုင်ရောင်းတဲ့လူက မင်းကို လိမ်ပြီးရောင်းသွားတာ ဟုတ်မဟုတ် ဆိုတာ ပြောနိုင်တဲ့သူဆိုလို့ ငါပဲရှိတယ်။ လူကာစီက မပြောနိုင်ဘူး"

ဖော်ကျူနာတိုဟာ ပြန်လှည့်လိုက်တယ်။ ကျွပ်လက်မောင်းကို ဆွဲကိုင်ပြီး ကျွပ်အိမ်ရှိရာ လမ်းထဲကို ဆွဲခေါ်သွားပါတော့တယ်။ အိမ်မှာ ဘယ်သူမှမရှိဘူး။ ကျွပ်ရဲ့အစေခံတွေ ကာနီဗယ်ပွဲတော်ကို ဝင်ရောက်ဆင်နွှဲနေကြတယ်။ သူတို့ ညလုံးပေါက်နေမှာ ကျွပ်သိတာပေါ့။

ကျွပ် ဖယောင်းတိုင်ကြီး နှစ်ချောင်းကို ယူပြီး မီးညှိလိုက်တယ်။ တစ်တိုင်ကို ဖော်ကျူနာတိုကို ပေးလိုက်တယ်။ သူဟာ အေးစိမ့်ပြီး တိတ်ဆိတ်နေတဲ့ ခန်းမတွေကိုဖြတ်ပြီး ကျွပ်နောက်ကနေ လိုက်လာတယ်။ မြေအောက်ခန်းတွေရှိရာကို ဆင်းတဲ့တံခါးဝကို ရောက်တဲ့အထိပေါ့။ ကျွပ် အမှောင်ထဲကို စိုက်ကြည့်တယ်။ ဆင်းတဲ့လှေကားတွေက လိမ်ကောက်နေတော့ ဖော်ကျူနာတိုဟာ ကျွပ်အနောက်မှာ ကပ်လျက်ပါလာတယ်။ လှေကားအဆုံးမှာတော့ စိုထိုင်းနေတဲ့လေဟာ ကျွပ်ကိုယ်ခန္ဓာကိုယ်ထဲကို ပွေ့ဖက်လွှမ်းခြုံလိုက်ပါတော့တယ်။

"ငါတို့ အခုဘယ်ရောက်နေတာလဲ" ဖော်ကျူနာတိုက မေးတယ်။ "မင်းပြောတော့ အမွန်တီလာဒိုပိုင် စည်က ပိုင်သိုလှောင်ခန်းထဲမှာဆိုကွ"

"ဟုတ်တယ်လေကွာ"လို့ ကျွပ်က ပြောလိုက်တယ်။ "ပိုင်သိုလှောင်ထားတဲ့အခန်းက ဒီအုတ်ဂူတွေရဲ့ အလွန်လေးမှာတင်လေ။ အဲဒီဂူတွေထဲမှာ ကျွပ်တို့ရဲ့ မိသားစုနွယ်ဝင်တွေကို ဂူသွင်းထားတာလေ။ ခင်ဗျား ဒီဂူတွေကို ဖြတ်ပြီးသွားရတာကို မကြောက်ဘူးလား"လို့ ကျွပ်မေးလိုက်တယ်။

သူလှည့်ပြီး ကျွပ်မျက်စိထဲကို စိုက်ကြည့်တယ်။ "အုတ်ဂူတွေဟုတ်လား"လို့ သူကပြောတယ်။ သူစပြီး ချောင်းဆိုးတယ်။ သူ့ဦးထုပ်က ခေါင်းလောင်းလေးတွေ တချွင်ချွင်မြည်လို့။

"သူငယ်ချင်း . . မင်းချောင်းဆိုးတာ ဘယ်လောက်တောင် ကြာနေပြီလဲ"လို့ ကျွပ်က မေးလိုက်တယ်။

"ဘာမှ မဖြစ်ပါဘူးကွ"လို့ သူက ပြောတယ်။ ဒါပေမယ့် ချောင်းဆိုးတာက မရပ်ဘူး။

"လာ . . . ငါတို့အပေါ်ပြန်တက်ကြမယ်လို့" ကျွပ်ကပြောလိုက်တယ်။ "မင်းရဲ့ ကျန်းမာရေးက ပိုအရေးကြီးတယ်။ မင်းက ချမ်းသာတယ်။ လူတွေက မင်းကို ရိုသေတယ်၊ လေးစားတယ်။ ပြီးတော့ ချစ်မြတ်နိုးကြတယ်။ မင်းမှာ ဇနီးတစ်ယောက်နဲ့ သားသမီးတွေလည်း ရှိသေးတယ်။ လူတွေက ခင်ဗျားသာ သေသွားရင် နှမြောတသဖြစ်လို့ဆုံးမှာ မဟုတ်ဘူး။ ဆိုဆိုရွားရွား နေမကောင်းမဖြစ်ခင် ကျွပ်တို့ ပြန်ကြရအောင်။ ကျွပ် လူကာစီကိုပဲ ခေါ်ပြီး အကူအညီတောင်းလိုက်ပါ့မယ်"

"မလိုဘူး"လို့ သူကအော်တယ်။ "ချောင်းဆိုးတာ ဘာမှမဖြစ်ဘူး။ ချောင်းဆိုးလို့ ကျွပ်သေမသွားဘူး"

"ဒါလည်းဟုတ်တာပဲ"လို့ ကျွပ်က ပြောတယ်။ "ဒါပေမယ့် ဂရုတော့ စိုက်ပါကွာ" သူက ကျွပ်လက်ကိုတွဲပြီး အေးစိမ့်ပြီး မည်းမှောင်နေတဲ့ အခန်းတွေကို ဖြတ်ပြီး စလျှောက်လိုက်တယ်။ ကျွပ်တို့ မြေအောက်ခန်းထဲကို နက်သည်ထက်နက်အောင် တိုးဝင်သွားကြတယ်။

နောက်ဆုံးမှာ ကျွပ်တို့ အခန်းကျဉ်းကလေးတစ်ခုကို ရောက်သွားတယ်။ အရိုးစုတွေဟာ တစ်ဖက်နံရံမှာ တောင်လိုစုပုံနေတယ်။

ဒီထက်တောင်သေးတဲ့ အခန်းလေးရှိရာ ဝင်တဲ့တံခါးက တခြားနံရံ တစ်ဖက်မှာ ပွင့်လို့ရယ်။ နှစ်မီတာ အမြင့်နှင့် တစ်မီတာအကျယ်လောက် ရှိမယ်။ အခန်းနံရံတွေက ကျောက်တုံးတွေနဲ့ ကာရံထားတယ်။

"ကဲ . . . ကျွပ်တို့ရောက်ပြီလို့ ကျွပ်က ပြောလိုက်တယ်။ "ကျွပ် အမွန်တီလာဒိုပိုင်ကို အဲဒီမှာ သိမ်းထားတယ်" ကျွပ်က အခန်းကျဉ်းလေးထဲကို လက်ညှိုးထိုးပြလိုက်တယ်။ ဖော်ကျူနာတိုဟာ ဖယောင်းတိုင်ကို မ,ပြီး အခန်းထဲကို ဝင်ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ကျုပ်ချက်ချင်းပဲ သူ့နောက်ကို လိုက်ဝင်လိုက်တယ်။ သူအခန်းကျဉ်းကလေးနံရံမှာ တွဲထားတဲ့ လက်ချည်တဲ့သံကြိုးကို ကြည့်နေတယ်။ ကျုပ်သူ့လက်တွေကို အမြန်ချုပ်ပြီး သံကြိုးလက်ထိတ်နဲ့ အမြန်ခတ်လိုက်တယ်။ အဲဒါ ခဏလေးပဲကြာပါတယ်။ သူ အံ့အားသင့်သွားပြီး ကျုပ်ကို ပြန်တိုက်ခိုက်ဖို့ မေ့နေတယ်။

ကျုပ်အခန်းလေးရဲ့ အပြင်ကို ထွက်လိုက်တယ်။

"ဘယ်မှာလဲ အမွန်တီလာဒိုဝိုင်"လို့ သူကအော်တယ်။

"အင်း ... ဟုတ်ပါရဲ့။ အမွန်တီလာဒိုဝိုင်တစ်စည်" ကျုပ်ပြောလိုက်တယ်။ ကျုပ် နံရံကိုမှီရပ်ပြီး အရိုးစုအပုံကြီးကို ဆန့်ကျင်ဘက်နေရာရှိရာ စပြီး တွန်းရွှေ့လိုက်တယ်။ အရိုးပုံရဲ့အောက်မှာ ကျောက်တုံးဘလောက်တစ်ပုံ၊ ဘိလပ်မြေတချို့နဲ့ သန်လျက်တစ်ခု ရှိတယ်။ ဒီပစ္စည်းတွေကို ကျုပ်အရင်ကတည်းက ဝှက်ထားခဲ့တာလေ။ ကျုပ်ဝင်ပေါက်ကို ကျောက်တုံးနဲ့ ဘိလပ်မြေသုံးပြီး စပိတ်လိုက်တယ်။

ကျုပ်ကျောက်တုံးတစ်လွှာ ပြီးသွားတဲ့အချိန်မှာ ဖော်ကျူနာတို အမူးပြေသွားပြီ။ သူဆယ်မိနစ်လောက်ကြာအောင် အခန်းထဲမှာ ညည်းညူနေတာ ကျုပ်ကြားတယ်။ နောက်တော့ အကြာကြီး တိတ်ဆိတ်သွားတယ်။

ကျုပ် အင်းကတေစီတာ ဒုတိယအလွှာနဲ့ တတိယအလွှာ ပြီးသွားပြီ။ လေးလွှာမြောက် စစီမယ်လုပ်တော့ ဖော်ကျူနာတိုဟာ သူ့ကို ချည်ထားတဲ့ သံကြိုးကို ဆွဲခါနေတာ ကျုပ်ကြားနေရတယ်။ သံကြိုးကို ကျောက်နံရံကနေ ပြုတ်ထွက်သွားအောင် ကြိုးစားနေတာလေ ...။

ကျုပ်ပြုံးပြီး လုပ်လက်စကို ရပ်လိုက်တယ်။ သူ့ရဲ့ ရုန်းနေတဲ့အသံကို ကောင်းကောင်းအရသာခံပြီ နားထောင်ရအောင်လေ။ နောက် မိနစ်အနည်းငယ်ကြာတော့ သူရပ်သွားတယ်။ ကျုပ်ငါးလွှာ၊ ခြောက်လွှာနဲ့ ခုနစ်လွှာကို အပြီးသတ်လိုက်တယ်။ ကျုပ်စီနေတဲ့ ဝင်ပေါက်နံရံက အခု ကျုပ်ပခုံးလောက် ရောက်နေပြီ။

ရုတ်တရက် သူက ကျယ်ကျယ်လောင်လောင် စူးစူးရှရှ အော်ဟစ်လိုက်တယ်။ အဲဒိုက်အတန့်တော့ ကျုပ်စိုးရိမ်သွားတယ်။ တစ်ယောက်ယောက်များ ကြားသွားမလားဆိုပြီးတော့လေ။ ပြီးမှ အသံလုံတဲ့ တိုက်ခန်းနံရံကို လက်နဲ့စမ်းကြည့်ပြီး စိတ်ချလက်ချ ဖြစ်သွားတယ်။ ကျုပ်အခန်းကျဉ်းကလေးထဲကို ကြည့်လိုက်တယ်။ အဲဒီမှာ သူက အော်နေတုန်းပဲ။ ပြီးတော့ ကျုပ်လည်း စအော်တယ်။ ကျုပ်ရဲ့ စူးရှတဲ့အော်သံဟာ သူ့ထက်ပိုကျယ်တော့ သူရပ်သွားတယ်။

အခု သန်းခေါင်ယံရောက်လုပြီ။ ကျုပ် ရှစ်လွှာ၊ ကိုးလွှာနဲ့ ဆယ်လွှာမြောက်ကို အပြီးသတ်လိုက်တယ်။ ကျန်တာဆိုလို့ နံရံပေါ်က နောက်ဆုံးအပေါက်တစ်ပေါက်ပဲရှိတယ်။ ကျောက်တုံးတွေနောက်ကနေ ရယ်သံခပ်တိုးတိုးလေး ထွက်လာတဲ့အချိန်မှာ ကျုပ်က အပေါက်ကို ပိတ်လိုက်တော့မလို့ရယ် ...။

အဲဒီရယ်သံက ကျုပ်ဆံပင်တွေကို ထောင်သွားစေတယ်။

ပြီးမှ ဖော်ကျူနာတိုက ဝမ်းနည်းတဲ့အသံနဲ့ ပြောတယ်။ အသံက သူ့အသံမဟုတ်တဲ့အတိုင်းပဲ။

သူကပြောတယ်။ "အင်း ... ခင်ဗျားက တော်တော်အစအနောက်သန်တဲ့သူပဲ။ နောက်မှ အမွန်တီလာဒိုဝိုင်ကို သောက်ရင်း ရယ်ပွဲဖွဲ့ကြတာပေါ့ဗျာ။ အခုနောက်မကျသေးဘူး မဟုတ်လား။ ကျုပ်ဇနီးနဲ့ မိတ်ဆွေတွေ မျှော်နေကြတော့မယ်။ သွားကြရအောင်"

"အင်း .. ဟုတ်တယ်။ သွားကြတာပေါ့"လို့ ကျုပ်က ပြန်ပြောလိုက်တယ်။

ကျုပ် သူ တခြားဘာပြောမလဲ စောင့်ပါသေးတယ်။ ကျုပ်ရင်ခုန်သံကိုပဲ ကျုပ်ပြန်ကြားနေရတယ်။

"ဖော်ကျူနာတို" ကျုပ်ခေါ်လိုက်တယ်။ ပြန်မဖြေဘူး။ ကျုပ်ထပ်ခေါ်တယ်။ "ဖော်ကျူနာတို" ဒါလည်း မဖြေသေးဘူး။

ကျုပ်နောက်ဆုံးကျောက်တုံးနဲ့ နံရံကို အလောတကြီးပိတ်လိုက်တယ်။ ပြီးတော့ ဘိလပ်မြေနဲ့ ကျံလိုက်တယ်။ ပြီးမှ ကျုပ်ကာလိုက်တဲ့ နံရံရှေ့မှာ အရိုးစုပုံကို တွန်းရွှေ့ပုံထားလိုက်ပါတော့တယ်။

ဒါတွေဖြစ်ခဲ့တာ လွန်ခဲ့တဲ့ နှစ်ငါးဆယ်ကပါ။ အခုဆို ရာစုနှစ် တစ်ဝက်ကျိုးပြီ။ ဘယ်သူမှ အဲဒီအရိုးတွေကို မကိုင်ဘူး။ "သူငြိမ်းချမ်းစွာ အနားယူနိုင်ပါစေ"

**ထွန်းထွန်းလင်း**

**(The Cask of Almontillado by Edger Allan Poe)**



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်၏ အတ္ထုပ္ပတ္တိကို TV ဇာတ်လမ်းရိုက်ကူးမည်



အမေရိကန်မှ နိုင်ငံခြားရေးဝန်ကြီးဟောင်း မစ္စဟီလာရီကလင်တန်၏ ဘဝဖြစ်စဉ် တစ်စိတ်တစ်ပိုင်းကို ၄ နာရီ စီးရီးရုပ်သံဇာတ်လမ်းအဖြစ် NBC က ရိုက်ကူးထုတ်လွှင့်မည်ဖြစ်ပြီး ဟီလာရီအဖြစ် ရုပ်ရှင်မင်းသမီး ဒေနီလိမ်းက သရုပ်ဆောင်မည်ဖြစ်ကြောင်း ၃၀-၁၁-၁၃ သတင်းစာတွင် ဖော်ပြသည်။

ထိုအတ္ထုပ္ပတ္တိဇာတ်လမ်းကို အော်စကာဆု အမည်တင်သွင်းခြင်းခံရသော ဇာတ်ညွှန်းရေးဆရာ ကုတ်နီဟန်နီက ရေးသားမည်ဖြစ်သည်။ သမ္မတအဖြစ် မစ္စတာကလင်တန် ထမ်းစဉ်ကာလအတွင်း ဟီလာရီကျင်လည်ခဲ့ရသော ဇနီးသည်ဘဝ၊ မိခင်ဘဝတို့ အသေးစိတ်ပါဝင်မည်ဖြစ်ပြီး ထိုကာလအတွင်း ကလင်တန် မြာပွေသဖြင့် အကြီးအကျယ် ပြဿနာနှင့် ရင်ဆိုင်နေရချိန်တွင် သူမနားလည်ဖေးမ ကူညီခဲ့ပုံ၊ အမေရိကန်စီနိတ်တာ ဖြစ်လာပုံ၊ သမ္မတအိုဘားမားနှင့် သမ္မတရွေးပွဲ အပြိုင်နွှဲကြပုံ၊ နိုင်ငံခြားရေးဝန်ကြီးဖြစ်လာပုံ စသည့် (၁၉၉၈)ခုအထိ ဖြတ်သန်းခဲ့သော ဟီလာရီဘဝဖြစ်စဉ်ဖြစ်သည်။ ထုတ်လွှင့်မည့်ရက် မကြေညာသေးသော်လည်း ဟီလာရီ၏ ၂၀၁၆ ခုနှစ်၊ သမ္မတရွေးပွဲဝင်မည်ကို တရားဝင် မကြေညာမီ ထုတ်လွှင့်ပြသမည်ဟု သတင်းက ဆိုသည်။


ညီမြင့်လွင်(မော်ကျွန်း)

*Ref: PTI, 30.11.2013*



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မက်ကူလွန်ရေကန်ထဲမှ မိန်းမချောအလောင်း

## Strangled Nude in the Lake
by Peter Oberholtzer

■ ဘနှင်း(မြန်မာပြန်)

ကိုယ်ခန္ဓာ ဖွံ့ဖြိုးလုပမှုအတွက် ဘရာစီယာသည် အမျိုးသမီးများအတွက် မရှိမဖြစ် ပစ္စည်းတစ်ခုမှန်း မိန်းမမှန်သမျှ သိရှိထားကြသည်။

တော်ရုံတန်ရုံ ရင်သားမရှိသူများအတွက်ပင် ဘရာစီယာ၏အထောက်အကူဖြင့် တင်းတင်းရင်းရင်း၊ လုလုပပ တပ်မက်စရာ ဖြစ်လာအောင် ဘရာစီယာက အကျိုးပြု စွမ်းဆောင်ပေးနိုင်သည်ကိုလည်း ပရိသတ်က သိခဲ့ကြသည်။ ယင်းသို့ စွဲမက်စရာ အလှအတွက် အထောက်အကူပြုခဲ့သော ဘရာစီယာရင်စီးသည် အမျိုးသမီးများ၏အသက်ကိုလည်း အန္တရာယ်ပြုတတ်ပါသည်ဆိုလျှင် ယုံချင်မှ ယုံပေမည်။ သို့သော် လုပတပ်မက်ဖွယ်ကောင်းသော မိန်းမလှလေးတစ်ယောက်ကမူ ဘရာစီယာရင်စည်းကို လည်တိုင်မှာ ချည်နှောင်၍ အသတ်ခံခဲ့ရသည်ကတော့ အမှန်ပင်။

အမေရိကန်နိုင်ငံ၊ ချီကာဂိုအနောက်မြောက်ဘက် မိုင် ၄၀ အကွာတွင်ရှိသော မင်ဟက်တန်မြို့ဝယ် လူပျောက်မှုနှင့်ပတ်သက်၍ ရဲစခန်းသို့ ဖုန်းတစ်ခု ရောက်လာသည်။

"ကျွန်တော်ဟာ ဂျင်းအန်းလင် ဂျန်ဖဲလ်တာရဲ့ ဖခင်ပါ။ ကျွန်တော့်သမီးဟာ အချိန်တန်လို့ အိမ်ပြန်မရောက်လာခဲ့သေးပါဘူး။ ဒါကြောင့် ကျွန်တော် ရဲစခန်းကို အကြောင်းကြားရတာပါ"

၁၉၇၀ ပြည့်နှစ်၊ မေလ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့ ညဘက် ၁၁ နာရီ မိနစ် ၃၀ တွင် အထက်ပါအတိုင်း တယ်လီဖုန်းသံတစ်ခုသည် ရဲစခန်းသို့ ရောက်လာခဲ့သည်။

လုပချောမွေ့ပျိုမျစ်သည့် အသက် ၁၇ နှစ်အရွယ် ဂျင်းအန်းမှာ ဓါတိုင်းဆိုလျှင် ညဘက် ၉ နာရီကျော်လျှင် အိမ်သို့ ပြန်ရောက်စမြဲဖြစ်သော်လည်း ယခုမူ ၁၁ နာရီခွဲကျော်သည်အထိ ပြန်မရောက်သေး၍ စိတ်ပူကာ ရဲစခန်းသို့ အကြောင်းကြားရပါသည်ဟု ပျောက်ဆုံးသွားသော မိန်းကလေး၏ဖခင်က ပြောကြားသေးသည်။

ဂျင်းအန်းမှာ အသက် ၁၇ နှစ်မျှသာ ရှိသေးပြီး ကိုယ်လုံးကိုယ်ပေါက် အချိုးအစား ကျသူလေးတစ်ယောက်ဖြစ်ပေသည်။ အိုမီဂါခေါ် ဆံတိုဆံပင်ကုပ်ဝဲဆံပင်ရှိပြီး သူမ၏ဆံပင်အရောင်မှာ အညိုရောင်ဟု ဆိုသည်။

ဂျင်းအန်းမှာ မက်ဟန်နရီအထက်တန်းကျောင်း၏ ပညာသင်ဘွဲ့ယူရန် စာရင်းဝင် ကျောင်းသူတစ်ဦးဖြစ်ရာ အပေါင်းအဖော် မိန်းကလေးများနှင့် သွားခဲ့ရာမှ ပျောက်ဆုံးခဲ့သည်။ နေအိမ်မှ မိသားစုပိုင် မော်တော်ကားကို သူမကိုယ်တိုင် မောင်းနှင်သွားခဲ့ပြီး အချိန်တန်၍ အိမ်ပြန်မရောက်လာခြင်း ဖြစ်သည်ဟု ဆိုသေးသည်။

အထူးသဖြင့် ညဘက် ၈ နာရီခွဲ ၉ နာရီခွဲထက် ကျော်လွန်အောင် မသွားတတ်သော မိန်းကလေးသည် ယခုမူ ည ၁၁ နာရီကျော်သည်အထိ ပြန်မ ရောက်လာသေးသဖြင့် ဖခင်ဖြစ်သူနှင့် မိသားစုမှာ စိတ်ပူပင်သောက ဖြစ်နေကြရသည်။

သို့ဖြင့် ပျောက်ဆုံးသွားသော မိန်းကလေးကို ရှာဖွေရန် မက်ဟန်နရီ ရဲစခန်းမှ တာဝန်ရှိပုဂ္ဂိုလ်များက အမှုကို လက်လံလိုက်ကြသည်။

အရွယ်ကောင်း၍ စွဲမက်ဖွယ်ဖြစ်သော မိန်းမလှလေးများ ဖြစ်တတ်သည့် သဘောသဘာဝကိုလည်း ရဲတို့က ကြိုတင်၍ တွေးမိထားပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မက်ဟန်နရီမြို့၏ အကျယ်အဝန်းက သိပ်ရှိလှသည်မဟုတ်။ သို့အတွက် ပျောက်ဆုံးနေသော မိန်းကလေးတစ်ယောက်ကိုရှာဖွေရန် လွယ်လင့်တကူ ရှိလိမ့်မည်ဟု ရဲတို့က ခန့်မှန်းခဲ့ကြသည်။

ဂျင်း၏ ဖခင်ကိုယ်၌ကလည်း သူ၏သမီးငယ် ပျောက်ဆုံးမှုအတွက် သမီးငယ်၏ သူငယ်ချင်းဖြစ်သူများထံသို့ ဆက်သွယ်မေးမြန်းခဲ့သည်။ သို့သော် မည်သူတစ်ဦးတစ်ယောက်မျှ ဂျင်းတစ်ယောက် ပျောက်ဆုံးနေမှုနှင့် ပတ်သက်၍ တိတိကျကျ ထုတ်ဖော်ပြောကြားနိုင်ခြင်း မရှိခဲ့ပေ။

မက်ဟန်နရီမြို့၏ ပန်းခြံမှာ လူငယ်လူရွယ်များနှင့် အမျိုးသမီးများ အပန်းဖြေသွားရောက် ကျက်စားသည့် နေရာဖြစ်ရာ ဘယ်လိုနည်းနှင့်ဖြစ်ဖြစ် မက်ဟန်နရီပန်းခြံတွင် သူ့သမီးနှင့် ပတ်သက်သော သဲလွန်စကို ရရှိလိမ့်မည်ဟု ဂျင်း၏ဖခင်က မျှော်လင့်ထားမိသည်။ မျှော်လင့်ထားသည့်အတိုင်း ဂျင်းမောင်းသွားခဲ့သည့် မိသားစုပိုင် မော်တော်ကားကို ပန်းခြံရှေ့တွင် ရပ်ထားသည်ကို တွေ့လိုက်ရသည်။ ရဲအဖွဲ့ကိုလည်း အကြောင်းကြားလိုက်သည်။ ရဲအဖွဲ့မှလည်း သဲလွန်စရနိုင်ရန် ကြိုးပမ်းခဲ့ကြရသည်။

ပန်းခြံရှေ့ဝယ် စွန့်ပစ်၍ ရပ်ထားသော မော်တော်ကားကို တွေ့သဖြင့် အနီးအနား ပတ်ဝန်းကျင်ဝယ် ဂျင်းကိုလည်း တွေ့ရှိနိုင်လိမ့်မည်ဟု ရဲတို့က အတပ်စွေးမိကြသည့်အတိုင်း ရှာဖွေရေးအဖွဲ့ဝင်များကို အုပ်စုဖွဲ့စေပြီး အနီးအနား ပတ်ဝန်းကျင်တစ်ဝိုက် မှန်သမျှ ရှာဖွေနိုင်ရန် တာဝန်ပေးလိုက်ရသည်။

တာဝန်ရှိ ရဲအရာရှိတို့၏ တာဝန်ပေးချက်အရ ရှာဖွေရေးအဖွဲ့ဝင်များသည် အုပ်စုဖွဲ့၍ ပျောက်ဆုံးနေသော မိန်းကလေးကို ရှာဖွေနိုင်ရန် မော်တော်ကားဖြင့် တစ်မျိုး၊ ခြေလျင်ဖြင့် တစ်သွယ်နည်း အဖုံဖုံဖြင့် ရှာဖွေရေးခရီးထွက်ရာမှ ရှာဖွေရေးအုပ်စုတစ်စုသည် မက်ကူလွန် ရေကူးကန်ဘက်ဆီသို့ ရောက်သွားခဲ့သည်။

မက်ကူလွန် ရေကန်မှာ အများအားဖြင့် လူငယ်လူရွယ်များနှင့် အမျိုးသမီးများ အထူးသွားရောက်တတ်သော ရေကန်တစ်ခုဖြစ်ပြီး ထိုရေကန်၏ရေမှာ ကြည်လင်၍ နွေရာသီဝယ် အထူးအနား ယူစရာကောင်းသော နေရာတစ်ခု ဖြစ်သည်။ ထို့အတူပင် ဝီလျံဟာဇော့ပန်းခြံ၏ သောင်ကမ်းပြင်မှာလည်း ပျော်ရွှင်စရာကောင်းသော နေရာတစ်ခုပင် ဖြစ်လေသည်။

မက်ကူလွန် ရေကန်နှင့် ဝီလျံဟာဇော့ ပန်းခြံသောင်ကမ်းများသို့ ရှာဖွေရေးလုပ်ငန်းကို လူစုခွဲ၍ စခဲ့သည်။

လူငယ်လူရွယ်များနှင့် အမျိုးသမီးများ အထူးသွားရောက် ကျက်စားတတ်သည့် နေရာများတွင် တစ်နည်းမဟုတ် တစ်နည်းဖြင့် တွေ့နိုင်မည်ကို မျှော်လင့်ထားကြသည်။

ရှာဖွေရေးအဖွဲ့ အုပ်စုတွင် ဂျင်း၏ သူငယ်ချင်းဖြစ်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကလည်း ပါဝင်ကူညီရှာဖွေရန် လိုက်ပါခဲ့ကြသည်။

သူတို့နှစ်ယောက်စလုံး ကမ်းစပ်နှင့် ၁၀ ပေမျှဝေးသည့် ရေစပ်အတွင်းမှာ လျှောက်၍ ရှာဖွေရေးခရီးကို စတင်ခဲ့သည်။ နှစ်ယောက်စလုံး လက်တွင် လျှပ်တစ်ပြက် လက်နှိပ်ဓာတ်မီး ကိုယ်စီ ကိုင်ဆောင်လျက် မြစ်ကမ်းတစ်လျှောက် ရှာဖွေခဲ့ကြသည်။ လျှပ်တစ်ပြက်မီးကို အသုံးပြုခဲ့သဖြင့် ရေအရောင်နှင့် မီးအရောင် ထိတွေ့မှုဝယ် ရောင်စုံဖြာသွားသဖြင့် အမျိုးသမီးသည် ထိုနေရာကို စူးစူးစိုက်စိုက် ဂရုပြုလိုက်မိသည်။ ထို့နောက် တစ်စုံတစ်ခုကိုတွေ့မိသဖြင့် သူမ၏အဖော်ဖြစ်သူ အမျိုးသားကို လှမ်း၍ အသံပြုလိုက်သည်။

"ကဲ ... ဆိုစမ်းပါဦး။ ဘာများဖြစ်နေလို့လဲ"

"ကျွန်မ တစ်ခုခုကို တွေ့လိုက်ရသလားလို့"

အမျိုးသမီးသည် သူမလက်မှ ကိုင်ထားသော လက်နှိပ်ဓာတ်မီးဖြင့် ပို၍သေချာအောင် ခပ်စောစောကနေရာသို့ ထိုးလိုက်သည်။ လက်နှိပ်ဓာတ်မီး ထိုးပြလိုက်သော နေရာမှာ သစ်ပင်များ အုံ့ဆိုင်းနေသည့် ရေစပ်တွင် ဖြစ်လေသည်။ အမျိုးသားကလည်း သူ၏ လက်နှိပ်ဓာတ် မီးဖြင့်ပင် အမျိုးသမီးပြခဲ့သော နေရာသို့ ထပ်တူထပ်မျှ မီးထိုးလိုက်သည်။

ဓာတ်မီး၏အရောင်ကြောင့် လူခန္ဓာကိုယ်နှင့် အရောင်တူသော အရာတစ်ခုကို သူတို့နှစ်ယောက်စလုံး တွေ့လိုက်ကြသည်။ လူ၏ခန္ဓာကိုယ်ကို နှစ်ယောက်စလုံး တွေ့လိုက်ရသဖြင့် ကြက်သေသေသွားကြသည်။ တိတိကျကျသိလိုသဖြင့် အနားသို့ ချဉ်းကပ်လေ့လာလိုက်သည်။

"ဟယ် ... အမျိုးသမီး တစ်ယောက်ပါလား"

အမျိုးသမီးနှုတ်မှ ရုတ်တရက် စကားသံတစ်ခု ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

အံ့ဩစရာကောင်းလှသော အဝတ်အစား ကင်းမဲ့နေသည့် အမျိုးသမီး ခန္ဓာကိုယ်တစ်ခုကို ရေစပ်တွင် တွေ့လိုက်ရသည်။ စိတ်မကောင်းခြင်းများစွာ ဖြစ်သွားရသလို နှစ်ယောက်စလုံးပင် ပျောက်ဆုံးနေသော ဂျင်းဖြစ်သူ၏ ခန္ဓာကိုယ်မှန်း သိလိုက်ကြသည်။

"ကြည့်စမ်းပါဦး ကြည့်စမ်းပါဦး။ ဂျင်းရဲ့ ခန္ဓာကိုယ်ပဲ မဟုတ်လား"

အမျိုးသမီးက တုန်ယင်စွာဖြင့် အသက်မဲ့နေသော ကိုယ်တုံးလုံးအမျိုးသမီး၏ ခန္ဓာကိုယ်ကိုကြည့်ပြီး ရေရွတ်လိုက်သည်။ ဘေးတွင် ရပ်၍ကြည့်နေသော အမျိုးသားက ဘာစကားမှမဆိုအားဘဲ ဖြစ်နေသည်။

လူပျောက်ရှာ ထွက်လာရာမှ သေဆုံးနေသည်ကို မြင်ရသဖြင့် စိတ်မကောင်းခြင်းများစွာ ဖြစ်လာကြရသည်။ မျက်စိမျက်နှာပျက်နေသော အမျိုးသမီး၏လက်မောင်းကို သူ၏လက်ဖြင့် ခပ်တင်းတင်း ဆုပ်ကိုင်၍ မော်တော်ကားရှိရာသို့ ဆွဲခေါ်လာခဲ့ပြီး နှစ်ယောက်စလုံး မော်တော်ကားအတွင်းသို့ ဝင်လိုက်ကြသည်။ မော်တော်ကားအတွင်းသို့ ရောက်လျှင် ရောက်ချင်း အမျိုးသားသည် မဆိုင်းမတွဘဲ ကားကို ထိုနေရာမှ တရကြမ်း မောင်းထွက်လာခဲ့သည်။

မော်တော်ကားဘီး လိမ့်သံနှင့်အတူ အမျိုးသမီး၏ စူးရှသော အော်ဟစ်သံများက ပတ်ဝန်းကျင်တွင် ပျံ့လွင့်သွားသည်။ သူတို့ နှစ်ယောက်စလုံး စီးလာသည့်မော်တော်ကားသည် တခြားရှာဖွေရေးအဖွဲ့ဝင်များ ရှိမည့်နေရာသို့ ရောက်နိုင်သမျှရောက်ရန် အပြင်းမောင်းခဲ့သည်။

အမျိုးသမီးက မော်တော်ကားထဲမှ လှမ်းမြင်ရသည့်နေရာသို့ လက်ညှိုးထိုးပြ၍ အော်ပြောလိုက်သည်။ ကားမောင်းနေသော အမျိုးသားသည် အမျိုးသမီး ညွှန်ပြပြောဆိုသော နေရာဝယ် မော်တော်ကားကို ရပ်ပစ်လိုက်သည်။

ရှာဖွေရေးအဖွဲ့ဝင်များထဲမှ မက်ဟန်နစ်မြို့၏ တပ်ကြပ်ကြီးကို တွေ့လိုက်ကြရသည်။

"ဒီမှာဦးလေး။ ကျုပ်တို့ ဂျင်းရဲ့ ခန္ဓာကိုယ်နဲ့တူတဲ့ အမျိုးသမီးအလောင်းကို တွေ့ခဲ့ကြတယ်"

အမျိုးသမီးသည် သွက်လက်စွာဖြင့် သူမတို့ တွေ့ရှိခဲ့ရသော နေရာသို့ ငြိမ်ဝပ်ပိပြားရေး တပ်ကြပ်ကြီးကိုခေါ်၍ သွားရောက်ပြသခဲ့သည်။

"အေး ...မင်းတို့ပြောသလို ဂျင်းရဲ့အလောင်းဖြစ်မယ် ထင်တာပဲ"

"ရှာဖွေရေးအဖွဲ့ဝင်တွေနဲ့ ရဲဌာနကလူတွေသိအောင် တို့အကြောင်းကြားကြစို့"

တပ်ကြပ်ကြီးသည် ပြောပြောဆိုဆိုပင် အခြားရှာဖွေရေး တာဝန်ရှိသူ ပုဂ္ဂိုလ်များနှင့် အကြီးအကဲတို့ထံသို့ တယ်လီဖုန်းဆက်သွယ်၍ အကြောင်းကြားလိုက်သလို ရေဒီယိုမှတဆင့် ရှာဖွေတွေ့ရှိမှုကို အသံလွှင့် ထုတ်ဖော်ပြောကြားလိုက်သည်။

မြို့နယ်ငြိမ်ဝပ်ပိပြားရေး တပ်ကြပ်ကြီး၏ ထုတ်ဖော် အစီရင်ခံမှုကြောင့် ပျောက်ဆုံးသွားသော မိန်းကလေး၏ ဖခင်နှင့်အတူ ရှာဖွေရေးအဖွဲ့ဝင်များက ပျောက်ဆုံးသွားသော မိန်းကလေး၏ သတင်းစုံကို ကြားသိလိုက်ကြသည်။

အလောင်းနှင့် ပတ်သက်သည့် ခြေရာလက်ရာများကို မှတ်တမ်းတင်နိုင်ရန်အတွက် ရဲအဖွဲ့မှ ဓာတ်ပုံဆရာများက အမျိုးသမီးအလောင်းကို အနေအထား အမျိုးမျိုးဖြင့် ဓာတ်ပုံရိုက်ယူကြသည်။

အဝတ်အစားဟူသရွေ့ ဘာမျှမရှိဘဲ အမျိုးသမီးအလောင်းမှာ ဝတ်လစ်စလစ် ဖြစ်နေသည်။ သို့သော် လှပသော ဘရာစီယာရင်စည်းသည် အမျိုးသမီး၏ လည်တိုင်ကျော့ပေါ်တွင် ကျပ်တည်းစွာ ချည်နှောင်ထားသည်ကို တွေ့ရသဖြင့် လူသတ်သမားသည် အမျိုးသမီး၏ ဘရာစီယာဖြင့်ပင် အမျိုးသမီး၏ လည်ပင်းကိုညှစ်၍ သတ်ထားခဲ့သည်ဟု ယူဆလိုက်ကြသည်။

"အင်း ...ဒီမိန်းကလေးကို ကြည့်ရတာ တစ်စုံတစ်ယောက်က မတော်မတရား ကျင့်ကြံပြီး ဘရာစီယာနဲ့ လည်ပင်းကို ချည်နှောင်သတ်ပစ်လိုက်တာများလား"

တာဝန်ရှိသူပုဂ္ဂိုလ်ကြီးက အမျိုးသမီး၏အလောင်းကို စစ်ဆေးလျက်ရှိရာမှ ထုတ်ဖော်ပြောကြားလိုက်သည်။

မိန်းကလေး၏ အလောင်းကို စစ်ဆေးနိုင်ရန် ရဲအဖွဲ့၏ မှုခင်းဆရာဝန်ဖြစ်သူ ဒေါက်တာရောဘတ်စတိန်လက်သို့ တာဝန်လွှဲလိုက်လေသည်။

သို့ဖြင့် အမျိုးသမီး၏အလောင်းအား မက်ဟန်နစ်မြို့၏ မှုခင်းစစ်ဆေးရေး ဆရာဝန်ဒေါက်တာ ရောဘတ်စတိန်ထံ ပို့ဆောင်ပေးလိုက်ကြသည်။

ရဲအဖွဲ့မှ တာဝန်ရှိသူနှင့် ရှာဖွေရေးအဖွဲ့ဝင်များကမူ အမျိုးသမီး၏ အလောင်းကို ရှာဖွေတွေ့ရှိခဲ့သော နေ



www.burmeseclassic.com

www.burmeseclassic.com

ရာဝယ် အခြားသဲလွန်စများ တွေ့မတွေ့ ရှာဖွေနေရစ်ခဲ့ကြသည်။

သေဆုံးသွားသူ အမျိုးသမီးမှာ သောင်ကမ်းစပ်နှင့် ကိုက် ၁၀၀ မျှဝေးသောနေရာမှ တရွတ်တိုက် ဆွဲခေါ်ခံခဲ့ရဟန်တူသည့် လက္ခဏာများကို သဲလွန်စအဖြစ် တွေ့ခဲ့ကြရသည်။ ထို့ပြင် အမျိုးသမီးဝတ်ဆင်ခဲ့သော အဝတ်အစားအချို့နှင့်တူသည့် အဝတ်အစားများကို သစ်ပင်ပေါ်တွင် ချိတ်ရက်သား တွေ့ခဲ့ကြရသည်။

သို့သော် ထိုအဝတ်အစားတို့မှာ အမျိုးသမီး၏ မသေခင်က ဝတ်ဆင်ခဲ့သော အဝတ်အစား ဟုတ်–မဟုတ်နှင့် လူသတ်သမားက မသတ်ခင် ချွတ်ပစ်ခဲ့သော အမျိုးသမီး၏ အဝတ်အစား ဖြစ်နိုင်–မဖြစ်နိုင်ကို တိတိကျကျ မဖော်ထုတ်နိုင်ခဲ့သေးပါ။

သေဆုံးသွားခဲ့သူ အမျိုးသမီးမှာ ပျောက်ဆုံးခဲ့သော ဂျင်းဆိုသူပင်ဖြစ်သည်ဟု အလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြသော အမျိုးသားနှင့် အမျိုးသမီးစုံတွဲက ထုတ်ဖော်ဝန်ခံပြောဆိုခဲ့ကြသည်။

ထိုအလောင်းကို ရှာဖွေတွေ့ရှိခဲ့ကြသူ အမျိုးသား၏ အမည်မှာ စမစ်ဆိုသူ အသက် ၂၀ ရှိ လူငယ်တစ်ယောက် ဖြစ်သည်။ အမျိုးသမီးမှာမူ အသက် ၁၇ နှစ်ရှိသူတစ်ဦး ဖြစ်ပြီး စမစ်နှင့် စေ့စပ်ကြောင်းလမ်းထားသူတစ်ဦးဖြစ်သည်။

"ကျွန်မတို့ နှစ်ယောက်နဲ့အတူ နောက်ထပ် အတွဲနှစ်တွဲဖြစ်တဲ့ ကျွန်မတို့ မိတ်ဆွေစုံတွဲကိုချိန်းပြီး အပျော်ခရီးထွက်ဖို့ စီစဉ်နေကြပါတယ်"

မိန်းကလေးက လွန်ခဲ့သည့် တစ်ပတ်ကျော်က စီစဉ်ခဲ့ကြသည့်အကြောင်းကို ထုတ်ဖော်ပြောကြားသည်။ သူတို့သုံး စုံတွဲ၌ ဖရန်ကီဆိုသူလူငယ်တစ်ဦးနှင့် သေဆုံးသူ ဂျင်းတို့မှာ အတွဲတစ်တွဲ ဖြစ်ရန်အတွက် ချိန်းဆိုခဲ့ကြသည့်အကြောင်းကိုပါ ရဲအဖွဲ့၏ တာဝန်ရှိသူအား အမျိုးသမီးက ထုတ်ဖော်ပြောကြားလိုက်သည်။

**သေဆုံးသွားသူ အမျိုးသမီးမှာ သောင်ကမ်းစပ်နှင့် ကိုက် ၁၀၀ မျှဝေးသော နေရာမှ တရွတ်တိုက် ဆွဲခေါ် ခံခဲ့ရဟန်တူသည့် လက္ခဏာများကို သဲလွန်စအဖြစ် တွေ့ခဲ့ကြရသည်။ ထို့ပြင် အမျိုးသမီးဝတ်ဆင် ခဲ့သော အဝတ်အစား အချို့နှင့်တူသည့် အဝတ်အစားများကို သစ်ပင်ပေါ်တွင် ချိတ်ရက်သား တွေ့ခဲ့ကြရသည်။**

သေဆုံးသူ မိန်းကလေးနှင့် ပတ်သက်သည့် စစ်ဆေးမှုဆိုင်ရာ ဆရာဝန်က သေဆုံးသူ မိန်းကလေးမှာ မသေခင်က အဓမ္မအကျင့်ခံရသည်ဟု ထုတ်ဖော်ပြောကြားသည်။

"ဒီမိန်းကလေးဟာ လူသတ်သမားရဲ့ ပြင်းပြင်းထန်ထန် ရိုက်နှက်မှုကို ခံစားရပြီး သတိမေ့သွားခဲ့တယ်။ မိန်းကလေးသတိမေ့နေတုန်းမှာ လူသတ်သမားဟာ မိန်းကလေးကို စိတ်ရှိလက်ရှိကျင့်ကြံပြီးမှ ဘရာစီယာနဲ့ လည်ပင်းကို ချည်နှောင်သတ်ပစ်ခဲ့တာပဲ"

မှုခင်းစစ်ဆေးရသူ ဆေးဘက်ဆိုင်ရာ ဒေါက်တာက မိန်းကလေး၏ အလောင်းကို စစ်ဆေးရာမှ တွေ့ရှိရသော အခြေအနေများကို ဆိုင်ရာရဲအဖွဲ့သို့ တင်ပြလိုက်လေသည်။

မြို့နယ်လုံခြုံရေး အရာရှိ ကာရိုးမိတ်သည် မုဒိမ်းသမား လူသတ်တရားခံနှင့်ပတ်သက်သည့် အကြောင်းစုံကို မြို့နယ်အတွင်း သိရှိဖော်ထုတ်နိုင်ရန် ရုပ်မြင်သံကြားမှတစ်ဆင့် ကြေညာထုတ်လွှင့် အစီရင်ခံလိုက်လေသည်။

ပြည်သူတို့၏ အကူအညီကိုယူ၍ တရားခံကို အမြန်ဆုံးဖမ်းဆီးနိုင်ရန် သူတို့ရဲအဖွဲ့နှင့် လက်တွဲရေးအတွက်ကိုပါ မေတ္တာရပ်ခံခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

တရားခံကို စုံစမ်းသိရှိလျှင် သိရှိခြင်း ရဲအဖွဲ့ကို အမြန်ဆုံးအကြောင်းကြားရန်နှင့် အကယ်၍ တွေ့ရှိပါက ဖမ်း ဆီးခေါ်ဆောင်လာကြရန်ကိုလည်း လုံခြုံရေး အရာရှိက ပြည်သူလူထုကို အကူအညီ တောင်းခံလိုက်သေးသည်။

ယင်းသို့ အကူအညီတောင်းခံလိုက်သဖြင့် ရက်အနည်းငယ်အတွင်း မက်ကူလွန် ရေကူးကန်တစ်ဝိုက်တွင် ရှာဖွေတွေ့ရှိသော အမျိုးသမီးများ၏ အဝတ်အစားများကို တာဝန်သိ ပြည်သူများက စုပေါင်းထုပ်ပိုးလျက် ရဲအဖွဲ့သို့ လာရောက်ခဲ့လေသည်။

ထိုအမျိုးသမီး အဝတ်အစားထဲမှ အချို့အဝတ်အစားကို သေဆုံးခဲ့သော ဂျင်း၏အဝတ်အစားများ ဟုတ်မဟုတ်ကိုလည်း စစ်ဆေးခဲ့ကြသည်။ အမျိုးသမီးအဝတ်များထဲမှ သွေးစသွေးနများကိုလည်း တွေ့ရှိခဲ့ရာ ရဲဘက်ဆိုင်ရာ မှုခင်းဖော်ထုတ်နိုင်သည့် ဓာတုဗေဒဌာနသို့ ပို့ဆောင်ပေးလိုက်ရလေသည်။

ရဲအဖွဲ့မှလည်း သေသူ ဂျင်းနှင့် ပတ်သက်သည့် မိတ်ဆွေသူငယ်ချင်းများ၏ စာရင်းကို ဂျင်း၏မိသားစုထံမှ တိတ်တဆိတ် တောင်းခံခဲ့ပြီး စာရင်းပြုလုပ်ပြီး မိတ်ဆွေသူငယ်ချင်းများထံသို့ သွားရောက်စုံစမ်းခဲ့ကြသည်။

"ဂျင်းက အေးအေးဆေးဆေး နေတတ်တဲ့ မိန်းကလေးတစ်ယောက်ပါပဲ။ ပျော်ပျော်ရွှင်ရွှင်နဲ့ စိတ်ညစ်စရာကို မတွေးတတ်တဲ့ မိန်းကလေးတစ်ယောက်ပါ။ ဒါပေမယ့် တစ်ခါတစ်ခါတော့ ရှက်ကြောက်တတ်ပြီး လူတောမတိုးရဲတဲ့ အသွင်တော့ရှိတယ်"

ဂျင်း၏ မိတ်ဆွေ အဖော်များကလည်း ရဲတို့၏ လာရောက်စုံစမ်းမေးမြန်းမှုကို သိသမျှ ထုတ်ဖော်ပြောကြားခဲ့လေ သည်။

မိတ်ဆွေအမျိုးသမီး တစ်ယောက်ကမူ သူမသိသမျှ ဂျင်းမှာ မသေခင်ညက အတူတူစာကြည့်နေရာမှ ၈ နာရီ ကျော် ၉ နာရီလောက်က နေအိမ်သို့ ပြန်သွားခဲ့သည်ဟု ပြောဆိုခဲ့သည်။

အချိန်တိတိကျကျ မဟုတ်သော်လည်း ရဲတို့က အမျိုးသမီးပြောပြသည့် အချိန်ကို တိတိကျကျ နားလည်ခဲ့သည်။

ဂျင်းသည် အိမ်သို့ ၉ နာရီလောက် ပြန်နေကျဖြစ်ရာ လမ်းခုလတ်မှ အကြံသမားနှင့် တွေ့ခဲ့ရခြင်းဖြစ်ရမည်ကိုလည်း ရဲတို့က သဘောပေါက်လာမိကြသည်။ ယခင်ကလည်း အဓမ္မကျင့်၍ သတ်ဖြတ်ခံခဲ့ရသည့် အမျိုးသမီးတစ်ဦး၏ မှုခင်းတစ်ခုကလည်း မက်ဟန်နရီရဲများအဖို့ လက်ကျန်ရှိနေသေးသည်။

ထိုအမှုမှာ ၁၉၇၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် အိုင်နိရီဘရန်ချီဆိုသူ အသက် ၂၇ နှစ်ရှိ ကလေးနှစ်ယောက်မိခင်ဖြစ်သူအား အဓမ္မကျင့်၍ သတ်ဖြတ်ခဲ့သော အမှုပင်ဖြစ်သည်။ ထိုနေ့က အိုင်ရိနီသည် နေအိမ်မှ မိသားစုအဝတ်အစားကို ပင်မင်းပေးရန်ထွက်သွားရာမှ ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ပြီး သေဆုံးခဲ့ခြင်း ဖြစ်သည်။

ရဲအဖွဲ့နှင့် တာဝန်ရှိသူများ စုံစမ်းချက်အရ နောက်ထပ် ၁၂ နာရီအကြာတွင် ပျောက်ဆုံးခဲ့သော အိုင်ရိနီကို တွေ့ရှိခဲ့ကြလေသည်။ သို့သော် အသက်ရှင်လျက်မဟုတ်ဘဲ အလောင်းကိုသာ ရဲတို့က တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။ ပျောက်ဆုံးသွားသော အိုင်ရိနီအား မက်ဟန်နရီမြို့၏ လေးမိုင်ခွဲအကွာရှိသော တံတားတစ်ခုအောက်၏ မကျယ်ဝန်းသော ရေအိုင်တွင် တွေ့ရှိခဲ့ရခြင်း ဖြစ်လေသည်။

ရာသီဥတုအခြေအနေမှာ အလွန်အေးချမ်းလှသော အချိန်အခါဖြစ်ရာ အိုင်ရိနီအား အောက်ပိုင်းတွင် ဗလာကျင်းလျက်သား တွေ့ရှိခဲ့ကြရလေသည်။ အိုင်ရိနီအား ဆေးဘက်ဆိုင်ရာစစ်ဆေးမှုပြုရာဝယ် အိုင်ရိနီသည် မသေဆုံးခင်က ပြင်းပြင်းထန်ထန် အရိုက်အနှက်ကိုခံခဲ့ရပြီး မတော်မတရား ကျင့်ကြံမှုကို ခံခဲ့ရသည်ဟု ဆေးဆရာဝန်က ထုတ်ဖော်ပြောကြားခဲ့လေသည်။

အိုင်ရိနီ၏ ရင်ဘတ်တစ်ဝိုက်တွင်လည်း ဓားဖြင့်ထိုးထားသော ဒဏ်ရာဒဏ်ချက်များက ပြည့်နှက်လျက်ရှိသည်။ ထိုဒဏ်ရာများကြောင့်ပင် အိုင်ရိနီမှာ သေဆုံးရဟန် တူလေသည်။

အိုင်ရိနီ သေဆုံးရသည်မှာ ယခုဂျင်းသေဆုံးရပုံနှင့် ထပ်တူထပ်မျှ ဖြစ်နေပါသည်။ အိုင်ရိနီ သေဆုံးရပုံနှင့် ပတ်သက်၍ မျက်မြင်သက်သေ မရှိအောင် ဖြစ်ခဲ့သည်။ အိုင်ရိနီသည် ပင်မင်းဆိုင်သို့ သွားရာမှ ပျောက်ဆုံးခဲ့သည်ကိုသာ သိရှိခဲ့ရပြီး နောက်ဆုံးတွင် အလောင်းကို ရှာဖွေတွေ့ရှိခဲ့ရခြင်း ဖြစ်သည်။

သို့အတွက် အမှုချင်း တူညီကြသော အိုင်ရိနီနှင့် ဂျင်းတို့နှစ်ယောက်၏အမှုကို တစ်ဆက်တည်း ဖော်ထုတ်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ရန် မက်ဟာန်နရီရဲတို့က စီစဉ်ခဲ့ကြလေသည်။

"အိုင်ရီနီနှင့် ဂျင်းတို့ကို မည်သို့သောသူက ယခုကဲ့သို့ လုပ်ကြံ၍ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သနည်း" ဟူသည့် မေးခွန်းသည် မက်ဟာန်နရီရဲ အဖွဲ့အတွက် ပုစ္ဆာသဖွယ် ဖြစ်ခဲ့ရသည်။

ထို့အတူ အီလီနွိုက်အထက်လွှတ်တော် အမတ်တစ်ဦးဖြစ်သူ ချားလ်ပါစီ၏သမီးဖြစ်သော ဗီလီရီပါစီမှာလည်း ဓားဖြင့်ထိုးဆွထားသော ဒဏ်ရာဖြင့် လွန်ခဲ့သောလေးနှစ်ကျော်က သေဆုံးခဲ့သေးသည်။ ထိုအမှုနှင့်ပတ်သက်၍ တရားခံအား စစ်ဆေးရှာဖွေ တွေ့ရှိပါလျှင် ဒေါ်လာ ၅၀၀၀၀ ပေးမည်ဟု ချီကာဂိုသတင်းစာ ကွန်ဖရင့်တွင် ချားလ်ပါစီက ထုတ်ဖော်ပြော ကြားခဲ့သည်။ သို့သော် တရားခံနှင့် အမှုမှာ ဖော်ထုတ်နိုင်ခြင်းမရှိဘဲ ဖြစ်နေတုန်းပင်။

"ကျုပ်သမီး အသတ်ခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး တရားခံ ဖော်ထုတ်ဖို့ ကျုပ်တိုက်တွန်းနှိုးဆော်ခဲ့သေးတယ်။ ဒါပေမယ့် တရားခံကို မဖော်ထုတ်နိုင်ခဲ့တာ ၄ နှစ် ရှိပါပြီ" ချားလ်ပါစီသည် သူ့သမီးနှင့် ပတ်သက်သည့် လူသတ်တရားခံကို ဖော်ထုတ်နိုင်ရေးအတွက် ကြိုးပမ်းခဲ့သော်လည်း တရားခံဖော်ထုတ်ရေးမှာ ခြေရာပျောက်ခဲ့လေသည်။

ယင်းသို့ မိန်းမလှလေးများ သေဆုံးမှုကို ဖော်ထုတ်နိုင်ခဲ့သည့်နည်းတူ နောက်ထပ် အမှုတန်းလန်းဖြစ်နေသည့် မိန်းမလှလေးတစ်ယောက်၏ မှုခင်းတစ်ရပ်လည်း ရှိနေပေသေးသည်။

ထိုမှုခင်း ဖြစ်ပွားသည့် နေရာမှာလည်း မက်ဟာန်နရီမြို့နှင့် မိုင်အနည်းငယ်ဝေးပြီး ဗီလီပါစီ သေဆုံးခဲ့သော နေရာနှင့် ၁၅ မိုင်ဝေးသော ဒက်မာပလိန်းနက်မြို့တွင် ဖြစ်သည်။

ထိုမှုခင်းမှာလည်း ဂျင်းနစ်ဆိုလ်ယာဆိုသူ အသက် ၂၂ နှစ်ရှိ အနောက်ဝက်စရမ်တက္ကသိုလ်မှ ဘွဲ့ရအမျိုးသမီးတစ်ဦးဖြစ်သူအား ရိုက်နှက်၍ အဓမ္မကျင့်ကာ သတ်ဖြတ်ခဲ့မှုပင်ဖြစ်သည်။

ဂျင်းနစ်မှာ လက်ထပ်ရန် စေ့စပ်ထားသော အမျိုးသမီးတစ်ဦးဖြစ်ပြီး ၁၉၇၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့က နေအိမ်သို့ ပြန်ရောက်မလာဘဲ ပျောက်ဆုံးသွားခဲ့ရာမှ သေဆုံးခဲ့သူ တစ်ဦး ဖြစ်သည်။ ဂျင်းနစ်မှာ လှပသော မိန်းကလေးတစ်ဦးဖြစ်ပြီး နက်မှောင်သော ပိတုန်းရောင်ကေသာဖြင့် ချစ်စရာကောင်းသူလေးတစ်ဦး ဖြစ်သည်။ ဂျင်းနစ် ပျောက်ဆုံးသွားမှုအတွက် ဆိုင်ရာ ရဲအဖွဲ့ဝင်များမှာ တော်တော်ပင် ဦးနှောက်ခြောက်သွားရပြီး ရှာဖွေရေးလုပ်ငန်းကို အဆက်မပြတ်လုပ်ကိုင်ကြရတော့သည်။ နောက်ဆုံးတွင် ဂျင်းနစ်၏ အသက်ဝိညာဉ်ကင်းမဲ့နေရာ ခန္ဓာကိုယ်ကြီးအား အိမ်၏ မြေအောက်ထပ်တွင် ရှာဖွေတွေ့ရှိခဲ့ကြလေသည်။

ဂျင်းနစ်အား ရှာဖွေတွေ့ရှိရာတွင် ကိုယ်လုံးတီးအဖြစ်နှင့် မဟုတ်ဘဲ ဝတ်စားထားသော အဝတ်အစားများမှာ ဖရိုဖရဲဖြစ်လျက် သူမ၏ နိုင်လွန်ပိုးခြေအိတ်မှာ ခြေထောက်တွင် ရှိရမည့်အစား လည်တိုင်ကျော့တွင် ချည်နှောင်လျက်သား ရှိသလို သူမအား မတော်မတရား ကျင့်ကြံထားသည်ကို စစ်ဆေးတွေ့ရှိရလေသည်။

ယခုလည်း ဂျင်းနစ်နှင့်အတူ လုပ်ဖော်ကိုင်ဖက်လူငယ်တစ်ယောက်မှာ ဂျင်းနစ်၏အလောင်းကို ရှာဖွေတွေ့ရှိရာမှ အလုပ်မှ ထွက်သွားခဲ့သဖြင့် ထိုလူငယ်အား ခဲက မျက်ခြည်မပြတ် စောင့်ကြည့်နေခဲ့ရလေသည်။

ဒက်စပလိန်းနက်ရဲတို့သည် ဂျင်းနစ်သေဆုံးရမှုအတွက် မသင်္ကာဖွယ်ကောင်းသမျှကို အထူးဂရုတစိုက် ကိုက်လံစုံစမ်းမေးမြန်း စစ်ဆေးခဲ့ကြလေသည်။

မက်ဟာန်နရီမြို့တွင်လည်း ယင်းသေဆုံးမှုအတွက် သဲလွန်စကို ခြေရာခံမိနိုင်သမျှ ခံမိရန် အမှုတွဲဟောင်းများစွာကို လှလာဖော်ထုတ်၍ စီစဉ်ကြိုးပမ်းလျက် ရှိကြပေသည်။ ရဲအဖွဲ့ဝင်များနှင့် စုံထောက်အဖွဲ့ဝင်များကလည်း အမျိုးမျိုးသော စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို ဆိုင်ရာသို့ သတင်းပေးပို့ အစီရင်ခံခဲ့ကြလေသည်။

ဂျင်းနစ် သေဆုံးမှုနှင့် ပတ်သက်၍ အလောင်းကို စတင်ရှာဖွေတွေ့ရှိခဲ့သော မိတ်ဆွေဖြစ်သူ စမစ်ကို ရဲတို့က များစွာ သင်္ကာမကင်း ဖြစ်နေခဲ့သည်။

မသင်္ကာဖွယ် ကောင်းသဖြင့်လည်း စမစ်ကို ခေါ်ယူတွေ့ဆုံ မေးမြန်း စစ်ဆေးခဲ့ကြလေသည်။

"ကျွန်တော်ဟာ အာကန်ဆတ်မြို့ရဲ့ တိုင်းရင်းသားဇာတိပါ။ ဒါပေမယ့် ကျွန်တော့်အမေနဲ့ ကျွန်တော့်ပထွေးကတော့ ဟောဒီ မက်ဟာန်နရီမြို့ရဲ့ အနီးအနား ပတ်ဝန်းကျင်မှာ နေပါတယ်"

စမစ်သည် ရဲတို့၏ မေးမြန်းမှု



www.burmeseclassic.com

www.burmeseclassic.com

အတွက် သူ၏ကိုယ်ရေးရာဇဝင်ကို ပြောပြခဲ့သည်။ စမစ်သည် အာကန်ဆတ်မြို့မှာ မိခင်နှင့် ပထွေးဖြစ်သူများထံသို့ လာရောက်နေထိုင်ခဲ့သည်ဟု ဆို၏။

"အတူလာနေပေမယ့် ပထွေးဖြစ်သူနဲ့ ကျွန်တော် သဘောချင်းမတိုက်ဆိုင်လို့ ကျွန်တော့်ဘာသာ ကျွန်တော် သီးခြားအိမ်ငှားနေခဲ့ပါတယ်"

စမစ်သည် ပထွေးဖြစ်သူနှင့် စိတ်သဘောတူညီမှုမရှိသဖြင့် သူငယ်ချင်း လီယိုဖရန့်ဇီအိမ်တွင် သွားရောက်နေထိုင်ခဲ့သည်။ စမစ်နေထိုင်သော အိမ်မှာလည်း ဂျင်းဆိုသည့် အမျိုးသမီးကို ရှာဖွေတွေ့ရှိသည့် မက်ကူလွန်ရေကန်နှင့် အနီးအနားတွင် ဖြစ်သည်။

စမစ်က ရဲတို့၏မေးခွန်းကို ထပ်မံဖြေဆိုရာဝယ် သူသည် မက်ဟန်နရီ အထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့သူတစ်ဦး ဖြစ်ပြီး ထိုမှတစ်ဆင့် အာကန်ဆတ်မြို့ ကောလိပ်ကျောင်းသို့ ဆက်လက်၍ သွားရောက်ပညာသင်ခဲ့သည်ဟု ဆို၏။

"ကျွန်တော်ဟာ အဲဒီကောလိပ်ကျောင်းရဲ့ ဘောလုံးသမားတစ်ယောက်ပါ"

စမစ်သည် အာကန်ဆတ်တွင် ဘောလုံးသမားဖြစ်ခဲ့ကြောင်း။ ထို့နောက် စစ်ထဲဝင်မနေရ ဥပဒေဖြင့် ဗီယက်နမ်မြေပြင်သို့ အပို့ခံခဲ့ရသဖြင့် သွားရောက်ခဲ့သည်။ ထိုစစ်မြေပြင်၌ပင် ဒဏ်ရာရခဲ့သည်။

ရဲတို့က စမစ်၏မိတ်ဆွေဖြစ်သူ လီယိုဖရန့်ဇီကိုလည်း မေးခွန်းထုတ်ခဲ့ကြသည်။

"စမစ်ဟာ ကျွန်တော့်ဆီမှာလာပြီး နေထိုင်သူဆိုတာ မှန်ပါတယ်။ တကယ်တော့ သူဟာ သူ့မိဘတွေနဲ့ အဆင်မပြေဖြစ်နေလို့ ကျွန်တော်က လက်ခံထားခဲ့တာပါပဲ။ ကျွန်တော့်အိမ်ကနေတစ်ဆင့် သူက အလုပ်ရှာမယ်လို့ ပြောပါတယ်"

လုံခြုံရေးအရာရှိသည် စမစ်၏ အကြောင်းအရာနှင့် ပတ်သက်၍ မှတ်တမ်းတစ်စောင် ပြုလုပ်လျက် စမစ်၏ နောက်ကြောင်းရာဇဝင်များကို လိုက်လံစုံစမ်းနေစဉ် အာကန်ဆတ်သတင်းစာက စမစ်သည် အာကန်ဆတ်ဘောလုံးအသင်း၏ ဘောလုံးသမားမဟုတ်ကြောင်း အစီရင်ခံခဲ့သည်။

စမစ်၏ နာမည်သည် ဂျင်းအန်း၏ မိတ်ဆွေများ ပတ်ဝန်းကျင်တွင် ပျံ့လွင့်သွားခဲ့သည်။ ဂျင်း၏မိတ်ဆွေ သူငယ်ချင်းများကလည်း မေလ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် စမစ်ကို မက်ဟန်နရီပန်းခြံနား၌ သူ၏မော်တော်ကားကိုရပ်ပြီး ကားပေါ်၌ တွေ့ရှိခဲ့ကြောင်း ပြောဆိုကြသည်။

"အဲဒီနေ့က ကျွန်မကိုလည်း စမစ်ကို ကားပေါ်မှာ မှတ်မှတ်ရရ တွေ့ခဲ့ပါတယ်။ အဲဒီည ၉ နာရီလောက်ကပဲ ထင်ပါတယ်။ ဂျင်းဟာလည်း စမစ်ကား ရပ်ထားတဲ့ ကားနားကို သူမရဲ့ မော်တော ကားကို သွားရပ်ခဲ့ပါတယ်"

"ပြီးတော့ ဂျင်းဟာ သူမရဲ့ ကားပေါ်ကဆင်းပြီး စမစ်ရပ်ထားတဲ့ ကားပေါ်ကို လှမ်းတက်သွားခဲ့ပါတယ်။ ဒီနောက်တော့ စမစ်က ဂျင်းကိုခေါ်ပြီး သူ့ကားကို မောင်းထွက်သွားခဲ့တာပဲ"

ဂျင်း၏မိတ်ဆွေ တစ်ဦးက သူမမြင်သမျှကို ရဲတို့အား ထုတ်ဖော်ပြောကြားလိုက်သည်။

မက်ဟန်နရီမြို့တွင်းမှ အခြားမိတ်ဆွေသူငယ်ချင်းများကလည်း ဂျင်းမှာ စမစ်နှင့်အတူတကွ ပူးတွဲပူးတွဲ သွားလာနေသည်ကို မြင်တွေ့ရတတ်ကြောင်း၊ တစ်ခါတစ်ရံ ဂျင်းသည် စမစ်၏ကားထဲတွင် တွေ့ရတတ်ကြောင်းများကို ရဲတို့အား အစစ်ခံခဲ့ကြသည်။

"စမစ်နှင့် ဂျင်းတို့ကိုတော့ အမြဲလိုလို ကားတစ်စီးမှာအတူ တွေ့ကြရတာပါပဲ။ ကျွန်မတို့အနေနဲ့က သူတို့နှစ်ယောက်ကို စိတ်ဝင်စားပြီး ဂရု

စမစ်၏ မွေးရက်သည် ၂၇ ရက် ဖြစ်ပြီး၊ အိုင်ရိုနီအသတ်ခံရသောနေ့မှာ ဇန်နဝါရီလ ၂၇ ရက်နေ့ဖြစ်သလို၊ အိုင်ရိုနီ၏ အသက်မှာလည်း ၂၇ နှစ် ဖြစ်လေသည်။

www.burmeseclassic.com

တစိုက် ကြည့်ခဲ့ကြတော့ စမစ်နဲ့ဂျင်းရဲ့ သွားလာလှုပ်ရှားမှုကို သိနိုင်ခဲ့ကြတာပါပဲ''

မျက်မြင်တွေ့ရှိကြသူများ၏ အစစ်ခံဖော်ထုတ်မှုနှင့် အခြားမသင်္ကာဖွယ်ရာ စုံစမ်းမေးမြန်းမှုများကြောင့် လုံခြုံရေးအရာရှိ ကာရိုးသည် စမစ်ကို ဖမ်းဆီးချုပ်နှောင်ထားလိုက်လေသည်။ စမစ်ကမူ ထိုမှုခင်းများနှင့် သူသည် ဘာမှမပတ်သက်ကြောင်းကိုလည်း ထုတ်ဖော်ပြောကြားနေသဖြင့် စမစ်အား မက်ဟာန်နရီမြို့ အကျဉ်းထောင်သို့ ပို့ထားလိုက်ရသည်။

ဒက်စပလိန်းနက် ရဲအဖွဲ့မှလည်း စမစ်အား ဂျင်းနစ်ကို အဓမ္မကျင့်ကြံ၍ သတ်ဖြတ်မှုနှင့် ပတ်သက်လျှင် လာရောက်တွေ့ဆုံ စုံစမ်းစစ်ဆေး မေးမြန်းခဲ့သည်။

စမစ်သည် တစ်ချိန်က ဂျင်းနစ်လုပ်ကိုင်ခဲ့သော စက်ရုံ၌ပင် အလုပ်လုပ်ကိုင်ခဲ့သူတစ်ဦး ဖြစ်သည်။ စမစ်သည် ဂျင်းနစ်၏အလောင်းကို ရှာဖွေတွေ့ရှိပြီးသည့်နောက် ထိုစက်ရုံမှ လစ်သွားခဲ့လေသည်။

ယင်းပြဿနာကြောင့်လည်း စမစ်ကို မက်ဟာန်နရီရဲအဖွဲ့မှ ဖမ်းဆီးချုပ်နှောင်ထားပြီဆိုသည့် သတင်းကို ကြားသိလျှင် ကြားသိချင်း စစ်ဆေးမေးမြန်းနိုင်ရန် ဒက်စပလိန်းနက်ရဲမှ တာဝန်ရှိသူက လာရောက်စစ်ဆေးခြင်း ဖြစ်လေသည်။

''ကျွန်တော် ဂျင်းနစ်ကို လုံးဝမသတ်ရပါဘူး''

စမစ်သည် ဒက်စပလိန်းနက်ရဲ၏မေးခွန်းကို ပြန်လည်ဖြေကြားခဲ့သည်။ ဂျင်းအန်းဆိုသည့် အမျိုးသမီးနှင့် စပ်လျဉ်း၍ ဘာမျှမသိကြောင်းကိုလည်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဒက်စပလိန်းနက်ရဲမှ မေးခွန်းပေါင်းများစွာကို မေးမြန်းချင်သော်လည်း စမစ်မှာ အမေရိကန်ပြည်ထောင်စု၏ အမြင့်ဆုံးတရားရုံးတွင် ရုံးတင်စစ်ဆေးရန် အစီအစဉ် ရှိနေသဖြင့် နောက်ထပ်ဘာမေးခွန်းမှ မမေးမြန်းနိုင်အောင် ဖြစ်သွားခဲ့ရသည်။

တရားရုံးမှလည်း စမစ်၏အမှုကို အဆောတလျှင်ဖြစ်ရန် စစ်ဆေးမေးမြန်း အမိန့်ချနိုင်ရန်အတွက် လုံးပန်းခဲ့ကြသည်။

သို့ဖြင့် ၁၉၅၀ ပြည့်နှစ်၊ ဇွန်လ ၁ ရက်နေ့တွင် ဂူးစတော့၌ ကြားနာစစ်ဆေးနိုင်ရန် သက်သေများကို သမ္မာန်စာ ဆင့်ခေါ်ခဲ့ရပြန်သည်။

ဂျူရီလူကြီးများ အနေဖြင့်လည်း စမစ်၏အမှုအား စွဲချက်တင်နိုင်ရန်အတွက် တညီတညွတ်တည်း ဆန္ဒပေးခဲ့ကြသည်။

စမစ်ဘက်မှ လိုက်ပါဆောင်ရွက်မည့် ရှေ့နေကမူ အမှုအတွက် ပြင်ဆင်ရန်ဖြစ်သော အချိန်အခါကို ကြားနာစစ်ဆေးမှုပြုရန် တောင်းဆိုခဲ့သည်။ သို့သော် ရုံးမင်းက ကြားနာစစ်ဆေးမှုအတွက် ပြင်ဆင်ရန် ချိန်းဆိုချက်ကို ခွင့်မပြုဘဲ ပယ်ဖျက်ခဲ့သည်။

မက်ဟာန်နရီရဲနှင့် ဒက်စပလိန်းနက် ရဲကလည်း စမစ်၏ အမှုမှန်ကို ဖော်ထုတ်နိုင်ရန် စုံစမ်းစစ်ဆေးမှုများစွာကို လိုက်လံဆောင်ရွက်လျက် ရှိလေသည်။

စမစ်၏အမှုကလည်း များစွာ စိတ်ဝင်စားဖွယ်ကောင်းပြီး တိုက်တိုက်ဆိုင်ဆိုင် စမစ်ဖြစ်ခဲ့ရသော မှုခင်းများမှာ ဂဏန်းနံပါတ် ၂၇ နှင့် ပတ်သက်လျက်ရှိခဲ့သည်ကို ဂရုထားမိပါက တွေ့ရှိကြရမည် ဖြစ်လေသည်။

စမစ်၏ မွေးရက်သည် ၂၇ ရက်ဖြစ်ပြီး၊ အိုင်ရိန်အသတ်ခံရသောနေ့မှာ ဇန်နဝါရီလ ၂၇ ရက်နေ့ဖြစ်သလို၊ အိုင်ရိန်၏ အသက်မှာလည်း ၂၇ နှစ်ဖြစ်လေသည်။ ထို့အတူ ဂျင်းနစ်ဆိုသည့်အမျိုးသမီး ပျောက်ဆုံး၍ အသတ်ခံရသောနေ့မှာလည်း ဖေဖော်ဝါရီလ ၂၇ ရက်နေ့ပင်ဖြစ်ပြီး၊ ဂျင်းအန်းဆိုသူ အမျိုးသမီး ပျောက်ဆုံးသွားသည်မှာလည်း မေလ ၂၇ ရက်နေ့တွင်ဖြစ်ရာ စမစ်သည် ၂၇ နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်ခဲ့သူတစ်ဦးဟု ဆိုရမလိုဖြစ်ပေသည်။

စမစ်၏ ဖြစ်ပျက်ခဲ့သမျှအကြောင်းအရာများဝယ် နံပါတ်ဂဏန်း ၂၇ နှင့်သာ တွေ့ကြုံရင်ဆိုင်ခဲ့ရာ စမစ်အဆို ၂၇ ဂဏန်းသည် မှုခင်းကျူးလွန်စေရန် တိုက်တွန်းခဲ့သည်နှင့်မခြား ရှိခဲ့ပေသည်။

သို့သော် စမစ်အမှုကမူ ပြီးပြီးပြတ်ပြတ် ဘာမျှမရှိသေးဘဲ ဖြစ်နေခဲ့ပေသည်။

စမစ်သည် အာမခံပင် မရဘဲ မက်ဟာန်နရီ အကျဉ်းထောင်ထဲမှ သူ၏ပြစ်မှုနှင့်ပတ်သက်၍ ချမှတ်ပေးမည့် အပြစ်ဒဏ်ကို ငံ့လင့်စောင့်စားနေဆဲပင် ရှိပါသည်။

စမစ်နှင့် ဆုံတွေ့ခဲ့ရသော အမျိုးသမီးများ၏ ညကား အလုပျက်ခဲ့ရသော ညဟုပင် နောက်ဆုံးဆိုရပေတော့မည်။

ဘနှင်း(မြန်မာပြန်)



www.burmeseclassic.com

www.burmeseclassic.com

# မွေးကင်းစကလေးများအား စွန့်ပစ်မှုပြစ်ဒဏ်

## ကေတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)



ရန်ကုန်မြို့ ဇန်နဝါရီလ ၇ ရက်နေ့ သတင်းတစ်ရပ် ဖော်ပြချက်တွင် ရန်ကုန်မြို့ တာမွေမြို့နယ်၊ ဗျိုင်းကွက်သစ်ရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ် (၇၅)အနီးတွင် မွေးကင်းစကလေးငယ် တစ်ဦးအား ကလေးဝတ်အင်္ကျီ သုံးထည်ဖြင့် စွန့်ပစ်ထားရာ အသက်ရှင်လျက်ရှိသည်ကို တွေ့ရှိသဖြင့် လမ်းသွားလမ်းလာ စေတနာရှင်တစ်ဦးက သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ကျော်အား အကြောင်းကြားခဲ့ပြီး ၎င်းမွေးကင်းစကလေးငယ်ကို ကြည့်ရှုစောင့်ရှောက်ထား၍ အမှုကို တာမွေမြို့နယ်၊ ရဲတပ်ဖွဲ့မှူးသို့ ပို့အပ်လိုက်ကြောင်း သိရသည်။ ယင်းသတင်းမှာ သနားကြင်နာဖွယ်ရာရင်ကွဲ၊ ကြေကွဲဖွယ်ရာ သတင်းဖြစ်သဖြင့် စာရေးသူ အတော်စိတ်မကောင်းဖြစ်ခဲ့ရာမှ ဤဥပဒေဆောင်းပါးကို ရေးဖြစ်ခဲ့ခြင်းဖြစ်ပါသည်။

ယခုလက်ရှိ အာဏာတည်ရှိဆဲ မြန်မာနိုင်ငံပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၃၁၇) တွင်မှ···

**ပြစ်မှုပုဒ်မ(၃၁၇)**

မိဘက၊ သို့တည်းမဟုတ် အုပ်ထိန်းသူက အသက် ၁၂ နှစ်အောက် ကလေးကို စွန့်ပစ်ထားခဲ့လျှင် မည်သူမဆို ထောင်ဒဏ် ၇ နှစ်အထိနှင့် ငွေဒဏ်ချမှတ်ခြင်းခံရပေမည်။

**ပြစ်မှုပုဒ်မ(၃၁၈)**

မွေးကင်းစ ကလေးအလောင်းကို တိတ်တဆိတ် ဖျောက်ဖျက်ခြင်းဖြင့် မွေးဖွားခြင်းကို ထိမ်ချန်လျှင် မည်သူမဆို ထောင်ဒဏ် ၂ နှစ်အထိနှင့် ငွေဒဏ်ကို ချမှတ်ခြင်းခံရပေမည်။

**ပြစ်မှုပုဒ်မ(၃၁၅)**

ကလေးအရှင်မွေးဖွားခြင်းကို တားဆီးပိတ်ပင်လျှင်၊ သို့မဟုတ် မွေးဖွားပြီး မွေးကင်းစကလေးကို သေစေလျှင် မည်သူမဆို ထောင်ဒဏ် ၁၀ နှစ်နှင့် ငွေဒဏ် အသီးသီး ကျခံကြရမည် ဖြစ်၏။

**ပြစ်မှုပုဒ်မ(၃၁၆)**

ကိုယ်ဝန်မိခင်ဝမ်းတွင်းရှိ လူမည်ကလေး အသက်ဝင်လှုပ်ရှားနေသည်ကို သိလျက်နှင့် ဝမ်းတွင်းကလေးကို သေစေလျှင် မည်သူမဆို ထောင်ဒဏ် ၁၀ နှစ်အထိနှင့် ငွေဒဏ်ချမှတ်ခြင်း ခံကြရပေမည်။

**ကေတီအောင်သိန်း**
**(ရန်ကုန်တက္ကသိုလ်)**

***Ref:-***


(၁) ကြေးမုံနေ့စဉ်သတင်းစာ (ဇန်နဝါရီလ ၈ ရက်၊ ၂၀၁၄ ခုနှစ်)


(၂) မြန်မာနိုင်ငံ ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီး ၁၉၆၈ ခုနှစ်)


●●●



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



(ဖြစ်ရပ်မှန်မှုခင်း)

# တရားခံ၏လှည့်ကွက်

⇇ အောင်ဘသိန်း ⇉

လွန်ခဲ့သော ၁၅ နှစ်ခန့်က။

ညနေနေဝင် မှောင်စပျိုးနေသော အချိန်။

အသံကို ကျယ်လောင်စွာအော်ပြီး နားတစ်ဖက်ကို လက်နှစ်ဖက်ဖြင့် အုပ်ကာ မြေတာရိုးလမ်းပေါ်တွင် ပြေးလာသောလူကြောင့် လမ်းပေါ်တွင် စက်ဘီးစီး၍ ပြန်လာသောသူများပင် လန့်ဖျပ်သွားကြ၏။

"အောင်မလေးကျွန်တော့်နားရွက်ပြတ်ပါပြီဗျ"

အော်ဟစ်ပြေးလာသူက သူနှင့် မျက်နှာချင်းဆိုင်မှ စက်ဘီးနင်း၍ လာနေသူနှစ်ဦးနှင့် ရင်ဆိုင်တွေ့တော့ မပြေးနေသည့်သူ၏ခြေလှမ်းများက တုံ့ကန့်ရပ်သွားသည်။ စက်ဘီးပေါ်မှ လူနှစ်ဦးကိုလည်း အားကိုးတကြီး ကြည့်နေသည်။ စက်ဘီးနင်းလာသူနှစ်ဦးက စက်ဘီးပေါ်မှ ဆင်းလိုက်ကြ၏။

"ဟေ့လူ ဘာဖြစ်လာတာလဲ။ ပါးပြင်မှာလဲ သွေးတွေနဲ့ နားကိုဘာလို့ လက်နဲ့အုပ် ထားရတာလဲ"

အလင်းရောင် မှိန်ပျပျအောက်တွင် မြင်တွေ့ရသောမြင်ကွင်းကြောင့် စက်ဘီးနင်းလာသူ တစ်ဦးကမေးသည်။

"ဟိုးက ညောင်နှစ်ပင်ကုန်း နေရာကို သိတယ်မဟုတ်လား"

ဒဏ်ရာရထားတဲ့သူက မေးပြောပြော သည်။

"အင်း သိတယ်လေ။ ဘာဖြစ်လို့လဲ"

"ကျွန်တော်က အလယ်စုရွာကပါ။ သာယာကုန်းရွာက ဆန်စက်ကို ဆန် အရောင်းအဝယ်လုပ်နေတဲ့ မသန္တာရဲ့ စပါးအိတ်တွေကို ထော်လာဂျီပေါ်တင်ပြီး မောင်းလာတာ။ ညောင်နှစ်ပင်ကုန်း နေရာကိုရောက်တော့ လူတစ်ယောက် သစ်ပင်အကွယ်က ဓါးရှည်နဲ့ ထွက်လာပြီး ထော်လာဂျီမောင်းတဲ့ ကျွန်တော့်ကို မျက်နှာဖြတ်ရိုက်လိုက်တယ်။

ကျွန်တော်က ရုတ်တရက် ခံလိုက်ရပေမယ့် ထော်လာဂျီ ချောင်းထဲကျသွားမှာစိုးလို့ စက်ကိုရပ်လိုက်တယ်။ မသမာသူက ပြေးလာပြီး ကျွန်တော့်ကို ဓါးရှည်နဲ့ရိုက်တယ်။ ကျွန်တော် မြေတာရိုးပေါ် လဲကျသွားတော့ ထပ်ရိုက်တယ်။ ကျွန်တော်က ပြန်လည်ခုခံတော့ သူ့လက်ထဲကဓါးရှည်က အဝေးကိုလွင့်သွားတယ်။ ကျွန်တော်နဲ့ အဲဒီ မသမာသူတို့ လုံးထွေးသတ်ပုတ်ကြတာပေါ့။ မသန္တာက အော်ဟစ်အကူအညီ တောင်းပေမယ့် အဲဒီအချိန်မှာ လူသွားလူလာက ပြတ်နေတယ်။ အဲဒီမသမာသူက ဗလကောင်းတယ်။ ကျွန်တော့်မျက်နှာကို လက်သီးနဲ့ အဆက်မပြတ် ထိုးတယ်။ ကျွန်တော်က အောက်က ရောက်လို့တော့ သူ့လက်သီးချက်တွေကို ဖယ်ရှား

www.burmeseclassic.com

**⇉ ကျွန်တော့်မှာ ဖဲကြွေးတွေရှိလို့ ကြံမိကြံရာ ကြံစည်ရာက မသန္တာကို သဘောကျနေမိတာကြောင့် မဟာရေး မှုကိုပြုကျင့်မိပြီး လူသတ်တဲ့အထိ၊ ငွေယူမိတဲ့အထိ ဖြစ်သွားရတာပါ။ ⇇**

ရင်း သူ့လက်ကို ကိုက်ခဲရတော့တာ ပေါ့။ အဲဒီအခါ မသမာသူကလည်း ကျွန်တော့် နားရွက်ကို သူ့သွားနဲ့ ကိုက်ခဲတာ ပြတ်လုမတတ်ပါဘဲ။ ကျွန်တော်က နာကျင်လွန်းလို့ လူးလိမ့်နေတုန်း အဲဒီ့ မသမာသူက မသန္တာကို လမ်းဘေး ဆွဲခေါ်သွားပြီး‥‥‥ ဟို‥‥ ဟိုဗျာ‥‥ အလိုမတူဘဲ သားမယား အဖြစ် ပြုကျင့်တော့တာပဲ။ မသန္တာက အော်ဟစ် အကူအညီတောင်းတော့ ကျွန်တော်ကသူတို့ အနားကို ပြေးသွားတယ်။ မသမာသူက ဓါးမြှောင်ထုတ် ပြပြီး မဆိုင်ရင်ဝေးဝေးကနေ သတ်ပစ် မယ်ဆိုတာကြောင့် သူတို့အနားကို မကပ်ရဲဘူး။ မသမာသူက မသန္တာကို အနိုင်ကျင့် နေတုန်းမှာ ကျွန်တော်က မသမာသူရဲ့ဝါးရှည် ကိုလိုက်ရှာပေမယ့် မတွေ့ဘူးဗျာ။

ကျွန်တော့်ခေါင်းထဲမှာ အကြံတစ်ခု ပေါ်လာတာနဲ့ မသန္တာ ဒီကောင့်ကို ကိုက်လို့အော်ပြောမိတယ်။ မသန္တာက ဒီကောင့်လက်တစ်ဖက်ကို သူ့လက် နှစ်ဖက်နဲ့ကိုင်ပြီး ကိုက်တာပေါ့။

မသမာ သူဟာ နာကျင်လွန်းတော့ မသန္တာရဲ့ ရင်ဘတ်ကို ဓါးမြှောင်နဲ့ အဆက်မပြတ် ထိုးတယ်။ မသန္တာ ငြိမ်သက်သွားတော့ မြေတာရိုးလမ်းနဲ့ ညောင်နှစ်ပင်ကုန်းအလယ်က ရိုးချောင်းကိုဖြတ်ပြီး အရှေ့ဘက်ကို လယ်ကွင်း တွေအတိုင်း ပြေးတော့တာပဲ။

ကျွန်တော်က မသန္တာကို သွား ကြည့်တော့ မသန္တာသေနေတာ တွေ့လို့ ကြောက်ပြီး ပြေးလာတာ။ ကျွန်တော် နားရွက်က ဒဏ်ရာကလည်း နာလိုက် တာဗျာ အား ကျွတ်–ကျွတ်"

ဒဏ်ရာ ရသားသူက အသံ တုန်တုန်ယင်ယင်ဖြင့် ပြောပြနေသည်။ တောင်ဘက်အရပ်တွင်ရှိသော အလယ် စုရွာနှင့် မြောက်ဘက်အရပ်တွင် ရှိ သော သာယာကုန်းရွာက သုံးမိုင်ခန့် ဝေးကွာသည်။ မြေတာရိုးလမ်းက မျဉ်းတစ်ကြောင့်တည်းပမာ ရှိပေမယ့် လမ်းလေးဝဲယာတွင် သစ်ပင်ကြီးများ အုပ်ဆိုင်းစွာ ပေါက်ရောက်နေသဖြင့် နေ့ဝင်ခါနီးအချိန်များတွင် လမ်းတစ် လျှောက်က မည်းမှောင်နေသည်။ ရွာ နှစ်ရွာအကြား အလယ်လောက် မရှိတရှိနေရာ၏ ခေါင်းရင်းဘက်တွင် ညောင်နှစ်ပင်ကုန်းဆိုသော သစ်ပင် ကြီးများ ထူထပ်စွာပေါက်ရောက်နေ သောတောအုပ်ကလေးတစ်ခုရှိသည်။ ဟိုး ယခင်နှစ်ပေါင်းများစွာက မြေတာ ရိုးလမ်းပေါ်တွင် ညအခါ သွားလာနေ သော ခရီးသွားများအား ညောင်နှစ်ပင် ကုန်းနေရာမှစောင့်၍ လုယက်တတ် သဖြင့် ညအခါတွင် မသွားမလာရဲ ကြပေ။

ညောင်နှစ်ပင်ကုန်းတွင် ဘာရှိ သည်၊ ညာရှိသည်ဟုလည်း ခြောက် လှန့်ထားသဖြင့် ပို၍အသွားအလာ နည်း ပါးခဲ့ရသည်။

သာယာကုန်းရွာမှ မြို့သို့သွားလို လျှင် မြေတာရိုးလမ်း အတိုင်းအလယ်စု ရွာသို့လာပြီးမှ အနောက်ဘက် မြေတာ ရိုးလမ်းအတိုင်း သွားလာကြရသည်။

ယခုအချိန်သည် မိုးဦးကျရာသီ ဖြစ်၍ ရိုးချောင်းထဲတွင်ရေ အနည်းငယ် ရှိနေပြီး လယ်ကွင်းများထဲ၌လည်း ရေရှိနေကြသည်။ ဒဏ်ရာရထားသူ သည် သူ့နားရွက်က နာကျင်လွန်း သဖြင့် ညည်းတွားနေလေ၏။

"ခင်ဗျားမှာလည်း ဒဏ်ရာရထား တယ်။ ကျုပ်တို့နှစ်ယောက်က ခင်ဗျား ရွာကိုရောက် အောင်လိုက်ပို့ပေးမယ်။ ရွာရောက်တော့မှ ခင်ဗျားတို့ ရွာက လူကြီးတွေကို အကျိုးအကြောင်း ပြောပြ ပြီး မြို့ကရဲစခန်းကို သွားရောက် တိုင် ကြားပေါ့"



www.burmeseclassic.com

www.burmeseclassic.com

စက်ဘီးသမား တစ်ဦးက ပြော သည်။

"မြန်မြန်လိုက်ပို့ပါဗျာ… နားရွက်က သွေးတွေ တအားထွက်ပြီးနာကျင်နေတယ်"

စက်ဘီးသမား နှစ်ဦးအနက် တစ်ဦးက စက်ဘီး၏နောက်ခုံပေါ်တွင် ဒဏ်ရာရထားသူကိုတင်ကာ အလယ်စ ရွာဘက်သို့ လျင်မြန်စွာနင်းလာသည်။ ခဏကြာတော့ အလယ်စ ရွာထဲသို့ ရောက်လာသည်။

ဒဏ်ရာရထားသူက စက်ဘီးသမားကို ကျေးရွာလူကြီး၏ အိမ်သို့ အရောက် နင်းပို့နိုင်သည်။ ရွာလယ်မှ အိမ်ကြီးတစ်အိမ်ရှေ့တွင် စက်ဘီးကို ရပ်နိုင်သည်၊ ဒဏ်ရာရထား သူက စက်ဘီးပေါ်မှဆင်းပြီး အိမ်ကြီး ရှိရာသို့ ပြေးသည်။

"ဦးလေး ဦးတင်ထွန်း၊ ဦးလေး ဦးတင်ထွန်း"

"ဟင်… သောင်းမြင့် ဘာဖြစ်လာတာလဲ နားရွက်က ဘာ"

"ကျွန်… ကျွန်တော် … မသန္တာနဲ့ သာယာကုန်းရွာကို စပါးကြိတ်သွားတာ ညောင်နှစ်ပင်ကုန်း နေရာရောက်တော့……….."

သောင်းမြင့်က ကျေးရွာလူကြီး ဦးတင်ရီ ကို ဖြစ်စဉ်ပြောပြသည်။

ကျေးရွာလူကြီး ဦးတင်ထွန်း သာမက သူ၏ အိမ်နီးချင်းများမှာ ကျေးရွာလူကြီး ဦးတင်ထွန်း၏ အိမ် အောက်သို့ ရောက်လာကြသည်။

"ဒါဆို … ဟိုကောင်မလေး မသန္တာက အနိုင်အထက်အကျင့်ခံရပြီး အသတ်ခံရတယ်ပေါ့"

"ဟုတ်တယ် ဦးလေး"

"ဟာ မြို့က သူ့မိဘတွေ ကြားရင်တော့ ရင်ကျိုးရတော့မှာပဲ။ သူ့ယောက်ျား စိန်ထွန်းက စပါးကြိတ်မယ့် ဆီကို သူ့မိန်းမနဲ့အတူ မလိုက်ဘူးလား ရွာမှာနေခဲ့တာလား"

"ကိုစိန်ထွန်းက မြို့က ပွဲရုံမှာ ဆန်ဖိုးတွေ သွားရှင်းနေတယ်။ အဲဒီက ပြန်လာမှ ထမင်းချိုင့်ယူပြီး ဆန်စက်ကို လိုက်လာမှာဗျ…"

"ကျွတ် ဖြစ်ရလေကွာ။ မင်း နားရွက်မှာလဲ ဒဏ်ရာရထားတာပေါ့။ ငါ့အိမ်က သော်လာဂျီနဲ့ ရွာလူကြီး အဖွဲ့ဝင်နှစ်ဦးလောက်ထပ် ခေါ်ပြီးသွားကြမယ်။ ရဲစခန်းရောက်ရင် မင်းက ဖြစ်ကြောင်းကုန်စင်ကို သေသေချာချာ ပြောပြကြားလား။

အဲဒီ ညောင်နှစ်ပင်ကုန်းက ဟိုး ရှေးယခင်ကတည်းက လုယက်လူသတ်နေတဲ့နေရာ။ ဒီကောင်မလေးကာလဲ နောက်နေ့မနက်မှ စပါးသွားကြိတ်တာ မဟုတ်ဘူး။

မနက်ကျရင် ပွဲရုံကိုဆန်အိတ်တွေ ပို့ရောရှိလို့ နေ့လယ်ကတည်းက စပါး အိတ်တွေကို ကျွန်တော့် သော်လာဂျီနဲ့ ဆက်တိုက်ပို့နေတာ။ အခု တစ်စီးက စက်ပျက်နေခါက်လေ…"

ကျေးရွာလူကြီး ဦးတင်ထွန်းက သူ့သား စိန်ဝင်းကို သော်လာဂျီအား စက်နှိုးခိုင်းသည်။ သောင်းမြင့်က နားရွက်ကို အဝတ်စဖြင့် အုပ်ထားရင်း သော်လာဂျီပေါ်တွင် ထိုင်နေသည်။ ကျေးရွာလူကြီး အဖွဲ့ဝင်နှစ်ဦးလည်း ရောက်လာကြသည်။

"ကဲ သွားကြစို့၊ သောင်းမြင့် နားရွက်က ဒဏ်ရာက သွေးထွက်လွန်နေရင်မကောင်းဘူး… ဟိုမိန်းကလေး အလောင်းရှိတဲ့နေရာကို မီးတုတ်တွေ လုပ်ပြီး သွားစောင့်ရောက်ထားဖို့ သားကြီးဖိုးလုံးက ရွာကလူငယ်တွေ ကိုခေါ်ပြီးစီစဉ်အုံး"

"စိတ်ချအဖေ။ စိန်ဝင်း မောင်းတော့"

သော်လာဂျီကို ခြံဝင်းထဲမှ အရှိန်ဖြင့်မောင်းထွက်သွားသည်၊ သောင်းမြင့်ကို လိုက်ပို့သော စက်ဘီးသမားနှစ်ဦးက ခြံရှေ့တွင်ရပ် နေဆဲ။

"ဟာ ဟိုမှာ သောင်းမြင့်ကို လိုက်ပို့တဲ့ သူနှစ်ဦး။ ခင်ဗျားတို့ နှစ်ယောက်ကို ကျေးဇူးတင်တယ်ဗျာ။ ခင်ဗျားတို့ သာယာကုန်းရွာကလား။ မိုးချုပ်နေပြီ။ ပြန်လို့ရပြီ"

"ဗျာ… ဟာ… ညောင်နှစ်ပင်ကုန်းကို ဖြတ်မပြန်ရဲလို့ ရပ်နေတာ။ ခင်ဗျားတို့က ကျွန်တော်တို့နှစ်ယောက်ကို ကျွန်တော်တို့ရွာ ရောက်တဲ့အထိ လိုက်ပို့ပေးဦး"

"အို … ဒီလိုလား… အင်း လိုက်ပို့ ပေးရမှာပေါ့ဗျာ…"

ဖိုးလုံးကရွာမှ ရွာသား ဆယ့်လေးငါးဦးကို မီးတုတ်များ လုပ်ခိုင်းပြီး



www.burmeseclassic.com

www.burmeseclassic.com

သာယာကုန်းရွာမှ ရွာသားနှစ်ဦးကို ခေါ်ကာ မြေတာရိုးလမ်းအဝိုင်းလာခဲ့သည်။

ညောင်နှစ်ပင်ကုန်းနေရာတွင် စပါး အိတ်များတင်ထားသော ထော်လာ ဂျီက လမ်းဘေးတွင် ပုံမကျပန်းမကျ ရပ်နေသည်ကို တွေ့လိုက်ရသည်။

"ဟာ . . ဟိုမှာ စိန်ထွန်းမိန်းမ မသန္တာရဲ့ အလောင်း။ အလောင်းနားကို ဘယ်သူမှ မသွားကြနဲ့ဟေ့၊ အလောင်း က မဖွယ်မရာဖြစ်နေတာ။ နှမသား ချင်း စာနာပြီး မကြည့်ကြနဲ့။ ဒီသာယာ ကုန်းရွာသားနှစ်ယောက်ကို ငါတို့ ရွာ သားသုံးယောက်က အိမ်တိုင်ရာရောက် လိုက်ပို့ပေးကြ။

အခုမှသတိရတယ်။

အဲဒီရွာထဲက ကွမ်းယာနဲ့ဆေးလိပ် ဝယ်လာခဲ့ကြကွာ။ ငါတို့က ဒီကောင် မလေးအလောင်းကို ဘယ်လောက် အချိန်ကြာအောင် ထိုင်စောင့်ပေးနေ ရဦးမယ်မသိဘူး။"

အလယ်စု ရွာသားသုံးဦးက သာယာကုန်းရွာသားနှစ်ဦးကို မီးတုတ် များဖြင့်လိုက်ပို့သည်။ သာယာကုန်း ရွာသားနှစ်ဦးသည် အလောင်းရှိရာ သို့ပင် မကြည့်ရဲ။ အသားများ တဆတ် ဆတ်တုန်နေကြ၏။

"သောင်းမြင့်က အားလုံးမြင်နေရ တာဆိုတော့ ဒီကောင်သွေးပျက်သွားမှာ တောင် စိုးရတယ်"

ဖိုးလုံးက မြေတာရိုးလမ်းပေါ်သို့ ခြေပစ် လက်ပစ်ထိုင်ချရင်းပြော၏။

"ဒီကောင့် နားရွက်က ပြတ်လု ပြတ်ခင်တောင်ဖြစ်နေတာ။ လူသတ် သမားကို သူကကိုက်တော့ဟိုကနာကျင် စိတ်နဲ့ ကိုက်သွားတာနေမှာပေါ့ . ."

"မသန္တာက ခေတ်ပညာတတ်၊ ရုပ်လည်း ချောတယ်။ သူ့မိဘကလည်း ချမ်းသာတယ်။ စိန်ထွန်းနဲ့ တက္ကသိုလ် မှာတွေ့ပြီး ချစ်ကြိုက်ကြတာ။ စိန်ထွန်း က တောသားဆိုတော့ သူ့ မိဘက သဘောမတူဘူး။

မသန္တာက စိန်ထွန်း ရဲ့အိမ်ကို လိုက်နေရတာကြည့်ပါလား။

ဒါပေမယ့် တစ်ဦးတည်းသော သားသမီး ဆိုတော့ ဘဆင်းရဲမှာစိုးလို့ အရင်းအနှီးတွေ ထုတ်ပေးထားတယ်။

မသန္တာက သူ့မိဘဆီမှာ နေထိုင် ကတည်းက အရောင်းအဝယ် တတ် တော့ ရွာတွေမှာ စပါးလိုက်ဝယ်ပြီး ဆန်ကြိတ်ရောင်းတာ၊ ဘယ်လောက် စီးပွား ဖြစ်နေသလဲဆိုတာ ငါတို့အသိပဲ။ ဒီကောင်မလေးမြို့က ပြန်လာရင် ငါ့ အဖေကို စားစရာတွေ အမြဲလာပို့တယ်။ ကျေးရွာလူကြီးမို့ လာပို့တာမျိုး မဟုတ် ဘူး။ ငါ့အဖေက သူ့ယောက္ခမ ဦးချစ် အောင် နဲ့ သူငယ်ချင်းတွေဆိုတာ သိလို့၊ စိန်ထွန်းလည်း ရွာပြန်ရောက်မှ သိလိမ့်မည်။ သနားပါတယ်ကွာ . ."

လူသတ်သမားက နှစ်သက် သတ်သွားတာဗျ"

ရွာသားလူငယ်တစ်ဦးက ပြော သည်။

"ဟေ ဘာဖြစ်လို့လဲ . ."

"မသန္တာက ကိုယ်ဝန်ကြီးနဲ့ဗျ စိန်ထွန်းက ကျွန်တော်တို့ကို ကြွား ထားတာ"

"ဟာ ကွာ ကျွတ် ကျွတ်"

ဖိုးလုံးနှင့် ရွာသားလူငယ်များက မြေတာရိုးပေါ်တွင် စကားပြောနေကြ စဉ် မိုးကမထင်မှတ်ဘဲ ရွာချလာသည်။ မီးတုတ်များမှာ မီးငြိမ်းသွားသည်။ ရွာသားလူငယ်များက တစ်ဦးနှင့် တစ်ဦး ဖက်ထားကြသည်။ ထိုစဉ်သူတို့ရွာ ဘက်မှ ထော်လာဂျီမောင်းလာသံကို ကြားရသည်။ ထော်လာဂျီက ညောင် နှစ်ပင်ကုန်းနေရာတည့်တည့်သို့ ရောက် လာသည်။ ထော်လာဂျီ ရှေ့မီးဖြင့် မသန္တာ အလောင်းတည့်တည့်သို့ ထိုး ထားမိသည်။ စခန်းမှူးရဲ့အုပ်ဥာဏ်ဝင်း နှင့် ရဲတပ်ဖွဲ့ဝင်များက မသန္တာ၏ အလောင်းကိုစစ်ဆေးပြီး ရေးမှတ်နေ ကြသည်၊ ရိုးချောင်း ရေက တသွင်သွင် စီးဆင်းနေသည်။

စခန်းမှူး ရဲအုပ်ဥာဏ်ဝင်းက မသန္တာ၏ အလောင်းကို စနစ်တကျ စစ်ဆေးပြီးသည်နှင့် ဖျာလိပ်ဖြင့် ပတ် ကာ ထော်လာဂျီပေါ်သို့ တင်ခိုင်းသည်။ မသန္တာအလောင်း ရှိခဲ့သောနေရာမှ သွေးတို့သည် မိုးရေနှင့်အတူ ရိုးချောင်း ထဲသို့ စီးဆင်းသွားသည်။

"မိုးမရွာရင်ရိုးချောင်းက ရေဘယ် လောက်နက်သလဲ"

စခန်းမှူး ရဲအုပ်ဥာဏ်ဝင်းက ကျေးရွာလူကြီးတစ်ဦးကို မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ခြေသလုံးမြုပ်ရုံလောက်ပါပဲ"

စခန်းမှူး ရဲအုပ်ဉာဏ်ဝင်းက လက်နှိပ် ဓာတ်မီးထိုးပြီး ရိုးချောင်းထဲသို့ ဆင်းသွားသည်။ ရိုးချောင်း၏ တစ်ဖက် ကမ်းပါးတစ်လျှောက် လိုက်ကြည့်နေသည်။ ရိုးချောင်း တစ်ဖက်ကမ်းပါးမှ တစ်နေရာကိုလက်ညှိုးထိုးပြသည်။

ထို့နောက် ရိုးချောင်းထဲမှပြန်တက်လာသည်။ လူသတ်သမားက သောင်းမြင့်ကိုရိုက်ခဲ့သော ဝါးရှည်ကို ရဲတပ်ဖွဲ့ဝင်များက ပိုင်းဝန်းရှာဖွေရာ မြေတာရိုးလမ်း၏ အောက်ဘက်တစ်နေရာမှ တွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

"လူသတ်သမားက ရိုးချောင်းတစ်ဖက်ကမ်းကိုတက်သွားပြီး လယ်ကွင်း ဘက်ဖြတ်ပြေးတဲ့ ခြေရာကိုတော့ တွေ့ရတယ်။

မနက်ကျမှ သေချာအောင် ထပ်မံစစ်ဆေးရမယ်။ ညဘက်လည်းဖြစ် ပြန်မိုးက ရွာနေတော့ စစ်ဆေးရတာ စိတ်တိုင်းမကျဘူး"

စခန်းမှူးရဲအုပ် ဉာဏ်ဝင်းနှင့်အဖွဲ့က ကျေးရွာလူကြီး ဦးတင်ထွန်း၏ အိမ်သို့လိုက် သွားပြီး မသန္တာနှင့် ပက်သက်၍ မေးမြန်းရာ ဦးတင်ထွန်းနှင့်ရွာသားများက ပြောပြကြသည်။

"သေဆုံးသူ မသန္တာဘီမှာ ငွေကြေး တစ်ပြားတစ်ချပ်မှ ရှာမတွေ့ဘူး။ တစ် ဖက်ရွာကို စပါးကြိတ်ဖို့သွားမှာဆိုတော့ စပါးကြိတ်ခရှင်းဖို့ငွေတော့ ယူလာမယ် ထင်တယ်...."

စခန်းမှူး ရဲအုပ်ဉာဏ်ဝင်း က ပြောသည်။

"မသန္တာက စပါးကြိတ်သွားရင် လွယ်အိတ်ကို စလွယ်သိုင်းထား တတ်တာဆော့ တစ်ရွာလုံးက လူတွေသိတယ်။"

"ဟုတ်တယ်။

ဒီညနေ သောင်းမြင့် ထော်လာဂျီနဲ့ စပါးသွားကြိတ်တော့ မသန္တာ လွယ်အိတ်ကို စလွယ်သိုင်း သွားတာမြင်မိတယ်"

ရွာသားတစ်ဦးက ဝင်ပြောသည်။

"ဒါဆိုရင် မသန္တာ စလွယ်သိုင်းပြီး ထားတဲ့ လွယ်အိတ်က ပျောက်ဆုံးနေတာပေါ့။

လွယ်အိတ်ထဲမှာ ငွေတွေပါတာ တော့သေချာတယ်။ လုယက်ဖို့ ကြံစည်ထားရာက မိန်းကလေးက ချောမောလှပပြီး ကိုယ်ကာယ တောင့်တင်းတော့ မဖွယ်မရာကိစ္စကို ကျူးလွန်ပြီး လူသတ်တဲ့အထိ ဖြစ်သွားရတာပေါ့"

ထိုစဉ် ကျေးရွာလူကြီး ဦးတင်ထွန်း၏ ဆင်ဝင်အောက်သို့ လူငယ်တစ်ဦး ပြေးဝင်လာသည်။

"ဟာ စိန်ထွန်း"

"ကျွန်တော့်မိန်းမ ဟို..ဟို.. အသတ်ခံရတယ်ဆို မသန္တာအလောင်း ဘယ်မှာလဲ"

"ခြံရှေ့က ထော်လာဂျီပေါ်မှာပါ။ အလောင်းကိုဆေးရုံပို့ရဦးမှာမို့ ဆေးရုံက ပြန်သယ်လာတော့မှ..."

စခန်းမှူးရဲအုပ် ဉာဏ်ဝင်းစကားက ပြတ်တောက်သွားသည်။ မယားအတွက် သောကမီးတောက်လောင်နေသော စိန်ထွန်း၏ အသွင်ကို ကြည့်ပြီး ပြောနေသည့်စကားက လည်ချောင်းထဲတွင် တစ်ဆို့သွားရသည်။

"ရက်စက်လိုက်ကြတာဗျာ"

စိန်ထွန်းက နီးစပ်ရာခုံတန်းလျားတွင် ဝင်ထိုင်၏။ စိန်ထွန်း၏ မျက်ဝန်းအိမ်ထဲတွင် မျက်ရည်များပြည့်လျှံနေသည်။

"သူ့မိဘတွေသိရင်တော့ ဝမ်းဒိုင်းကြဲတော့မှာ သေချာတယ်။ ကျွန်တော့်ကြောင့် သူ့ကို့သမီး သေရတယ်ဆိုပြီး ပြောတော့မှာပဲ။ အရင်နေ့တွေက ညဘက်ဆိုရင် ကျွန်တော်ပဲ သွားကြိတ်တာ။

ဒီနေ့တော့ပွဲရုံမှာ ဆန်ဖိုးတွေ သွားရှင်းစရာရှိလို့ သူ့ကိုသွားခိုင်းလိုက်တာ။ စပါးကြိတ်ရင်ပိုင်ရှင်က ဆန်စက်သမားကို ကိုယ်လိုချင်တဲ့ ဆန်ရိုး ဆန်သားရအောင် ကြည့်ပြောနေမှ ဖြစ်တာ။ မျက်နှာလွှဲပြီး ကြိတ်ခိုင်းလို့ ကတော့ ဆန်သားတွေက ညစ်ထေးပြီး ကျိုးကြေ ကျိုးကြေလို့ကြေနဲ့။ ပွဲရုံကိုရောင်း ... စကားပြောရတယ်။

သန္တာက ကုန်သည်သမီးဆိုတော့ ဆန် အရည်အသွေးကို သူက ပိုပြီး နားလည်တယ်။ ကြမ္မာငင်မယ့်နေ့မို့ လားတော့ မသိပါဘူး။ ပွဲရုံကို ဆန်ဖိုးသွားရှင်းတာ ပွဲရုံပိုင်ရှင်က ရန်ကုန်သွားနေလို့ဆောင်ပြီး ငွေရှင်းနေရတယ်.. အိမ်ကို ရောက်တော့ ...

www.burmeseclassic.com

ရတဲ့ သတင်းကြား ရပော့တာပဲ . . "

"ညီလေးမိန်းမအတွက် အစ်ကိုတို့ အားလုံးလည်း စိတ်မကောင်း ဖြစ်မိပါတယ်။ ညီလေး မိန်းမ မသန္တာက ဆန်စက်ကို သောင်းမြင့်ရဲ့ထော်လာဂျီနဲ့ အသွားမှာ လွယ်အိတ်ကို စလွယ်သိုင်း သွားတယ်လို့ မြင်တဲ့ရွာသားတွေက အစ်ကိုတို့ကိုပြောပြတယ်။ လွယ်အိတ်ထဲမှာ ငွေဘယ်လောက်ပါ သွားတယ်ဆိုတာ ညီလေးသိနိုင်မလား"

"ဆန်ကြိတ်ခငွေကို ကျွန်တော်တို့က ဆန်စက်ပိုင်ရှင်ကို စာရင်းနဲ့နေ့စွဲနဲ့ မှတ်ထားခိုင်းပြီး ငါးသောင်း တစ်သိန်းစီ ပေးထားတယ်။ နောက်မှစာရင်းအခတိ အကျရှင်းမယ်ပေါ့။ ဒီနေ့တော့ ဆန်စက်ပိုင်ရှင်ကိုပေးဖို့ ငွေတစ်သိန်း ကို သန္တာကိုပေးထားတယ်"

"အဲဒီ ငွေတစ်သိန်းကို သူသတ်မှုဒိမ်းသမားက ယူသွားတယ်ကွ။ လွယ်အိတ်က ဘာအရောင်လဲ"

"ပိတ်သားအနီနဲ့ချုပ်ထားတာပါ"

"ကဲ အလောင်းကို ဆေးရုံမှာ စစ်ဆေးပြီးတာနဲ့ပြန်သယ်ဖို့ရွာသားတွေက ကျွန်တော်တို့နဲ့အတူလိုက်ခဲ့ကြဦး"

စခန်းမှူးရဲအုပ် ဉာဏ်ဝင်းနှင့် အဖွဲ့က ထော်လာဂျီတစ်စီး၊ သေသူ၏ အလောင်း၊ စိန်ထွန်းနှင့်ရွာသားများက ထော်လာဂျီတစ်စီးဖြင့် မြို့ဘက်သို့ ပြန်လာခဲ့ကြသည်။

◆✕◆ ◆✕◆ ◆✕◆

မသန္တာ အသတ်ခံရသည့်သတင်းက မြို့ရော၊ တောရွာများပါမကျန် စိတ်ဝင်စားစရာ သတင်းဖြစ်သွားသည်။ မသန္တာ၏ အသုဘကိစ္စ ကို မသန္တာ၏ မိဘများက သူတို့အိမ်မှာပင်ထားပြီး သင်္ဂြိုလ်ပစ်လိုက်ကြ၏။ နားရွက်တွင် ဒဏ်ရာရရှိ၍ ဆေးရုံတက်သော ထော်လာဂျီယာဉ် မောင်းသောင်းမြင့်က ဆေးရုံမှဆင်းလာသည်။ ညာဘက်တွင် ကြောက်လန့်ပြီး ဂယောက် ချောက်ချား ဖော်နေသဖြင့် ရွာသားများက အလှည့်ကျစောင့်ပေးနေရသည်။

သေဆုံးသူမသန္တာ၏သွားကြားမှ အသားစများကို စခန်းမှူးရဲအုပ် ဉာဏ်ဝင်း က မှုခင်းဆရာဝန်၏ အကူအညီဖြင့် သိမ်းဆည်းထားပြီး မှုခင်းတပ်ဖွဲ့ရုံး(အင်းစိန်-စီအိုင်ဒီ)သို့ ပေးပို့ပြီး စစ်ဆေးခိုင်းသည်။ အခင်းဖြစ်ပွားပြီး နောက်တစ်နေ့နံနက်တွင် စခန်းမှူး ရဲအုပ်ဉာဏ်ဝင်းက အခင်းဖြစ်နေရာသို့ သွားရောက်ပြီး ထပ်မံစစ်ဆေးသည်။ ရိုးချောင်းထဲသို့ ဆင်းသွားသော ခြေရာ၊ ရိုးချောင်းထဲမှ တစ်ဖက်ကမ်းသို့ လှမ်းတက်သော ခြေရာများကိုသာတွေ့ရပြီး လယ်ကွက်များထဲတွင် ရေနောက်များဖြင့် ပြည့်လျှံနေသဖြင့် လူသတ်သမားက မည်သည့် ဘက်သို့ ပြေးသည်ကို ဝေခွဲရခက်သွားသည်။

စခန်းမှူး ရဲအုပ် ဉာဏ်ဝင်းက နယ်ထိန်းများကို အခြားကျေးရွာများသို့ စေလွှတ်ပြီး စုံစမ်းခိုင်းသည်။ မသန္တာ အသတ်ခံရပြီး ငါးရက်မြောက်သော နေ့တွင် ကန်ကြီးကျေးရွာမှ ရွာသား တစ်ဦးကို နယ်ထိန်း တပ်ကြပ်ကြီး အေးသောင်းက ဖမ်းဆီးလာသည်။ ထိုရွာသား၏ ညာဘက်လက်သလုံးတွင် ပတ်တီးစည်းထားသည်။

"သူ့နာမည်က အောင်ငွေးတဲ့ ဆရာ။ သူ့လက်မှာ ဒဏ်ရာတွေ့လို့ စစ်ဆေးတော့ဝက်ကိုက်ထားတာလို့ပြောတယ်။ ဒဏ်ရာကို ကြည့်တော့ စုတ်ပြဲနေတာမို့ မသင်္ကာလို့ခေါ်လာတာ"

စခန်းမှူး ရဲအုပ်ဉာဏ်ဝင်းက အောင်ငွေး၏ မျက်နှာကို အကဲခတ်နေသည်။ အောင်ငွေး နေထိုင်သော ကန်ကြီးကျေးရွာသည် မသန္တာ အသတ်ခံရ သောနေရာ၏ အရှေ့ရှေ့ရှူးရှူးအရပ် သုံးမိုင်ခန့်အကွာတွင်ရှိသော ရွာဖြစ်သည်။ စခန်းမှူး ရဲအုပ်ဉာဏ်ဝင်းက အောင်ငွေး၏ လက်တွင်စည်းထားသော ပတ်တီးကို ဖြေခိုင်းပြီး ဒဏ်ရာကို စစ်ဆေးသည်။ ဒဏ်ရာက အသားစများ ပဲ့ထွက်နေသဖြင့် မသင်္ကာစရာ ဖြစ်သွားသည်။

"မင်းလက်က ဒဏ်ရာက ဝက်ကိုက်တာ သေချာရဲ့လား"

"ဝက်ကိုက်တာပါဆရာ၊ အဲဒီဝက်ကို ပေါ်(သတ်)ပြီး ရောင်းစားလိုက်တာ တစ်ရွာ လုံးအသိပါ"

"ဝက်ကဘယ်တုန်းက ကိုက်တာလဲ၊ ဘယ်အချိန်မှာ ကိုက်တာလဲ"

"အင်း လွန်ခဲ့တဲ့ ငါးရက်လောက်ကပါ ဆရာ၊ ညဘက် အစာကျွေးနေရင်း အကိုက်ခံရတာပါ . . . "

စခန်းမှူး ရဲအုပ်ဉာဏ်ဝင်းက

www.burmeseclassic.com

www.burmeseclassic.com

အောင်ဌေးကို အင်္ကျီချွတ်ခိုင်း၊ ပုဆိုးကို ခါးတောင်းကျိုက် ခိုင်းပြီးစစ်ဆေးသည်။ အောင်ဌေး၏ခန္ဓာကိုယ်တွင်လက်သလုံး ဒဏ်ရာမှလွဲ၍ မည်သည့် ဒဏ်ရာကိုမှမတွေ့ရ။

"ဒီကောင် ဝက်ပေါ်ရောင်းတာ တော့သိရတယ်။ သူ့လက်ကဒဏ်ရာက ဝက်ကိုက်တယ်လို့ပြောတာပဲဆိုပြီး ရွာသားတွေကပြောကြတယ်။ . ."

"ဆရာရယ်၊ ကျွန်တော် ဝက်ကိုက်ခံရတာကို တစ်ရွာလုံးသိအောင် လိုက်ပြောပြနေရဦး မှာလားဗျာ"

အောင်ဌေးက ပကတိရိုးသားသော ရုပ်သွင်ဖြင့်ပြောနေသည်။ စခန်းမှူး ရဲအုပ်ဉာဏ်ဝင်းက လူကိုက်သော ဒဏ်ရာနှင့် ဝက်ကိုက်သော ဒဏ်ရာကိုတွက်ဆပြီးစဉ်းစားနေသည်။

မသန္တာက သူ့မအား မတရား ပြုကျင့် နေသူအားသွားဖြင့်ကိုက်လျှင် လက်သလုံး၏ အောက်နားကို သာ ကိုက်၍ရမည်။ လက်သလုံးအပေါ်ကို ကိုက်ခွင့်ရမည်မထင်။ ရမ္မက်သမားက မသန္တာ ကုန်းထတိုင်း တွန်းလှဲနေမည် သာဖြစ်သည်။ ယခု အောင်ဌေးအကိုက်ခံထားရသည်မှာ လက်သလုံးအပေါ်ပိုင်းဖြစ်နေသည်။

"ကျွန်တော်တို့ ရဲစခန်းပိုင်နယ်မြေထဲက ညောင်နစ်ပင်ကုန်းနားမှာ မိန်းကလေးတစ်ယောက် မတရားပြုကျင့်ခံရပြီး အသတ်ခံရတဲ့ အပြင် ငွေတစ်သိန်းပါယူသွားတဲ့ဖြစ်ရပ်တစ်ခု ဖြစ်ထားတာကြောင့် မသင်္ကာသူတွေရှင် စစ်ဆေးရမှာက ကျွန်တော်တို့ ရဲတပ်ဖွဲ့ ဝင်တွေရဲ့တာဝန်ပဲ။ ခင်ဗျားကို စစ်ဆေးရတာလဲ ဒီသဘောပဲ။ ကျွန်တော်တို့ ခင်ဗျားအကြောင်းကို စုံစမ်းဦးမယ် ခင်ဗျားခရီးသွားမယ်ဆိုရင် ရဲစခန်းကို လာပြီးအကြောင်းကြားရမယ်။ အခုတော့ ပြန်နိုင်ပြီ"

"ကျေးဇူးတင်ပါတယ် ဆရာ"

စခန်းမှူး ရဲအုပ်ဉာဏ်ဝင်းက အောင်ဌေးသည် လူသတ်တရားခံ မဖြစ်နိုင်ကြောင်း တွက်ဆပုံကို နယ်ထိန်းတပ်ကြပ်ကြီး အေးဆောင် အား ရှင်းပြလိုက်သည်။ လူသတ်မှုနှင့်ပတ်သတ်ပြီး တရားခံမည်သို့ ကျူးလွန်နိုင်ပုံကို သရုပ်ခွဲကြည့်သည်။ ထိုစဉ် ရဲတပ်သားတစ်ဦးက စခန်းမှူးရှေ့သို့ ရောက်လာပြီး အရိုအသေပြုသည်။

"ဘာလဲရဲဘော်"

"မှူခင်းတပ်ဖွဲ့က စစ်ဆေးတွေ့ရှိချက်တွေ လာပို့တာပါဆရာ"

"အေး ကောင်းပြီ"

စခန်းမှူး ရဲအုပ်ဉာဏ်ဝင်းက အစီရင်ခံစာကို ဖတ်ပြီးပြုံးလိုက်၏။ ထို့နောက် ရဲတပ်ဖွဲ့ဝင် များကိုခေါ်ကာ အလယ်စုရွာသို့လာခဲ့သည်။ ကျေးရွာလူကြီး ဦးတင်ထွန်းကို ဝင်ခေါ်ပြီး သောင်းမြင့် အိမ်သို့လာခဲ့သည်။

"ဟာ ဆရာတို့အဖွဲ့ပါလား။ ကြွပါခင်ဗျား"

သောင်းမြင့်က စခန်းမှူးရဲအုပ်ဉာဏ်ဝင်းနှင့်အဖွဲ့ ခြံဝင်းထဲသို့ဝင်လာသည်နှင့် အိမ်ထဲမှ ပြေးထွက်လာပြီး ခရီးဦးကြိုပြုသည်။

စခန်းမှူး ရဲအုပ်ဉာဏ်ဝင်းက သောင်းမြင့်၏ပခုံးကို ဖက်လိုက်သည်။

"မင်းရဲ့ နားရွက်က ဒဏ်ရာ ဘယ်လိုနေသေးလဲ"

"အနာက မကျက်သေးတော့ နာသေးတယ်။ ဘယ်လိုလဲဆရာ၊ လူသတ်တရားခံ ဖမ်းလို့မမိသေးဘူးလား"

စခန်းမှူး ရဲအုပ်ဉာဏ်ဝင်းက ပြုံးလိုက်၏။

"မင်းက လူသတ်မုဒိမ်းသမားရဲ့ မျက်နှာကို မမှတ်မိဘူးဆိုတော့ ငါတို့ စုံစမ်းရခက်နေတာပေါ့။ ဒါပေမယ့် မှုခင်းတပ်ဖွဲ့ရုံးက ပညာရှင်တွေက လူသတ်မုဒိမ်းကောင်ဟာ ဘယ်သူဆိုတာ ဖော်ထုတ်ပေးလိုက်ပြီကွ။

ဒီမြို့နယ်က မှုခင်းဆရာဝန်ရဲ့ အကူအညီလည်း ပါတာပေါ့ကွာ။ မျက်မြင် သက်သေရှိရက်နဲ့ လူသတ်မုဒိမ်းသမားရဲ့ ရုပ်လွှာကိုပုံဖော်လို့ မရခဲ့တဲ့ မှုခင်းတစ်ခုကို တရားခံ ဖော်ထုတ်နိုင်တော့မှာဆိုတော့ ငါတို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အတွက် ဂုဏ်ယူစရာပေါ့ကွာ"

"ဟုတ်တာပေါ့ဗျာ။"

"ဒါနဲ့ အဲဒီ လူသတ်မုဒိမ်းသမားက ဘယ်သူလဲ ဆရာ"

သောင်းမြင့်က သိချင်ဇောဖြင့် မေးသည်။ စခန်းမှူးရဲအုပ်ဉာဏ်ဝင်းက သူ၏ခါးကြားမှ လက်ထိပ်ကို လျင်မြန်စွာယူ၍ သောင်းမြင့်၏ လက်တစ်ဖက်ကိုခတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

"လူသတ် မုဒိမ်းကောင်ဟာ မင်းဖြစ်နေလို့ပေါ့ကွာ · ·၊ ဘာကြောင့်လဲဆိုတာ ငါရှင်းပြဦးမယ်။ မင်းနားရွက်က စုတ်ပြဲသွားတဲ့ ဒဏ်ရာက အသားစအချို့နဲ့သွေးကို ငါက မှုခင်းဆရာဝန်ဆီက တောင်းယူတယ်။ မသန္တာရဲ့သွားကြားက အသားစတွေကို သိမ်းဆည်းတယ်။ အဲဒီနှစ်ခုကို မှုခင်းတပ်ဖွဲ့ရုံးကို ပေးပို့ပြီး ပညာရှင်တွေကို စစ်ဆေးခိုင်းလိုက်တော့ အသားစနဲ့ သွေးဟာ တူညီနေပါတယ်လို့ အကြောင်းပြန်ကြားလာတယ်။

အဲဒါကြောင့် မသန္တာကိုသတ်တဲ့သူဟာ မင်းပဲဆိုတာသိရတာပေါ့"

"ဟာ မဟုတ်တာ ဆရာရယ်။ ကျွန်တော်က မသန္တာကို ညီမလေးတစ်ယောက်လို ခင်မင်တာပါ။ သူတို့လင်မယားကြောင့် ကျွန်တော်နေ့စဉ် ထော်လာဂျီမောင်းနှင်နေရတဲ့ ကျေးဇူးရှိနေတာပဲ။ လူသတ်သမားက ကျွန်တော့်ကို သတ်မသွားတာပဲ ကံကောင်းတယ်။

သောင်းမြင့်က မျက်နှာတည်ငြိမ်စွာဖြင့် ပြောနေသည်။

"အခင်းဖြစ်တဲ့နေ့က မင်းရဲ့ ထော်လာဂျီကို ငါစစ်ဆေးကြည့်တယ်။ ထော်လာဂျီရဲ့ ယာဉ်မောင်းနောက်ကျောမှာ အရှည်သုံးပေကျော်ရှိတဲ့ သုံးမတ်သံပိုက်လုံးတစ်လုံးကို အထင်းသားတွေ့ရတယ်။ လူသတ် မုဒိမ်းကောင်က မသန္တာ ကို ပြုကျင့်စော်ကားနေချိန်မှာ မင်းက လူသတ်သမားကို တိုက်ခိုက်ဖို့ လူသတ်သမားက မင်းကို ရိုက်တယ်ဆိုတဲ့ ဝါးလုံးရှည်ကို လိုက်ရှာနေတာဟာ သဘာဝမကျလှဘူး။

ထော်လာဂျီ ပေါ်မှာ အထင်းသားမြင်တွေ့နေရတဲ့ သံပိုက်လုံးကို သွားယူပြီး လူသတ်သမား ကို ရိုက်နှက်လို့ရတာပဲ။ လူသတ်သမား က မသန္တာ ကိုသတ်ပြီး ရိုးချောင်းတစ်ဖက်ကမ်းကို တက်သွားတယ်လို့ပြောတယ်။

လူသတ်သမားရဲ့ ခြေရာက ရိုးချောင်း တစ်ဖက်ကမ်းက မြေသားအပျော့ပေါ်မှာ တင်ကျန်နေခဲ့တယ်။ လယ်ကွက်ထဲကရေတွေက နောက်ကျိနေတော့ လူသတ်သမား ဘယ်ဘက်ကိုပြေးတယ်ဆိုတာ စဉ်းစားမရအောင်ဖြစ်သွားတာတော့ အမှန်ပဲ။

ဒါပေမယ့် အခင်းဖြစ်တဲ့နေရာရဲ့ မြောက်ဘက် ပေသုံးဆယ်အကွာမှ ရိုးချောင်းကမ်းပါးမှာ ဒီဘက်ကမ်းကို တက်ထားတဲ့ ခြေရာကို ဘယ်သူမှ သတိမထားမိပေမယ့် ငါကတော့ မြင်မိတယ်။

အဲဒီခြေရာနဲ့ လူသတ်သမား ရိုးချောင်းတစ်ဖက်ကမ်းကို တက်သွားတယ်ဆိုတဲ့ ခြေရာဟာ တူညီနေတာကို တွေ့ရတယ်။

ဒီတော့မင်းကလွဲပြီး ဘယ်သူမှ မဖြစ်နိုင်ဘူးဆိုတာ တွက်ဆလို့ရသွားတယ်။ မင်း အေးအေးသက်သာ ဝန်မခံဘူးဆိုရင်တော့ ဝန်ခံတဲ့ပညာရပ်တွေနဲ့ စစ်ဆေးရတော့မှာပဲ"

သောင်းမြင့်က တွေဝေစွာစဉ်းစားနေရင်းမှ ခေါင်းငိုက်စိုက်ကျသွား သည်။

"ကျွန်တော် ဝန်ခံပါတော့မယ် ဆရာ။ ကျွန်တော့်မှာ ဖဲကြွေးတွေရှိလို့ ကြံမိကြံရာ ကြံစည်ရာက မသန္တာကို သဘောကျနေမိတာကြောင့် မတရားမှုကိုပြုကျင့်မိပြီး လူသတ်တဲ့အထိ၊ ငွေယူမိတဲ့အထိ ဖြစ်သွားရတာပါ။

မတရားမှုကို ကျူးလွန်မိထားတော့ စိတ်က အမြဲခြောက်လှန့်ခံနေရတယ်ဆရာ။ ညဘက်ဆိုရင် အိပ်မပျော်ဘူး။ မသန္တာက ကျွန်တော့် ဆီရောက်တယ်ထင်ပြီး လန့်အော်မိတယ်။ ဆရာတို့ ဝတ္တရားရှိတဲ့အတိုင်း ဆောင်ရွက်ပါတော့ဗျာ"

သောင်းမြင့်က မျက်နှာကိုညှိုးငယ်စွာဖြင့်ပြောသည်။ စခန်းမှူး ရဲအုပ်ဉာဏ်ဝင်းနှင့်အဖွဲ့က သောင်းမြင့် ကို ရဲစခန်းသို့ ခေါ်လာခဲ့သည်။ မှုခင်းတစ်ခုကို ဖော်ထုတ်ရာတွင် စေ့စပ်သေချာစွာစဉ်းစားပြီး ဖြစ်နိုင်သော အကြောင်းအရာများကို ဆက်စပ်ခြင်းဖြင့် မှုခင်းဖော်ထုတ်နိုင်သော တွေ့အကြံသစ်ကိုရရှိလိုက်သော စခန်းမှူးရဲအုပ်ဉာဏ်ဝင်းမှာ မိမိကိုယ် မိမိအားကျေကျေနပ်နပ်မိသောစိတ်ကြောင့် သဘောကျ စွာပြုံးနေမိပါတော့သတည်း။

အောင်ဘသိန်း



www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်တိုင်းဒေသကြီး ဖြစ်မှုကြီးမှုခင်းကျဆင်းမှု အခြေအနေ

ရန်ကုန်မြို့ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့ သတင်းတစ်ရပ် ဖော်ပြချက်တွင် ၂၀၁၃ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မှုခင်းများ လျော့နည်းကျဆင်းမှုအခြေအနေနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ထုတ်ပြန်ကြေညာထားသည်ဟု သိရှိရပါသည်။ အောက်တွင် သီးခြားစာရင်းဇယားရေးဆွဲပြီး ၂၀၁၁ ၊ ၂၀၁၂ ၊ ၂၀၁၃ ခုနှစ် သုံးနှစ်အတွင်း၌ (၁) လူသတ်မှုကြီး၊ (၂) ဓားပြမှု၊ (၃) လုယက်မှု၊ (၄) ပြန်ပေးမှု၊ (၅) မုဒိမ်းမှုကြီး (၆) ဖောက်ထွင်းမှု၊ (၇) တိရစ္ဆာန်ခိုးယူမှု၊ (၈) နိုင်ငံတော်သစ္စာဖောက်ဖျက်မှု (၉) လက်နက်မှု၊ (၁၀) မတရားအသင်းအမှု…အစရှိသည့် (၁၀)မှုကြီးများတို့ကို နှိုင်းယှဉ်ဖော်ပြထားသည်ကို လေ့လာသုံးသပ်ခြင်းအားဖြင့် မှုခင်းလျော့နည်းကျဆင်းလာသည်ကို သိရ၏။

**ရန်ကုန်တိုင်းဒေသကြီး ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၃ ခုနှစ် သုံးနှစ်အတွင်းတွင်**
**မှုခင်းကြီး ၁၀ မှု လျော့နည်းကျဆင်းမှု အခြေပြစာရင်းဇယား**

| ခုနှစ် | ပြစ်မှုကြီးအမျိုးအစား | အမှုအရေ အတွက်ပေါင်း |
|---|---|---|
| ၂၀၁၁ ခုနှစ် | လူသတ်မှုကြီး | ၁၅၅ မှု |
| ၂၀၁၂ ခုနှစ် | ॥ | ၁၆၄ မှု |
| ၂၀၁၃ ခုနှစ် | ॥ | ၁၃၀ မှု |
| ၂၀၁၁ ခုနှစ် | ဓားပြမှုကြီး | ၀ မှု |
| ၂၀၁၂ ခုနှစ် | ॥ | ၂ မှု |
| ၂၀၁၃ ခုနှစ် | ॥ | ၄ မှု |
| ၂၀၁၁ ခုနှစ် | လုယက်မှုကြီး | ၆၇ မှု |
| ၂၀၁၂ ခုနှစ် | ॥ | ၃၀ မှု |
| ၂၀၁၃ ခုနှစ် | ॥ | ၃၃ မှု |
| ၂၀၁၁ ခုနှစ် | ပြန်ပေးမှု | ၂ မှု |
| ၂၀၁၂ ခုနှစ် | ॥ | ၀ မှု |
| ၂၀၁၃ ခုနှစ် | ॥ | ၀ မှု |
| ၂၀၁၁ ခုနှစ် | မုဒိမ်းမှု | ၁၄၅ မှု |
| ၂၀၁၂ ခုနှစ် | ॥ | ၁၃၅ မှု |
| ၂၀၁၃ ခုနှစ် | ॥ | ၁၅၂ မှု |
| ၂၀၁၁ ခုနှစ် | ဖောက်ထွင်းမှု | ၉၆ မှု |
| ၂၀၁၂ ခုနှစ် | ॥ | ၁၈ မှု |
| ၂၀၁၃ ခုနှစ် | ॥ | ၁၉ မှု |

| ခုနှစ် | ပြစ်မှုကြီးအမျိုးအစား | အမှုအရေ အတွက်ပေါင်း |
|---|---|---|
| ၂၀၁၁ ခုနှစ် | တိရစ္ဆာန်ခိုးမှု | ၇ မှု |
| ၂၀၁၂ ခုနှစ် | ॥ | ၄ မှု |
| ၂၀၁၃ ခုနှစ် | ॥ | ၁ မှု |
| ၂၀၁၁ ခုနှစ် | နိုင်ငံတော်သစ္စာ ဖောက်ဖျက်မှု | ၀ မှု |
| ၂၀၁၂ ခုနှစ် | ॥ | ၀ မှု |
| ၂၀၁၃ ခုနှစ် | ॥ | ၀ မှု |
| ၂၀၁၁ ခုနှစ် | လက်နက်မှု ၂(၁)(က)/၁၉-က | ၀ မှု |
| ၂၀၁၂ ခုနှစ် | ॥ | ၀ မှု |
| ၂၀၁၃ ခုနှစ် | ॥ | ၀ မှု |
| ၂၀၁၁ ခုနှစ် | မတရားအသင်းအမှု | ၁ မှု |
| ၂၀၁၂ ခုနှစ် | ॥ | ၃ မှု |
| ၂၀၁၃ ခုနှစ် | ॥ | ၀ မှု |

ကောတီအောင်သိန်း(ရန်ကုန်တက္ကသိုလ်)

*Ref:-* ကြေးမုံနေ့စဉ်၊ ဇန်နဝါရီလ ၇ ရက်၊ ၂၀၁၄ ခုနှစ် စာမျက်နှာ(၁၄)။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဘဝဟောင်းက နှမလေး

「 တက္ကသိုလ်ဘုန်းနိုင် 」

"မောင်ကြီး မောင်ကြီးနဲ့ နှမလေးက အရင်ဘဝက မောင်နှမတော်စပ်ပါတယ်၊ အခု မောင်ကြီးနဲ့ အတူနေချင်လို့ ဟိုးအဝေးကြီးက လိုက်လာတာပါ၊ မောင်ကြီးနဲ့အတူ နေခွင့်ပေးပါ"

"ဒီက နှမလေးနဲ့ ကျုပ်နဲ့က အရင်ဘဝက မောင်နှမတော်တယ်ဟုတ်လား၊ အေးလေ ဒီဘဝမှာ ကျုပ်က တစ်ယောက်တည်း မိဘမဲ့ဆွေမျိုးညီအစ်ကိုမောင်နှမတစ်ယောက်မှ မရှိတော့ နှမလေး နေချင်တယ်ဆို လာနေပေါ့၊ ကျုပ် လက်ခံပါတယ်"

ပျိုရွယ်နုငယ်သော သိမ်သိမ်မွေ့မွေ့နှင့် မိန်းမသားတစ်ယောက်က မျက်နှာလေး ညှိုးငယ်စွာဖြင့် အိပ်မက်ထဲတွင် ကျွန်တော့်အား ပြောခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့မက်သည့် အိပ်မက်ကို ကျွန်တော် ခေါင်းထဲတော့ မထည့်ဖြစ်၊ အိပ်မက်ဆိုသည် မက်ချင်ရာ မက်တတ်သည့်သဘောဟုသာ ထင်မြင်ခဲ့သည်။ အိပ်မက်ထဲက အမျိုးသမီးသည် သင့်တင့်စွာ လှပမှုရှိသည်။ အသားလေးက ဖြူနုနေသည်။

နောက်တစ်ရက်ခြား ညတစ်ညတွင် ကျွန်တော် အိပ်မက် ထပ်မက်ပြန်သည်။

"မောင်ကြီး နှမလေး လာတော့မယ်နော်၊ မောင်ကြီး လက်ခံမယ်ဆိုလို့ နှမလေး လိုက်လာတာ၊ ဒီကျမှ နှင်မထုတ်ရဘူး၊ လက်မခံဘဲ မနေရဘူးနော်"

"စိတ်ချပါဗျာ ကျုပ်လက်ခံပါ့မယ် ဘယ်တော့လာမှာလဲ"

"အမြန်ဆုံးပေါ့"

ကျွန်တော်၏ လိုလားမှု အရိပ်အယောင်များကြောင့် ထိုကလေးမ၏ မျက်နှာသည် ပြုံးရွှင်နေပါသည်။ အိပ်မက်မှန်းသိသည့်အခါ ထိုမိန်းကလေးကို နှစ်ခါဆက်၍ အိပ်မက်မက်သည့်အတွက် စိတ်ထဲတွင် ထူးဆန်းသလိုတော့ ဖြစ်မိသည်။

ဒုတိယမြောက် အိပ်မက်,မက်အပြီး သုံးရက်အကြာတွင် ဖြစ်သည်။

အိပ်ရာမှ နိုးသည်နှင့် ကျွန်တော်သည် အိမ်တံခါးကိုဖွင့်ကာ ခြံထဲဆင်းဖို့ ပြင်လိုက်သည်။ အိမ်လေးမှာ တစ်ထပ်အိမ်ဖြစ်ပြီး ခြံလေးဝင်းလေးနှင့်ဖြစ်သည်။ မြစ်ကမ်းနှင့်လည်းနီးသည်။ ကျွန်တော်သည် မြစ်ကမ်းအနီး မြေကွက်လပ်များတွင် ရာသီပေါ် သီးနှံလေးများ စိုက်ခြင်းဖြင့် အသက်မွေးသည်။ ကျွန်တော့်အိမ်နှင့် မျက်နှာချင်းဆိုင်တွင် ခြံမရှိပေ။ ကမ်းပါးသာရှိသည်။

ခြံထဲဆင်းသည်နှင့် ခြံထဲတွင် အမျိုးသမီးလေးတစ်ယောက် သတိမေ့လဲကျနေသည်ကို တွေ့ရသည်။ ကျွန်တော် စိုးရိမ်ပြီး သူမအနားသို့ သွား၍ ပြေးပွေ့သည်။

"မိန်းကလေး မိန်းကလေး"

ကျွန်တော်၏ ခေါ်သံကို သူကြားမည် မထင်ပါ။ သို့သော် သူမ အသက်ရှိသေးကြောင်း တွေ့ရသဖြင့် ပွေ့ချီပြီး အိမ်ပေါ်သို့ တင်ရန်ပြင်သည်။ အိမ်ပေါ်ထပ်တွင် ခေါင်းအုံးတစ်လုံးပေါ် လှဲစေလိုက်သည်။ ထိုအခါကျမှ သူမ၏ မျက်နှာကို ကျွန်တော် သေသေချာချာ ကြည့်မိရာ အိပ်မက်ထဲမှ မိန်းကလေး ဖြစ်နေသည်။

ကျွန်တော် အရမ်းအံ့သြသွားသည်။ သူမသည် အိပ်မက်ထဲမှ ပြောခဲ့သည့်အတိုင်း အမှန်တကယ် ရောက်လာခဲ့ခြင်း ဖြစ်သည်။ ကျွန်တော် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ အခန်းထဲရှိ ပရုပ်ဆီဘူး သွားယူပြီး ကျွန်တော့် လက်နှစ်ဖက်တွင် တို့၍ ပွတ်ကာ သူမ၏နှာခေါင်းနား ကပ်ပေးသည်။ နှာဝတွင်လည်း အသာတို့ပေးသည်။

ပြီး ခြေဖျား လက်ဖျားများကိုလည်း ဆုပ်နယ်ပေးရာ များမကြာမီ လှုးလွန့်လာသည်ကို တွေ့ရ၏။

"ရေ ရေပေးပါ"

မိန်းကလေးသည် သတိရရချင်း ရေတောင်းသည်။ သူမ၏ ထိုအသံသည် ကျွန်တော့်အဖို့တော့ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ဝပေ၏။ ကျွန်တော် ရေအိုးထဲမှ ရေသွားခပ်ပြီး သူမကို တိုက်သည်။

ထိုမိန်းကလေးကို ရေတိုက်သည်ဆိုရာတွင် ရေခွက်မှ ရေကိုလက်နှင့် အသာဆွတ်ပြီး သူ၏ပါးစပ်ပေါက်ပေါ် ကျွန်တော့်လက် တင်ပေးခြင်းဖြင့် ပါးစပ်ထဲ ရေနည်းနည်းစီ ဝင်စေခြင်းဖြစ်သည်။ ရေအနည်းငယ် ဝင်သွားမသာအခါ သူမ၏ မျက်စိနှစ်လုံး ပွင့်လာသည်။

"မောင်ကြီး"

"နှမလေး နှမလေး တကယ် ရောက်လာပြီနော်၊ မောင်ကြီး နာမည်က တင်ဝင်းတဲ့၊ နှမလေး နာမည်ကကော"

"ရွှေရည်တဲ့ မောင်ကြီး"

ကျွန်တော်၏ အိမ်လေးသည် ထိုနေ့မှစပြီး သာယာစိုပြည်ခဲ့သည်ဟု ဆိုရပါမည်။ ရွှေရည်က သက်သတ်လွတ် စားသည်ဆိုသဖြင့် ကျွန်တော်လည်း သက်သတ်လွတ်ပဲ စားခဲ့ပါသည်။ သို့သော် ကောက်ရသည့် နှမလေးအပေါ် ထားသည့် အချစ်ဇောကြောင့်လားတော့မသိ စား၍ ချိမြိန်ခဲ့ပါသည်။

ကျွန်တော်၏ ဖရဲစိုက်ခင်းမှာ ခါတိုင်းထက်ပိုပြီး ဖြစ်ထွန်းသယောင်ပင် ထင်ရသည်။ ဘေးပတ်ဝန်းကျင်ကိုတော့ ဝမ်းကွဲနှမလေး အခြားနယ်တစ်နယ်မှ လာနေသည်ဟု သတင်းလွှင့်လိုက်သည်။

ညဘက်ဆိုပါက ခြံထဲရှိ ကွပ်ပျစ်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်တွင် ရေနွေးအိုးနှင့် လက်ဖက်ပွဲ ထားကာ ကျွန်တော်တို့မောင်နှမ စကား ဝိုင်းဖွဲ့နေကျဖြစ်သည်။

"နှမလေးကို မေးမယ် မေးမယ်နဲ့ ဒီနေ့ထိ မမေးဖြစ်ဘူး၊ နှမလေးနဲ့ မောင်ကြီးတို့မောင်နှမ အရင်ဘဝက အကြောင်း နှမလေးသိရင် ပြောပြပါလား"

"မောင်ကြီး သိချင်ရင် ပြောပြပါ့မယ် ဒီလိုမောင်ကြီးရဲ့"

◆

ရွာငယ်တစ်ရွာတွင် လူလှနှင့် ရွှေရည်တို့မောင်နှမသည် ဆင်းဆင်း ရဲရဲ အလုပ်လုပ်စားကာ ဝမ်းတစ်ခါး ရှာဖွေစားသောက်နေရသည်။ မောင်လူလှက ရိုးအေးသကဲ့သို့ ရွှေရည်က အိန္ဒြေသိက္ခာ ရှိသည်။

ရွှေရည်သည် လှပသည့် ရုပ်လေးနှင့် မလိုက်အောင် အဝတ်လျှော် ရေခပ် စသည့်အလုပ်များကို ခိုင်းသည့် အိမ်တွင် လိုက်လုပ်နေရသည်။ မောင်လူလှက ဘာသာရေး ကိုင်းရှိုင်းသည်။ အချိန်ရသည်နှင့် ရွာဦးစေတီ သွားကာ သန့်ရှင်းရေးတော့ မလုပ်မဖြစ် လုပ်သည်။

ထိုရွာလေးတွင် မူးယစ်သောက်စားနေသည့် 'ဝဏ္ဏ' ဆိုသူရှိသည်။ သူက ရွှေရည်ကို သဘောကျနေသည်။ ဆင်းရဲသည့် ရွှေရည်ကို ငွေကြေး မက်လုံးပြပြီး သိမ်းသွင်းစဉ် ရွှေရည်က ငြင်းသဖြင့် ဆွဲလားရမ်းလား ဖြစ်နေစဉ် တွင် လူလှ ရောက်ရှိ ထိုးကြိတ်သဖြင့် ဝဏ္ဏ ခံသွားရသည်။

ထိုအဖြစ်ကို ဝဏ္ဏက တေးမှတ်ထားသည်။ လူလှကလည်း ရွှေရည်ကို နောင် အသွားအလာ ဆင်ခြင်ဂရုစိုက်ဖို့ အလုပ်ထွက်မလုပ်ဘဲ သူ့လုပ်စာနှင့်ပင် ထိုင်စားဖို့ပြောသည်။ သို့သော် ရွှေရည်ကလည်း မောင်လူလှ ပင်ပန်းမှာကို စိုးရိမ်သည်။ ဝဏ္ဏ၏ဖခင် သူဌေး ဦးလူခင်မှာ ထိုအကြောင်းကိုသိတော့ ဒေါပွသွားသည်။ ရာရာစစ လူတကာ ခိုင်းဖတ် မောင်နှမကများ သူ့သားကို ငြင်းပယ်စော်ကားသည်ဆိုကာ မကျေနပ်ပေ။

ထိုအဖြစ်သည်ပင် အတန်ကြာသွားပြီဖြစ်သည်။ တစ်နေ့ မောင်လူလှသည် စေတီရင်ပြင်ပေါ် သန့်ရှင်းရေး လုပ်ပြီးနောက် ခေတ္တထိုင်ပြီး အမောဖြေနေစဉ် ဝဏ္ဏသည် နောက်မှ ခေါင်းကို အလစ်တွင် ရိုက်ခွဲလိုက်သည်။

"အား"

ဒဏ်ရာမှာ ပြင်းထန်ရကား မောင်လူလှသည် သူ့အား မည်သူက ရိုက်လိုက်သည်ပင် မသိဘဲ ထိုနေရာတွင်ပင် အသက်ထွက်သွားသည်။ ဝဏ္ဏတို့က ဟန်မပျက် ရွာထဲပြန်နေလိုက်သည်။ ရွာထဲမှ နွားကျောင်းသားလေးက မောင်လူလှကိုတွေ့တော့ ရွှေရည်အား ပြေးပြောသည်။

ရွှေရည်သည် အားကုန်ပြေးလာပြီး မောင်လူလှကို ကြည့်သည်။ မောင်လူလှကား သေဆုံးသွားခဲ့ပြီဖြစ်၏။

"မောင်ကြီး မောင်ကြီး ဘယ်လိုများ ဖြစ်ရတာလဲ မောင်ကြီးရယ်"

မောင်လူလှ၏ အသုဘကိစ္စ ပြီးဆုံးသွားသောအခါ သူဌေးကြီး ဦးလူခင်က သူ့အလုပ်တွင် စာရေးမအဖြစ် ခေါ်ယူခန့်ထားမည်ဟု လူကြီးများရှေ့တွင် ပြောသည်။ ရွှေရည်က ဝဏ္ဏဖခင်မှန်း သိသဖြင့် လက်မခံချင်သော်လည်း လူကြီးများ၏ တိုက်တွန်းမှုကြောင့် မငြင်းသာတော့ဘဲ လက်ခံရသည်။

> "မောင်ကြီးက လူပြန်ဖြစ်ပေမယ့် နှမလေးကတော့ နှမလေးတို့ရွာရဲ့ ဘုရားမှာ၊ နှမလေးလည်း ပြန်ပြီး ကြည့်လိုက်တော့ မောင်ကြီး ဒီမှာရှိနေတာကို တွေ့တယ်၊ ဒါနဲ့ မောင်ကြီးကို သတိရတဲ့စိတ်နဲ့ လိုက်လာတာပါ"

ဦးလူခင်သည် ရွာထဲမှ လူမှုရေး လုပ်ငန်းများတွင် တက်ကြွစွာ ဦးစီး ပါဝင်လေ့ ရှိသဖြင့် ရွာလူကြီးများက ယုံကြည်လေးစားမှုကိုရသည်။



www.burmeseclassic.com

www.burmeseclassic.com

အစပထမတွင် ရွှေရည်ကို ဝတ်ကောင်းစားလှနှင့် ကြော့မော့စွာ တွေ့ရရာ ရွာလူကြီးများက ဦးလူခင်ကို ကျေးဇူးတင်နေကြသည်။

သို့သော် မကြာပါ။ ဦးလူခင်သည် လူရှင်းသည့် နေ့ခင်းတစ်နေ့ဝယ် ခေါင်းမူးချင်ယောင်ဆောင်ပြီး ရွှေရည်ကို အခန်းထဲ လိုက်ပို့စေရာမှ ဖျက်ဆီးလိုက်သည်။ တဖန်အပြင်မှလာသည့် သားဝဏ္ဏနှင့်လည်း လွှတ်ပေးလိုက်၏။ ရွှေရည်က အားမတန် မာန်လျှော့လိုက်ရသော်လည်း မကျေနပ်ကြောင်း ရွာထဲသွားပြီး လူကြီးကို တိုင်မည့်အကြောင်း ပြောရာ ရွှေရည်ကို အခန်းလွတ်တစ်ခုတွင် ချုပ်ထားလိုက်သည်။

ဖြစ်ချင်တော့ ထိုည သူဌေးဦးလူခင်တို့အိမ် ထမင်းချက်၏ ပေါ့ဆမှုကြောင့် မီးလောင်ကျွမ်းရာ ဦးလူခင် ပိုင်ဆိုင်သမျှ ကုန်ဆုံးသွားသကဲ့သို့ အခန်းထဲ ဖမ်းချုပ်ထားသည့် ရွှေရည်သည်လည်း မီးထဲတွင် အသက်ကို စတေးကာ ပေးဆပ်လိုက်ရပေတော့သည်။

◆

"အဲဒါပါပဲ မောင်ကြီးရယ် မောင်ကြီးက လူပြန်ဖြစ်ပေမယ့် နှမလေးကတော့ နှမလေးတို့ရွာရဲ့ ဘုရားမှာ၊ နှမလေးလည်း ပြန်ပြီး ကြည့်လိုက်တော့ မောင်ကြီး ဒီမှာရှိနေတာကို တွေ့တယ်၊ ဒါနဲ့ မောင်ကြီးကို သတိရတဲ့စိတ်နဲ့ လိုက်လာတာပါ"

"ဒါနဲ့ ဦးလူခင်နဲ့ ဝဏ္ဏတို့ကော"

"တော်ပါတော့ မောင်ကြီး သူတို့အကြောင်း မသိချင်ပါနဲ့တော့ သံသရာ တစ်လျှောက် ကြွေးဆပ်လို့ မဆုံးဘဲ ဖြစ်ကုန်လိမ့်မယ်၊ ပြီးခဲ့တာတွေ ပြီးပါစေတော့"

ဟုတ်တော့လည်း ဟုတ်ပါသည်။ တစ်ဖက်နှင့်တစ်ဖက် ရန်ငြိုးရန်စများနှင့် လိုက်လံရှင်းလင်းနေပါက ဘဝအဆက်ဆက် ပြီးတော့လိမ့်မည် မထင်

**"အဲဒီအတွက် မပူနဲ့**
**မောင်ကြီး၊ နှမလေး**
**မောင်ကြီးဆီကိုလာတော့**
**ရွှေမကျီးသီးတောင့်**
**ယူလာတယ်၊**
**အဲဒါကို**
**မြို့တက်ထုခွဲရောင်းပေါ့၊**
**အလှူပြီးလို့**
**ပိုတဲ့ပိုက်ဆံ**
**မောင်ကြီးအိမ်လေးကို**
**ပြင်ဆောက်**
**စီးပွားရေး တိုးချဲ့လုပ်ပေါ့"**

ပါ။ သည်လိုနှင့် ရွှေရည် ကျွန်တော့်ထံ ရောက်လာသည်မှာ တစ်လခန့် ရှိပြီဖြစ်သည်။

"မောင်ကြီး နှမလေး အခုလာတာ ရည်ရွယ်ချက်တစ်ခုလည်း ရှိတယ်"

"ဘာများလဲ နှမလေး ပြောလေ"

"မောင်ကြီးကို ပဋ္ဌင်းတက်ပေးချင်တယ်၊ ပြီးတော့ ဒီနားတစ်ဝိုက်က ရှင်မပြုရသေးတဲ့ ကလေးတွေ ရှင်ပြုပေးချင်တယ်"

"နှမလေးအကြံ နှမလေး ရည်ရွယ်ချက်ကောင်းတာပေါ့၊ ဒါပေမဲ့ မောင်ကြီးမှာ အဲဒီလောက် ပိုက်ဆံ အပိုအလျှံ ဘယ်ရှိပါ့မလဲ"

"အဲဒီအတွက် မပူနဲ့ မောင်ကြီး၊ နှမလေး မောင်ကြီးဆီကိုလာတော့ ရွှေမကျီးသီးတောင့် ယူလာတယ်၊ အဲဒါကို မြို့တက်ထုခွဲရောင်းပေါ့၊ အလှူပြီးလို့ ပိုတဲ့ပိုက်ဆံ မောင်ကြီးအိမ်လေးကို ပြင်ဆောက် စီးပွားရေး တိုးချဲ့လုပ်ပေါ့"

"ကောင်းတာပေါ့ နှမလေးရယ်၊ မောင်ကြီး စီစဉ်လိုက်မယ်"

သို့နှင့် ရွှေမကျီးသီးတောင့်ကို ထုခွဲရောင်းချပြီး ကျွန်တော်က ဒုလ္လဘရဟန်းခံ၍ ဘေးပတ်ဝန်းကျင်မှ ပိုက်ဆံချို့တဲ့သည့် ကလေးငယ် ခုနစ်ယောက်အား ရှင်သာမဏေအဖြစ် အလှူကို အလှူ့အစ်မ ရွှေရည် လှူဒါန်းနိုင်အောင် စီစဉ်ပေးဖြစ်ပါသည်။ အလှူတွင် ဧည့်ပရိသတ်များအား ဖွယ်ဖွယ်ရာရာ စီစဉ်ထားသည့် သက်သတ်လွတ် ဟင်းလျာများနှင့် ထမင်းကျွေး၊ မုန့်အချိုများ ဧည့်ခံရာ ကြည်နူးဝမ်းမြောက်ဖွယ် ပြီးမြောက်သွားပါသည်။

ရေစက်ခွက် ကိုင်ထားသည့် ရွှေရည်သည် သူ၏ အဆက်အစပ်ရှိသည့် အနွယ်တော်များကိုလည်း ရည်စူး၍ အမျှဝေနေပါလိမ့်မည်။ အလှူပြီး



www.burmeseclassic.com

www.burmeseclassic.com

ဆုံးတော့ ဦးပဉ္ဇင်း ဖြစ်နေသည့် ကျွန်တော့်အား နှမငယ် ရွှေရည်သည် ကျောင်းသို့လာပြီး ဆွမ်းကွမ်းကိစ္စ စီစဉ်ပေးပါသည်။ ဆရာတော်ကြီးကို အရုဏ်ဆွမ်း နေ့စဉ် ကပ်လှူပါသည်။

ခုနစ်ရက်ဝတ်မည်ဟု ကျွန်တော်ကပြောရာ ရွှေရည်က သဘောကျနေပါသည်။ ထိုရက်က ခြံထွက်ဖရဲသီး လာယူသည့် ဖောက်သည်ကုန်သည်များကို သူပဲ စွက်ချက်ငွေလက်ခံပြီး ယူထားပေးသည်။

"ဦးဇင်း ခြံနားတစ်ဝိုက်က ယာမြေတွေကို ရသလောက် ဝယ်ထားသင့်တယ်၊ ဒီမြေတွေက ရွှေသီးမယ့် မြေတွေပဲ စိုက်ပျိုးသမျှ အသီးအနှံက ဖြစ်ထွန်းမှာ သေချာတယ်"

"ဦးဇင်း ဝယ်မှာပါ ဒကာမလေး"

***ထိုမြေများသည် ယခုအခါ ဗိုင်းဒါးဟုခေါ်သော ပြွန်တန်ဆာနှင့် ဒိုက်ဦးကြားရှိ ရွာလေးနှင့် တစ်ခေါ်ခန့်သာ ဝေးသည့်နေရာဖြစ်သည်။***

(စာရေးသူ)

◆

သည့်လိုနှင့် ခုနစ်ရက်လည်း မနက်ဖြန်ဆိုလျှင် ပြည့်ပေတော့မည်။ လူထွက်ပြီး လူ့ဘဝ ဆက်လက်လှုပ်ရှား ရုန်းကန်ရဦးမည်။ နှမလေးလည်း ရှိနေသဖြင့် ပို၍ အားတက်မိသည်။ တစ်ယောက်တည်းဘဝထက်စာလျှင် ပိုပြီးအဓိပ္ပာယ်ရှိလာသလိုဖြစ်သည်။ အတွေးများနှင့် ချာချာလည်ကာ ထိုညအိပ်ပျော်သွားသည်။

"မောင်ကြီး မောင်ကြီးနဲ့ လာနေရတာ ပျော်ပါတယ်၊ ဒါပေမဲ့ ပျော်ရာမှာ ပျော်သလိုနေလို့လည်း မရဘူး။ နှမလေး ပြန်ရဦးမယ်"

"ဟြော် နှမလေးရယ် ရောက်တာ ဘာကြာသေးလို့လဲ ရောက်တဲ့အခိုက် အေးအေးဆေးဆေးပေါ့"

"နှမလေးလည်း နေချင်တာပေါ့ မောင်ကြီး၊ ဘဝဟောင်းက အစ်ကိုကို ဖွဲ့လန်းစိတ်နဲ့ ရှာဖွေပြီး အရောက်လာခဲ့သေးတာပဲ ပြန်လည်း မပြန်ချင်ပါဘူး ဒါပေမဲ့..."

"ဒါပေမဲ့ ဘာဖြစ်လဲ"

"နှမလေးကို ရက်ခြောက်ဆယ် ခွင့်ပြုလိုက်တာ ခု ရက်ခြောက်ဆယ် ပြည့်သွားပြီဆိုတော့ မပြန်လို့မရဘူး၊ မောင်ကြီးအတွက် ကျန်တဲ့ငွေတွေ ဘုရားစင်ပေါ် တင်ခဲ့မယ်၊ နှမလေး မောင်ကြီးကို ကိုယ်တိုင်လာနှုတ်ဆက်ချင်ပေမယ့် သင်္ကန်းဝတ်ထားတဲ့ မောင်ကြီးကို အနှောင့်အယှက်ပေးရာ ရောက်မှာစိုးလို့ မလာတော့ဘူး၊ ပြီးတော့ နှမလေးက မောင်ကြီးကိုတွေ့ရင် သံယောဇဉ်ပြတ်မှာ မဟုတ်ဘူး၊ နှမလေးရဲ့ ရည်မှန်းချက်တွေ အောင်မြင်အောင် ပါရမီဖြည့်ခဲ့တဲ့ မောင်ကြီးကို ကျေးဇူးတင်ပါတယ် နှမလေး ကန်တော့ခဲ့ပါတယ်"

နှမလေး ကန်တော့ခဲ့ပါတယ် ဟူသည့်စကားသည် အသံတိုးတိမ်၍ဝင်သွားသည်။ ရွှေရည်သည် ပုဆစ်တုပ်ထိုင်ကာ ဦးသုံးကြိမ်ချ ကန်တော့လိုက်ပါ၏။ ကျွန်တော့်မျက်လုံးမှ မျက်ရည်များ စီးကျလာသည်။

"ဟြော် မောင်ကြီး မနက်ဖြန် လူဝတ်လဲပြီးချိန်မှာ အိမ်နားက သံခဲဆိုတဲ့ကောင်လေး မောင်ကြီးရဲ့အိမ်သော့ကို လာပေးလိမ့်မယ်"

ရွှေရည်သည် ဖြည်းလေးစွာ လျှောက်ရင်းသွားနေသည်။

"နှမလေး ရွှေရည် နှမလေး"

ကျွန်တော် လှမ်းခေါ်နေသည်ကို လှည့်မကြည့်ဘဲ သံယောဇဉ်ပြတ်ပုံရသည်။ သည့်လိုနှင့် ရွှေရည် ပျောက်ကွယ်သွား၏။

မနက်မိုးလင်းတော့ အိပ်မက်ကို တွေးကာ စိတ်မကောင်း။ သို့သော် ဘဝချင်းမတူပြီမို့ ဘာများတော တတ်နိုင်ပါမည်နည်း။ ကျွန်တော်သည် အရုဏ်ဆွမ်း စားပြီးနောက် နေ့စဉ်ပြုနေကျ အတိုင်း ပုတီးစိပ် တရားထိုင်သည်၊ အားလုံးကို မေတ္တာပို့ အမျှဝေသည်။

နေ့ခင်း ဆွမ်းစားပြီးချိန်တွင် ဆရာတော်ကြီးက လူဝတ်လဲဖို့အတွက် သိက္ခာချရန် ခေါ်သည်။ ဦးဇင်းလေး ဦးသုမန ဘဝမှ တင်ဝင်း ဖြစ်သွားခဲ့ပြီ။ ထိုအချိန်တွင် နှမငယ်ရွှေရည်ကို ရှိစေချင်ပါသေးသည်။ သို့သော် ရွှေရည် မလာခဲ့ပါ။ အိမ်တွင်ကော ရှိပါသေးရဲ့လား မဆိုနိုင်ပေ။

အိမ်မှပါလာသည့် အထုပ်ကလေး ဖြေချပြီး ဆရာတော်ကို ကန်တော့ကာ ပြန်တော့မည့်အကြောင်း လျှောက်ပြီးချိန်တွင် သံခဲ ရောက်လာပြီး အိမ်သော့ကိုပေးသည်။ အစ်မရွှေရည် ပြန်သွားပြီဟုဆိုသည်။ အိပ်မက်သည် တကယ် ဖြစ်ပြန်ပေပြီ။ ကျွန်တော်သည် အိမ်သော့လေးကိုကြည့်ရင်း မျက်ရည်စိုင်းလျက် ရှိပါသည်။

**တာတေကြီး**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ထန်းရည်မူး ကျွဲခိုးပေါ်

မောင်မောင်(ပိတောက်မြိုင်)

"အမယ်လေး . . .လာကြပါဦး တော်။ ဒီမှာ တုတ်တွေ၊ ဓားတွေနဲ့ သေကုန်ကြလိမ့်မယ်။ တားကြပါဦး။ ခွဲကြပါဦး"

ဒေါ်စာဥ၏ အသံကုန် အော်ဟစ်သံမှာ ကျွန်းကုန်းရွာ အနောက်စုတစ်ခုလုံး ဆူညံသွားတော့သည်။ အိမ်နီးနားချင်းတွေ ပြေးလာကြသည်။ ကျေးရွာဥက္ကဋ္ဌလည်း မနေနိုင်။ အသံကြားရာသို့ အပြေးလာခဲ့ရသည်။ တပည့်ကျော် တက်ပုလည်း ကပ်ပါလာသည်။ ကျေးရွာဥက္ကဋ္ဌ ဦးဝမ်းမောင်က အသံကျယ်ကျယ်ဖြင့် အော်ဟစ်တားမြစ်လိုက်သည်။

"ဟေ့ . . .ကောင်တွေ၊ ဘာဖြစ်နေကြတာလဲ။ အားလုံး နောက်ဆုတ်ကြစမ်း။ မင်းတို့ကိုင်ထားတဲ့ လက်နက်တွေလည်း ချထားလိုက်။ တစ်ရွာတည်းသားချင်းတွေ ဒီလိုလုပ်ရသလား။ တယ်မိုက်တဲ့ ကောင်တွေပဲ"

ဦးဝမ်းမောင်၏ အမိန့်ပေးသံကြောင့် အားလုံး ကြက်သေသေလျက် ရပ်နေကြသည်။ ကိုင်ထားသော လက်နက်များကိုလည်း ပစ်ချလိုက်ကြသည်။ တပည့်ကျော် တက်ပုကလည်း လျင်သည်။ လက်နက်များကို ကောက်ယူသိမ်းဆည်းထားလိုက်သည်။

ကျေးရွာဥက္ကဋ္ဌဦးဝမ်းမောင်က ဤရွာတွင် ဩဇာတိက္ကမရှိသည်။ အထက်အဖွဲ့အစည်းများနှင့်လည်း ဝင်ဆံ့သည်။ ကျေးရွာကို အုပ်ချုပ်ရာတွင်လည်း ကျောသား၊ ရင်သား မခွဲခြားဘဲ မျှမျှတတရှိသည်။ ကြီးသောအမှုကို ငယ်အောင်၊ သေးငယ်သောအမှုကို ပပျောက်အောင် စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်တတ်သူဖြစ်သည်။ သို့အတွက်ကြောင့်လည်း တစ်ရွာလုံးက သူ့စကားကို နားထောင်ကြသည်။ လေးစားကြသည်။ အားကိုးကြသည်။ သို့အတွက်ကြောင့်လည်း အခုရန်ပွဲမှာ ရပ်သွားခဲ့ခြင်း ဖြစ်သည်။

***

ဖြစ်ပုံကလည်း ဘာမှဖြစ်လောက်သည့်ကိစ္စမဟုတ်။ မုဆိုးမဘဝရောက်နေသော ဒေါ်စာဥက သားသုံးယောက်နှင့် လုပ်ကိုင်စားသောက်နေသူ ဖြစ်သည်။ လယ်ယာလုပ်ခင်းက မရှိသဖြင့် အရွယ်ရောက်နေပြီဖြစ်သော သားသုံးယောက်က သူတစ်ပါးအိမ်တွင် လယ်သူရင်းငှား (စာရင်းငှား)အဖြစ် လုပ်ကြသည်။ ဒေါ်စာဥက အိမ်တွင် တစ်နိုင်တစ်ပိုင် ကြက်ကလေး၊ ဘဲကလေးများ မွေးမြူထားသည်။

ခြံချင်းကပ်လျက်နေသူ ဦးလွှန်းမောင်၊ ဒေါ်လုံးတင်တို့က စီးပွားဥစ္စာပြည့်စုံသူများ ဖြစ်သည်။ လယ်ကေ နှစ်ဆယ်ကျော်ပင် ပိုင်ဆိုင်ထားကြသည်။ သားသမီးကလည်း များသည်။ သားလေးယောက်၊ သမီးတစ်ယောက်ရှိသည်။ သားတွေ၊ သမီးတွေ အပြိုင်းအရိုင်း ဖြစ်လာသည့်အခါ လုပ်အားကမြိုင်လာသည်။ စီးပွားရေးက တိုးတက်လာသည်။ ဒီကြားထဲ ဦးလွှန်းမောင်က ငွေတိုးပေးသည်၊ စပါးပေးပေးသည်။ အချိန်တန်သည့်အခါ သူ့တလင်းရာထဲတွင် စပါးတွေ တောင်ပုံရာပုံ ဖြစ်နေတော့သည်။

အခင်းဖြစ်သည့်နေ့က ဒေါ်စာဥ၏ ကြက်သားအမိတစ်အုပ်သည် ဦးလွှန်းမောင်၏ တလင်းယာထဲမှ စပါးများကို ယက်ကြသည်၊ စားကြသည်။ ဤသည်ကို ဦးလွှန်းမောင်၏ သားတစ်ယောက်က ခဲဖြင့်ခြောက်လှန့်ပစ်ပေါက်လိုက်ရာ ကြက်ကလေးတစ်ကောင် သေသွားခဲ့သည်။

ဤသည်ကို ဒေါ်စာဥ၏ သားသုံးယောက်က မကျေနပ်ကြရာ ဦးလွှန်းမောင်၏သားများနှင့် [illegible] ကြသည်၊ ကြက်ငယ်ကလေးတစ်ကောင်၏ တန်ဖိုးမှာ [illegible] သော်လည်း ငွေကြေးမြင့်မြင့်မားမား ရှိ ကြေးချို့ငဲ့သူတို့အကြား အမြင်တွေက ကွာဟကုန်ကြသည်။

တစ်ဖက်ကလည်း [illegible]



www.burmeseclassic.com

www.burmeseclassic.com

စုံသဖြင့် မောက်မာတယ်လို့ မြင်သည်။ တစ်ဖက်ကလည်း ကြက်၊ ဘဲကိုမွေးပြီး စည်းကမ်းမရှိဘူးလို့ မြင်သည်။ ဤသို့ဖြင့် ဒေါသစိတ်တွေ မထိန်းနိုင်ဘဲ တုတ်ဆွဲ၊ ဓားဆွဲ ဖြစ်လာကြသည်။ ဦးဝမ်းမောင်သာ အချိန်မီ ရောက်မလာခဲ့လျှင် မြင်ကွင်းက မတွေးရဲစရာ ဖြစ်ပေမည်။ ဦးဝမ်းမောင်က နှစ်ဦးနှစ်ဖက်ကို ခေါ်လျက် ဆုံးမစကားများ ပြောသည်။

"မင်းတို့တစ်တွေဟာ အသောက်အစားလည်းကင်းတယ်၊ သိမ္မာရေးခြားလည်း ရှိတယ်။ ချစ်ချစ်ခင်ခင်လည်း နေလာခဲ့ကြတယ်။ အခု ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ ဒီလိုဖြစ်ရတာ ဘယ်ကောင်းမလဲကွာ။ ငါအချိန်မီ ရောက်လာလို့ တားဆီးနိုင်ခဲ့တယ်။ ဒါလည်း မင်းတို့ တစ်တွေက သိမ္မာရေးခြားရှိပြီး ငါ့စကားကို နားထောင်ကြလို့ပေါ့ကွ။

အကယ်၍များ ငါတို့အချိန်မီ မလာနိုင်ရင် မင်းတို့ကိုင်ဆောင်ထားတဲ့ တုတ်၊ ဓား စတဲ့ လက်နက်တွေက ဘယ်လောက်များ ဆိုးကျိုးတွေ ပေးလိုက်မလဲကွာ။ တန်ဖိုးရှိတဲ့ မင်းတို့ အသက်ဇီဝိန်ကိုတောင် ခြွေသွားနိုင်တယ် မဟုတ်လား။ ကဲ…ဆက်မဖြစ်ကြနဲ့တော့။ အားလုံး ကျေအေးလိုက်ကြ။ နောင်လည်း ရန်ငြိုးရန်စမထားကြနဲ့။ ကိုယ့်အိမ်ကိုယ်ပြန်ကြတော့။ မိဘများကလည်း ကိုယ့်သားသမီးကို ထိန်းကြပေါ့ဗျာ"

ကျေးရွာဥက္ကဋ္ဌဦးဝမ်းမောင်၏ ဆုံးမစကားကြောင့် နှစ်ဦးနှစ်ဖက် ကျေအေးသွားကြပြီး နေအိမ်အသီးသီးသို့ ပြန်သွားကြသည်။ ဦးဝမ်းမောင်လည်း နေအိမ်သို့ ပြန်လာခဲ့သည်။

* * *

"ဦးလေးဦးဝမ်းမောင်၊ ဦးလေး ဦးဝမ်းမောင်"

"ဘယ်သူလဲဟေ့"

"ကျွန်တော် ဦးလွန်းမောင်သား မောင်ထွန်းအောင်ပါ။ အဖေက အရေးကြီးလို့ ခေါ်ခိုင်းလိုက်ခဲ့ပါလို့ ခေါ်ခိုင်းလို့ပါ"

"ဘာတွေဖြစ်ပြန်ပြီလဲဟ။ အေး အေး…လာပြီ"

ဦးဝမ်းမောင်က လက်နှိပ်ဓာတ်မီးကို ကောက်ကိုင်လျက် အမြန်တသွားခဲ့ရပြန်သည်။ မြင်ကွင်းက မကောင်း။ ဦးလွန်းမောင်၏ သားတစ်ယောက် ပက်လက်အနေအထားဖြင့် မိသားစုများက ဝိုင်းအုံနေကြသည်။ ငိုသူကလည်း ငိုနေကြသည်။

"ဘယ်လိုဖြစ်တာလဲ ဦးလွန်းမောင်ရယ်"

"ကျွန်တော်လည်း မပြောတတ်တော့ပါဘူး ဥက္ကဋ္ဌကြီးရယ်။ ကျုပ်တို့လည်း အိမ်ပြန်ရောက်ပြီး ရေမိုးချိုး ထမင်းစားကြမယ်လုပ်တော့ အငယ်ကောင် မောင်ထွေးလိုနေတယ်။ ဒါနဲ့ ကျွန်တော်တို့သားအဖတစ်တွေ လိုက်ရှာကြတယ်။ ကျွန်တော်တို့ခြံတစ်ဖက်လမ်းကြားထဲက ညည်းသံကြားလို့ သွားကြည့်လိုက်တော့ မောင်ထွေးဖြစ်နေတယ်။

ခေါင်းမှာ ဒဏ်ရာကြီးနဲ့ သွေးတွေကလည်း မနည်းဘူးဗျ။ စကားမေးလည်း မရဘူးဗျ။ အသက်တော့ ရှူသေးတယ်။ ဒါနဲ့ အိမ်ကိုပွေ့ယူလာကြတယ်။ ကျွန်တော်တို့လည်း ဘာလုပ်ရမှန်းမသိတာနဲ့ ဥက္ကဋ္ဌကြီးကို ခေါ်ခိုင်းလိုက်တာပါ"

"ဟာ…ဒီအတိုင်း ကြည့်နေလို့ ဘယ်ဖြစ်မလဲ။ ဆေးရုံအမြန်ပို့မှ ဖြစ်မှာပေါ့။ လှည်းပြင်ခိုင်းဗျာ"

ဆေးရုံသွားရန် လှည်းပြင်သူက ပြင်သည်။ လိုအပ်သော ပစ္စည်းများ ထည့်သူက ထည့်ကြသည်။ ဦးဝမ်းမောင်က မောင်ထွေးအနားကပ်လျက် အကဲခတ်ကြည့်လိုက်သည်။ မောင်ထွေးထံမှ ညည်းသံတစ်ချက် ပေါ်လာသည်။ ဦးဝမ်းမောင်က မောင်ထွေးမျက်နှာနားကပ်လျက် ခေါ်ကြည့်သည်။ မောင်ထွေးထံမှ မပီမပိုးတဝါးအသံလေး ထွက်လာသည်။ သို့သော်လည်း ဘာပြောလို့ ဘာပြောမှန်း မသိဖြစ်နေသည်။

* * * * * * * * *

ဒီကိစ္စ ဘယ်ကစခဲ့သလဲ။
မင်းစောစောက ပြောခဲ့သလို
အချစ်ကစခဲ့တာပဲ မဟုတ်လား။
အချစ်ဆိုတာ
ကြည်နူးစရာကောင်းတယ်၊
သာယာချမ်းမြေ့တယ်၊
ပီတိတွေဖြာခဲ့ရတယ်
ဆိုပေမယ့် တစ်ခါတစ်ခါမှာ
အဲဒီအချစ်ကပဲ
ရင်မှာပူလောင်စေတယ်၊
ဒုက္ခတွေ
ပင်လယ်ဝေခဲ့ရတာတွေ
ဖြစ်တတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဝမ်းမောင်နှင့် မိသားစုများ သတိထားမိသော အသံတစ်ခုမှာ "ရဲ . . . ရဲ" ဟူသော အသံပင်ဖြစ်သည်။ ဦးဝမ်းမောင်က -

"မောင်ထွေး . . . မင်းဘာပြောချင်သလဲ။ ဖြည်းဖြည်းပြော၊ ဘာမှအားမငယ်နဲ့။ တို့အားလုံး မင်းအနားမှာရှိတယ်။ မင်းဘာမှမဖြစ်နိုင်ဘူး။ ဆေးရုံရောက်ရင် ကောင်းသွားမှာပါကွာ"

ဦးဝမ်းမောင်က အားပေးစကားဆိုသည်။ မောင်ထွေးက မျက်လွှာလေး တစ်ချက် လှန်ကြည့်သည်။ စကားပြောလိုဟန် နှုတ်ခမ်းကလေးလှုပ်လာသည်။ သို့သော် အသံက ထွက်မလာ။ ပါးစပ်ကလေး တစ်ချက်ဟလာသည်။ နောက် မျက်စိကလေး မှိတ်သွားပြီး သူ့ခေါင်းက တစ်ဖက်သို့ စောင်းကျသွားတော့သည်။ မောင်ထွေးအသက်ပျောက်သွားခဲ့ပြီ ဖြစ်သည်။

***

မောင်ထွေးအလောင်းကို ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးကြသည်။ ဦးခေါင်းတည့်တည့်တွင် အရှည်သုံးလက်မခန့်ရှိသည့် ဒဏ်ရာတွေ့ရှိရသည်။ အထဲသို့ စူးဝင်သွားသည့် လက်နက်ဏာလည်း တွေ့ရသည်။ ဆေးစာရေးသား၍ ဆေးရုံပို့လိုက်သည်။

အမှုကို လူသတ်မှုဖြင့် စုံစမ်းစစ်ဆေးရန်စီစဉ်ရသည်။ ဤတွင် ပြဿနာက စတော့သည်။ မောင်ထွေးကွယ်လွန်ခါနီး ပြောသွားသော "ရဲ . . . ရဲ" ဆိုသော စကားနှစ်လုံးပင် ဖြစ်သည်။

တရားလို မောင်ထွေး၏ဖခင်ဦးလွန်းမောင်က မောင်ထွေး၌ကဲ့သို့ မဖြစ်မီ နာရီပိုင်းအတွင်းမှာ တစ်ဖက်ခြံက ဒေါ်စာဥ၏ သားသုံးယောက်နှင့် ၎င်း၏သားလေးယောက်တို့ စကားများရန်ဖြစ်ခဲ့ကြကြောင်း။ ဥက္ကဋ္ဌကြီးကိုယ်တိုင် ဖျန်ဖြေပေးလိုက်လို့ ပြီးသွားခဲ့ကြောင်း၊ ဒေါ်စာဥ၏သား အလတ်ကောင်၏အမည်မှာ ရဲမောင်ဖြစ်ကြောင်း။ မောင်ထွေး၏ ပြောခဲ့သောစကားကို အကြောင်းပြုလျက် သူ့သားကို သတ်သူမှာ ရဲမောင်သာလျှင် ဖြစ်နိုင်ကြောင်း တိုင်ချက်တွင် ထည့်တိုင်ခဲ့သဖြင့် ရဲတပ်ဖွဲ့မှ ရဲမောင်ကို ဖမ်းဆီးစစ်ဆေးခဲ့သည်။

ရဲမောင် ဖမ်းဆီးခံရသည်ကို ဥက္ကဋ္ဌဦးဝမ်းမောင်က မတင်မကျဖြစ်နေသည်။ ရဲမောင်၏အကြောင်းကို သူကောင်းကောင်းသိသည်။ ဒီကောင်လေးက လူအေးလူရိုးလေး။ ပျော့ပျော့ဒိုင်းဒိုင်း၊ ရှုပ်ရှုပ်ပွေပွေထဲက မဟုတ်။ အသောက်အစားလည်း ကင်းသည်။ ခက်သည်က မောင်ထွေးသေခါနီးမှာ ပြောသွားသောစကားကို သူကိုယ်တိုင်လည်း နားနှင့်ဆတ်ဆတ် ကြားဖြစ်သည်။ တစ်ခုခုတော့ လွဲနေပြီလို့ သူယူဆထားသည်။ ရဲမောင်မဖြစ်နိုင်ကြောင်း စခန်းမှူးကို တင်ပြခဲ့သေးသည်။ စခန်းမှူးကလည်း မပြေးသော်လည်း ကန့်ရာရှိဆိုသလို မောင်ထွေးပြောသွားခဲ့သော "ရဲ . . . ရဲ" ဆိုသော စကားကလည်း ရဲမောင်အပေါ် သံသယရှိစရာ ဖြစ်နေကြောင်း ရှင်းပြသည်။

သူတို့ဘက်ကတော့ လုပ်သင့်လုပ်ထိုက်တာများကို လုပ်ရုံမှာပဲ၊ အဖြေမှန်ထွက်လာသည့်တစ်နေ့မှာတော့ ရှင်းသွားမှာပါဟု ဆိုလာပြန်သဖြင့် ဦးဝမ်းမောင် နှုတ်ဆိတ်နေခဲ့ရသည်။

***

အမှုနဲ့ပတ်သက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးက စခန်းမှူးကို သတိပေးညွှန်ကြားခဲ့သည်။

"ကိုသက်ထွန်း . . . ဒီအမှုမှာ တရားလိုရဲ့ စွပ်စွဲချက်အရ ရဲမောင်ကို ဖမ်းဆီးစစ်ဆေးတာတော့ ဟုတ်ပါပြီ။ သက်သေအထောက်အထား ခိုင်လုံဖို့တော့ လိုလိမ့်မယ်နော်။ ရဲမောင်နဲ့ပတ်သက်လို့ ဥက္ကဋ္ဌဦးဝမ်းမောင် တင်ပြတာတွေကိုလည်း စဉ်းစားဖို့ လိုလိမ့်မယ်"

"ဒီရန်ပွဲကို အကြောင်းပြုပြီး ကြားလူက ဝင်လုပ်သွားတာမျိုးလည်း ထည့်တွက်ရလိမ့်မယ်။ မောင်ထွေးနဲ့ ရန်စရှိသူ ရှိမရှိ လျှို့ဝှက်စုံစမ်းသင့်တယ်။ ဘာပဲဖြစ်ဖြစ်ဗျာ၊ အမှုမှန်ပေါ်ပေါက်ဖို့တော့ အထူးဂရုစိုက်ပါ။ အကွက်စေ့အောင် စုံစမ်းဖော်ထုတ်ပါ"

"ဟုတ်ကဲ့ပါ။ မြို့နယ်မှူး"

"ဘာသတင်းပို့စရာ ရှိသေးလဲ"

"မရှိပါဘူး"

"မရှိရင် ဆက်လုပ်"

***

စခန်းမှူး သက်ထွန်းက နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သိန်းထွန်းကို ခေါ်လိုက်သည်။

"ကိုသိန်းထွန်းရေ . . . ဒီအမှုက ရှင်းမလိုနဲ့ ရှုပ်သလောက်ဖြစ်နေရတယ်ကွ။ ရဲမောင်ကို ဖမ်းဆီးစစ်ဆေးရတာလည်း သိပ်တော့ အားရစရာမရှိသေးပါ

www.burmeseclassic.com

ဘူး။ မသင်္ကာအဆင့်လောက်ပဲ ရှိနေသေးတယ်။ အမှုအတွက်တော့ အားနည်းနေသေးတယ်ကွ။

ဒီတော့ အထောက်အထားခိုင်လုံစွာနဲ့ တရားခံအစစ်အမှန် ဖမ်းဆီးဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးစားကြရမယ်။ ဆရာဝန်ရဲ့ ဆေးစာမှတ်ချက်မှာလည်း သေဆုံးသူရရှိတဲ့ ဒဏ်ရာဟာ ရဲတင်း။ သို့မဟုတ် ထက်မြက်သော လက်နက်ဖြစ်နိုင်တယ်လို့ မှတ်ချက်ပြုထားတယ်။ တရားခံဟာ လက်ရဲဇက်ရဲရှိသူ ဖြစ်နိုင်တယ်။ ဒီလိုလုပ်ဗျာ၊ ကိုသိန်းထွန်းတို့ နယ်ထိန်းအဖွဲ့ မနက်ဖြန် ခရီးထွက်ပါ။ ဒီနားတိုး၊ ကျွန်တော်ပြောမယ်။ ××× ××× ×××။ အဲဒီအတိုင်းလုပ်။ ပိရိဖို့တော့ လိုမယ်နော်"

စခန်းမှူးက သူစိတ်ကူးမိသည်ကို ခပ်တိုးတိုးလေး ကပ်မှာလိုက်သည်။

"စိတ်ချပါ စခန်းမှူး"

"ဘာသတင်းပို့စရာ ရှိသေးသလဲ"

"မရှိပါဘူး"

"ဒါဆို ဆက်လုပ်"

* * *

လူသတ်မှု ဖြစ်ပွားခဲ့သော ကျွန်းကန်းရွာ၏ မြောက်ဘက်လယ်ကွင်းထဲတွင် ထန်းတောတစ်ခုရှိသည်။ အထက်အညာမှ လူတစ်ယောက် လာရောက်လျက် ထန်းတက်၍ စီးပွားရှာနေသည်။ ထန်းပင်များကြားတွင် ထန်းရွက်တဲကလေးထိုး၍ ထန်းရည်ရောင်းသည်။ ဆိုင်းဘုတ်မတင်ရသော် အညာသား ထန်းရည်ဆိုင်ဟု အမည်တွင်နေသည်။ သူ့နာမည်ကိုလည်း အညာသားဟုပင် အများကခေါ်ဆိုကြသည်။

ဒီနေ့ အညာသားထန်းရည်ဆိုင်တွင် လူရှင်းနေသည်။ သိပ်မကြာလိုက်၊ ပါးခမောက်အစုတ်များ ကိုယ်စီဆောင်းလျက် လက်ထဲတွင် နွားမောင်းကြိမ်လုံးတစ်ချောင်းစီကို ကိုင်ထားသော လူသုံးယောက် ထန်းရည်ဆိုင်ထဲသို့ ဝင်လာသည်။ တစ်ယောက်သောသူက လွယ်အိတ်အဟောင်းကြီးကိုလွယ်ထားသည်။

ဤလူသုံးယောက်သည် လာနေကြသူများ မဟုတ်ကြသဖြင့် ကိုအညာသားအနေဖြင့် မျက်နှာစိမ်းများ ဖြစ်နေသည်။ အညာသားက ဈေးရောင်းသမားပီပီ ခရီးဦးကြိုပြုလိုက်သည်။

"ဆရာကြီးတို့ ထိုင်ကြပါခင်ဗျာ။ ထန်းရည်ဘယ်နှလုံး ပေးရမလဲ။ အမြည်းရော ယူကြဦးမလား"

"ထန်းရည်သုံးပုလင်းပေးဗျာ။ အမြည်းက ဘာရှိသလဲ"

လွယ်အိတ်ကြီးလွယ်ထားသူက ဆိုလိုက်သည်။

"ကြွက်ကြော်ပဲရှိတယ် ဆရာကြီး"

"ကောင်းတယ်ဗျာ၊ ယူခဲ့ပါ"

အညာသားက ထန်းရည်သုံးပုလင်းနှင့် ကြွက်ကြော်တစ်ပွဲ ချပေးလိုက်သည်။ လွယ်အိတ်လွယ်ထားသူက ထန်းရည်တစ်ခွက်ကို မော့ချလိုက်ပြီး ကိုအညာသားကို လှမ်းမေးလိုက်သည်။

"ကျွန်တော်တို့က ကြို့ပင်ပိုင်းကျေးရွာကပါ။ ဒီဘက်မှာ နွားတစ်ကောင်ဆွဲသွားတဲ့ မသင်္ကာစရာသူများ မတွေ့ဘူးလား။ နောက်ပြီး အမဲပေါ်ရောင်းတာရော ရှိသလားဗျ"

"မတွေ့မိပါဘူးဗျာ။ အခုတလော အမဲသားရောင်းသူများတောင် ပေါ်မလာလို့ ကျွန်တော်တို့တောင် လယ်ကြွက်ကြီးတွေရှာပြီး ကြော်ရောင်းနေရတယ်"

"ဟုတ်လား။ ထန်းရည်နဲ့ ကြွက်ကြော်ကတော့ လိုက်သဗျာ။ ထန်းရည်နောက်တစ်ပုလင်းနဲ့ ကြွက်ကြော်တစ်ပွဲ ပေးဦးဗျာ"

နွားပျောက်ရှာသူ လယ်သမားကြီးသုံးယောက် ထန်းရည်နှင့် ကြွက်ကြော်ကို ဇိမ်ဆွဲသောက်စားနေသည်။ ဆိုင်အတွင်းသို့ လူရွယ်နှစ်ယောက် ဝင်လာသည်။ အညာသားက ထုံးစံအတိုင်း ခရီးဦးကြို ပြုလိုက်သည်။

"ဟော့ . ဖိုးရဲမင်းပါလား။ ကျောက်ဒိုးလည်း ပါလာသကိုး။ ထိုင်ကြကွာ"

"ဟုတ်တယ်ဗျာ . .။ ဒီကောင် ကျောက်ဒိုးက ထန်းရည်သောက်ချင်တယ်ပြောလို့ ခေါ်လာခဲ့ရတာ။ ရှိသေးတယ်မဟုတ်လား"

"ရှိပါတယ်ကွာ။ ဒါထက် မင်း ပျောက်ချက်သား ကောင်းလှချည်လား"

"ဟုတ်တယ် ကိုအညာသားရေ။ မြှူမကို ချစ်ရေးဆိုမိလို့ ကျုပ်ခံလိုက်ရတာ ခင်ဗျားလည်းအသိပဲ။ ကျုပ်နဖူးမှာ သေရာ၊ ရှင်ရာပါ အမာရွတ်ကြီးရခဲ့တယ်လေ၊ ကျုပ်ရှက်လည်းရှက်၊ နာလည်းနာကြည်းတာနဲ့ ဒီရွာမှာ မနေချင်တော့တာနဲ့ ထောက်ကြန့်တောရွာက ဦးလေးအိမ်မှာ သွားနေလိုက်တယ်။ အခုတောင် ကျွန်တော်တို့ တောတက်ထင်းခုတ်မှာမို့ ရဲတင်းနဲ့ ဓားသို့(အသွားပြင်) ပေပင်ကုန်းရွာက ပန်းပဲကိုလာရင်း အဖေတို့အိမ်ကို ဝင်လာတာ။ ရောက်တာ သုံးရက်ရှိပြီဗျ။ ညနေပြန်မယ်-



www.burmeseclassic.com

www.burmeseclassic.com

"ပေပင်ကုန်းရွာအထိတောင် သွားရတာဆိုတော့ ခရီးက အတော်ဝေးတာပဲ"

"ဝေးတော့ ဝေးတာပေါ့ဗျာ။ ဒီနယ်တစ်ဝိုက်မှာ ပန်းပဲဖိုဆိုတာ ပေပင်ကုန်းရွာက နာမည်ကြီးတယ်ဗျ ကိုအညာသားရဲ့"

အညာသားက ထန်းရည်နှစ်ပုလင်းနဲ့ ကြွက်ကြော်တစ်ပွဲ ချပေးလိုက်သည်။

"မောင်ရဲမင်း၊ ကြွက်ကြော်ကတော့ ပိုက်ဆံမပေးနဲ့ကွ။ မင်းရောက်လာတုန်း ငါဒကာခံတာပါ"

"ကျေးဇူးပဲဗျာ"

ရဲမင်းနှင့် ကျော်ကိုဒိုးတို့ ထန်းရည်နှင့် ကြွက်ကြော်ကို ခံတွင်းတွေ့နေကြသည်။ ထန်းရည်ကို တစ်လုံးပြီးတစ်လုံး ထပ်မှာသောက်နေကြသည်။ နှစ်ယောက်သား အတော်အရှိန်ရနေကြပြီ ဖြစ်သည်။ ကျော်ကိုဒိုးက အာလေးလျှာလေးသံကြီးဖြင့် စကားစလာသည်။

"ကိုရဲ . . . ခင်ဗျား ဟိုကိစ္စလုပ်လိုက်တာ သိပ်ပိုင်တယ်ဗျာ"

"ကျော်ကိုဒိုးရာ . . . မင်းစကားကလည်း အရင်းမရှိ အဖျားမရှိနဲ့ ဘာပြောတာလဲကွ"

"ဟာ . . . ကိုရဲကလဲ၊ ဟိုကိစ္စလေဗျာ။ ခင်ဗျားနဖူးက ဒဏ်ရာအတွက် ပြန်လည်ပေးဆပ်လိုက်တာ ပိုင်လွန်းလို့ ပြောတာပါ"

"ဩော် . . . အဲဒီကိစ္စလား။ ကျော်ကိုဒိုးရာ၊ မင်း ငါ့နဖူးက ဒဏ်ရာကို ကြည့်စမ်း။ ငါဒီအမာရွတ်ကိုစမ်းမိတိုင်း ဒီကောင်တွေကို ကလဲ့စားချေဖို့ သတိရနေတာကွ"

"အကွက်ကောင်းဝင်ချင်တော့ သူတို့စကားများ ရန်ဖြစ်နေတဲ့အချိန်မှာ ငါရဲတင်းသပြီး ပြန်ရောက်လာတယ်။ ဒါနဲ့ ငါပွဲလန့်တုန်း ဖျာခင်းလိုက်တယ်။ မြအုန်းက ငါ့ဘက်မလာတော့တဲ့ ရဲမောင်ဘက် ရောက်သွားတယ်လေ"

"အဲဒါကြောင့် ပြောတာပေါ့။ ကိုရဲ လုပ်ချက်က အရမ်းကို ပီပြင်သွားတယ်ဗျာ။ ကိုအညာသားရေ . . . နောက်ထပ် တစ်လုံးဗျာ"

ကျော်ကိုဒိုးက ထန်းရည်တစ်လုံး ထပ်မှာလိုက်သည်။ အညာသားက လာချပေးသည်။ ရဲမင်းနှင့် ကျော်ကိုဒိုးတို့ အတော်မူးနေကြပြီ ဖြစ်သည်။

"ဒီမှာ ကျော်ကိုဒိုး၊ ငါက မပိုင်ရင် ခြင်တောင်မရိုက်ဘူးကွ။ မင်းကြားဖူးမှာပေါ့။ ရာဇဝင်ထဲမှာ ဗန္ဓုလဓားတဲ့၊ ရန်ကြီးအောင်ဓားတဲ့၊ ယိမ်းနွဲ့ပါးဓားတဲ့။

ယိမ်းနွဲ့ပါးဓားဟာ ဘယ်လောက်ကောင်းသလဲဆိုရင် ဝါးပိုးတိုင်နဲ့ဆောက်ထားတဲ့ တဲပေါ်က လူတစ်ယောက်ကို အဲဒီဓားနဲ့ ခုတ်ချလိုက်တာ လည်ပင်းပြတ်သွားရုံမကဘူး။ ဝါးပိုးတိုင်နဲ့ ဝါးကြမ်းခင်း ငါးချောင်းတောင် ပြတ်သွားသတဲ့ကွ။

ဒီမှာ ကျော်ကိုဒိုး၊ ရဲမင်းရဲ့ ရဲတင်းကလည်း တစ်ချက်ပဲကွ။ ဒီကောင် ခွေကျသွားတာပဲ။ ဒီမှာတွေ့လား၊ ငါ့ရဲတင်း"

"တွေ့ပါတယ် ကိုရဲမင်း။ ခင်ဗျားလက်ထဲက ရဲတင်းကို ချလိုက်ပါ။ ငြိမ်ငြိမ်လေးနေပါ။ ကျုပ်နာမည် ဒုရဲအုပ်သိန်းထွန်းပါ။ ခင်ဗျားလှုပ်မယ်မကြံနဲ့။ ကျုပ်လက်ညှိုးတစ်ချက်ကွေးလိုက်တာနဲ့ ဒီသေနတ်ထဲက ကျည်ဆန် ခင်ဗျားကို ချမ်းသာပေးမှာ မဟုတ်ဘူးနော်"

နွားပျောက်ရှာ အသွင်ယူထားသူ လွယ်အိတ်လွယ်ထားသူက လွယ်အိတ်ထဲက ခြောက်လုံးပြူးကို ထုတ်ယူလျက် ချိန်ထားလိုက်ခြင်း ဖြစ်သည်။

ရဲမင်းနှင့် ကျော်ကိုဒိုးတို့ အံ့အားသင့်စွာဖြင့် ကြက်သေသေသွားကြသည်။ ရဲမင်းက လက်ထဲက ရဲတင်းကို မြေပြင်ပေါ်သို့ လွှတ်ချလိုက်သည်။ ဒုရဲအုပ်သိန်းထွန်း၏ တပည့်နှစ်ယောက်ကလည်း လျင်သည်၊ မြန်သည်။ တစ်ယောက်က ရဲတင်းကို ကောက်ယူလိုက်သည်။ နောက်တစ်ယောက်က ရဲမင်း၏ လက်နှစ်ဖက်ကို လက်ထိတ်ခတ်လိုက်ပြီး ဖြစ်သွားသည်။

* * *

စခန်းမှူး၏ ရုံးခန်းအတွင်းမှာ ဖြစ်သည်။

"ဒီအမှုမှာ ပြစ်မှုကျူးလွန်သူ အစစ်အမှန်ကို ဖမ်းဆီးရမိပြီဆိုတော့ မောင်ရဲမောင်ကို ပြန်လွှတ်ပေးလိုက်ပါ။ အရပ်ရပ်နေ့စဉ်မှတ်တမ်း (ဂျီဒီ)မှာ ပြည့်စုံစွာ မှတ်တမ်းတင်ရေးသားထားပါ။ မောင်ရဲမင်းကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၀၂ (လူသတ်မှု)ဖြင့် အဖမ်းပြလိုက်ပါ"

"ဟုတ်ကဲ့ပါ စခန်းမှူး"

"ကဲ . . . မောင်ရဲမင်း၊ မင်းရဲ့ ရဲတင်းကလည်း သွေးစသွေးနတွေနဲ့ အတူ သက်သေခံနေပါပြီ။ မင်းရဲ့ပြောစကားတွေကိုလည်း ကျော်ကိုဒိုးနဲ့ အညာသားတို့က ကိုယ်တိုင်ကြား သက်သေများအဖြစ် ထွက်ဆိုထားကြတယ်"



www.burmeseclassic.com

www.burmeseclassic.com

မင်းဘာပြောင်းချင်သေးသလဲ"

"ကျွန်တော် မပြင်းနိုင်တော့ပါဘူး စခန်းမှူးကြီးရယ်။ တကယ်တော့ ကျွန်တော် အမှားကြီးမှားခဲ့ပါတယ်။ အဲဒါ အချစ်ကြောင့်ပါ။ မိဖြူကို ကျွန်တော် တစ်ဖက်သတ် စွဲလမ်းချစ်မိခဲ့တာက ဖြစ်ရတာ။ ကျွန်တော်နောင်တရခဲ့ပါပြီ"

ရဲမင်းက ပြောရင်းပြောရင်းက အသံဘိမ်ဝင်သွားသည်။ ပါးပြင်နှစ်ဖက်ပေါ်သို့ မျက်ရည်တွေက စီးကျနေသည်။

"ဦးတို့လည်း စိတ်မကောင်းပါဘူး ကွာ။ တစ်ခုတော့ မေးချင်တယ်။ မောင်ရဲမင်း မောင်ထွေးကို သတ်ချင်တဲ့ အထိ နာကြည်းခဲ့ရပုံလေး ပြောပြပါလား"

"ဒီလိုပါ။ ကျွန်တော်တို့ရွာက ဦးလွန်းမောင်နဲ့ ဒေါ်လုံးတင်တို့မှာ သားလေးယောက်နဲ့ သမီးတစ်ယောက် ရှိပါတယ်။ ပစ္စည်းဥစ္စာလည်း ပြည့်စုံကြပါတယ်။ တစ်ဦးတည်းသော သမီးလေး မိဖြူကို မိသားစုအားလုံးက အရမ်းချစ်ကြပါတယ်။

ကျွန်တော်နဲ့ မိဖြူက ရှစ်တန်းအထိ တစ်ကျောင်းတည်း အတူနေခဲ့ကြတာပါ။ ကျွန်တော်က မိဖြူကို ချစ်ရေးဆိုမိတယ်။ မိဖြူက လက်မခံပါဘူး။ ကျွန်တော်က ရှစ်တန်းနှစ်ခါကျတာနဲ့ ကျောင်းကထွက်ရပါတယ်။ မိဖြူကတော့ တစ်နှစ်တစ်တန်းအောင်ပါတယ်။

ကျွန်တော်က ကျောင်းမနေဖြစ်တော့ဘဲ အပြင်ရောက်နေပေမယ့် မိဖြူကို ကြုံရင်ကြုံသလို ချစ်ရေးဆိုပါတယ်။ မိဖြူက လက်မခံပါဘူး။ သူ့မိသားစုများကလည်း ရိပ်မိသွားပြီး လုံးဝ လက်မခံကြပါဘူး။ သူတို့က ကျွန်တော်တို့ထက် ချမ်းသာသူများ ဖြစ်တာရယ်၊ ကျွန်တော်က ပညာရေးမှာလည်း ညံ့တဲ့သူဖြစ်တာလည်း ပါမှာပေါ့ စခန်းမှူးကြီးရယ်။

ဒါပေမယ့် ကျွန်တော်က မိဖြူကို အရမ်းချစ်၊ အရမ်းစွဲလမ်းနေတော့ လက်မလျှော့ဘဲ ကြုံသလို လိုက်ပြီးချစ်ရေးဆိုခဲ့ပါတယ်။ ကြာလာတော့ သူ့အစ်ကိုတွေက ဒေါသထွက်လာပြီး ကျွန်တော်နဲ့ စကားများရန်ဖြစ်ကြပါတယ်။

အဲဒီမှာ သူ့အစ်ကိုတွေက ထိုးသူကထိုး၊ ချုပ်သူကချုပ်နဲ့ အငယ်ကောင် မောင်ထွေးက တုတ်နဲ့ရိုက်ထည့်လိုက်တာ ကျွန်တော့်နဖူးမှာ စခန်းမှူးကြီး မြင်တဲ့အတိုင်းပါပဲ။ သေရာ၊ ရှင်ရာပါ ဒဏ်ရာကြီးရပြီး အမာရွတ်ကြီးကျန်ခဲ့ပါတယ်။ လူကြီးတွေ ဖျန်ဖြေပေးမှုကြောင့် ရုံးရောက်ဂါတ်ရောက်တော့ မဖြစ်ခဲ့ပါဘူး။ ဒါပေမယ့် စခန်းမှူးကြီးရယ်။ ဒီအမာရွတ်ကြီးကို စမ်းမိတိုင်း ဒီကောင်တွေကို ကလဲ့စားချေချင်တဲ့ စိတ်က ပေါ်နေမိပါတယ်။ ကျွန်တော်လည်း ရှက်တာနဲ့ ရွာမှာမနေတော့ဘဲ ထောက်ကြန့်တောရွာက ဦးလေးအိမ်မှာ သွားနေလိုက်တယ်။

ဖြစ်ချင်တော့ အဲဒီနေ့က ကျွန်တော် ရွာပြန်ရောက်နေတယ်။ ရဲမောင်တို့ ညီအစ်ကိုတွေနဲ့ မောင်ထွေးတို့ ညီအစ်ကိုတစ်တွေ ရန်ဖြစ်သံကြားတယ်။ ညနေမှောင်ရီသန်းချိန်လောက် ရှိမှာပေါ့။ ရန်ပွဲပြီးသွားတော့ မောင်ထွေးတို့ ခြံအနီးက လမ်းကြားလေးထဲမှာ မောင်ထွေးနဲ့ ကျွန်တော် ပက်ပင်းတိုးကြတယ်။ အဲဒီမှာ ကျွန်တော်က လက်ထဲမှာ အသင့်ပါလာတဲ့ ရဲတင်းနဲ့ မောင်ထွေးလည်ပင်းကို တစ်ချက်တည်း ခုတ်ချလိုက်တာပါပဲ"

"အေးပေါ့ကွာ။ မင်းကတော့ အကွက်ဝင်တာနဲ့ ပွဲလန့်တုန်း ဖျာခင်းလိုက်တာပဲ။ ဒုစရိုက်မှုဆိုတာ ဆိတ်ကွယ်ရာမရှိဘူးလေ။ အခုပဲကြည့်ပေါ့။ မင်းက ကိုယ်ရှိန်သတ် ဟန်မပျက်နေခဲ့ပေမယ့် ထန်းရည်မူးတော့ ကျွဲခိုးပေါ်ဆိုသလို မင်းအဖမ်းခံခဲ့ရပြီ မဟုတ်လား"

"ဒီကိစ္စ ဘယ်က စခဲ့သလဲ။ မင်းစောစောက ပြောခဲ့သလို အချစ်က စခဲ့တာပဲ မဟုတ်လား။ အချစ်ဆိုတာ ကြည်နူးစရာကောင်းတယ်၊ သာယာချမ်းမြေ့တယ်၊ ပီတိတွေ ဖြာခဲ့ရတယ်ဆိုပေမယ့် တစ်ခါတစ်ခါမှာ အဲဒီအချစ်ကပဲ ရင်မှာပူလောင်စေတယ်၊ ဒုက္ခတွေ ပင်လယ်ဝေခဲ့ရတာတွေဖြစ်တတ်တယ်။

အခုပဲကြည့်လေ။ မိဖြူကို မင်းက တစ်ဖက်သတ်ချစ်တယ်၊ စွဲလမ်းနေတယ်၊ မိဖြူဆီက အချစ်ကို ရယူပိုင်ဆိုင်လိုတယ်။ မိဖြူက လက်မခံဘူး။ မင်းက ဇွတ်တိုးတယ်။ သူ့အစ်ကိုတွေနဲ့ ထိပ်တိုက်တိုးတယ်။ ဒေါသတွေထွက်ကြတယ်။ ပေါက်ကွဲကုန်ကြတယ်။

မောင်ထွေးလည်း အချိန်မတန်သေးဘဲ သေခဲ့ရတယ်။ မင်းလည်း တရားဥပဒေဘောင်အတွင်း သက်ဆင်ရတယ်။ ဘယ်မှာများ ကောင်းတာရှိသလဲကွာ။ အခုတော့ဖြင့် တရားဥပဒေရဲ့ အဆုံးအဖြတ်ကို နာခံဖို့သာရှိတော့တယ် မောင်ရဲမင်းရယ်…"

မောင်မောင်(ပီတောက်မြိုင်)

www.burmeseclassic.com

# ရုရှားမျိုးချစ်ပုဂ္ဂိုလ်ကြီး အကျဉ်းသားဖြစ်ရသည့်အကြောင်း

ဦးတိုး(တက္ကသိုလ)

မစ္စတာမစ်ခေးလ်ခိုဒိုကော့ဗ်စကီးသည် အလွန်ကျော်ကြားသည့် နိုင်ငံရေးအကျဉ်းသား ဖြစ်သည်။ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်မှ သူ့ကို ဖေဖန်ပိုင်းခြားနိုင်စွမ်း ဩဇာရှိသူတရားနှင့် လိပ်ပြာသန့်သော အကျဉ်းသားဟု ဖော်ညွှန်းပေးထားပေသည်။

၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ အဖမ်းမခံရမီ သူသည် စွန့်စားလုပ်ကိုင်လေ့ရှိသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများအနက် တစ်ဦးဖြစ်သည်။ နောက်ပြီး သူသည် ဒုက္ခရောက်နေကြသော ဆင်းရဲသားများအား ကူညီထောက်ပံ့ပေးနေသူလည်း ဖြစ်သည်။ ၁၉၉၆ ခုနှစ်တွင် လုပ်ငန်းအခြေယိုင်သွားသည့် အစိုးရပိုင် ယူကိုစ် ရေနံကုမ္ပဏီ (Yukos Oil Company) ကို သူနှင့်သူ၏ အတူတွဲဖက် လုပ်ကိုင်ဘက်တို့သည် ဝယ်ယူ၍ ပုဂ္ဂလိကပိုင်လုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့ကြရာ ရုရှားနိုင်ငံ၏ ရေနံထွက်ကုန်၏ ၂၀% ကို ထုတ်လုပ်ပေးနေသော ဒုတိယအကြီးကျယ်ဆုံး အခွန်ဆောင်ကုမ္ပဏီ ဖြစ်လာခဲ့သည်။

၂၁ ရာစုနှစ်တွင် စီးပွားရေးလောက၌ ကမ္ဘာ့ဦးဆောင်သော ရုရှားနိုင်ငံကြီး ဖြစ်လာစေရန် ရည်ရွယ်၍ ၎င်းက ရင်းနှီးမြှုပ်နှံကာ စွန့်စားလိုက်သည့် မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်သည်။ သူက အဂတိလိုက်စားမှုကို ဦးဆောင်တိုက်ဖျက်သည်။ ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းသည်။ နောက်ပြီး ပြည်သူလူ့အဖွဲ့အစည်းကို တိုးတက်စေခဲ့ပေသည်။ ဤသို့ သူဆောင်ရွက်နေသည့် လုပ်ငန်းစဉ်သည်



ဂျာမန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်းစ်ဒိုင်းတရစ် ဂျင်ရှာ (လက်ဝဲ)မှ မစ္စတာမစ်ခေးလ်ခိုဒိုကော့စကီးအား သောကြာနေ့က ဂျာမနီရောက်လာချိန် ကြိုဆိုနေပုံ ဖြစ်သည်။ မစ္စတာဂျင်ရှာ၏ စီစဉ်ပေးမှုဖြင့် ပုဂ္ဂလိက လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ၎င်းရောက်ရှိလာခဲ့သည်။

www.burmeseclassic.com

ခရင်မလင်၏ ပေါ်လစီများအား ခါးသီးစွာ ဝေဖန်မှုများရှိလာခဲ့ရာ အစိုးရအနေဖြင့် စည်းလုံးညီညွတ်ရေးအတွက် ၎င်း၏ဩဇာအာဏာနှင့် ချမ်းသာကြွယ်ဝရေးတို့တွင် ပြည်သူတို့၏ စိတ်မကြည်မသာဖြစ်မှုများဖြင့် ကြုံကြိုရလေ၏။ ၂၀၀၃ ခုနှစ်တွင် သူ့ကို သေနတ်များဖြင့်ချိန်ရွယ်၍ လိမ်လည် အခွန်ရှောင်မှုဖြင့် တရားစွဲဆိုခြင်း ခံလိုက်ရသည်။ သူ၏ khodorkovsky.com တွင် ဖော်ပြချက်များအရ ရုရှားနိုင်ငံ၏ ဥပဒေဖြင့် တရားမျှတမှုကင်းမဲ့စွာ ထောင် ၁၃ နှစ်ကျခံလိုက်ရကြောင်း ဖော်ပြထားသည်။

*မိခင်ကြီး၏ ကျန်းမာရေးအခြေအနေကြောင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ပူတင်ထံသို့ အသနားခံတင်သွင်းလိုက်၍ ၎င်းအား လွတ်ငြိမ်းချမ်းသာခွင့်ပေးလျက် အကျဉ်းထောင်မှ ချက်ချင်းလွှတ်ပေးလိုက်ရာ ရုရှားတစ်နိုင်ငံလုံး အံ့ဩသွားကြရသည်။*

ထိုမျှပင်မကသေးပါ။ ယိုကို့စ်၏ စီးပွားရေးသည် တစ်စစီဖြင့် စုတ်ပြတ်သွားပြန်သည်။ အတုအယောင် အခွန်စည်းကြပ်၍ ဒေဝါလီခံလိုက်ရကာ ကုလားဖန်ထိုးလျက် သူပိုင် ကုန်ပစ္စည်းအချို့ကိုပင်လျှင် လေလံတင် ရောင်းပစ်ခြင်း ခံလိုက်ရသည်။ ၂၀၀၁ ခုနှစ် မစ္စတာခိုဒိုကော့စကီး တည်ထောင်ခဲ့သော ရုရှားမှ အကြီးကျယ်ဆုံး ဖောင်ဒေးရှင်းကြီးဖြစ်သည့် ဒုက္ခရောက်ဆင်းရဲသားများအား ထောက်ပံ့ပေးနေသော Open Rusia Foundation ကိုလည်း ၂၀၀၆ ခုနှစ်တွင် ပိတ်ပစ်ခြင်းခံလိုက်ရသည်။

သူလုပ်ဆောင်ခဲ့သည့် လွတ်လပ်သော ဒီမိုကရက်တစ် ရုရှားအတွက် မစ္စတာခိုဒိုကော့စကီးသည် ကမ္ဘာတစ်ဝန်းလုံးဆိုင်ရာ လူ့အခွင့်အရေးဆုတံဆိပ်အပါအဝင် ဆုအများအပြားကို ရရှိခဲ့သည်။ လူ့အခွင့်အရေးဆုတံဆိပ်မှာ ဒေါက်တာရိန်းနာဟီလ်ဒါဘရန်ဒ်၏ ဂုဏ်ကျက်သရေကို ဖော်ညွှန်းထားသည့် Dr. Rainer Hilder-brandt medal ဆုတံဆိပ်ဖြစ်သည်။

**(ရုရှားသမ္မတမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်၍ တစ်ချိန်တုန်းက မဟာသူဌေးကြီး မီခေးလ်ခိုဒိုကော့စကီးသည် ချက်ချင်းလွတ်မြောက်သွားကာ ဂျာမဏီနိုင်ငံ၊ ဘာလင်မြို့တွင် မိသားစုနှင့် ပြန်လည်တွေ့ဆုံကြသည်။)**

ရုရှားမှ အချမ်းသာဆုံး မဟာသူဌေးဖြစ်ခဲ့ဖူးသူ မစ်ခေးလ်ခိုဒိုကော့စကီးသည် ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တော်ရှိ ၎င်း၏မိဘများနှင့် သားအကြီးဆုံးတို့နှင့် တွေ့ဆုံကြသည်။ ရုရှားနိုင်ငံမြောက်ပိုင်း ဝေးလံသောဒေသရှိ အကျဉ်းစခန်းမှ လွှတ်ပေးလိုက်ပြီး တစ်ရက်အကြာတွင် သူ့ကို လေယာဉ်တစ်စီးပေါ်တင်ပေးလိုက်၍ ယခုအခါ ဂျာမနီနိုင်ငံ၏ အကောင်းမွန်ဆုံး ဟိုတယ်တစ်ခုတွင် အခြေကျလျက်ရှိနေပြီ ဖြစ်သည်။

ဂျာမနီအစိုးရ၏ နောက်ကွယ်မှဆောင်ရွက်ပေးမှုဖြင့် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်းစ်ဒိုင်ထရစ် ဂျင်စချာ(Hans-Dietrich Genscher) နှင့် သမ္မတဗလာဒီမာပူတင် (Vladimir Putin) တို့အကြား ညှိနှိုင်းကြပြီးနောက် ၎င်း၏လွတ်မြောက်ရေးမှာ အောင်မြင်ပြီးမြောက်သွားခဲ့ပြီ ဖြစ်သည်။ သူ၏သားကြီး မီခေးလ်ဘိုရစ်ကိုဗာပါဝယ်လ်သည် ဖခင်နှင့် တွေ့ဆုံခဲ့ပြီး ခိုဒိုကော့စကီးသည် အမေမာရီနာ (Marina) နှင့် အဖေ ဘိုးရစ် (Boris) တို့နှင့် ပြန်လည်ပေါင်းဆုံမိကြပြီ ဖြစ်သည်။

၎င်းကို ဒီဇင်ဘာလ ၂၀ ရက် သောကြာနေ့က လွှတ်ပေးလိုက်ရာတွင် အကျဉ်းထောင်ထဲ၌သာ ၁၀ နှစ် နေခဲ့ရသည်။ သားသမီးလေးဦး၏ ဖခင်သည် ကျန်းမာရေးကောင်းမွန်၍ ဘာလင်မြို့တွင် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။

မိခင် မာရီနာသည် အသက် ၇၉ နှစ် ရှိနေပြီး ကင်ဆာရောဂါ



www.burmeseclassic.com

www.burmeseclassic.com

နေရသည်။ ဝမ်းနည်းရင်း အသက်ရှင်နေရကာ သိသိသာသာ ထုတ်ဖော်၍ ဝမ်းမသာနိုင်ရှာသူ ဖြစ်နေသောကြောင့် သားလွတ်မြောက်လာသည်ကို စိတ်လှုပ်ရှားခြင်းမရှိရအောင် မိခင်ကြီးကို စိတ်ငြိမ်ဆေး တိုက်ကျွေးထားရသည်။

မိခင်ကြီး၏ ကျန်းမာရေးအခြေအနေကြောင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ပူတင်ထံသို့ အသနားခံတင်သွင်းလိုက်၍ ၎င်းအားလွတ်ငြိမ်းချမ်းသာခွင့်ပေးလျက် အကျဉ်းထောင်မှ ချက်ချင်းလွှတ်ပေးလိုက်ရာ ရုရှားတစ်နိုင်ငံလုံး အံ့သြသွားကြရသည်။

အသနားခံစာ တင်သွင်းပြီး ၂၄ နာရီအကြာတွင် ၎င်းအား လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်သည်။ မိခင်ကြီးမာရီနာသည် ဆေးဝါးကုသမှုမခံယူမီ မစ္စတာဂျင်စချာ၏ စီစဉ်ပေးမှုဖြင့် ပုဂ္ဂလိက ဂျက်လေယာဉ်ဖြင့် ၎င်းအား ကုမ္ပဏီသို့ ချက်ချင်းပို့ပေးလိုက်သည်။ ရုတ်တရက် မဟာသူဌေးကြီးအား လွှတ်ပေးလိုက်ရသည့်အကြောင်းရင်းမှာ ရုရှားနိုင်ငံသည် စိတ်ပျက်ဖွယ်ရာ လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းဝင်နေသည့်အပြင် ရုရှားနိုင်ငံသည် လာမည့်ဖေဖော်ဝါရီလ၌ ဆောင်းရာသီ အိုလံပစ်အားကစားပွဲများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန်ရှိနေသောကြောင့်ဖြစ်ကြောင်း တချို့က ဝေဖန်ရေးသားခဲ့ကြသည်။ သို့သော်လည်း ပူတင်၏ ပြောရေးဆိုခွင့်ရှိသူက ထိုသို့မဟုတ်ကြောင်း ငြင်းဆိုခဲ့သည်။

"သူ့အနေနဲ့ ရုရှားကို လွတ်လပ်စွာ ပြန်လာနိုင်ပါတယ်" ..ဟု အေအက်ဖ်ပီ၏ မေးမြန်းချက်ကို ပြောရေးဆိုခွင့်ရှိသူ မစ္စတာဒီမီထရီပက်စ်ကော့ဗ် (Dimitry Peskov) မှ ရှင်းပြသည်။ သို့သော်လည်း မဟာသူဌေးအား ,နိုင်ငံရေးတွင် အရွေးခံခြင်း၊ တစ်စုံတစ်ရာ ၎င်းအပေါ် ခြွင်းချက်များ ပေးခဲ့ခြင်းများ ရှိမရှိကိုမူ ၎င်းက ပြောကြားခြင်းမပြုခဲ့ပေ။

အသက် ၅၀ ရှိ မစ္စတာခိုဒိုကော့စကီးက ပူတင်ထံသို့ စာနှစ်စောင်ရေးသားပို့ပေးခဲ့သည်။ တစ်စောင်သည် ခပ်တိုတိုနှင့် တရားဝင်တင်သွင်းလိုက်သည့် စာတိုလေးဖြစ်သည်။ အခြားစာတစ်စောင်သည် ပုဂ္ဂိုလ်ရေးအရ ရေးလိုက်သည့် စာရှည်ဖြစ်သည်။ သို့သော်လည်း သူရေးသားလိုက်သည့်စာများတွင် အမှားကျူးလွန်ခဲ့ခြင်းကို ဝန်ခံထားခြင်းမရှိပေ။

ရုရှားနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝှမ်းလုံးမှ သူ၏အနာဂတ်အကြောင်းကို သိချင်နေကြသည်။ မစ္စတာခိုဒိုကော့စကီးသည် နိုင်ငံရေးနှင့် ခပ်ကင်းကင်းနေလိုကြောင်း၊ သို့သော်လည်း အစိုးရနှင့် သဘောထားဆန့်ကျင်သူ ဆိုဗီယက်စာရေးဆရာ အဲလက်ဇန္ဒားဆိုလ်ဇ်ဇန် နစ်ဇင် (Alexander Solzhenitsyn) ကဲ့သို့ စာအုပ်များရေးသားမည်ဖြစ်ကြောင်း၊ ရုရှားမှ ဂျာမဏီသို့ ၎င်းအားသွားရောက်နိုင်ရန် သယ်ယူပို့ဆောင်ကူညီပေးသူ ဂျာမန်လူမျိုး အကဲဖြတ်ဝေဖန်သူ အဲလက်ဇန္ဒားရား (Alexander Rahr) မှ ရှင်းပြသည်။

အကျဉ်းကျနေစဉ်က သူရေး[illegible] The New Times အား ၎င်းကို ထောက်ခံပေးခဲ့သောကြောင့် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

၎င်းအား လွှတ်ပေးလိုက်သောကြောင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကာရီ (John Jerry) မှ ကြိုဆိုကြောင်းနှင့် မော်စကိုအား "ပွင့်လင်းမှု၊ လွတ်လပ်မှုနှင့် အားကိုးအားထားဖွယ်ရာ တရားစီရင်ရေးစနစ် ထူထောင်ပေးရန်" တိုက်တွန်းလိုက်သည်။

ရုရှားသည် ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် ခရင်မလင်၏ ရန်သူများအား နှိပ်ကွက်နေမှုများဖြင့် ကမ္ဘာ့အလည် မျက်နှာပျက်လျက်ရှိနေပေရာ မဟာသူဌေးကြီးကို လွှတ်ပေးလိုက်သောကြောင့် လူပုံအလယ်တွင် ထင်ထင်ပေါ်ပေါ်ဖြစ်အောင် လုပ်ပြလိုက်နိုင်ပြီဖြစ်သည်။

၂၀၁၃ ခုနှစ်၊ ဩဂုတ်လတွင် မစ္စတာခိုဒိုကော့စကီး လွတ်မြောက်ရန် အချိန်စေ့ရောက်သည်။

**ဦးတိုး(တက္ကသိုလ်)**

***Reference:***

The Sundaytimes

December 22, 2013 Wrold news. From Russianjail to German hotel:

PATRIOT WHO BECAME A PRISONER.



www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



■ အောင်ဆင့်

# ဘိမ်ဖ်းရင့် ဒေပရယ်

**နွေအိပ်မက်။**

**ယနေ့ ပိတောက်တွေ စပွင့်သည်။**

**နွေ၏ နွယ်။**

**ပေရယ်၏ အငွေ့အသက်များ**

**အိပ်မက်ပေရယ် ...။**

ကျွန်တော့်စာရေးသက် တစ်လျှောက် တစ်နှစ်တစ်ယီ ကျရောက်လေသော ပေရယ်လအဖွဲ့၊ ပေရယ်လအန္တဲ့လေးတွေ ပါဝင်သော ပေရယ်ဝတ္ထုတိုလေးတွေ တော်တော်များများ အနက်က အမှတ်မိဆုံးသော ဝတ္ထုတိုခေါင်းစည်းလေးတွေ ဖြစ်ပါသည်။

အချို့ ဝတ္ထုတိုလေးများသည် စာတည်းနှင့် အယ်ဒီတာမင်းတို့၏ တောင်းဆိုချက်ကို တလေးတစားဂါရဝဖြင့် ရေးခဲ့ရသော ပေရယ်ဖွဲ့ ဝတ္ထုလေးများ ဖြစ်ပြီး ...

တချို့(မဂ္ဂဇင်းဖော်ပြပါ) ပေရယ်ဖွဲ့ ဝတ္ထုတိုလေးများကျတော့ ကျွန်တော့်ဝန်းကျင်က ပိတောက်နှင့်ပတ်သက်ရာ၊ ကြေကွဲရာ၊ ပေရယ်နှင့် ဆက်နွယ်ရာတို့ အသောသော ရောနှောရာ ခံစားချက်(အငှား)တို့ဖြင့် သီကုံးတန်ဆာဆင်ခဲ့ရလေသော ဝတ္ထုတိုကလေးများပင်။

ခက်သည်က ကျွန်တော့်ဝတ္ထုတို စကားပြေ တော်တော်များများ (ကိုးဆယ်ရာနှုန်း)သည်ကား ပထမနာမ်စား ကျွန်တော်၊ ကျွန်ုပ်ဖြင့် မိမိကိုယ်၊ မိမိစိတ် စံထားစိမ့်ဝင် သက်ဝင်သလို ခံစားရာရာကို ရေးဖွဲ့တတ်သူဖြစ်သည်မို့ ရေးဖော်ရေးဖက် အစ်ကိုတော်တွေက ရည်းစားများတယ်ထင်ပြီး "ဖိုးအောင်ဆင့် ပိတောက်ဇာတ်လမ်းတွေ များလှချေလား"ဟု ခပ်ထေ့ထေ့လေးတော့ အစခံ၊ အပြောခံရဖူးသည်။

ကျွန်တော့်ငယ်ဘဝ(လူပျို) သက်တမ်းတစ်လျှောက် မည်သည့်ပိတောက်၊ မည်သည့်ခုနှစ်၊ မည်သည့်ပေရယ်နှင့် စိုးစဉ်းမျှ မပတ်သက်ခဲ့ဖူးပါဟု ကျွန်တော် ကြိုတင်ပြောပါရစေ။

ကဲ ... စာဖတ်သူ၊ ကျွန်တော့်ကို ကောင်းကောင်းကြီး စောဒကတက်တော့မယ်လို့ ကျွန်တော်သိပါသည်။

ကျွန်တော့်ဘက်ကလည်း ကြိုတင် ဝန်ခံစရာလေးများကိုတော့ဖြင့် ဝန်ခံထားပါမည်။ အမှန်တရားနှင့် အမှန်သစ္စာကို ကျွန်တော်တန်ဖိုးထားပါသည်။

ထို့ကြောင့် ...

ဤစာဝတ္ထုရေးနေစဉ် တရေးရေး အောင်ဆင့်၏ အသက် ၅၅ နှစ်ပြည့်ရန် တစ်လသာလိုပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ၁၉၅၇၊ မတ်လ ဖွား။ သူငယ်ချင်းလည်း သူငယ်ချင်း၊ စာပေမိုင်းဆိုင်ရာ အယ်ဒီတာပညာ သင်ကြားဆရာလည်းဖြစ်သူ ဆရာ နန္ဒာမိုးကြယ်ထက် ကျွန်တော်က သုံး လသာ ကြီးပါသည်။ သူက ၁၉၅၇၊ ဇွန်လဖွား။

ပေရယ်ဖွဲ့ ဝတ္ထုတိုလေးတွေ အချို့ ပုံနှိပ်စာလုံးဘဝ ကူးပြောင်းသွား ကြသည့်အထဲတွင် ဆရာမိုးကြယ် ကျေးဇူးတွေလည်း ပါပါသည်။

"ဆင့်ကြီး ... နင့်လက်ကို ကိုယ်ကောင်းကောင်းသိတယ် ...။ ပိတောက်၊ ပေရယ်တစ်ပုဒ်လောက် လုပ်ထားဦးကွာ"

ကြိုတင်ပြောကာဆိုကာ ချစ်ခင် စွာ စာမူခေါ်တတ်သည့် ချစ်စရာ သူငယ်ချင်းပါပဲ။

ယခုမှ ကျွန်တော်ရေးမည့် ပေ ရယ်အဖွဲ့ ဝတ္ထုတိုလေးကိုဖြင့် သူငယ် ချင်း ဦးစွာတည်းဖြတ် ဖတ်မှာကို ကျွန်တော်ရေးရင်းနှင့် ဝတ္ထုမဆုံးခင် ကြိုတင်ပြီး တွေးကာ နည်းနည်းတော့ ရှက်ချင်ပါသည်။

□ □ □

အကြောင်းမှာ ကျွန်တော့်ဝတ္ထု တိုတွင် ၁။ ကျွန်တော်ဟူသော စာရေး သူ၊ ၂။ 'ဝတီကို' အမည်ရပါလေ သော ကျွန်တော့်အသက်ထက် ထက် ဝက်တိတိ ငယ်ပါလေသော ဣတ္ထိယ မိန်းမငယ်လေးတစ်ဦး။ ထိုသို့ အဓိက ဇာတ်ကောင်နှစ်ဦးသာ ပါဝင်နေသော ပေရယ်အဖွဲ့ ဖြစ်နေသောကြောင့် ဖြစ် ပါသည်။

□ □ □

ကျွန်တော်ဆိုသော ကျွန်တော် အောင်ဆင့်ကလည်း ဤကဲ့သို့ ကျွန် တော်ဆိုတာလေးနှင့် ကိုယ်ပိုင်ခံစား ပြီး စီးမျောပြီး ဝါကျစကားလုံးတွေ စီခြယ်ဝန်းရံကာ စကားပြေတံတား လေးတွေ ထိုးချင်သော စာရေးဆရာ အကောင်ဆိုတော့ကာ ခက်သည်။

လွှတ်ပေးလိုက်ကြဗျာ ...။

□ □ □

ဂဏန်းခြောက်လုံးနှိပ်မှ ကိုယ်လို ရာ ဆက်သွယ်နိုင်သော ဆက်သွယ် ရေးခေတ်၏ ပြယုဂ်ဖြစ်သော ပစ္စည်း မှာ ကြိုးဖုန်း။ ကြိုးသွယ်တန်းတယ်လီ ဖုန်း စနစ်ဖြစ်ကြောင်း စွန်လွှတ်ကြ သော ကလေးတွေကအစ (ခတ် ကြိုး၊ ဖုန်းကြိုး) ခွဲခြားသိကြပါသည်။

ယခု ကြိုးမှသည် လေလှိုင်းထဲ က ဝဲပျံသည့် ဂျက်ကီချန်းခေတ်၊ ဂျက် လီခေတ်၊ ဂျက်ခေတ်၊ ပဲ့ထိန်းမေင်းသူ မဲ့ လေယာဉ်ပျံခေတ်၊ ဂျီအက်စ်အမ် ခေတ်၊ WCDMA ခေတ်။ ကဲ ... ဘယ်လောက်ပြောင်းလဲသွားပါသလဲ ခင်ဗျ။

အများပြည်သူသုံး တယ်လီဖုန်း၊ မဂ္ဂဇင်းတိုက်ပိုင်ဖုန်းကိုချည်း မသုံးချင် သုံးချင် သုံးကြရသော ကျွန်တော်တို့ စာပေသမားတွေ ငွေကျပ်နှစ်သိန်းဖြင့် ကြိုးမဲ့ဖုန်းတွေ လွတ်လပ်စွာ ဝယ်ကိုင် ကြ၊ သုံးစွဲကြရလေသော အင်မတန် မှ အဆင်ပြေလွန်းလှပါသည်။

တစ်ခုတော့ရှိပါသည်။

Handset ဖိုးလေးတော့ ကိုယ် တတ်နိုင်ရင် တတ်နိုင်သလို ဝယ်ကိုင် ကြရတာလေးတော့ ဖုန်းနောက်ဆက် တွဲ အဆစ်တော့ ပါပါသည်။

ဆေးပေါ့လိပ်နှင့် ယမကာ နှစ် မျိုးကို ကျွန်တော့်မှာ အကြိုက်ဆုံးမို့ ကျွန်တော့် အယ်ဒီတာအလုပ်ချိန်လေး နာရီခွဲပြီးသည်နှင့် ကျွန်တော်ချိန်းဆို ရာ၊ စုဝေးရာ ဆိုင်သို့ စောမည်ဖြစ် ကြောင်း၊ နောက်ကျမည်ဖြစ်ကြောင်း၊ အကြောင်းထွေလီကို ဖုန်းလေးတစ် ချက် ဖျစ်ခနဲ ကွမ်းတံတွေးထွေးသလို လွယ်ကူစွာ နှိပ်ဆက်လိုက်ပါက အား လုံး အိုကေဗျား။ မနိပ်လား။

Handset သုံးနေစဉ်ကာလတွင် ကျွန်တော့်သမီးအငယ်ဆုံး၏ မြှောက် ထိုးပင့်ကော် စကားကြောင့် ကျွန် တော့်မှာ ငွေတစ်သိန်းကျော် ထွက် သွားပါတော့သည်။

"ဖေကြီး ... အယ်ဒီတာ၊ စာ ပေသမား၊ လေထဲက သတင်းတွေကို Online ကနေ ဖျတ်ခနဲ ကြည့်လိုက် တာနဲ့ ဘယ်ဂျာနယ်မှ ဖေကြီးရှာဖတ် စရာမလိုဘူး။ မြန်မာဖောင့်(font) ထည့်၊ secreen ကျယ်ကျယ် ဟွာဝေး (HUAWEI) အမျိုးအစားကို သမီး လိုက်ဝယ်ပေးပါ့မယ်"

ပြီးကျတော့ ကျွန်တော့်ဖုန်းသစ် ထဲသို့ ခေတ်ပေါ်ကဏ္ဍတွေ၊ အင်တာ နက်တွေရော၊ Viber ခေါ် စကားပြော (အပြည့်ပြည့်)တွေရော။ သူ့အစ်မ ကျွန်တော့်သမီးကြီး စင်ကာပူရောက် ဆရာဝန်မနှင့် စကားပြောဖို့၊ ရုပ်မြင် ရုပ်ကြည့်ပြီး စကားပြောဖို့အတွက်ဆို ကာ Skype (စကိုက်ပ်)ကဏ္ဍပါ ကျွန် တော့် Handset ထဲ သွတ်သွင်းပေးပါ တော့သည်။

ဤသည်မှ အစပြုကာ ...

တစ်ခုသော နံနက်ခင်း၊ တစ်ရံ ရောအခါက နံနက်ခင်း၊ အတိ တွေက



www.burmeseclassic.com

www.burmeseclassic.com

နံနက်ခင်း ဟူ၍ ဟိုလိုလို သည်လိုလို ဖြင့် ကျွန်တော်မဖွဲ့မနွဲ့ချင်ပါ။

အတိအကျလေး ကျွန်တော် ခံစားမိရာရာ ကျွန်တော့်ကို ရေးခွင့်ပြု ကြပါ။

သမီးငယ် 'ဝတီကို'ကိုလည်း သည်ဝတ္ထုလေးဖတ်ဖြစ်ခဲ့ရင် ကျွန်တော့်အပေါ်(ဦးအပေါ်) နားလည်သွားနိုင်ခဲ့ရင်ဖြင့် ကျွန်တော် ရေးရင်း ရင်နင့်ရကျိုး၊ ရင်ကျိုးရကျိုး နပ်ပါပြီ။

□ □ □

၁၈. ၉. ၂၀၁၃ နံနက် ၆း၄၆ နာရီ။

တောတောင်ရေမြေ၊ တောင်တန်းနောက်ခံ ခပ်ရေးရေးဖြင့် မိန်းမငယ်လေး (နေကာမျက်မှန်ဖြင့်) အလှရိုက်ဓာတ်ပုံလေးတစ်ပုံ ကျွန်တော့် Viber ထဲ ရောက်နေတာကို ကျွန်တော် အံ့ဩစွာ တွေ့ရပါသည်။

ဓာတ်ပုံအောက်မှာ မြန်မာစာလုံးလေးတွေ။

***မိသုရေ ... ဝတီ Photo ပို့လိုက်တယ်။ လှလားဟင် ...။***

***ကောက်ရင် အကြောင်းပြန်နော်။***

နောက်တစ်နေ့ ကူးပြောင်းလေသော် ...

၁၉. ၉. ၂၀၁၃၊ ညနေ ၄း၃၉ နာရီ။

ကျွန်တော့်ထံ ဓာတ်ပုံများပို့လေသော Viber ၏ ဖုန်းနံပါတ်နှင့်ပင် ဖုန်းဝင်လာပြန်သည်။ ကျွန်တော် 'ဟလို' ကြိမ်ဖန်များစွာ ထူးသော်လည်း လိုင်းက မကောင်း၍ဖြစ်သည်။ အဆက်အသွယ်ပြတ်ကျသွားပါသည်။

□ □ □

[illegible] နာရီ။

"ဆောရီးပါနော်။ ဝတီ သူငယ်ချင်း မိသုဖုန်းနံပါတ်နဲ့ နီးနီးစပ်စပ်တူနေလို့ မှားနိုပ်မိတာပါ။ အနှောင့်အယှက်ဖြစ်ခဲ့ရင် ခွင့်လွှတ်ပါနော်။ ကျေးဇူးပြု၍ ခွင့်လွှတ်ပါနော်"

□ □ □

တစ်ပါးသူ သူတစ်ထူးက ဤမျှလောက် ခွင့်လွှတ်ပါ တောင်းပန်စကားဆိုပါလေမှ ယဉ်ကျေးမှုအရ သူကလေး ဘယ်နိုင်ငံ၊ ဘယ်အရပ်ဒေသကပဲ ဆက်သွယ်ခြင်းဖြစ်ပါစေ ကျွန်တော် တစ်စုံတစ်ခုတော့ဖြင့် အကြောင်းပြန် ပဋိသန္ထာရစကား ဆိုရမည်သာ။

ကျွန်တော်က ငယ်ငယ်ကျောင်းကတည်းက အစ၊ အပြောင်သန်သူ၊ အရက်ယမကာဝိုင်းတွင် ရယ်စရာမောစရာ အပြောဆုံး စရိုက်ရှိသူမို့ အောက်ပါအတိုင်း ...

"No, problem ပါ ကလေးရယ်"

ဤသည်က ကျွန်တော် ပထမဦးဆုံးသော မြန်မာ font ဖြင့် ရိုက်ပို့လိုက်သော စကား(စာ)ဖြစ်လေသည်။

နောက်ရက်စွဲများတွင် ...

"ကျွန်မနာမည် 'သီရိဝတီကို' ပါ။ ခု ဝတီဆီ အကြောင်းပြန် ခွင့်လွှတ်စာပို့သူက နာမည်ဘယ်လိုခေါ်လို့ ရပါသလဲဟင်"

"နာမည်လေးတော့ ဝတီသိပါရစေ"

"ပြီးတော့ ...??????"

ဤကဲ့သို့ မေးခွန်းသင်္ကေတလေးတွေဖြင့် ကျွန်တော့်ကို တယူကျိစယ်ထားပုံအရ 'ကျွန်တော်၏ အကြောင်း'ခေါင်းစဉ်ဖြင့် ကျောင်းတုန်းကလို စာစီစာကုံး အကျဉ်းလုပ်နိုင်း၊ ရေးခိုင်းတာမျိုးနှင့် တူနေတော့ကာ ...

"ကျွန်တော်၏အမည်မှာ အောင်ဆင့် ဖြစ်ပါသည်။ ၂၉. ၁. ၁၉၅၇ တွင် မွေးပြီး အဖအမည် ဦးအောင်မြင့်၊ အမိအမည် ဒေါ်သန်းရင်၊ ပုသိမ်မှာ မွေးပါသည်။ ယခု ၅၆ နှစ်ပြည့်ပြီးဖြစ်ပြီး စာရေးသော စာရေးဆရာ ဖြစ်ပါသည်။

သို့သော် နာမည်ကြီးစာရေးဆရာတော့ မဟုတ်ရပါ။ ဝတ္ထုတိုရေးသော အညတရ စာရေးဆရာမျှသာ"

"ဦး စာရေးဆရာ ဦးအောင်ဆင့်နဲ့ သိခွင့်ရသွားတာ ဝတီတော့ အရမ်းဝမ်းသာတာပဲ။ ဆရာလို့ခေါ်ရမလား။ ဦးလို့ခေါ်ရမလား"

"ဝတီက မြန်မာစာကို ကိုယ်တိုင် ဖြောင့်တန်းအောင် မရေးနိုင်တာ။ သူများရေးတာဆို သိပ်သဘောကျတာ။ ရေးတဲ့သူနဲ့ ခု သိခွင့်ရတာကိုတ ဝတီ တော်တော်ကံထူးတာပဲနော် ဦး။ လောလောလတ်လတ် ဦးအောင်ဆင့် စာတွေ ဖတ်ချင်ပါတယ်။ E.Book ကနေ ရှာရမလား၊ ပြောပါ"

ဘုရား ... ဘုရား။ ကျွန်တော့်မှာ အရှက်တော့ကွဲပါပြီ။ သည်တော့ကာ အမှန်အတိုင်းပါပဲ။

"သမီးဝတီ ...

ဦးအောင်ဆင့်က E.Book တင်နိုင်တဲ့ စာရေးဆရာ မဟုတ်ပါဘူး။ ထုတ်ဝေသူ ချမ်းသာမှ ဒါမျိုးက တင်ကြတာ။



www.burmeseclassic.com

www.burmeseclassic.com

ပလက်တီနမ်ဝတ္ထုတိုများ ဆိုတဲ့ ဝတ္ထုတိုပေါင်းချုပ်တော့ မကြာခင်က ထွက်တယ်။

သမီးဝတီ့လိပ်စာ (ပြည်ပ) ပို့ပေးပါ။ စာတိုက်ကနေ ပို့ပေးလိုက်ပါ့မယ်။ အမှတ်တရပေါ့''

''ဦးစာရေးဆရာကြီးရှင့် ...

ဝတီ ဦးစာကိုတွေ့တော့ ပျော်လိုက်တာ။ စာရေးဆရာတစ်ယောက်က သူကိုယ်တိုင် လက်မှတ်ထိုးပေးမယ့် စာအုပ်ကို ရတဲ့သူကတော့ ကံထူးတာပဲနော်။

ခု ဝတီက အဝေးကြီးမှာ။ ဝတီက အခု ... ဒါနဲ့ ဝတီက ခု အသက် ၂၉ နှစ်ပြည့်ပြီးပြီ။ ၂၇ နှစ်ထဲမှာ။

အသက်ဘယ်လောက်ရှိပြီလဲ ဟင်။ ဝတီ့ကို တစ်မျိုးမထင်နဲ့နော်။ ဘယ်လိုခေါ်တာကြိုက်ပါသလဲ ???''

''ဦးမွေးသက္ကရာဇ် ပြောထားပြီးပြီပဲ။ သေချာတွက်တွက်ကြည့်လေ။ ဦးစာအုပ်(တစ်နေ့)ရတဲ့အခါ စာအုပ်နောက်ကျောမှာ အောင်ဆင့်၏ စာပေကိုယ်ရေးအကျဉ်းဆိုတာ ပါပါတယ်။ ဖတ်ကြည့်ပါ။ 'ဦး'လို့ခေါ်တာလေးက အကောင်းဆုံး။ အချိုဆုံးဖြစ်မယ် ထင်ပါတယ်''

ကြည့်စမ်း။ ကြည့်စမ်း။ ကျွန်တော်အောင်ဆင့် ကွန့်လိုက်၊ ညွှန့်လိုက်ပုံကိုက။ ကျွန်တော့်အသက်၊ ကျွန်တော့်ဂုဏ်အရတော့ မကောင်းတော့ မကောင်းဘူးပေါ့နော်။

နံနက်ဆို ကျွန်တော့်မှာ သွားတောင်မတိုက်ရသေးခင် အိပ်ရာဘေးက Handset ကို သွားပွတ်တံနှင့် အရင်ဦးအောင် ကောက်ကိုင်၊ Viber ကဏ္ဍကိုဖွင့်၊ သမီးလေးဝတီကများ ကလေးတွေကများ စာပို့ထားလေသလဲ။ ကောက်ဖွင့်ကြည့်။ စာပို့ထားသည်ဆိုသော Massage ဆိုတဲ့ စာလုံးလေးများတွေ့ရင်ဖြင့် ကျွန်တော့်မှာ အောက်သွားတွေတောင် သွားတိုက်ဖို့ ရှိတောင်ရှိသေးရဲ့လားဟု မိမိကိုယ်မိမိ မညှာမတာ ရေးရပါအုံး။

□ □ □

''ဦးပေးမယ်ဆိုတဲ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ်ထဲက အရင်ဆုံး တစ်ပုဒ်၊ နှစ်ပုဒ်လောက် ဝတီ့ကို အမြည်းသဘောမျိုးနဲ့ Viber ကနေ ဓာတ်ပုံရိုက်ပြီး ပို့ပေးပါ ဦးရာ။ ဖတ်ချင်လို့ပါ''

အမှတ်စဉ်(၁) ကျွန်တော့်ဖုန်းကို အားရှိအောင် အားသွင်း၊ အမှတ်စဉ်(၂) ဝတ္ထုစာအုပ်ထဲမှ မိမိပို့ချင်ရာ ဝတ္ထုစာမျက်နှာကို 'ဦးထွန်းငြိမ်းအဘိဓာန်အထူးကြီးဖြင့် ပြားအောင်ဖိထား ... စသည် အမှုတွေ ပြင်ဆင်ပြီး ...

၁။ ကျွန်တော်နှင့် ငှက်ကလေး

၂။ မိုးမိပြီး ဖိနပ်ပြတ်သူများ

ဝတ္ထုတိုနှစ်ပုဒ်ကို လေလှိုင်းမှ တစ်ဆင့် သူကလေးရှိရာ အရပ်တစ်ပါးသို့ ပို့သလိုက်ပါသည်။

□ □ □

၄. ၁၀. ၂၀၁၃၊ ညနေ ၈း၃၀ နာရီ။

''၁၄ ပုံတိတိ ရတယ်ဦးရေ။

အရမ်းပျော်တာပဲ။ ဝတီ့လိုလူမျိုး ဘယ်သူက ဒီလိုဖတ်ဖူးမလဲလို့(ဟွန်း)။ ဘယ်သူက ဒီလိုဖတ်ဖူးမလဲလို့နော်။ စာရေးဆရာကိုယ်တိုင် ရိုက်ပို့တဲ့စာမျိုး လောကမှာ ဘယ်သူဖတ်ဖူးလို့လဲ

ပျော်တယ် အရမ်းပဲ။ နောက်လည်း ဦးဆီကစာတွေ စောင့်ဖတ်ဦးမယ်။ ဦးအားမှပါနော်။ PLS, PLS, PLS''

သူ့စကားထဲက (ဟွန်း)ဆိုတာလေးက မိန်းကလေးတွေ အာမေဍိတ်ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

သူကလေးနှင့် တစ်နေ့ (ဘယ်နေ့တော့မသိပါ) ဆုံတွေ့မှ အဓိပ္ပာယ်ကို ဖွင့်ဆိုပြနိုင်းကြည့်ပါဦးမည်။

□ □ □

၁၄. ၁၀. ၂၀၁၃၊ ညနေ ၄း၁၀ နာရီ။

(သာယာနာပျော်ဖွယ်) သတင်းဝင်လျှင် Massage ဝင်ပါလျှင် မြည်တတ်လေသော ဖုန်းမှ Alam သံ ကလင်ကလင်သံလေး ချိုမြိန်စွာ ကျွန်တော်ကြားရစဉ် ကျွန်တော် ပျော်ရွှင်စွာ ဖွင့်ကြည့်လတ်သော် ...

(လုံး၀)ထင်မထားလေသော ..

ကျွန်တော့်ကို ကျွန်တော့်မျက်လုံး၊ မျက်ကြည်လွှာ မှန်ဘီလူးမှတစ်ဆင့် ရင်ဘတ်ကို ခုန်လှုပ်သွားရစ်စေနိုင်လောက်လေသော သူကလေး။

ဝတီ၏ ခရမ်းရောင် ရုပ်ပုံလွှာ ဓာတ်ပုံလေးတစ်ပုံ။ အပေါ်ပိုင်းက ခရမ်းရောင်ဖျော့ ချိုင်းပြတ်လေးနှင့်ရယ်။ အောက်ကတော့ စကဒ်ဘောင်းဘီ ခေါ်မလား ခပ်တိုတိုလေးနှင့်ပေါ့။ ဘောင်းဘီအိတ်ထဲ သူကလေး လက်ချောင်းသွယ်သွယ်လေးတွေ ဘယ်ရော ညာပါ ချိတ်ထားပုံလေးကိုက (ကျွန်တော် ရုပ်ပုံလွှာ ပုံချဲ့ဖြင့် ချဲ့ကြည့်လေ) ကဗျာဆန်သလို ခံစားမြင်တွေ့ဟု ပြောရမလား၊ မြင်တွေ့ခံစားဟူ၍ ရေးရမလားပင်။



www.burmeseclassic.com

www.burmeseclassic.com

အမှန်တကယ် ကျွန်တော် အင်မတန့်ကို သဘောကျသွားသော ဓာတ်ပုံလေးတစ်ပုံပါ။

ဝတီလက်မောင်း တောက်လျှောက်ကို ကျွန်တော် ကြည့်မြင်ရသည်မှာ (ဆရာဝန်မဟုတ်သော်လည်း) သူငယ်ငယ်က သူ့ဘယ်ဘက်လက်ရင်းပိုင်းလေး ကျိုးခဲ့ဖူးပုံရကြောင်း ခပ်ကွေးကွေး၊ မဖြောင့်တန်းတာကို သတိမူမိပါသည်။

သို့သော် လက်ချောင်းလေးတွေကတော့ (ကျွန်တော့်အမြင်) တကယ့်ကို အတော့်ကို ကဗျာဆန်အောင် လှလွန်းပါသည်ဟု ကျွန်တော်ပြောပါရစေ။

နာရီမဆိုင်းပါဘူးခင်ဗျာ၊ ကျေးဇူးတင်စကား ကျွန်တော်ပြောမှ ဖြစ်ပါမည်။

၁၄. ၁၀. ၂၀၁၃၊ ညနေ ၄း၃၀ နာရီ။

သမီးဝတီ ...

ဓာတ်ပုံပို့ပေးတာ မြင်ဖူးသွားတော့လည်း ဝမ်းသာသည်၊ ကျေးဇူးတင်ပါသည်။ ဝတီ့လက်ချောင်းလေးတွေက ကဗျာဆန်အောင် လှသည်။ ဘကယ်။

၁၅. ၁၀. ၂၀၁၃၊ ညနေ ၅း၁၀ နာရီ။

"ဦးပြောမှပဲ ဝတီလေ ကိုယ့်လက်ကိုတောင် ကိုယ်ရှက်လာပြီ။ နောက်ဆို လက်ရှည်ဝတ်ပြီးမှပဲ ရိုက်တော့မယ် Photo ကို။ အနားမှာသာ ဦးရှိရင် အဲသည်လက်ချောင်းနဲ့ပဲ မဟုတ်က ဟုတ်က ပြောတတ်တဲ့ ဦးရဲ့ဗိုက်ကို ဆွဲလိမ်ပစ်ချင်တယ်(ဟွန်း)"

လုပ်ပြန်ချေပြီ (ဟွန်း)တဲ့။

ဤသို့ ဤသို့ သူကလေး သူနာပြုသင်တန်းတက်ရှိရာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့ ကျွန်တော်က စာပို့၊ သူကလေးက စာပြန်နှင့် လေထဲမှာ စာတွေများလို့ရယ် မဆိုဟတ်ပါ။ အရှေ့တောင်အာရှ မုန်တိုင်းငယ်တွေ ခဏခဏ ဖြစ်ပေါ်တာ ဒါကြောင့်ဖြစ်ပါမယ်။

၂၃. ၁၁. ၂၀၁၃၊ နံနက် ၇း၃၀ နာရီ။

"ဦးရေ ... သင်တန်းက April မှာ ပိတ်မယ်။ ပြန်လာမယ်။ ဦး ဘာလက်ဆောင်ယူမလဲဟင်။ ဦးအတွက်လည်း အသုံးတည့်ပြီး ဝတီနဲ့ ဦးနဲ့ အမြဲအမှတ်တရဖြစ်နေရမယ့် လက်ဆောင်မျိုး ဦးအသေအချာ စဉ်းစား။ အဖြေရမှတောင်းနော်။ လေဆိပ်ကို ဦးကြိုက်တယ်ဆိုတဲ့ စတိုင်ပင်နဲ့ အင်္ကျီလက်ရှည်ဖြူလေးဝတ်ခဲ့မယ်နော်။ ဝတီ့ဦး ရှာလို့လွယ်တာပေါ့။

ဘာလက်ဆောင်လဲဆိုတာ ဦးအဖြေရရချင်း ဝတီ့ဆီကို အကြောင်းပြန်ပါ။ ဝတီလေ .. ခုထဲက အဆောင်မှာ သိမ်းလို့ရတဲ့ ပစ္စည်းလေးတွေတောင် သိမ်းနှင့်နေပြီ။ ရောက်ဖို့ အဝေးကြီး လိုသေးတာနော်။ အဆောင်က အတန်းကြီးမမတွေက ဝတီတော့ ရူးသွားပြီလို့ ပြောကုန်ကြပြီ ဦးရေ။ ဟုတ်လားဟင်။ ဝတီရူးသွားတာ တကယ်လားဟင်။

အမှန်တော့ ဦးရေ ... ဝတီလေ မရယ်ရဘူးနော်။ မြန်မာပြည်မှာ နိုင်ငံတကာ အသိအမှတ်ပြု သူနာပြုကျောင်းလေးတစ်ကျောင်း ပြန်ဖွင့်ချင်တယ်။ ဝတီဖွင့်ဖြစ်ရင် ဦးဆီမှာ အလှူခံမယ်။ စာရေးဆရာတွေ အားလုံးကိုပေါ့။

ဝတီ ကိုယ့်ဘဝကို ငိုရှိုးလေးပဲ ဖြတ်သန်းချင်တာပါ။ ဝတီ့အပေါ် ထာဝရနားလည်မယ့်သူတော့ လိုချင်မိပါတယ်။

ဦးလိုချင်တာ စဉ်းစား၊ အဖြေရရင် ပြောနော်"

သူကလေး(ဝတီ)စာလေးတွေမှာ မျက်လုံးတွေ အများကြီးတပ်ဆင်ထားလေသော အကြည့်တွေ။ တစ်နည်း အချစ်ရှိသော အကြည့်တွေ။ ကျွန်တော့်ရင်ဘတ်က ကောက်သင်းကောက်၍ ရပါသည်။ ကျွန်တော် အောင်ဆင့် ကျွန်တော့်အသက်ထက် ဝက်သာရှိသော မိန်းကလေးကို၊ သူ့သံယောဇဉ် ရစ်ချည်ကြိုးကို ကျွန်တော်ကိုယ်၌ကပင် စွန်ကြိုးလက်ရင်းက ဖြတ်လွှတ်သလို ဖြတ်တောက်ရမည်ကို အသိတရားက သိလွန်းပါသည်။ သိနားလည်ပါသည်။

□ □ □

ကျွန်တော်နှင့် သမီးငယ်'ဝတီကို' နှစ်ယောက်သာပါဝင်လေသော ကျွန်တော့်ဝတ္ထုကို ကျွန်တော်ပင်လျှင် အပြီးတိုင် အဆုံးသတ်ရပါမည်။ ကျွန်တော် ပေရယ်ရောက်မလာခင် လအနည်းငယ်အလိုကပင် ကလေးမဝတီဆီလည်း မဆက်သွယ်တော့ဘဲ ဖုန်းထဲမှ ဖုန်း၏ နှလုံးသည်းပွတ်နှင့်တူလေသော SIM ကဒ်ကို အပြီးထုတ်ပြီး ကျွန်တော့်ပိုက်ဆံအိတ်လေးထဲမှာ သိမ်းထားလိုက်ပါသည်။ အင်္ကျီအိတ်ကပ်ထဲမှာ ထည့်နေကျ ပိုက်ဆံအိတ်ဆိုတော့ကာ ကျွန်တော့်နှလုံးသားနှင့် အနီးဆုံးနေရာမှာ ရှိတာပေါ့လေ။

**အောင်ဆင့်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဖွဲ့ရှောင်သူ

ဂျမြတ်တင်

နေ့တစ်နေ့ကား ကုန်ဆုံးသွားပြန်လေပြီ။

နေမင်းကြီးက အနောက်ဘက်တောင်စွန်းပေါ်၌ မေးတင်လျက်ရှိသည်။ ထိုသို့ နေလုံးနီနီရဲရဲကြီးကတောင်စွယ်ချွန်ချွန်တစ်ခု၏ ထိပ်ဖျား၌ မေးတင်လျက် ရှိနေပုံမှာ ချွန်မြသော ဓားမြှောင်တစ်ချောင်းထက်၌ ပန်းသီးကြီးတစ်လုံး စိုက်ဝင်နေသည့် အလား ထင်မှတ်ရလေသည်။

မြစ်ရေက တသွင်သွင် စီးဆင်းနေသည်။ လေရူးတချို့က သောင်ပြင်တစ်လျှောက် ဝေ့ကာဝိုက်ကာ ဆော့ကစား နေ၏။ ကောင်းကင်၌မူ အိပ်တန်းပြန်သော ငှက်တစ်အုပ်က ကျွန်ရြေရှရှ ပျံသန်းကြလေသည်။

ဦးကြော့ရှင်းက ထိုင်နေရာမှ လက်နှစ်ဖက်ကို အားပြုကာ ဖြည်းဖြည်းချင်း ကုန်းထလိုက်သည်။ ထို့နောက် နံရံတွင်ထောင်ထားသော တောင်ဝှေးကို အသာလှမ်းယူလိုက်သည်။ ပြီးလျှင် တောင်ဝှေးကိုထောက်ကာ ထောက်ကာဖြင့် ကျောက်ဂူကြီးထဲမှ ထွက်လာခဲ့သည်။ ကုန်းသောခါးကြောင့် သူ့လည်ပင်းမှ စိပ်ပုတီးကခြေလှမ်းလှမ်းလိုက်တိုင်း တယမ်းယမ်းဖြစ်၍နေလေသည်။

သူ ကျောက်ဂူထဲ၌ တစ်နေကုန်တရားအားထုတ်နေခဲ့ခြင်းဖြစ်သည်။ သည်ကျောက်ဂူက မြစ်ကမ်းတစ်လျှောက် ကျောက်ဆောင်များကြား၌ သဘာဝအလျောက် ဖြစ်ပေါ်နေသည့် ဂူတစ်ခုဖြစ်သည်။ ခုလို ဥပုသ်နေ့များတွင် ကျောင်း၌ သီလယူပြီးသည်နှင့် သည်ကျောက်ဂူသို့လာကာ တစ်နေကုန်နေလေ့ရှိသည်။ လူသူကင်းရှင်းပြီး ဆိတ်ငြိမ်လှသော သည်နေရာက တရားရှုမှတ်ရန် အလွန်ကောင်းသော နေရာတစ်ခုပင်။ ယခု နေချိုလေပြီ။ ထို့ကြောင့် တရားအလုပ်ကို ဖြုတ်သိမ်း၍ အိမ်ပြန်ရန်အတွက် ကျောက်ဂူကြီးထဲမှ ထွက်လာခဲ့ခြင်း ဖြစ်လေသည်။

ဦးကြော့ရှင်းက မြစ်ဆိပ်ဆီသို့ ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။ မြစ်ဆိပ်ရောက်လျှင် မြစ်ရေတို့ဖြင့် ခြေလက်မျက်နှာတို့အား ဆေးကြောလေသည်။ ထို့နောက် တောင်ဝှေးကို ထောက်ကာ ထောက်ကာဖြင့် မြစ်ကမ်းအတိုင်း ဆက်လျှောက်လာခဲ့သည်။ သောင်ပြင်တစ်လျှောက်တွင် လူငယ် ကလေးငယ်တချို့က မြူးထူးအော်ဟစ်လျက် ဆော့ကစားနေကြလေသည်။

သဲပြင်တွင် လျှောက်ရသည်မို့ သူ့ဇောက်တော်မောသွားသည်။ ထို့ကြောင့် ကျောက်ဆောင်တစ်ခုနား အရောက်တွင် ခဏရပ်လိုက်သည်။ အမောဖြေလိုက်သည်။ ထိုသို့ အသက်ကိုမှန်မှန်ရှူကာ အမောဖြေနေရင်းမှပင် သူ့မျက်လုံးများက ဝင်လုဆဲဆဲ နေမင်းကြီးဆီသို့ အကြည့်ရောက်သွားသည်။

ကျောက်ဆောင်တွင် အသာမှီ၍ နေမင်းကြီးအား စူးစူးစိုက်စိုက်ကြည့်နေမိသည်။ ထိုသို့ကြည့်နေရင်း အတွေးတစ်ခုက သူ့စိတ်ထဲတွင် ဖျတ်ခနဲ ဖြစ်ပေါ်လာသည်။ အခြားမဟုတ်ပါ။ ဤနေမင်းကြီးသည် နေ့ခင်းပိုင်းတုန်းကဆိုလျှင် မည်သူမျှ မော့မကြည့်ဝံ့လောက်အောင်ပင် ခါနီတုန်ပြင်းပြင်း။ ရောင်တဝင်းဝင်းနှင့် အတွင်

www.burmeseclassic.com

တန်ခိုးထွားခဲ့သည်။ ယခုမူ ထိုသို့ မဟုတ်လေပြီ။ ဆန့်ကျင်ဘက်အသွင်ကိုဆောင်လျက် မှေးမှိန်နေရ၊ အားလျော့နေရ၊ ငိုက်ညှိုးနေရလေပြီ။ ဤသည်မှာ မလွန်ဆန်နိုင်လေသော သင်္ခါရသဘောအတိုင်း သူသည်လည်း အချိန်တန်သည်နှင့် ပျက်ယွင်းရခြင်း၊ ယိမ်းယိုင်ရခြင်းပင် ဖြစ်ပေမည်။ လူ့လောက၏ဖြစ်စဉ်၊ လူ့ဘဝ၏ နိယာမတရားတို့နှင့် သပ်တူလိုပင် ဖြစ်တည်နေခြင်းပါတကားဟု ဆက်စပ်တွေးတောလိုက်မိခြင်း ဖြစ်သည်။

ထို့ပြင် ဦးကြော့ရှင်းက ဆက်လက်၍ အတွေးကွန့်မိပြန်သည်မှာ လူ့ဘောင်၊ လူ့လောက၌ နု၊ ပျို၊ အို ဟူ၍ အရွယ်သုံးပါး ပြောင်းလဲကြရသလိုပင် ဤနေမင်းကြီးသည်လည်း တစ်နေ့တာအတွင်း၌ပင် မတူညီသော အသွင်သုံးပါးကို အဆင့်ဆင့် ပြောင်းလဲနေရပေသည်။ ဥပမာဆိုရသော် နံနက်ခင်း နေထွက်တစ်ပြု အချိန်သည် နုနယ်ခြင်း၊ ပျိုမြစ်ခြင်းတို့ဖြင့် စတင်လိုက်သော နေမင်းကြီး၏ ပဌမအရွယ်ပင် ဖြစ်ပေလိမ့်မည်။ ထိုမှသည် မွန်းတည့်အချိန်သို့ ရောက်ရှိသွားခြင်းမှာကား အပြည့်ဝဆုံး၊ အဖွံ့ဖြိုးဆုံးသော နေမင်းကြီး၏ ဒုတိယအရွယ် ဖြစ်ရပေမည်။ သို့သော် ထိုမွန်းတည့်အချိန်မှ တစ်စတစ်စ နိမ့်လျှောလာပြီး သကာလ ယခုကဲ့သို့ တောင်စွယ်၌ ငုပ်လျှိုးကွယ်ပျောက်ရခါနီး အနေအထားကမူ နေမင်းကြီး၏ တတိယအရွယ် (သို့မဟုတ်) သူ၏ ဇရာ၊ မရဏ လက္ခဏာကို ထင်ရှားစွာ ပြသနေခြင်းပင် ဖြစ်တော့သည်။ ဤသည်မှာ လောက၌ သက်ရှိသက်မဲ့ဟူသရွေ့ မည်သည့်အရာမျှ ထာဝရတည်တံ့နေခြင်းငှာ မစွမ်းနိုင်၊ အချိန်နှင့်အမျှ ပြုပြင်နေရ၊ ပြောင်းလဲနေရ၊ ဖောက်ပြန်နေရမြဲသာ ဖြစ်သည်။ တစ်နည်းအားဖြင့် မလွန်ဆန်နိုင်လေသော ထိုအနိစ္စတရား၏ အစီအစဉ်အတိုင်းသာလျှင် နာခံနေကြရ၊ လိုက်ပါနေကြရ၊ စီးမျောနေကြရခြင်းသာ ဖြစ်ပေတော့သည်တကားဟု ပိုင်းပိုင်းခြားခြား ဆင်ခြင်လိုက်မိခြင်း ဖြစ်လေသည်။

ဦးကြော့ရှင်းက ကိုယ့်အတွေးနှင့်ကိုယ် ဘဝင်အကျကြီး ကျနေမိသည်။ နေမင်းကြီးအား ငေးရီကြည့်နေမိရင်း ခေါင်းကိုပါ တဆတ်ဆတ် ညိတ်နေမိသည်။ ထိုခဏမှာပင် အတွေးတစ်စက သူ့အသိစိတ်ထဲသို့ ထပ်မံ၍ ချိတ်ဆက်ဝင်ရောက်လာပြန်သည်။ အခြားမဟုတ်ပါ။ သူ့ကိုယ်သူ ပြန်သတိရလိုက်မိခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် နေမင်းကြီးအား ရှုမြင်မိသည့် ပုံစံအတိုင်း သူ့ကိုယ်သူ အနိစ္စလက္ခဏာတင်ကာ ဆင်ခြင်သုံးသပ်လိုက်မိခြင်းပင် ဖြစ်သည်။

မှန်ပါသည်။ သူ့အဖြစ်ကကော ဘာများ ထူးပါသနည်း။ ယခု သူမြင်တွေ့နေရသော နေမင်းကြီး၏ အခြေအနေနှင့် အတူတူပင် မဟုတ်ပါလော။ နေမင်းကြီးက တောင်စွယ်၌ မေးတင်နေရပြီဖြစ်သလို သူ့အဖြစ်ကလည်း ဘဝ၏ ကမ်းပါးစွန်း၌ မေးတင်နေရပြီ မဟုတ်ပါလော။ ဤနေမင်းကြီး မကြာခင် နိဂုံးချုပ်ရတော့မည် ဖြစ်သလို သူသည်လည်း မဝေးတော့သော အချိန်အတွင်း၌ မုချ အဆုံးသတ်ရတော့မည် မဟုတ်ပါလော။ ပို၍ရှင်းအောင်ဆိုရလျှင် သူ့အတွက် သေခြင်းတရားနှင့် လက်တွေ့မျက်တွေ့ ရင်ဆိုင်ရမည့်အချိန်သည် လက်ကစ်ကမ်းစာမျှသာလျှင် လိုတော့သည် မဟုတ်ပါလော။

ထိုသို့ တွေးလိုက်မိခြင်းနှင့်အတူ အပြုံးရိပ်လေးတစ်ခုက ဦးကြော့ရှင်း၏မျက်နှာတွင် ရုတ်ချည်းဆိုသလို ထင်ဟပ်လာလေသည်။ သို့သော် ထိုအပြုံးက ထိမထင်သော အပြုံး။ အမှုမထားသော အပြုံးမျိုး ဖြစ်သည်ကိုလည်း ဘာသာပင် ပြန်သိနေမိပြည်သည်။ အကြောင်းမှာ သူက သေခြင်းတရားကို ဖြုံသူမဟုတ်၊ မှုသူမဟုတ်။ သေခြင်းတရားအကြောင်းကို တွေးတောကာ ကြောက်လန့်စိုးရွံ့နေသူမျိုး လုံးဝ(လုံးဝ)မဟုတ်။ ထိုသို့ မဟုတ်သည့်ပြင် သူက ထိုသေခြင်းတရားဆိုသောအရာနှင့် ရဲရဲကြီး ရင်ဆိုင်လိုက်ရန်အတွက် သူ့၌ အဆင်သင့်ပြင်ဆင်ပြီးသား ဖြစ်နေလေပြီဟု ယုံကြည်ချက် အပြည့်အဝ ရှိထားပြီးလေသူ။

တစ်ဖန် ထိုကဲ့သို့ သူ့အနေနှင့် ယုံကြည်ချက်ခိုင်မာနေရခြင်းမှာလည်း အကြောင်းမဲ့တော့ မဟုတ်။ လုံလောက်သော အချက်များက သူ့တွင် ရှိနေသည်။ ထိုအချက်တို့ကို ဝေးဝေး



www.burmeseclassic.com

www.burmeseclassic.com

သွားရှာနေစရာပင် မလို။ အနီးဆုံး အားဖြင့် သူ့လည်ပင်းမှ စိပ်ပုတီးကို ပင် သက်သေအဖြစ် အလွယ်တကူ ညွှန်ပြနိုင်သည်။ သူ့တွင် ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် တည်းဟူသော ကုသိုလ်ကောင်းမှုတို့က များစွာပင် ရှိခဲ့သည်။ မရေမတွက် နိုင်အောင်ပင် ရှိခဲ့သည်။ ထိုကုသိုလ် တရားတို့ကပင် သူ့အတွက် အားကိုး စရာစစ်စစ် ဖြစ်တော့သည်။ ထိုကု သိုလ်အစုစုတွင်လည်း ဘာဝနာ ကုသိုလ်သည်သာ အထွတ်အမြတ် ဆုံး ဖြစ်လေရာ သူ့အနေနှင့် ခန္ဓာ ဉာဏ်ရောက်တရားကို ကျေနပ် လောက်အောင်ပင် ဖိဖိစီးစီး အား ထုတ်ခဲ့ပြီးလေပြီ။ အားထုတ်ခဲ့သည့် အကိုင်းလည်း အမြိုက်ကရားကို မိမိ ရရ၊ ပိုင်ပိုင်နိုင်နိုင် ရရှိခဲ့ပြီဟု သူယုံ ကြည်သည်။ ထို့ပြင် ထိုအမြိုက်ရေ အေးဖြင့်ပင် သူ့ခန္ဓာမှ အညစ်အကြေး မှန်သမျှကို ကုန်စင်အောင် ဆေးကြော နိုင်ခဲ့ပြီဟုလည်း ယုံကြည်ပြန်သည်။ သို့ကြောင့် သူ့အနေနှင့် သေခြင်း တရားနှင့် ပတ်သက်၍သော်လည်း ကောင်း၊ အနိစ္စတရား၊ သခါရတရား တို့နှင့်ပတ်သက်၍သော်လည်းကောင်း ယခုကဲ့သို့ အခါအားလျော်စွာ ဆင်ခြင် မှု၊ ရှုမြင်မှုများ ပြုလုပ်လိုက ပြုလုပ်မည် ဖြစ်သော်လည်း ထိုတရားများအား ကြောက်စရာ၊ လန့်စရာ၊ ပူပန်စိုးထိတ် စရာဟူ၍တော့ သူမည်သည့်အခါမျှ မထင်မှတ်ခဲ့ခြင်းပင် ဖြစ်တော့သည်။

လိုက်တွေများနှင့်အတူ ဦးကြော

> တဒင်္ဂမျှ
> တွေ့ကြုံလိုက်ရသော
> အာရုံရှိင်း
> တစ်ခုကြောင့်
> ဖောက်ပြန်ရှုးသွပ်
> သွားမိလေသော
> မိမိစိတ်ကို
> လည်းကောင်း၊
> ထိုစိတ်ကြောင့်ပင်
> သန့်ရှင်းစင်ကြယ်စွာ
> တစ်နေ့တာလုံး
> စောင့်ရှောက်ခဲ့သည့်
> မြတ်သီလကို့
> ညစ်ထေးပေကျံ
> သွားခဲ့ပုံတို့ကို
> လည်းကောင်း
> ပြန်ဆင်ခြင်လိုက်
> မိလေသည်။

ရှင်းက ဝင်လုဆဲဆဲ နေမင်းကြီးကို ကြည့်ရင်း ထပ်မံ၍ ပြုံးလိုက်မိပြန် သည်။ ထိုအပြုံးက စောစောတ အပြုံးထက်ပင် ပို၍ပီပြင်သယောင် ရှိလာသည်။ အမှန်မှာ သူ့အတွေးနှင့် သူ မနေခွေ့သွားမိရာမှ ထိုအပြုံးတ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ တကယ် လည်း ဦးကြော့ရင်းတစ်ယောက် အလွန် အမင်း ဝမ်းမြောက်နေမိသည်။ ပီတိ ဖြစ်နေမိသည်။ ဖော်မပြနိုင်လောက် အောင်ပင် အားရကျေနပ်မိသည်။ အတူးသဖြင့် သူက သူ့ကိုယ်သူ တရားထူးအား မျှော်မှောက်ပြုခွင့်ရသူ အဖြစ်လည်းကောင်း၊ တစ်နည်းအား ဖြင့် သံသရာမှ ကျွတ်လွတ်ထွက် မြောက်ခွင့်ရသူအဖြစ်လည်းကောင်း ထပ်ဘလဲလဲ ဂုဏ်ယူမဆုံးနိုင်အောင် ဖြစ်နေမိရခြင်းပင် ဖြစ်သည်။

ထို့နောက်တွင် သူက မှုတ်လုံး တို့ကိုမှိတ်ကာ သက်ပြင်းတစ်ချက်ကို ချလိုက်သည်။ တသီတတန်းကြီး အတွေးစရှည်လိုက်မိသည့်အတွက် အတန်ငယ် မောသလို ဖြစ်သွား သည်။ ကျောက်ဆောင်ကို အားပြု၍ မှီထားလိုက်ကာ အသက်ကိုမှန်မှန်ရှူ ရင်း အမောဖြေနေလိုက်သည်။ သို့ သော် သူ့မျက်နှာပေါ်မှ ကြည်နူး နှစ်သိမ့်သော အရိပ်အယောင်များ ကမူ ပျောက်ပျက်သွားခြင်းမရှိဘဲ ထင် ဟပ်မြဲ ထင်ဟပ်နေလေသေးသည်။

ထို့နောက် ထိုကြည်နူးမှုမှ ကလေး တန်းလန်းနှင့်ပင် သူက သူ အားထုတ်နေတဲ့ တရားအာနိသင်



www.burmeseclassic.com

www.burmeseclassic.com

သူ့စိတ်ကို အသာပြန်၍ ပို့လွှတ်ထား လိုက်လေသည်။

* * *

မည်မျှ ကြာမြင့်သွားသည် မသိ။

တခစ်ခစ် ရယ်သံများကို ကြား လိုက်ရသည်။ ထိုရယ်သံများက အတော် ပင် ကျယ်သည်။ တလွင်လွင် ရေစီးသံ နှင့်အတူ ထိုရယ်သံများက သူ့နား ထဲသို့ လုံးထွေး၍ ဝင်လာနေတော့ သည်။ သူ့တရားအာရုံ ပျက်သွား သည်။ မျက်လုံးများလည်း ပွင့်လာ ခဲ့သည်။ ထို့နောက် မျက်လုံးကို ပွတ် သပ်၍ အသံလာရာသို့ သူလှည့်ပတ် ကြည့်လိုက်မိသည်။ ထိုအခါ သူရှိနေ သောနေရာနှင့် ခပ်လှမ်းလှမ်း သောင် ပြင်ပေါ်တွင် မိန်းမငယ်နှစ်ဦး ပြေး လွှားဆော့ကစားလျက်ရှိကြသည်ကို သူတွေ့လိုက်ရသည်။

တစ်ဦးက ရယ်ကာမောကာနှင့် ရှေ့မှပြေးနေသည်။ ကျန်တစ်ဦးက လည်း ရယ်ကာမောကာနှင့်ပင် နောက် ကလိုက်နေလေသည်။ ထိုသို့ လိုက် တမ်းပြေးတမ်းကစားရင်း တဖြည်း ဖြည်းနှင့် သူရှိနေသော ကျောက် ဆောင်အနီးသို့ ရောက်မှန်းမသိ ရောက်လာကြလေသည်။

ထိုအချိန်မှာပင် နောက်လူက ရှေ့လူကို မီသွားပြီး မိရာနေရာကို လှမ်းဆွဲလိုက်ရာ နှစ်ဦးသား အရှိန် မထိန်းနိုင်တော့ဘဲ သောင်ပြင်ပေါ်သို့ ပုံပုံလဲကျသွားကြလေသည်။ ထိုသို့ လဲကျသွားကြရာတွင် စောစောက ရင်လျားထဘီကို အဆွဲခံလိုက်ရသည့် မိန်းကလေးမှာ ကိုယ်ဝတ် ကျွတ်ပြေ လျက် ခန္ဓာကိုယ်အထက်ပိုင်း ဗလာ ကျင်းနေသည့်အဖြစ်ကိုလည်းကောင်း၊ ထိုသည့် ဗလာကျင်းနေသော်လည်း ပြန်မဝတ်အားသေးဘဲ သူ့အဖော်ကို သာ သဲသဲမဲမဲ ရယ်မြူးပုတ်ခတ် တွန်း ထိုးဆော့ကစားလျက် ရှိနေသည်ကို လည်းကောင်း ဦးကြော့ရှင်းက သဲသဲ ကွဲကွဲ မြင်တွေ့လိုက်ရလေသည်။

သူတို့နှစ်ယောက်က ဦးကြော့ ရှင်းရှိနေသော နေရာနှင့် သိပ်မဝေး လှပေ။ သို့သော် ကျောက်ဆောင်က ကွယ်နေသဖြင့် ဦးကြော့ရှင်း ရှိနေ သည်ကို မသိကြ။ လွတ်လွတ်လပ်လပ် ပင် မြူးဆော့နေကြလေသည်။

ဦးကြော့ရှင်းကမူ အမျိုးသမီး ငယ်၏ ဝိသဘာဂအာရုံကို မြင်မိလျှင် မြင်မိချင်းပင် သတိလက်လွတ် ဖြစ် သွားသည်။ ဖွံ့ထွားအိစက်သော၊ လုံး ဝန်းမို့မောက်သော မိန်းမငယ်၏ ရင် နှစ်မွှာကို အနီးကပ် တွေ့မြင်လိုက်ရ သည့်ခဏ မျက်လုံးများ ကျယ်သွား ရခြင်းနှင့်အတူ အသက်ရှူပါ ပြင်း သွားရလေသည်။ ထို့ပြင် သူ့နှလုံး အိုကြီးကလည်း ရုတ်တရက် စက်ရှိန် မြင့်လိုက်သော အင်ဂျင်တစ်လုံးပမာ တဒိန်းဒိန်းနှင့် ဆောင့်ခုန်၍လာခဲ့လေ တော့သည်။ သူ့မျက်လုံးများကို လှပ ဝင်းဝါသော အမျိုးသမီးငယ်၏ ကိုယ် လုံးကလေးထံမှ မည်သို့မျှ ပြန်ခွာ၍ မရ။ ခွာလိုစိတ်လည်းမရှိ။ စူးစိုက်၍ သာ ကြည့်နေမိသည်။ ဆက်ကာဆက် ကာသာ ကြည့်ချင်နေမိသည်။ ထိုသို့ အာသာငမ်းငမ်း ကြည့်နေမိရင်း သွေး ကြောများ၏ လည်ပတ်နှုန်းက အရှိန် ပြင်းစွာ မြန်ဆန်လာသည်။ ဆူပွက် လာသည်။ သူ့တစ်ကိုယ်လုံး တုန်ရင် လာသည်။ မောဟိုက်လာသည်။ ပူ လောင်ချောက်ချားလာသည်။ ရေ ငတ်သကဲ့သို့လည်း ဖြစ်လာသည်။

အတန်ကြာသောအခါမှ ထိုနှစ် ယောက်က ဆော့ကစားခြင်းကို ရပ် လိုက်ကြသည်။ ရင်စည်းကျွတ်ပြေနေ သော မိန်းကလေးကလည်း ပြန်၍ ဆွဲတင်ပြီး ဝတ်လိုက်သည်။ ထို့နောက် တစ်ဦးနှင့်တစ်ဦး လက်ချင်းချိတ်ကာ ထွက်ခွာသွားကြလေသည်။

သို့သော် ဦးကြော့ရှင်း၏ မုန် တိုင်းကား ငြိမ်းငြိမ်းပြေပျောက်ခြင်းသို့ မရောက်နိုင်သေးပါပေ။ အရှိန်ပြင်းစွာ ရိုက်ခတ်ခါယမ်းနေဆဲပင် ဖြစ်သည်။ သူ့စိတ်များက အထိန်းအချုပ် ကင်းမဲ့ စွာ ပြေးလွှားပျံ့လွင့်လျက် ရှိတော့ သည်။ ဦးစွာ သွားလေသူ သူ့အိမ် ရှင်မ၏ရုပ်သွင်ကို လျင်မြန်စွာ မြင် ယောင်လိုက်မိသည်။ သို့သော် သူမြင် ယောင်မိသည့် ရုပ်သွင်က မသေခင် နောက်ဆုံး မြင်တွေ့လိုက်ရသည့် အို ဖနာတုန်ချည့်နေသော အမယ်ကြီး အိုရုပ်သွင်ကို မဟုတ်ပါ။ အသား အရေ ဆူဖြိုးကြွယ်ဝလှသည့် ငယ်နု စဉ် သမီးရည်းစားဘဝက ရုပ်သွင်ကို ပင် ဖြစ်လေတော့သည်။

မှောင်မိုက်သော ညတစ်ည၊ ပထမဆုံးချိန်းတွေ့ခဲ့ကြသည့် အတွေ့

www.burmeseclassic.com

အကြံကို ရုတ်ချည်းပင် ပြန်မြင်ယောင်လိုက်မိသည်။ ထိုအခါ မနေ့တစ်နေ့ကမှ ဖြစ်ပျက်ခဲ့သကဲ့သို့ သူ့စိတ်ထဲမှာ ထင်မြင်လာမိသည်။ နှစ်ဦးသား တွေ့ဆုံကြစဉ် ရင်ခုန်မောလျစွာဖြင့် လှိုက်ဆူရှိန်းမြ၊ အဟုန်ကြွခဲ့လေသော ခံစားမှုများက ချက်ချင်းပင် ကြွရွလျက် အသစ်ပြန်ဖြစ်လာခဲ့လေသည်။ ထို့နောက် သူ့စိတ်က ထိုမှုနှင့် မရပ်နိုင်သေးပဲ မင်္ဂလာဦးည အပါအဝင် အိမ်ထောင်ဦးနေ့ရက်များဆီသို့ပါ ခရီးဆက်နေမိပြန်သည်။ ထိုအခါ လူတိုင်းအတွက် အကောင်းဆုံးတည်းဟူသော အရသာ၊ သို့တည်းမဟုတ် နှလုံးအမွေ့ဆုံး၊ အထွတ်မြတ်ဆုံးတည်းဟူသော အချစ်ဝတ်ရည်တို့ကို တူနှစ်ကိုယ် ကမ်းကုန်၊ လမ်းကုန်၊ အစွမ်းကုန်၊ စခန်းကုန် သောက်သုံးမှိုဲ ဆင်နွှဲမြူးပျော်ခဲ့ရပုံများက တစ်ကွက်ပြီးတစ်ကွက်၊ တစ်ချက်ပြီးတစ်ချက် ဆိုသလိုပင် သူ့အာရုံ၌ ပြက်ပြက်ထင်ထင် ပေါ်လာခဲ့လေတော့သည်။

ထိုသို့ အဆက်မပြတ် တွေးတောနေရင်း ဦးကြော့ရှင်း အတော်မောသွားသည်။ သို့သော် အတွေးစကိုတော့ မရပ်ချင်သေးပေ။ ဆက်၍ဆက်၍သာ တွေးချင်နေသေးသည်။ မည်သို့မျှ ငတ်မပြေနိုင်သော ဆားငန်ရည်ကိုသောက်ပြီးရင်း သောက်ချင်နေမိသေးသည်။ အတန်ကြာသော အခါ မောလွန်းမက မောလာပြီး သူ့ခေါင်းထဲတွင် မိုက်ခနဲဖြစ်သွားသည်။ ကိုယ်လုံးကပါ တစ်ချက်မျှ ယိုင်သွားသည်။ နီးရာ ကျောက်ဆောင်အစွန်းတစ်ခုကို ဖျတ်ခနဲ လှမ်းကိုင်ထားလိုက်ရသည်။ ဤတွင် လည်ပင်းမှ စိပ်ပုတီးက ခါယမ်းသွားပြီး သူ့လက်ကို ပုတ်ခတ်လိုက်သလို ဖြစ်သွားသည်။ သည်တော့မှ စိပ်ပုတီးကို အမှတ်ရလျက် သူ့စိတ်က အသိမှန်ဆီသို့ ပြန်ရောက်သွားသည်။

"ဘုရား . . . ဘုရား . . . ငါ ဘယ်လိုဖြစ်သွားပါလိမ့်"

အထိတ်တလန့် ရေရွတ်လိုက်မိသည်။ တစ်ချိန်တည်းမှာပင် မိမိ ဆောက်တည်ခဲ့သော သီလကို ပြန်သတိရလိုက်မိသည်။ ထိုအခါ တဒင်္ဂမျှ တွေ့ကြုံလိုက်ရသော အာရုံရိုင်းတစ်ခုကြောင့် ဖောက်ပြန်ရူးသွပ်သွားမိလေသော မိမိစိတ်ကိုလည်းကောင်း၊ ထိုစိတ်ကြောင့်ပင် သန့်ရှင်းစင်ကြယ်စွာ တစ်နေ့တာလုံး စောင့်ရှောက်ခဲ့သည့် မြတ်သီလတို့ ညစ်ထေးပေကျံသွားခဲ့ပုံတို့ကိုလည်းကောင်း ပြန်ဆင်ခြင်လိုက်မိလေသည်။

ဦးကြော့ရှင်း စိတ်ညစ်ညူးသွားမိသည်။ စိတ်ညစ်ညူးရုံမျှမက စိတ်ပါထိခိုက်သွားမိသည်။ မျက်စိကိုမှိတ်၍ အံကို တစ်ချက်ကြိတ်လိုက်မိသည်။ ရှက်ခြင်း၊ ဝမ်းနည်းခြင်းတို့ဖြင့် သူ့တစ်ကိုယ်လုံး တုန်ရင်နေမိသည်။ ကြုံမကြုံရလေခြင်း၊ ဖြစ်မှဖြစ်ရလေခြင်းဟု ယူကျုံးမရဖြစ်မိခြင်းနှင့်အတူ ပိန်ချိုင့်နေသော သူ့မျက်လုံးအိမ်အတွင်းမှ မျက်ရည်တချို့ပင် စို့ထွက်လာမိသည်။

ခုတော့ . . သူသိလိုက်လေပြီ။ ကောင်းစွာ သိလိုက်လေပြီ။ အမှန်တော့ သူ့တွင် ကိလေသာ အညစ်အကြေးတွေ တောင်ပုံရာပုံ ရှိနေသေးသည်။ မရေမတွက်နိုင်အောင်ပင် စုပုံနေသေးသည်။ ထိုအဖြစ်အား သူယခုပင် ပွဲတွေ့ သိလိုက်ရလေပြီ။ ထိုသို့သိအောင်လည်း ပြသူက ပြသွားခဲ့လေပြီ။ သူလို လူအိုလူမင်းကြီး တစ်ဦးအား ဘာမဟုတ်လေသည့် မိန်းမငယ်တစ်ဦးက ရာဂတည်းဟူသော နှောင်ကြိုးဖြင့် မည်သို့မျှ ရုန်းထွက်မရအောင် ပိုင်ပိုင်နိုင်နိုင်ကြီး ရစ်ချည်ပြသွားခဲ့သည်မှာ၊ ဖွဲ့နှောင်ပြသွားခဲ့သည်မှာ သက်သေအထင်အရှားပင် ဖြစ်တော့သည်။ အံ့သြဖွယ် ကောင်းလေစွ။ တုန်လှုပ်ဖွယ် ကောင်းလေစွ။

သူ၏ အနေအထားအမှန်ကို အရှိအတိုင်း ထင်လင်းစွာ သိမြင်လိုက်ရလေပြီမို့ ဦးကြော့ရှင်း ပြင်းထန်စွာ ဆွေးမြေ့သွားမိသည်။ နာကြည်းသွားမိသည်။ တကယ်ပင် သူ၌ ဘာတရားမျှ မရှိသေး။ ဘာအားတိုးရာမျှလည်း မရှိသေး။ မိမိကိုယ်ကိုယ် တရားရှင် ဖြစ်လေသယောင်ယောင် အထင်တကြီး မှတ်ယူထားခဲ့လေသမျှ ခုလို လက်တွေ့ အစမ်းသပ်ခံလိုက်ရတော့မှ ဗလာသက်သက် ဖြစ်မှန်း အခွံသက်သက်ဖြစ်မှန်း တစ်စက်မျှ အနှစ်သာရ မရှိသည်ဖြစ်မှန်း ကောင်း ကောင်းကြီး သိလိုက်ရပြီတည်း။

"ဘုရား . . . ဘုရား . . . ငါ ဘယ်လိုလုပ်ရပါ့မလဲ . . . ဘယ်လို လုပ်ရပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဆွဲဆွဲကျင်ကြေကွဲစွာ၊ ကြောက်ရွံ့တုန်လှုပ်စွာ ရေရွတ်လိုက်မိခြင်း ဖြစ်သည်။ တကယ်ပင် သူမည်သို့လုပ်ရမှန်း မသိတော့။ အထူးသဖြင့် ဘဝ၏ နောက်ဆုံးခရီး ကိစ္စနှင့်ပတ်သက်ပြီး သူမည်သို့စီစဉ်ရမှန်း မသိတော့။ အခြေအနေက ကပြောင်းကပြန် ဖြစ်ကုန်လေပြီ။ ကမောက်ကမ ဖြစ်ကုန်လေပြီ။ ယခင်က ထိုခရီးအတွက် အလုံးစုံ အဆင်သင့်ဖြစ်နေပြီးသားဟု သူက ပိုင်ပိုင်မှတ်ယူထားခဲ့မိသည်။ ယခုမူ ထိုသို့မဟုတ်ရုံမျှမက အဖြေက ပြောင်းပြန်အနေအထားသို့ပင် ရောက်ရှိနေလေပြီ။ သည်ပုံစံအတိုင်းဆိုပါက သူသွားရမည့် ထိုခရီးသည် သူထင်ထားသလို ငြိမ်းချမ်းငြိမ်သက်သော ခရီး၊ ကျွတ်လွတ်ပေါ့ပါးသော ခရီးမျိုး လုံးဝမဖြစ်နိုင်တော့ပြီ။ ဖြစ်ချင်းဖြစ်လျှင် စိုးထိတ်ဝန်လေးစွာဖြင့် မချိမဆန့် သွားရောက်ရလေမည့် အမှောင်ခရီး၊ အပါယ်ခရီးမျိုးသာ သေချာပေါက် ဖြစ်ရပေတော့မည်။

အပါယ်အာရုံများကို မြေးမြင်လိုက်မိသည်နှင့် သူအကြီးအကျယ်ချောက်ချားသွားသည်။ တွန့်ဆုတ်ရင်း၊ ရွံရှာကန့်ရင်းနှင့်ပင် အပါယ်တွင်းထဲသို့ ဆင်းရလေမည့် မိမိ၏ နိမိတ်ပုံများအား မြင်ယောင်လိုက်မိသည့် ခဏ သူကြောက်လွန်းမက ကြောက်လန့်သွားတော့သည်။

"ဘုရား . . . ဘုရား။ မဖြစ်ဘူး . . . မဖြစ်ဘူး။ ဒီနည်းနဲ့တော့ ဘယ်လိုမှ မဖြစ်ဘူး"

ကယောင်ချောက်ချား ရေရွတ်လိုက်မိသည်။ တစ်ကိုယ်တည်း ဗျာများလျက် လှုပ်လှုပ်ရှားရှားလည်း ဖြစ်သွားသည်။ ဇောချွေးများပင် ပြန်လာမိသည်။

သူ ဘာလုပ်ရမှန်းမသိဘဲ ဖြစ်နေသည်။ အိမ်ပြန်ချင်စိတ်လည်း မရှိတော့ပေ။ လောလောဆယ် သူ့စိတ်ထဲ၌ ကြောက်စိတ်ကသာ အဆက်မပြတ် လွှမ်းမိုးလျက်ရှိသည်။ ထိုကြောက်စိတ်ကိုပင် ပွားသည်ထက် ပွား၊ များသည်ထက် များလာအောင် တွန်းပို့ပေးနေသလို ဖြစ်နေသည်။ သူ့တစ်ကိုယ်လုံး လောင်မီးကျသကဲ့သို့ ဖြစ်နေသည်။ ပူလောင်ချောက်ချားနေသည်။ ချက်ချင်းပင် အငွေ့ပျံသွားတော့မတတ် ဖြစ်နေသည်။

နောက်ဆုံးတွင် ဦးကြော့ရှင်းက အံကိုတင်းတင်းကြိတ်ကာ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တော့သည်။ သည်အတိုင်းတော့ သူအဖြစ်မခံနိုင်။ အပါယ်တွင်းထဲသို့ သူပစ်ချမခံနိုင်။ သူလွတ်အောင်ရုန်းမည်။ ကျွတ်အောင်ကြိုးစားမည်။ ထို့ကြောင့် သူအားထုတ်တော့မည်။ ချက်ချင်းပင် အားထုတ်တော့မည်။ သူ့ခန္ဓာအစဉ်၌ အလိမ်းလိမ်း ကပ်ငြိနေလေသော ကိလေသာအညစ်အကြေးမှန်သမျှကို ဓမ္မတည်းဟူသော ရေစင်ဖြင့် ခုချက်ချင်း ဆေးကြောပစ်တော့မည်။ အနှောင်အဖွဲ့တွေ တန်းလန်းနှင့် အပါယ်သို့သွားရခြင်းထက် ထိုအနှောင်အဖွဲ့တို့ကို ဓမ္မဓားနှင့် ကြိုးစားဖြတ်တောက်ရင်း သူဘာမဆို ပေးဆပ်လိုက်တော့မည်။

* * *

ထို့နောက်တွင် ဦးကြော့ရှင်းက ရှေ့ဆက်မသွားတော့ဘဲ လာလမ်းအတိုင်း ပြန်လှည့်လာခဲ့လေသည်။ တောင်ဝှေးကို ထောက်ကာ ထောက်ကာဖြင့် ခပ်သွက်သွက် လျှောက်လာခဲ့ရင်း ကျောက်ဂူကြီးအနီးသို့ ရောက်မှန်းမသိ ပြန်ရောက်လာခဲ့သည်။

သူကျောက်ဂူထဲသို့ ဝင်လိုက်သည်။ သို့သော် အထဲရောက်ပြီးမှ ရုတ်ချည်းဆိုသလိုပင် အပြင်သို့ ပြန်ထွက်လာခဲ့ပြန်သည်။ သူ တစ်စုံတစ်ခု

**ဦးကြော့ရှင်း၏ တစ်ကိုယ်လုံးတွင် မြူမှုန်တွေအဖွေးသားနှင့် ဖြစ်နေသည်။ ကျောက်နံရံကိုမှီထားသော သူ့ခန္ဓာကိုယ်က အေးစက်တောင့်တင်းလျက်ရှိသည်။**

www.burmeseclassic.com

ကို ကြိုပြီးတွေးလိုက်မိသည်။ အခြား မဟုတ်။ အကယ်၍ သူ အိမ်ပြန် မလာပါက အိမ်သားများက သူ့ကို လိုက်ရှာကြပေလိမ့်မည်။ ထိုအခါ သူ လာနေကျ ဤကျောက်ဂူကြီးသို့ပင် ဦးစွာ လာရှာကြပေမည်။ သူ့ကို လည်း ပြန်၍ ဆွဲခေါ်သွားကြပေလိမ့် မည်။ သို့ဆိုပါက သူ့ရည်မှန်းချက်နှင့် သူ့လုပ်ငန်းက အလိုလို ပျက်စီးပြီး သား ဖြစ်သွားပေလိမ့်မည်။ ထို့ကြောင့် သည်နေရာတွင် သူအလုပ်စခန်းဖွင့် ၍ မဖြစ်။ နေရာသစ်တစ်ခု ရှာမှဖြစ် မည်။

မကြာမီပင် ဦးကြော့ရှင်းတ ထူ ထပ်သော ကျောက်ဆောင်များအကြား တွင် တရွေ့ရွေ့ သွားလာလျက်ရှိ လေသည်။ ကျောက်ဝူနှင့်လည်း တဖြည်းဖြည်း ဝေးသည်ထက် ဝေး လာခဲ့သည်။

မြစ်ကို အပေါ်မှ စီးမိုး၍မြင်နိုင် သော ကျောက်ဆောင်နှစ်ခုကြားသို့အ ရောက်တွင် ဦးကြော့ရှင်းက ရပ်လိုက် သည်။ ထိုနေရာကိုလည်း သဘောကျ သွားသည်။ ချက်ချင်းဆိုသလိုဝင် အလုပ်စရန် ပြင်လိုက်သည်။ အပြင် ဘက်သို့ အစွန်းထွက်လျက် အမိုး သဖွယ်ဖြစ်နေသော ကျောက်ဆောင် အောက်သို့ သူဝင်ထိုင်လိုက်သည်။ ဦးစွာ မျက်စိကိုမှိတ်၍ အသက်ရှူ မှန်အောင် ခေတ္တမျှ အမောဖြေလိုက် သည်။ ပြီးလျှင် အားထုတ်နေကျ တရားအာရုံပေါ်သို့ စိတ်ကို စတင်ပြီး ပို့လွှတ်လိုက်လေသည်။

နေကား ဝင်သွားခဲ့လေပြီ။ အမှောင်ရိပ်များက တစ်စတစ်စ ဖြန့် ခင်းဝင်ရောက်လာနေလေပြီ။ အမှောင် နှင့်အတူ အအေးဓာတ်ကပါ လိုက်ပါ လာလျက်ရှိသည်။ ထို့ပြင် တဖြည်း ဖြည်း ညဥ့်နက်လာသည်နှင့်အမျှ နှင်းမြူတို့ကပါ တဖွဲဖွဲ ကျလာနေပြန် လေသည်။

ဦးကြော့ရှင်းက ဘာကိုမျှ ဂရု မစိုက်အား။ ပဓာနအလုပ်ကိုသာ ဖွဲ့ ခတ်ပြီး အာရုံစိုက်နေမိသည်။ တရား အာရုံနှင့် အသိစိတ်ကို တစ်ဆံချည် စာမျှပင် ကွာလှမ်းမသွားရအောင် ကြိုးစားအားထုတ်နေမိသည်။

ညဥ့်က နက်သည်ထက် နက် လာသည်။ လင်းနို့နှင့် ညငှက်အချို့၏ ဗူးဗူးရဲရဲ အော်မြည်သံက ညအမှောင် အောက်မှ ထွက်ပေါ်နေလေသည်။ မြစ်အတွင်းမှ ရေစဲလှည့်သံ တဝေါ ဝေါနှင့် ကျောက်ဆောင်နှစ်ခုကြားမှ လေတိုးသံ တရှီရှီကလည်း မကောင်း ဆိုးဝါး ညည်းညူသံအလား ထင်မှတ် စရာ ကောင်းလှသည်။

အချိန်က မှန်မှန်ပင် ကုန်လွန် လျက်ရှိသည်။ ဦးကြော့ရှင်းက မျက်စိ ကိုမှိတ်ကာ ထိုင်မြဲထိုင်နေလေသည်။ သူထိုင်နေသော ကျောက်ဆောင် အမိုးစွန်းအောက်သို့ မြူနှင်းများက တဖွဲဖွဲ တိုးဝင်လျက်ရှိသည်။ သူ့ကိုယ် ပေါ်သို့ အဆက်မပြတ် ကျဆင်းလျက် ရှိသည်။ ထို့ပြင် ကျောက်ဆောင်ကြား မှ တရစပ်တိုးဝင်လျက်ရှိသော ညလေ ကလည်း အရေပြားမျှသာ ကျန်နေ

တော့သည့် သူ့ကိုယ်ပေါ်သို့ ဓားနှင့် မွှမ်းသလို မွှမ်း၍နေပြန်လေသည်။

သို့သော် ဦးကြော့ရှင်းကား တုတ်တုတ်မျှ မလှုပ်လေပြီ။ တစ်ချက် ကလေးမျှပင် နေရာမရွေ့ဘဲ ထိုင်မြဲ ထိုင်နေလေတော့သည်။ သူ့ခန္ဓာ ကိုယ်က မတ်နေသည်။ ခိုင်နေသည်။ သူ့စိတ်ကမူ ရှေ့သို့သာ ဦးညွတ်ရင်း ညွတ်နေမိသည်။ အနိုင်မခံ၊ အရှုံး မပေးသော စိတ်ဓာတ်မျိုးဖြင့် ရဲရဲ တောက် တိုက်ပွဲဝင်နေမိသည်။ ရည် မှန်းချက်သို့ မရောက်ရောက်အောင် သွားတော့မည့်စိတ်မျိုး၊ တစ်ချက် ကလေး နောက်ကျလိုက်ရုံဖြင့် ထိုရည် မှန်းချက်သို့ မရောက်နိုင်ဘဲ ဖြစ်သွား မည်ကို အလွန်စိုးထိတ်သော စိတ် မျိုးဖြင့် တရစ်တွန်းသာ ချီတက်နေလေ တော့သည်။

☆ ☆ ☆

နောက်တစ်နေ့ နံနက်တွင် ဦးကြော့ရှင်းအား စတင်တွေ့ရှိသူမှာ တံငါသည်တစ်ဦးပင် ဖြစ်သည်။ ဦးကြော့ရှင်း၏ တစ်ကိုယ်လုံးတွင် မြူ မှုန်တွေအဖွေးသားနှင့် ဖြစ်နေသည်။ ကျောက်နံရံကို မှီထားသော သူ့ခန္ဓာ ကိုယ်က အေးစက်တောင့် တင်းလျက် ရှိသည်။ တင်ပျဉ်ခွေလျက် အနေ အထားဖြင့်လည်း မလှုပ်မယှက် ငြိမ် သက်၍နေသည်။

ရဲမြတ်တင်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# လူကြီးမင်းကတော် ၏ စိန်လည်တုံပျောက်ဆုံးမှု

■ ဟန်သီဇင်

ကျွန်မနေထိုင်သော အိမ်ခန်းဘေး ကပ်လျက်တိုက်ခန်းတွင် အငြိမ်းစား ရဲခန်းမှူးမိသားစု နေထိုင်ကြပါသည်။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် အငြိမ်းစား ယူခဲ့ရသည်မှာ ၈၈ အရေးအခင်းတွင် သူတာဝန်ကျရာ စခန်းအား စခန်းဝင်စီးခံ ရ၍ ဖြစ်ပါသည်။

ထိုခန်းမှူး၏ အမည်မှာ ကိုမြတ် သူ ဖြစ်ပါသည်။ သူတို့၏ မိသားစုမှာ အလွန်အေးချမ်းစွာ နေထိုင်ကြသူများဖြစ် ပြီး နေ့စဉ် ဝင်ငွေရစေရန် တက္ကစီကား တစ်စီး ထောင်ကာ ဝင်ငွေရှာကြသည်။ အိမ်နီးချင်းဖြစ်၍ ကျွန်မတို့သည် ခင်ရာ ဆွေမျိုးပမာ ရင်းရင်းနှီးနှီး နေထိုင်ကြပါ သည်။

ကိုမြတ်သူသည် အသောက်အစား အပျော်အပါး ကင်းပြီး မိသားစုအရေးကို သာ အမြဲဦးထားပေးသူမို့ ကျွန်မ ပို၍လေး စားရပါသည်။ အိမ်နီးချင်းကောင်းပီပီ ကျွန်မတို့မိသားစုအား ကူညီစောင့်ရှောက် ပေးပါသည်။ တစ်ခါတစ်ရံ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ကျသောအခါ ရှာရှာဖွေဖွေမေးတတ်သော စာရေးဆရာဗိုလ်ကြောင့် ယခုလို ဖြစ်ရပ်မှန်ဇာတ်လမ်းလေးကို ကြားသိခွင့်ရခြင်း ဖြစ်ပါသည်။

ပရိတ္တုန်းက ခုလိုအကြောင်းအရာများ ရေးခွင့်မသာခဲ့ပါ။ ယခုရေးပြရခြင်းမှာ လူ့စရိုက် လူ့သဘာဝအရ "ငါ"မှ "ငါ"ဆိုသော လူတို့၏ ငါချမ်းသာတယ်၊ ငါ့မှာ ဥစ္စာပစ္စည်းရှိတယ်ဆိုသည့် အတ္တဒိဋ္ဌိဟု မမြင်။ ဂုဏ်၊ မာန ပါဝါပြချင်သူများ။ ပြီးတော့ မပြည့်သည့်အိုး ရေဘောင်ဘင်ခတ် ဆိုသကဲ့သို့ နေ့ချင်းညချင်း တောမြို့နယ်လူကြီးဘဝမှ ရန်ကုန်ရွှေမြို့တော်မှာ မင်းခစားအဖြစ် ရာထူးမြင့်ဘဝ စံစားခွင့်ရသောအခါမှာ မင်းကတော် ပွပွနွေးနွေးတို့၏ မနေတတ် မစားတတ်မှုကြောင့် လူ့တကာရှေ့မှာ မော်ချင်ကြွားချင် ဟန်ရေးပြချင်သဖြင့်...

ပြည်သူ့လုံခြုံမှုအတွက် ဘေးအန္တရာယ်ကင်းစေရန် တာဝန်ထမ်းဆောင်နေရသော ရဲတပ်ဖွဲ့ဝင်အရာရှိ အရာခံများ ခေါင်းစား။ အလုပ်များ။ ဖိအားပေးခံခဲ့ရသည့်၊ ပြဿနာများစွာ ကြုံတွေ့ရသည်များကို မီမိကြောင့် သူတစ်ပါး ဒုက္ခမရောက်စေရန် သင်ခန်းစာယူစေချင်၍ ဖြစ်ပါသည်။

* * * *

၁၉ဂ၇ ခုနှစ် ကာလဆီက ဖြစ်ပါသည်။ ထိုစဉ်က ဂဂ အရေးအခင်း အတွက် စခန်းမှူးကိုမြတ်သူ ထုချေလွှာ တင်ထားရသောကာလ ဖြစ်ပါသည်။

"ကလင်...ကလင်"

အလုပ်စားပွဲပေါ်မှ တယ်လီဖုန်း မြည်သံသည် အမှုအခင်းကြီးကြီးမားမား မဖြစ်ပါစေနှင့်ဟု ဆုတောင်းရင်း စခန်းမှူး ကိုမြတ်သူ ဖုန်းခွက်ကို ကောက်ကိုင်လိုက်ပါသည်။

ဝင်လာသည့်ဖုန်းမှာ မြို့နယ်မှူးဆီက ဖြစ်ပါသည်။

"ကိုမြတ်သူရဲ့ နယ်မြေမှာ ဗွီအိုင်ပီ ကော့စ်ပေါ်လာလို့ အခုချက်ချင်း မြို့နယ်ကို လာခဲ့ပါ။ မကြာခင်မှာ ခရိုင်မှူးရော၊ တိုင်းမှူးရော ရောက်လာကြမယ်။ အဆင်သင့်ဖြစ်အောင် လာခဲ့ပါ"

"ဟုတ်ကဲ့ပါ မြို့နယ်မှူး"

ဖုန်းခွက်ချပြီးတာနှင့် စာအုပ်နှင့် ဘောလ်ပဲန် ပါအောင်ထည့်ပြီး သူ၏ တပည့်များအား အဆင်သင့်ပြင်ခိုင်းထားပြီးနောက် မိနစ်ပိုင်းအတွင်း မြို့နယ်မှူးရုံးသို့ အရောက်ပြေးရလေသည်။

"မြို့နယ်မှူး ...ကျွန်တော်ရောက်ပါပြီခင်ဗျ"

"လေးစားပါတယ်။ လာ..ကိုမြတ်သူ ထိုင်ပါ။

ဒီကနေ့မနက် ၈ နာရီမှာ ကျွန်တော်တို့မြို့နယ်၊ ခင်ဗျားအပိုင် ဘူတာရုံမှာ အကြီးစားလုယက်မှု ဖြစ်ပွားတဲ့ကိစ္စပဲ"

"ခင်ဗျာ..."

ကိုမြတ်သူ အံ့သြရပါသည်။ သူ တာဝန်ကျရာစခန်းသို့ ဖုန်းမဝင်၊ သတင်း မလာဘဲနှင့်...။

"(---)ကြီးကတော်ရဲ့ စိန်လည်တုံ အလုခံရတဲ့အမှုပဲ။ သူတို့က ရဲချုပ်ဆီတိုင်လို့ အခု အဆင့်ဆင့် တာဝန်ပေးလာလို့ ခင်ဗျားကိုခေါ်ရတာပဲဗျာ"

"ဟုတ်ကဲ့ ပြောပါခင်ဗျာ"

"ဒီကနေ့မနက် ၇ နာရီမှာ ရန်ကုန် ဘူတာကြီးက ထွက်လာတဲ့ ရထား(--) အဆန်မှာ ဗွီအိုင်ပီတွဲတစ်တွဲ ပါတယ်ဗျာ။ ထုံးစံအတိုင်း ကျုပ်တို့နယ်မြေဘူတာမှာ ရထားအသွားအလာ အကူးအပြောင်းအတွက် စောင့်ဆိုင်းနေရတယ်။ စောင့်ဆိုင်းချိန်က ခဏတာမဟုတ်ဘဲ အချိန်ကြာလာတော့ ရထားပေါ်မှာပါတဲ့ ခရီးသည်တွေက ရထားပြတင်းကနေ ခေါင်းပြူထွက်ပြီး စူးစမ်းလေ့လာကြတာပေါ့။

ရပ်ထားတဲ့ မီးရထားတွဲမှာ ဗွီအိုင်ပီတွဲက ဘူတာပလက်ဖောင်းနဲ့ ကပ်လျက်ရှိနေတယ်။ အဲဒီအချိန်က ဘူတာနဲ့နီးတဲ့ ဈေးကြီးကလည်း ဈေးသွားဈေးလာ ဈေးသည်တွေနဲ့ သွားလာမှုများနေတဲ့အချိန်ပဲ။

သိတဲ့အတိုင်း အထူးတွဲချိတ်ထားတော့ ဖြတ်သွားဖြတ်လာကလည်း ကြည့်ကြမှာပါပဲ။ စောစောက (---)ကတော်ကလည်း ရထားဘာကြောင့်မထွက်ရသလဲဆိုပြီး ရထားပြတင်းဝကနေ ခေါင်းတဆန့်ဆန့် ထွက်ကြည့်မိတယ်၊ အဲဒီအချိန်မှာ သူ့လည်ပင်းမှာဆွဲထားတဲ့ စိန်လည်တုံပါ

> ဒီကောင်က စိန်လို့
> နားမလည်ဘူးလေ။
> ရွှေကိုပဲ သိတာမို့
> စိန်မှာကွပ်တဲ့
> ရွှေကိုပဲ အရယူဖို့
> စိန်တွေကော်ထုတ်ပြီး
> လက်စပျောက်အောင်
> မစင်တွင်းထဲ
> လွှင့်ပစ်ပြီး
> ရွှေကို
> ထုခွဲသုံးစွဲနေတာ။



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ဆွဲကြိုးကို လူတစ်ယောက် ဆတ်ခနဲ ဖြုတ်ယူပြေးတာ ခံလိုက်ရတယ်ဗျာ။

အဲဒီမှာ ရထားလမ်းရှင်းသွားပေမဲ့ ခရီးဆက်မထွက်နိုင်ဘဲ ပြဿနာက မီးရထားဘူတာရဲ့နံမပြီးဘဲ အထက်ကိုတန်းရောက်ပြီး ကျုပ်ဘိုဆီ ပြန်ကျလာတာပဲ။ ဒီကိစ္စကို နှစ်ပတ်အတွင်း ပေါ်ပေါက်အောင် ဆောင်ရွက်ပေးရမယ်တဲ့ဗျာ။ မကြာခင် ခရိုင်မှူးရော၊ တိုင်းမှူးရော ရောက်လာကြရင် သူတို့ညွှန်ကြားချက်ကို နားထောင်ဖို့ မေးလာရင် ဖြေနိုင်ဖို့ ပြင်ဆင်ထားပေတော့ဗျာ"

မြို့နယ်မှူးက ရှင်းပြီးနောက် အမှုတွဲဖိုင်အား ကမ်းပေးလေ၏။ ထိုနေ့မှစ၍ ကိုမြတ်သူတစ်ယောက် ခေါင်းကို ဆင်နှင်းခံရသူပမာ ဖြစ်လို့နေတော့သည်။

* * * *

"အဲဒါပဲ ဆရာမရေ၊ ကျွန်တော် တာဝန်ထမ်းစဉ်က ထူးထူးခြားခြား အဖြစ်အပျက် ကြုံခဲ့ရတာပါပဲ"

ကိုမြတ်သူက ထိုမျှပြောပြသော်လည်း ကျွန်မ၏ သိချင်စိတ်က ရပ်တန့်မသွားပါ။

"အဲဒီ လူကြီးကတော်ရဲ့ စိန်လည်ဆွဲလုပြေးတဲ့ တရားခံကိုရော ချက်ချင်း ဖမ်းမိသွားရောလားဟင်"

ကျွန်မ၏ အမေးစကားကြောင့် ကိုမြတ်သူ၏ မျက်နှာပေါ်ရိပ်တွင် ထိုစဉ်ကာလ၏ စိတ်ညစ်စရာများ ကြုံဆုံခဲ့ရသည့် အဖြစ်သနစ်ဆီသို့ ရောက်ရှိသွားဟန်တူပါသည်။ ပြီးမှ အသက်ကို အားရပါးရ ရှူလိုက်ပြီးနောက် -

"အဲဒီကိစ္စကို အထက်ကလူကြီးတွေက ဖိအားပေးနေတော့ ကျွန်တော်တို့မှာ နေ့မနား ညမနား အဲဒီဘူတာဝန်းကျင်မှာ ကျင်လည်လှုပ်ရှားနေတဲ့ စာရင်းဝင် ခိုး ဆိုး လူယုတ်တွေ အပြင်လောကရှိသမျှ ခေါ်စစ်မေးရတာပေါ့။ အမှားအသတင်းပေးတွေဆီ စုံစမ်းပေါ့။ ဒါပေမဲ့ တရားခံက မပေါ်ဘူးဗျာ။ ဒီအမှုအတွက် နှစ်ပတ်ကနေ နှစ်လာကြာလာတော့ ထုချေလွှာရေးတင်နေရတယ်။ နောက်ဆုံး ဒုစရိုက်မှုခင်း ရဲတပ်ဖွဲ့ရဲ့ အကူအညီရယူပြီး ရန်ကုန်မြို့ခွန်အဖျားက ရာဇဝင်ရှိတဲ့ ခြိုက်စားနေတဲ့ လူတစ်ယောက် ငွေကြေးသုံးစွဲပုံ မှုမမှန်ကြောင်း အမာခံသတင်းပေးဆီက သတင်းရယူပြီး စုံစမ်းတဲ့အခါမှာ

လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က ပြစ်မှုဟောင်းနဲ့လွတ်လာပြီး ဇာတ်မြှုပ်နေထိုင်၊ ခြိုက်စားတယ်။ ရာဇဝတ်မှု ဘာမှမလှုပ်ရှားတော့ဘဲ နေခဲ့တယ်။ ခြံထွက်သီးနှံကို ဘူတာဈေးကို လာပို့တယ်။ အဲဒီနေ့က လည်း သူပြန်ဖို့ ရထားစောင့်နေချိန်မှာ အထူးရထားတွဲ ပြတင်းဝကနေ စိန်ရောင်ရွှေရောင် တဝင်းဝင်းနဲ့ မိန်းမက ပြတင်းဝကနေ ခေါင်းထွက်ကြည့်လိုက်နဲ့ မကြာခဏ လုပ်နေတာ မြင်နေရတယ်။ အဲဒီမှာ စိတ်ထဲမှာ မထိန်းနိုင်တော့ဘဲ ပြစ်မှုကို ကျူးလွန်လိုက်မိတာလို့ ဝန်ခံတယ်လေ"

"ဟာ···ဒါဆို စိန်လည်တုံကြီး ပြန်ရတာပေါ့နော်"

"စိန်တွေတော့ ပြန်ရတယ်ဗျ။ ရွှေကတော့ ရောင်းတဲ့နေရာမှာ လိုက်သိမ်းရတယ်"

"ဘယ်လို"

"ဒီကောင်က စိန်လို့ နားမလည်ဘူးလေ။ ရွှေကိုပဲ သိတာမို့ စိန်မှာကွပ်တဲ့ ရွှေကိုပဲ အရယူဖို့ စိန်တွေ ဖော်ထုတ်ပြီး လက်စပျောက်အောင် မစင်တွင်းထဲ လွှင့်ပစ်ပြီး ရွှေကို ထုခွဲသုံးစွဲနေတာ။ အဲဒါ မစင်တွင်းထဲကနေ စိန်တုံးတွေ ပြန်ရှာယူရတယ်ဗျာ။ ဒီကောင်လုပ်ပုံကြောင့် ကျွန်တော်တို့တစ်ဖွဲ့လုံး အလုပ်ပြုတ်မလား၊ နေရာအရွှေ့ခံရမလားဆိုပြီး အားလုံး ဒုက္ခရောက်ပေါ့မလို့ဗျာ။ အဲဒီအမှုကို ဝန်ခံတဲ့ မောင်မင်းကြီးသားကို ကျေးဇူးတင်နေရတယ်ဗျာ"

ထိုစဉ်က (---)ကြီးကတော်တစ်ယောက်၏ စိန်လည်တုံပျောက်ဆုံးမှု၏ အဖြစ်အပျက်ကို ပြန်တွေးမြင်ယောင်ပြောပြအပြီးမှာ ကိုမြတ်သူတစ်ယောက် သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်ရှာသည်။

ကိုမြတ်သူပြောပြသော တကယ့်ဖြစ်ရပ်မှန်၏ အဖြစ်အပျက်ပေါ်မှာ ကျွန်မ သုံးသပ်မှုလေးကို ဖွင့်ဆိုပြချင်ပါသည်။

ယခုလို မီးရထားနှင့် ခရီးဝေး ခရီးရှည်ကြီး သွားရသည့်အချိန်မှာ စိန်ရွှေရတနာပစ္စည်းကို ဝတ်ဆင်မှုထုတ်မှုက ဆင်ခြင်ဉာဏ်နှင့် သက်ဆိုင်ပေမည်။


ငါလူကြီးကတော်ပဲ၊ ငါရှိလို့ငါဝတ်တာဆိုတဲ့ မိမိပစ္စည်းနှင့်မိမိ သူများ အမြင်ကတ်မခံရအောင် အူနေရာအူ၊ တော်နေရာတော် ဝတ်စားဆင်ယင်သင့်ပါသည်။

မိမိ၏ ရာထူးဂုဏ်ရှိန် ပါဝါပြပြီး မိမိကြောင့် သူတစ်ပါး ဒုက္ခရောက်စေပြီး စိတ်ပန်းလူပန်း၊ အချိန်တွေကုန်ဆုံးကြရသည်။ ဘယ်အရာမဆို ကာလ၊ ဒေသကြည့်၍ ဝတ်စားကြပါ။ အန္တရာယ်ကို လက်ယပ်မခေါ်ကြပါနှင့်။

မိမိကြောင့် တစ်ပါးသူများ ဒုက္ခမရောက်အောင် နေထိုင်ခြင်းဖြင့် မင်္ဂလာရှိကြပါစေဟု···။

ဟန်သီဇင်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အလွတ်စုံထောက်မြဒင် နှင့် အပေါက်ကျဉ်း

■ ဒါရိုက်တာဇော်မော်လင်း

## အခန်း (၁)
## ပုဇွန်တောင်ချောင်းထဲက အလောင်း

အလွတ်စုံထောက် မြဒင်သည် Stand R0ad စတင်းရုတ်လမ်းရှိ Police Head Quarter ပုလိပ်မင်းကြီးရုံးသို့ လာခဲ့သည်။

ပုလိပ်မင်းကြီးရုံးသို့ ရောက်လျှင် ဂိတ်စောင့် ပေါင်းထုပ်ဆောင်းထားသော ပန်ချာပီပုလိပ်အား သူ၏ Indenily Facation CARD စိစစ်ရေးကဒ်ပြားကို ပြလိုက်သည်။

ပေါင်းထုပ်နှင့် ပန်ချာပီပုလိပ်သည် မြဒင်အား ဆလံပေးသည်။ မြဒင်သည် ရုံးကြီးထဲသို့ ဝင်ခဲ့သည်။

မင်းကြီးရုံးခန်းသို့ ရောက်လျှင် မင်းကြီး၏ နောက်ဘက်ရှိ ယူနီယံ ဗြိတိသျှအလံကို ဆလံပေးလိုက်သည်။

"Sit down"ဟု ပုလိပ်မင်းကြီးက ထိုင်ခွင့်ပြုသောကြောင့် စားပွဲတွင် မြဒင် ဝင်ထိုင်လိုက်သည်။

"မောင်မြဒင် လူကလေး"

"အမိန့်ရှိပါ မင်းကြီး"

"မနေ့ညဥ့်က ပုဇွန်တောင်ချောင်းထဲက အလောင်းတစ်ခု ရတယ်ကွ"

"ဟုတ်ကဲ့ပါ မင်းကြီး"

"ဒီအလောင်း နောက်ကွယ်မှာ မှုခင်းတွေ ပါလာနိုင်တယ်"

"မှန်ပါတယ် မင်းကြီး"

"အဲဒါကြောင့် မောင်မြဒင် လူကလေးကို အခေါ်ခိုင်းလိုက်တာပဲ"

"မှန်ပါတယ် မင်းကြီး"

"ပုလိပ်တွေက လူကလေး မောင်မြဒင်လို အားကိုးလို့ မရဘူး"

"အမိန့်ရှိပါ မင်းကြီး"

"ဒီကောင်တွေက Ration ရိက္ခာယူပြီး မှိန်းစားနေကြတာကွ"

မြဒင် ခေါင်းညိတ်ပြလိုက်သည်။

"ဗမာလူမျိုး အလွတ်စုံထောက်တွေထဲမှာလည်း အရေးဆို မောင်မင်းလူကလေးကို အားကိုးနေရတာကွ"

မြဒင် ငြိမ်နေလိုက်သည်။

"ဒီအမှုကို မောင်မင်းလူကလေး ဖော်ထုတ်ပေးနိုင်မလား"

"ဖော်ထုတ်ပေးနိုင်ပါတယ် . . မင်းကြီး"

"အမှုလိုက်ခ Twenty Ruppes အိန္ဒိယသုံး ကျပ်ငွေ ၂၀ ပေးမယ်"

"ကျွန်တော်မျိုးက အလွတ်စုံထောက်ဆိုတော့ မှုခင်းအပေါ်မှာဘဲ အာရုံထားပါတယ် မင်းကြီး"

"Verry Good လူကလေး မောင်မြဒင်၊ Verry Good သိပ်ကောင်းတယ်၊ သိပ်တောင်းတယ်"

"လူကလေး မောင်မြဒင်"

"အမိန့်ရှိပါ မင်းကြီး"



www.burmeseclassic.com

www.burmeseclassic.com

"ဒီအမှုကို တောင်လုံးပြန် ပုလိပ်ဌာနက အင်စပက်တာခရစ်ပင်နဲ့ ပူးပေါင်းပြီး ဖော်ထုတ်ပေးပါ"

"ကောင်းပါပြီ မင်းကြီး"

"ဒီအမှုကို မြန်မြန်ဆန်ဆန် ဖော်ထုတ်နိုင်ရင် နောက်ထပ် ၁၀ Ruppes ကို လူကလေးမောင်မြဒင်ကို ဘောက်စူးပေးမယ်"

"ကျေးဇူးတင်ပါတယ် မင်းကြီး"

"Belive in your self"

"I try my best ကျွန်တော်မျိုး အကောင်းဆုံးကြိုးစားပါ့မယ် မင်းကြီး"

"မောင်မင်း လူကလေး သိပ်တော်တယ်ဟု"ဆိုပြီး ပုလိပ်မင်းကြီး D.Smit ဒီစမတ်သည် အိန္ဒိယသုံး ငွေကျပ်ဒင်္ဂါး ၂၀ ကို အလွတ်စုံထောက်မြဒင်အား ပေးလိုက်ပါတော့သည်။

## အခန်း(၂)
## R.G.H

အလွတ်စုံထောက် မြဒင်သည် ပုလိပ်မင်းကြီး ဒီစမတ်၏ အမိန့်အရ တောင်လုံးပြန် ပုလိပ်ဌာနမှ အင်စပက်တော် ခရစ်ပင်ထံ လာခဲ့သည်။

သို့တစေ . . .

အင်စပက်တော် ခရစ်ပင်သည် R.G.H Rangoon General Hospital အထွေထွေဆေးရုံကြီးသို့ သွားပြီဆိုသောကြောင့် အလွတ်စုံထောက် မြဒင်သည် လန်ချားဖြင့်ဆေးရုံကြီးသို့ လိုက်ခဲ့ပါတော့သည်။

## အခန်း (၃)
## မှောက်ခုံဖြစ်နေသောအလောင်း

ဆေးရုံကြီးအတွင်းသို့ အလွတ်စုံထောက်မြဒင် လန်ချားဖြင့် ဝင်လာသည်ကို တွေ့သောကြောင့် အရေးပေါ်အခန်းမှ Nuss သူနာပြုဆရာမလေးထွက်လာ၍ ရင်ခွဲရုံဆီသို့ လက်ညှိုးထိုးပြသည်။

ရင်ခွဲရုံရှေ့တွင် အလောင်းတင် ချာကာရိလှည်းကိုတွေ့ရသည်။

မြဒင်သည် လန်ချားပေါ်မှဆင်း၍ ရင်ခွဲရုံသို့ လာခဲ့သည်။

ရင်ခွဲရုံစောင့် ကုလားသည် မြဒင်အား အလွတ်စုံထောက်ဟု သိရှိထားသောကြောင့် တံခါးကိုဖွင့်၍ ကြိုဆိုသည်။ အတွင်းသို့ မြဒင်ဝင်လိုက်သည်။

ပုလိပ်ဝတ်စုံကို သေသပ်စွာဝတ်ထားသော အင်စပက်တော် ခရစ်ပင်နှင့် အဖြူရောင် ဆရာဝန် Duty Coad ဝတ်စုံကို ဝတ်ဆင်ထားသော ဘင်္ဂါလီလူမျိုး မှူခင်းဆရာဝန်ကြီး ဒေါက်တာဘရှူးဝါးကို တွေ့ရသည်။

မြဒင်သည် အင်စပက်တော် ခရစ်ပင်ထံသွား၍ ပြောလိုက်သည်။

"မင်းကြီးက ခင်ဗျားနဲ့ပူးပေါင်းပြီး ဒီအမှုကို ဖော်ထုတ်ဖို့ ကျွန်တော့်ကို တာဝန်ပေးလိုက်တယ်"

"ဟုတ်ပါတယ် ကိုမြဒင်။ ကျွန်တော့်ကိုလည်း ခင်ဗျားနဲ့ ပူးပေါင်းပြီး ဖော်ထုတ်ရမယ်လို့ ညွှန်ကြားထားပါတယ်"

ထိုမှ အင်စပက်တော် ခရစ်ပင်သည် မြဒင်အား ဆရာဝန်ကြီး ဒေါက်တာဘရှူးဝါးနှင့် မိတ်ဆက်ပေးသည်။

ဒေါက်တာဘရှူးဝါးသည် မြဒင်အား လက်စွဲနှုတ်ဆက်ပြီး တစ်ဘက်ရှိ အလောင်းစင်ပေါ်မှ အဝတ်အဖြူစနှင့် ဖုံးလွှမ်းထားသော အလောင်းကို မေးထိုးပြသည်။

အလောင်း၏ တစ်ဘက်တစ်ချက်တွင် အလောင်းကိုင် ကုလားနှစ်ယောက် အသင့်ရှိပြီး ခေါင်းရင်းဘက်တွင် သူနာပြုဆရာမလေးတစ်ယောက် ရပ်နေသည်။

အလောင်းတင်စားပွဲရှိရာသို့ မြဒင်သွားသည့်အတွက် အင်စပက်တော် ခရစ်ပင်နှင့် ဒေါက်တာဘရှူးတို့ နောက်မှ လိုက်ပါလာကြသည်။

အလောင်းတင်စားပွဲ ရှိရာသို့ရောက်လျှင် ဒေါက်တာဘရှူးဝါးက သူနာပြုဆရာမလေးကို ပြောသည်။

"sister နော်အဲလာ အလွတ်စုံထောက်ကိုမြဒင်ကို အလောင်းဖွင့်ပြလိုက်ပါ"

သူနာပြုဆရာမလေး နော်အဲလာသည် အလောင်းကို လွှမ်းခြုံထားသော ပိတ်စဖြူကြီးကို လှစ်ပြသည်။

သေဆုံးသူ၏ အလောင်းသည် မှောက်ခုံကြီး ဖြစ်နေ၏။ အကယ်ဆိုလျှင် သေဆုံးသူ၏ အလောင်းသည် ပက်လက်အနေအထား ရှိရမည်။

ယခု . . .

ထိုသို့ မဟုတ် . . .

မှောက်ခုံကြီး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒါဘယ်လို ဖြစ်တာလဲ မစ္စတာ နော်အဲလာဟု သူနာပြု ကရင်ဆရာမလေးကို မြဒင်မေးလိုက်သည်။

ဒဏ်ရာကို စစ်ဆေးနေဆဲပါဟု ဒေါက်တာဘရှူးဝါးက သူနာပြုဆရာမလေးကိုယ်စား ဝင်ရှင်းသည်။

သူနာပြုဆရာမလေး နော်အဲလာအား မြဒင်တောင်းပန်လိုက်သည်။

"sorry sister"

မှူခင်းဆရာဝန်ကြီး ဒေါက်တာဘ ရှူးဝါးသည် သေဆုံးသူ၏ နားအုံနောက်မှ ဒဏ်ရာကို လက်ညှိုးညွှန်ပြီး မြဒင်အား ပြောသည်။

"ဒဏ်ရာဆိုလို့ နားအုံနောက်က ဒဏ်ရာလေးကလွဲပြီး ဘာမှ မတွေ့ရဘူး ကိုမြဒင်"

"ဟုတ်ကဲ့"

"တကယ်လို့ ကိုမြဒင် သံသယရှိတယ်ဆိုရင် ထပ်ပြီး စစ်ဆေးနိုင်ပါတယ်"ဟုဆို၍ အလောင်းကိုင်ကုလား နှစ်ယောက်အား အလောင်းကို လှန်လောပြရန် အမိန့်ပေးသည်။

"မလိုပါဘူး ခင်ဗျာ။ ဒေါက်တာက မှုခင်းဆရာဝန်ပါ"

"ကျွန်တော် စစ်ဆေးတွေ့ရှိချက်အရ ပြောရရင် နားအုံနောက်က ဒဏ်ရာလေးကြောင့် သေဆုံးရတာ အမှန်ပါပဲ ကိုမြဒင်"

မြဒင်သည် နားအုံနောက်မှ ဒဏ်ရာကို ကြည့်လိုက်သည်။

ပြာနှမ်းနှမ်း အရောင်ရှိလျှက် အလယ်ဗဟိုတွင် အပ်ဖျားမျှ အပေါက်ရှိသော ဒဏ်ရာလေးကို မြဒင်တွေ့ရသည်။

မြဒင်သည် အသင့်ပါလာသော မှန်ဘီလူးကိုထုတ်၍ ဒဏ်ရာကို အနီးကပ် ကြည့်လိုက်သည်။

အလွတ်စုံထောက် မြဒင်နှုတ်မှ ရုတ်တရက် ထွက်သွားပါတော့သည်။

"အပေါက်ကျဉ်း"

## အခန်း(၄)
## ကန်တော်လေးက လူမိုက်ကြီးတင်မြ

ရုံးခန်းတွင်းသို့ အလွတ်စုံထောက် မြဒင် ဝင်လာသောကြောင့် အင်စပက်တော် ခရစ်ပင်သည် "မောနင်း"ဟု နှုတ်ဆက်သည်။

"မောနင်း"ဟု ပြန်လည် နှုတ်ဆက်၍ မြဒင်သည် စားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်သည်။

"ဒီမှာ ကိုမြဒင်"

"ပြောပါ မစ္စတာခရစ်ပင်"

"ပုဇွန်တောင်ချောင်းက အမှုကို ဒီရက်ပိုင်းအတွင်း ဖော်ထုတ်နိုင်လိမ့်မယ်လို့ မင်းကြီးက ယုံကြည်နေတယ်ဗျ"

"ဟဲဟဲ ကျွန်တော် အလွတ်စုံထောက် မြဒင်ပါ"

"ဟုတ်ပါတယ်ဗျာ။ အားလုံးကလည်း သိပြီးသားပါ"

"ဒါထက် သေဆုံးသူရဲ့ ကိုယ်ရေးရာဇဝင်ကို ရပြီးပြီလား မစ္စတာခရစ်ပင်"

"ရပြီးပါပြီ ကိုမြဒင်"

"ဆိုပါ မစ္စတာခရစ်ပင်"

"ခင်ဗျားတို့ ကန်တော်လေးက လူမိုက်ကြီး တင်မြဗျ"

"ဪ . . . အဲဒါကြောင့် အပေါက်ကျဉ်းစာ မိသွားတာကိုး"

"အပေါက်ကျဉ်းဆိုတာ ဘာကို ပြောတာလဲ ကိုမြဒင်"

"အပေါက်ကျဉ်းဆိုတာ ဖဲထီးသံချောင်းထိပ်ကို ချွန်ပြီး နားအုံနောက် ထိုးသွင်းသတ်ဖြတ် လက်စဖျောက်တာကို ပြောတာဗျ"

"ဘယ်လို ကိုမြဒင်"

"သတ်ရတာ လွယ်လို့ဗျ"

"ဗျာ . . . "ဟု အင်စပက်တော် ခရစ်ပင်ထံမှ အာမေဋိတ်သံ ထွက်လာသည်။

"နောက်ပြီးတော့ လက်စလက်နကို ဖျောက်ဖျက်ရတာလည်း လွယ်လို့ဗျ"

"ဆိုစမ်းပါဦး ကိုမြဒင်"

"ဒီလိုပါ မစ္စတာခရစ်ပင်"

"ပြောပါ ကိုမြဒင် . . . ကျွန်တော် စိတ်ဝင်စားတယ်"

"ချွန်ထားတဲ့ ဖဲထီးသံချောင်းလေးကို နားအုံနောက်က ထိုးသွင်းလိုက်တော့ အလွယ်တကူဘဲ ဝင်သွားတယ်လေ။ နောက်ပြီးတော့ ဦးနှောက်ကို တိုက်ရိုက်ထိသွားတာဗျ"

"အင်း . . . "

"အာရုံကြောကို ထိသွားတယ်ဆိုတော့ အထိုးခံရသူဟာ ချက်ချင်း သတိလက်လွတ် ဖြစ်သွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ် ကိုမြဒင်"

"ပြော် . . . ဒီလိုလား"

"ဟုတ်ပါတယ် မစ္စတာခရစ်ပင်"

"အလောင်းကို အလွယ်တကူ ဖျောက်ဖျက်လို့ရတယ်ဆိုတာလည်း ရှင်းစမ်းပါဦး"

"အခုလို လုပ်ကြံသတ်ဖြတ်ပြီးတာနဲ့ အလောင်းကို ရေထဲပစ်ချတာကို ပြောတာဗျ။ ရေထဲပစ်ချတဲ့ အကြောင်းရင်းက လတ်တလော အလောင်းပျောက်သွားအောင်ပေါ့ဗျာ"

"ဒါတော့ ဟုတ်ပါပြီ။ ဒါပေမယ့် တစ်ရက်နှစ်ရက်ဆို အလောင်းဟာ ပြန်ပေါ်လာမှာဗျ"

"ကျွန်တော့်စကား ဆုံးအောင် နားထောင်ပါဦး မစ္စတာခရစ်ပင်"

"ဒါဆိုဆက်ပါဦး ကိုမြဒင်"

"ခင်ဗျားပြောသလို အလောင်းပြန်ပေါ်လာရင် နားအုံနောက်က ဒဏ်ရာက ရေဝပြီး ပိတ်သွားပြီဗျ။ အဲဒီအခါမှ ရေနစ်သေဆုံးတယ်ဆိုပြီး အကြောင်းပြလိုက်ယုံပဲ"

"မှန်ပါတယ် ကိုမြဒင်"

ဒေါက်တာဘရှူးဝါးရဲ့ စေ့စပ်သေချာမှုကြောင့် အခုလို အမှုကို ဖော်ထုတ်ခွင့်ရတာဗျ။ ဒေါက်တာဘရှူးဝါးကို ကျေးဇူးတင်ရလိမ့်မယ်"

အင်စပက်တော် ခရစ်ပင်သည် မြဒင်ကို ခေါင်းညိတ်ပြသည်။

"အခုလို အမှုမှန်မပေါ်ရင် လူမိုက်ကြီးတစ်ယောက် ရေနစ်သေပြီဆိုတော့ အားလုံးက ဝမ်းသာကြမှာပေါ့။ နောက်ပြီးတော့ ခင်ဗျားတို့ တာဝန်ပေါ့သွားတာပေါ့ မဟုတ်လား မစ္စတာခရစ်ပင်"

"ကိုမြဒင်ကလည်းဗျာ ဒီလို မပြောပါနဲ့။ ကျွန်တော့်မှာလည်း တာဝန်ရှိပါတယ်"

"Yes right ...duty is duty"

"I say အိုင်ဆေး ကိုမြဒင်"

"ပြောပါ မစ္စတာခရစ်ပင်"

"အခုလို အပေါက်ကျဉ်းနဲ့ လုပ်ကြံတာဟာ ဘာသဘောလဲဗျ။ ကျွန်တော့်ကို ရှင်းပြပေးပါ ကိုမြဒင်"

"နှုတ်ပိတ်ချင်လို့ဗျ။ ဒါမှမဟုတ်ရင် ရန်ငြိုးရန်စ ရှိလို့ဗျ။ နောက်ပြီးတော့ မလွန်ဆန်ဝံ့သူကိုလည်း အချိုသတ်၊ အရက်တိုက်ပြီး ဒီနည်းနဲ့ လုပ်ကြံသတ်ဖြတ်ပြီး ရေထဲပစ်ချ အစဖျောက်တာပါ။ ရှင်းပြီမဟုတ်လား မစ္စတာခရစ်ပင်"

"ကိုမြဒင်က ကျွန်တော်တို့ ပုလိပ်တွေထက် ပိုပြီးကျွမ်းနေပါလား။ ဒါကြောင့် မင်းကြီးက ကိုမြဒင်ကို အားထားတာဖြစ်မယ်"

"ဟဲ . . . ဟဲ . . . အလွတ်စုံထောက် မြဒင်၊ အလွတ်စုံထောက် မြဒင်လေ"ဟု ရယ်ရယ်မောမောနှင့် အင်စပက်တော်ခရစ်ပင်ကို မြဒင် ပြန်ပြောလိုက်သည်။

"I say အိုင်ဆေး ကိုမြဒင်"

"Yes; anything ပြောပါ မစ္စတာခရစ်ပင်"

"အခုဆို လူသတ်သမားတွေက ဖဲထီးသံချောင်းကို ဖျောက်ဖျက်ပြီးရောပေါ့နော်"

"သေချာတာပေါ့ဗျား သိပ်ကို သေချာတာပေါ့"

"ဒီလိုဆို အမှုကိုဖော်ထုတ်ဖို့ မလွယ်ဘူးနဲ့တူတယ်"

"ဖဲထီးသံချောင်းနဲ့ လုပ်ကြံသတ်ဖြတ်တယ်ဆိုတာ သိထားပြီပဲဗျာ။ ဒီသဲလွန်စကို အမိအရ ဆုပ်ကိုင်နိုင်ရင် ဒီကောင်တွေ ပြေးမလွတ်ပါဘူးဗျာ"

"မင်းကြီးကပြောတယ် ကိုမြဒင်"

"ဆိုပါ မစ္စတာခရစ်ပင်"

"ဒီရက်အတွင်း တရားခံတွေကို ဖော်ထုတ်နိုင်ရင် ကိုမြဒင်ကို ၁၀ Ruppes ဘောက်ဆူးချမယ်တဲ့"

"ကောင်းတာပေါ့ဗျာ။ ဒါပေမယ့် . . . "

"ဘာဖြစ်လဲ ကိုမြဒင်"

"ဒီဘောက်ဆူး ဆုငွေထက် ခင်ဗျားတို့ကပိုပြီး အရေးကြီးပါတယ်"

"ဆိုပါဦး ကိုမြဒင်"

"ခင်ဗျားတို့နဲ့ ပူးပေါင်းမှ ဒီကောင်တွေကို ဖမ်းလို့ရမှာဗျ။ ဒီကောင်တွေကိုဖမ်းပိုင်ခွင့် ကျွန်တော့်မှာမရှိပါဘူး။ ကျွန်တော်က ထောက်လှမ်းပေးရမယ့် တာဝန်ပဲရှိတာ ခင်ဗျားအသိပဲ မဟုတ်လား"

"စိတ်ချပါ ကိုမြဒင်ရယ်။ ဒီအတွက် ခင်ဗျားအချက်ပြဖို့ပဲလိုတယ်"

"ဒါဆို မပူနဲ့၊ ဒီဆုငွေကို ခင်ဗျားနဲ့ကျွန်တော် Half by Half. Fifty Fifty" ဟု အင်စပက်တော် မစ္စတာခရစ်ပင်ကို အလွတ်စုံထောက်မြဒင် ပြောလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

## ထီးပြင်ကုလား

အလွတ်စုံထောက် မြဒင်သည် ပုဇွန်တောင်ဈေးကြီးသို့ လာခဲ့သည်။

ဈေးကြီးတစ်ဖက်ရှိ ချောင်းကူး တံတားထိပ်တွင် မှတ်ဆိတ်နှင့် ကုလား ကြီးတစ်ယောက် ထီးပြင်နေသည်ကို တွေ့သောကြောင့် မြဒင် ဝင်လုံး လိုက်သည်။

"ဦးမှတ်ဆိတ်က ရခိုင်ပြည်က နဲ့ တူတယ်"

"ဟုတ်တယ် ကောင်လေး"

"ဦးမှတ်ဆိတ်ဝတ်ထားတဲ့ ရခိုင် ပုဆိုးက ထူလည်းထူ၊ လှလည်းလှ ကောင်းလည်းကောင်းတယ်"

"ဟဲ . . ဟဲ . . ဟဲ"

"အလုပ်အကိုင်ရော ကောင်း ရဲ့လား ဦးမှတ်ဆိတ်"

"ကောင်းတယ် ကောင်လေး၊ တစ်ခါတလေ ဖဲထီးသံချောင်းတစ် ချောင်းက ထီးတစ်လက်ထက် ဈေးပို ရတယ်"

"တယ်ဟုတ်ပါလားဗျာ၊ ဘာ ဖြစ်လို့လဲ"

"သံချောင်းထိပ်ကို ချွန်ပေးရ လို့ . . . ဟဲ . . ဟဲ"

မှတ်ဆိတ်ကြီးသည် ထန်းရည် မသောက်ပါလျက် ကျွဲခိုးပေါ်လာ သည်၊ မစစ်ဆေးပါလျက် ဝန်ခံလာ သည်၊ မြဒင်အတွက် အခွင့်သာပြီ။

မြဒင်သည် ပရိယာယ်သုံး၍ မှတ်ဆိတ်ကြီးကို ပြောလိုက်သည်။

"ကျွန်တော်လည်း ဖဲထီးသံ ချောင်း ချွန်ချင်တယ်"

"ရတယ်ကောင်လေး၊ ဒါပေ မယ့် ဈေးကြီးကြီးပေးရမယ်"

"ကျွန်တော် ဈေးမဆစ်ပါဘူး"

"ဒါဆို မနက်ဖြန်လာခဲ့"

"အခု မရဘူးလားဗျာ၊ ချွန်ပြီး သားမရှိလို့လား"ဟု စကားကြောင်း ပေးလိုက်သည်။

"ဟုတ်တယ် ချွန်ရဦးမယ်"

"ကောင်းပါပြီဗျာ၊ မနက်ဖြန် ဆိုတော့လည်း မနက်ဖြန် ကျွန်တော် လာခဲ့ပါ့မယ်"

"ဈေးပေါပေါနဲ့တော့ မရဘူး နော်"

"စိတ်ချပါ၊ ဈေးကောင်းကောင်း ကျွန်တော်ပေးပါ့မယ်"

"ဟဲ . . . ဟဲ"မှတ်ဆိတ်ကြီး သည် သူ၏မှတ်ဆိတ်များကို သပ်၍ တစ်ဖက်သို့ လှမ်းကြည့်သည်။

မှတ်ဆိတ်ကြီး ကြည့်ရာသို့ မြဒင် မျက်လုံးကစားလိုက်သည်။

ဈေးကြီးတစ်ဖက်ရှိ ကတ္တရာ လမ်းပေါ်တွင် လူသုံးယောက် ရင်ပေါင် တန်း၍ လမ်းလျှောက်လာသည်။

ရှန်ရှူး၊ ဒီးလစ်နှင့် ပုဇွန်တောင် လူမိုက် ခါးဝမိုး။

သူတို့သည် ရန်ကုန်အရှေ့ပိုင်း တွင် နာမည်ဆိုးဖြင့် ကျော်ကြားနေ သူများ ဖြစ်သည်။

ရှန်ရှူးသည် ဗိုလ်တထောင် ဌာနတွင်လည်းကောင်း၊ ခါးဝမိုး သည် ပုဇွန်တောင်ဌာနတွင်လည်း ကောင်း၊ ဒီးလစ်သည် ကျောက် တံတားဌာနတွင်လည်းကောင်း တာဝ န် ခံထားရသူများ ဖြစ်သည်။

သူတို့သည် မှတ်ဆိတ်ကြီးထံ လာခြင်းဖြစ်သည်။

ထိုအဖြစ်ကို ရိပ်စားမိသော ကြောင့် မှတ်ဆိတ်ကြီးကို မြဒင်ပြော လိုက်သည်။

"မနက်ဖြန် ကျွန်တော်လာခဲ့ မယ်၊ ဖဲထီးသံချောင်း ချွန်ထားပေးပါ"

"ဘယ်အချိန်လာမလဲ ကောင် လေး"

"၁၀ နာရီကျော်လောက် လာ မယ်၊ ပြီးအောင်သာ ချွန်ထားပါ"ဟု ပြောပြီး ခပ်လှမ်းလှမ်းရှိ ကွမ်းယာ ဆိုင်သို့ မြဒင်ထွက်ခဲ့သည်။

မြဒင်သည် ကွမ်းယာဆိုင်သို့ ရောက်လျှင် ပိုလိုစီးကရက်ကိုထုတ် ပြီး မီးတို့ဟန်ပြုလျက် သူတို့၏အရိပ် အကဲကို ဖမ်းလိုက်သည်။

မှတ်ဆိတ်ကြီးသည် မြဒင်အား လက်ညှိုးထိုးပြသည်။

မြဒင်သည် အနီးတွင် ဆွဲချိတ် ထားသော အုန်းဆံကြိုးမှမီးကို လတ် ထဲမှ ပိုလိုစီးကရက်နှင့် တို့၍ ဖွာ လိုက်သည်။

ပြီး . . .

စီးကရက်မီးခိုးများကို မှုတ် ထုတ်၍ မောင်ဂိုမာရီ လမ်းမကြီး အတိုင်း အလွတ်စုံထောက်မြဒင် ထွက်ခဲ့ပါတော့သည်။

××××××

www.burmeseclassic.com

## အခန်း(၆)

## ဈေးကြီးနောက်က ဂိုဒေါင်

မောင်ဂိုမာရီလမ်းမကြီးအတိုင်း ကျော်ခိုင်းသွားနေသော အလွတ်စုံထောက်မြခင်ကို လက်ညှိုးထိုး၍ ရှန်ရှုးက မုတ်ဆိတ်ကြီးကိုပြောသည်။

"ဒီကောင်ကို သိလား ကိုမုတ်ဆိတ်"

"ငါ မသိဘူး"

"ဒီကောင် ဘာလာလုပ်ကာလဲ မှန်မှန်ပြော"ဟု ဒီးလစ်က ဆိုသည်။

"ဖဲထီးသံချောင်း လိုချင်လို့"ဟု မုတ်ဆိတ်က ပြောသည်။

"ဒါ မရိုးသားဘူး၊ တင်မြကြီးနဲ့ ပတ်သက်နိုင်တယ်"ဟု ခါးငမိုးက ဝင်စွက်သည်။

ရှန်ရှုးသည် မောင်ဂိုမာရီလမ်းမကြီးအတိုင်း ကျော်ခိုင်းလျှောက်နေသော မြခင်အား လှမ်းကြည့်ပြီး မုတ်ဆိတ်ကြီးကိုပြောသည်။

"ဒီကောင် ဘာပြောသွားသေးလဲ"

"မနက်ဖြန် ၈ နာရီ ဖဲထီးသံချောင်းလာယူမယ်လို့ ပြောသွားတယ်"

"ဒါဆို ဒီလိုလုပ်၊ မနက်ဖြန် ဒီကောင် ဖဲထီးသံချောင်းလာယူရင် ဈေးနောက်က ဂိုဒေါင်ဟောင်းထဲ ခေါ်လာခဲ့"

မုတ်ဆိတ်ကြီးသည် ဘာမျှပြန်မပြောဘဲ လက်ဝါးကိုသာ ဖြန့်သည်။

"ပေးမှာပေါ့ဗျာ၊ ဒီကောင်ကိုသာ အရခေါ်ခဲ့"ဟု ရှန်ရှုးက ပြောသောကြောင့် မုတ်ဆိတ်ကြီးသည် သူ၏ မုတ်ဆိတ်များကို သပ်လိုက်ပါတော့သည်။

## အခန်း(၇)

## မြင်းစီးပုလိပ်လူထွက်

ရုံးခန်းထဲသို့ အလွတ်စုံထောက်မြခင် ဝင်လာသောကြောင့် အမှုလိုက်ရန် ပြင်ဆင်နေသော အင်စပက်တော် ခရစ်ပင်သည် စားပွဲတွင် ပြန်ထိုင်၍ မြခင်ကို နှုတ်ဆက်သည်။

"ဂွတ်မောနင်း ကိုမြခင်"

"မောနင်း မစ္စတာခရစ်ပင်"

"ဘယ်လိုလဲ ကိုမြခင်"

"တင်မြကြီးကို ရှင်းသွားတဲ့ ကောင်တွေကို တွေ့ခဲ့ပြီဗျ"

"ဒါဆို ကိုမြခင် ဆုရဖို့ သေချာသွားပြီပေါ့"

"ဘောက်ဆူးရဖို့ထက် ဒီကောင်တွေကိုမိဖို့က ပိုအရေးကြီးတယ်၊ ဒီကောင်သုံးယောက်လည်း မိပြီ၊ တင်မြကြီးလည်း သေသွားပြီဆိုတော့ ရန်ကုန်အရှေ့ပိုင်းမှာ မှုခင်းတွေ လျော့သွားမှာအမှန်ပဲ မစ္စတာခရစ်ပင်"

"ဟုတ်ပါတယ် . . . ကိုမြခင်၊ ဒါပေမယ့် ဒီကောင်တွေက ဘယ်သူတွေလဲဗျ"

"အယ်လီမူလာက ရှန်ရှုး"

"ဟုတ်ကဲ့"

"၃၅၊ ၃၆ အလယ်ဘလောက်က ဂျိုတီရုပ်ရှင်ရုံတစ်ဝိုက်မှာ မင်းမူနေတဲ့ ဒီးလစ်"

"နောက်တစ်ယောက်က ဘယ်သူလဲ ကိုမြခင်"

"ပုဇွန်တောင်က ခါးငမိုး"

"ဒီကောင်တွေက လူမိုက်ချင်း အတူတူ ဘာဖြစ်လို့ တင်မြကြီးကို ရှင်းရတာလဲ"

"ဒီကောင်တွေက တင်မြကြီးကို အပေါက်ကျဉ်းနဲ့ ရှင်းရတာက ဒီလိုဗျ"

"ဆိုပါဦး ကိုမြခင်"

"တင်မြကြီးက နယ်မြေမထားတာရယ်၊ ဗိုလ်ကျတာတွေကြောင့် ဖြစ်မှာပေါ့ဗျာ"

"ဟုတ်ကဲ့"

"တင်မြကြီးက နယ်နယ်ရရ မဟုတ်ဘူးဗျ"

"ပြောပါ ကိုမြခင်"

"တစ်ချိန်က ရန်ကုန်အနောက်ပိုင်းက နာမည်ကြီး လမ်းမတော် ဖိုးတုတ်ရဲ့ လက်ကျန်တပည့်တွေက တောင် တင်မြကြီးကို ဆက်ကြေး ပေးနေရတယ်ဗျ"

"ဘယ်သူတွေလဲ ကိုမြခင်"

"တရုတ်တန်းက ဟုတ်တွမ်း၊ ကြည့်မြင်တိုင်က ဖိုးစော၊ အလုံက မှတ်ကြီးတို့လေ"

"ဩော် . . . ဒီလိုလား"

"တင်မြကြီးက နာမည်နဲ့လိုက်အောင် အားကောင်းမောင်းသန်ဗျ၊ ဝိတ်လည်း စကားတယ်၊ နောက်ပြီးတော့ မြင်းစီးပုလိပ်လူထွက်ဗျ"

"ဒီလိုဆိုတော့ တင်မြကြီးက ပုလိပ်လူထွက်ကိုး"

"ဟုတ်ပါတယ်၊ တကယ်တော့ တင်မြကြီးကို လူလုံးယှဉ်ဖို့ဆိုတာ မ



www.burmeseclassic.com

www.burmeseclassic.com

လူယ်ဘူး။ အရုပ်အမောင်းလည်း ကောင်းတယ်။ အဲဒီအပြင် ခတ္တာရုတ်ပါ(သံလိုးဆေး)ကိုပါ ဆောင်ထားလို့ပါ"

"ဟုတ်ပြီ . . . ဟုတ်ပြီ . . . အဲဒါကြောင့် တင်မြကြီးကို အပေါက်ကျဉ်းနဲ့ လုပ်ကြံတာဖြစ်ရမယ်"

"မှန်ပါတယ် မစ္စတာခရစ်ပင်။ တင်မြကြီးကို ချော့ခေါ်၊ အရက်တိုက်ပြီးတော့ သတိတင်းတဲ့အချိန်မှာ အပေါက်ကျဉ်းနဲ့ အပြတ်ရှင်းလိုက်တယ် ဆိုပါတော့"

"အင်း . . ."

"ရေထဲပစ်ချပြီး အမှုဖျောက်ပေမယ့် မှခင်းဆရာဝန်ကြီး ဒေါက်တာဘရှူးဝါးရဲ့ စေ့စပ်သေချာမှုကြောင့်သာ အမှုပေါ်လာတာဗျ။ သို့မဟုတ်ရင် တင်မြကြီး ရေနစ်သေဆုံးတယ်ဆိုပြီး ဖာတ်သိမ်းသွားရမှာ အမှန်ပဲ မစ္စတာခရစ်ပင်"

"ဟုတ်ပါတယ် ကိုမြဒင်"

"ဒီတော့ဗျာ မနက်ဖြန် လက်ထိတ်တွေယူပြီး ကျွန်တော့်ဆီ လာခဲ့ကြဗျာ"

ဘယ်ကိုလဲ ကိုမြဒင်"

"ပုဇွန်တောင်ဈေးကြီး"

"ဘယ်အချိန်လဲ"

"နံနက် ၁၀ နာရီ"ဟု မစ္စတာခရစ်ပင်အား အလွတ်စုံထောက် မြဒင် ပြောလိုက်ပါတော့သည်။

## အခန်း(၈)

## ပျားစွဲမှာမဟုတ် ပျားတုတ်မှာဗျ

အလွတ်စုံထောက် မြဒင်သည် ပုဇွန်တောင်ဈေးရှိ မုတ်ဆိတ်ကြီးထံ လာခဲ့သည်။

မုတ်ဆိတ်ကြီးသည် မြဒင်ကို တွေ့လျှင် အပြုံးဖြင့် ကြိုဆိုသည်။

သို့သော် . . .

သူ၏အပြုံးများသည် ကလိမ်ကကျစ်များနှင့် ပြည့်နေသည်။

မျက်လုံးအစုံတွင် တောက်ကျစ်စဉ်းလဲခြင်းများ ရောပြွမ်းနေသည်။

မုတ်ဆိတ်ကို တသသသပ်နေသောကြောင့် မုတ်ဆိတ်သည် အကြံအစည် ထုတ်နေဟန် ရှိသည်။

မုတ်ဆိတ်သည် အပြုံးကို ဟန်ဆောင်ထားသော်လည်း မကောင်းကြံစည်နေသည်က သူ၏မျက်လုံးများတွင် ပေါ်လွင်နေသည်။

မြဒင်သည် မသိကျိုးကျွံပြုလျက် မုတ်ဆိတ်ကြီးကို ပြောလိုက်သည်။

"ဘယ်လိုလဲ ဦးမုတ်ဆိတ်။ ဖဲထီးသံချောင်း ရပြီလား"

"ကောင်လေး လာမှလာပါ့မလားလို့ ငါစိတ်ပူနေတာ ဟဲ . . ဟဲ"

မေးခွန်းနှင့်အဖြေ တခြားစီဖြစ်၏။

မြဒင်ရယ်ချင်သည်။

မြဒင်သည် ချက်ဆို နားကွက်က မီးတောက်သူဖြစ်သည်။

"ဘယ်လိုလဲ ဦးမုတ်ဆိတ်။ ကျွန်တော်ချွန်ခိုင်းထားတဲ့ ဖဲထီးသံချောင်း ရပြီလားလို့ မေးနေတာဗျ"

"ဟဲ . . . ဟဲ . . . ဈေးကြီးနောက်က ဂိုဒေါင်ထဲမှာ ချွန်ခိုင်းထားတယ်"

မြဒင်သည် လူနံ့လူအ အသွင်ကိုဆောင်လျက် မုတ်ဆိတ်ကြီးကို ပြောလိုက်သည်။

"ဒါဆို ဂိုဒေါင်ပျက်ထဲ သွားကြရအောင်"

မုတ်ဆိတ်ကြီး အကြိုက်တွေ့သွားသည်။

မုတ်ဆိတ်ကြီးသည် သူတို့အကြံ အောင်ပြီအထင်ဖြင့် သူ၏မုတ်ဆိတ်ကို သပ်ပြသည်။

"ဒီမှာ ဦးမုတ်ဆိတ် . . . ခင်ဗျားမုတ်ဆိတ်ကို ပျားစွဲမှာမဟုတ်ဘူး၊ ပျားတုတ်မှာဗျ . . . မယုံမရှိနဲ့"ဟု ပြောလိုသော်လည်း မြဒင် ငြိမ်နေလိုက်သည်။

"ကဲ . . ကောင်လေး ငါ့နောက် လိုက်ခဲ့"ဟုဆို၍ မုတ်ဆိတ်ကြီး ထသွားသောကြောင့် အလွတ်စုံထောက်မြဒင်သည် မုတ်ဆိတ်ကြီးနောက်မှ လိုက်ခဲ့ပါတော့သည်။

## အခန်း(၉)

## Brovo ဖြောင်းဖြောင်း

အလွတ်စုံထောက် မြဒင်နှင့် မုတ်ဆိတ်ကြီးသည် ဂိုဒေါင်ပျက်ကြီးသို့ရောက်လျှင် အတွင်းသို့ ဝင်လိုက်ကြသည်။

မြဒင်က ရှေ့မှ မုတ်ဆိတ်က နောက်မှဖြစ်သည်။

"ရှိုင်း . . ."

အသံကြား၍ နောက်သို့ မြဒင် လှည့်ကြည့်လိုက်သည်။

မုတ်ဆိတ်သည် ဂိုဒေါင်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကြိုးကို ပိတ်နေသည်။ "ဘယ်လိုလဲ ဦးမုတ်ဆိတ်။ ခင်ဗျားလူတွေ ထွက်ပြေးမှာစိုးလို့လား။ ခင်ဗျားလူတွေ ကျုပ်လက်က မလွတ်ပါဘူး"ဟု မြဒင်ပြောလိုက်ချင်၏။

"ဟား . . . ဟား . . . ဟား"

ရှန်ရှူး၊ ဒီးလစ်နှင့် ခေးငမိုးတို့ ပုန်းကွယ်ရာမှ ထွက်လာကြသည်။

သူတို့သည် တဟားဟား ရယ်သန်းသွေး၍ မြဒင်ကိုဝိုင်းရံကြသည်။

"ငါတာဝန်ကျေပြီ"ဟု မုတ်ဆိတ် အသံက နောက်မှထွက်လာသည်။

ရှန်ရှူးသည် ဘောင်းဘီအိတ်တွင်းမှ ကြိုးရှုံ့ပိုက်ဆံအိတ်လေးကို နှိုက်၍ မုတ်ဆိတ်ထံပစ်ပေးသည်။

မုတ်ဆိတ်ကြီးသည် ကြိုးရှုံ့ ပိုက်ဆံအိတ်ကလေးကိုရလျှင် မြဒင်ကို ပြောသည်။

"ကောင်လေး . . . နင့်ကို သူတို့က ချွန်ထားတဲ့ ဖဲထီးသံချောင်း ပေးလိမ့်မယ်"

"ဟား . . . ဟား . . . ဟား"

သူတို့အားလုံး ဝိုင်းရယ်ကြသည်။

"နေပါဦးကွ . . မင်းက ဖဲထီးသံချောင်းကို ဘာလို့ လိုချင်တာလဲ"

ဟု ရှန်ရှူးက ဆရာကြီးဒီဇိုင်းနှင့် မြဒင်ကို မေးသည်။

"ကန်တော်လေးက တင်မြကြီး အတွက်"

ဟု မြဒင်အပိုင်ပြောလိုက်သည်။

"ဘာကွ . . . "ဟု ဒီးလစ်ထံမှ အသံထွက်လာသည်။

"တင်မြကြီးကို အပေါက်ကျဉ်းနဲ့ မင်းတို့ရှင်းတယ်ဆိုတာ ငါသိတယ်"

ဟု မြဒင်အပိုင်ပြောလိုက်သည်။

"ဟား . . . "

ဒီးလစ် ညာသံပေး၍ ခုန်ဝင်လာသည်။

ခုန်ဝင်လာသော ဒီးလစ်ကို ဒူးပျံကျွေးလိုက်သည်။

"အင့် . . . "

ဒူးစာမိသွားသော်လည်း ဒီးလစ် နောက်မဆုတ်။

မြဒင် ဟပေးလိုက်၍ ဒီးလစ် ဝင်ပူးသည်။

လက်ဝါးစောင်းနှင့် ဒီးလစ် မျက်နှာကို မြဒင် ဖြတ်ရိုက်သည်။

"အား . . . "

ဒီးလစ်ထံမှ အသံထွက်လာသည်။

ဘယ်၊ ညာလက်သီးများကို ဆင့်၍ ဝင်လိုက်သောကြောင့် ဒီးလစ် နောက်သို့ လန်ကျသွားသည်။

တစ်ယောက် ပြတ်သွားပြီ။

ပုဇွန်တောင် ခေးငမိုး ဝင်လာသည်။ ခေးငမိုးသည် ခါးတွင်ထိုးထားသော ဓားကိုမထုတ်ဘဲ ကန်ချက်များဖြင့် မြဒင်ကို တိုက်သည်။

မြဒင်သည် ငမိုး၏ကန်ချက်များကို ကန်ချက်ဖြင့် တုံ့ပြန်သည်။

မြဒင်၏ကန်ချက်များက ထိထိမိမိရှိသောကြောင့် ငမိုး ရှေ့မတိုးသာဘဲ ရှိသည်။

တစ်ချိန်တွင် . . .

မြဒင်၏ ညာဝိုက်ကန်ချက်ကြောင့် ငမိုး ယိုင်သွားသည်။

ဤတွင် . . .

ဘယ်ဖြောင့်လက်သီးကို အပိုင်ထောက်၍ ညာပင့်လက်သီးကို ခေးငမိုးမေးရိုးပေါ်သို့ အပိုင်သွင်း၍ ပွဲသိမ်းလိုက်သည်။

"ဟား . . . ဟား . . . ဟား"

ရယ်သံထွက်လာသည်။

ရှန်ရှူးသည် ပဿျူးလက်ဗွေ့သမားများကဲ့သို့ ဟန်ရေးပြသည်။

"ဟား . . . ဟား . . . ဟား"

မြဒင်သည် တဟားဟားဖြင့် လက်ပမ်းပေါက်ခတ်၍ ရှန်ရှူးကို ဖိတ်ခေါ်သည်။

"တွေ့ကြသေးတာပေါ့ . . . စုံထောက်ရယ်"

ဟု ရှန်ရှူးက ရိသည်။

"လာထားလေ ကြာသလား လို့"

မြဒင် ပြန်ဖြဲသည်။ ရှန်ရှူး ဝင်လာသည်။ ရှန်ရှူးသည် မြဒင်ကို အထင်သေး၍လားမသိ။ လက်သီးများကို ဖွင့်ဝင်သည်။

မြဒင်ကို အကဲစမ်းသည်လား။ မြဒင်ကို ဤသို့လုပ်၍ မရပါ။ မြဒင်သည် ရှန်ရှူးကို ဘယ်ဖြောင့် ဘယ်ထောက်လက်သီးဖြင့် မိတ်ဆက်လိုက်သည်။

"အား . . . "

မြဒင်သည် ခပ်ပါးပါးလေး ဆိုပေမယ့် ရှန်ရှူးအတွက်တော့ ထူထူထဲထဲ ဖြစ်သွားသည်။

"ဟား . . . ဟား"



www.burmeseclassic.com

www.burmeseclassic.com

ရှန်ရှူးသည် ဘယ်ညာလက်သီးများကို အားထည့်ပြီး ရှေ့တက်လာသည်။

နောက်ဆုတ်၍ မြဒင် ခံသောကြောင့် ရှန်ရှူး ရဲရဲဝင်သည်။ မြဒင် ဖျင်းသည်။ တွဲလက်သီးများကို လျှပ်တစ်ပြက် သုံးလိုက်သောကြောင့် ရှန်ရှူးထံမှ အသံထွက်လာသည်။

"ဖုန်း"

"အား . . ."

"ဖုန်း . . . ဖုန်း"

"အား . . . အား"

ရမ်းပင်လာသော ရှန်ရှူး တန့်သွားသည်။

ရှန်ရှူးသည် မြဒင်၏အငိုက်ကို စောင့်သလားမသိ။ ရှေ့မတိုး၊ နောက်မဆုတ် အသင့်နှင့်ရှိသည်။

မြဒင်သည် ရှန်ရှူး၏ အမှားကို စောင့်၏။

"ယား . . ."

ရှန်ရှူး အပြင်းနှင့် ဝင်တိုက်သည်။ အပြင်းနှင့် ဝင်လာသော ရှန်ရှူးကို မြဒင်က အပြင်းနှင့် ဆိုင်လိုက်သည်။ ဘယ်ထောက်ချင်း ယှဉ်လျှင် လက်တန်ရှည်သော မြဒင်ကို ရှန်ရှူး မမီဘဲ ရှိသည်။

ခြေခြင်းဆိုင်လျှင် မြဒင်၏ ကန်ချက်က ပြင်းသောကြောင့် ရှန်ရှူး နောက်ဆုတ်ရသည်။

နောက်ဆုတ်သွားသော ရှန်ရှူးအား အသိမ်းအနုတ် သွက်သွက်ဖြင့် တွဲလက်သီးများကို သုံးပြီး မြဒင် ဖိလိုက်သည်။

ရှန်ရှူးသည် မြဒင်၏ တွဲလက်သီးများမှ ရုန်းထွက်ရန် ကြိုးစားသည်။ မရပါ။

မြဒင်၏ တွဲလက်သီးများက မိုးပေါက်များကဲ့သို့ ကျရောက်နေသောကြောင့် ရှန်ရှူး ဒယီးဒယိုင်နှင့် အဖြိုဖြိုအလဲလဲ ရှိ၏။

ဤတွင် . . .

မြဒင်သည် ရှန်ရှူး၏ ကုပ်ကို စွဲနှိမ်၍ ဒူးပျံကျွေးလိုက်သည်။

ပြင်းထန်သော တဲ့ဒူးကြောင့် အသံပင်မပြုနိုင်ဘဲ အင့်ဆို၍ ရှန်ရှူး ခွေကျသွားသည်။

"ဟား . . . ဟား . . . ဟား"

ခါးငမိုးထံမှ ရယ်သံပေါ်လာသည်။ ခါးငမိုးသည် ဘယ်အချိန်က သတိပြန်လည်လာသည် မသိ။ ခါးကြားမှ ဓားကိုထုတ်၍ အသင့်ပြင်သည်။ မြဒင် နောက်ဆုတ်လိမ့်မည်ဟု သူမျှော်လင့်သလား။

မြဒင် နောက်မဆုတ်ပါ။ ရှေ့တိုးလိုက်သည်။

"ကဲကွာ . . ."

"ဗို . . ."

ခါးငမိုးလက်ထဲက ဓားပျံက လေထဲတွင် ဝဲပျံလာသည်။

မြဒင်ကို ဒီလိုလုပ်၍ မရပါ။

"ဒုတ် . . ."

"အား . . ."

ဝင်ပေါက်တံခါးမကြီး ရှေ့တွင် ရပ်နေသော မုတ်ဆိတ်ကြီး ရင်ညွန့်ကို ထိုးဖောက်ဝင်ရောက်သွားသည်။

"ကျား . . ."

မြဒင်သည် အပြေးဝင်၍ ခြေစုံပစ်ပြီး ခါးငမိုးရင်ဝကို ဆောင့်ကန်လိုက်သည်။

"ဖုန်း . . ."

"အား . . ."

ခါးငမိုး လွင့်ထွက်သွားသည်။

"ဝုန်း . . ."

"သေပါပြီဗျာ . . ."

ခါးငမိုးထံမှ ညည်းညူသံထွက်လာသည်။

"ဂျုံး . . . ဂျုံး"

"ဂျိုင်း . . . ဂျိုင်း . . . ဂျိုင်း"

ဂိုဒေါင် ဝင်ပေါက်တံခါးမကြီး ဖွင့်သံကြားရသည်။

နောက်သို့ မြဒင် လှည့်ကြည့်လိုက်သည်။

အင်စပက်တော် ခရစ်ပင်နှင့် ပုလိပ်များ ဂိုဒေါင်တွင်းသို့ ဝင်လာသည်ကို တွေ့ရသည်။

မြဒင်သည် အင်စပက်တော် ခရစ်ပင်အား လက်မထောင်ပြလိုက်သည်။

"BROVO"

"ဖြောင်း . . . ဖြောင်း"

အင်းစပက်တော် ခရစ်ပင်နှင့် ပုလိပ်များသည် လက်ခုပ်လက်ဝါးတီးပြီး အလွတ်စုံထောက် မြဒင်အား ဂုဏ်ပြုလိုက်ကြပါတော့သည်။

**ဒါရိုက်တာဇော်ဇော်လင်း**



www.burmeseclassic.com

www.burmeseclassic.com

# ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ်သည် ပိုလိုနီယံဖြင့် လုပ်ကြံသတ်ဖြတ်ခံရကြောင်းတွေ့ရှိ

ညို့မင်းလွင်(မော်ကျွန်း)



၆-၁၁-၁၃ နေ့က ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ခေါင်းဆောင် (PLO) မစ္စတာယာဆာ အာရာဖတ် ၇၁ နှစ် သေဆုံးခဲ့ခြင်းသည် ကနဦးယူဆခဲ့သော သွေးရိုးသားရိုးသေဆုံးခြင်းမဟုတ်ဘဲ အဆိပ်ခတ်၍ လျှို့ဝှက်စွာ လုပ်ကြံသတ်ဖြတ်ခံရခြင်းဖြစ်ကြောင်း ဇနီးဖြစ်သူ မစ္စရူဟာအာရာဖတ်က တရားဝင်ထုတ်ဖော်ပြောကြားခဲ့ကြောင်း သတင်းစာတွင် ဖော်ပြလိုက်သည်။

၂၀၀၄ ခုနှစ်တွင် အာရာဖတ်သည် နိုင်ငံတော်သန်မှဖြင့် ပြင်သစ်နိုင်ငံကိုရောက်ရှိခဲ့သည်။ ထိုစဉ်အတွင်း ရက်တိုတိုကာလ၌ အပြင်းအထန် ဖျားနာပြီး သေဆုံးခဲ့ရသည်။ စစ်ဆေးရုံတွင် သေဆုံးပြီးနောက် (သွေးရိုးသားရိုး သေဆုံးခြင်းဖြစ်သည်ဟု) ဆေးစစ်သေတမ်းစာဖြင့် ပါလက်စတိုင်း အနောက်ဘက်ကမ်း၏ မြို့တော်ရမ်မလာတွင် ဂုဏ်ပြုမြှုပ်နှံ ဂူသွင်းခဲ့သည်။

အာရာဖတ် သေဆုံးခြင်းအပေါ် ဇနီး ရူဟာအာရာဖတ်ခမျာ လွန်စွာမှ သံသယဖြစ်ခဲ့ရသည်။ သို့ဖြစ်၍ ခင်ပွန်းသေဆုံးစဉ်က သုံးဆောင်ဝတ်ဆင်ခဲ့သော အဝတ်အစား၊ အသုံးအဆောင်များကို စုစည်းပြီး ဆွစ်ဇာလန်(ကြားနေနိုင်ငံ)ရှိ မှုခင်းဆိုင်ရာ ဆေးပညာ ဓာတ်ခွဲခန်းသို့ ပေးပို့စီစစ်ဓာတ်ခွဲစေခဲ့သည်။

xxx xxx

ဆွစ်ဇာလန်ဓာတ်ခွဲခန်းသည် မစ္စတာအာရာဖတ်၏ အသုံးအဆောင် အဝတ်အစားများကို မှုခင်းဆေးပညာဖြင့် ၉ နှစ်နီးပါး စစ်ဆေးဓာတ်ခွဲသောအခါ ၎င်းအဝတ်အထည် အသုံးအဆောင်များတွင် ပိုလိုနီယံ ရေဒီယိုသတ္တိကြွပစ္စည်း (Polomiun)များ တွေ့ရှိကြောင်းနှင့် မည်သည့်တရားရုံးတွင်မဆို ခိုင်မာစွာ သက်သေခံနိုင်ကြောင်း တာဝန်ခံထုတ်ဖော်ပြောကြားခဲ့သည်။

ပိုလိုနီယံဓာတ်စင်သည် လူကို ထိတွေ့ ကိုယ်တွင်းရောက်ပါက ရက်တိုတိုအတွင်း သေဆုံးနိုင်သည်။ မစ္စတာအာရာဖတ် သေပြီးနောက် ၂၀၁၁ ကလည်း ရုရှားမှ အေးဂျင့်ဟောင်းတစ်ဦးသည် UK တွင် ခိုလှုံနေစဉ်အတွင်း ၎င်းပိုလိုနီယံဓာတ်စင်ကြောင့် သေဆုံးခဲ့ပြီး ယခုတိုင် လက်သည်ရှာမရသေးပေ။

xxx xxx

မစ္စတာအာရာဖတ်သည် ပါလက်စတိုင်းနိုင်ငံပေါ်ပေါက်ရေးအတွက် အဓိကရတ်ဘက် အစ္စရေးနှင့် ၁၉၉၃ နှင့် ၂၀၀၀ ခုနှစ်များအတွင်း ပြီးပြည့်စုံသော ငြိမ်းချမ်းရေးစာချုပ်ကို ဦးဆောင်ရေးထိုးခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ ယခင်က လက်နက်ကိုင်တော်လှန်မှု ပြင်းစွာလုပ်သော်လည်း နောက်ပိုင်းတွင် ငြိမ်းချမ်းရေး "ချိုးငှက်"ဖြင့် တွေ့ဆုံဆွေးနွေးသော စားပွဲပေါ်ရောက်လာသည်။ ထင်ပေါ်ကျော်ကြားသည့် ကမ္ဘာသိခေါင်းဆောင်ဖြစ်သည်။ သို့ဖြစ်၍ အာရာဖတ်၏ အလေ



www.burmeseclassic.com

www.burmeseclassic.com

အစားပေါ်မှ ထိုပိုလိုနီယံတွေ့ရှိဖြင့် လုပ်ကြံခံရသည်ဟု ဆုံးဖြတ်ချက်မှာ ပြီးပြည့်စုံမှု မရှိသေးဘဲ အာရာဖတ်အလောင်းကို ပြန်ဖော်ပြီး မှုခင်းဆေးပညာဖြင့် ထပ်ဆင့်စစ်ဆေးရန် လိုအပ်လာပြန်သည်။

ထိုအတွင်း ပါလက်စတိုင်းမှ အချို့တာဝန်ရှိသူတို့က လျှို့ဝှက်ချက်သည် အစ္စရေးတို့လက်ချက်ဟု စွပ်စွဲသော်လည်း အစ္စရေးက မပတ်သက်ကြောင်း ပြတ်သားစွာ ငြင်းဆိုထားသည်။ နောက်ဆုံးအဆင့် အဖက်ဖက် ညှိနှိုင်းပြီး လူဆန်နီ ရေဒီယိုသတ္တိကြွ ရူပဗေဒတက္ကသိုလ်မှ ပညာရှင်များနှင့် ကျွမ်းကျင်သူများပါဝင်သော အဖွဲ့သည် အာရာဖတ်အုတ်ဂူကို ဖွင့်ခွင့်ရပြီး ၂၀၁၂၊ နိုဝင်ဘာတွင် အလောင်းကို ပြန်ဖော်ခဲ့ကြသည်

အလောင်း၏ အစိတ်အပိုင်းများမှ လိုအပ်သော ပစ္စည်းများကိုရယူပြီး မှုခင်းဆေးပညာဖြင့် စစ်ဆေးသောအခါ အာရာဖတ်သည် အမှန်တကယ်ပင် ပိုလိုနီယံ ရေဒီယိုသတ္တိကြွဓာတ်ဆင်ကြောင့် သေဆုံးခဲ့ရခြင်းကြောင်းနှင့် ၎င်းပစ္စည်းများ အာရာဖတ်ကိုယ်ခန္ဓာထဲ ရောက်ခြင်းသည် အာရာဖတ်သေဆုံးခဲ့သော လက်ဖက်ရည်၊ ကော်ဖီ၊ သောက်ရေတို့မှတစ်ဆင့် ဝင်ရောက်ခြင်းဖြစ်ကြောင်း ပြီးပြည့်စုံသော အစီရင်ခံစာကို မစ္စဆုဟာအား ဂျီနီဗာမြို့၌ ပေးအပ်ခဲ့သည်။ မစ္စဆုဟာက "ကျွန်မခင်ပွန်းသေဆုံးခဲ့ခြင်းသည် လုပ်ကြံအဆိပ်ခတ်ခံရခြင်းဖြစ်၍ လွန်စွာမှ ကြေကွဲဝမ်းနည်းရပါကြောင်း အနီးကပ်ဆက်ဆံနေသည့် အသိုင်းအဝိုင်း၏ သူ့ရဲဘော်ကြောင်သော လုပ်ကြံမှုဖြစ်ပြီး မည်သည့်နိုင်ငံကိုမျှ ပြစ်တင်ပြောကြားလိုခြင်းမရှိပါကြောင်း" ဝမ်းနည်းကြေကွဲစွာ ပြောကြားခဲ့သည်။

ညီမြင့်လွင်(မော်ကျွန်း)

**Ref:**

***Internet News, 8.11.2013***

---

# ငြိမ်းချမ်းရေးအတွက် ပါလက်စတိုင်းအကျဉ်းသားများကို အစ္စရေးက လွှတ်ပေး



၁၁-၁၁-၁၃ နေ့၌ အစ္စရေးနိုင်ငံနှင့် ပါလက်စတိုင်းတို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်ခြင်း အထိမ်းအမှတ် ကြိုဆိုသောအားဖြင့် အစ္စရေးတွင် အကျဉ်းကျခံနေရသော ပါလက်စတိုင်းလူမျိုး အကျဉ်းသား ၂၆ ဦးကို ထောင်ပြန်လွှတ်ပေးခဲ့ကြောင်း မဂ်လာသတင်းကို ဖော်ပြလိုက်သည်။

အဆိုပါ လွှတ်ပေးသော အကျဉ်းသားများမှာ လူသတ်မှုများဖြင့် ထောင်တွင် ၁၉ နှစ်မှ ၂၀ နှစ်ထိ ကျခံရပြီးသောသူများဖြစ်သည်။ ဗုဒ္ဓဟူးနေ့တွင် အစ္စရေးအကျဉ်းထောင်အိုဖာမှ ပါလက်စတိုင်းအကျဉ်းသား ၂၆ ဦးကို လွှတ်ပေးပြီး ၅ ဦးကို အီရတ်နယ်စပ်စခန်းကိုဖြတ်၍ ဂါဇာသို့လည်းကောင်း၊ ဘိုင်တူနာနယ်စပ်ကိုဖြတ်၍ အနောက်ဘက်ကမ်းသို့လည်းကောင်း မော်တော်ယာဉ်များနှင့် ပို့ဆောင်ပေးခဲ့သည်။

ပါလက်စတိုင်းသမ္မတ အဘတ်စ်က နောက်ထပ်အကျဉ်းသားများကိုလည်း နှစ်လအတွင်း ထပ်လွှတ်ပေးမည့်အပြင် အားလုံးလွှတ်ပေးရန် တောင်းဆိုထားသည်။ ဤသို့အကျဉ်းသားများ လွှတ်ပေးခြင်းသည် ငြိမ်းချမ်းရေးအတွက်သာဖြစ်ပြီး အစ္စရေးတို့ လူနေအိမ်တိုးချဲ့ဆောက်ခြင်းအတွက် အလဲအလှယ်နားလည်ပေးရမည်ဆိုသည့် သတင်းမှာ မမှန်ကန်ကြောင်း အဘတ်စ်က ငြင်းဆိုထားသည်။

သုံးနှစ်ကြာ ရပ်ဆိုင်းခဲ့ရသော ထိုနှစ်နိုင်ငံ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အမေရိကန်ကြားဝင်စေ့စပ်မှုဖြင့် ၂၀၁၃၊ ဩဂုတ်လမှ စတင်၍ ဂျေရုစလင်တွင် ကျင်းပခြင်း ဖြစ်သည်။

ညီမြင့်လွင်(မော်ကျွန်း)

**Ref:**

***Internet News, 2.11.2013***



www.burmeseclassic.com

www.burmeseclassic.com

### သိသာစေကြောင်း

# မင်္ဂလာနိုမိတ်ကောင်း

ဒေါက်တာမင်းသိန်း ၏ နည်းစနစ်အတိုင်း ဟောသည်

## ဒေါက်တာစောယုနွယ်



တကယ်သို့ဆိုသော်…

မွေးဖွားဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို ပဓာနသာ သိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ ဓမ္မတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါ တစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါ တစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေသည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြလိုက်ရတာကြောင့် ဒီစာမျက်နှာ များမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံ ပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝ အပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့်…

■ အမှတ်(၂၀၅/က)၊
ဂိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်၊
ဖုန်း-၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com



## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်သောခရီးများ၊ မရည်ရွယ်သောခရီးများ သွားရတတ်သည်။ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်သည်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာတတ်သည်။ လူမျိုးခြားကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေသူများအဖို့ ဤကာလတွင် လုပ်ငန်းတိုးချဲ့ဖို့ မကြိုးစားပါနှင့်ဦး။ ဝန်ထမ်းတွေအဖို့လည်း လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ်ပေါ်မယ်။ ပြောင်းလျှင် ပိုဆိုးသွားတတ်သည်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့်လည်း လမ်းခွဲရတတ်သည်။ မိသားစုအတွင်း တစ်ယောက်နှင့်တစ်ယောက် အယူအဆကွဲလွဲခြင်းများ ဖြစ်ပေါ်တတ်ပြီး စိတ်များရှုပ်ထွေးနေတတ်တယ်။ ယခုကာလအတွင်း မည်သည့်အခက်အခဲနှင့် ကြုံသည်ဖြစ်စေ အားကိုးမရှာပါနှင့်။ ဒုက္ခပေးမည့်သူများသာ ပေါ်လာတတ်တယ်။ အိမ်ထောင်ဖက် ကျန်းမာရေး ညံ့တတ်တယ်။ ဆေးရုံ ဆေးခန်းသို့ သွားရတတ်တယ်။ မိမိကိုယ်တိုင် ကျန်းမာရေးအနေဖြင့်လည်း ကျောဒုက္ခပေးခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆) ညွန့်၊ ထန်း(၇)ညွန့်၊ ကြက်လျှာအစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညှို့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၆၊ ၅၇၊ ၃၀၊ ၃၅

### အထူးသတိပြုရန်

ယခုကာလအတွင်း အိမ်ပြင်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်း မပြုပါနှင့်။ အပျော်ခရီး မသွားရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားဘွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ဝဿန္တရွှမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှဉ်းနေပါတယ်။ လုပ်သမှုအလုပ်တွေ အလွဲလွဲ အချော်ချော် ဖြစ်တတ်တယ်။ ပင်ပန်းသလောက် မအောင်မြင်ဘူး ဖြစ်တတ်တယ်။ မိသားစုအပူ၊ ပတ်ဝန်းကျင် အပူတွေကလည်း ကိုယ့်ဆီ ရောက်လာတတ်တယ်။ မိသားစုဝင်တွေထဲက ကျန်းမာရေးညံ့လို့ ဆေးခန်း မကြာခဏ သွားရတတ်တယ်။ ရပ်ဝေးမှ သက်ကြီးရွယ်အိုတွေ အိမ်ကို ဆေးကုဖို့ လာရောက်တည်းခိုလျှင် လက်မခံပါနှင့်။ ရုတ်တရက် ကျန်းမာရေးညံ့ပြီး ဆုံးပါးသွားတတ်တယ်။ အထူးသဖြင့် အသက် ၅၃ နှစ်အရွယ် တနင်္ဂနွေသားဆိုလျှင် ပိုဂရုစိုက်ပါ။ ခရီးများ မကြာခဏ သွားရတတ်တယ်။ ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းတော့ မပြုလုပ်သင့်ပါ။ ယခုကာလတွင် ကဆုန်လ၊ ဝါခေါင်လများ ပါဝင်နေရင်တော့ မိမိရဲ့ ဇနီးမယားနှင့် စကားအခြေအတင်ပြောရခြင်း၊ အခြားအမျိုးသမီးများနှင့် စွပ်စွဲပြောဆိုခံရခြင်းများ ကြုံရတတ်တယ်။ ငွေလည်း ဆုံးရှုံးတတ်တယ်။ စက်ပစ္စည်း ဒုက္ခပေးမယ်။ ရွှေနှင့် ရတနာပစ္စည်းများ ထွက်တတ်တယ်။ ငွေထွက်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဒုန်း(၁)ညွှန့်၊ ကံ့ကော်(၁၅)ညွှန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

အင်္ဂါ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၁၃၊ ၁၆၊ ၆၁

### အထူးသတိပြုရန်

မိမိပတ်ဝန်းကျင်တွင် အဆိပ်သင့်ခြင်း၊ ဆေးထိုးမှားခြင်း၊ အဝတ်အစား မီးလောင်ခြင်း နိမိတ်မျိုး ကြုံတွေ့ပါက ဘာ့ဖြစ်အခင်း ကြုံရတတ်တယ်။ ငွေကုန်ကြေးကျ များတတ်တယ်။ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခု ဒဏ်ရာရ ထွက်သံယို ဖြစ်တတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိတ်ဆွေများကို အိမ်တွင်ဖိတ်ကြားဖြင့် ဒုန်းထမင်းနှင့် ကြက်သားဟင်း ကျွေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် လုပငံပန်းပေမယ့် စိတ်ချမ်းသာရမယ့် ကာ
ပါ။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်များ၊ အဆက်အသွယ်ကောင်းမျ
ပေါ်လာလိမ့်မယ်။ သို့သော် ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းသစ်
ရန် မကောင်းသေးပါ။ စိန်ထည်ပစ္စည်း၊ စက်ပစ္စည်းများ ဝင်လိမ့်မယ
၍ကာလတွင် ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်း
ရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လ
လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ဘိုးတော်တု၊ ဆရာတုများ ရော
လာတတ်တယ်။ ငွေလိမ်ခံရတတ်တယ်။ အထူးသဖြင့် အနောက်အရပ်
လာသော မိန်းမပျိုးကို သတိထားပါ။ မိမိကိုးကွယ်သော ဆရာတော်တစ်
ပျံလွန်တော်မူသော သတင်းကြားရပါက ကားပွတ်တိုက်မိတတ်တယ်။
စိုက်ပါ။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်
အတက်လူကြီး ဆွေမျိုးအကြီးအကဲတို့ကို မိမိအပေါ် အထင်လွဲတတ်တယ်။ သားသမီးများ ကျန်းမာရေးညံ့တတ်တယ်။
တရက် ပမ်းဗိုက်အောင့်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွ
တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့မျ
ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် | အထူးသတိပြုရန် |
|---|---|
| အင်္ဂါ၊ တနင်္ဂနွေ | ယခုကာလတွင် ကားပွတ်တိုက်မိတတ်သဖြင့် အထူးသတိထားပါ။ |

| ညံ့သောရက် | ကံကောင်းပြီး လာဘ်ရွှင်စေရန် |
|---|---|
| တနင်္လာ၊ ကြာသပတေး | မိတ်ဆွေတစ်ဦးကို စာအုပ်တစ်အုပ် လက်ဆောင်ပေးလိုက်ပါ။ |

**ကံကောင်းသောနံပါတ်**

၁၃၊ ၁၇၊ ၃၁၊ ၃၂

www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် စိတ်ပင်ပန်းတာတွေ အနည်းငယ်သက်သာပြီး ပျော်ရွှင်စရာများ ကြုံတွေ့ရနိုင်ပါတယ်။ ဆွေမျိုးသားချင်းထဲက မင်္ဂလာပွဲတစ်ခု ကြုံရတတ်တယ်။ ထိုနိမိတ်တွေ့ပါက ကောင်းပါတယ်။ မိဘကို ပြုစုစောင့်ရှောက်နိုင်မယ့်အချိန်ဖြစ်တယ်။ စီးပွားသိသိသာသာတက်မယ်။ သိကြားမ, လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားမယ်။ စပ်တူ ရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွားတိုးတက် အောင်မြင်မယ့်ကာလ ဖြစ်ပါတယ်။ သို့သော် အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ အမှုအခင်းများ ရင်ဆိုင်ရတတ်တယ်။ စိုးရိမ်စရာ မရှိပါ။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက်ကြောင့် စိတ်ညစ်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေနှင့်ပတ်သက်သောရောဂါ၊ ဒူး၊ နား၊ နှလုံး ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ တံခွန်ဖြူ(၂၁)လုံးတို့ကို လှူပေးပါ။ အညွှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

အင်္ဂါ၊ ကြာသပတေး

**ညံ့သောရက်**

ဗုဒ္ဓဟူး၊ စနေ

**ကံကောင်းသောနံပါတ်**

၈၂၊ ၉၅၊ ၅၉၊ ၅၄

**အထူးသတိပြုရန်**

ယခုကာလတွင် ထောင်ဝင်စာ မတွေ့ရ။
လှံနှာမေးခြင်း၊ အသုဘပို့ခြင်းများ မပြုလုပ်ရပါ။

**ကံကောင်းပြီး ယောဘ်ရွှင်စေရန်**

မူကြိုကျောင်းက ကလေးများကို ဆီထမင်းနှင့် ခေါက်ဆွဲ တိုက်ကျွေးလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် အလှူအတန်းများ ပြုလုပ်ရပါလိမ့်မယ်။ ရုတ်တရက် ငွေတွေ ဝင်လာလိမ့်မယ်။ အလုပ်ကြောင့်လည်း ရတတ်တယ်။ ကံတရားကြောင့်လည်း ရတတ်တယ်။ သာမန်အခြေအနေမျိုးကနေပြီး စီးပွားအရှိန်အဟုန်တက်ကာ ကိုယ်ပိုင်လုပ်ငန်း၊ ကုမ္ပဏီများ ထူထောင်နိုင်တဲ့အထိ စီးပွားတက်လိမ့်မယ်။ ယခုကာလတွင် မိမိလုပ်ငန်းကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ငွေအလွယ်ရနိုင်တဲ့ ဖြတ်လမ်းနည်းနှင့် ငွေရှာခြင်းမျိုး မပြုလုပ်သင့်ပါ။ လူမျိုးခြား၊ နိုင်ငံခြားနဲ့ ပတ်သက်တဲ့ကိစ္စများ အထူးအတိုးပေးပါလိမ့်မယ်။ ခရီးထွက်မယ်ဆိုလျှင် ယခုကာလတွင် ထူးကဲ့ဖြစ်အောင် ထွက်လိုက်ပါ။ အလုပ်ထဲမှာ အတိုက်အခံတွေ ပေါ်နေတတ်တယ်။ ဝန်ထမ်းဆိုလျှင် အလုပ်ထွက်ချင်စိတ်၊ ပြောင်းချင်စိတ်များ ပေါ်လိမ့်မယ်။ စာချုပ်စာတမ်းကိစ္စများနှင့် ပတ်သက်၍ သတိထားပါ။ ဆီးရောဂါ၊ မျက်စိရောဂါနဲ့ ပတ်သက်ပြီး ဒုက္ခဖြစ်တတ်တယ်။ ယခုကာလတွင် ဘာပဲကြုံကြုံ တစ်ခါတည်းနဲ့ မပြီးပါဘူး။ နှစ်ကြိမ်နှစ်ခါ ဖြစ်တတ်တယ်။ သားသမီးနှင့် ပတ်သက်၍ အနည်းငယ် ပူပန်ရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်း၊ ဝမ်းဗိုက် ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ကနက်ကသန်ထီးဖြူ(၁)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ ဇနေ

### ညံ့သောရက်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

JJ၊ J2၊ 2J၊ 22

### အထူးသတိပြုရန်

ယခုကာလတွင် မိမိအိမ်၏ မျက်နှာချင်းဆိုင်၊ ခေါင်းရင်းအိမ်တို့တွင် မင်္ဂလာဆောင်၊ အလှူရှိသော်လည်းကောင်း၊ မိမိအိမ်ကို ကိုယ်ဝန်ဆောင်သည် လာရောက်ပြီး မီးဖွားလျှင်သော်လည်းကောင်း ငွေများ အစုလိုက် အပုံလိုက် ရတတ်တယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

တန်ခိုးကြီးဘုရားတစ်ဆူက ဘိုးဘိုးကြီးတစ်ပါးကို တုတ်ကောက်တစ်ချောင်း လှူလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်ခြင်း၊ ချမ်းသာခြင်းတွေနဲ့ ပြည့်စုံရမယ့်အချိန် ဖြစ်ပါတယ်။ ငွေတွေလည်း ဟိုက ဒီက ဝင်လာတတ်တယ်။ အဖက်ဖက်က စိတ်ချမ်းသာစရာများ ကြုံတွေ့လာရလိမ့်မယ်။ လုပ်ငန်းသစ်များ စတင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်မယ်။ အလှူအတန်းပြုရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ပေးရခြင်းများ ပြုလုပ်ရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်များ ကြွလာလျှင် သင့်အတွက် အလွန်ကောင်းသော နိမိတ် ဖြစ်ပါတယ်။ အခက်အခဲ မရှိဘဲ လုပ်သမျှ အောင်မြင်နေမယ့်ကာလဖြစ်ပါတယ်။ အိမ်ထောင်ရှိသူဆိုလျှင်တော့ အနည်းငယ် ဂရုစိုက်ပါ။ အိမ်ထောင်ဖက်နှင့် အဆင်မပြေ ဖြစ်တတ်တယ်။ အိမ်ထောင်ရေး အရှုပ်အရှင်းတွေ ဖြစ်တတ်တယ်။ အပျို၊ လူပျိုတွေအဖို့ အစွပ်အစွဲ အပြောအဆို ခံရတတ်တယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ ငွေရှာရ လွယ်ကူနေပေမယ့် စုဆောင်း၍ မရဘဲ ဖြစ်နေတတ်တယ်။ ငွေဝင်လျှင် ရွှေဝယ်ထားပါ။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစားမှား ဖြစ်တတ်တယ်။ ရှဘ်တရက် သွေးတိုးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ မြတ်စွာဘုရားရုပ်ပွားတော်၏ ဦးခေါင်းတော်ကို ရွှေသက်န်းကပ်လှူခြင်း၊ ရေသပ္ပာယ်ခြင်းများ ပြုလုပ်ပေးပါ။ အညှံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ ဗုဒ္ဓဟူး

**ညှံ့သောရက်**

အင်္ဂါ၊ သောကြာ

**ကံကောင်းသောနံပါတ်**

၂၄၊ ၂၇၊ ၄၂

**အထူးသတိပြုရန်**

ယခုကာလတွင် အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်၊ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မူကြိုကလေးငယ်များကို ချောကလက် ဝေပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ဧပြီလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အလုပ်နေရာ၊ အိမ်နေရာ အပြောင်းအလဲ ဖြစ်တတ်တယ်။ အိမ်အသစ်ဆောက်လျှင် ကိုယ့်အတွက် အကျိုးပေးသော အိမ်မျိုး၊ ကျန်းမာရေးကောင်းသောအိမ်မျိုး ဖြစ်တတ်တယ်။ လုပ်ငန်းနှင့်ပတ်သက်ပြီး လက်ရှိအလုပ်အပြင် အဆက်အသွယ်သစ်များ၊ လုပ်ငန်းအသစ်များ ပေါ်ပေါက်လာတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်တဲ့သူဆိုလျှင် လုပ်ငန်းတိုးချဲ့ရတတ်တယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ ပူးတွဲတာဝန်ထမ်းဆောင်ရခြင်းမျိုး ကြုံရတတ်တယ်။ အိမ်ထောင် မရှိသေးသူများ အိမ်ထောင်ကျတတ်သောကာလဖြစ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာပွဲ ဖြစ်လိမ့်မယ်။ ဘုရားဆင်းတုတော်များ၊ ဓာတ်တော်များ ရှင်သီဝလိရဟန္တာပုံတော်များ ကြွလာတတ်တယ်။ မိမိနေထိုင်ရာ နေအိမ်၊ ခြံဝင်းအတွင်း သူတစ်ပါး၏ ပရိဘောဂပစ္စည်းများ လက်မခံရ။ သူများ၏အိမ်ကို မိမိက တာဝန်ယူဆောက်လုပ်ပေးခြင်းမျိုး မပြုလုပ်သင့်ပါ။ မိတ်ဆွေရင်းပေတွေနဲ့ အထင်အမြင်လွဲမှားတတ်တယ်။ အမြင့်မှ လိမ့်ကျခြင်း၊ ခန္ဓာကိုယ်မှာ အနာပေါက်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းသွန့်(၁)သွန့်၊ ကုံကော်(၁၅)ပွင့်၊ ကြက်ခွပ်ပွင့်(၆)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၄၃၊ ၄၆၊ ၆၃၊ ၆၅

### အထူးသတိပြုရန်

မိမိအိမ်အနီးအနားတွင်သော်လည်းကောင်း၊ မျက်နှာ... [illegible] လည်းကောင်း အိမ်ဖျက်ခြင်း၊ အိမ်အမှုဖြစ်ခြင်း၊ မိန်း... [illegible] ပြဿနာများ ကြုံတွေ့ရလျှင် ညံ့တတ်ပါတယ်။ [illegible]

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

အစည်းအဝေးပွဲ(သို့မဟုတ်)ဘုရားပွဲများတွင် သောက်... လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com



# ရာဟု သားသမီး



သင်သည် ယခုကာလတွင် စိတ်မော၊ လူမောလေးတွေ ဖြစ်နေတတ်တယ်။ ကိုယ်က ပင်ပန်းပြီး အရာမရောက်တတ်တော့ တစ်ခါတလေ စိတ်ဒုက္ခရောက်ရတတ်တယ်။ ဤကာလတွင် အမွေရခြင်း သို့မဟုတ် အမွေကဲ့သို့ ပစ္စည်းများရတတ်တယ်။ သို့သော် ယခုကာလတွင် လက်ခံလိုက်ပါက အလဟဿ ကုန်သွားတတ်တယ်။ အလုပ်မှ ပြဿနာဟောင်းများ ပြန်ပေါ်လာတတ်တယ်။ အိမ်ထောင်ရေး ဂရုစိုက်ပါ။ အိမ်ထောင်ဖက်နှင့် စိတ်တိုင်းမကျခြင်း၊ စိတ်ဝမ်းကွဲခြင်းမျိုးဖြစ်တတ်တယ်။ လူပျို၊ အပျိုများအဖို့ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများ ပြုလုပ်လျှင် ဆွေခန်းမျိုးခန်း ပျက်တတ်တယ်။ စိတ်ရော၊ ကိုယ်ပါ တည်ငြိမ်မှု မရသောကာလ ဖြစ်နေတာကြောင့် မည်သည့်အရာမဆို ဆုံးဖြတ်ချက် မမြန်ပါနှင့်။ နိုင်ငံခြားသွားမည့်သူများ အဆင်ပြေပါလိမ့်မယ်။ ဆွေမျိုးသားချင်း အကြီးအကဲ မိန်းမများထဲမှ နာရေးကြုံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေသည်း၊ လက်သည်းပုပ်ခြင်း၊ ခြေထောက်သွေးခြေဥခြင်း၊ သွေးထွက်သံယိုဖြစ်၍ ဆေးရုံတက်ရသည်အထိ ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ယပ်အဝါ(၁၇)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

ကြာသပတေး၊ စနေ

**ညံ့သောရက်**

တနင်္လာ၊ သောကြာ

**ကံကောင်းသောနံပါတ်**

၇၂၊ ၅၃၊ ၇၅

**အထူးသတိပြုရန်**

ယခုကာလအတွင်း အိမ်ပြင်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်းများ လုံးဝမပြုလုပ်ပါနှင့်။ အသင်းအဖွဲ့ထဲမှာ ပါနေရင်တော့ ငြိမ်ငြိမ်လေး နေလိုက်ပါ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိလေးစားသော ပုဂ္ဂိုလ်တစ်ဦး၏ ဓာတ်ပုံကို မိမိအိမ်မှာ ချိတ်ထားလိုက်ပါ။

www.burmeseclassic.com